တံခွန်တိုင်
စာပေတိုက်



ဩစတြေးလျနိုင်ငံမှ
စာရေးသူ
ကုသပေးခဲ့သည့်
လူနာတစ်ဦး၏
ဘဝဇာတ်လမ်း

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

## ဒေါက်တာအုန်းကျော်

M.B.B.S, D.P.M,FRANZCP, FRCPsych(Retd)
စိတ်ရောဂါအထူးကုသမားတော်ကြီး (အငြိမ်းစား)

GRAPHIC DESIGN
THEIN SHWE KYI

မြစ်သတ်ခြင်းနှင့်ဟင်းလေးခွဲစည်တ

# ဒေါက်တာအုန်းကျော်

M.B.B.S, D.P.M,FRANZCP, FRCPsych(Retd)
စိတ်ရောဂါအထူးကုသမားတော်ကြီး (အငြိမ်းစား)

**မျက်နှာဖုံးဒီဇိုင်း**
[illegible]
**ထုတ်ဝေသူ**
ဦးမြင့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖြန့်ချိရေး**
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
**တန်ဖိုး**
၃၅၀၀
**အုပ်ရေ**
၅၀၀
**ထုတ်ဝေသည့်လ**
နိုဝင်ဘာလ၊ ၂၀၁၃

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ဝံ့ဝံ့စားသောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပြည့်လင်း
စီစဉ်ထုတ်ဝေသည်....

တံခွန်တိုင်စာပေတိုက်

အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း - ၀၁ ၃၉၄၆၆၅၊ ၀၉ ၇၃၀၆၉၈၃၂၂၊ ၀၉ ၄၂၀၀၁၉၆၇၈

# ဒေါက်တာအုန်းကျော်

MBBS,DPM,FRANZCP, FRCPsych(Retd)

## ကိုယ်ရေးအကျဉ်း

M.B.B.S ဘွဲ့ရပြီး တပ်မတော်တွင် စစ်မှုထမ်းခဲ့သည်။

1967 မှ 1981 အထိ ဗိုလ်ကြီး၊ ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် တပ်မတော်စစ်ဆေးရုံကြီး (မင်္ဂလာဒုံ)တွင် စိတ်ရောဂါအထူးကုသမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

1990 မှ 2001 အထိ မလေးရှားနိုင်ငံ တက္ကသိုလ်တွင် ကထိက၊ စိတ်ရောဂါအထူးကုသမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

2001 မှ 2006 အထိ ဩစတြေးလျနိုင်ငံတွင် စိတ်ရောဂါအထူးကုသမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

2007 မှ 2009 အထိ နယူးဇီလန်နိုင်ငံတွင် စိတ်ကျန်းမာရေးဖွံ့ဖြိုးမှုနှင့် စိတ်ရောဂါအထူးကုသမားတော်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့သည်။

# ငြိမ်သက်ခြင်းနှင့်
# ကင်းဝေးခဲ့စဉ်က

ဒေါက်တာသန်းကျော်

## မာတိကာ


၁။ ရေလှိုင်းပမာ ၉
၂။ မြေနိမ့်ဒေသတွင်အခြေချစဉ်က ၁၃
၃။ ခေါင်တိုင်ကြီးပြိုလဲသောအခါ ၂၃
၄။ ယူကလစ်ပင်တွေအောက်မှာ ၃၅
၅။ တံလျှပ်ကိုရေထင်၍ ၃၉
၆။ ဟိုဘက်အိမ်က တအုန်းအုန်းတဒုန်းဒုန်း ၄၅
၇။ မပွင့်မီနွမ်းရသည့်အဖူး ၅၃
၈။ ဝဲဂယက်မှ ရုန်းထွက်စေလို ၆၇
၉။ လူငယ်စခန်းမှ မေတ္တာဇာတ်လမ်း ၇၉
၁၀။ စိတ်ကျန်းမာရေး စစ်တမ်း ၈၉
၁၁။ လွတ်ပြီ ကျွတ်ပြီ ၉၉
၁၂။ စွယ်တော်ရွက်လိုဖြစ်ချင်သည့်ဆန္ဒ ၁၁၅
၁၃။ မိုးလိုက်လို့ရွာ ၁၂၁
၁၄။ ရေကြည်ရာမြက်နုရာ ၁၃၅
၁၅။ တံငါနားနီးတော့ ၁၄၃
၁၆။ နေ့လည်စာအမျိုးမျိုး ၁၅၅
၁၇။ အတွင်းနှင့်အပြင် ၁၆၃
၁၈။ မူးယစ်ဆေးကပေးသည့်လက်ဆောင် ၁၈၅

၁၉။ မျှော်လင့်ထားသော်လည်း မကြားလို ၁၉၃
၂၀။ အဘက်ဘက်မှကျားကန်ပေးသလို ၂၀၉
၂၁။ ပထမနိုင်ငံသားများ ၂၂၃
၂၂။ ယူကလစ်နဲ့နှင့် ခါတ်ဆီနံ့ ၂၃၉
၂၃။ အဆိုးထဲမှ အပေါင်းလက္ခဏာ ၂၄၇
၂၄။ ကြက်ဥခွံပေါ်မှာ လမ်းမလျှောက်စေလို ၂၆၃
၂၅။ အနုလုံပဋိလုံ ၂၇၇
၂၆။ တောင်တန်းပေါ်မှ ရွှံ့ဗွက်အိုင်မြို့ ၂၈၉
၂၇။ ဘဝပြောင်းခဲ့သူ ၃၀၃
၂၈။ ခရီးလမ်းကြောင်းတကွေ့ ၃၁၁
၂၉။ အမည်ကွဲသော်လည်း သဘောကဆင်တူသလို ၃၂၅
၃၀။ အတွေးအဆွေးနှင့် အချစ်ရေး ၃၃၇
၃၁။ ကျန်ရစ်သူရဲ့ပြဿနာ ၃၄၉
၃၂။ အခြေကျပါပြီ ၃၆၅
၃၃။ အိုအောင်မင်းအောင်ပေါင်းလိုသော်လည်း ၃၈၇
၃၄။ သူ၏ကျေးဇူး ၄၀၁
၃၅။ မပြီးဆုံးသေးသည့်နိဂုံး ၄၁၁
၃၆။ ဝေါဟာရစာရင်း ၄၁၇

# အမှာစာ

အလုပ်မှ အငြိမ်းစားယူခြင်းနှင့် ပတ်သက်၍ ဆိုရိုးကိုးကားသည့် စကားအချို့ကို စာရေးသူစဉ်းစားမိသည်။

"အလုပ်မှ အငြိမ်းစားယူပါ။ ဒါပေမယ့် ဘဝကနေ အငြိမ်းစားမယူပါနဲ့"

"အငြိမ်းစားယူခြင်းဟာ လုပ်ငန်းတစ်ခုခုမှ အနားယူခြင်း မဖြစ်ပါစေနဲ့။ လုပ်ငန်းတစ်ခုခုအတွက် အနားယူခြင်းဖြစ်ပါစေ။"

"အလုပ်မှ အငြိမ်းစားယူခြင်းဟာ အလုပ်ပင်ပန်းသည်ထက် လူကို အသက်တိုစေပါတယ်။"

၎င်းဆိုစကားတွေကို တွေးကြည့်သောအခါ အငြိမ်းစားယူပြီးလျှင် ဘာမှမလုပ်ပဲ အိပ်လိုက်စားလိုက်နှင့် ဟိုလိုလိုဒီလိုလို ဖြစ်မနေသင့်ဘူးလို့ ဆိုလိုသည်ဟု ယူပါသည်။

ထို့ကြောင့် နှစ်ပေါင်းများစွာ နိုင်ငံပေါင်းစုံတွင် အထူးကုဆရာဝန်အဖြစ် လုပ်ကိုင်ခဲ့ပြီး အနားယူချိန်ရောက်လာသောအခါ **"ငါဘာလုပ်ရင် ကောင်းမလဲ"** ဟု စာရေးသူ ကိုယ့်ကိုယ်ကို ပြန်မေးကြည့်သည်။

စာရေးသူအဖို့ အဖြေပေးရသည်မှာ လွယ်ပါသည်။ စာရေးသူသည် စာရေးစာဖတ်ဝါသနာပါသည်။ ယခင်ကလည်း ဆေးပညာနှင့်ပတ်သက်၍ ပညာပေးစာအုပ်များကို ရေးသားထုတ်ဝေဖူးသည်။ အငြိမ်းစားမယူမီက အလုပ်တာဝန်တွေများနေသဖြင့် စိတ်သွားတိုင်းကိုယ်မပါ ဖြစ်ခဲ့ပါသည်။

အားလပ်ချိန်မရှိခဲ့ပါ။ ယခုအခါ အချိန်တွေသည် သုံးမကုန်အောင် လက်ထဲတွင်ရှိနေသဖြင့် ဤစာအုပ်ကို ရေးနိုင်ခြင်းဖြစ်ပါသည်။

ဤစာအုပ်သည် စာရေးသူကုသပေးခဲ့သည့် လူနာတစ်ဦး၏ ဘဝဇာတ်လမ်းဖြစ်သည်။ သူမ၏ဘဝဖြစ်စဉ်များကို တင်ပြရာတွင် စိတ်ကျန်းမာရေးဗဟုသုတများကို လိုအပ်သလို ထည့်သွင်းရေးသားထားသည်။ အလားတူ ဩစတြေးလျနိုင်ငံနှင့် ပတ်သက်သည့် သိမှတ်ဖွယ်ရာများကို အခွင့်အခါသင့်သလို ဖော်ပြထားပါသည်။ ဤကဲ့သို့ ရေးသားတင်ပြရာ၌ လူနာမည်သူမည်ဝါဖြစ်သည်ကို စာဖတ်သူများမရိပ်မိစေရန် လူအမည်များ အချိန်ကာလများနှင့် နေရာဒေသများကို အတိအကျဖော်ပြခြင်းမရှိပါ။

ဤစာအုပ်ကို အမည်ပေးရန် စဉ်းစားသည့်အခါ နာမည်ကြီး စာရေးဆရာ မောင်သာရကို သွားသတိရပါသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ကျော်က မောင်သာရရေးသားသည့် "ငြိမ်သက်ခြင်းနှင့် မကြုံကြိုက်လို" ဝတ္ထုစာအုပ်သည် စိတ်ထဲတွင်ပေါ်လာ၏။

“ငြိမ်သက်ခြင်း”ဆိုသည့် ဝေါဟာရကို အထူးပြုပြီး ဤစာအုပ်တွင် ပါဝင်သည့် အဓိကဇာတ်ကောင်၏ စိတ်နေသဘောထားနှင့် ကိုက်ညီစွာ “ငြိမ်သက်ခြင်းနှင့် ကင်းဝေးခဲ့စဉ်က--” ဟု ကင်ပွန်းတပ်လိုက်ခြင်းဖြစ်ပါသည်။ မောင်သာရကို ကျေးဇူးတင်ပါသည်။

၎င်းအပြင် ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ကူညီအားပေးခဲ့သည့် စာရေးဆရာထုတ်ဝေသူ ဦးစိုးသွေး (ဦးစိုးနောင်)ကိုလည်း အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ဒေါက်တာအုန်းကျော်
စိတ်ရောဂါအထူးကုသမားတော်ကြီး
(အငြိမ်းစား)
M.B.B.S, D.P.M, FRANZCP,
FRCPsych (Retd)
နေ့စွဲ ... ဧပြီလ ၁၀ ရက် ၂၀၁၃။

## "ရေလှိုင်းပမာ"

စာရေးသူ ကြည့်ရှုကုသခဲ့ဖူးသည့် လူနာတစ်ဦးဖြစ်သူ ဒေစီခံစားရ သည့် စိတ်ဝေဒနာတစ်ခု အကြောင်းကိုရေးချင်သည်။ ဤရောဂါမျိုးကို အာရှတိုက်နိုင်ငံများတွင် တွေ့ကြုံရန်အခွင့်အလမ်း နည်းပါးသည်ဟု ဆိုစမှတ်ပြုကြသည်။ မှန်သည်ထင်ပါ၏။ စာရေး သူသည် မြန်မာနိုင်ငံတွင် စိတ်ကျန်းမာရေးအထူးကု ဆရာဝန် အဖြစ် နှစ်ပေါင်း၁၅နှစ် လုပ်ကိုင်ခဲ့သည်။ ထိုမှတဆင့် မလေးရှား နိုင်ငံတွင် ၇နှစ်ခန့်လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံရှိသည်။ ထိုနှစ်

များအတွင်း ဒေစီခံစားရသည့် ရောဂါမျိုးရှိသူ ၂ယောက် ၃ယောက်သာတွေ့ကြုံကုသခဲ့ဖူးသည်။

ဩစတြေးလျနိုင်ငံရောက်မှ ဒေစီလို လူနာမျိုးကို မကြာခဏ တွေ့ကြုံရသည်။ ဒေစီခံစားရသည့်ရောဂါမျိုး ဤနိုင်ငံတွင် လူတစ်ရာလျှင် နှစ်ယောက်နှုန်း ဖြစ်ပွားကြောင်းတွေ့ရ၏။ အမျိုးသမီးများတွင် ပိုမိုအဖြစ်များသည်ဟု ဆိုပါသည်။

ရောဂါ၏အမည်မှာ "ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ဝေဒနာ" ဖြစ်သည်။ ရောဂါ၏သဘောလက္ခဏာကိုကောက်ချက်ချပြီး အမည် ပေးရမည်ဆိုလျှင်၊ "ဟိုမရောက်၊ ဒီမရောက် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ဝေဒနာ" ဟု ဆိုနိုင်သည်။ စိတ်တည်ငြိမ်ခြင်းချို့ယွင်းအားနည်းသည့် အဓိက လက္ခဏာတစ်ခုကို အမှတ်အသားပြုပြီးပြောရလျှင် "ရေလှိုင်း"ပမာ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ဝေဒနာ" ဟု ကဗျာဆန်ဆန် ကင်ပွန်းတပ်နိုင်သည်။

ဆေးပညာပါမောက္ခတစ်ဦး ပြောဖူးသည်ကို မှတ်မိနေသည်။ ဆရာကြီးက "မင်းတို့ ဆေးကုပညာကိုလေ့လာရင် တီဘီရောဂါကို အသေအချာလေ့လာ၊ ခန္ဓာကိုယ်ရောဂါ အားလုံးလိုလိုလေ့လာပြီးဖြစ်လိမ့်မယ်" ဟု မိန့်ဆိုသည်။ တီဘီရောဂါသည် အဆုတ်အင်္ဂါသာမက ဦးနှောက်၊ အူသိမ် အူမ၊ ကျောက်ကပ်၊ အရိုးစသည့်အင်္ဂါများတွင် ဖြစ်ပွားနိုင်ခြင်းကြောင့် ဖြစ်၏။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အလားတူပင် စိတ်ရောဂါပညာကို လေ့လာလိုလျှင် ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဝေဒနာကို လေ့လာပါဟု ပြောနိုင်၏။ ဤဝေဒနာကို ခံစားရသူသည် စိတ်ရောဂါမျိုးစုံမှ ရောဂါလက္ခဏာတစ်ခု မဟုတ်တစ်ခု ပြောင်းလဲပေါ်ပေါက် ခံစားနေနိုင်သောကြောင့် ဖြစ်ပေသည်။

ရောဂါတစ်ခုကို နားလည်သဘောပေါက်နိုင်ရန် အကောင်းဆုံး လေ့လာနည်းမှာ ရောဂါခံစားရသည့် လူနာကို ကြည့်ရှုစစ်ဆေးခြင်း ဖြစ်သည်။

စာရေးသူ ရန်ကုန်ဆေးတက္ကသိုလ်(၁)တွင် ဆေးပညာ သင်ကြားစဉ်က ရန်ကုန်ဆေးရုံကြီး အောက်ထပ်တွင်ရှိသော စာသင်ခန်းမမှာ လက်တွေ့ သင်တန်းတက်ရသည်။ ထိုစာသင်ခန်းမနံရံတွင် ရေးချိတ်ထားသည့် စာတန်းတစ်ခုကို မှတ်မိနေ၏။ စာတမ်းမှာ အင်္ဂလိပ်လို ရေးထားခြင်းဖြစ်သည်။ မှတ်မိသလောက် ဘာသာပြန်ရလျှင် ဒီလိုပါ။

"ဆေးပညာကို လေ့လာသင်ကြားသည့်အခါ စာအုပ်စာတမ်းကို ဖတ်ရှုလေ့လာခြင်းမပြုလျှင်၊ မြေပုံအညွှန်းမရှိသည့် ပင်လယ်ပြင်တွင် ရွက်လွှင့်သလိုဖြစ်မည်။ သို့သော် လူနာကို လက်တွေ့မလေ့လာပဲ ဆေးပညာကိုသင်ယူမည်ဆိုပါက ပင်လယ်ခရီးကို လုံးဝမသွားသလို နေလိမ့်မည်" ဟုဆိုပါသည်။

# ဒေါက်တာဟုန်းကျော်

ဒေစီခံစားနေရသည့်ရောဂါကို ရေရေလည်လည် နားလည်သဘောပေါက်စေရန် ဒေစီ၏ဘဝဖြစ်စဉ်ကို မှတ်တမ်းတင်လိုသည်။ ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်း ဝေဒနာအကြောင်း ဆောင်းပါးရေးမည့်အစား ဒေစီ၏ဇာတ်လမ်းကို တင်ပြခြင်းဖြစ်သည်။

လေတိုက်တိုင်း လှုပ်ရှားတတ်သည့် ရေလှိုင်းပမာ "စိတ်ဝေဒနာရှင်" အမျိုးသမီးတစ်ဦး၏ ဖြစ်စဉ်။

# "မြေနီဒေသတွင် အခြေချစဉ်က"

ဒေစီကို အယ်လစ်စပရင်း (Alice Spring)မြို့တွင် ပထမဆုံး တွေ့ကြုံကုသခွင့်ရခဲ့သည်။ အယ်လစ်စပရင်းမြို့သည် လူဦးရေနှစ်သောင်းခွဲ သုံးသောင်းခန့် နေထိုင်သည်။ ဩစတြေးလျနိုင်ငံအလယ်ပိုင်းတွင် မြေကြီးများက နီညိုရောင်သန်းနေသည်။ ထို့ကြောင့် ဤဒေသကို မြေနီဒေသဟု ခေါ်တွင်သည်။ မိုးနည်းဒေသဖြစ်ပြီး အချို့နေရာများမှာ သဲကန္တာရဖြစ်နေသည်။ အယ်လစ်စပရင်းမြို့မှာ ဆင်ပ်ဆန်သဲကန္တာရ အစွန်းတွင်တည်ရှိ၏။

သို့သော် ဤမြို့ပတ်ဝန်းကျင်မှာ သဲကန္တာရမဟုတ်ပါ။ ဆူးပင်၊ ချုံပင်နှင့် ယူကလစ်ပင်များ သဘာဝအလျောက် အများအပြား ပေါက်ရောက်နေသည်။ မြို့တွင်းရှိ လူနေအိမ်ခြံများတွင် ပန်းအလှ များနှင့် သစ်သီးပင်များ စိုက်ပျိုးနိုင်သည်။ မြို့နှင့်မနီးမဝေး ခြံကြီး များတွင် အဝီစိတွင်းရေကိုအသုံးပြုပြီး စပျစ်သီးပင်များကို ဝိုင် အရက်ထုတ်လုပ်ရန် စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် မေမြို့နှင့်ရှမ်းပြည်နယ်ဘက်ကို ခရီး ထွက်စဉ်က ယူကလစ်အပင်ကြီးများကို တွေ့ဖူးပါသည်။ သို့သော် ဤဒေသရောက်မှ ယူကလစ်ပင်မျိုးစုံကို တွေ့ဖူးသည်။ အရွက်ကို ခြေပြီး နမ်းကြည့်လျှင် အရွက်တိုင်းမှ ယူကလစ်နံ့ကိုရသည်။ သို့သော် အပင်အရွယ်အစားနှင့် အရွက် ပုံသဏ္ဌာန်အကြီးအသေး တွေက မျိုးရိုးကွဲအလိုက် ကွဲပြားခြားနားနေသည်။ ဩစတြေးလျ နိုင်ငံတွင် ယူကလစ်ပင်အမျိုးအစားပေါင်း ၇၀၀ကျော် ရှိသည်ဟု ဆို၏။ တစ်ကမ္ဘာလုံးတွင် ဩစတြေးလျနိုင်ငံမှအပ ယူကလစ်ပင် မျိုးကွဲ ၁၅မျိုးသာရှိသည်ဟု မှတ်တမ်းတင်ထားသည်။ ဌာနေလူ မျိုးများက ယူကလစ်ပင်ကြီးများမှထွက်သော အစေးကိုမှီပြီး သစ်စေးပင်ဟုခေါ်ကြသည်။

စာရေးသူအလုပ်လုပ်သော ကုတင်၂၀၀ဆံ့ ဆေးရုံ ပတ်ဝန်းကျင်တွင် ယူကလစ်ပင်များ မြိုင်မြိုင်ဆိုင်ဆိုင်ပေါက်ရောက် နေသဖြင့် သာသာယာယာရှိသည်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ကုတင်၂၀၀ဆံ့ဆေးရုံမှာ အထွေထွေနှင့် အထူးကုဆေးရုံ ဖြစ်သည်။ လူဦးရေငါးသောင်းခန့်ရှိသည်။အလယ်ပိုင်းမြေနီဒေသအတွက် တည်ဆောက် ထားသောဆေးရုံဖြစ်သည်။ ဤဆေးရုံတွင်အထူး ကုဌာနတစ်ခုအဖြစ် စိတ်ရောဂါကုဌာနလည်းရှိသည်။ အတွင်း လူနာ ၁၂ယောက်ကို လက်ခံကုသနိုင်သည်။ ဩစတြေးလျ အလယ် ပိုင်း စိတ်ရောဂါကုနှင့် စိတ်ကျန်းမာရေးဌာနမှာ ဆေးရုံဝန်းအတွင်း မှာပင်ရှိသည်။ မလေးရှားနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ ပြောင်းရွှေ့ လာပြီး ဤစိတ်ရောဂါဌာနတွင် အထူးကုဆရာဝန်အဖြစ် စာရေး သူအလုပ်ရရှိသည်။

အလုပ်စတင်ပြီး မကြာမီမှာပင် ဒေစီကို အတွင်းလူနာ အဖြစ် စမ်းသပ်ကုသခွင့်ရခဲ့သည်။ တစ်နေ့နံနက်တွင် စာရေးသူ၏ ရုံးခန်းအတွင်း၌ လုပ်ဖွယ်ရာရှိသည့် ရုံးလုပ်ငန်းများကို လုပ်နေသည်။ ကျန်းမာရေးဌာန အတွင်း ဝန်ထမ်းများအချင်းချင်း အီး-မေးလ်ဖြင့် ပို့သောစာများကို ဖတ်နေ သည်။ ထို့နောက် သွေးစစ်၊ ဓာတ်မှန်ရိုက်ထားသည့် တွေ့ရှိချက်ပြန်တမ်းများ ကို ကြည့်ရှုစစ်ဆေးသည်။ နံနက် ၈နာရီ ရုံးခန်းရောက်ရောက်ချင်း နေ့စဉ် လုပ်သည့် လုပ်ငန်းဖြစ်၏။

နံနက်၈နာရီခွဲခန့်တွင် သူနာပြုတစ်ဦး တံခါးခေါက်ပြီး ဝင်လာသည်။

"ဟိုင်း စင်သီယာ၊ ကောင်းသောနံနက်ခင်းပါ။ ဆိုပါ. . . ဘာအကြောင်းလဲ"ဟု စာရေးသူက ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သည်။

"ကောင်းသောနံနက်ခင်းပါ ဒေါက်တာအုန်း၊ ကိစ္စကတော့ မနေ့ညက အသက် ၂၁ နှစ်လောက်ရှိတဲ့ အမျိုးသမီးတစ်ဦး ဆေးရုံတက်လာတယ်။ အပြင်လူနာဌာနမှာ စစ်ဆေးပြီး ဆေးရုံတင်လိုက်တာပါ"

"ဟုတ်လား၊ လူနာရဲ့အခြေအနေကဘယ်လိုလဲ"

"မနေ့ညကတော့ တော်တော်ဆိုးတယ်လို့ ညတာဝန်ကျတွေကပြောတယ်။ အော်ကြီးဟစ်ကျယ်နဲ့ ကြမ်းကြမ်းရမ်းရမ်း ပြုလုပ်တယ်လို့သိရတယ်။

ဒီမနက်ရောက်တော့ ဆေးရုံမှာမနေချင်ဘူးဆိုပြီး ထွက်ပြေးဖို့ ကြိုးစားနေတယ်။ ဒါကြောင့် ဒေါက်တာမြန်မြန်လာပြီး ကြည့်စေချင်တယ်။"

ပုံမှန်အားဖြင့်ဆိုလျှင် နံနက် ၈ နာရီခွဲလျှင် အတွင်းလူနာများနှင့် ပတ်သက်ပြီး စိတ်ကျန်းမာရေးအသင်းအဖွဲ့ဝင်များ ဆွေးနွေးချိန်ဖြစ်၏။ စိတ်ကျန်းမာရေးအသင်းဆိုသည်မှာ ပညာရှင်ပေါင်းစုံပါဝင်သည့် အသင်းတစ်ခုဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် စိတ်ရောဂါဌာနတိုင်းဌာနတိုင်း၌ စိတ်ကျန်းမာရေးအသင်းရှိသည်။ အတွင်းလူနာဆောင်အတွက်တစ်သင်း၊ အပြင်လူနာ

ဆောင်အတွက်တစ်သင်းရှိသည်။ စိတ်ကျန်းမာရေးအသင်းတွင် အသင်းဝင်များအဖြစ် အထက်တန်းသူနာပြု၊ စိတ်ပညာရှင်အရာရှိ၊ လူမှုရေး ဝန်ဆောင်အရာရှိ၊ အသက်မွေးဝမ်းကျောင်း အတတ်သင်အရာရှိ၊ လက်ထောက် ဆရာဝန်နှင့် စိတ်ရောဂါအထူးကုဆရာဝန်တို့ပါဝင်ကြသည်။ ပညာရှင်မျိုးစုံ ပါဝင်သောအသင်းဖြစ်သည်။

လူနာတစ်ဦးကို စမ်းသပ်စစ်ဆေးသည့်အခါဖြစ်စေ၊ ကုသပြုစုပျိုးထောင်ပေးသည့်အခါဖြစ်စေ၊ ရှုထောင့်ဘက်စုံမှ ကြည့်ရှုနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကာ၊ လူနာတစ်ဦး၏ ကိုယ်ခန္ဓာကျန်းမာရေး၊ စိတ်ခံစားအခြေအနေ၊ လူမှုရေးအခက်အခဲ၊ ကိုယ်ရေးကိုယ်တာပြဿနာနှင့် လူနာ၏လောကအမြင်၊ ဘာသာရေးယုံကြည်ချက်စသည်တို့ကို စစ်ဆေးစမ်းသပ်နိုင်ရန်ဖြစ်သည်။ စိတ်ကျန်းမာရေးအသင်းအစည်းအဝေးတွင် သက်ဆိုင်ရာပညာရှင်များက မိမိကျွမ်းကျင်ရာ ပညာမျက်စိဖြင့် လူနာ၏အရေးအခင်းကို ပါဝင်ဆွေးနွေးကြပါသည်။

လူနာ၁၂ယောက်ရှိလျှင် ယခုလို အသေးစိတ်ဆွေးနွေးကြသည့် အတွက် နေ့လည် ၁၂ နာရီအထိ အချိန်ကြာသွားနိုင်သည်။

ထို့ကြောင့် လူနစ်အသစ်ဖြစ်သည့်ဒေစီကို အစည်းအဝေးမစမီ ကြည့်ရှုစစ်ဆေးပေးရန် စင်သီယာက တောင်းပန်ခြင်းဖြစ်သည်။

"အိုကေပါ။ ရပါတယ်။ ဒေစီကို အစည်းအဝေးမသွားခင်

ကျွန်တော် ကြည့်ပေးပါ့မယ်။ စင်သီယာက အစည်းအဝေးတက်နေတဲ့လူတွေကို ကျွန်တော်နောက်ကျမယ့်အကြောင်း ပြောပေးပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဒေါက်တာဂျွန်ကို မှာစရာရှိတာတွေ တယ်လီဖုန်းနဲ့ပြောလိုက်မယ်။"

ဒေါက်တာဂျွန်သည် လက်ထောက်ဆရာဝန်ဖြစ်၏။ ပြောပြောဆိုဆို စင်သီယာနှင့်အတူ စာရေးသူတို့ လူနာဆောင်ဘက်သို့ လမ်းလျှောက်လာခဲ့ကြသည်။

လူနာဆောင်မှာ ခေတ်မီပုံစံဖြင့် ဆောက်လုပ်ထားသော အဆောက်အအုံသစ်ဖြစ်သည်။ စိတ်ရောဂါကု လူနာဆောင်ဖြစ်သော်လည်း ပင်မဆေးရုံကြီးနှင့် ဆက်သွယ်ထားသည်။ ဩစတြေးလျနိုင်ငံတွင် အထူးကုဆေးရုံကြီးများနှင့် အထွေထွေကုဆေးရုံကြီးများတွင် စိတ်ရောဂါကုသဆောင် ပူးတွဲဆောက် လုပ်ထားသည်မှာ ပုံမှန်ဖြစ်နေပါပြီ။ စိတ်ရောဂါကုဆေးရုံကြီးများကို တဖြည်းဖြည်းပိတ်လိုက်ပြီး စိတ်ရောဂါကုဌာနများကို အခြားအထူးကုဌာနများနှင့်တန်းတူ ထားရှိပါသည်။

ကုတင် ၁၂ယောက်ဆံ့ ကုသဆောင်တွင် တစ်ဦးချင်းအိပ်ခန်း(၆)ခန်းရှိပြီး ကျန်(၃)ခန်းမှာ နှစ်ယောက်အိပ်ခန်းများဖြစ်သည်။ အိပ်ခန်းတိုင်းတွင် ရေချိုးခန်းနှင့် အိမ်သာခန်းများရှိသည်။ အိပ်ခန်းများထိပ်တွင် သူနာပြုများရုံးခန်းရှိ၏။ အဘက်ဘက်ကို မြင်နိုင်စေရန် ပဥ္စဂံ ငါးထောင့်ပုံစံဖြင့် ဆောက်ထားသည်။ နံရံများ

ကို ခါးလယ်အမြင့်မှစပြီး ထူထဲခိုင်ခန့်သော မှန်များဖြင့်တည် ဆောက်ထားသဖြင့် လေးဘက်လေးတန် မြင်နိုင်သည်။ သူနာပြု များရုံးခန်းမှ ကြည့်လိုက်လျှင် လူနာများအနားယူနိုင်သည့် အထွေ ထွေခန်းမရှိသည်။ ဤခန်းမကြီးအတွင်း၌ တီဗွီ၊ ဒီဗွီဒီ Player၊ စားပွဲတင်တင်းနစ်ကစားခုံ၊ ကျားကွက်နှင့်စစ်တုရင်ကစားကိရိယာ၊ ဇာထိုး ပန်ထိုးကိရိယာ၊ စာအုပ်၊ မဂ္ဂဇင်းနှင့် နေ့စဉ်သတင်းစာများ ထားရှိသည်ကိုတွေ့ရ၏။ အပန်းဖြေခန်းမကြီးမှ ဆက်ပြီးလျှောက် သွားလျှင် ထမင်းစားခန်းကို ရောက်ရှိသည်။ ထမင်းစားခန်း အတွင်း၌ အမြဲရေဆူနေသည့် လျှပ်စစ်သံမဏိရေနွေးအိုး၊ ကော်ဖီ မှုန့်ဗူး၊ မိုင်လိုဗူး၊ အိုဗာတင်းဗူး၊ တစ်ခွက်စာ လက်ဖက်ခြောက် အထုပ်များပါသည့်ဗူး၊ သကြားဗူး၊ ဘီစကွတ်မျိုးစုံထည့်ထားသည့် ပုလင်းကြီး စသည်တို့ရှိသည်။ လေယာဉ်ပျံများပေါ်တွင် လက်ဖက် ရည်ကော်ဖီနှင့်အတူ ပေးထားတတ်သည့် စက္ကူဘူးသေး နို့ခွက် ကလေးများလည်းရှိသည်။ လူနာများ အချိန်မရွေး လက်ဖက်ရည် ဖျော်ပြီးသောက်နိုင်သည်။

အပန်းဖြေခန်းမကြီးအတွင်း၌ ဆေးလိပ်သောက်ခွင့်မရှိ ပါ။ ဤအခန်းတံခါးမကြီးမှ အပြင်ဘက်ပန်းခြံသို့ တိုက်ရိုက်သွားနိုင် သည်။ ဆေးလိပ်သောက်လိုလျှင် ပန်းခြံအတွင်း၌ သောက်ခွင့်ရှိ သည်။ ပန်းခြံပတ်လည်ကို သံဝင်းထရံဖြင့် ကာထားသည်။ အန္တရာယ် ရှိပြီး ရောဂါဆိုးသည့် လူနာများအလွယ်တကူ ထွက်ပြေးနိုင်ခြင်း

ခရီးစေရန်ဖြစ်၏။ သို့သော် အကျဉ်းထောင်နှင့်မတူစေရန် ဝင်းထရံကို နွယ်ပန်းပင်များနှင့် ကာကွယ်ထားသည်။ ဝင်းထရံနှင့်ကပ်ပြီး ခြံစည်းရိုးပင်များကိုလည်း စိုက်ထားသည်။

စာရေးသူတို့ ထမင်းစားခန်းကို ဖြတ်ပြီးလျှောက်သွားသောအခါ လူနာအချို့ နံနက်စာစားသောက်နေဆဲပင်ရှိသေးသည်။ ဆေးရုံတွင် အိပ်ရာထစနံနက်စာစားချိန်၊ နံနက်လက်ဖက်ရည်သောက်ချိန်၊ နေ့လယ်စာစားချိန်၊ ညနေပိုင်းလက်ဖက်ရည်သောက်ချိန်၊ ညစာစားချိန် စသည်ဖြင့် တစ်နေ့၅ကြိမ်ကျွေးသည်။ ညမအိပ်မီ လူနာများဗိုက်ဆာလျှင် ပေါင်မုန့်၊ ဘီစကွတ်၊ ပန်းသီးစသည်တို့ကို အဆာပြေစားနိုင်သေး၏။ ထို့ကြောင့် စိတ်ရောဂါကုသဆောင်သည် ကြယ်ငါးပွင့်ဟိုတယ်နှင့်တူသည်ဟု သူနာပြုအချို့က ပြောကြသည်။ မှန်သလိုလိုရှိသည်။ အချို့ လူနာများသည် ရောဂါသက်သာပြီး ဆေးရုံဆင်းနိုင်သော်လည်း ဆေးရုံကမဆင်းလိုကြ။ ဆေးရုံမှာဆက်ပြီး အနားယူလိုကြသည်။

ဒေစီကတော့ ဆေးရုံမှာမနေချင်ဘဲ ထွက်ပြေးဖို့ ကြိုးစားနေသည်ဟုသိရ၏။ ထမင်းစားဆောင်မှ လှမ်းပြီးကြည့်လိုက်သောအခါ ပန်းခြံတွင်း၌ ဒေစီကိုတွေ့မြင်ရသည်။ ကုလားထိုင်ကိုမှီပြီး စီးကရက်ဆေးလိပ်ကို တစ်ဖွာပြီးတစ်ဖွာ အဆက်မပြတ်ရှူထုတ်နေသည်။ ဆေးလိပ်ငွေ့တွေက သူ့ဘေးပတ်လည်မှာ နဂါးငွေ့တန်းလို လေတွင်လွင့်မြူးနေသည်။ ဘေးမှာထိုင်ပြီး ဒေစီကို ကြည့်ရှု

စောင့်ကြပ်နေသည့် သူနာပြုဆရာမခေမျာ အသက်ရှူရသည်မှာ သက်သက်သာသာမရှိ ဖြစ်ပုံရသည်။ ဒေစီနှင့် မျက်နှာချင်းဆိုင် မထိုင်ဘဲ ဘေးစောင်းထိုင်နေသည်ကို တွေ့ရသည်။

"ကောင်းသောနံနက်ခင်းပါဒေစီ၊ ကျွန်တော် ဒေါက်တာ အုန်းကျော်ပါ။ ဒေစီ့ကို တာဝန်ယူကုသပေးမယ့် စိတ်ရောဂါကု ဆရာဝန်ပါ။ စင်သီယာကိုတော့ ဒေစီတွေ့ပြီး ဖြစ်ပါလိမ့်မယ်။"

"ကောင်းသောနံနက်ခင်းပါ။ စင်သီယာကိုသိပါတယ်။ ဘာ ပြောချင်လို့ပါလဲ။"

ဒေစီသည် စာရေးသူကိုမကြည့်ဘဲ နဂါးငွေ့တန်းဆေးလိပ် ငွေ့များကို ငေးကြည့်ပြီးဖြေပါသည်။

"ဒေစီ့ရဲ့အခြေအနေကို စစ်ဆေးစမ်းသပ်ဖို့ လာတွေ့တာ ပါ။ ဒီပန်းခြံထဲမှာ တခြားလူနာတွေလည်းရှိတော့ မလွတ်လပ်ပါ ဘူး။ ကျွန်တော့်ရဲ့ ရုံးခန်းထဲမှာ ဆွေးနွေးကြဖို့လာခေါ်တာပါ။"

"ခဏစောင့်ဦးဒေါက်တာ၊ ကျွန်မဆေးလိပ်သောက်လို့ မပြီးသေးဘူး"

ဒေစီက ခပ်ပြတ်ပြတ်ပြောပြီး သူမအနီးတွင်ထိုင်နေသည့် သူနာပြုဆရာမဘက်လှည့်ပြီး ပြုံးစိစိလုပ်ပြပါသည်။

"ဒေါက်တာနှင့်စစ်ဆေးပြီးမှ ဆေးလိပ်ပြန်ပြီးသောက်တာ ပေါ့ဒေစီ။ ဒေါက်တာ တခြားကိစ္စတွေရှိသေးတယ်။"

သူနာပြုစင်သီယာတပါ ဝင်တောင်းပန်ခြင်းဖြစ်သည်။

## ဒေါက်တာဘုန်းကျော်

ဒေစီက စင်သီယာကို တစ်ချက်ဘုကြည့်ကြည့်လိုက်ပြီး တစ်ဝက် သောက်ထားပြီးဖြစ်သည့် စီးကရက်ကို ပန်းပင်တွေကြား လွှတ်ပစ်လိုက်သည်။ ထို့နောက်

" ကဲ-ဘယ်ကိုသွားရမှာလဲ၊ သွားမယ်" ဟုပြောပြောဆိုဆို ဖြုန်းကနဲထလိုက်သည်။ သူနာပြုဆရာမစင်သီယာက ဒေစီ၏ လက်မောင်းကို ညင်သာစွာဆွဲပြီး စာရေးသူနှင့်အတူ ရုံးခန်းဆီသို့ လျှောက်လာကြသည်။

လူနာထမင်းစားခန်းနှင့် အပန်းဖြေခန်းများကို ဖြတ်သွားစဉ် စာရေးသူစဉ်းစားမိသည်။ ဒေစီယခုလို ပြုမူဆက်ဆံပုံမှာ ဆရာဝန်၊ ဆရာမတွေအပေါ် လေးလေးစားစားရှိပုံမရ။ အချို့ လူနာများမှာ ဆရာဝန် ဆရာမတွေ ပြောသမျှဆိုသမျှကို အကျ ကောက်အပြစ်တင်ပြီး ကလန်ကဆန်လုပ်တတ်သည်။ ရောဂါလက္ခ ဏာလည်းဖြစ်နိုင်သည်။ ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းသဘော လက္ခဏာလည်းဖြစ်နိုင်သည်။

စာရေးသူ၏ရုံးခန်း အဝင်ပေါက်ရောက်သောအခါ လူမှုရေးထုံးစံ ဓလေ့အတိုင်း တံခါးဖွင့်ပေးပြီး ဒေစီ့ကို ဦးစားပေးဝင် စေပါသည်။ ဒေစီက အခန်းအတွင်းသို့မဝင်ဘဲ ဆတ်ကနဲရပ်တန့် လိုက်ပြီး ဘေးကပါလာသည့် စင်သီယာ့ကိုကြည့်ပြီးပြောသည်။

" စင်သီယာလိုက်မလာနဲ့။ ဒေါက်တာနဲ့ပဲစစ်ဆေးခံမယ်" ဟု တောင်းဆိုသည်။

# ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

" မဟုတ်ဘူးဒေစီ။ စင်သီယာလည်း အတူနေပြီး နားထောင်ရမယ်။ ဒါကျွန်တော်တို့တာဝန်ပါ"ဟုစာရေးသူက တန့်ကွက်ရသည်။ ဒေစီက အလျှော့မပေးသေးပါ။

" မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါဟာ ကျွန်မကိုယ်ရေးကိုယ်တာကိစ္စတွေ။ ဆရာဝန်နဲ့ပဲပြောချင်တယ်။"

ဒေစီက အထွန့်တက်ပြီး ငြင်းဆန်နေပြန်သည်။

ထိုအချိန်တွင် သူနာပြုစင်သီယာက စာရေးသူ၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ "ဘယ်လိုသဘောရလဲ"ဟုမေးသည့်အကြည့်မျိုးဖြစ်၏။

" ကျွန်တော်သဘောမတူဘူး ဒေစီ။ ဆေးရုံမှာ လူနာနဲ့ပတ်သက်လာရင် ဆရာဝန်နဲ့သူနာပြုတွေကြားမှာ လျှို့ဝှက်ထားတယ်ဆိုတာ မရှိရဘူး။ လူနာကောင်းကျိုးအတွက် အားလုံးကတာဝန်နဲ့လုပ်နေကြတာ။ တစ်ယောက်နဲ့တစ်ယောက် တိုင်တိုင်ပင်ပင်ရှိရတယ်။ ကိုယ့်အမြင်၊ သူ့အမြင်ကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရတယ်။ ဒါမှ လူနာအတွက် ပိုမိုကောင်းမွန်တဲ့ အဖြေကိုရမှာပေါ့။

စာရေးသူက ပြောပြောဆိုဆို စင်သီယာ့ကို ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ရန်ညွှန်ပြသည်။ ဤအကြိမ်တွင် ဒေစီဘာမှမပြောဘဲ ကုလားထိုင်လွတ် တစ်လုံးတွင်ဝင်ထိုင်သည်။

**စာရေးသူ၏ စိတ်ထဲတွင် အတွေးတစ်ခုပေါ်လာသည်။ ဒေစီသည် ဆေးရုံမှ တာဝန်ရှိသူအချင်းချင်း သဘောထားကွဲလွဲ**

လာအောင် ပြုလုပ်တတ်သည့် လူနာမျိုးများ ဖြစ်နေမည်လားဟု တွေးမိခြင်းဖြစ်၏။ သွေးခွဲပြီး အနိုင်ယူလိုသည့် အကျင့်စရိုက်မျိုးဟုဆိုနိုင်၏။ ဤလို အပြုအမူမျိုးကို ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းဝေဒနာ ခံစားရသူများတွင်တွေ့ရှိရသည်။

သူနာပြုတွေနှင့်တွေ့သည့်အခါ နေကောင်းနေပြီ၊ ဘာမှမဖြစ်တော့ဘူး၊ အိမ်ပြန်ချင်ပြီဟု မကြာခဏပြောမည်။ ဆရာဝန်နှင့်တွေ့သည့်အခါ မသက်သာသေးဘူး ဒေါက်တာ၊ ညက အိပ်မပျော်ဘူး၊ အိပ်ဆေးထပ်တောင်းတော့ သူနာပြုဆရာမက မပေးဘူးစသည်ဖြင့် တစ်မျိုးလှည့်ပတ်ပြောမည်။ ဆေးရုံမှ ဆင်းခွင့်ပေးဖို့ ခက်ခဲလာအောင် ရောဂါလက္ခဏာတွေကို ပိုကဲပြီးပြောမည်။ သည်တော့ လူနာအစည်းအဝေးတွင် ဆရာဝန်နှင့်သူနာပြုတွေ သဘောထားကွဲလွဲပြီး တစ်ဦးနှင့်တစ်ဦး အထင်မှားဖွယ်ဖြစ်လာမည်။

တံခါးပေါက်အဝင်မှာ ဒေစီပြုမူပြောဆိုပုံက ဆရာဝန်နှင့် သူနာပြုအကြား စိတ်ဝမ်းကွဲစေနိုင်သည်။ ဆရာဝန်ကို မြှောက်ပင့်ပြောပြီး သူနာပြုကို ကန်ထုတ်သည့်သဘောမျိုး ပေါက်နေသည်။ "ငါ့ကိုယ်ရေးကိုယ်တာတွေကို သူနာပြုသိစရာမလိုဘူး၊ ဆရာဝန်သာသိသင့်တယ်၊ ဆရာဝန်သာကူညီနိုင်တယ်" ဟု ဆိုလိုရာရောက်နေသည်။

အကယ်၍ စာရေးသူက ဒေစီ၏ဆန္ဒအတိုင်း သူမအလိုကိုလိုက်ပြီး စင်သီယာကို ထွက်သွားခွင့်ပေးလိုက်လျှင် စင်သီယာ၏စိတ်ထဲ၌ မည်သို့ခံစားရမည်နည်း။ သူမ၏ပညာနှင့် သူမ၏လုပ်ငန်း

တန်ဖိုးကို မလေးစားရာ အသိအမှတ်မပြုရာ ကျရောက်သွားမည် ဖြစ်သည်။ ယခုလို တာဝန်ရှိသူအချင်းချင်း စိတ်ဝမ်းကွဲအောင် သွေးခွဲသည့်အပြုအမူကို စိတ်ရောဂါရှင် လူနာများတွင် မကြာခဏ တွေ့ရှိရ၏။

စိတ်ရောဂါအထူးကုပညာရှင်အနေဖြင့် လူနာကိုအရှိ အတိုင်းလက်ခံရမည်ဖြစ်သည်။ လူနာ၏အားနည်းချက်များကို အပြစ်ဖို့ပြီး တန်ဖိုးဖြတ်ရန် မဟုတ်ပါ။ လူနာ၏ အခက်အခဲ ပြဿနာများကို တတ်နိုင်သမျှ ကူညီရန်ဖြစ်သည်။ လူနာ၏ ရောဂါကို ပျောက်ကင်းအောင်ကုသပေးရန်မှာ အဓိကရည်မှန်း ချက်ဖြစ်၏။ လုံးဝပျောက်ကင်းမသွားသော်မှ လူနာရောဂါ သက်သာအောင် လုပ်ပေးရမည်။ နောက်ဆုံး ဘယ်လိုမှမတတ်နိုင် လျှင် လူနာကို လူသားတစ်ယောက်လို သဘောထားပြီး လေးလေး စားစားဆက်ဆံရန်ဖြစ်ပါသည်။

စာရေးသူက အထက်ပါသဘောမျိုးကို ဒေစီနားလည် လက်ခံရန်ရှင်းပြသည်။ ဒေစီက နောက်ဆုံးတွင် စင်သီယာနှင့်အတူ တကွ စမ်းသပ်စစ်ဆေးခံရန် သဘောတူသည်။ စိတ်ကောင်းဝင် လာပြန်တော့လည်း အိမ်ပြန်ချင်တာတွေမေ့သွားပြီး သူ့ဘဝဖြစ် စဉ်ကို ဒေစီကစိတ်ရှည်လက်ရှည်ပြောပြသည်။

## “ခေါင်တိုင်ကြီးပြိုလဲသောအခါ”

ဒေစီ၏မိဘများမှာ သာမန်(ဩစတေးလျနိုင်ငံသား) ဖြစ်သည်။ ဖခင်က မော်တော်ယာဉ်ပြင် အလုပ်ရုံဖွင့်ထားသည်။ မိသားစုစီးပွားရေး လုပ်ငန်းဖြစ်၏။ ဒေစီ၏မိခင်သည် အလုပ်ရုံနှင့် ပတ်သက်သည့် အုပ်ချုပ်ရေးနှင့် ငွေရေးကြေးရေးကိစ္စများကို တာဝန်ယူသည်။ ဒေစီသည် တစ်ဦးတည်းသမီးဖြစ်၏။ ဒေစီ အသက်ရှစ်နှစ်ပြည့်ပြီးမကြာမီ သူမ၏ဘဝတွင် အကြီးအကျယ် ပြောင်းလဲမှုနှင့်ကြုံရသည်။ ဖခင်ဖြစ်သူမမျှော်လင့်ပဲ ကားတိုက်မှုဖြစ်ပြီး သေဆုံးသွားသည်။

## ဒေါက်တာဘုန်းကျော်

ဒေစီ၏အဖေသည် အလုပ်ကြိုးစားပြီး လူချစ်လူခင်များသူဖြစ်သည်။ သို့သော် သူ့တွင် အပြင်လူများမသိသည့် လျှို့ဝှက်ချက်ရှိ၏။ သူမဖခင်၏ စိတ်အပြောင်းအလဲဖြစ်တတ်ပုံကို ဒေစီမှတ်မိသည်များရှိသည်။ သူမ၏ မိခင်ကပြောပြသောအခါ ဖခင်၏လျှို့ဝှက်ချက်များကို ဒေစီ ရေရေလည်လည် သိရှိလာပြီး ဖခင်မကြာခဏ အပြုအမူပြောင်းလဲခြင်းအကြောင်းရင်းကို ပိုမိုသဘောပေါက်လာသည်။

ဒေစီ၏ဖခင်သည် စိတ်ရောဂါတစ်မျိုး ခံစားနေရသည်ဟုသိရ၏။ ဖခင်၏အမည်မှာ အေဘယ်လ်ဖြစ်သည်။ အေဘယ်လ်သည် မကြာခဏအကြောင်းမရှိဘဲ စိတ်ကျဝေဒနာခံစားရသည်ဟုဆို၏။ ယခုလိုဖြစ်လာလျှင် အေဘယ်လ်ဆေးခန်းကိုသွားသည်။ ဂျီပီဆေးခန်းတစ်ခုကို သွားသည်။ သူ့တွင် ပုံသေအမြဲကုသပေးသည့်ဂျီပီဆရာဝန်မရှိ။ ဆရာဝန်ထံမှ အိပ်ဆေး၊ အကိုက်ခဲပျောက်ဆေးလေးသာ ရယူသောက်သုံးသည်။ စိတ်ကျန်းမာရေး အထူးကုဌာနမှာပြသပြီး မယ်မယ်ရရကုသခံခြင်း မရှိပါ။ ဩစတြေးလျနိုင်ငံတွင်လူငါးယောက်မှာ တစ်ယောက်သည် သူ၏သက်တမ်းအတွင်းစိတ်ကျရောဂါခံစားရမည်ဟု ဆိုသည်။ သို့သော်လည်း တော်တော်များများဟာ စိတ်ကျရောဂါကို အရေးတယူ ကုသမှုမခံကြဟုလည်းဆိုပါသည်။ အထူးသဖြင့် ယောကျ်ားများစိတ်ကျရောဂါဖြစ်လျှင်ကုသဖို့ ပိုမိုဝန်လေးသည်ဟုသိရ၏။ ယခုလို အဘယ်ကြောင့်ဖြစ်

ရသည်ကို သုတေသနပြုသူများက ရှာဖွေကြည့်သည်တွေ့ရှိရသည့် အကြောင်းရင်းတွေက ဒီလိုပါ။

စိတ်ကျရောဂါဖြစ်စမှာ စိတ်ညစ်သည့်လက္ခဏာကို သတိမထားမိဘဲ ကိုယ်တွေကိုက်ခဲတာ၊ အစာမကြေသလိုဖြစ်တာ၊ အကြောင်းမဲ့မောပန်း နေတတ်တာစသည့် ကိုယ်ခန္ဓာလက္ခဏာများကိုသာ သတိထားမိသည်။ ထို့ကြောင့် စိတ်ကျရောဂါဟုမယူဆ။ သည်တော့ အကိုက်အခဲ ပျောက်ဆေးလေး၊ လေဆေးလေးသောက်ပြီး ပေ့ါပေ့ါဆဆနေတတ်သည်။

နောက်တစ်ချက်။ ယောက်ျားများ၏ စိတ်ထား၊ ရောဂါလက္ခဏာကို အသေးအမွှားလို သဘောထားတတ်သည့် အလေ့အထ။ အထူးသဖြင့် လက်လုပ်လက်စား တောင်သူလယ်သမား ကျ်ားမျိုးသည် စိတ်ရောဂါဖြစ်နေသည်ကို လက်ခံဖို့ဝန်လေးကြသည်။ အိမ်သားများကိုပင် ဖွင့်ဟပြောဆိုလိုခြင်းမရှိ။ အထူးသဖြင့် ဆရာဝန်နှင့်တွေ့သည့်အခါ အမှန်ကိုပြောရန် နှုတ်ပိတ်ထားတတ်ကြသည်။

ဒေစီ၏ ဖခင်အေဘယ်လ်မှာသည်လိုယောက်ျားမျိုးဖြစ်ဟန်တူသည်။ မကြာခဏစိတ်ကျရောဂါဖြစ်တတ်သော်လည်း မယ်မယ်ရရ ကုသမှုမခံဘဲရောဂါကို လျှစ်လျူရှုထားပုံရသည်။

ဒေစီပြောပြသည့် ဖြစ်စဉ်များကို ကောက်ချက်ချပြီးကြည့်လျှင် အေဘယ်လ်သည် စိတ်ကျရောဂါသာမက အခြားရောဂါတစ်မျိုးကိုလည်း ခံစားရသလိုဖြစ်နေသည်။

# ဒေါက်တာဘုန်းကျော်

အောဘယ်လ်မသေဆုံးမီက သူတို့၏မိသားစုကလေးမှာ အပြင်ပန်းကကြည့်လျှင် သာယာစိုပြေသလိုရှိသည်။ သို့သော် ထင်သလိုမဟုတ်ပါ။ ဒေစီ၏မိခင်မှာ လူအေးဖြစ်သည်။ စိတ်ထားပျော့သည်။ အောဘယ်လ်သည်လည်း လူကောင်းတစ်ယောက်ပါ။ သို့သော် သူစိတ်မမှန်ပါ။ ဒေစီ့ပြောစကားအရဆိုလျှင် အောဘယ်လ်သည် စိတ်ကျရောဂါစိတ်ကြွဝေဒနာ ခံစားနေရသူဖြစ်သည်။ အောဘယ်လ်သည် အစဉ်အမြဲ နေထိုင်မကောင်း ဖြစ်နေသူမဟုတ်ပါ။ တစ်နှစ်အတွင်း နှစ်လသုံးလလောက် စိတ်ကျဝေဒနာ ပေါ်လာတတ်သည်။ စိတ်ကျဝေဒနာသက်သာပျောက်ကျင်းလာသောအခါ တစ်ပတ်နှစ်ပတ်အတွင်း စိတ်ကြွဝေဒနာဘက် ပြောင်းလာတတ်သည်။

စိတ်ကျရောဂါ ပေါ်လာသည့်အချိန်တွင် အောဘယ်လ်သည် အလုပ်အကိုင်လုပ်ချင်စိတ်မရှိ ဖြစ်လာသည်။ ငူတူတူမှုန်ကုပ်ကုပ် ဖြစ်လာသည်။ အရက်သောက်လေ့သောက်ထမရှိသူက အရက်ကို အလွန်အမင်းသောက်လာသည်။ အကြောင်းမဲ့ စိတ်တိုနေသည်။ အစားအသောက်ပျက် အအိပ်အနေပျက် ဖြစ်လာသည်။ သို့သော် အောဘယ်လ်သည် သူ့အဖြစ်ကို သူလက်မခံ။ ပေပြီးခံသည်။ ကံကောင်းသည်က အောဘယ်လ် ခံစားရသည့် စိတ်ကျရောဂါမှာ အကြောင်းမဲ့ပေါ်ပေါက်လာပြီး ၃-၄လကြာသောအခါ အလိုအလျောက် သက်သာပျောက်ကင်းသွားတတ်သည်။ ကံမကောင်းသည်မှာ သူခံစားနေရသည့် စိတ်ကျစိတ်ကြွ (ဘိုင်ပိုလာ)

ရောဂါ၏သဘော ဖြစ်၏။ စိတ်ရောဂါပျောက်ကင်းသွားပြီး မကြာမီ စိတ်ကြွရောဂါ လက္ခဏာတွေပိုလာသည်။ စိတ်ကြွရောဂါပေါ် ပေါက်လာသောအခါ အေဘယ်လ်၏ အမူအရာတွေက လုံးဝ ပြောင်းလဲသွားသည်။ "လူအေး"ကနေ "လူပူလူဆူ"ဖြစ်လာသည်။ စကာပြောသွက်လာပြီး "ငါ့စကားနွားရ"ဆိုသလို အငြင်းသန်လာ သည်။ အကြောင်းမဲ့ငြင်းခုံပြီး စကားနိုင်လုမည်။ သူ့စကားကို နားမထောင်လျှင် ဒေါသထွက်လွယ်သည်။ တစ်ခါတစ်ရံ လက်ပါပါ လာတတ်သည်။ စိတ်ကြွရောဂါထလာချိန်တွင် အေဘယ်လ်သည် ဒေစီ့ကိုပင် ရိုက်မောင်းပုတ်မောင်း လုပ်လာသည်။ ပုံမှန်အားဖြင့် အေဘယ်လ်သည် သူ့သမီးဒေစီကို အလွန်ချစ်သည်။ ရိုက်နှက်ဖို့ မပြောနှင့် လက်ဖျားနှင့်တောင် မတို့ရက်သူဖြစ်၏။ ရောဂါထလာ လျှင်တော့ သွေးထွက်သံယိုဖြစ်သည်အထိ မညှာမတာရိုက်မိမည်။ ဤအချိန်ကာလမျိုးတွင် ဒေစီတို့မိသားစုအတွင်း၌ လေမုန်တိုင်းကျ သလောက်ဖြစ်တော့၏။ ဒေစီ၏မိခင်ဗစ်ကီသည် ပတ်ဝန်း ကျင်က မသိရအောင် မရိပ်မိအောင် အုပ်အုပ်ဆောင်းဆောင်းလုပ်သည်။ အတွင်းထရံကို အပြင်မှာမကာမိစေရန် ကြိုးစားသည်။ အေဘယ်လ် ကလည်းပါးသည်။ အပြင်လောကနှင့် ဆက်ဆံသည့်အခါ သူ့ကိုယ် သူထိန်းသည်။

အကြောင်းမသိသူများကတော့ သည်လူ စကားပြောသွက် လက်သည်။ ဖော်ဖော်ရွေရွေရှိလိုက်တာဟု မှတ်ယူကြမည်။ စိတ်ကြွ

ရောဂါခံစားရသူတွေ၏စိတ်ထဲတွင် အကြောင်းမဲ့ ဘဝင်မြင့်နေတတ်သည်။ ငွေရေးကြေးရေးနှင့် ပတ်သက်လျှင်ရက်ရောသည်၊ လက်ဖွာသည်၊ အသုံးလွယ်သည်။ သည်တော့ လူတကာခင်မင်ရင်းနှီးဖွယ်ရာဖြစ်နေသည်။ အသိမိတ်ဆွေ လုပ်ဖော်ကိုင် ဘက်များနှင့်တွေ့လျှင် ငြင်းခုံတာတွေ ဒေါသတကြီးပြောဆိုတာတွေမလုပ်။ သည်တော့ ပတ်ဝန်းကျင်က အေဘာယ်လ်ကို အကဲခတ်ဖို့ခက်သည်။

စိတ်ကြွရောဂါ ဖြစ်လာသောအချိန်တွင်လည်း အေဘာယ်လ်သည် မယ်မယ်ရရ ဆေးကုသခြင်းကိုမခံရ။ စိတ်ကြွနေသူဖြစ်သည်နှင့်အညီ သူ့စိတ်ထဲတွင် အကြောင်းမဲ့ပျော်ရွှင်ကျေနပ်နေသည်။ "ငါဘာဖြစ်လို့လဲ။ ဘာကြောင့် ဆေးကုသရမှာလဲ" ဆိုသည့်သဘောပင်။

အမှန်မှာ ယခုခေတ်တွင် စိတ်ကျစိတ်ကြွရောဂါကို ကာကွယ်နိုင်သည့် အစွမ်းထက်သည့်ဆေးများ ပေါ်ပေါက်နေပါပြီ။ စိတ်ကျ စိတ်ကြွရောဂါ၏ စိတ်အတက်အကျမှာ ရေလှိုင်းနှင့်တူသည်။ ခေတ်မီဆေးများက သည်ရေလှိုင်းတွေ သေးငယ်သွားအောင် ငြိမ်သက်သွားအောင် ထိန်းပေးနိုင်သည်။ လှိုင်းကြီးကနေ လှိုင်းကလေးအဖြစ် ရောဂါအရှိန်ကို လျော့ပါးသွားစေသည်။ သို့သော် အေဘာယ်လ်သည် သည်လိုဆေးတွေကို စိတ်မဝင်စားပါ။ ထို့ကြောင့် ငယ်စဉ်ဘဝက ဒေစီသည် ဖခင်၏စိတ်ရောဂါမုန်တိုင်းဒဏ်ကို အကြိမ်ကြိမ်ခံစားခဲ့ရသည်။ မုန်တိုင်းသည် မကြာမီ

ငြိမ်သက်သွားစမြဲ ဖြစ်သည်။ သို့သော် မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်း၊ လှေသင်္ဘော၊ သစ်ပင်ဝါးပင်တို့ ပြိုကွဲပျက်စီးရသလို၊ ဖခင်၏စိတ်မုန်တိုင်းဒဏ်ကြောင့် ဒေစီ၏စိတ်ထဲတွင် ဒဏ်ရာဒဏ်ချက်တွေကျန်ခဲ့သည်။ ခြေတွေလက်တွေပေါ်တွင် ရရှိသည့် ဒဏ်ရာက အသားနုတက်လွယ်သည်။ အချိန်ကြာလျှင် အမာရွတ်ပင်ပျောက်သွားနိုင်သည်။ စိတ်ထဲတွင်ရရှိခဲ့သည့် ဒဏ်ရာကတော့ ပျောက်ဖို့ခက်သည်။ အသိစိတ်တွင် အစဉ်အမြဲ သိရှိခံစားနေရခြင်း မရှိသော်လည်း၊ မသိစိတ်တစ်နေရာတွင်ငုပ်လျှိုးနေသည့် ပြည်တည်နာလိုဖြစ်နေမည်။ အကင်းမသေသေး၊ မပေါက်ကွဲသေးသည့် မိုးတောင်လိုအတွင်းမှာလှိုက်ပြီး စားနေတတ်သည်။ သည်လိုစိတ်ခံစားမှု ဒဏ်ရာဒဏ်ချက်တွေ၏ အရှိန်သည် ဒေစီခံစားနေရသည့် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းကို ဖြစ်စေသည့် အကြောင်းရင်းတစ်ချက်ဟု ဆိုနိုင်သည်။

အေဘာယ်လ်သေဆုံးရပုံအဖြစ်အပျက်ကို ဒေစီသိရှိနားလည်လာသောအခါ အနာပေါ်တုတ်ကျသလို ခံစားရပြန်သည်။ အေဘာယ်လ်သည် မတော်တဆကားတိုက်မှုကြောင့် သေဆုံးရခြင်းမဟုတ်။ ထိုနေ့က သူတစ်ဦးတည်း ကားကိုအရှိန်ပြင်းပြင်းမောင်းပြီး သစ်ပင်ကိုဝင်တိုက်ခြင်းဖြစ်သည်။ ကားတွေရှင်းနေသည့်မြို့အပြင်ဘက် ကားလမ်းပေါ်တွင် ဖြစ်ရသည့်ကိစ္စ။ သူသည် မြို့အပြင်ကို သွားစရာအလုပ်ကိစ္စလည်းမရှိ။ သူသွားနေကျ လမ်း

ယည်းမတုတ်။ သည်လမ်းပေါ်မှာ ညအချိန်၊ ဘာကိစ္စမှမရှိပဲ အေဘယ်လ် ဘာလုပ်တာလဲဟု မေးစရာဖြစ်လာသည်။ ရှင်းရှင်း ပြောရလျှင် မိမိကိုယ်ကို သေကြောင်းကြံခြင်းလားဟု မေးဖွယ်ရာ ရှိသည်။

မိခင်ဇစ်ကီနှင့် ဒေစီတို့ချစ်ခင်အားကိုးနေရသည့် တောင် ကြီးတော့ပြိုကျသွားပြီ။ ဇစ်ကီနှင့်ဒေစီတို့စိတ်ထဲတွင်လည်း ယူကျုံး မရ ဖြစ်ကျန်ခဲ့သည်။ ဝမ်းနည်းကြေကွဲခြင်းအပြည့်နှင့် ဖြေသိမ့်မရ အောင်ဖြစ်ခဲ့ကြသည်။ စီးပွားရေးကိစ္စအတွက်လည်း စိုးရိမ်သောက ဖြစ်လာကြရသည်။ ကားပြင် အလုပ်ရုံကို မည်သူဦးဆောင်ပြီး ဆက်လက်လုပ်ကိုင်နိုင်မည်နည်း။

## "ယူကာလစ်ပင်တွေအောက်မှာ"

ဒေစီသည် စိတ်ပါလက်ပါ သူမ၏ငယ်စဉ်ဘဝဖြစ်စဉ်ကိုပြောပြီး မောပန်းလာပုံရသည်။ ဝမ်းနည်းကြေကွဲဖွယ်ရာတွေကို ပြန်ပြောနေရသဖြင့်လည်း စိတ်ထဲတွင် တင်းကြပ်လာပုံရသည်။

ဒေစီသည် ပြူန်းကနဲထိုင်ရာမှထလိုက်ပြီး "ကျန်မဆေးလိပ်သောက်ချင်တယ်" "ပန်းခြံထဲကို ပြန်သွားချင်တယ်" ဟု တောင်းဆိုသည်။

ဒေစီ၏စိတ်အခြေခံမှာ အပြောင်းအလဲမြန်တတ်ကြောင်း စာရေးသူ တို့ သတိထားမိသည်။ ထို့အပြင်ယခုအချိန်တွင် ဒေစီကို

**ဆန့်ကျင်ဘက်** မလုပ်ချင်။ ရောဂါအခြေအနေနှင့် သူမဘဝနောက်ကြောင်းကို နားလည်သဘောပေါက်အောင် စစ်ဆေးနေသည့်အချိန်တွင် သူမဘက်က ပူးပေါင်းကူညီမှုရယူဖို့လည်းလိုသည်။ ထို့ကြောင့် စင်သီယာနှင့် စာရေးသူတို့က ဒေစီ၏ တောင်းဆိုချက်ကို သဘောတူလိုက်လျောရသည်။ ထို့အပြင် ဒေစီသည် ဆေးလိပ်စွဲနေသူဖြစ်သည်။ သူဆေးလိပ်သောက်ချင်စိတ်ပေါ်လာပြီး မသောက်ရလျှင် စိတ်တိုလာမည်ကိုလည်း စိုးရိမ်မိခြင်းကြောင့်ဖြစ်၏။

စကားစပ်၍ပြောလိုပါသည်။ ဤနိုင်ငံတွင် ပြည်သူလူထုစုဝေးသည့်နေရာ အဆောက်အအုံများအတွင်း၌ ဆေးလိပ်သောက်ခွင့်မရှိပါ။ ရုပ်ရှင်ရုံအတွင်းမှာ ဆေးလိပ်မသောက်ရ။ ရှော့ပင်းပလာဇာ၊ ကုန်တိုက်ကြီးများ အတွင်းမှာဆေးလိပ်မသောက်ရ။ စားသောက်ဆိုင်၊ လွှက်ရည်ဆိုင်၊ အရက်ဆိုင်များ အတွင်းတွင်လည်း ဆေးလိပ်မသောက်ရ။ ထိုဆိုင်များတွင် ဆေးလိပ် သောက်လိုသူများအတွက် လေဟာပြင်တွင် သီးသန့်ပေးထားသည့် နေရာများရှိသည်။ ရုံးခန်းနှင့် အလုပ်ခွင်အဆောက်အအုံအတွင်း၌လည်း ဆေးလိပ်မသောက်ရ။ ခရီးသည်တင်ကား၊ ရထားနှင့် လေယာဉ်များပေါ်တွင်လည်း ဆေးလိပ်မသောက်ရ။ ဆေးရုံဆေးခန်းများတွင်လည်း ဆေးလိပ်သောက်ခွင့်မရှိ။

စိတ်ရောဂါလူနာ ကုသဆောင်တွင်လည်း ဆေးလိပ်သောက်ခွင့်မရှိပါ။ စိတ်ရောဂါကုသဆောင်မှ လူနာနှင့်တာဝန်ရှိ အလုပ်

သမားများသည် ရောဂါကုသဆောင်နှင့်ဆက်နေသည့် ပန်းခြံအတွင်း၌ ဆေးလိပ်သောက်နိုင်သည်။

ထို့ကြောင့် ဒေစီဆေးလိပ်သောက်ရန် ဆန္ဒပြင်းပြနေလျှင် ပန်းခြံ အတွင်းမှာပဲ ဆေးလိပ်သောက်နိုင်သည်။ သူမဆေးလိပ်သောက်နေစဉ် စာရေးသူတို့က ဆက်လက်စစ်ဆေးနိုင်သည်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သဘောပါ။

စာရေးသူ မြန်မာနိုင်ငံတွင်နေစဉ်က အစာစားပြီးတိုင်း စီးကရက် ကလေးတစ်လိပ်တော့ သောက်လေ့ရှိသည်။ မလေးရှားနိုင်ငံသို့ ရောက်လာသောအခါ ဆေးလိပ်မျိုးစုံကို ဖောဖောသီသီဝယ်လို့ရသဖြင့် ဆေးလိပ်သောက်တာများလာသည်။ ကြာလာတော့ နှာစေးတာတို့၊ ချောင်းဆိုးတာတို့ သွားဖုံးနာတာတို့ မကြာခဏခံစားလာရသည်။ သည်တော့ ဆေးလိပ်ဖြတ်လိုက်သည်။ ယခုအချိန်မှာတော့ ဆေးလိပ်ငွေ့ကိုပင် မခံနိုင်ဖြစ်နေပြီ။ ကိုယ့်အနားတွင် ဆေးလိပ်သောက်လျှင် ဆေးလိပ်ငွေ့ဒဏ်ကိုမခံချင်။ တတ်နိုင်သမျှ ရှောင်ပြေးသည်။

ယခု ဆေးလိပ်ဒဏ်ခံရဖို့ အခြေအနေပေးလာသည်။ ဒေစီဆေးလိပ်သောက်ရင်း သူမအကြောင်းပြောတာတွေကို ထိုင်ပြီးနားထောင်ရတော့မည်။ စစ်ဆေးရမည့် တာဝန်ရှိသည်။ ရှောင်ပြေး၍မရ။ သည်တော့ ကုလားထိုင်တွေမှာ နေရာယူသည့်အခါ လေအောက်ကမထိုင်မိဖို့ သတိထားရသည်။

နေရာတကျ ထိုင်မိပြီးသည်နှင့် ဒေစီသည် စီးကရက်တစ်လိပ်ကိုမီးညှိပြီး အကြိမ်များစွာ ဖွာထုတ်လိုက်သည်။ ဆေးလိပ်ငွေ့တွေကအလုံးအရင်းနှင့် ပန်းပင်တွေကြား အလုအယက် ဖြတ်သန်းသွားသည်။

ဒေစီ၏မျက်နှာရှေ့မှ ဖြတ်သွားသည့် ဆေးလိပ်ငွေ့များကိုကြည့်ရင်း စင်သီယာက စကားစသည်။

"ဒေစီ့ရဲ့အဖေ အေဘယ်လ်ဆုံးသွားတော့ ဒေစီ့ရဲ့အမေနဲ့ ဒေစီတို့ ဘယ်လိုနေထိုင်ကြသလဲ။"

သူမ လုပ်ချင်တာကို စာရေးသူတို့က လိုက်လျောလို့လား၊ စီးကရက် အရှိန်ကြောင့်လားမသိ၊ ဒေစီသည် ပိုမိုဖော်ရွေလာသည်။ မျက်နှာက မတင်းတော့ပါ။

ထို့နောက် ညင်ညင်သာသာ တိုက်ခတ်နေသည့် လေပြေလေညင်းကို တစ်ဝကြီးရှူလိုက်ပြီး သူမဘဝဇာတ်လမ်းကို ဆက်ပြောသည်။ ယူကလစ်ပင်အောက်တွင် ကြားခဲ့ရသည့် ဒေစီ၏အဖြစ်အပျက်။

!

## "တံလျှပ်ကို ရေထင်၍"

"ကျွန်မအသက် (၈) နှစ်မှာ အဖေဆုံးသွားတယ်။ အဖေမရှိတော့ အဖေ့ရဲ့ စီးပွားရေးလုပ်ငန်းကို အမေတစ်ယောက်တည်း မနိုင်ဘူး။ လက်တွေ့စက်ပြင်တဲ့အလုပ်ကို အမေမလုပ်နိုင်ဘူး။ အမေက စက်ပြင်ဆရာမဟုတ်ဘူး။ စီးပွားရေးလုပ်ငန်းကို ခန့်ခွဲတတ်တယ်။ စာရင်းအင်းတွေကို ကိုင်တွယ်တတ်တယ်။ ရှေ့ပိုင်းမှာ လုပ်နိုင်တဲ့ စက်ပြင်ဆရာလိုလာတယ်။ အဲဒါနဲ့ ကျွန်မရဲ့ပထွေးတို့နဲ့ ဆက်သွယ်မိတယ်ဆိုပါတော့။"

"သူက ဒေစီတို့မိသားစုနဲ့ သိကျွမ်းတဲ့ မိတ်ဆွေလား။"

စင်သီယာကမေးခြင်းဖြစ်၏။

"အလွန်ကြီး ခင်မင်ရင်းနှီးတာတော့မဟုတ်ဘူး။ သူက လည်း စက်ပြင်ဆရာဆိုတော့ အဖေနဲ့ လုပ်ငန်းသဘောအရ သိနေတယ်။ စက်ရုံကို မကြာမကြာရောက်လာတတ်ပြီး အမေနဲ့လည်း သိကျွမ်းလာတာပါ။

အဖေဆုံးပြီးကတည်းက တိုနီအိမ်ကို မကြာခဏလာပြီး လည်ပတ်တယ်။ တစ်ခါတစ်ရံ ညစာစားပြီးမှပြန်တယ်။ အမေ့ကို ကြည့်ရတာ သူ့ကိုစိတ်ဝင်စားပုံရတယ်။ တစ်နေ့မှာတော့ အမေက သူမအစီအစဉ်ကို ပြောလာတယ်။ တိုနီနဲ့ စီးပွားရေးကို ဖက်စပ် လုပ်မယ်လို့ဆိုတယ်။ တိုနီက အဖေ့ရဲ့ နေရာကိုယူပြီးစက်ပြင် ဆရာလုပ်မယ်။ အမေက စာရင်းအင်းတွေကို ကိုင်မယ်ပေါ့။"

"စီးပွားရေးသဘောနဲ့ပြောရရင် ကောင်းသားပဲ။ ကားပြင် စက်ရုံလုပ်ငန်းကို ပိုနေမြဲကျားနေမြဲ ဖြစ်စေတာပေါ့။"

စင်သီယာကဝင်ပြီး ထောက်ခံပြောဆိုလိုက်၏။ သည်တော့ ဒေစီသည် စင်သီယာ့ကို မှတ်ချက်ချတာ စောလှချည်လားဆိုသည့် အကြည့်မျိုးဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။ နောက်ပြီး အသံတုန်တုန်ယင်ယင်ဖြင့် သူမ သဘောကိုပြောသည်။

"တိုနီ ကျွန်မတို့အိမ်မှာ လာနေဖို့လည်း အမေက သဘော တူလိုက်တယ်။ မိတ်ဆွေလို အိမ်ငှားလိုမဟုတ်ဘူး။ အမေ့ရဲ့ချစ်သူ

'ဒီဖက်တို'အနေနဲ့ ပြောင်းလာမှာဖြစ်တယ်။"

"ဒေစီ သဘောမတူဘူးလား"

"ကျွန်မ ဘာတတ်နိုင်မှာလဲ။ ကျွန်မအသက်က ၈ နှစ်ကျော်သာ ရှိသေးတယ်။ ဘာပြောခွင့်ရှိမလဲ။ စိတ်ထဲမှာတော့မကောင်းဘူး။ အဖေ့ကိုလွမ်းတုန်းပဲ ရှိသေးတယ်။"

"ဒေစီ့အမေက သူ့အကြောင်းကိုသိမှာပေါ့။ အားကိုးစရာလိုနေတဲ့ အချိန်မှာ အဘက်ဘက်က အဆင်ပြေဖို့ စီစဉ်တာဖြစ်မယ်ထင်တယ်။"

"အဲဒါတော့ ကျွန်မမသိဘူး။ နောက်ပိုင်းမှာ တိုနီရဲ့အကြောင်းကို သိလာရတယ်။ သူ့နောက်ကြောင်းတွေက ကြည်ညိုစရာမကောင်းပါဘူး။ သူက လူပျိုမဟုတ်ပါဘူး။ အိမ်ထောင်ပျက်။ ပထမဇနီးကို ကြမ်းကြမ်းတမ်းတမ်းရိုက်နှက်တဲ့ အကျင့်ရှိတယ်လို့ နောက်မှသိရတယ်။ ကြာလာတော့ အဲဒီမိန်းမကလည်း သူ့ဒဏ်မခံနိုင်လို့ လင်မယားကွဲသွားတယ်။"

"ဒေစီတို့နဲ့လာပြီး အတူနေတော့ တိုနီ့အခြေအနေက ဘယ်လိုလဲ။"

"တကယ်တော့ အမေ့ကို သူ့နောက်ကြောင်းတွေအားလုံး ပြောမပြဘူး။ သူအရက်စွဲတာကိုလည်း လူမသိအောင် ဖုံးထားတယ်။ အမေအထင်လွဲတာပါ။ သူ့စကားကိုယုံပြီး ပုံအပ်မိတာပါ"

"ကျွန်မတို့နဲ့ အတူနေပြီး မကြာပါဘူး။ သူ့ဇာတိအကျင့်

ဆိုးတွေပေါ်လာတယ်”

“ဘာတွေလဲ ဒေစီ”

“အလုပ်ပြီးတိုင်း ညနေတိုင်း အရက်သောက်တယ်။ အလုပ်အားတဲ့နေ့တွေမှာ နေ့လည်ကစပြီး သောက်တယ်။ တစ်ညနေလုံးထိုင်ပြီး ဝိုင်အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်တယ်။ အရက်မူးလာတာနဲ့ သွေးဆိုးတော့တာပါပဲ။ အမေ့ကို အပြစ်ရှာပြီး ရန်လုပ်တယ်။ သူ့ကို ပြန်ပြောရင် သူခိုင်းတာ ချက်ချင်းမလုပ်ရင်တွေ့က ရာပစ္စည်းနဲ့ လှမ်းပေါက်တယ်။ တစ်ခါတစ်လေ အမေ့ကို တံခါးနဲ့နံရံကြားမှာညှပ်ပြီး လည်ပင်းညှစ်တယ်။ ဒါမှအားမရသေးရင် မျက်နှာကို လက်သီးနဲ့ထိုးတယ်။ အမေ့ရဲ့မျက်လုံးမှာ မကြာခဏ အမဲကွင်းတွေကိုတွေ့ရတယ်။”

ဒေစီသည် မျက်လုံးမှ တစိမ့်စိမ့်ကျလာသော မျက်ရည်စများကို လက်ကိုင်ပုဝါနှင့် အသာအယာသုတ်လိုက်သည်။ လက်ထဲမှ စီးကရက်တိုကို ပြာခွက်တွင် ထိုးခြေလိုက်ပြီး စားပွဲပေါ်တွင်ချထားသည့် စီးကရက်ဘူးတွင်းမှ စီးကရက်တစ်လိပ်ကိုထုတ်ပြီး မီးညှိလိုက်သည်။ သူမက ဘာမှဆက်ပြီး မပြောသဖြင့် စင်သီယာက လိုရင်းအချက်တစ်ခုထောက်ပြပြီးမေးသည်။

“ဒီလောက်တောင် နှိပ်စက်နေတာကို ဒေစီ့ရဲ့အမေက ဘာကြောင့် သည်းခံနေတာလဲ။ အိမ်က မောင်းထုတ်လိုက်ရင်ပြီးတာပဲ” ဟု

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

စင်သီယာက ကြားထဲမှ နာကျည်းလာသလို ဝေဖန်သည်။ ဒေစီ့က အဖြေမပေး။ ခြံစည်းရိုးမှ နွယ်ပန်းပင်များကို ငေးကြည့်ပြီး တွေဝေနေ၏။ ဒေစီအဖြေရခက်နေသည်ကို အပြစ်ဆိုဖွယ်ရာမရှိပါ။ မိသားစုအတွင်း နှိပ်စက်ညှဉ်းပန်းခြင်းနှင့်ပတ်သက်၍ သုတေသနပြုလေ့လာမှုများရှိပါသည်။ နှိပ်စက်ညှဉ်းဆဲတတ်သည့် အကျင့်ရှိသူသည် ခွေးမြီးကောက်ကျည်တောက်စွပ်သလိုရှိသည်။ အကျင့်ဆိုးကိုပြင်ရန်ခက်သည်။ အညှဉ်းဆဲခံရသူကလည်း သည်လိုဘဝမျိုးနှင့် ထပ်ပြန်တလဲလဲကြုံရသည်ကို အမှတ်မထားတတ်၊ ဆင်ကန်းတောတိုးလို ဖြစ်နေတတ်သည်။ အတူမနေရမီ ဖျာလိုလိပ်ပြီး ထိပ်ပေါ်တင်ပါမည်ဟု ညှဉ်းဆဲတတ်သူကပြောလျှင် အညှဉ်းဆဲခံရသူကယုံကြည်သည်။ အတူနေပြီးသည့်အခါ ညှဉ်းဆဲတတ်သူက ဖျာလိုခင်းပြီး နင်းချေသော်လည်း အညှဉ်းဆဲခံရသူက ဖျာလိုပြားပြီး လည်စင်းခံတတ်သည်။

သည်လိုစိတ်ဘောထားမျိုးကို စိတ်ပညာရှင်များပင် နားလည်ရန် ခက်နေသေးသည်။ ထို့ကြောင့် စင်သီယာ့အမေးကို မဖြေနိုင်ဘဲ ဒေစီ ငိုင်တွေတွေဖြစ်သွားသည်ကို အဆိုးမဆိုသာပါ။

## "ဟိုဘက်အိမ်က တအုန်းအုန်း တဒုန်းဒုန်း"

ဒေစီ၏မိခင်ဗစ်ကီမှာ မိသားစုအတွင်း အနှိပ်စက်အညှဉ်း ဆဲခံရသူဟုဆိုနိုင်သည်။ အိမ်ထောင်စုအတွင်း နှိပ်စက်ညှဉ်းပန်း မှုနှုန်းကို ဩစတေးလျနိုင်ငံမှာ စာရင်းကောက်ထားပါသည်။ အသက်၁၈နှစ်နှင့်အထက် အမျိုးသမီး ၂၃ရာခိုင်နှုန်းသည် မိမိတို့ နှင့်အတူနေသည့် ယောကျ်ား၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသည် ဟုဆိုသည်။ အမျိုးသမီး၄၂ရာခိုင်နှုန်းသည် မိမိနှင့်အတူနေခဲ့သော ယောကျ်ားတစ်ဦးဦးက ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံရသည်ဟုလည်း သိရ၏။

အိမ်ထောင်အတွင်း နှိပ်စက်ညှင်းပန်းသည့် နည်းအမျိုးမျိုး ရှိသည်ကိုတွေ့ရသည်။ ပထမနည်းကတော့ တစ်ဖက်သားစိတ်ကျ အောင် စိတ်ထိခိုက်အောင် လုပ်သည့်နည်းဖြစ်သည်။ အိမ်ထောင် ဘက်ကို အကြောင်းရှာပြီး အပြစ်ပြောမည်။ ကြောက်စိတ်ဝင်လာ အောင် နည်းအမျိုးမျိုးနှင့် ခြိမ်းခြောက်မည်။ အခြားသူများနှင့် ယှဉ်ပြီး နှိမ်ပြောမည်။

နောက်တစ်နည်းကတော့ ငွေရေးကြေးရေးနှင့်ပတ်သက် ပြီး ချုပ်ချယ်ထားခြင်းဖြစ်သည်။ မည်သည့်ကိစ္စတွင်ဖြစ်ဖြစ် ငွေရေး ကြေးရေးနှင့်ပတ်သက်လာလျှင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မပြုဘဲ အိမ်ထောင်ဘက်ကို လက်ဝါးကြီးအုပ်ထားခြင်းသည်။

တတိယအနိုင်ကျင့်နည်းမှာ အနိုင်ကျင့်ခံရသူကို ဆွေမျိုး မိတ်ဆွေများနှင့် အဆက်ပြတ်စေရန် ဖန်တီးခြင်းဖြစ်သည်။ အိမ်မှာ ပင် အိမ်ကုပ်လိုနေရအောင် ချုပ်ချယ်ထားခြင်းမျိုးဖြစ်သည်။

လူမှုရေးအပြင် ဘာသာရေးနှင့်ပတ်သက်ပြီး ချုပ်ချယ် အနိုင်ကျင့်သည်လည်းရှိသည်။ ဘာသာရေးနှင့်ပတ်သက်ပြီး ခြိမ်း ခြောက်အနိုင်ယူခြင်း၊ အိမ်ထောင်ဘက်၏ ဘာသာရေးယုံကြည် ချက်အတိုင်း ဆည်းကပ်ကိုးကွယ်ခွင့်မပြုခြင်းမျိုး ဖြစ်သည်။

အဆိုးဆုံး နှိပ်စက်ညှဉ်းပန်းခြင်းကတော့ တစ်ဖက်သားကို ကိုယ်ထိလက်ရောက် အနာတရဖြစ်အောင် ရိုက်နှက်ခြင်းဖြစ်သည်။

ထို့ထက် ပိုပြီးဆိုးရွားသည်မှာ လိင်ကိစ္စနှင့်ပတ်သက်၍ အကြမ်းဖက်ရယူခြင်း ဖြစ်သည်။

ဒေစီ၏မိခင်ဗစ်ကီသည် သူမ၏ဒီဖက်တို တိုနီ၏လက်အောက်တွင်နည်းမျိုးစုံဖြင့် အညှဉ်းဆဲအနှိပ်စက် ခံနေရသူဖြစ်သည်။

သူနာပြုဆရာမ စင်သီယာက "ဒေစီ့ရဲ့အမေဟာ ဒီလောက်တောင် အနိုင်ကျင့်အနှိပ်စက်ခံနေရတာ ဘာမှမလုပ်ဘဲ ငုံ့ခံနေသလား"လို့မေးသည့်အခါ ဒေစီဘာမှပြန်မဖြေခဲ့ပါ။

အနိုင်ကျင့်ခံရသည့် အမျိုးသမီးတစ်ရာတွင် ၄၂ ဦးသည် ဗစ်ကီကဲ့သို့ ဘာမှမပြောဘဲ ကြိတ်မှိတ်ပြီး ဒဏ်ခံတတ်ကြသည်ဟု သုတေသီများကပြောသည်။ ၅၈ ရာခိုင်နှုန်းသည် နီးစပ်ရာဆွေမျိုးများကို ပြောပြသည်။ ရင်ဖွင့်ဆွေးနွေးတတ်သည်ဟုသိရ၏။ ၅ ရာခိုင်နှုန်းလောက်သာ မိသားစုအကြမ်းဖက်မှု ကူညီရေးဌာနကို တရားဝင်တိုင်တန်းကြောင်းတွေ့ရသည်။

ဩစတြေးလျနိုင်ငံတွင် အိမ်ထောင်အတွင်း အကြမ်းဖက်မှုကို တားဆီးသည့် ဥပဒေတစ်ခုရှိသည်။ ယောကျ်ားကဖြစ်စေ၊ မိန်းမကဖြစ်စေ မိမိအိမ်ထောင်ဘက်ကို ကိုယ်ထိလက်ရောက် အကြိမ်ကြိမ်ရိုက်နှက်အနိုင် ကျင့်နေလျှင် သက်ဆိုင်ရာဌာနကို တိုင်တန်းလို့ရသည်။ ၎င်းဌာနနှင့် ကာယကံရှင်က တရားရုံးတွင် အိမ်ထောင်အတွင်းဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများကို တင်ပြပြီး တားမြစ်သည့်အမိန့်ချမှတ်ပေးရန် လျှောက်ထားနိုင်သည်။

တရားသူကြီးက ယောကျ်ားကိုဖြစ်ဖြစ်၊ မိန်းမကိုဖြစ်ဖြစ်၊ အကြမ်းဖက်ရိုက်နှက်ခြင်းမပြုရန် တားဆီးသည့်အမိန့်ကို ချမှတ်နိုင်သည်။

တရားသူကြီး၏ အမိန့်ရှိသော်လည်း ထိုစုံတွဲသည် အတူတကွ ဆက်လက်နေထိုင်နိုင်သည်။ အခြေပျက်ဖွယ်ရာမလိုပါ။ ဤလိုအမိန့်ချမှတ်ခြင်းမှာ လင်မယားကွဲအောင် စီစဉ်ခြင်းမဟုတ်ပေ။ တစ်ဦးနှင့်တစ်ဦး ခြေလွန်လက်လွန်မဖြစ်စေရန် ကာကွယ်ခြင်းဖြစ်သည်။

ဒေစီ၏မိခင်သည် ယခုလိုဥပဒေမျိုးရှိနေသည်ကို မသိနားမလည်ခြင်း ဖြစ်နိုင်သည်။ သို့မဟုတ် တိုနီကိုမပြတ်နိုင်သောကြောင့် ရုံးကန္တားကိစ္စတွေနှင့် မရှုပ်ထွေးချင်လို့လည်းဖြစ်နိုင်သည်။

မိသားစုအတွင်း အကြမ်းဖက်မှုနှင့်ပတ်သက်သည့် ပညာပေးစာအုပ်တွေ၊စာပေလွှာတွေ၊ရေဒီယိုမှာဆွေးနွေးပွဲတွေ၊ ရုပ်မြင်သံကြားတီဗွီမှာ ကြော်ငြာတွေ၊ ပညာပေးဇာတ်လမ်းတွေစသည်တို့မှာ ဤနိုင်ငံတွင် မှိုလိုပေါက်နေသည်။ ဒေစီ၏မိခင်ဇစ်ကီသည် အသိခေါက်ခက်အဝင်နက်ခြင်းဖြစ်ပါလိမ့်မည်။ သိလျှက်နှင့် ဘာမှအရေးမယူပဲ ပေပြီးဒဏ်ခံနေခြင်းဖြစ်သည်။

ဤလိုစိတ်ထားမျိုးကို စိတ်ပညာရှင်များက လေ့လာသုံးသပ်ပြီး အဖြေရှာပါသည်။ သူတို့ပြောသည်ကတော့ အကြမ်းဖက်အနိုပ်စက်ခံရသူများ တွင် ဒွိဟစိတ်ဖြစ်ပေါ်နေသည်ဟုဆိုသည်။ အကြမ်းဖက်သူအပေါ် ကြောက်စိတ်မုန်းစိတ်တွေရှိနေသလို

သံယောဇဉ်တွေကလည်း ရှိနေတတ်သည်။ အကြောင်းတစ်ခုခု ကိုမှီပြီး မခွာရက်နိုင်ဖြစ်နေသည်ဟုဆိုသည်။ ပစ်ရမှာကလည်း အဆီနဲ့တဝင်းဝင်း စားရမှာကလည်း သဲတရှပ်ရှပ် ဖြစ်နေသည့် သဘောမျိုးဟု ပြောကြသည်။

စာရေးသူ မြန်မာနိုင်ငံတွင်နေထိုင်စဉ်က မကြာခဏကြား ဖူးသည်။ ယောက်ျားက ညနေအိမ်ပြန်ရောက်သည်နှင့် အော်ကြီး ဟစ်ကျယ်လုပ်ပြီး သူ့ဇနီးကို ရိုက်နှက်ညှဉ်းဆဲသည်။ အိမ်တွေက လည်းတစ်အိမ်နဲ့တစ်အိမ် နီးကပ်နေသည့်အတွက် အိမ်နီးချင်း တွေက တအုန်းအုန်း၊ တဒုန်းဒုန်းအသံတွေကို ကြားနေရပါသည်။ နံနက်မိုးလင်းသည့်အခါ ညကဘာမှမဖြစ်သလို ပိုနေမြဲကျားနေမြဲ ဖြစ်သွားသည်။ ယခုလိုဖြစ်သည်မှာ တစ်ခါတရံမဟုတ်။ အကြိမ် ကြိမ် ထပ်ပြန်တလဲလဲဟုဆိုနိုင်ပါသည်။ အိမ်နီးချင်း အိမ်ရှင်မတွေ အချင်းချင်းအတင်းပြောကြသည့်အခါ သည်အကြောင်းတွေပါလာ တတ်သည်။ အပြန်အလှန်ဝေဖန်ကြသည်။ “ဒီမိန်းမ သူ့လင်ကို ဘာကြောင့်များ ဒီလောက်တောင်စွဲနေရတာလဲ” ဟု တချို့က မေး ငေါ့ကြသည်။

စိတ်ပညာရှင်များ လေ့လာတွေ့ရှိချက်တွေက စိတ်ဝင်စား ဖွယ်ရာကောင်းသည်။နှိပ်စက်နေသည့်သံသရာဝဲဂယက်က ပြေးမ ထွက်နိုင်သည့် ဇနီးအိမ်ထောင်ဖက်များသည် မိမိကိုနှိပ်စက်နေ သည့်ယောက်ျား၏ ကောင်းသည့်အကွက်ကလေးများကို မက်မော

တွယ်တာနေသည်ဟုဆိုသည်။ ထိုယောက်ျား၏ အချော့အမော့တွေ ကြင်နာယုယမှုတွေကို ရယူဖို့ မျှော်လင့်ချက်တွေနှင့် ခရီးဆက်နေသည်။ တိမ်မဲတွေကြားက ဖျတ်ကနဲ ဖျတ်ကနဲပေါ်ထွက်လာသည့် ရောင်ချည်တန်းကလေးတွေကို မက်မောပြီး တစ်မိုးလုံး မဲမှောင်နေသည့် တိမ်တွေမရှိသလို လျစ်လျူရှုနိုင်သည့်သဘောမျိုးဖြစ်သည်။ ယောက်ျားဆိုး၏ ကောင်းကွက်ကလေးများကိုသာ ကွက်မြင်ပြီး ဆိုးကွက်တွေကို မမြင်နိုင်၊ မမြင်ရက်ခြင်းဖြစ်၏။

အခြားတစ်ချက်က ရှေ့ရေးကို အကောင်းမြင်ပြီး မျှော်လင့်နေခြင်းဖြစ်သည်။ သူတစ်နေ့မှာ နောင်တရပြီး ပြုပြင်လာမှာပါပဲ၊ ယခုအချိန်မှာသည်းခံပြီးစောင့်ကြည့်လိုက်ဦးမည်ဟု ခံယူထားခြင်းမျိုးဖြစ်သည်။

အချို့အိမ်ထောင်ရှင်များသည် နှိပ်စက်ညှဉ်းဆဲနေသူကိုပင် သနားငဲ့ညှာမှုရှိနေသည်။ "ငါ့ကိုသူအားကိုးနေရတာ။ ငါမရှိရင် သူဒုက္ခရောက်မှာ" ဆိုသည့် အတွေးမျိုးဖြစ်သည်။ သားဆိုးကိုမစွန့်လွှတ်နိုင်သည့် မိခင်၏စိတ်ဓာတ်မျိုး ဝင်စားနေခြင်းဖြစ်၏။

အချို့ဇနီးမယားများသည် မိမိကိုယ်ကိုသာ အပြစ်မြင်နေတတ်သည်ဟုဆိုသည်။

"ငါဆိုးလို့ဖြစ်မှာပေါ့။ ငါ့ကို ရိုက်သင့်လို့ ရိုက်တာဖြစ်မှာပေါ့။ သူငါ့ကို မတရားလုပ်တာမဟုတ်ပါဘူး" စသည့် အတွေးမျိုးဖြစ်၏။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အထက်မှာ ဖော်ပြထားသည့်အချက်အလက်များမှာ စိတ်ပိုင်းဆိုင်ရာ အကြောင်းရင်းများဖြစ်သည်။ လူမှုရေးနှင့် ပတ်သက်သည့် အကြောင်းရင်းများကြောင့် သဲတရှပ်ရှပ်နှင့်ပင် ဝါးမျိုနေရသည့်အဖြစ်များလည်းရှိနိုင်သည်။ ဥပမာအားဖြင့် အနိုင်ကျင့်သူယောက်ျားကို ငွေရေးကြေးရေးနှင့်ပတ်သက်ပြီး လုံးဝအား ကိုးအားထားပြုနေရခြင်း၊ ဘာသာရေးကန့်သတ်ချုပ်တည်းမှုများကို မလွန်ဆန်နိုင်ခြင်းတို့ပါ။

မည်သည့်အကြောင်းရင်းကြောင့်ပင်ဖြစ်ဖြစ် ဒေစီ၏မိခင် ဗစ်ကီသည် သူမ၏ ဒီဖက်တိုယောက်ျားတိုနီကို မခွဲနိုင်မခွာရက်ဖြစ်နေသည်မှာအမှန်ပင်။ သည်တော့ဒေစီလည်း မိခင်နှင့်အတူ တိုနီ၏ ဒဏ်ကိုခံနေရသည်။ ဒေစီ့အဖို့ထွက်လမ်းမရှိ။ အသက် ၈ နှစ်အရွယ် ကလေးဘဝသာ ရှိသေးသည်။ ဆူးခြုံတွေကြားတွင် ပွင့်လာခဲ့ရသည့် ပန်းတစ်ပွင့်လို မလှုပ်သာ၊ မယိမ်းသာ ဖြစ်နေသည်။

## “မပွင့်မီ နွမ်းရသည့်အဖူး”

“ဒီလောက်တောင်နှိပ်စက်နေတာကို ဒေစီ့ရဲ့အမေက ဘာကြောင့်သည်းခံနေတာလဲ” ဟု သူနာပြုစင်သီယာ၏အမေးကို ချက်ချင်းမဖြေနိုင်ပဲ ဒေစီသည် စီးကရက်ကို ဆက်တိုက်ဖွာထုတ်နေ၏။ တစ်ဝက်သာသောက်ရသေးသည့် စီးကရက်တိုကို ပြာခွက်အတွင်းထိုးပြီးခြေလိုက်သည်။ ထို့နောက်မီးငြိမ်းသွားသည့် စီးကရက်တိုကို ပန်းခြံအတွင်းပစ်ပေါက်လိုက်၏။

## ဒေါက်တာဇာနန်းကျော်

စာရေးသူသည် ဒေစီ၏အဖြေကို စောင့်ပြီးနားထောင်နေစဉ် သူမကိုအကဲခတ်မိသည်။ ဒေစီ၏အသက်သည် ၂၀ကျော်ပတ်ဝန်းကျင်ဖြစ်သည်။ ဖြူဆွတ်ဆွတ်မဟုတ်၊ အညိုရောင်သန်းနေသည့်အဖြူမျိုးဖြစ်သည်။ ဩစတြေးလျနိုင်ငံ၏ ရေမြေသဘာဝကြောင့် တဖြည်းဖြည်းအသား အရောင်ပြောင်းလာသည်ဟု ထင်ရသည်။ အင်္ဂလန်နိုင်ငံတွင် တစ်နှစ်အတွင်း ပျမ်းမျှနေပူချိန် နာရီပေါင်း ၁၃၀၀ပတ်ဝန်းကျင်ရှိသည်။ ဩစတြေးလျနိုင်ငံတွင် ဒေသလိုက်ပြီး တစ်နှစ်နေပူချိန် နာရီပေါင်း ၂၂၀၀ မှ ၃၂၀၀ရှိသည်ဟုဆိုသည်။ ဒေစီ၏အဖိုးအဖွားများကစပြီး ဤနိုင်ငံတွင် နေထိုင်လာခြင်းဖြစ်သဖြင့် နေလောင်ပြီးတဖြည်းဖြည်း အသားညိုလာခြင်းဖြစ်မည်။ အရပ်က ၅ပေခွဲလောက်ရှိမည်။ ဤနိုင်ငံရှိ အမျိုးသမီးများ၏ ပျမ်းမျှအရပ်အမောင်းမှာ ၅ပေ ၇လက်မခွဲရှိသည်ဟုသိရ၏။ ဒေစီ၏ဆံပင်အရောင်က ရွှေညိုရောင်ဖြစ်သည်။ ကုပ်ဝဲဆံပင်ကို မြင်းအမြီးလိုနောက်တွင် သိမ်းချည်ထားသည်။ မျက်နှာပုံက အာရှတိုက်သူတွေလိုအဝိုင်းမဟုတ်။ ခပ်ရှည်ရှည် မျက်နှာလုံးမျိုး။ အနီးဆုံးဥပမာပေးရလျှင် ဖရဲသီးပုံသဏ္ဌာန်မျိုးဖြစ်သည်။ မျက်လုံးက အညိုရောင်။ ခြုံပြီးကြည့်လျှင် ရွက်ကြမ်းရေကျို အလှမျိုးတော့ရှိသည်။

စင်သီယာ့အမေးကို အတန်ကြာစဉ်းစားပြီးမှ ဒေစီကဖြေသည်။ "ဘာ အကြောင်းကြောင့်ရယ်လို့တော့ မသိဘူး။ အမေဟာ

တိုနီပြုသမျှကို လည်စင်းခံနေတယ်။"

"အဲဒီတော့ တိုနီဟာ ဒေစီ့ကိုကော ရိုက်နှက်တာပဲလား"

"ကျွန်မအသက် ၁၀နှစ်အထိတော့ သူကျွန်မကို မထိပါဘူး။ အော်လိုက်ဟောက်လိုက်တော့ လုပ်တယ်။ ဒါပေမယ့် အမေ့ကို ရက်ရက်စက်စက် ရိုက်နှက်တာတွေကို ကျွန်မမမြင်ချင်အဆုံးပဲ။ ကြည့်လည်းမကြည့်ရက်ဘူး။ အဲဒါတွေတွေ့ရရင် အိပ်ခန်းထဲမှာ တစ်ယောက်တည်း ချုံးပွဲချငိုရတယ်။"

ဒေစီ၏ မျက်လုံးအိမ်တွင်းမှ မျက်ရည်များဝဲလာသည်။ စင်သီယာက ဒေစီ၏ပခုံးကို ညင်ညင်သာသာကိုင်ပြီး အားပေးသည်။ စားပွဲပေါ်မှ မျက်နှာသုတ် စက္ကူတစ်ရွက်ကို ဘူးထဲမှဆွဲထုတ်ပေးသည်။ ထို့နောက် ဒေစီပွင့်ပွင့်လင်းလင်းပြောနိုင်ရန် စကားလမ်းကြောင်း ပေး၏။

"ဒေစီပြောချင်တာတွေကို ရဲရဲတင်းတင်းပြောပါ။ ကျွန်မနဲ့ ဒေါက်တာတို့ကဒေစီ့ကို ကူညီမယ့်သူတွေပါ။ ဒေစီ့ကို အပြစ်တင်ဝေဖန်ဖို့မဟုတ်ပါဘူး။"

သူနာပြုစင်သီယာ၏ အားပေးစကားကို လက်ခံသည့် အနေဖြင့် ဒေစီက စင်သီယာ့ကို အားကိုးတကြီး တစ်ချက်မော့ကြည့်လိုက်သည်။ တစ်ချိန်တည်းမှာပင် စားပွဲပေါ်မှ ကော်ဖီခွက်ကို ကောက်ယူပြီး တစ်ကျိုက်သောက်ချလိုက်၏။ ထို့နောက် စားပွဲထောင့်တစ်နေရာကို ငေးစိုက်ကြည့်ပြီး စကားစသည်။

"ကျွန်မ အသက် ၁၀နှစ်လောက်ရောက်တဲ့အချိန်မှာ အမေ့ရဲ့ကျန်းမာရေးက ချို့တဲ့လာပါတယ်။ ငယ်စဉ်ကတည်းက အမေ့မှာ ပန်းနာရောဂါက တဖြည်းဖြည်းဆိုးလာတယ်။ ကျွန်မ ပထွေးတိုနီရဲ့ ဒဏ်တွေကိုခံရလို့ထင်တယ်။ မကြာခဏ အလွန် အမင်း အသက်ရှူကြပ်လာတတ်တယ်။ အဲဒီလို ပန်းနာထလာရင် ဆေးခန်းကိုပို့ရတယ်။ တစ်ခါတစ်ရံ ဆေးခန်းကနေ ဆေးရုံကိုပို့ရ တဲ့အထိရောဂါက ပြင်းထန်တတ်တယ်။ ဆေးရုံတက်ပြီး တစ်ည အိပ်နှစ်ညအိပ်ဆိုသလို ကုသခံရတဲ့အကြိမ်တွေလည်းရှိတယ်။ အဲဒီလိုအချိန်အခါမျိုးမှာ ကျွန်မနဲ့ပထွေးတိုနီတို့ နှစ်ယောက်တည်း အိမ်မှာရှိနေတယ်။"

"အမေ့ကို ဆေးရုံပို့ပြီး အိမ်ပြန်ရောက်တာနဲ့ သူအရက် သောက်တော့တာပဲ။ အရက်မူးလာရင် သူစိတ်မမှန်တော့ဘူး။ အကြောင်းမဲ့ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလာတယ်။ ပိုပြီးဆိုးတာ က ကျွန်မကို ထိပါးရိပါးလုပ်တယ်။ ကြမ်းလိုက်ချော့လိုက် ရယ်လိုက် မောလိုက် အော်လိုက်ဟစ်လိုက်နဲ့ ကျွန်မကို အမျိုးမျိုးမြူဆွယ်တယ်။ အဲဒီကနေ တဖြည်းဖြည်းအနိုင်ကျင့်တော့တာပါပဲ"

သူမစကားဆုံးသည်နှင့် ဒေစီသည် စိတ်မထိန်းနိုင်ဖြစ်ကာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တရှုံ့ရှုံ့ငိုချသည်။ စင်သီယာက ဝမ်းနည်းသံဖြင့် "ဩော်-ဒေစီရယ်" ဟုဆိုကာ ဒေစီအနားကို ရွှေ့ထိုင်ပြီး သူမပခုံးကို ဖက်ထားလိုက်၏။

"ဒေစီ မပြောချင်တော့ရင် ဒီအကြောင်းတွေကို ဆက်မပြောနဲ့တော့လေ။ ဆရာမတို့ နားလည်ပါပြီ" ဟု စကားလမ်းကြောင်းပြောင်းပေးသည်။

သို့သော်လည်း ဒေစီက သူမရင်တွင်းမှာ ခံစားနေရသည်များကို ရင်ဖွင့်ချင်သည်ထင်သည်။ ငိုသံရှိုက်သံတွေနှင့် သူမ၏အဖြစ်အပျက်ကို ရှင်းပြသည်။

"ရှင်းရှင်းပြောရရင် ကျွန်မပထွေးတိုနီဟာ အတင့်ရဲလာပြီး ကျွန်မ ကိုအပျိုရည်ပျက်အောင်ကျူးလွန်လာပါတယ်။ အခွင့်အရေးရတိုင်း အခွင့်အရေးယူတယ်ဆိုပါတော့"

ဒေစီ၏အသံသည် ငိုရှိုက်သံနှင့်အတူ ပျောက်သွားသည်။

"ဒေစီရဲ့အမေဗစ်ကီ ဒီကိစ္စတွေ မသိဘူးလား" စင်သီယာက စကားဆက်သည်။

"ကျွန်မအမေ ဒီကိစ္စတွေကို မကြာမီရိပ်မိပါတယ်။ဒါပေမယ့် မသိချင်ယောင်ဆောင်နေတယ်။ ကျွန်မပထွေးကို ကြောက်လို့ဖြစ်မယ်။ အမေ့ရောဂါကလည်း မသက်သာဘူး။ တစ်စတစ်စ ပိုပြီးဆိုးလာတယ်။ ဒီတော့ အားကိုးအားထားရမယ့်သူမရှိ ဖြစ်သွားမှာကိုစိုးရိမ်ပုံရပါတယ်။"

ဒေစီ၏အဖြစ်အပျက်ကို ကြားလိုက်ရသည့်အခါ သူမမိခင်ဗစ်ကီ ပန်းနာရောဂါခံစားရသလို စာရေးသူ၏ရင်တွင်း၌ အသက်ရှူကြပ်သလို ခံစားလာရသည်။

# ဒေါက်တာဗဟန်းကျော်

ဒေစီလို မပွင့်မီမှာ ညှိုးနွမ်းခဲ့ရသည့် ပန်းဖူးပန်းညွန့် ကလေးများအကြောင်းကို စဉ်းစားမိသည်။အရွယ်မရောက်သည့် ကလေးများကိုလိင်ကိစ္စ ကျူးလွန်စော်ကားခြင်းမှာ ကမ္ဘာအဝှမ်းတွင် ကြုံတွေ့နေရသည့် ပြဿနာဖြစ်သည်။ ပျမ်းမျှခြင်းအားဖြင့် ကမ္ဘာပေါ်တွင် အရွယ်မရောက်သည့်မိန်းကလေးများ ကျူးလွန်ခံရသည့် နှုန်းမှာ ၁၉ ရာခိုင်နှုန်းကျော်ဖြစ်သည်။ အရွယ်မရောက်သည့် ယောကျ်ားကလေးများတွင် ၈ရာခိုင်နှုန်းရှိ၏။

ဩစတြေးလျနိုင်ငံတွင် အသက်၁၅နှစ်အောက် မိန်းကလေးများတွင် ၁၂ရာခိုင်နှုန်းမှာ လိင်ကိစ္စကျူးကျော်စော်ကားခြင်းကိုခံရပြီး ယောကျ်ားကလေးများတွင် ၅ရာခိုင်နှုန်းခန့်ရှိ၏။ နောက်ဆုံး စာရင်းဇယားအရ ဩစတြေးလျနိုင်ငံသား ၁၂သိန်းကျော်မှာ အသက်၁၅နှစ်မပြည့်မီက ယခုလိုကျူးကျော်စော်ကားခံရသည့် ရာဇဝင်ရှိသည်ဟု ဆိုပါသည်။

ထို့ကြောင့် ဒေစီ၏မိခင် ဗစ်ကီလိုမိခင်မျိုး သန်းနှင့်ချီပြီး ရှိနေသည်။ ဤလိုကိစ္စနှင့် ကြုံတွေ့လာရသည့် မိခင်အများစုမှာ ဘာလုပ်ရမှန်းမသိရှိတတ်သည်။ သူမတို့အိမ်ထောင်ရေးကို ဖျက်ဆီးပစ်လိုက်မလား။ သမီးကလေး ရေတိမ်နစ်နေသည်ကို ဆက်ပြီး ကြည့်နေမလား။ အပြောလွယ်သလောက် လက်တွေ့တွင် ဆုံးဖြတ်ရခက်သည့် ပြဿနာဖြစ်သည်။ ဗစ်ကီသည် မုဆိုး၏မြှားရှေ့တွင် ဆိုက်ရောက်နေသည့် သမင်ငယ်လို မတုန်မလှုပ်တွေဝေနေပြီး မှိုင်းမိသလိုဖြစ်သွားသည်။

## ပြုမိသက်ခြင်းနှင့်ကင်းဝေးခဲ့စဥ်က

ဤနိုင်ငံတွင် ကလေးလူငယ်များကို စော်ကားကျူးလွန်မှုနှင့် ပတ်သက်လာလျှင် တရားဥပဒေက ထိရောက်သည်။ အရွယ်မရောက်သူကို လိင်ကိစ္စနှင့်ကျူးလွန်ဖောက်ပြားနေသည်ကို သိရှိရလျှင် ရဲဌာနကိုသတင်းပို့ တိုင်တန်းရသည့်တာဝန်မှာ လူတိုင်း၏ တာဝန်ဖြစ်သည်။ ဥပမာ ဆရာဝန်၊ သူနာပြုများသည် မိမိတို့ ဆေးရုံဆေးခန်းသို့ လာရောက်ကုသသော ကလေးတစ်ဦးဦးတွင် ကျူးကျော်စော်ကားခံရသည့် လက္ခဏာဒဏ်ရာများ တွေ့ရှိပါက သက်ဆိုင်ရာကို အကြောင်းကြားရသည်။ ကျောင်းဆရာ၊ ကျောင်းဆရာမများသည် ကျောင်းသူကျောင်းသားတစ်ဦးဦး၏ ကျူးကျော်စော်ကားခံရသည့် အဖြစ်အပျက်ကိုသိရှိရလျှင် သက်ဆိုင်ရာကို သတင်းပို့ရသည်။ ကာလဝမ်းရောဂါဖြစ်သူကို တွေ့ရှိလျှင် ဆရာဝန်ဆရာမများက မလုပ်မနေသက်ဆိုင်ရာသို့ တိုင်တန်းရသည့် သဘောမျိုးဖြစ်သည်။ သက်ဆိုင်ရာဌာနနှင့် ရဲတို့ကလည်း ထိထိရောက်ရောက်အရေးယူသည်။

အိမ်သားတစ်ဦးဦးက ဤလိုကိစ္စနှင့်ပတ်သက်ပြီး တိုင်ကြားလိုလျှင် အကူအညီတောင်းလိုလျှင် ဆက်သွယ်နိုင်သည့် ဌာနများ၊ အဖွဲ့အစည်းများမှာ မရှားပါ။ ရဲ (သို့မဟုတ်) လူနာတင်ကားဌာန၊ အရေးပေါ်တယ်လီဖုန်းလိုင်း၊ အသက်ကယ်ဖုန်းလိုင်း၊ ကလေးများကို ကူညီခြင်းအဖွဲ့ဖုန်းလိုင်း၊ ဩစတြေးလျကလေးများ ဖွံ့ဖြိုးရေး

အဖွဲ့ဖုန်းလိုင်းစသည့် အဖွဲ့အစည်းများကို အလွယ်တကူဆက်သွယ်နိုင်သည်။

ဒေစီ၏မိခင်ဗစ်ကီ ဤလိုအခွင့်အရေးတွေရှိသည်ကို သိလျှက်နှင့် လျစ်လျူရှုခဲ့ခြင်းဖြစ်သည်။

"ဆရာမ သိသလောက်ပြောရရင် ဒီလိုပါဒေစီ။ ဗစ်ကီဟာ သမီးနဲ့ သူမဒီဖက်တိုယောက်ျားကြားမှာ ဗျာများနေတာဖြစ်မယ်။ သူမခမျာ ဘာလုပ်ရမယ်ဆိုတာကို မစဉ်းစားနိုင် မဝေခွဲနိုင်ဖြစ်နေပုံရပါတယ်" ဟုသူနာပြု စင်သီယာက နှစ်သိမ့်စကားပြောသည်။

ဒေစီသည် မျက်လုံးနှစ်ဖက်ကို အသာအယာပိတ်လိုက်ပြီး မသိမသာ နှုတ်ခမ်းကိုမဲ့ပြလိုက်၏။ ထို့နောက် တုန်ခါနေသည့်လက်ချောင်းများဖြင့် ပဋ္ဌမမြောက်စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်သည်။ သူမ၏ လက်ချောင်းများသည် လေတညင်းညင်းတိုက်ခတ်ခံနေရသည့် ယူကလစ်ရွက်ကလေးများလို တုန်ခါနေသည်။ ကော်ဖီနှင့်စီးကရက်တို့၏ အာနိသင်အရှိန်တက်နေလို့လား (သို့မဟုတ်) စိတ်လှုပ်ရှားနေလို့လား။

"ဟုတ်ပါတယ် ဆရာမ။ ကျွန်မအမေကို ကျွန်မအပြစ်မတင်လိုပါဘူး။ ဒါပေမယ့် လုံးဝခွင့်လွှတ်နိုင်တယ်လို့ပြောရင်လည်း မမှန်ဘူး။"

"ကျွန်မ နှစ်ရှည်လများ မကြာခဏ အနိုင်ကျင့်ခံနေရတာကို ကာကွယ်တားမြစ်ပေးခြင်း မရှိတာဘာမှမဖြစ်သလို၊ မသိသလို

မျက်ကွယ်ပြုခဲ့တာတွေကိုတော့ ကျွန်မနားမလည်နိုင်ပါဘူး။"

"ကျွန်မဘဝမှာ အမေတစ်ခုသမီးတစ်ခုဆိုသလို အမေကိုပဲ အားကိုးစရာရှိတယ် မဟုတ်ပါလား။ ကျွန်မ ယုံကြည်အားကိုးရသူက ထင်သလိုဖြစ်မလာတော့၊ စိတ်ထဲမှာ ယူကျုံးမရဖြစ်မိတယ်။ ကျွန်မဘယ်သူ့ကိုမှ မယုံချင်တော့ဘူး။"

ဒေစီနောက်ဆုံးပြောလိုက်သည့် ကျွန်မဘယ်သူ့ကိုမှ မယုံချင်တော့ဘူးဆိုသည့်အချက်ကို စာရေးသူ သတိထားလိုက်မိသည်။

ယခုလို ငယ်စဉ်က စတင်ဖြစ်ပေါ်လာပြီး အမြစ်တွယ်လာသည့် လူတွေအပေါ် မယုံသင်္ကာစိတ် သံသယလွန်ကဲစိတ်တွေသည် ကြီးပြင်းသည်အထိ အညွန့်တလူလူတက်နေတတ်သည်။ ဒေစီခံစားနေရသည့် ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းဝေဒနာ၏ လက္ခဏာတစ်ခုဖြစ်လာသည်။

မိခင်ဗစ်ကီက ပထွေးတိုနီကို မခွဲနိုင်မခွာရက်ဖြစ်နေပြီး သူပြုသမျှကို ခေါင်းငုံ့ခံနေသည်။ ပထွေးက ဒေစီကို အခွင့်ကြုံတိုင်း အနိုင်ယူစော်ကားနေသည်။ ဒေစီ၏ ကလေးဘဝသည် ဆူးခြုံတွေကြား၌ ပွင့်လာရသည့် ပန်းတစ်ပွင့်လို မလှပ်သာမယှိမ်းသာ ဖြစ်နေသည်။

လူ့ဘဝတလျှောက်တွင် လူတိုင်းလူတိုင်း ပဋိပက္ခများနှင့် ကြုံတွေ့ကြရသည်မှာ ဓမ္မတာပါ။ လူမှုရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ လုပ်ငန်းဆောင်တာအရေးတွေမှာ အခက်အခဲ ပဋိပက္ခများနှင့်

ရင်ဆိုင်ကြရပါသည်။ စိတ်ပညာထောင့်မှကြည့်လျှင် ပဋိပက္ခနှစ်မျိုး ရှိသည်ဟု စိတ်ပညာရှင်များကဆိုပါသည်။

ပထမအမျိုးအစားမှာ အကောင်းနှစ်ခုကြား မိမိ၏ဆန္ဒနှစ်ခုကြားတွင် ချီတုံချတုံဝေခွဲမရခြင်းမျိုးဖြစ်သည်။ ဥပမာဆိုရလျှင် ထမင်းဆိုင်ထိုင်ပြီး ကြက်သားဟင်းမှာစားရမည်လား၊ ဝက်သားဟင်းမှာစားရမည်လားဟု စိတ်ဒွိဟဖြစ်ခြင်းမျိုး၊ နောက်တစ်ခုဥပမာက ချစ်သူရည်းစားနှစ်ဦးကြားမှာ အရွေးရခက်နေသည့် ဝေခွဲမရသည့် စိတ်မျိုးတွေ ပေါ်ပေါက်တာမျိုးဖြစ်သည်။ သည်လိုပဋိပက္ခမျိုးနှင့် ကြုံတွေ့ရသည့်အခါ ဖြေရှင်းရသည်မှာ လွယ်ကူပါသည်။ မျက်စိမှိတ်ပြီး တစ်ခုခုရွေးလိုက်လျှင် ကိစ္စရှင်းသွားသည်။

ဒုတိယပဋိပက္ခကတော့ အကောင်းနှင့်အဆိုး ဒွန်တွဲနေသည့် အခြေအနေမျိုးနှင့် ကြုံတွေ့ရခြင်းဖြစ်သည်။ ဥပမာအားဖြင့် အလုပ်တစ်ခုဆိုပါစို့။ သည်အလုပ်ကပင်ပန်းသည်။ အထက်လူကြီး၏ ဆက်ဆံရေးများသည် စိတ်ညစ်ဖွယ်ရာဖြစ်မည်။ လုပ်ငန်းခွင်ပတ်ဝန်းကျင်က မသာယာ။ သို့သော် သည်အလုပ်တွင် အခွင့်အရေးများစွာရှိသည်။ လစာနှုန်းက မက်လောက်ဖွယ်ရှိသည်။ တစ်ခြားနေရာဌာနတွင် သည်လိုလစာနှုန်းမျိုးမရနိုင်။ သည်လိုပဋိပက္ခမျိုးကို ဖြေရှင်းရန်ခက်သည်။ အလုပ်ကို ဆက်လုပ်နေရသည်မှာက နေ့စဉ်စိတ်ညစ်ဖွယ်ရှိသည်။ အလုပ်မှနှုတ်ထွက်ဖို့ကြံ

ပြန်တော့လည်း ဝင်ငွေနှင့်အခွင့်အရေးတွေသည် အလွန်မက်မော လောက်ဖွယ်ရာဖြစ်နေ၏။

ဒေစီငယ်စဉ်ဘဝက အထက်ပါ ဒုတိယပဋိပက္ခမျိုးနှင့် နေ့စဉ်ကြုံတွေ့ခဲ့ရသည်။ ဗစ်ကီနှင့်တိုနီတို့သည် ဒေစီ၏ စားဝတ်နေရေးအတွက် အဓိကအားကိုးနေရသူများဖြစ်သည်။ သူတို့နှင့်မနေလိုလျှင် ဘယ်မှာသွားပြီးနေရမည်နည်း။ သို့သော် ပထွေးတိုနီ၏ အပြုအမူများကြောင့် နေ့စဉ်ငရဲခံရသလိုဖြစ်နေသည်။

သည်လို မိသားစုပတ်ဝန်းကျင်မှာ ကြီးပြင်းလာရသည့်အဖြစ်က ဒေစီ၏ စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည်။ ကျောက်တုံးကျောက် ဆောင်တွေကြားမှာ ကြီးထွားလာရသည့်သစ်ပင်ကဲ့သို့ ပုံသဏ္ဌာန်မမှန်ပဲ ကွေးကွေးကောက်ကောက် ဖြစ်လာသည်။ တွေ့ရာနေရာမှ တိုးထွက်နေသည်။

ဒေစီအသက် ၁၃ နှစ်ပြည့်သောအခါ သူမအပြုအမူတွေက သဝေထိုးလာသည်။ သူမနည်းသူမဟန်ဖြင့် ထွက်ပေါက်ရှာလာသည်။ ဆေးလိပ်စသောက်သည်။ ဆေးခြောက်စမ်းရှုသည်။ ဆေးခြောက်၏ ဓာတုအာနိသင် ခံစားရသည့်အခါ အိမ်တွင်ခံစားနေရသည့် စိတ်ဒုက္ခတွေ ပျောက်ကင်းသွားကြောင်း တွေ့လာရသည်။ ဆေးခြောက်ငွေ့များနှင့်အတူ ရင်တွင်အပူလုံးက လွင့်စင်ပျောက်ကွယ်သွားသည်ကို မက်မောလာသည်။ “ငါ့ကို ဒီပထွေးလုပ်ချင်တာလုပ်ပါစေ ငါဆေးခြောက်ရှုပြီး မေ့နေလိုက်မယ်” ဆို

သည့် အတွေးတွေဝင်လာသည်။ ဒေစီသည် ဆေးခြောက်ရှူပြီး သူမ၏စိတ်တွင်းမှ ဝေဒနာကို ကုသသည့်အလေ့ဖြစ်လာ၏။ ဒေစီ ဆေးခြောက်စွဲလာပါပြီ။

ဩစတြေးလျနိုင်ငံတွင် ၁၂နှစ် ၁၃နှစ် မြီးကောင်ပေါက် ကလေးတွေ မူးယစ်ဆေးကိုစမ်းသောက်ကြည့်ကြသည်။ ပထမ စီးကရက်သောက်သည့် အကျင့်ရသည်။ မြီးကောင်ပေါက်ကလေး များအတွင်း၌ ၁၄ရာခိုင်နှုန်းသည် စီးကရက်သောက်သည့်အကျင့် စလာသည်ဟုဆို၏။ ၎င်းတို့အတွင်းမှ ၄ ရာခိုင်နှုန်းမှာ ဆေးခြောက် ကိုလည်းသုံးစွဲလာကြ၏။ အသက် ၁၆နှစ်အတွင်းရောက် လာသော အခါ ၄၅ ရာခိုင်နှုန်းသည် စီးကရက် မကြာခဏ သောက်တတ်လာ ပြီး ၂၂ရာခိုင်နှုန်းသည် ဆေးခြောက်ရှူသည့်အကျင့် ရလာသည်ဟု သိရသည်။ အများအားဖြင့် စမ်းသပ်ကြည့်သည့်အဆင့်၊ လူစု လူဝေးနှင့် အပျော်သဘောသောက်သုံးသည့်အဆင့်သာရှိသည်။ သို့သော် ဒေစီကဲ့သို့ ဆေးခြောက်မှ မူးယစ်ဆေးဝါးအမျိုးမျိုးစွဲကပ် လာသည့် လူငယ်များလည်းရှိပါသည်။ အသက် ၁၈နှစ်ကျော်လာ သောအခါ အရွယ်ရောက်သူယောကျ်ား ၁၁ရာခိုင်နှုန်းနှင့် အမျိုး သမီး၅ရာခိုင်နှုန်းမှာ မူးယစ်ဆေးစွဲရောဂါ ခံစားလာရကြောင်း သိရသည်။

ဆေးလိပ်နှင့် မူးယစ်ဆေးကို အလွယ်တကူရရှိနိုင်ခြင်း၊ မိဘများ၏ ကြီးကြပ်ကွပ်ကဲမှုနည်းပါးခြင်းနှင့် မိဘများထံမှ

အတုမြင်အတတ်သင်ခြင်းတို့သည် လူငယ်များ မူးယစ်ဆေးစတင်သုံးဆောင်စေသည့်အကြောင်းရင်းများဖြစ်သည်။ တစ်ချို့မိဘများမှာ သူတို့က သားသမီးများကို ဆုံးမစကားပြောသော်လည်း သူတို့ကိုယ်တိုင်က သားသမီးများရှေ့တွင် မူးယစ်ဆေးကို သောက်သုံးပြကြသည်။ "ငါပြောသလိုလုပ်၊ ငါလုပ်သလိုမလုပ်နဲ့" ဟု ဆိုလိုသည့်သဘောဖြစ်၏။

ကျောင်းပတ်ဝန်းကျင်တွင်လည်း တစ်ဦးတည်းနေတတ်သူ၊ အသင်းအဖွဲ့များတွင် ပါဝင်လှုပ်ရှားမှုနည်းပါးသူနှင့် အားကစားတွင် စိတ်ပါဝင်စားမှုမရှိသူ ကျောင်းသားကျောင်းသူများသည် မူးယစ်ဆေးကို စတင်သုံးကြသည်ဟုဆိုသည်။ ဆေးလိပ်နှင့် မူးယစ်ဆေးသုံးစွဲသူအချင်းချင်းသာ ပေါင်းသင်းနေတတ်သဖြင့် တစ်ယောက်ကိုတစ်ယောက် အကျင့်ဆိုးမပျောက်အောင် အားပေးသလိုရှိနေသည်။

ဒေစီသည် ကျောင်းတွင်လည်း မပျော်ရွှင်ပါ။ တစ်ယောက်တည်းအားငယ်နေတတ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်မှုနည်းပြီး သိမ်ငယ်စိတ်ဝင်နေတတ်သည်။ သည်တော့ အပေါင်းအသင်းမရှိ။ ကျောင်းတွင် မည်သည့်လှုပ်ရှားမှုမျိုးကိုမှ စိတ်မဝင်စား။ ပါဝင်ဆောင်ရွက်ခြင်းလည်းမရှိ။ ထို့အပြင် ကျောင်းစာများကိုကောင်းကောင်းမလိုက်နိုင်။ အိမ်စာတွေလည်း ပြီးအောင်မလုပ်နိုင်။ ကျောင်းတက်ရမည်ကိုလည်း ကြောက်လာသည်။ အိမ်မှာလည်း

မနေချင်၊ ကျောင်းမှာလည်းစာမသင်ချင်၊ သည်လိုနှင့် တဖြည်းဖြည်းကျောင်းပြေးပြီး စိတ်တူဘဝတူ သူငယ်ချင်းများနှင့် ဆေးခြောက်သောက်သည့်အကျင့်တွေ စွဲမြဲလာသည်။

ဘဝအစက ဖြောင့်ဖြူးသာယာခြင်းမရှိ။ လှပလန်းဆန်းခြင်းမရှိ။ အဖူးဘဝမှာပင် ညှိုးနွမ်းနေရသည့် ပန်းတစ်ပွင့်လိုဖြစ်နေသည်။

ဒေစီ၏ဘဝဖြစ်စဉ်ကို ကြားရသည့်အခါ စာရေးသူနှင့် သူနာပြုစင်သီယာတို့သည် ကိုယ်ချင်းစာပြီး ကရုဏာသက်မိသည်။ ဒေစီနှင့်အတူ ရင်ထဲတွင်နာကျည်းစိတ်တွေ ပေါ်လာသည်။

ဒေစီက သူ့ဘဝဇာတ်လမ်းကို ဆက်ပြောပါသည်။

## “ဝဲဂယက်မှ ရုန်းထွက်စေလို”

ဒေစီ ၁၆နှစ်အတွင်းဝင်လာပြီ။ ၁၀တန်းကျောင်းသူဖြစ်သည်။ ၈တန်း နှင့် ၉တန်းစာမေးပွဲများတွင် ကရုဏာကြေးဖြင့် အောင်လာပြီး ၁၀တန်း ရောက်လာခြင်းဖြစ်သည်။ ဩစတြေးလျနိုင်ငံတွင် ၁၀တန်းသည် တက္ကသိုလ်ဝင်ခွင့်မဟုတ်သေး။ ၁၂တန်းအောင်မှ တက္ကသိုလ်ဝင်ခွင့်ရသည်။ အင်္ဂလန်နိုင်ငံတွင် “ဂျီစီအီး-အေ” အဆင့်မျိုးဖြစ်သည်။ ၁၀တန်းတွင် ကျောင်းသင်ခန်းစာများက

ပိုမိုခက်ခဲလာသည်။ သည်တော့ ဒေစီကျောင်းစာတွေကို နားမလည်။ မလိုက်နိုင်။ စာတွင်စိတ်ဝင်စားမှုနည်းသည်ထက် နည်းပါးလာသည်။

ကျောင်းပြေးသည့်ရက်များက ပိုမိုများပြားလာသည်။ ကျောင်းမှခိုးထွက်ပြီး မူးယစ်ဆေး၊ ဆေးခြောက် မကြာခဏ သောက်သုံးလာသည်။ အတန်းပိုင်ဆရာမများ၏ စည်းကမ်းသတ်မှတ်ချက်များကိုလည်း မကြာခဏချိုးဖောက်လာသည်။ ကျောင်းအုပ်ဆရာမကြီးရုံးခန်းသို့ အကြိမ်ကြိမ်ခေါ်ပြီး ဆုံးမသည်ကိုခံနေရသည်။ သို့သော် ဒေစီသည် ပြန်မပြောနားမထောင်ဖြစ်လာသည်။ အခြားကျောင်းသူကျောင်းသားများအတွက် နမူနာဆိုးဖြစ်နေ၏။ ဆေးခြောက်သုံးစွဲဖန်များလာသဖြင့် ပိုက်ဆံလည်းလိုလာသည်။ ပထွေးတိုနီက ပေးလေ့ပေးထရှိသည့် နှုတ်ပိတ်ခနှင့် မလောက်ဖြစ်လာသည်။ သည်တော့ အခွင့်အရေးရလာလျှင် အခြားကျောင်းသူ၊ ကျောင်းသားများ အိတ်အတွင်းမှ ဖောင်တိန်၊ ပိုက်ဆံနှင့် အဖိုးတန်ပစ္စည်းများကို အလစ်သုတ်တတ်လာသည်။ လက်ပူးလက်ကြပ်မိသည့် အကြိမ်များလည်း ထပ်တလဲလဲ ဖြစ်လာသည်။ ကျောင်းအုပ်ဆရာမကြီးသည် ဒေစီ့ကိုမဆုံးမနိုင်တော့။ ရပ်တန်းကရပ်ဖို့ အရေးယူရန်လိုအပ်လာသည်။ ထို့ကြောင့် ကျောင်းစည်းကမ်း ဥပဒေအရ ဒေစီ့ကို (၂) ပတ်ကျောင်းထုတ်လိုက်သည်။ ဒဏ်ပေးခံရခြင်းဖြစ်သည်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အိမ်တွင်လည်း မိခင်ဗစ်ကီ၏ကျန်းမာရေးက ဆိုးသည်ထက်ဆိုးလာ၏။ ဒေစီကို ဆုံးမသွန်သင်နိုင်ခြင်းမရှိ နိုင်လည်းမနိုင်ဖြစ်နေ၏။ ပထွေးကလည်း ဖခင်အရင်းလို စိတ်သဘောထား ဖြူဖြူစင်စင်နှင့် ဆုံးမသူမဟုတ်။ သူက “ငိုစားရီစား”သဘောမျိုး။ ဒေစီ၏ကောင်းကျိုးကို နှလုံးသွင်းထားသူမဟုတ်။ သူ့အလိုပြည့်ရေးကိုသာ အာရုံစိုက်နေသူဖြစ်သည်။

သည်တော့ ကျောင်းထုတ်ခံရသည့် နှစ်ပတ်အတွင်း ဒေစီ အိမ်ထဲတွင် အနေနည်းသည်။ မြို့လယ်မှကုန်တိုက် “ရှော့ပင်းပလာဇာ” ကြီးများတွင် နေ့စဉ်လိုလိုတစ်နေ့လုံး အချိန်ဖြုန်းသည်။

ချည်ထားသည့် လှေကြိုးပြုတ်ပြီး မျောပါနေသည့် လှေငယ်လိုဖြစ်လာသည်။ ဦးတည်ရာမဲ့ လွင့်မျောနေသည်။ ဟိုယောင်ယောင်၊ ဒီယောင်ယောင်ဖြစ်နေသည်။ ကြာလာတော့ လှေချင်းထား လှေချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိဆိုသကဲ့သို့ ဒေစီလို အိမ်ပြေး ကျောင်းပြေး ယောကျ်ားကလေး၊ မိန်းကလေးများနှင့် အပေါင်းအသင်းဖြစ်လာသည်။ သူတို့ကပေးကမ်းသည့် ဆေးခြောက်သာမက၊ ဘိန်းဖြူနှင့် စိတ်ကြွဆေးများကို တစ်ဆင့်တက်ပြီး သုံးစွဲလာသည်။ ပိုက်ဆံလွယ်လွယ်ရနိုင်သည့် နည်းပညာများကို သုံးလာသည်။ ဦးတည်ရာမဲ့ လွင့်မျောနေသည့် လှေငယ်သည် မူးယစ်ဆေးဝဲဂယက်မှ မထွက်နိုင်ဖြစ်လာပြီ။

ကုန်တိုက်တွေပေါ် တက်ပြီး ပစ္စည်းတွေကို ခိုးထုတ်သည်။

အစုလိုက် ဖွဲ့ပြီး ခါးပိုက်နှိုက်သည်။ လူရှင်းသည့် ပန်းခြံသို့မဟုတ် လမ်းကြားများအတွင်း တစ်ယောက်တည်း လမ်းလျှောက်လာသည့် အဖိုး၊ အဖွား၊ မသန်စွမ်းသူများထံမှ လုယက်ယူသည်။ ယခုကဲ့သို့ ရာဇဝတ်မှု အသေးအဖွဲ့ကလေးမှစပြီး တဖြည်းဖြည်းအတင့်ရဲလာကြသည်။ လက်ရဲဇက်ရဲ ဖြစ်လာသည်။ လမ်းသရဲဘဝကို မသိမသာဆိုက်ရောက်လာသည်။

မူးယစ်ဆေးတွေကို ပိုသုံးလာသည်။ အဆင့်မြင့်တန်ဖိုးကြီးသည့်ဆေးတွေကို ကိုင်လာသည်။ သည်တော့ ငွေတွေ ပိုပြီးလိုလာသည်။ ရွှံ့စေးဗွက်အိုင်မှာ နစ်မြုပ်နေသူလို လှုပ်လေမြုပ်လေဖြစ်နေပြီ။

သည်တော့ ဒေစီတို့လမ်းသရဲအဖွဲ့က ငွေများများလုံးကနဲ ရနိုင်သည့်နည်းကို အကြံထုတ်လာကြသည်။ ကောင်တာတွင် ငွေများများရှိနိုင်သည့် ဆိုင်တစ်ခုခုကို လျှပ်တပြက်လျင်လျင်မြန်မြန်ဝင်ပြီး ဓါးပြတိုက်လုယက်ရန် ဆုံးဖြတ်ကြ၏။ သူတို့၏ အစီအစဉ်မှာ အဆန်းတော့မဟုတ်ပါ။ ဩစတြေးလျနိုင်ငံတွင် ၂၄နာရီပတ်လုံး ဆိုင်ဖွင့်ရောင်းဝယ်သည့် ဓာတ်ဆီဆိုင်များရှိသည်။ ဤဆိုင်များတွင် လူထုသုံးစွဲနေကျ လူသုံးကုန် ပစ္စည်းများလည်း ရောင်းသည်။ ညဘက်ပိုင်းတွင် လူရှင်းတတ်သည်။ တစ်နေ့လုံး ရောင်းထားသည့်ငွေတွေ ရာနှင့်ထောင်နှင့်ချီပြီးရှိနိုင်သည်။ သည်လို ဓာတ်ဆီဆိုင်များကို လူဆိုး ၂ယောက်၊ ၃ယောက်စုပြီး၊ ဓားပြ

လျှပ်တပြက် တိုက်သွားသည့် သတင်းများကို မကြာခဏဖတ်ရ ကြားရသည်။

ဒေစီနှင့်လမ်းသရဲအဖွဲ့သည် လူရှင်းသည့်လမ်းထောင့် တစ်ခုမှ ဓာတ်ဆီဆိုင်ကို လျှင်လျှင်မြန်မြန်ဝင်ပြီး ဓါးပြတိုက်သည်။ ဒေစီ၏ မိတ်ဆွေယောကျ်ားလေးနှစ်ယောက်က ပါးနပ်သည်။ အတွေ့အကြုံရှိသည်။ ဆိုင်တွင်းမဝင်မီ မျက်နှာတွင် မျက်နှာဖုံး တွေတပ်လိုက်ကြသည်။ ဒေစီကတော့ နုသေးသည်။ မလည်ရှုပ်လို ဖြစ်နေသည်။ မျက်နှာဖုံးမတပ်ဘဲ ဆိုင်တွင်းသို့ ဝင်လိုက်သွားသည်။ ဓာတ်ဆီဆိုင်များတွင် သူခိုးဖမ်းသည့် "စီစီတီဗွီ" ရုပ်ဖမ်း ကင်မရာ များ တပ်ဆင်ထားသည်ကို ဒေစီသတိမထားမိပါ။ ရဲအရာရှိက လာရောက်စစ်ဆေးသည့်အခါ ဒေစီ၏မျက်နှာသည် ကင်မရာမှတ် တမ်းတွင် ထင်ထင်ရှားရှား ပေါ်နေသည်။ နောက်တစ်နေ့ ရဲတွေအိမ် ရောက်လာပြီး ဒေစီ့ကိုရဲစခန်းသို့ ခေါ်သွားပြီးအမှုဖွင့်သည်။

ရဲက လက်နက်ကိုင်ပြီးလုယက်မှုပုဒ်မနှင့် တရားစွဲပြီးရုံး တင်ရန် စီစဉ်သည်။

ဒေစီ၏အသက်မှာ ၁၆နှစ်လောက်ပဲရှိသေးသည်။ ရဲစခန်း မှာ အချုပ်သားအဖြစ်ထားရန် မသင့်လျော်သဖြင့် မိခင်ဗစ်ကီ၏ အာမခံချက်နှင့် အိမ်ပြန်ခွင့်ရသည်။

နောက်တစ်ရက်ကြာသောအခါ ဒေစီ တရားသူကြီးရှေ့ တွင် အစစ်ခံရ၏။

## ဒေါ်ကတာဟုန်းကျော်

ရဲအရာရှိသည် ဒေစီ၏ အိမ်တွင်းရေးအဖြစ်အပျက်များကို တင်ပြသည်။ အိမ်တွင် ဒေစီကို မိခင်ကထိန်းမနိုင်သိမ်းမရဖြစ်ပုံကို တင်ပြသည်။ ပထွေးတိုနီက မိခင်ကို ရိုက်နှက်ညှဉ်းဆဲသည်များကို ဖော်ပြသည်။ ကျောင်းသင်ခန်းစာတွေမှာ ညံ့ဖျင်းဆုတ်ယုတ်လာခြင်း၊ ကျောင်းပြေးတတ်ခြင်း၊ မူးယစ်ဆေးသုံးစွဲသည့်အကျင့်တွေ ရှိခြင်းတို့ကို မှတ်တမ်းပြုသည်။ ယခုအမှု မဖြစ်ပွားမီအသေးအဖွဲ ရာဇဝတ်မှုများ ကျူးလွန်ဖူးသည့် ရာဇဝင်ကိုထောက်ပြသည်။ ဒေစီ၏ပထွေးတိုနီ ကျူးလွန်စော်ကားသည့် အဖြစ်အပျက်များကို ရဲမသိ။ မိခင်ဗစ်ကီနှင့်ဒေစီတို့ကဖုံးထားသည်။

အမှုစစ်ပြီးသောအခါ တရားသူကြီးက ဒေစီကိုထောင်ဒဏ်မပေးပါ။ အမိန့်မချမှတ်မီ တရားသူကြီးက ကလေးလူငယ်စောင့်ရှောက်ကာကွယ်ရေးဌာနမှ စစ်ဆေးတွေ့ရှိချက်နှင့် သဘောထားကိုတောင်းသည်။

ကလေးလူငယ်စောင့်ရှောက်ကာကွယ်ရေးဌာနမှ လူမှုရေးအရာရှိက ဒေစီကို ၎င်းတို့ဌာနလက်အောက်တွင် စောင့်ရှောက်ထိန်းသိမ်းပေးနိုင်ရန် တောင်းဆိုသည်။ ထို့အပြင် ဒေစီကို မိခင်အုပ်ထိန်းမှုအောက်မှ သင့်လျော်သည့် မွေးစားမိသားစုအိမ်တွင် ပြောင်းရွှေ့ပေးရန်တင်ပြသည်။ တရားသူကြီးက အထက်ပါတောင်းဆိုချက်များကိုသဘောတူသဖြင့် အထက်ပါတောင်းဆိုချက်အတိုင်း အမိန့်ချမှတ်လိုက်၏။

သို့ဖြင့် ဒေစီသည် မိခင်၏အိမ်တွင် မနေထိုင်ရတော့ဘဲ ခေတ္တမွေးစားမိသားစုအိမ်တွင် ကလေးလူငယ်စောင့်ရှောက် ကာကွယ်ရေးဌာနမှ စီစဉ်ပေးသည့်အတိုင်း သွားရောက်နေထိုင်ရသည်။

ယခုလို အစီအစဉ်မှာ သာမန်ကလေးမွေးစားခြင်းမျိုးမဟုတ်ပါ။ ထိန်းသိမ်းရန်ခက်ခဲလာသည့် ကလေးလူငယ်များကို မိဘဆွေမျိုးများက ကွပ်ကဲကြပ်မတ်နိုင်သည့် အခြေအနေမရှိဟု တရားရုံးက လက်ခံယုံကြည် သည့်အတွက် အခြားအုပ်ထိန်းသူတစ်ဦးဦးထံ ခေတ္တအပ်နှံထားခြင်းဖြစ်သည်။

နောက်ဆုံးကောက်ခံရရှိသည့် စာရင်းအရ ဩစတြေးလျနိုင်ငံတွင် ထိုနှစ်အတွင်း၌ ဒေစီကဲ့သို့ ခေတ္တမွေးစားခြင်းခံရသည့် ကလေးလူငယ်ပေါင်း ၃၇၀၀၀ကျော်ရှိသည်ဆို၏။ ၎င်းတို့အတွင်းမှ ၄၈ရာခိုင်နှုန်းကို ဆွေမျိုးတော်စပ်သူတစ်ဦးဦးက မွေးစားသည်။ ၄၅ရာခိုင်နှုန်းသည် ဆွေမျိုးမတော်စပ်သည့် မိသားစုက မွေးစားခြင်းကိုခံရသည်ဟုဆိုပါသည်။ ဒေစီကို မွေးစားသည့် မိသားစုကတော့ ဒေစီ၏ဆွေမျိုးမဟုတ်ပါ။

ဒေစီကိုမွေးစားသည့် မိဘများမှာ စီးပွားရေးချောင်လည်သူများဖြစ်သည်။ တင့်တင့်တယ်တယ်နေနိုင်သည်။ ဒေစီ့ကို သူတို့၏သမီးအရင်းလို ချစ်ချစ်ခင်ခင်ရှိသည်။ ဒေစီကောင်းစေဖို့ အရာရာကိုကူညီပံ့ပိုးပေးသည်။

ကလေးလူငယ်စောင့်ရှောက်ကာကွယ်ရေးဌာနမှ ဒေစီ၏

ဘဝ ပြုစုပျိုးထောင်ရေးအတွက် လုပ်ငန်းအစီအစဉ် ရေးဆွဲပေးသည်။

ဒေစီ ကျောင်းပြန်တက်ရမည်။ ကျောင်းမှဆရာ၊ ဆရာမများ၏ တိုးတက်မှုမှတ်တမ်းကိုလည်း ဌာနလူမှုရေးအရာရှိက မကြာခဏ စစ်ဆေးကြည့်ရှုသည်။ တစ်ပတ်လျှင်တစ်ကြိမ် မူးယစ်ဆေးသုံးစွဲခြင်းကို သက်သာပျောက်ကင်းစေရန် သက်ဆိုင်ရာ စိတ်ပညာရှင်နှင့် ကုသမှုခံရသည်။ အုပ်စုလိုက်စိတ်ကုထုံးကုနည်း သင်တန်းလည်းတက်ရသည်။ လူမှုရေးအရာရှိနှင့် ဒေစီ၏ မွေးစားမိဘများလည်း တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုရှိပြီး မကြာခဏ ဒေစီ၏အခြေအနေများကို ဆွေးနွေးသည်။

ဒေစီ၏ဘဝ လမ်းမှန်ရောက်ဖို့ ပြုစုပျိုးထောင်ရန် ကုန်ကျစရိတ်ကို အစိုးရကထောက်ပံ့သည်။ မွေးစားမိဘများကို ကလေးသူငယ်ကိုကြည့်ရှုသည့်အတွက် ထောက်ပံ့ကြေးပေးသည်။ လူမှုရေးအရာရှိမှာ အစိုးရအမှုထမ်းဖြစ်သည်။ ဆေးကုသမှုကုန်ကျစရိတ်အားလုံး အစိုးရကတာဝန်ယူသည်။

အစိုးရ၏စေတနာသည် ကောင်းမွန်လှော်ကန်သည်။ နိုင်ငံကြီး တစ်နိုင်ငံ၏ အရည်အသွေးကို လူမှုအဆောက်အအုံအတွင်း၌ အောက်ဆုံး ရောက်နေသည့် ကံဆိုးသူများအား မည်ကဲ့သို့ ကူညီအားပေးသည်ကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်ဟု ဆိုကြပါသည်။ ဤကိစ္စနှင့်ပက်သက်လျှင် ဩစတြေးလျနိုင်ငံသည် ဂုဏ်ယူဖွယ်ဖြစ်သည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

လေလွင့်နေသည့် ကလေးသူငယ်များကို ကြိုးစားပြီး စင်ပေါ်တင်ပါသည်။ သို့သော် မြင့်သည်ဆိုပြီး ခုန်ချချင်သူများ လည်းရှိ၏။ ဒေစီသည်သည် အမျိုးအစားထဲတွင်ပါသည်။ ဆူးခြုံကို တိုးချင်သည့်အကျင့်ကမပျောက်။ ခွေးမြီးကောက်ကျည်တောက် စွပ်ထားသလို မကြာမီဒုံရင်းပြန်ရောက်လာသည်။ ကျောင်းသစ်၊ ဆရာသစ်၊ သူငယ်ချင်းအသစ်များနှင့် နေထိုင်ပေါင်းသင်းရသော် လည်း ကျောင်းပြေးသည့်အကျင့်က ပြန်ပေါ်လာသည်။ ကြုံလျှင် အခွင့်အရေးရသလို ဆေးခြောက်နှင့် မူးယစ်ဆေးများကို ပြန်လည် သုံးစွဲလာသည်။ အိမ်ကပြေးပြီး ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်လာ တတ်သည်။တစ်ခါတစ်ရံ ညအိပ်ညနေ ပျောက်နေတတ်သည်။

ကလေးလူငယ် စောင့်ရှောက်ကာကွယ်ရေးဌာန လူမှုရေး အရာရှိထံဒေစီနှင့်ပက်သက်ပြီး မကောင်းသတင်းတွေ ဆက်တိုက် ရောက်လာသည်။ ကျောင်းအုပ်ဆရာကြီးက တရားဝင်စာဖြင့် ဒေစီ လုပ်ပုံများကို အပြစ်တင်တိုင်တန်းသည်။ မူးယစ်ဆေးဝါးကုသရေး ဆေးခန်း တာဝန်ရှိသူထံမှလည်း သတင်းပေးသည်။ ဒေစီသည် ကုသမှုတွင် စိတ်မဝင်စား။ ဆေးခန်းကို မှန်မှန်မလာ။ မကြာခဏ ပျက်ကွက်သည်။ ဆီးစစ်ဆေးရာတွင် ဒေစီ၏ ဆီးအတွင်း၌ ဆေးခြောက်ဓာတ်များတွေ့ရသည် စသည်တို့ဖြစ်သည်။ မွေးစား မိဘများကလည်း ဒေစီကိုလက်ခံထိန်းသိမ်းနိုင်ခြင်း မရှိတော့ ကြောင်း တာဝန်မယူနိုင်ကြောင်းပြောလာသည်။

သည်တော့ လူမှုရေးအရာရှိအဖို့ အခြားနည်းမရှိ။ တရားရုံးသို့ ပြန်လည်ပို့ရန်သာရှိသည်။ အမှန်မှာဒေစီသည် ရာဇဝတ်မှုကျူးလွန်ထားသူဖြစ်သည်။ တရားရုံးက ဒေစီ့ကို ဆယ်ကျော်သက်အကျဉ်းစခန်းသို့ပို့ပြီး ထောင်ချထားနိုင်သည်။ သို့သော် ထောင်ချမည့်အစား ရပ်ကွက်အတွင်း၌ ကုသပြုစုပျိုးထောင်မှုအောက်တွင် နေရန် အပြစ်ဒဏ်ချမှတ်ခြင်းဖြစ်သည်။ ဤအမိန့်တွင် ဒေစီ့ကို ဘယ်လိုကူညီ စောင့်ရှောက်ရမည်ကို ဖော်ပြထားသလို ဒေစီဘက်ကလည်း လိုက်နာရမည့် စည်းကမ်းတော့ရှိသည်။ အိမ်ပြေး၊ ကျောင်းပြေးပြီး ကိုယ်နေချင်သလိုနေလို့မရပါ။

စည်းကမ်းအကြိမ်ကြိမ် ဖောက်လာသည့်အတွက် တရားရုံးသို့ ပြန်ပို့ပြီး အမိန့်တောင်းခံခြင်း ဖြစ်သည်။ လူမှုရေးအရာရှိက ဒေစီအတွက် သင့်လျော်သည့်အစီအစဉ်မှာ လူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ ပို့ပေးခြင်းဖြစ်ကြောင်း တင်ပြတောင်းဆိုသည်။ တရားရုံးမှသဘောတူပြီး အမိန့်ချမှတ်သဖြင့် ဒေစီသည် မဲလ်ဘုန်းမြို့ဆင်ခြေဖုံးတစ်နေရာတွင်ရှိသော လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွင် သွားရောက်နေထိုင်ရသည်။

လူငယ်ပြုစုပျိုး ထောင်ရေးစခန်းသည် အကျဉ်းထောင် မဟုတ်ပါ။ သို့သော် မွေးစားမိဘများနှင့် နေထိုင်ရသလို မလွတ်လပ်ပါ။ တရားရုံးအမိန့်ဖြင့် မွေးစားခံရသည့် လူငယ်၅ရာခိုင်နှုန်းသည် ဒေစီကဲ့သို့ ယခုလိုလူငယ်စခန်းသို့ ရောက်ကြသည်။ ဒေစီ

ရောက်နေသည့်စခန်းတွင် လူငယ်၂၀မှ ၃၀အထိ လက်ခံနိုင်သည်။ အများအားဖြင့် အသက်၁၅နှစ်ကျော် လူငယ်များဖြစ်သည်။ ဤစခန်းတွင် အသက်၁၈နှစ်အထိ နေသွားနိုင်သည်။

ဤစခန်းတွင် ရောက်ရှိနေသည့် လူနာများအတွက် နေ့စဉ် လုပ်ဆောင်ကြရမည့်အချိန်ဇယားရှိသည်။ လူငယ်တိုင်း အချိန်ဇယားအတိုင်း နေ့စဉ်ပါဝင်လှုပ်ရှားရသည်။ စာသင်ချိန်တွင် မိမိ နောက်ဆုံးရောက်နေသည့် အတန်း၏ သင်ရိုးညွှန်းတမ်းအတိုင်း သင်ကြားရသည်။ ပြင်ပမှ အစိုးရစရိတ်ဖြင့် လာရောက်သင်ကြား ပြသပေးသည့် ဆရာများရှိ၏။ စခန်းအတွင်း၌ စက်ချုပ်အပ်ချုပ် ပညာ၊ အချက်အပြုတ်ပညာ၊ လက်သမားပညာ၊ စက်ပြင် ပညာစ သည့် လက်တွေ့အသက်မွေးဝမ်းကျောင်း ပညာများကိုလည်း သင် ကြားပေးသည်။ အားကစားအချိန်တွင် လူငယ်တိုင်း မိမိနှစ်ခြိုက်ရာ အားကစားတစ်ခုခုကို ပါဝင်လေ့ကျင့်ရသည်။

စိတ်ပိုင်းဆိုင်ရာ ကုထုံးကုနည်းများအတွက် အချိန်သတ် မှတ်ချက်ရှိ၏။ အုပ်စုလိုက် စုပေါင်းဆွေးနွေးပြီး ကုထုံးကုနည်းဖြင့် ကုသသည့် အချိန်ပိုင်းလည်းရှိသည်။ မူးယစ်ဆေးစွဲသူများအတွက် မူးယစ်ဆေးပြတ် နိုင်စေရန် စိတ်ကုထုံးနည်းပညာပေးသည့် အချိန် ပိုင်းလည်းရှိ၏။

ထို့ကြောင့် ရက်သတ္တပတ် တစ်ပတ်လျှင် ငါးရက်စလုံး ကွက်တိ အချိန်ဇယားအတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ အခန်း

ထဲ၌အနားယူပြီး အပါးခိုနေ၍မရ။ ထွက်ချင်သလို အပြင်ထွက်၍လည်းမရ။ စနေနေ့တိုင်း အုပ်စုလိုက် ကြီးကြပ်သူနှင့်အတူ အပြင်ထွက်ခွင့်ရှိသည်။ တနင်္ဂနွေနေ့သည် လုံးဝနားသည့်နေ့ဖြစ်သည်။ ဝါရင့်သူများ စည်းကမ်းကောင်းမွန်သူများကို အချိန်ပိုင်းထွက်ခွင့်ပေးသည်။

ဒေစီ့အဖို့ ယခုလို စည်းကမ်းတကျတာဝန်သိသိ နေထိုင်ဖူးသည်မှာ သူမဘဝတွင် ပထမဆုံးအကြိမ်ဖြစ်သည်။

ဝဲဂယက်အတွင်း၌ လည်ပတ်လွင့်မျောနေသည့် လှေငယ်ကလေးသည် မြစ်ပြင်အလယ်မှ ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်နေပြီး ခေတ္တခဏရပ် နားခိုလှုံခွင့်ရခဲ့ခြင်းဖြစ်၏။ လမ်းမှန်ကိုဦးတည်ကာရှေ့ဆက်ပြီး ရွက်လွှင့်နိုင်ဖို့ အခွင့်အရေးရပြီ။ လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွင်နေစဉ် ဒေစီဆယ်တန်းအောင်သည်။ လက်မှုပညာအချို့ အတော်အသင့် တတ်လာသည်။ ဘဝရှေ့ရေးအတွက် မျှော်လင့်ချက်တွေ ထားနိုင်လာ၏။

ဒေစီ့စကားဆုံးသည့်အခါ စာရေးသူတို့ အားတက်လာသည်။ ရှေ့ဆက်ပြောမည့် ဇာတ်လမ်းကိုလည်း ပိုမိုစိတ်ဝင်စားလာသည်။

ဒေစီက လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှာ ဖြစ်ခဲ့သည့် သူမဘဝ၏ ကဏ္ဍတစ်ခုကို လိုလိုလားလား ဆက်ပြီးပြောသည်။

## “လူငယ်စခန်းမှ မေတ္တာဇာတ်လမ်း”

“ဒေစီ အနားယူ အပေါ့အပါးသွားချင်သေးသလား”

စင်သီယာက ဒေစီစကားမစမီ အလိုက်သိစွာဖြင့်မေးသည်။

“ကောင်းသားပဲ စင်သီယာ။ ကျွန်မ ကော်ဖီတစ်ခွက်လောက်လည်း ထပ်သောက်ချင်တယ်။”

ဒေစီနှင့် စင်သီယာတို့သည် လူနာဆောင်အတွင်းသို့ ခေတ္တဝင်သွားသည်။ မကြာမီ ကော်ဖီတစ်ခွက်စီကိုင်ပြီး ပန်းခြံ

အတွင်းသို့ ပြန်လာကြ၏။ ဒေစီက ကော်ဖီမသောက်မီ စီးကရက် တစ်လိပ်ကိုမီးညှိပြီး စကားဆက်သည်။

လူငယ်ပြုစုပျိုးထောင်ရေးစခန်းကို ရောက်ပြီးမကြာမီ ဒေစီကို ချစ်မည့်သူပေါ်လာသည်။ ယောကျ်ားကလေးကလည်း ဒေစီကဲ့သို့ လူငယ်စခန်းသို့ တရားရုံးအမိန့်ဖြင့် ရောက်ရှိလာသူ ဖြစ်သည်။ သူက ဒေစီထက် အသက်တစ်နှစ်ကြီးသည်။ သူလည်း ဒေစီကဲ့သို့ပင် မူးယစ်ဆေးစွဲခဲ့သူဖြစ်သည်။ မူးယစ်ဆေးကု စိတ်ပညာရှင်ရုံးခန်းတွင် သူတို့နှစ်ဦး မကြာခဏဆုံတွေ့ကြသည်။ သည်လို နှင့်ပင် တဖြည်းဖြည်း ရင်းနှီးလာကြခြင်းဖြစ်သည်။ စခန်းအတွင်း၌ သွားအတူလာအတူ စားအတူဖြစ်လာသည်အထိ အဆင့်မြင့်လာ သည်။

ဩစတြေးလျနိုင်ငံတွင် ဆေးရုံတွေမှာပဲဖြစ်ဖြစ် ယခုလို စခန်းတွေမှာပဲဖြစ်ဖြစ် ယောကျ်ားမိန်းမအဆောင်ခွဲမထားပါ။ ဆေးရုံများတွင် လူနာဆောင်တစ်ခုတည်းအတွင်း ယောကျ်ားနှင့် မိန်းမ အတူနေရာချထားသည်။ တစ်ခန်းထဲတွင် အတူထားခြင်း တော့မဟုတ်ပါ။ ဒေစီတို့ လူငယ်စခန်းတွင် ယောကျ်ားအဆောင် မိန်းမအဆောင် ခွဲမထားသော်လည်း အဆောက်အအုံပုံစံက အင်္ဂလိပ်အက္ခရာ "အယ်လ်"ပုံစံဖြစ်သည်။ ယောကျ်ားကလေးများ အတွက် တစ်ဘက်တွင် အိပ်ခန်းများရှိပြီး မိန်းကလေးများအတွက် အခြားတစ်ဘက်၌ အိပ်ခန်းများရှိသည်။ အလယ်ဗဟိုတွင် ဘုံခန်းမ

ကြီးတစ်ခုရှိ၏။ ကျွန်းခန်းမကြီးကိုဖြတ်ပြီး ယောကျာ်းလေးအဆောင်မှ မိန်းကလေးအဆောင်ကို အလွယ်တကူဖြတ်ကူးနိုင်သည်။ ဒေစီနှင့် သူမ၏ရည်းစားတို့သည် သွားအတူလာအတူအဆင့်မှ တစ်ခါတစ်ရံ အိပ်အတူအဆင့်ရောက်လာခဲ့သည်။ ဒေစီ၏ ဘဝနောက်ကြောင်းအတွေ့အကြုံက ဤကိစ္စမျိုးတွင် တီကိုဆားနှင့်ထိသလို တွန့်နေစေတတ်သည်လည်းရှိသည်။ ထောင်ကျကျ ပြားကျကျ ဖြစ်ချင်တာဖြစ် ဇွတ်လုပ်တတ်သည် အချိန်အခါလည်း ရှိတတ်သည်။ သူတို့နှစ်ဦးစလုံး တစ်စတစ်စ ဇက်ရဲလာသည်။ စိတ်ခံစားမှုကိုဦးစားပေးပြီး ပတ်ဝန်းကျင်ကို အလေးမမူ ဂရုမထားဖြစ်လာသည်။ ဦးနှောက်က အတွေးထက် နှလုံးသား၏အရေးကို အလေးထားလာကြသည်။ ကြာလာသောအခါ စခန်းပတ်ဝန်းကျင်တွင် မျက်စိရှုပ်ဖွယ်ရာဖြစ်လာ၏။

ဤနိုင်ငံတွင် ဖိုမကိစ္စနှင့်ပတ်သက်လျှင် နိုင်ငံသားများသည် အမြင်ကျယ်ပါသည်။ သို့သော် ဒေစီတို့စုံတွဲမှာ အရွယ်ရောက်သူများ မဟုတ်ပါ။ ၁၈နှစ်အောက် လူငယ်များသာ ဖြစ်သည်။ ထို့အပြင် လူငယ် ၂၀ကျော် ၃၀ ကို ထိန်းသိမ်းနေရသည့် စခန်းဖြစ်သည့်အတွက် စည်းကမ်းဘောင်တော့ သတ်မှတ်ပေးရန် လိုပါသည်။ ဒေစီတို့အတွဲသည် စည်းကမ်းဘောင် အပြင်ဘက်ကို မသိမသာတဖြည်းဖြည်း ရောက်နေပြီး သတ်မှတ်ထားသည့် အနီမျဉ်းကြောင်းလိုင်းကို ကျော်ဖြတ်နေပြီဖြစ်သည်။ စခန်း၌ တာဝန်ရှိသူများသည် ဒေစီတို့

ဇာတ်ကွက်ဆင်နေသမျှကို လက်ပိုက်ကြည့်နေရန် မဖြစ်နိုင်တော့ပါ။ ဒေစီတို့အတွဲ၏ အပြုအမူများကို ပြုပြင်ဖို့ ဆုံးမညွှန်ကြားပေးရမည့် အခြေအနေရောက်နေပြီ။ အခြားလူငယ်များကပါ အတုမြင် အတတ်သင်လာလျှင် သည်လူငယ်ပြုစုပျိုးထောင်ရေးစခန်းကို အပြစ်ဆိုဖွယ်ရာ ဖြစ်လာမည်။ တိရစ္ဆာန်ရုံအတွင်းက မျောက်တွေထားသည့် ခြံနှင့်တူနေပြီဟု ပြောကြလိမ့်မည်။ အမှိုက်ကစ ပြဿဒ်မီးလောင်မဖြစ်ရလေအောင် အချိန်မီတားဆီးရန် စခန်းမှူးက ဆုံးဖြတ်သည်။

ဒေစီနှင့်သူမ၏ရည်းစားကို ဖိတ်ခေါ်ဆွေးနွေးသည်။ ဒေစီ၏ ရည်းစားယောကျ်ားလူငယ်ကတော့ ကြောက်တတ်သည်။ ချက်ချင်းအမှားကိုဝန်ခံသည်။ စခန်းမှူးပါးစပ်မဟာမိကပင် သူစကားအတိုင်းနားထောင်လိုက်နာပါမည်ဟု ကတိပေးသည်။

ဒေစီ၏တုံ့ပြန်ပုံက တစ်မျိုးဖြစ်သည်။ အားလုံးကို မကျေမနပ်ဖြစ်နေသည်။ ရေလာမြောင်းပေး အသာလျှိုပြီး အရှိန်သတ်နေလျှင် ပြီးသည့်ကိစ္စ။ သူမက စွပ်စွဲသူတွေကို တန်ပြန်ပြီး တရားခံဖြစ်အောင်ပြောလာသည်။ အားလုံးက သူ့ကိုအပြစ်ရှာကြသည်။ မနာလိုဝန်တိုဖြစ်လို့ တရားမဲ့အတိုင် ခံရသည်ဟုပြောသည်။ အခြားသူငယ်ချင်းမိတ်ဆွေများကို အပြစ်ပြောသည်။ ရန်လုပ်သည်။ သူ့ရည်းစားကိုလည်း သူ့ဘက်မှ ကာကွယ်မပေးရကောင်းလားဟု ပြစ်တင်ရှုံ့ချသည်။ သူ့ရည်းစား၏ အားနည်းချက်များ ငယ်ကျိုးငယ်နာများကို

စခန်းရှေ့တွင် အဆက်အစပ်မရှိ ဖော်ထုတ်သည်။ စခန်းမှူးရှေ့တွင် ထိုင်နေရာမှ ဖြုန်းကနဲထပြီး ကုလားထိုင်ကို တွန်းလှဲပစ်လိုက်သည်။ နောက်ပြီး စခန်းမှူးကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။ ထို့နောက်စခန်းတွင်းမှ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွားသည်။ ထွက်ပေါက်တံခါးကို စိတ်ဆိုးမာန်ဆိုးနှင့် ဆွဲပိတ်လိုက်သဖြင့် ဒိုင်းကနဲအသံမြည်ပြီး ကျန်ခဲ့သည်။

နောက်တစ်နေ့တွင် ဒေစီ့ကို စခန်းအုပ်ချုပ်ရေးအဖွဲ့က အပြစ်ဒဏ်ပေးသည်။ ရှေ့တွင် ကောင်းစွာနေထိုင်ပြီး စည်းကမ်းလိုက်နာရန် တရားဝင်သတိပေးစာပို့သည်။ စခန်းအပြင် ထွက်လည်ခွင့်ကို တစ်လပိတ်လိုက်သည်။

သူ့ရည်းစားကလည်း ဒေစီ့ကို ခပ်တန်းတန်း ဆက်ဆံလာသည်။ ရှောင်ဖယ်ဖယ်လုပ်လာသည်။ ဒေစီက သူ့ရည်းစားကို အခြားမိန်းကလေးများနှင့်စွပ်စွဲသည်။ "သူတို့နဲ့ကြိုက်နေလို့ ငါ့ကို ဒီလို ဆက်ဆံလာတာလား" ဆိုသည့် သဘောမျိုးရန်ထောင်သည်။ လူကွယ်ရာမှာ အကြမ်းဖက်ထုရိုက်သည်။

အမှန်အားဖြင့် ဒေစီသည် သူမ၏ပြဿနာကို ပုံကြီးချဲ့ခြင်းဖြစ်၏။ "ငါနဲ့မတူ ငါ့ရန်သူ" ဟုသတ်မှတ်ခြင်းဖြစ်သည်။

ယခုလိုတုံ့ပြန်ခြင်းသည် ဒေစီ၏မူရင်းစိတ်ထဲ၌ မိမိကိုယ်ကို ယုံကြည်မှုအားနည်း၍ဟုဆိုသည်။ သိမ်ငယ်စိတ်ကိုအခြေခံသည်ဟု စိတ်ပညာရှင်များကဆိုပါသည်။ သိမ်ငယ်စိတ်နှင့်အတူ

မိမိကိုယ်ကို အပြစ်တင်စိတ်တွေရှိသည်။ သို့သော် မိမိကိုယ်ကို အပြစ်မြင်စိတ်သည် ဒေစီ၏အသိစိတ်အတွင်း၌ မရှိ။ အသိစိတ်က လက်မခံနိုင်။ ထို့ကြောင့် မိမိကိုယ်ကို အပြစ်မြင်သည့် စိတ်ဒုက္ခမှ ကာကွယ်ရန်အတွက် စိတ်ကဖန်တီးမှုတစ်ခု ပြုလုပ်သည်။ အင်္ဂလိပ် လို "ပရိုဂျက်ရှင်း" ဟုခေါ်သည်။ နံရံတွင် အရိပ်ထင်စေခြင်းလို့ ဆိုနိုင်သည်။ ရုပ်ရှင်ပြစက်ကဲ့သို့ ဖလင်လိပ်အတွင်းမှ ပုံရိပ်များက စက်အတွင်းက ထွက်လာပြီး ရုပ်ရှင်ပိတ်ကားပေါ်တွင် ရုပ်ပုံထင် စေခြင်းမျိုးဖြစ်သည်။

သည်တော့ ဒေစီသည် သူမ၏အမှားကို အခြားသူများ၏ အမှားဟုမြင်သည်။ သူမစိတ်က အခြားတစ်ဦးတစ်ယောက်အပေါ် တွင် မကျေနပ်ဖြစ်နေတာ မုန်းတာတွေကို လက်မခံပဲ အခြားလူ တွေက သူမကို မကျေနပ်ဖြစ်နေသည်၊ မုန်းနေသည်ဟု ထင်လာ သည်။ သူမကိုမုန်းလို့ သူမကို အပြစ်မရှိအပြစ်ရှာပြီး အာဃာတ ထားနေကြသည်၊ မတရားလုပ်ကြံနေသည်ဟု စွပ်စွဲလာခြင်းဖြစ်သည်။ သိမ်ငယ်စိတ်ကို အခြေခံသည့် သံသယစိတ်လွန်ကဲမှုဖြစ်သည်။

သံသယစိတ်လွန်ကဲမှု တဖွတ်ထိုးလုပ်တတ်သည့် အကျင့်၊ စိတ်လိုက် မာန်ပါ ကိုယ်ထိလက်ရောက် နှုတ်ကြမ်းကိုယ်ကြမ်း လုပ်တတ်သည်ဗီဇတွေ ပေါင်းလိုက်သည့်အခါ စခန်းမှာ ဒေစီသည် လူဆိုးဖြစ်နေသည်။ အပေါင်းအသင်းနည်းလာ၏။ စခန်းတွင်နေရ သည်မှာ ငြီးငွေ့ဖွယ်ရာ ဖြစ်နေသည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

တစ်နေ့တွင် ဒေစီ၏ရည်းစားက သူတို့၏ချစ်သူဘဝကို အဆုံးသတ်ဖို့ ပြောလာသည်။ သူတို့အချင်းချင်း ချစ်သူရည်းစားလို မဆက်ဆံပဲ သူငယ်ချင်းလိုသာ ဆက်ဆံဖို့ပြောသည်။ သူမရည်းစား ဆုံးဖြတ်ချက်ကိုကြားရသည့်အခါ အနာပေါ်တုတ်ကျသလို ခံစားရသည်။ ပတ်ဝန်းကျင်က အတင်းပြောကွက် ဖြစ်နေချိန်တွင် မိမိကို ချစ်ပါသည်ဟု ပြောခဲ့သည့်သူက ပစ်ပစ်ခါခါ လုပ်လိုက်ပြန်တော့ ဒေစီ သူမစိတ်ကို ထိန်းထားရန်ခက်နေသည်။ သူမဘဝတစ်လျှောက်လုံးတွင် ခံစားခဲ့ရဖူးသည့် စိတ်ဒုက္ခဝေဒနာတွေသည် အသစ်တဖန် ပြန်ပေါ်လာသည်။ ရင်တွင်း၌ ပွက်ပွက်ဆူလာသည်။ ဒေစီ့စိတ်အတွင်း၌ မုန်တိုင်းထန်လာသည်။ တစ်ခုခု အန္တရာယ်ဖြစ်အောင် လုပ်လိုက်မှစိတ်ဖြေသာမည်။ ဒေစီသည် အခန်းတွင်းသို့ ဝင်ပြေးပြီး မုတ်ဆိတ်ရိတ်ဓားဖြင့် သူမ၏လက်ဖျံတွင် လှီးဖြတ်သည်။ တစ်ချက်မဟုတ် အချက်ပေါင်းများစွာ လှီးဖြတ်သည်။ သူ့ရည်းစားက ပြေးဝင်သွားပြီး ဒေစီ့လက်အတွင်းမှ ဓားကိုလွတ်ကျသွားစေရန် ဒေစီ၏လက်မောင်းရိုးကို ရိုက်ချလိုက်၏။ ထို့နောက် စခန်းမှအရာရှိတစ်ဦးကို အော်ဟစ် အကူအညီတောင်းသည်။

စခန်းမှူးသည် လက်ကောက်ဝတ်နေရာမှ သွေးတစက်စက် ကျနေသည့် ဒေစီ့အဖြစ်ကို တွေ့ရသည့်အခါ အကျႌအိတ်အတွင်းမှ ပါလာသည့် မိုဘိုင်းဖုန်းကိုဆွဲထုတ်ပြီး လူနာတင်ကားကို အရေးပေါ်လာရောက်ရန်ဖုန်းဆက်သည်။ သို့ဖြင့် ဒေစီသည် မဲလ်ဘုန်းမြို့

## ဒေါက်တာဗဲန်းကျော်

"အယ်လီစဘက်ဘုရင်မ" ဆေးရုံ အရေးပေါ် ဆေးကုဌာနသို့ ရောက်သွားသည်။ ၎င်းဌာနမှတဆင့် စိတ်ရောဂါ အထူးကုသဆောင်တွင် ဒေစီ အတွင်းလူနာအဖြစ် ဆေးရုံတက်ရသည်။ ဒေစီ၏ဘဝတွင် ပထမဦးဆုံးအကြိမ် စိတ်ရောဂါကုသဆောင်၌ တက်ရောက်ကုသရခြင်းဖြစ်သည်။

ဒေစီသည် သူမ၏အဖြစ်အပျက်များကို စိတ်ပါလက်ပါ ပြောပြပြီး ခေတ္တနားလိုက်သည်။

သူနာပြုစင်သီယာက ဒေစီ၏ရောဂါဝေဒနာကို သိလိုသည့်အတွက် ဒေစီ့ကိုမေးသည်။

"မဲလ်ဘုန်းအယ်လီစဘက်ဘုရင်မဆေးရုံမှာ ဘယ်လောက်ကြာကြာနေရသလဲ၊ ဆရာဝန်တွေက ဘာရောဂါလို့ ကောက်ချက်ချသလဲ။"

"တစ်ပတ်လောက်ကြာပါတယ်။ ကျွန်မပထမအကြိမ်ဆေးရုံတက်ရတာဆိုတော့ အမျိုးမျိုးစစ်ဆေးစမ်းသပ်နေလို့ ကြာသွားတာပါ။ ကျွန်မရောဂါက ဆိုးလို့မဟုတ်ပါဘူး၊ ရောဂါအမည်ကိုတော့မသိဘူး။ ဆရာမတို့မှာ ဆေးရုံဆင်းမှတ်တမ်းမရှိဘူးလား။"

ဒေစီမေးသည်မှာ မေးသင့်မေးထိုက်သည့် မေးခွန်းဖြစ်

သည်။ လူနာတစ်ဦး ဆေးရုံတက်လာလျှင် နောက်ကြောင်းအဖြစ်အပျက် ရောဂါရာဇဝင်ကို သိရှိနိုင်ရန်အတွက် ဆေးရုံဆင်းမှတ်တမ်းများကို တောင်းယူရပါသည်။ သို့သော် ဆင်းရုံဆင်းမှတ်တမ်းများကို ဒေစီခွင့်ပြုချက်မပေးပဲ အခြားဆေးရုံများက ပို့ပေးမည်မဟုတ်ပါ။

"ဒေစီ့ရဲ့ခွင့်ပြုချက်ကို လက်မှတ်ထိုးပြီးပြီလား" ဟု စာရေးသူက စုံစမ်းပါသည်။

"မနေ့ညက သူနာပြုတစ်ယောက်က ပုံစံတစ်ခုကို လက်မှတ်ထိုးခိုင်းလို့ သဘောတူလက်မှတ်ထိုးပြီးပါပြီ"

"ဒီလိုဆိုရင် ရုံးခန်းမှာ ရောက်နေနိုင်တယ်။ ကျွန်မသွားကြည့်လိုက်မယ်"ဟု သူနာပြုစင်သီယာက ပြောပြောဆိုဆိုထသွားသည်။ မကြာမီ စင်သီယာ ပြန်လည်ရောက်ရှိလာပြီး ဆေးရုံဆင်းမှတ်တမ်းများကို စာရေးသူအား လက်ကမ်းပေးလိုက်သည်။

"ဒေစီခဏခွင့်လွှတ်ပါ။ ကျွန်တော် မဲလ်ဘုန်းအယ်လီစဘက်ဘုရင်မဆေးရုံက ဆေးရုံဆင်းမှတ်တမ်းတွေကို ဖတ်လိုက်ဦးမယ်"

စာရေးသူသည် ဆေးရုံဆင်းမှတ်တမ်းကို အဆုံးအထိ တစ်ရှိက်ချ ဖတ်လိုက်သည်။ စိတ်ဝင်စားဖွယ်ကောင်းပါသည်။

ဆေးရုံဆင်းမှတ်တမ်းမှာ ဖော်ပြထားသည့် ရောဂါစစ်တမ်းကဒီလိုပါ။

## "စိတ်ကျန်းမာရေးစစ်တမ်း"

စိတ်ကျန်းမာရေး ချို့ယွင်းသူများကို ရောဂါမှတ်တမ်း ထုတ်အမည်ဖော်ရာတွင် အသုံးပြုသည့် ခေတ်မီစနစ်တစ်ခုရှိသည်။ ဤစနစ်ကို အမေရိကနိုင်ငံ စိတ်ရောဂါကုပါရဂူများအဖွဲ့မှ စတင်သုံးစွဲလာခြင်းဖြစ်၏။ ဤစနစ်တွင် ဝင်ရိုးကြောင်းငါးခုကို အခြေခံထားသည်။

စိတ်ရောဂါခံစားနေရသည့် လူနာတစ်ဦးကို စစ်ဆေးရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ခြုံမိစေရန် စီစဉ်ခြင်းဖြစ်သည်။

## ဒေါက်တာသန်းကျော်

ပထမဝင်ရိုးကြောင်းမှာ ယခုလတ်တလော လက်ရှိခံစား နေရသည့် စိတ်ဝေဒနာတစ်ခုခု၏အမည်ကိုဖော်ပြသည်။ ဒေစီ ခံစားနေရသည့် ဝေဒနာကို ဖိစီးမှုဒဏ်ကြောင့် ညှိနှိုင်းမှုစွမ်းအား ချို့ယွင်းခြင်းဟုဆိုသည်။ သဘောမှာ ဒေစီသည် ယခုလောလော ဆယ် ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ခုခုဖြင့် ရင်ဆိုင်တွေ့ရပြီး ပြဿနာကို ထိရောက်အောင်မြင်စွာ မတုံ့ပြန်နိုင်ခြင်းဖြစ်သည်။

ဒုတိယဝင်ရိုးကြောင်းသည် လူနာတစ်ဦး၏ ကိုယ်ရည် ကိုယ်သွေးစစ်တမ်းကို ဖော်ပြသည်။ ကိုယ်ရည်ကိုယ်သွေးဆိုသည်မှာ လူတစ်ယောက် ပြုမူလေ့ရှိသော အလေ့အထ၊ အခါအခွင့်သင့်တိုင်း ဖော်ပြတတ်သည့် စိတ်ခံစားမှု၊ လူတစ်ဦး၏ ပင်ကိုယ်ဉာဏ်နှင့် တွေးတောဆင်ခြင်ခြင်း လူတစ်ဦး၏ စွဲမြဲယုံကြည်ချက်များ၊ အခြား သူများနှင့် ပေါင်းသင်းဆက်ဆံသည့်အခါ ဖော်ထုတ်လေ့ရှိသည့် အပြုအမူများစသည်တို့ကို စုပေါင်းထားသည့် ကိုယ်ပိုင်အရည် အသွေးဂုဏ်သတ္တိဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေးသည် ယခုလတ် တလော လက်ရှိခံစားရသည့် စိတ်အခြေအနေမဟုတ်။ လူတစ်ဦး တစ်ယောက်၏ အရုပ်အမောင်း၊ အသားအရောင်၊ မျက်နှာပုံအနေ အထားများကဲ့သို့ ထိုသူနှင့် အစဉ်အမြဲကပ်ပါနေသည့် ဂုဏ်သတ္တိ ဖြစ်သည်။ ရေရှည်ဖော်ပြနေသည့် လူတစ်ဦး၏ စိတ်ဓာတ်အခြေခံ ဖြစ်သည်။

လူတိုင်းလူတိုင်းတွင် ကိုယ်ပိုင်“ငါ”ဟု ပြောနိုင်သည့်

ကိုယ်ရည်ကိုယ်သွေးရှိသည်။ တစ်ဦးနှင့်တစ်ဦး ထပ်တူမရှိ။ လက်ချောင်းများမှ လက်ဗွေကဲ့သို့ ဖြစ်သည်။ အကြမ်းအားဖြင့် ကြည့်လျှင် လက်ဗွေရာများမှာ တစ်ဦးနှင့်တစ်ဦး ဆင်တူရိုးမှား ရှိသည်။ သို့သော် တစ်ဦးနှင့်တစ်ဦး ထပ်တူမရှိ။ လူတစ်သန်းတွင် လက်ဗွေပုံသဏ္ဌာန်တစ်သန်းရှိနိုင်သည်။

လူတိုင်းလူတိုင်းတွင် ကိုယ်ပိုင်အရည်အသွေးရှိသောကြောင့် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဆိုသည်မှာ မည်သည်နည်းဟု ပြောရန်ခက်သည်။ လူတိုင်းတွင် အကောင်းရှိသလို အဆိုးလည်းရှိသည်။ အားနည်းချက်တွေရှိသလို စွမ်းဆောင်နိုင်အားတွေလည်းရှိသည်။ ပုထုဇဉ်တွေ မဟုတ်ပါလား။

သို့သော် သာမန်ပျမ်းမျှထက်လွန်ကဲသည့် လူများလည်း ရှိသည်။ မလိုလားအပ်သည့် စိတ်ဓာတ်အခြေခံများ လွန်ကဲစွာ ရရှိနေခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် လွန်ကဲခြင်းရှိမရှိ မည်သူနှင့် ယှဉ်ပြီးပြောမည်နည်း။ မည်သူနှင့်မှ ယှဉ်ပြော၍မရပါ။ မဆီလျော်ပါ။ ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းမှုကို “မကောင်းကျိုး” ရှုထောင့်မှ ကြည့်ပါသည်။

လူတစ်ဦး၏ အပြုအမူ၊ စိတ်ခံစားမှုများသည် လွန်ကဲမှုရှိလာမည်။ ထိုလွန်ကဲမှု အပြုအမူကြောင့် ပတ်ဝန်းကျင်ကို မကောင်းကျိုးဖြစ်စေမည်၊ ပတ်ဝန်းကျင်ကို ထိခိုက်စေမည်ဆိုလျှင် ထိုအပြုအမူမျိုး အစဉ်အမြဲလုပ်နေသူကို ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူဟုဆိုနိုင်၏။

အလားတူ လူတစ်ဦး၏ လွန်ကဲသည့် အပြုအမူ စိတ်ခံစားမှုများက ထိုသူကို မကောင်းကျိုးပြုလျှင် ထိုသူတွင်ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းရှိသည်ဟုဆိုနိုင်သည်။ ဥပမာအားဖြင့် ဒေါသကြီးတတ်သူသည် အစဉ်အမြဲ ဒေါသကိုရှေ့ထားပြီး မကြာမကြာ ရိုက်နှက်ခြင်း၊ အကြမ်းဖက်ခြင်း အပြုအမူများကြောင့် အခြားသူများ ဒဏ်ရာအနာတရရရှိခြင်း၊အသက်ဆုံးရှုံးရခြင်းတို့ ဖြစ်ပါသည်။ ထိုကဲ့သို့ ဒေါသလွန်ကဲခြင်းသည် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဖြစ်သည်။ အလားတူ လူတစ်ဦးသည် စိုးရိမ်စိတ်များပြီး အရာရာကိုအကြောက်လွန်နေလျှင် မိမိအဖွဲ့ပျက်စီးရာပျက်စီးကြောင်းဖြစ်သည်။ ထိုကဲ့သို့ စိုးရိမ်လွန်ကဲမှုသည် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းလက္ခဏာဖြစ်သည်။

ဆေးရုံဆင်းမှတ်တမ်းတွင် ဒေစီသည် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဝေဒနာ ခံစားရသည်ဟု ဖော်ပြထားပါသည်။ "ဘော်ဒါလိုင်းကိုယ်ရည် ကိုယ်သွေးချို့ယွင်းခြင်းဝေဒနာ"ဟု ဖော်ပြထားသည်။

ဤကိုယ်ရည်ကိုယ်သွေး ချို့ယွင်းမှုဝေဒနာသည် ယခုလတ်တလော ဒေစီခံစားရသည့် ရောဂါမဟုတ်ပါ။ ဒေစီဆယ်ကျော်သက်အရွယ်မှစပြီး တဖြည်းဖြည်းအမြစ်တွယ်လာခြင်း ဖြစ်သည်။ ဒေစီကို လူတစ်ဦးတစ်ယောက်အဖြစ် ခွဲခြားသိရှိနိုင်သည့် ကိုယ်ပိုင်သတ္တိဖြစ်သည်။ ဆေးမှတ်တမ်းက ဒေစီတွင် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးလက္ခဏာများ လွန်ကဲစွာရှိနေသည်ဟု ဆိုခြင်းဖြစ်သည်။

## ပြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

တတိယဝင်ရိုးကြောင်းမှာ ကိုယ်ခန္ဓာရောဂါနှင့် ပတ်သက်သည်။ စိတ်နှင့်ကိုယ်ကို ခွဲခြားရန်ခက်သည်။ ဦးနှောက်သည် ကိုယ်ခန္ဓာ၏အစိတ်အပိုင်း တစ်ခုဖြစ်၏။ ဦးနှောက်၏ ဇီဝသဘာဝလုပ်ငန်းများ၏ ရလဒ်အကျိုးသည်စိတ်ဖြစ်၏။ အသိဖြစ်၏။ ခံစားမှုတွေဖြစ်၏။ စဉ်းစားဆင်ခြင်စေ၏။ အတိတ်ကိုမှတ်မိ၏။ အနာဂတ်ကိုကြိုတင်တွေးမြင်နိုင်၏။ စိတ်ခံစားမှုနှင့်အတွေးများက ကိုယ်ခန္ဓာ၏လုပ်ငန်းများကို ထိရောက်စေပြန်သည်။ ထို့ကြောင့် စိတ်ဝေဒနာရှင် လူနာကိုကြည့်ရှုစစ်ဆေးရာ၌ ကိုယ်ခန္ဓာရောဂါများရှိ/မရှိကိုပါ စစ်ဆေးရသည်။

ကိုယ်ခန္ဓာရောဂါတစ်ခုခု၏ အရှိန်အာနိသင်ကြောင့် စိတ်ဖောက်ပြားမှုကိုဖြစ်စေသည်။ ဥပမာ-လည်ပင်းဟော်မုန်းအကျိတ် (သိုင်းရွိုက်အင်္ဂါ ) လုပ်ငန်းလွန်ကဲနေလျှင် စိုးရိမ်သောကလွန်ကဲသည့် လက္ခဏာတွေဖြစ်ခြင်းမျိုး။ တစ်ဖန် ၎င်းအင်္ဂါ၏ လုပ်ငန်းများ ပျက်စီးလျော့နည်းလာလျှင် စိတ်ကျဝေဒနာ ရရှိနိုင်ခြင်းမျိုးဖြစ်သည်။ ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အပေါ်ယံအမြှေးပါးရောင် ရောဂါများဖြစ်လျှင် စိတ်ကယောင်ချောက်ချားကယောင်ကတမ်း ဖြစ်တတ်ခြင်းမျိုးတွေပါ။ ဆိုလိုသည်မှာ လူနာလတ်တလောခံစားနေရသည့် စိတ်ရောဂါဝေဒနာသည် ကိုယ်ခန္ဓာရောဂါတစ်ခုခု၏ လက္ခဏာဟုတ်မဟုတ် သုံးသပ်ရခြင်းဖြစ်သည်။

နောက်တစ်ချက်။ စိတ်ရောဂါဖြစ်သူတိုင်းသည် ကိုယ်ခန္ဓာကျန်းမာရေး ကောင်းသည်ဟု ယူဆ၍မရပါ။ စိတ်ရောဂါဝေဒနာခံစားနေရသည့် လူနာများ အတွင်း၌ ၃၄ရာခိုင်နှုန်းသည် ကိုယ်ခန္ဓာရောဂါတစ်ခုခုကို ပူးတွဲခံစားနေရသည်ဟုဆိုပါသည်။ အဆစ်ရောင်အဆစ်ကိုက်ရောဂါနှင့် သွေးတိုးရောဂါများကို အများဆုံးတွေ့ရသည်။ အသက်ရှူလမ်းကြောင်းရောဂါနှင့် အစာအိမ်ရောဂါများကိုလည်းတွေ့ရှိရသည်။ ထို့ကြောင့် ပူးတွဲခံစားနေရသော ကိုယ်ခန္ဓာရောဂါများရှိ၊ မရှိရှာဖွေပြီး မှတ်တမ်းတင်ရန်လိုအပ်သည်။

ဒေစီသည် လူငယ်ဖြစ်ပြီး ကျန်းမာရေးကောင်းသူဖြစ်သည်။ ပူးတွဲကိုယ်ခန္ဓာရောဂါမရှိ။ ဘယ်ဘက်လက်ဖျံတွင် ဓားဒဏ်ရာရှိသည်ဟုဖော်ပြထားသည်။ ဒေစီ လူငယ်စခန်း၌ သူမလက်ကိုသူမဓားနှင့်လှီးသည့်ဒဏ်ရာဖြစ်သည်။

စတုတ္ထဝင်ရိုးကြောင်းမှာ လူနာ၏ကိုယ်ရေးကိုယ်တာ လူမှုရေးအခက်အခဲများကို ဖော်ပြသည့်အပိုင်းဖြစ်သည်။ အသက်တစ်ရာမနေရသော်လည်း အမှုတစ်ရာနှင့် ကြုံကြရသည်ဟုဆိုသည်။ အတိတ်က အခက်အခဲ ပြဿနာတွေ၏ဒဏ်ကို ယခုပစ္စုပ္ပန်အထိခံစားနေရသည်လည်းရှိသည်။ ယခုပစ္စုပ္ပန်တွင်လည်း စိတ်ဖိစီးမှုဒဏ်ကိုဖြစ်စေသည့် လူမှုအခက်အခဲ ပြဿနာတွေရှိကြသည်။ လွယ်လွယ်နှင့်ဖြေရှင်းနိုင်တာလည်းရှိမည်။ ခက်ခဲရှုပ်ထွေးပြီး

ဖြေရှင်းရန်မစွမ်းနိုင်သဖြင့် ပတ်ဝန်းကျင်၏အကူအညီကို လိုအပ်သည်လည်းရှိနိုင်သည်။

စိတ်ရောဂါလူနာများတွင် လူမှုရေးအခက်အခဲများရှိ မရှိ စူးစမ်းရသည်။ ဆရာဝန်၊ သူနာပြုများအချင်းချင်း ကော်ဖီသောက်ခန်းတွင်ထိုင်ပြီး အတင်းပြောရန်မဟုတ်ပါ။ လူနာကို တတ်နိုင်သမျှကူညီနိုင်ရန် အရေးကြီးသည့်အခက်အခဲများကို မီးထိုးပြခြင်းဖြစ်သည်။ မင်နီမျဉ်းသားပြခြင်းဖြစ်သည်။

ဒေစီနှင့်ပတ်သက်ပြီး ဆေးရုံဆင်းမှတ်တမ်းတွင် ယခုလိုဖော်ပြထားသည်။ ကလေးဘဝတွင် ကာမဂုဏ်ဖျက်အောင်ကျူးလွန်ခံရသည့်ဖိစီးမှုဒဏ်။ လတ်တလော လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွင် ပတ်ဝန်းကျင်နှင့် အဆင်မပြေခြင်း။ ဆေးရုံမတက်မီ ချစ်သူရည်းစားနှင့်ကွဲကွာခြင်း။

ဤအခက်အခဲ ပြဿနာမှတ်တမ်းက ဒေစီသည် စိတ်ကုထုံးကုနည်းဖြင့် ကုသခံရန်လိုအပ်နေကြောင်း ထောက်ပြသလိုရှိသည်။

ပဥ္စမဝင်ရိုးကြောင်းသည် စိတ်ရောဂါဝေဒနာနှင့် အခြားအခက်အခဲပြဿနာများ၏ အကျိုးသက်ရောက်မှုကို စစ်ဆေးသုံးသပ်ခြင်းဖြစ်သည်။ လူနာခံစားနေရသည့် ရောဂါ၏အာနိသင်ကြောင့် လူနာတွင် မသန်မစွမ်းခြင်း မည်မျှရှိနိုင်သည်ကို ခန့်မှန်းဖော်ပြခြင်းဖြစ်သည်။ နေ့စဉ်လုပ်ရမည့် ကိုယ်ရေးကိုယ်တာ ကိစ္စတွေကို ဆောင်ရွက်နိုင်အားရှိ၊ မရှိ။ လူမှုဆက်ဆံရေးနှင့် လူမှုတာဝန်

များတွင် ယခင်လို စွမ်းဆောင်နိုင်ခြင်းရှိ၊ မရှိ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် ဆက်လက်လုပ်ကိုင်နိုင်ခြင်းရှိ၊ မရှိ စသည်တို့ကို စစ်ဆေးမှတ်တမ်းတင်ခြင်းဖြစ်သည်။

နောက် အရေးကြီးသည့်တစ်ချက်။ ပဥ္စမဝင်ရိုးကြောင်းတွင် လူနာမိမိကိုယ်ကို အန္တရာယ်ပြုနိုင်သည့်အလားအလာနှင့် သူတစ်ပါးကို အန္တရာယ်ပြုနိုင်သည့် အလားအလာများကို စစ်ဆေးဖော်ထုတ်ရသည်။ စိတ်ရောဂါဝေဒနာကို မခံစားနိုင်သဖြင့် မိမိကိုယ်ကို သေကြောင်းကြံသူ အများအပြားရှိသည်။ ဩစတြေးလျနိုင်ငံတွင် လူဦးရေတစ်သိန်းတွင် တစ်နှစ်အတွင်း ၁၅ဦးမှ၂၀ဦးအထိ မိမိကိုယ်ကို သတ်သေသည့်နှုန်းရှိကြောင်းတွေ့ရ၏။ နိုင်ငံသားလူဦးရေ ၂၂သန်း ပတ်ဝန်းကျင်ရှိသည့်အတွက် တစ်နှစ်၊ တစ်နှစ်လျှင် လူ ၃၀၀၀မှ ၄၀၀၀ အတွင်း မိမိကိုယ်ကို သေကြောင်းကြံသွား ကြသည်ဟုဆိုနိုင်သည်။ လူသတ်မှုဖြစ်ပွား သူများတွင် ၄ရာခိုင်နှုန်းမှ ၈ရာခိုင်နှုန်းမှာ စိတ်ရောဂါဝေဒနာကို ခံစားနေရကြောင်းတွေ့ရ၏။ ထို့ကြောင့် ဤအန္တရာယ်နှစ်မျိုးကို အလေးထား စစ်ဆေးကြရသည်။

ဒေစီ၏ဆေးရုံဆင်းမှတ်တမ်းတွင် ဆေးရုံဆင်းသည့်အချိန်၌ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်သည့်စွမ်းရည် သာမန်အဆင့်ဟုဆို၏။ ဆေးရုံတက်ရသည့် စိတ်ဝေဒနာကြောင့် မသန်မစွမ်းဖြစ်မှု များစွာမရှိဟုဆိုလိုခြင်းဖြစ်သည်။ လုပ်ကိုင်နေကျလုပ်ငန်းများကို ယခင်ကလိုပင် လုပ်ကိုင်နိုင်သည်ဟုဆိုခြင်းဖြစ်သည်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အန္တရာယ်နှင့်ပတ်သက်၍ ဒေစီသည် ဆေးရုံဆင်းသည့် အချိန်၌ မိမိကိုယ်ကို သတ်သေလိုစိတ်မရှိဟုဖော်ပြထားသည်။ သို့သော် အနာဂါတ်ကာလတွင် ဘဝပြဿနာအခက်အခဲများနှင့် ကြုံတွေ့ပါက မိမိကိုယ်ကို အန္တရာယ်ပြုနိုင်သည့် အလားအလာရှိ သည်ဟု မှတ်ချက်ပြုထားသည်။

စာရေးသူသည် မဲလ်ဘုန်းမြို့ အယ်လီဇဘက်ဘုရင်မ ဆေးရုံမှ ဆေးရုံဆင်းလက်မှတ်ကို ဖတ်ပြီးသောအခါ ဒေစီကို အကဲခတ်ကြည့်လိုက်သည်။

စာရေးသူနှင့် သူနာပြုစင်သီယာတို့က သူမ၏ဆေးရုံဆင်းမှတ်တမ်းတွင် ဖော်ပြထားသည့် တွေ့ရှိချက်များကို ဒေစီ သဘောပေါက်နားလည်စေရန်ရှင်းပြသည်။ လူနာ၏ ရောဂါနှင့်ပတ်သက်၍ လူနာနားလည်ရန်ရှင်းပြဖို့ ဩစတြေးလျနိုင်ငံ ကျန်းမာရေးဌာနက ပညာပေး ညွှန်ကြားချက်များ ထုတ်လုပ်ထားပါသည်။ လူနာတစ်ဦး၏ ရပိုင်ခွင့်လည်းဖြစ်သည်။ ဒေစီက သူမသဘောပေါက် နားလည်ကြောင်း၊ ယခင်သိထားသည်ထက်ပိုမိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပါသည်။

ဒေစီသည် စာရေးသူနှင့် သူနာပြုစင်သီယာကို ပိုမိုရင်းနှီးယုံကြည်လာသည်။ သူမဘဝ၏ အတိတ်မှအဖြစ်အပျက်များကို ဆက်လက်ပြောပြရန် ဝန်မလေးဘဲ စိတ်ပါလက်ပါပြောဆိုလာသည်။

# “လွတ်ပြီ ကျွတ်ပြီ”

မဲလ်ဘုန်းမြို့ အယ်လီစဘက်ဘုရင်မဆေးရုံမှဆင်းပေပြီ။ ဒေစီ့ကို လူငယ်ပြုစုပျိုးထောင်ရေးစခန်းသို့ ပြန်ပို့သည်။ ဒေစီ၏ လူမှုအခြေအနေက ပြောင်းလဲသွားပြီ။ ဆေးရုံတက်နေစဉ်အတွင်း ဒေစီ အသက်၁၈နှစ်ပြည့်သွားသည်။ ထို့အပြင် ဒေစီ့ကို လူငယ်ပြုစုပျိုးထောင်ရေးစခန်းတွင်နေထိုင်ရန် သတ်မှတ်ထားသည့် တရားရုံးအမိန့်သည်လည်း သတ်မှတ်ထားသည့် သက်တမ်းကုန်သွားပြီဖြစ်သည်။ ထို့ကြောင့် မည်သူကမျှ ဒေစီ့ကိုဘယ်မှာနေရမည်၊ ဘယ်လိုနေရမည် စသည်ဖြင့် ပြောဆိုနိုင်ခွင့်မရှိတော့။ ချုပ်ချယ်ထားခွင့်

မရှိတော့။ ဒေစီ၏စိတ်ဆန္ဒအတိုင်း လုပ်ပိုင်ခွင့်ရှိသွားသည်။ ဒေစီ အသက်၁၈နှစ်ပြည့်ပြီ မဟုတ်ပါလား။

ဒေစီစခန်းပြန်ရောက်ပြီး မကြာမီ စခန်းမှူးက ခေါ်ယူဆွေးနွေးသည်။ ဒေစီ၏စိတ်ဆန္ဒနှင့် အနာဂါတ်အတွက် ရည်မှန်းချက်အစီအစဉ်များကို စခန်းမှူးကမေးသည်။ လိုအပ်သလို အကူအညီပေးရန်ဖြစ်သည်။ စခန်းတွင် နေထိုင်လိုလျှင် ဆက်လက်နေထိုင်ခွင့်ရှိကြောင်းကိုလည်း ထောက်ပြသည်။

ဒေစီသည် စခန်းတွင်ဆက်လက်နေထိုင်သွားရန် စိတ်ကူးထဲ၌ပင်မရှိ။ စခန်းမှူးပြောစကားကို ကြားရသည်နှင့်တပြိုင်နက် အပျော်ကြီးပျော်သွားသည်။ လှောင်အိမ်မှလွတ်လိုက်သည့် ငှက်ငယ်ကဲ့သို့ မြူးတူးပျော်ရွှင်သွားသည်။ စခန်းမှူးနှင့် ရှေ့ရေးနောင်ရေးများပင် မဆွေးနွေးတော့ပဲ ချက်ချင်းအဖြေပေးသည်။

"ကျွန်မ စခန်းမှာမနေချင်တော့ဘူး။ မဲလ်ဘုန်းမြို့မှာလည်း မနေတော့ဘူး။ ဆစ်ဒနီမြို့ကို သွားတော့မယ်"ဟု ကြေညာသည်။

မိခင်အိမ်ကိုလည်း မပြန်ချင်တော့ဘူးဟုဆိုသည်။ မိခင်ကျန်းမာရေး တဖြည်းဖြည်းယိုယွင်းနေကြောင်းသိရသော်လည်း မိခင်ကိုမတွေ့လိုသည့် စိတ်ကများနေသည်။ အထူးသဖြင့် ပထွေးတိုနီနှင့် မျက်နှာချင်းမဆိုင်လိုတော့ပါ။

သို့ဖြင့် ရာသီဥတုအကူးအပြောင်းတွင် နေရာဒေသအသစ်သို့ အသိုက်ပြောင်းသည့်ငှက်ငယ်ပမာ ဒေစီသည် ဆစ်ဒနီ

မြို့သို့ရောက်လာ၏။ အမှန်အားဖြင့် ဆစ်ဒနီမြို့တွင် အသိမိတ်ဆွေမရှိ။ ဆွေမျိုးရင်းခြာမရှိ။ အားကိုးရမည့်သူမရှိ။ ဝေးကွာသည့်နေရာသစ်တစ်ခုဆီသို့ ထွက်ပြေးလိုသည့် စိတ်ဆန္ဒအလိုအတိုင်းသာ ဒေစီဆုံးဖြတ်ခြင်းဖြစ်သည်။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုသည့်ဆိုရိုးစကားကို အထောက်အထားပြုပြီး ကြီးပွား တိုးတက်ရန် ရည်ရွယ်ချက်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်။ လေပွေနှင့်အတူလွင့်ပါနေသည့် သစ်ရွက်ခြောက်အလား ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက်ဆိုသည့် သဘောမျိုးဖြစ်သည်။ အသက်၁၈နှစ်အရွယ်ရောက်ပြီမဟုတ်ပါလား။

ဩစတြေးလျနိုင်ငံတွင် အသက်(၁၈)နှစ်ပြည့်ခြင်းမှာ ဘဝလမ်းကြောင်းတွင်အကွေ့တစ်နေရာကို ရောက်သလိုပင်ဖြစ်သည်။ ဆယ်ကျော်သက်အရွယ်ဖြစ်သော်လည်း ဥပဒေအရ လူကြီးအဖြစ် သတ်မှတ်ခြင်းခံရသည်။ ကားမောင်းလိုင်စင် လျှောက်ယူပိုင်ခွင့်ရှိသည်။ ရွေးကောက်ပွဲများတွင် မဲဆန္ဒပေးခွင့် ရှိလာသည်။ ပါလီမန်အမတ်အဖြစ်အရွေးချယ်ခံနိုင်သည်။ မကြာမီကပင် ဩစတြေးလျနိုင်ငံဘုရင်မပြည်နယ်မှ (၁၉)နှစ်အရွယ်ယောကျ်ားကလေးတစ်ဦး ပါလီမန်အမတ်အဖြစ် အရွေးချယ်ခံရကြောင်း စာရေးသူဖတ်လိုက်ရသည်။

ရာဇဝတ်မှုတစ်ခုခုကျူးလွန်လျှင် လူကြီးထောင်တွင် ထောင်ချခံရမည်။ ဆေးလိပ်နှင့်အရက်သေစာကို တရားဝင်ဝယ်ခွင့်ရှိသည်။ အသက်(၁၈)နှစ် မပြည့်သေးလျှင် ဆေးလိပ်နှင့်အရက်ကို ဆိုင်များ

တွင်ဝယ်ယူခွင့်မရှိ။ လူငယ်၏အသက်ကို စစ်ဆေးပြီးမှဆိုင်ရှင်ဈေးသည်များက ရောင်းချရသည်။ အသက်မပြည့်သူကို ဆေးလိပ်နှင့် အရက်ရောင်းလျှင် ဈေးဆိုင်ရှင်ကို ရဲက တရားစွဲဆိုနိုင်သည်။

အသက်(၁၈)နှစ်ပြည့်သူသည် မိမိအမည်ဖြင့် ဘဏ်စာရင်းဖွင့်ခွင့်ရသည်။ အရောင်းအဝယ်စာချုပ်ကို တရားဝင်ချုပ်ဆိုနိုင်သည်။ မိမိအမည်ဖြင့်ခြံမြေ၊ အိုးအိမ်၊ မော်တော်ကားနှင့် စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်ခွင့်ရှိလာ၏။ အစိုးရကိုဝင်ငွေအကောက်ခွန်ပေးရန် တာဝန်ရှိလာသည်။

တရားဝင်လက်ထပ်ခွင့်ရှိသည်။ ဩစတြေးလျနိုင်ငံ၌ အာရှအာဖရိကာ နိုင်ငံများမှာကဲ့သို့ (၁၈)နှစ်မပြည့်သူကို တရားဝင်လက်ထပ်ပေးခွင့်မရှိပါ။ မိမိ၏ကိုယ်ရေးကိုယ်တာမှတ်တမ်းများကို လျှို့ဝှက်ထားပိုင်ခွင့်ရှိလာသည်။ ဥပမာ-ပညာရေးမှတ်တမ်း၊ ဆေးမှတ်တမ်းစသည်တို့ကို မိဘများပင် ကာယကံ ရှင်ခွင့်မပြုဘဲ တောင်းယူကြည့်ရှုခွင့်မရှိပါ။ မိဘများကလည်း အသက်(၁၈)နှစ် ပြည့်ပြီးသည့် သားသမီးကိုယ်စား ဥပဒေအရ တရားဝင်ပြောပိုင်ခွင့် မရှိတော့ပါ။ ကာယကံရှင်၏ခွင့်ပြုချက်ကိုရယူရသည်။ သည်တော့ အသက်(၁၈)နှစ်ပြည့်ခြင်းသည် လူကြီးမိဘအုပ်ထိန်းသူတို့၏ လက်အောက်မှ လုံးဝလွတ်လပ်ရေးရသည့် အထိမ်းအမှတ်ဖြစ်နေ၏။

ချောင်းကိုပစ်၍မြစ်ကိုရှာခွင့် ရှိလာသဖြင့် ဒေစီပျော်ရွှင်မြူးတူးနေခြင်းဖြစ်သည်။ အဆိုကျော်မာမာအေး၏ တေးသီချင်းသား

အတိုင်း "ရေသာများပြီး ငါးမတွေ့နိုင်" ဖြစ်မည်ကို ဒေစီဂရုမစိုက်ပါ။ လွတ်ရာကျွတ်ရာ ဆစ်ဒနီမြို့သို့ရောက်လာသည်။

ဤနိုင်ငံတွင် လူမှုဖူလုံရေးအထောက်အကူစနစ်က အလွန်ကောင်းမွန်အားကျဖွယ်ဖြစ်သည်။ သစ်ရွက်ခြောက်လေမှာလွင့်ပြီး မြေပေါ်ကျလာသော်လည်း နိုင်ငံတော်အစိုးရက နင်းချေပစ်မည်မဟုတ်ပါ။ လူမှုလုံခြုံရေး ပိုက်ကွန်ယက်ကိုဖြန့်ပြီး ပင့်တင်ပေးမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် အသက်(၁၆)နှစ်မှ(၂၄)နှစ်အတွင်း လူငယ်များအတွက် ဘဝအစကောင်းစေရန် လူငယ်ထောက်ပံ့ကြေးပေးပါသည်။ မိဘကတတ်နိုင်လျှင် မိဘ၏ဝင်ငွေပေါ်မူတည်ပြီး အချိုးကျ ထောက်ပံ့ကြေးရသည်။

ဒေစီကဲ့သို့ အားကိုးရာမဲ့ပြီး လမ်းပေါ်ရောက်လာသည့် လူငယ်များ မျိုးဆိုလျှင် ထောက်ပံ့ကြေးအပြည့်ရသည်။ သို့သော် ထောက်ပံ့ကြေးယူပြီး နေချင်သလိုဇိမ်ကျနေလို့မရပါ။ စည်းကမ်းသတ်မှတ်ချက်များရှိသည်။

ဒေစီဆိုလျှင် လူငယ်စခန်းတွင်နေစဉ် ၁၀တန်းအောင်ခဲ့သူဖြစ်သည်။ (၁၈)နှစ်ကျော်ပြီဖြစ်သည့်အတွက် ၁၂တန်းအောင်ရမည့် အသက်အရွယ်ဖြစ်သည်။ ဒေစီသည် အသက်မွေးဝမ်းကျောင်းပညာလည်းမရှိ။ ဒေစီ့လိုလူငယ်မျိုးကို အချိန်ပိုင်းကျောင်းတက်ခိုင်းမည်။ သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းတစ်ခုခုတက်

နိုင်းမည်။ သို့မဟုတ် အစိုးရအသိအမှတ်ပြု လုပ်ငန်းတစ်ခုခုတွင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ခိုင်းမည်။ အိမ်တွင်အိပ်ပြီး ထောက်ပံ့ကြေးယူနေလို့မရပါ။ သူ့ဆန်စားလျှင် ရဲရမည်ဖြစ်သည်။

အစိုးရ၏လိုအပ်ချက်နှင့်အညီ လိုက်နာမှုရှိမရှိကို သက်ဆိုင်ရာဌာနမှ ကြီးကြပ်သည်။ ကာယကံရှင်လူငယ်က ရက်သတ္တပတ်နှစ်ပတ်လျှင်တစ်ကြိမ် လိုအပ်ချက်အတိုင်း လိုက်နာနေကြောင်း သက်သေပြရသည်။ မိမိလုပ်ကိုင်နေသော လုပ်ငန်းနှင့်လှုပ်ရှားမှုများကို အကိုးအကားထောက်ခံချက်များနှင့်တင်ပြရသည်။

ဒေစီကဲ့သို့ တစ်ယောက်တည်းနေသူဖြစ်လျှင် ၁၄ရက်လျှင် ဩစီဒေါ်လာ၄၀၀ကျော် ထောက်ပံ့သည်။ အိမ်ငှားနေလျှင် အိမ်ငှားခအချို့အဝက်ကို အထောက်အကူပေးသည်။ လူငယ်တစ်ဦး အလုပ်လုပ်လျှင်ရရှိသည့်ဝင်ငွေပေါ်မူတည်ပြီး အချိုးကျနုတ်ပြီးပေးသည်။

ရက်သတ္တတစ်ပတ်ဒေါ်လာ၂၀၀ ထောက်ပံ့ကြေးကိုများသည်ဟု မဆိုနိုင်ပါ။ ကျားကြီးလျှင်ခြေရာကြီးဆိုသလို ဖွံ့ဖြိုးသည့်နိုင်ငံတွင်နေစရိတ်စားစရိတ်တွေက ကြီးသည်။ တစ်ပတ်ဒေါ်လာ၂၀၀ ဝင်ငွေနှင့်ယူနစ်အခန်းကို တစ်ယောက်တည်း ငှားပြီးနေရန် မတတ်နိုင်ပါ။ အိပ်ခန်းတစ်ခုပါယူနစ်ကိုငှားလျှင် အနည်းဆုံး ဒေါ်လာ ၁၅၀ ကျမည်ဖြစ်သည်။ လျှပ်စစ်မီတာခမပါသေး။ ထို့ကြောင့် ဒေစီသည် အိပ်ခန်းနှစ်ခန်းပါသောတိုက်ခန်းယူနစ်တွင် အခြားသူနှစ်ဦးနှင့်

ပူးတွဲနေရသည်။ နှစ်ယောက်အိပ်အိပ်ခန်းတွင် ဒေစီနှင့်အခြားမိန်းကလေးအဖော်နေသည်။ အစားအသောက်အတွက် စုပေါင်းချက်ပြုတ်စားကြသည်။

ဒေစီသည် ထောက်ပံ့ကြေးယူပြီးကျောင်းမတက်လို၊ ကျောင်းစာကိုဆက်သင်ပြီး ၁၂တန်းအဆင့်ထိတက်ရန် စိတ်မပါတော့ပါ။ ထို့ကြောင့် အလုပ်သင်အဖြစ် စားသောက်ဆိုင်နှင့်တွဲထားသည့် အရက်ဆိုင်တွင် အလုပ်လုပ်သည်။ စားသောက်ဆိုင်နှင့် ဟိုတယ်လုပ်ငန်း လက်တွေ့သင်တန်းသားအဖြစ် တရားဝင်အမည်ခံပြီး လုပ်ရသည်။ အလုပ်သင်စားပွဲထိုး လက်တွေ့သင်တန်းဖြစ်သည်။ အချိန်ပိုင်းအလုပ်သင်အမှုထမ်း ဖြစ်သည့်အတွက်တစ်ပတ်လျှင် ဒေါ်လာ ၁၅၀ မှ ၂၀၀အထိရရှိသည်။ ယခုလိုဆိုတော့ အစိုးရမှပေးသည့် ထောက်ပံ့ကြေးနှင့်ပူးပေါင်းလိုက်လျှင် နေသာထိုင်သာရှိသွားသည်။

စွဲစွဲမြဲမြဲ တည်တည်ငြိမ်ငြိမ် လုပ်ကိုင်လျှင် ဤလိုအခြေအနေမှစပြီးတဖြည်းဖြည်းအဆင့်တက်သွားနိုင်သည်။ အလုပ်သင်စားပွဲထိုးအလုပ်မှ အချိန်ပြည့်လက်မှတ်ရစားပွဲထိုး ဖြစ်လာမည်။ ထိုမှတစ်ဆင့် စားပွဲထိုးအုပ်စုမှူး၊ စားပွဲထိုးကြီးကြပ်ရေးမှူးမှ ဟိုတယ်မန်နေဂျာအဆင့်ထိတက်လှမ်းနိုင်သည်။

သို့သော် ဒေစီတွင် ကြီးမားသည့်ရည်မှန်းချက်ပန်းတိုင်မရှိ။ မိမိကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုနားမလည်။ ဘာလုပ်ချင်သည်

ဘာဖြစ်ချင်သည်ဟု စိတ်ထဲတွင် မယ်မယ်ရရခံယူထားခြင်းမရှိ။ စိတ်ထဲတွင် အမြဲလိုလို ငြီးငွေ့သလိုခံစားရပြီး တစ်ခုခုလိုအပ်နေသကဲ့သို့ ရှိနေသည်။ ငယ်စဉ်ကလေးဘဝတွင်ခံစားခဲ့ရသည့် ဘဝ၏နာကျည်းချက်တွေသည် ယခုပစ္စုပ္ပန်ကာလအထိ အာနိသင်ပြနေသည်။ တောမီးလောင်ပြီးကျန်နေသည့် မီးခိုးငွေ့တွေလို သူမ၏စိတ်ထဲ၌ အုံ့အုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ဇဝေဇဝါမရေရာ ဖြစ်နေသည်။ အသိစိတ်တွင် "ငါဘယ်သူလဲ" ဆိုသည်ကို ထင်ထင်ရှားရှားမမြင်နိုင်။ ဒေစီခံစားနေရသည့် ယခုလိုစိတ်ဓာတ်မျိုးမှာ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းတွင် တွေ့ရတတ်သည့် လက္ခဏာတစ်ခုဟုဆိုပါသည်။

ဒေစီအမြဲလိုလို တွေ့ကြုံနေရသည့် စိတ်ဖြစ်စဉ်တစ်ခုလည်း ရှိသေးသည်။ ကလေးဘဝတွင် ခံစားတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်များသည် ဖျတ်ကနဲဖျတ်ကနဲ လျှပ်ပြက်သကဲ့သို့ စိတ်အာရုံတွင် ပေါ်လာခြင်းဖြစ်သည်။ ဒေစီကိုယ်တိုင် သည်အကြောင်းတွေကို မစဉ်းစားပဲ အလိုအလျောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ မှတ်ဉာဏ်သဘော မှတ်မိလာသည့်အသိထက်ပိုမိုထင်ရှားသည်။ တီဗီ မှန်ပြားပေါ်တွင် ဖျတ်ကနဲပေါ်လာသည့် ပုံရိပ်မျိုးဖြစ်ပြီး ထိုအာရုံများနှင့်အတူ မသာယာသည့် စိတ်ခံစားမှုမျိုးစုံကိုလည်း ထိတွေ့ခံစားရသည်။ စိတ်ပညာရှင်များက စိတ်ရောင်ပြန်ဟပ်ခြင်းဟု ခေါ်ဆိုသည်။ ဒေစီတွေ့ကြုံခံစားရသည့် ပုံရိပ်မြင်ကွင်းများမှာ သူမပထွေးတိုနီ သူမကို စော်ကားသည့် မြင်ကွင်းများဖြစ်သည်။ တစ်ခါတရံ ဤမြင်ကွင်းများနှင့်အတူ သူမပထွေး၏ စကားပြောသံကိုပါ ကြားရသည်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဤလိုအတွေ့အကြုံများသည် ဒေစီတစ်ယောက်တည်းရှိနေစဉ် ပေါ်လာတတ်သည်။ ထို့ပြင် ယောက်ျားတစ်ဦးဦးက ဒေစီ့ကို ရိုက်ပုတ်လုပ်သည့်အခါ ညုတုတုပြောသည့်အခါမျိုးတွင် ပိုမိုတွေ့ကြုံရတတ်သည်။

ဒေစီလုပ်နေရသည့်အလုပ်မှာ အရက်ဆိုင်နှင့်စားသောက်ဆိုင်တွင်လုပ်သည့် စားပွဲထိုးဖြစ်သည်။ အမူးလွန်သူများက မထီလေးစားပြုလုပ်လာသည်ကို နေ့စဉ်လိုလို ရင်ဆိုင်ရသည်။ အချို့ယောက်ျားများက အရက်မမူးသော်လည်း ချော်လဲရောထိုင်ရလိုရငြား နောက်သလိုပြောင်သလိုနှင့် မထီတရီလုပ်တတ်သည်။ လုပ်ငန်းသဘောအရ ဒေစီသည် ထိုသူတွေကို မချိပြုံးပြုံးပြရသည်။ ရေလိုက်ငါးလိုက်သင့်တော်သလို ချိုချိုသာသာပြောရသည်။ သို့သော် ဒေစီ့ အဖို့ပြောသလောက်မလွယ်။ ယခုလို အတွေ့အကြုံမျိုးက အတိတ်မှအဖြစ်အပျက်တွေကို ပုံရိပ်ပမာထင်မြင်လာစေသည်။ ၎င်းအာရုံများနှင့်အတူ စိတ်ထဲတွင် မချိတင်ကဲ ဖိစီးမှုဒဏ်ကိုခံစားရသည်။ ကြောက်စိတ် ဒေါသစိတ် နာကျည်းစိတ်တွေရော မွှေခံစားရသည်။ အလုပ်ပြီးသည့်အခါ ကိုယ်ရောစိတ်ပါ ဖတ်ဖတ်မောတော့သည်။

သည်တော့ အလုပ်ပြီးလျှင် စိတ်ပြေလက်ပျောက်ဖြစ်စေရန် ထွက်လမ်း ရှာရသည်။ ဖြေဆေးရှာသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သည်စိတ် ဒုက္ခတွေကို ခေတ္တပျောက်ကင်းနိုင်သည့် နည်းလမ်းတွေ

ကိုရှာကြည့်သည်။ ထို့ကြောင့် ဆေးခြောက်တွေ့လျှင် ဆေးခြောက်ရှူ မည်။ အရက်တွေ့လျှင် စမ်းကြည့်ရန် ဝန်မလေး။ ယောကျ်ားတစ်ဦး ဦးက မိတ်ဆွေဖွဲ့ပြီး အာရုံစိုက်လာလျှင် အလွယ်တကူပါသွားမည်။ သူမကို လှသည်ချောသည် သဘောကောင်းသည် ချစ်စရာကောင်း သည်ဟု ပြောလာသူကို ယုံပစ်လိုက်မည်။ သူပြောတာ အဟုတ် ထင်မည်။ ထိုသူကို ချက်ချင်းအားကိုးချင်လာသည်။ သူမဘဝတွင် ခန္ဓာကိုယ်ကိုသာ အရယူခြင်းကိုခံရခဲ့သော်လည်း မေတ္တာစစ် မေတ္တာမှန်ကို မရရှိခဲ့သောကြောင့်ဖြစ်နိုင်သည်။

ချစ်မေတ္တာနှင့်ပတ်သက်လာလျှင် ရေနစ်နေသူကဲ့သို့ ဆွဲမိဆွဲရာကို ဖမ်းတွယ်ခြင်းမျိုးဖြစ်နိုင်သည်။ ဆစ်ဒနီလိုမြို့ကြီး၌ မြို့လယ်ခေါင်အရက်ဆိုင် ပတ်ဝန်းကျင်တွင် ရေနစ်သူကို လက် ကမ်းပေးမည့်လူတွေကမရှားပါ။ သို့ဖြင့် တဒင်္ဂစိတ်ပြေလက်ပျောက် မှုအတွက် ကြုံသလိုစခန်းသွားခဲ့သည့် အချိန်အခါ တွေလည်းရှိခဲ့ သည်။

အလုပ်ချိန်က ညနေ၆နာရီမှ ည၉နာရီအထိဖြစ်သော်လည်း ဒေစီသည် မကြာခဏ ညဉ့်နက်သန်းခေါင်ကျော်မှ အိမ်ပြန်ရောက် တတ်သည်။ ယခုလိုအခါမျိုးတွင် အခန်းဖော်မော်လီနှင့် ပြဿနာ ဖြစ်ရသည်။ မော်လီသည် ပထမနှစ် တက္ကသိုလ်ကျောင်းသူဖြစ်၏။ မော်လီကစနစ်ကျသည်။ စည်းကမ်းကြီးသည်။ အချိန်မှန်မှန်စာ ဖတ်ပြီး အချိန်မှန်မှန်အိပ်သည်။ အခန်းတွင်း၌ ပစ္စည်းများကို

နေရာတကျ သန့်သန့်ရှင်းရှင်းရှိအောင်ထားသည်။ ရေချိုးခန်းနှင့် အလှပြင်စားပွဲကို ဒေစီနှင့်မော်လီတို့ တွဲပြီးသုံးရသည်။ မော်လီစည်းကမ်းရှိရှိ ပြင်ဆင်ထားသည့် အသုံးအဆောင်ပစ္စည်းများကို ဒေစီက နောက်ကလိုက်ပြီး ဖျက်သလိုဖြစ်တတ်သည်။ ဒေစီဝင်ပြီးလျှင် ရေချိုးခန်းမှာ ရှုပ်ပွသွားသည်။ အလှပြင်စားပွဲပေါ်မှပစ္စည်းများ ဟိုရောက်ဒီရောက် နေသားတကျမရှိ ဖြစ်သွားတတ်သည်။ မော်လီပိုပြီး စိတ်ညစ်သည့်အချက်မှာ ညသန်းခေါင်ကျော်မှ အိမ်ပြန်ရောက်တတ်သည့် ဒေစီ၏အကျင့်ဖြစ်သည်။ ဒေစီပြန်လာချိန်တွင် အများအားဖြင့် မော်လီအိပ်ပျော်နေပြီ၊ ဒေစီရောက်လာလျှင် အသံဗလံတွေက တချွတ်ချွတ်ဆူညံနေတတ်သည်။ မော်လီအိပ်ရာနိုးပြီး ပြန်မအိပ်နိုင်ဖြစ် ရသည့် အကြိမ်တွေက များလာသည်။ သည်တော့ မော်လီက ဒေစီ့ကို ချိုချိုသာသာ ရှင်းပြတောင်းပန်သည်။ သူအိပ်ပျော်နေလျှင် ဖြည်းဖြည်းသက်သာ လုပ်စရာတွေလုပ်ဖို့ပြောသည်။ အသံဗလံတွေ ဆူဆူညံညံဖြစ်အောင် မလုပ်ဖို့တောင်းပန်သည်။ နှစ်ဦးသဘောတူ အဖြေရှာဖို့ မော်လီကဆန္ဒပြုသည်။

လူတွေကိုမယုံကြည်စိတ်၊ ထစ်ကနဲဆိုလျှင် လူတွေကို အပြစ်တင်ချင် စိတ်တွေက ဒေစီ၏ဗီဇဖြစ်နေသည်။ မော်လီ တောင်းပန်သည်ကို သဘောရိုးဖြင့်ပြောသည်ဟု မမြင်နိုင်။ မော်လီ့ ဘက်ကခံစားရမှုကို ရှင်းလင်းတင်ပြတာ ဖြစ်မှာပါဟု ဒေစီမတွေးတတ်။ သူမကိုအပြစ်ရှာသည် ချိုးနှိမ်ပြောသည်ဟု ယူဆသည်။

ဝညာအရည်အချင်းနည်းပါးလို့ မိဘဂုဏ်မရှိလို့ အဆင့်အတန်းခွဲသည်ဟု ကောက်ချက်ချသည်။ အပြုသဘောဝေဖန်တင်ပြသည်ကို သူမခံချိမခံသာဖြစ်အောင် လုပ်ကြံသည်ဟု စွပ်စွဲသည်။

သည်တော့ အချင်းချင်းဆွေးနွေးမည့်အစား ဒေဝီက ရန်ထောင်စကားပြောသည်။ အပေးအယူမျှမျှတတဖြစ်စေရန် အေးအေးဆေးဆေးတိုင်ပင် ကြရမည့်အစား ကိုယ်ထိလက်ရောက်ကြမ်းပြလာသည်။ ပစ္စည်းများနှင့် ဟိုပစ်ပေါက်ဒီပစ်ပေါက်လုပ်သည်။ ဆောင့်ကြီးအောင့်ကြီးလုပ်သည်။ ရေချိုးခန်းတံခါးကို အသံမြည်အောင် အားနှင့်ဆွဲပိတ်သည်။

စိတ်ပညာရှင်များက ယခုလိုအပြုအမူများသည် ဒေဝီ၏ မသိစိတ်ထဲ၌ ရှိနေသည့် သိမ်ငယ်စိတ်၊ မိမိကိုယ်ကို ယုံကြည်မှုနည်းပါးသည့်စိတ်တွေကို အခြေခံသည်ဟုဆိုလိမ့်မည်။

မော်လီသည် စိတ်ပညာရှင်မဟုတ်ပါ။ ဒေဝီ့ကိုနားမလည်နိုင်ဖြစ်လာသည်။ ဒေဝီနှင့် ကတောက်ကဆဖြစ်တိုင်း မျက်ရည်တဝဲဝဲဖြစ်ပြီး အိမ်ရှေ့တီဗီခန်းတွင်သွားထိုင်သည်။ ဆူဆူညံညံကြားရသည့်အခါတိုင်း ယူနစ်တွင်အတူနေသည့် ဖီလစ်က သူ့အခန်းမှထွက်လာတတ်သည်။ သူလည်း ပထမနှစ်တက္ကသိုလ်ကျောင်းသားဖြစ်သည်။ သူကစကားနည်းသည်။ စာကြမ်းပိုးဖြစ်သည်။ သူ့အခန်းထဲတွင်ကုပ်ပြီး စာဖတ်နေလေ့ရှိသူဖြစ်သည်။ ဆူဆူညံညံကြားရသည့်အခါ အခန်းမှထွက်လာပြီး မော်လီ့ကိုအကျိုးအကြောင်း မေး

ခြင်းဖြစ်၏။ ယခုလို အကြိမ်ကြိမ်ဖြစ်နေသည့်အခါ ဒေစီနှင့် အိမ်ခွဲနေရန် သူတို့အချင်းချင်း တိုင်ပင်လာကြသည်။ သူတို့ဆုံးဖြတ်ချက်ကို နားဖောက်ရန် ဖီးလစ်ကတာဝန်ယူသည်။

နောက်တစ်နေ့ တီဗီခန်းတွင် သူတို့သုံးဦးတွေ့ဆုံသည့်အခါ ဖီးလစ်ကစကားစသည်။ ဖီးလစ်ကသူ၏ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သူ ကျောင်းသားတစ်ဦး သူတို့ယူနစ်တွင် လာနေရန်ရှိကြောင်း၊ ထိုသူမှာ ယောကျ်ားဖြစ်သောကြောင့် ဖီးလစ်နှင့်အတူ၊ မော်လီနှင့် ဒေစီနေသော နှစ်ယောက်အိပ်ခန်းတွင်နေရန် ရည်ရွယ်ထားကြောင်းတို့ကို စကားခင်းပြောသည်။ ထို့ကြောင့် မော်လီက ယခုဖီးလစ်နေသည့်အခန်းတွင် နေရမည်ဖြစ်ကြောင်းနှင့် ဒေစီအတွက် အခန်းရှိတော့မည်မဟုတ်ကြောင်းကို ပြောပြီးနိဂုံးချုပ်၏။

"ဒီလိုဆိုတော့ ကျွန်မ ဒီယူနစ်က ဖယ်ပေးရမယ်လို့ ဆိုလိုတာလား"

ဖီးလစ်နှင့် မော်လီတို့က တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြပြီး-

"ဟုတ်ပါတယ် ဒေစီ" ဟု ပြိုင်တူဆိုကြသည်။

"ကျွန်တော့်ညီက နောက်၂လလောက်ကြာမှ ရောက်လာမှာပါ" ဟု ဖီးလစ်က အချိန်အတိအကျ သတ်မှတ်ပေးလိုက်၏။

ဤယူနစ်တိုက်ခန်းမှာ ဖီးလစ်၏ ဦးလေးတစ်ယောက်ပိုင်သည့်နေအိမ်ဖြစ်သည်။ ထို့ကြောင့် ဖီးလစ်သည် သူ့ဦးလေးကိုယ်စားအိမ်ပိုင်ရှင်အဖြစ်ပြောခြင်းဖြစ်၏။

ဤနိုင်ငံတွင် အိမ်ရှင်အိမ်ငှားစည်းမျဉ်းဥပဒေများကို လိုက်နာကြရသည်။ အိမ်ရှင်က လုံလောက်သည့်အချိန်ကာလပေးပြီး အိမ်ငှားကိုဆင်းပေးရန် သတိပေးနိုင်သည်။ အထူးသဖြင့် ဒေစီကဲ့သို့ လပိုင်းသဘောခေတ္တ ငှားရမ်းနေထိုင်သူများအတွက် အိမ်ရှင်၏ ဆန္ဒကိုလိုက်နာရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးပြပြီး အချိန်ဆွဲလို့မရပါ။ အကြပ်ကိုင်ပြီး ကလန်ကဆန်လုပ်လျှင် တရားဥပဒေအရ တရားရုံးအမိန့်ဖြင့်နှင်ချနိုင်ခွင့်ရှိသည်။ ကတ်သတ်ပြီး လျော်ကြေးတောင်းခွင့်မရှိ။ သည်စည်းကမ်းချက်တွေကို ဒေစီသိပြီးဖြစ်သည်။ ဒေစီသည် ဘာမှမငြင်းမပွားဘဲ ၂လအတွင်း ဆင်းပေးဖို့ လက်ခံသည်။ မော်လီစိုးရိမ်နေသလို ဝုန်းဝုန်းဒိုင်းဒိုင်းမလုပ်။ အော်ကြီးဟစ်ကျယ် ငေါက်ငမ်းခြင်းမပြု။ ဒေစီ၏ မျက်နှာအမူအရာ ညှိုးကျသွားပြီး မျက်ရည်များဝဲလာသည်ကိုသာမော်လီတွေ့ရသည်။

ထူးဆန်းသလို ဖြစ်နေသည်။ တကယ်တော့ ဒေစီ၏ အကျင့်စရိုက်က ယခုလိုရှိသည်။ တစ်ဦးတစ်ယောက်က တင်းတင်းကြပ်ကြပ်ဆက်ဆံလာလျှင် ဒေစီအလျှော့ပေးတတ်သည်။ သူမရှေ့မှာ ပြတ်ပြတ်သားသား မျဉ်းနီသားပေးလျှင် ဒေစီမကျော်ရဲ။ တစ်ဖက်ကိုရှောင်သွားမည်၊ သို့မဟုတ် ရပ်တန့်ကရပ်ပြီး နောက်ဆုတ်မည်။ ကလေးဆိုးနှင့် ဆင်တူသည်။ အလိုလိုက်လျှင် အမိုက်စော်ကားတတ်ခြင်းမျိုးဖြစ်သည်။ ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူများတွင် တွေ့ရှိရသည့် ရောဂါလက္ခဏာတစ်ခုဖြစ်၏။

ထို့ကြောင့် ဆေးရုံပေါ်တွင် ဒေစီလိုလူနာမျိုးကို သူနာပြု ဆရာမများက မျက်နှာသာမပေးလိုကြ။ လူနာစိတ်လိုက်မာန်ပါ ကလန်ကဆန်လုပ်လာလျှင် ရပ်တန်းကရပ်စေရန် စည်းကမ်းဘောင် သတ်မှတ်ပေးလေ့ရှိသည်။ သည်လိုမထိန်းလျှင် ရောဂါပိုဆိုးလာ လိမ့်မည်ဟုဆိုကြသည်။

မော်လီနှင့်ဖီးလစ်တို့က ဒေစီကို ဘောင်ခတ်လိုက်ကြပြီ။ ထို့ကြောင့် အိမ်ခန်းအသစ်ရဖို့ ဒေစီစတင်စုံစမ်းရ၏။ ၂လအချိန်ရှိ သော်လည်း အခန်းငှားရသည်မှာ မလွယ်ပါ။ ရတာမလို လိုတာမရ ဖြစ်နေတတ်သည်။

အိမ်ရှင်များကလည်း အိမ်ငှား၏ နောက်ကြောင်းရာဇဝင်ကို သိလိုကြသည်။ "ယခင်အိမ်က ဘာကြောင့်ထွက်လာရသလဲ"၊ "အိမ်လခ မှန်မှန်ပေးသည့် အကျင့်ရှိရဲ့လား"၊ "အခြားနေရာတွေမှာ အိမ်ကို ထုရိုက်ဖျက်ဆီးတတ်တဲ့ ရာဇဝင်ရှိသလား" စသည်တို့ကို စုံစမ်းလိုကြသည်။ အထူးသဖြင့် ဒေစီလို နောက်ကြောင်းရာဇဝင်က မရှင်းသူများအဖို့ အလွယ်တကူ မိမိနှစ်ခြိုက်သည့် အိမ်ခန်းများရဖို့ အခက်အခဲတွေ့ကြရသည်။

ဒေစီကံကောင်းသည်ဟုဆိုရမည်။ အိမ်ခန်းရှာနေစဉ် ကာလအတွင်း တွမ်နဲ့တွေ့ကြုံရသည်။ တွမ်သည် တက္ကစီအငှားကား မောင်းသူဖြစ်သည်။ တွမ်၏ တက္ကစီကားကို ငှားပြီးစီးမိသွားရာမှ သူတို့တဖြည်းဖြည်း ရင်းနှီးခင်မင်လာခြင်းဖြစ်သည်။ ဒေစီသည်

အိမ်ပြန်တိုင်း တွမ်၏တက္ကစီကားကို စောင့်ပြီးစီးသည်။ အိမ်ခန်းရှာနေကြောင်း၊ နှစ်လအတွင်း ယခုနေသည့် အိမ်မှ ဆင်းပေးရမည်ဖြစ်ကြောင်းတို့ကို ဒေစီကတွမ့်ကိုပြောပြသည်။ တွမ်က သူတစ်ယောက်တည်း အိပ်ခန်းနှစ်ခုရှိ တိုက်ခန်းတွင်နေကြောင်း၊ အိပ်ခန်းတစ်ခန်းပိုနေကြောင်းပြောပြီး ဒေစီသဘောတူပါက သူ့အိမ်တွင်ပြောင်းရွှေ့နေထိုင်နိုင်ကြောင်း ဖိတ်ခေါ်သည်။

ရေငတ်သူ ရေတွင်းထဲကျသွားသလို ဒေစီသည် အလွယ်တကူ လက်ခံသဘောတူလိုက်သည်။ လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှထွက်လာပြီး ဆစ်ဒနီမြို့တွင် နေထိုင်သည်မှာ တစ်နှစ်ခန့်ရှိပြီ။ ဒေစီ၁၉နှစ်ပြည့်ရန် ရက်ပိုင်းသာလိုတော့သည်။ အိမ်ရှင်အိမ်ငှားအနေမျိုးလည်းမက ချစ်သူရည်းစား ဘဝလည်းမကျသည့် ဆက်ဆံရေးအခြေအနေဖြင့် ဒေစီသည်တွမ်၏ အိမ်ပေါ်သို့ရောက်လာသည်။

## "စွယ်တော်ရွက်လို ဖြစ်ချင်သည့်ဆန္ဒ"

တွမ်သည် ဒေစီ့ကို မြတ်မြတ်နိုးနိုး မေတ္တာရှိနေသည်။ ဒေစီ၏ ဘဝနောက်ကြောင်းများကို အလေးမထား။ ယခုပစ္စုပ္ပန် ကာလတွင် သူနှင့် အတူနေစဉ် ဒေစီ လိမ်လိမ်မာမာ၊ ချစ်ချစ် ခင်ခင် နေထိုင်မည်ဆိုလျှင်ကျေနပ်ပြီဖြစ်၏။ အထိမခံရွှေပန်းကန် ဆိုသလို ထစ်ကနဲရှိလျှင် ဖျတ်ကနဲမီးပွင့်တတ်သည့် ဒေစီ၏ စိတ် ဂဏှာမငြိမ်တာတွေကပင် ချစ်ခင်ဖွယ်ရာဖြစ်နေသည်။ ဒေစီ၏ စိတ်လှုပ်ရှားလွယ်သည့် အပြုအမူတွေကို လေပြေလေညင်း တိုက် ခတ်၍ ယိမ်းကနေသည့် သဇင်ပန်းခိုင်လိုမြင်နေသည်။

သို့ဖြင့် အိမ်ရှင်အိမ်ငှားဘဝမှ ချစ်သူဘဝရောက်လာကြ သည်။ လက်မထပ်သေးသော်လည်း တရားဝင်အတူနေသည့် စုံတွဲအဆင့်(ဒီဖက်တို) ဖြစ်လာသည်။

# ဒေါက်တာတုန်းကျော်

ဩစတြေးလျနိုင်ငံတွင် ယောကျ်ားနှင့်မိန်းမ စုံတွဲအဖြစ် ပေါင်းဖက်နေကြသည့် အတူနေလျှင် အစိုးရက "ဒီဖက်တို"အဖြစ် တရားဝင်သတ်မှတ်သည်။ ဒီဖက်တိုများသည် လက်ထပ်ပြီးဇနီးမောင်နှံကဲ့သို့ အခွင့်အရေးရှိသည်။ ညီတူညီမျှ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ရှိသည်။ အစိုးရထံပေးဆောင်ရမည့် အခွန်ငွေကို တွက်ချက်ရာတွင်ဖြစ်စေ၊ အစိုးရထံမှရပိုင်ခွင့်ရှိသည့် လူမှုဖူလုံရေး ထောက်ပံ့ကြေးကိစ္စများတွင်ဖြစ်စေ လက်ထပ်ပြီးလင်မယားလို အစိုးရကသတ်မှတ်သည်။

မကြာမီက ကောက်ခံသည့် စာရင်းဇယားအရ အသက် ၁၈နှစ်ကျော်ပြီး အရွယ်ရောက်သူများတွင် ၅၂ရာခိုင်နှုန်းမှာ လက်ထပ်ပြီးအတူနေသူများဖြစ်သည်။ ၉ရာခိုင်နှုန်းမှာ ဒီဖက်တို စုံတွဲအဖြစ်အတူနေကြသည်။ လိင်တူ ဒီဖက်တို - ယောကျ်ား အချင်းချင်း မိန်းမအချင်းချင်း အတူအိပ်အတူနေသူများမှာ ၀.၂ ရာခိုင်နှုန်းရှိသည်ဟုဆိုသည်။ အရေအတွက်အားဖြင့် လူပေါင်း ၅၀၀၀၀ကျော်ရှိသည်။ ဤနိုင်ငံတွင် ယခုကဲ့သို့ ဖိုမဆက်ဆံရေး အခြေအနေများကို ဝေဖန်ရှုတ်ချခြင်းမပြု။ လူတစ်ဦး၏လွတ်လပ်ခွင့် လုပ်ပိုင်ခွင့်အဖြစ်ခံယူကြသည်။

တွမ်နှင့်ဒေစီတို့အတွဲသည် ၉ရာခိုင်နှုန်းစာရင်းဝင် ဒီဖက်တိုဖြစ်သည်။ တွမ်၏အလိုအရဆိုလျှင် ဒေစီကိုလက်ထပ်ယူလိုသည်။ သို့သော် တွမ်၏အမေက လုံးဝသဘောမတူ။ ဒေစီကို အထင်သေးသည်။ ဒေစီ၏ နောက်ကြောင်းတွေသည် လေးစားဖွယ်

မရှိ အထင်ကြီးစရာ မကောင်းဟု တွမ်၏အမေက ယူဆထားသည်။ ဒေစီနှင့်အတူမနေရန် တွမ့်ကိုအမျိုးမျိုး တိုက်တွန်းသည်။ နားချသည်။

သို့သော်လည်း တွမ်က ဒေစီနှင့်ကွဲကွာဖို့ လက်မခံနိုင်။ မိခင်၏ အလိုအတိုင်း လက်မထပ်သေးသော်လည်း မိခင်၏ဆန္ဒကို လျစ်လျူရှုပြီး ဒီဖက်တိုအဖြစ် ဆက်လက်ပြီးအတူနေသည်။ ဘယ်သူ ဘာပြောပြော ဒေစီနှင့်သူသည် စွယ်တော်ရွက်လို ဖြစ်စေလိုသည်။ နှစ်လွှာပေါင်းပြီး တစ်ရွက်ဖြစ်သလို သူတို့နှစ်ဦးအတူနေကြရမှ ဘဝပြည့်စုံမည်ဟု တွမ်ကချေပသည်။ သူ့အမေက နှုတ်ခမ်းရွဲ့ပြီး မဲ့ပြသည်ကလွဲ၍ ဘာမှမတတ်နိုင်ပါ။ "အေးပါ လေ-မင်းသဘောပဲ၊ နောင်တော့မှ ငါ့ကိုအဆိုးမဆိုနဲ့"ဟု အမေက နိမိတ်ဖတ်ပြီးပြော သည်။ နောက်ပြီး တွမ်တို့နှင့် ကင်းကင်းကွာကွာ နေထိုင်ဆက်ဆံ လာသည်။

တွမ်သည် ချစ်သူဒီဖက်တိုနှင့် မိခင်အလယ်တွင် ကျွဲနှစ် ကောင်ကြားမှ မြေစာပင်လို ဖြစ်နေသည်။ မိခင်နှင့် တဖြည်းဖြည်း အဆက်ပြတ်လာသည်။ အသွားအလာနည်းပါးလာသည်။ အမှန် တကယ်လိုအပ်မှ တယ်လီဖုန်းဖြင့်ခေါ် ပြောမေးမြန်းသည့်အဆင့် ရောက်လာသည်။

ဒေစီနှင့်အတူ ကြာရှည်စွာနေထိုင်လာသည့်အခါ သူတို့ ဆက်ဆံရေးမှာ ထင်သလိုဖြစ်မလာသည်ကို တွေ့ရသည်။ ကြာကြာ ပေါင်းမှ ဒေစီ့အကြောင်းကိုသိလာရသည်။ သူမစိတ်ကျေနပ်ပြီး

# ဒေါက်တာဟုန်းကျော်

ပြုံးပြုံးရွှင်ရွှင်နေလျှင် ဒေစီသည် အလွန်ချစ်ချင်ဖွယ်ရာကောင်းသည်။ သို့သော် ဒေစီစိတ်မကျေနပ်သည့်အခါ၊ သူ့အလိုမပြည့်သည့်အခါ အလွန်ပေါင်းသင်းရခက်သည်။ သူမ၏ဒေါသတွေ၊ သံသယစိတ်တွေ၊ စိတ်ခံစားမှုအပြောင်းအလဲမြန်တာတွေ၊ စိတ်ထင်သလိုတယူသန်တဇွတ်ထိုးလုပ်တတ်တာတွေ၊ နှုတ်ကြမ်းကိုယ်ကြမ်းသည့်အကျင့်တွေကို ရေရှည်သည်းခံနိုင်ရန်မလွယ်ကြောင်း တွမ်သိလာသည်။ ဒေစီ၏ အပြုံးနောက်ကွယ်တွင် အစွယ်တွေရှိနေကြောင်းတွေ့ကြုံလာရသည်။

သို့သော် ဒေစီ့အပေါ်ထားရှိသည့် ချစ်မေတ္တာပမာဏမှာ လျော့နည်းမသွားသေးပါ။ တွမ်၏စိတ်နှလုံးအိမ်အတွင်းမှာရှိသည့် မေတ္တာရေစင်တို့သည် ခမ်းခြောက်မသွားသေးပါ။ တွမ်သည့် တတ်နိုင်သမျှ ဒေစီကိုချော့မော့ပြောဆိုသည်။ အလိုလိုက်နိုင်သမျှ အလိုလိုက်ထားသည်။ မတတ်သာသည့်အဆုံးတွင် သူမအပြုအမူတွေကို လျစ်လျူရှုထားပြီး တစ်နေရာရာတွင် ရှောင်နေလိုက်သည်များလည်းရှိသည်။

တွမ်သည် ဒေစီ့ကို ဆက်လက်သည်းညည်းခံရန် အကြောင်းတစ်ခုတိုးလာသည်။ ဒေစီကိုယ်ဝန်ရှိလာသည်။ ကိုယ်ဝန်သုံးလပတ်ဝန်းကျင်တွင် ကိုယ်ဝန်ဆောင်များခံစားရတတ်သည့် ပျို့အန်ခြင်းထက် ပိုမိုဆိုးရွားသည်။ နံနက်တိုင်းမရပ်မနားအန်သည်။ အစာစားလို့မရ။ ရေသောက်သည်ကိုပင် လက်မခံဖြစ်လာသည်။

နေ့စဉ်ရက်ဆက် ဝေဒနာခံစားလာရသဖြင့် ဒေစီခွန်အားနည်းလာသည်။ အသားအရေများ ခြောက်ကပ်လာသည်။ မိသားစုဆရာဝန်က အခြေအနေကိုစိတ်မချသဖြင့် ဆေးရုံတင်လိုက်သည်။ ဆေးရုံတွင် တစ်ပတ်ခန့်ကုသခံရသည်။

ကိုယ်ခန္ဓာကျန်းမာရေး ချို့ယွင်းမှုနှင့်အတူ စိတ်ဓာတ်အခြေအနေကလည်း အဆိုးဘက်သို့ ပြောင်းလဲလာသည်။ မူလအားနည်းချက်များက ပိုမိုသိသာထင်ရှားလာသည်။ မီးကျီးခဲပေါ်မှာ ဓာတ်ဆီလောင်းချလိုက်သလို ဖြစ်လာသည်။ ရှိရင်းစွဲသံသယစိတ်တွေ ပိုပြီးပြင်းထန်လာသည်။ ဆေးရုံပေါ်တွင် တွမ်ကို သူနာပြုဆရာမများနှင့်ပေးစားသည်။ တွမ်က အကျိုးအကြောင်း ရှင်းပြသော်လည်းမရ။ နှုတ်က ပြောရုံသာမက၊ လက်ကပါ ပါလာသည်။ ဆေးရုံအိပ်ခန်းအတွင်းမှာပင် တွမ်ကို တွေ့ကရာပစ္စည်းနှင့် ပစ်ပေါက်သည်။ သူနာပြုဆရာမများက ကိုယ်ဝန်ရှိစ သွေးသားအပြောင်းအလဲရှိလို့သည်လို ဖြစ်တာပါဟုယူဆသည်။ ကိုယ်ခန္ဓာကျန်းမာရေးအခြေအနေ တိုးတက်လာသဖြင့် ဆေးရုံဆင်းခွင့်ပေးလိုက်သည်။

ဒေစီဆေးရုံဆင်းသည့်အခါ တွမ်၏မိခင်သည် ဒေစီကိုအိမ်တွင်လာတွေ့သည်။ သားဖြစ်သူ တွမ်၏မျက်နှာကလည်းရှိသေးသည့်အတွက် မချစ်သော်လည်း အောင့်ကာနမ်းရသည်။ တွမ်၏မိခင် အိမ်အလည်လာသည်ကို ဒေစီက မကြိုက်သည့်

အမူအရာပြသည်။ တွမ်၏ မိခင်ကမေးသည့် ရောဂါဖြစ်စဉ်အကြောင်းကို ရေရေလည်လည် အဖြေမပေး။ မကြားချင်ဆောင်သည်။ တစ်ခုခုအလုပ်များနေဟန်ဆောင်သည်။ "ဟိုထသွား ဒီထသွား" လုပ်နေသည်။

တွမ်၏မိခင်က ဒေစီ၏မျက်နှာရိပ်မျက်နှာကဲကို အကဲခတ်မိပါသည်။ ဒေစီသူမကိုမလိုလား၊ ရန်မူနေသည်ကို သိလာသည်။ ထို့ကြောင့် အိမ်ထဲတွင်ကြာကြာမနေ "ငါပြန်တော့မယ်နော်" ဟုပြောပြီး အိမ်အပြင်ထွက်လာသည်။ တွမ်က အားနာပါးနာဖြစ်ပြီး သူ့မိခင်ကို ခြံအဝထိလိုက်ပို့သည်။ ခြံဝတွင် တွမ်နှင့်သူ၏မိခင်တို့ ခပ်ကြာကြာစကားပြောနေသည်ကို ဒေစီက ပြတင်းပေါက်မှ တွေ့ရသည့်အခါ အိမ်အပြင်သို့ အလျင်အမြန်ထွက်လာသည်။ ထို့နောက် အော်ကြီးဟစ်ကျယ်ပြောသည်။ "သားနဲ့အမေ ဘာတွေများ အကြည်ဆိုက်နေကြတာလဲ" ဟုစွပ်စွဲသည်။ တွမ်ခမျာ ဘာပြန် ပြောရမည်ကိုမသိဘဲ မျက်နှာတွေနီလာသည်။ သူ့မိခင်ကို မျက်ရည်တွေဝိုင်းနေသည့် မျက်လုံးများနှင့် တွေပြီးကြည့်နေသည်။ တွမ်၏မိခင်သည် တွမ်၏ပခုံးကို ညင်ညင်သာသာ လက်ဖဝါးဖြင့်ပုတ်လိုက်သည်။ ထို့နောက် သနားကြင်နာစွာ ကရုဏာသံဖြင့် ဖျောင်းဖျသည်။ "သည်းခံပေါ့သားရယ်၊ သားသမီးတောင်ရတော့မှာ မဟုတ်လား"

## "မိုးလိုက်လို့ရွာ"

တွမ်၏မိခင်သည် နောက်ဆုံးအကြိမ် ဒေစီ့ကိုလာတွေ့စဉ်က ဒေစီ၏ အပြုအမူများကို သည်းမခံနိုင်ဖြစ်သွားသည်။ ဒေစီနှင့်အဆက်ဖြတ်လိုက်သည်။

"နင် ငါနဲ့တွေ့ချင်ရင် ငါ့အိမ်ကိုလာခဲ့။ ငါတော့ နင်တို့အိမ်ကိုမလာတော့ဘူး" ဟု တွမ်၏အမေက တွမ့်ကို အပြတ်ပြောထားသည်။

တွမ့်အဖို့ စုပ်လည်းဆူး၊ စားလည်းရှူးဆိုသည့် အခြေအနေမျိုးနှင့် ရင်ဆိုင်နေရ၏။ မိခင်သည် တွမ်၏ဖခင်သေဆုံးချိန်မှစပြီး သူမ၏ တစ်ဦးတည်းသား တွမ်ကို ကျွေးမွေးစောင့်ရှောက်လာသူဖြစ်သည်။ အမေတစ်ခု သားတစ်ခုဆိုသလို ဖြစ်နေသည်။ မိခင်ကို ပစ်ပယ်ထားလို့မဖြစ်။ ဒေစီ စွပ်စွဲနေသည်တို့ကို အမှုမထားဘဲ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါဆိုသလို တွမ်သည် မိခင်အိမ်ကို သွားရောက်လည်ပတ်သည်။ လိုအပ်သည်များကို ကူညီသည်။ မိခင်၏အိမ်မှ တွမ်ပြန်လာတိုင်း ဒေစီက အမျိုးမျိုးအပြစ်ရှာသည်။ ပေါက်ကရစွပ်စွဲသည်။ တွမ်က ချော့မော့ပြီးရှင်းပြသည်။ ဒေစီ့ကို ကြင်ကြင်နာနာ ဂရုစိုက်အကြိုက်ပေးသည်။ သို့သော် တွမ့်ကို အနိုင်ယူလိုသည့်စိတ်သည် ဒေစီကိုကြီးစိုးနေသည်။ ပြောလေကဲလေ ဖြစ်နေ၏။

တွမ်၏ သည်းခံနိုင်အားသည် အတိုင်းအတာရှိဟန်တူသည်။ တစ်နေ့တွင် တွမ် ဒေါသအိုးပေါက်ကွဲသည်။ “နင်ထင်သလိုထင်၊ ငါ့ကိုဘာမှလာမပြောနဲ့” ဟု ဒေါသတကြီးအော်ပြီး အိပ်ခန်းတွင်ဝင်ကာ တံခါးကိုသော့ခတ်လိုက်သည်။ ဒေစီကတံခါးရွက်ကို တဝုန်းဝုန်း တဒုန်းဒုန်းမြည်အောင် ထုရိုက်ပြီး တံခါးဖွင့်ခိုင်းသည်။ ပြောမရတော့ တံခါးရွက်ကို ခြေထောက်နှင့်ကန်သည်။ နောက်ပြီး ငိုကြီးချက်မသံနှင့် အသံကုန်အော်ဟစ်သည်။ တွမ်က ဘာမှပြန်မပြော။ တံခါးကိုလည်းဖွင့်မပေး။

သည်တော့ ဒေစီ ဒေါသမီးတောက်ပေါက်ကွဲသည်။ ထမင်းစား စားပွဲပေါ်တွင်တင်ထားသော၊ ကားသော့ကို ဆတ်ကနဲ ကောက်ယူပြီး တရှူးထိုးအိမ်ပြင်ထွက်သွားသည်။ ထို့နောက် ကားပေါ် တဟုန်ထိုးတက်ထိုင်လိုက်ပြီး အရှိန်ပြင်းပြင်း မောင်းထွက်သွားသည်။

ဒေစီ၏စိတ်ထဲတွင် မည်သည့်ရည်ရွယ်ချက်မှမရှိ။ ကားကို မြန်နိုင်သမျှ အမြန်မောင်းပြီး ရောက်ရာပေါက်ရာကို ဦးတည်ချက်မရှိ မောင်းနေခြင်းဖြစ်သည်။

ဤသည်မှာ ဒေစီ၏အကျင့်ဖြစ်သည်။ စိတ်ခံစားမှုတစ်ခုခုကို ပြင်းပြင်းထန်ထန်ခံစားလာရလျှင် ဘာကိုမဆို တဇွတ်ထိုးလုပ်လိုက်ရမှ၊ လုပ်လိုက်ပြီးမှ စိတ်ထဲတွင် အနေရအထိုင်ရသက်သာသည်။ သူမတရှူးထိုး လုပ်တတ်သည်မှာ အန္တရာယ်ဖြစ်စေသည့် အပြုအမူမျိုးဖြစ်သည်။

ယခုအကြိမ်တွင်လည်း ဆင်ခြင်တုံတရားမရှိဘဲ သတိလက်လွတ် ကားကိုအရှိန်နှုန်း မြန်မြန်မောင်းနေသည်။ သူမရှေ့မှ ပုံမှန်နှုန်းဖြင့် သွားနေသည့် ကားများကို ညာဘက်မှ ကျော်တက်လိုက်၊ ဘယ်ဘက်မှ ကျော်တက်လိုက်မောင်းနေသည်။ ကုန်းတက် တစ်နေရာတွင် ဆန့်ကျင်ဘက်မှ မောင်းလာသည့်ကားကို ဂရုမထားဘဲ သူမရှေ့မှကားတစ်စင်းကို ကျော်တက်သည်။ လမ်းခုလတ်တွင် ကား

နှစ်စင်းမျက်နှာချင်းဆိုင် ဖြစ်နေသည်။ ထိပ်တိုက်ကားချင်း တိုက်မိမည့် အခြေအနေရောက်လာသည်။ မျက်နှာချင်းဆိုင်မှ မောင်းလာနေသည့်ကားက သူ့ဘယ်ဘက်ကို အလျင်အမြန်ဆွဲ ကွေ့လိုက်နိုင်သဖြင့် ချိတ်မိသွားရုံသာရှိသည်။ ကားတိုက်မှု ဖြစ်ပြီ။ ကားရှေ့ပိုင်းပိန်ချိုင့်သွားသည်။ ဒေစီနဖူးပေါက်သွားသည်။

ကားတိုက်မှုကို လာရောက်စစ်ဆေးသည့် ရဲက ဒေစီအမောင်းကြမ်းလို့ဖြစ်ရသည်ဟု မှတ်ချက်ချ၏။ ဒဏ်ငွေဒေါ်လာ ၁၅၀ ဒဏ်ရိုက်ခံရသည်။ ကားမောင်းလိုင်စင်မှတ်တမ်းတွင် အမှတ်သုံးမှတ်လျှော့ချခြင်းခံရ၏။

ဩစတြေးလျနိုင်ငံတွင် ကားမောင်းကြမ်းသူ၊ မဆင်မခြင်မောင်းသူ၊ ကားအရှိန်နှုန်းသတ်မှတ်ထားသည်ထက် ပိုပြီးမောင်းသူများကို ရဲကဖမ်းမိလျှင် ဒဏ်ငွေရိုက်သည့်အပြင် ကားမောင်းလိုင်စင်မှတ်တမ်းတွင် အမှတ်လျှော့ချသည့်စနစ်ရှိ၏။ ကားမောင်းသူလိုင်စင် ကိုင်ဆောင်သူတိုင်းအတွက် ၁၂ မှတ် သတ်မှတ်ပေးထားသည်။ ယာဉ်စည်းကမ်းကျူးလွန်သည့် အပြစ်အကြီးအသေးပေါ်မူတည်ပြီး ၁ မှတ်မှ ၃မှတ်အထိ လျှော့ချနိုင်သည်။ တစ်ခါလျှော့ချခံရလျှင် သုံးနှစ်ဆက်တိုက် အပြစ်မလုပ်မှ လျှော့ချခံရသည့်အမှတ်ကို ပြန်ပေးသည်။ မကြာခဏယာဉ်စည်းကမ်းဖောက်ဖျက်မှုကြောင့် ၁၂မှတ်ကုန်သွားလျှင် လိုင်စင်အသိမ်းခံရသည်။ ၆လမှ တစ်နှစ်အထိ ကားမောင်းခွင့်မပြု။ ၎င်းအပြင် ကားမောင်းသင်

တန်း ပြန်လည်တက်ရသည်။ ပညာပေးသင်တန်းလည်းဖြစ်၏။ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရသူ သေဆုံးသူများ လျော့နည်းစေရန် ရည်ရွယ်သည့် စည်းမျဉ်းဖြစ်သည်။

ယာဉ်တိုက်မှုဖြစ်ရခြင်းအကြောင်းရင်း ငါးမျိုးရှိသည်ဟု ပြောကြသည်။ ကြီးငါးကြီးဟု ဆိုနိုင်သည်။ ၎င်းတို့မှာ ယာဉ်မောင်းနှုန်း မြန်လွန်းခြင်း၊ အရက်နှင့် မူးယစ်ဆေးသောက်သုံးပြီး ကားမောင်းခြင်း၊ လူပင်ပန်းနေစဉ် အိပ်ငိုက်နေစဉ် ကားမောင်းခြင်း၊ ကားမောင်းနေစဉ် အာရုံစိုက်မှုနည်းပါးခြင်း (ဥပမာ ကားမောင်းနေစဉ် ဟန်းဆက်၊ တယ်လီဖုန်းပြောခြင်း)၊ ထိုင်ခုံခါးပတ်မတပ်ဆင်ခြင်းတို့ ဖြစ်သည်ဟုသိရသည်။

ထိုအကြောင်းအရင်းများ လျော့နည်းသွားရန် နိုင်ငံတော်အစိုးရကပညာပေးသည်။ စည်းကမ်းဥပဒေအမျိုးမျိုးနှင့် ထိန်းချုပ်သည်။ အောင်မြင် သင့်သလောက် အောင်မြင်သည်ဟုဆိုရမည်။ ၁၉၇၀ ခုနှစ်က လူဦးရေ တစ်သန်းတွင် လူ ၃၀၀ ကားတိုက်မှုကြောင့်သေရသည်။ ယခုအခါ လူဦးရေ တစ်သန်းလျှင် ၇၀ယောက် သေဆုံးသဖြင့် သေနှုန်းလျော့နည်းသွားသည်ကို တွေ့ရ၏။ ကားတိုက်မှုကြောင့် လူတစ်ဦးသေဆုံးလျှင် အခြားလူ ၂၀ခန့် အပြင်းအထန်ဒဏ်ရာရရှိသည့် နှုန်းရှိကြောင်းလည်း သိရသည်။ ထို့ကြောင့် မဆင်မခြင်ကားမောင်းပြီး စည်းကမ်းဖောက်ဖျက်သူများကို အစိုးရကထိထိရောက်ရောက် အရေးယူခြင်းဖြစ်၏။

ဒေစီသည် အကြောင်းအမျိုးမျိုးပြပြီး ဆင်ခြေတက်သည်။ ရဲက အလျှော့မပေးနိုင်။ ငွေဒဏ် ဒေါ်လာ ၁၅၀ ဒဏ်ရိုက်ပြီး၊ ကားမောင်းလိုင်စင်မှတ်တမ်းတွင် သုံးမှတ်လျှော့လိုက်သည်။

ရဲက တွမ့်ကို တယ်လီဖုန်းဆက်ပြီး အကြောင်းကြားသည်။ တွမ်သည် သတင်းကြားသည်နှင့် အိပ်ခန်းတွင်းမှ ကပျာကယာ ထပြီး အဝတ်အစားလဲကာ ပျာပျာသလဲ ရောက်လာသည်။ တွမ့်ကို တွေ့ရသည့်ခါ ဒေစီသည် မျက်နှာချိုသွေးသည်။ တွမ့်ကို တောင်းပန်သည့်အကြည့်နှင့် ကြည့်ပြီးတရှုပ်ရှုပ်ငိုသည်။

တွမ်သည် ဒေစီ့ကို စိတ်မဆိုးနိုင်ပါ။ ဒေစီ့ကို ချက်ချင်း ဆေးခန်း လိုက်ပို့သည်။ "ကားအတွက် စိတ်မပူနဲ့၊ အာမခံကုမ္ပဏီက လျော်ကြေးနဲ့ ပြင်ပေးလိမ့်မယ်" ဟုလည်း ဒေစီ့ကို အားပေးသည်။

အိမ်ပြန်ရောက်သည့်အခါ ဒေစီသည် ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားသည်။ လွန်ခဲ့သည် ၃-၄နာရီအတွင်းက ဘာမှမဖြစ်ခဲ့သလို မြူးထူးရွှင်ပျနေသည်။ သို့သော် တွမ်၏စိတ်ထဲတွင် ဘဝင်မကျပါ။ ပြုံးရွှင်နေသည့် ဒေစီ၏ မျက်နှာကိုကြည့်ပြီး ချစ်စိတ်တွေပွားရမည့်အစား ကြောက်စိတ်တွေက နေရာယူနေသည်။ ရွှေတစ်နေ့ငွေတစ်နေ့ဖြစ်တတ်သည့် ဒေစီ၏စရိုက်ကိုသိပြီး ဖြစ်သည်။ ယခု တိမ်စင်ပြီး ကောင်းကင်ကလင်းနေသော်လည်း ဝမ်းမသာဝံ့ပါ။ ဘယ်အချိန် မိုးမည်းရွာချမလဲဟု တထိတ်ထိတ်နှင့် မျှော်လင့်နေရသည်။

မကြာပါ။ နောက်တစ်နေ့တွင် တွမ်ရင်ဆိုင်ရသည်။ တက္ကစီငှားစီး သည့်ခရီးသည်တစ်ဦးကို တွမ်သည် လေဆိပ်အထိ လိုက်ပို့ရသည်။ အပြန်တွင် မမျှော်လင့်ဘဲ အမြန်လမ်းကြီးပေါ်တွင် တရွေ့ရွေ့သာသွားနိုင်သည်။ ရှေ့ တစ်နေရာတွင် ကားတိုက်မှုဖြစ်နေခြင်းက အကြောင်းရင်းဟုသိရသည်။ ဘာ့ကြောင့်ပဲဖြစ်ဖြစ် တွမ် အိမ်ပြန်နောက်ကျသည်။ ပုံမှန်အလုပ်သိမ်းပြီး ပြန်ချိန်ထက် နှစ်နာရီလောက် နောက်ကျသွားသည်။

အလုပ်မှာ မောပန်းပြီး ပြန်လာရသော်လည်း အိမ်ရောက်လျှင် ဒေစီပြုံးရွှင်နေသည်ကို တွေ့ရပါက တွမ်အမောပြေပါသည်။ သည်နေ့ တွမ်မျှော်လင့်သလို မတွေ့ကြုံရပါ။ တွမ်တံခါးပေါက်မှာ ခြေတစ်လှမ်းမချမီ ဒေစီ ထွက်လာပြီး၊ "တော်တော်ပျော်ခဲ့ရဲ့လား။ ဘယ်ကောင်မအိမ်မှာ သောင်တင်နေလို့ အိမ်ပြန်နောက်ကျတာလဲ" ဟု ရန်တွေ့စကားဖြင့် နှုတ်ဆက်၏။ တွမ်ခမျာ မျက်နှာမရ ခြေထောက်နှင့်အပြခံရသည်။ သို့သော် ဒေစီကို အပြစ်မတင်နိုင်။

"ငါအလုပ်က မောပန်းပြန်လာတာ နင်မမြင်ဘူးလား။ ဘာအရှုပ်ထ နေတာလဲ" ဟု စိတ်ထဲက ပြောချင်သော်လည်း ပါးစပ်က ပြောမထွက်ပါ။ မပြောရက်ပါ။

တွမ်က အမြန်လမ်းမကြီးတွင် ကားတိုက်မှုဖြစ်သဖြင့် ကားတွေ ကြပ်နေသည့် အတွေ့အကြုံကို အေးအေးသက်သာ ရှင်းပြ

သည်။ ဒေစီက နားမထောင်ပါ။ အသိခေါက်ခက် အဝင်နက်နေသည်။ တယူသန်အနိုင်ယူပြောပြီး ဒေါသအိုးပေါက်ကွဲသည်။ မိုးမည်း တစ်ကြိမ်ရွာပြန်ပြီ။

ကမ်းပါးကို ရေလှိုင်းအကြိမ်ကြိမ် ရိုက်ခြင်းခံရသည့်အခါ ကမ်းပါး အိပြီးပြိုကျလာသလို တွမ်၏ ဒေစီ့အပေါ် ထားရှိသည့် ချစ်မေတ္တာတို့သည်လည်း တဖြည်းဖြည်းတစစ ပဲ့စင်ကျလာပြီ။ နှစ်လွှာပေါင်းပြီး တစ်ဘဝတည်း ဖြစ်လိုသည့် စိတ်ကူးယဉ်ဗိဗ္ဗာန် ကြီးသည် အပူနှင့်တွေ့ထိရသည့် ရေခဲတုံးပမာ တအိအိအရည် ပျော်ကျကုန်သည်။ သို့သော် တွမ်သည် ဒေစီ့ကိုမခွဲနိုင် မခွာရက် သေးပါ။

မကြာမီ လူ့ပြည်ရောက်လာမည့် သားဦးကလေး၏ မျက်နှာ ကရှိနေသည်။ ဖခင်မဲ့ကလေးတစ်ယောက်အဖြစ် ကလေးဘဝကို မစစေချင်။ မိစုံဖစုံအောက်တွင် ပျော်ပျော်ရွှင်ရွှင် ဖွံ့ဖြိုးကြီးထွား စေလိုသည်။

ကိုးလလွယ် ဆယ်လအတွင်း ရောက်လာသောအခါ ဒေစီ သည် သားဦးယောကျ်ားကလေးမွေးသည်။ အခက်အခဲမရှိ အလွယ် တကူပင် မွေးဖွားနိုင်သည်။ ကလေး၏ ကျန်းမာရေးသည် အားရ ဖွယ်ရှိသည်။ ဘာမှအပြစ် အနာမရှိ။ ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိ။

မိခင်ရောကလေးပါ ကျန်းမာရေးကောင်းသည့်အတွက် သုံးလေးရက်အတွင်း ဆေးရုံဆင်းနိုင်မည်ဖြစ်သည်။ သို့သော်

ထင်သည့်အတိုင်း စီစဉ်သည့်အတိုင်း ဖြစ်မလာပါ။ ဒေစီသည် တဖြည်းဖြည်း ကျန်းမာရေး ချို့တဲ့လာသည်။ ညဘက်တွင် အအိပ် အနေနည်းလာသည်။ အစားအသောက်ပျက်လာသည်။ အိပ်ရာပေါ်တွင် ပက်လက်လှန်လဲလျောင်းနေပြီး မျက်နှာကြက်ကိုသာ အကြောင်းမဲ့စိုက်ကြည့်နေသည်ကို သူနာပြုများက သတိထားမိသည်။ မည်သူနှင့်မျှ စကားမပြောလို။ မှုန်တေတေမှုန်ကုပ်ကုပ်နှင့် မျက်နှာထားတင်းထားသလို တွေ့ရ၏။ ပြုံးခြင်းရယ်ခြင်းမရှိ။ မကြာခဏ တစ်ယောက်တည်းကျိတ်ငိုနေသည်။ သူနာပြုများ ပိုမိုစိုးရိမ်သည်က မွေးစသားကလေးကို ဒေစီစိတ်ဝင်စားမှုမပြခြင်းဖြစ်သည်။ မိခင်နို့တိုက်သည့် အကျင့်ရစေရန် ကလေးကို ဒေစီ့ထံခေါ်သွားသော်လည်း သူမက ဝတ်ကျေဝတ်ကုန်ပြောသမျှ သာလိုက်လုပ်သည်။ ကလေးကို ရင်ခွင်မှာပိုက်ထားသော်လည်း အရုပ်တစ်ခုကို ကိုင်ထားရသလို မည်သည့်စိတ်ခံစားမှုကိုမှမပြ။ "ကမ္ဘာပေါ်တွင် ချစ်စရာကောင်းသည့် ကလေးတစ်ယောက်သာရှိသည်။ မိခင်တိုင်းမှာ သည်ကလေးရှိသည်"ဟု တရုတ်စကားပုံတစ်ခုကဆိုသည်။ ဒေစီသည် သူ့သားကလေး၏ မျက်နှာကိုကြည့်ပြီး ကြည်နူးနှစ်သိမ့်နေသည့် အမူအရာမပြ။ သာမန်မိခင် တိုင်းနှင့် မတူခြားနားနေသည်။ ဒေစီသည် သားကလေး၏အလှကို မမြင်နိုင်ဖြစ်နေ၏။ သည်တော့ သူနာပြုများက ဒေစီ၏ စိတ်အခြေအနေကို စစ်ဆေးရန်လိုမည်ထင်ကြောင်း လက်ထောက်ဆရာဝန်ကို အကြံပေးသည်။ လက်ထောက်ဆရာဝန်က ဒေစီနှင့် ခေတ္တစကားပြောကြည့်ပြီး ဆေးရုံ

ဆင်းခွင့်မပေးဘဲ စိတ်ရောဂါကုဌာနသို့ အကြောင်းကြား အကြံဉာဏ် တောင်းသည်။ အထူးကုဆရာဝန်က ဒေစီစိတ်ကျ ရောဂါခံစားနေ ရသည်ဟု ရောဂါအမည်သတ်မှတ်သည်။ အမျိုးသမီးများ မီးဖွားပြီး ၆လအတွင်း ဖြစ်တတ်သည့် စိတ်ကျရောဂါ ဖြစ်သည်။ ဒေစီကို "မိခင်နှင့်ကလေး စိတ်ကျန်းမာရေးကုသဆောင်" သို့ ပြောင်းရွှေ့ပေး ရန် ညွှန်ကြားသည်။

ဤနိုင်ငံတွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများ၌ မိခင်ကလေး စိတ်ကျန်းမာရေးကုသဆောင်များဖွင့်လှစ်ရန် အားပေး လာကြသည်။ ခေတ်စားလာသည်။ မွေးကင်းစကလေးများသည် မိခင်၏ ယုယကိုင်တွယ်ထိတွေ့ မှုရရှိရန်လိုအပ်သည်။ မိခင်၏နို့ ရည်မှာလည်း မွေးကင်းစကလေးအတွက် အကောင်းဆုံး အာဟာရ အဖြစ်ဆုံး အစားအသောက်ဖြစ်သည်ဟု ယုံကြည်သည်။ မိခင်နှင့် ကလေးကို သာမန်စိတ်ရောဂါကုသဆောင်သို့ ပြောင်းရွှေ့ကုသရန် မသင့်လျော်ပါ။ ကလေးတွင် အန္တရာယ်ရှိနိုင်သည်။ မီးယပ်သားဖွား ကုသဆောင်တွင် ဆက်လက်ထားရန်အတွက် ကုတင်လိုသည်။ ၎င်းအပြင် သားဖွားမီးယပ်ကုသဆောင်မှ သူနာပြုများသည် စိတ် ရောဂါလူနာကို ပြုစုကုသရာတွင် ကျွမ်းကျင်မှုနည်းပါးမည်။ အချိန် လည်းမပေးနိုင်။ သို့ဖြင့် မိခင်ကလေးစိတ်ကျန်းမာရေးကုသ ဆောင်များ မှိုပေါက်သလို အများအပြားပေါ်ပေါက်လာခြင်းဖြစ်၏။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဒေစီဆေးရုံမဆင်းရတော့ပဲ မိခင်ကလေးစိတ်ကျန်းမာရေးကုသဆောင်သို့ ရောက်သွားသည်။ ဆစ်ဒနီမြို့ရှိ ဗစ်တိုးရီးယားဆေးရုံပေါ်တွင်ဖြစ်သည်။ သူမခံစားနေရသည့် စိတ်ရောဂါဝေဒနာကို ရက်သတ္တပတ်ကြာကုသခံရသည်။

ကလေးမွေးပြီးစအချိန်မှ ခြောက်လအတွင်း တစ်ချိန်ချိန်တွင် ဖြစ်လေ့ရှိသည် စိတ်ကျရောဂါတစ်မျိုးကို "မီးနေသည် စိတ်ကျရောဂါ" (မီးဖွား ပြီးဖြစ်စိတ်ကျရောဂါ) ဟုခေါ်သည်။ မီးနေသည် မိခင်တစ်ရာလျှင် ငါးယောက်နှုန်းခန့် သည်လိုရောဂါဖြစ်တတ်သည်ကိုတွေ့ရ၏။

စိတ်ကျရောဂါထက် ပိုမိုဆိုးရွားသည့်ရောဂါမှာ၊ မီးဖွားပြီးစဖြစ်သော စိတ္တဇနာ (ဆိုက်ကိုးဆစ်) ဝေဒနာဖြစ်သည်။ ဤရောဂါဖြစ်လျှင် လူနာသည်နားထဲတွင် အကြောင်းမဲ့စကားပြောသံများကြားခြင်း၊ အကြောင်းမဲ့ အလွန်အမင်းကြောက်လန့်နေခြင်း စကားပြောမှုမမှန်ခြင်း၊ လွဲမှားသည့်အတွေးများကို ယုံကြည်နေခြင်းစသည်တို့ခံစားရသည်။ မီးဖွားပြီးဆိုက်ကိုးဆစ်ရောဂါကို မီးနေသည်တစ်ထောင်လျှင် တစ်ဦးမှနှစ်ဦးအထိ ခံစားရကြောင်းသိရ

ဒေစီသည် စိတ္တဇဝေဒနာလက္ခဏာများ မခံစားရ။ ဒေစီမမာမကျန်းဖြစ်သည့် စိတ်ကျရောဂါမှာ အလွန်ဆိုးရွားသည့် အဆင့်မဟုတ်။ အလယ်အလတ်ပြင်းထန်သည့် စိတ်ရောဂါမျိုးဖြစ်သည်။ ဒေစီသည် ရောဂါခံစားနေရစဉ် မွေးကင်းစကလေးအပေါ် ရှိရမည့်

မိခင်စိတ်လျှော့နည်းနေသော်လည်း ကလေးကိုရန်မူလိုစိတ်၊ ရိုက်နှက်သတ်ဖြတ်လိုစိတ်မျိုး မရှိပါ။ ၎င်းအပြင် ပုံမှန်ကုထုံးကုနည်း ရရှိပြီး နှစ်ပတ်အတွင်း ရောဂါအခြေအနေ တိုးတက်ကောင်းမွန်လာသည်။ ဒေစီသည် စိတ်ကျပြေဆေးသောက်ရသည်။ အားပေးဖျောင်းဖျပြီးကုသည့် စိတ်ကုထုံးကုနည်းနှင့်လည်း ကုသမှုခံယူရသည်။

စိတ်ကျပြေဆေးကို အိမ်တွင်နေ့စဉ်ဆက်လက်သောက်ရန် ဆေးရုံကညွှန်ကြားသည်။ စိတ်ပညာရှင်နှင့် စိတ်ရောဂါအထူးကုဆရာဝန်တို့ကို တစ်ပတ်တစ်ကြိမ် လာရောက်တွေ့ဆုံရန်လည်း ရက်ချိန်းပေးလိုက်သည်။

ဆေးရုံဆင်းလက်မှတ်တွင် ရောဂါဖော်ထုတ်မှတ်တမ်းကို အောက်ပါအတိုင်းတွေ့ရ၏။

| | |
|---|---|
| လက်ရှိစိတ်ရောဂါ | - မီးဖွားပြီး စိတ်ကျရောဂါ။<br>အတော်အသင့် ပြင်းထန်သည်။<br>စိတ္တဇဝေဒနာ လက္ခဏာမရှိ။ |
| ကိုယ်ရည်ကိုယ်သွေး | - ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး<br>ချို့ယွင်းခြင်း။ |
| ကိုယ်ခန္ဓာ အခြား | - မီးဖွားပြီးအခြေအနေ။ ပုံမှန်အနေအထား။<br>ထူးခြားသည့် ကိုယ်ခန္ဓာရောဂါမရှိ။ |
| လူမှုရေး | - အိမ်ထောင်တွင်းပဋိပက္ခရှိ။<br>ဒီဖက်တို၏ မိခင်နှင့်အဆင်မပြေ။<br>မွေးမိခင်ကျန်းမာရေးမကောင်း အဆက်အသွယ်မရှိ။ |

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ရောဂါကြောင့်မသန်
မစွမ်းခြင်းနှင့်
အန္တရာယ် - နေ့စဉ်လုပ်ငန်းများနှင့် မွေးကင်းစကလေး ကို ပြုစုရာတွင် ချို့ယွင်းအားနည်းချက်ရှိ။
- မိမိကိုယ်ကိုသတ်သေလိုစိတ်မရှိ။
- မွေးကင်းစကလေးကို အန္တရာယ်ပြုလိုစိတ် မတွေ့ရှိရ။

ဒေစီသည် သားဦးကလေးရပြီး တွမ်နှင့်အတူ မိသားစု ပျော်ရွှင်ရမည့်အစား စိတ်ကျရောဂါကို ခံစားလာရသည်။ အိမ်တွင် ဆေးဆက်သောက်ရမည်။ တစ်ပတ်တစ်ကြိမ် ဆရာဝန်နှင့်တွေ့ရ မည်။ သားကလေးကိုချစ်သည့် စိတ်များတဖြည်းဖြည်း ပြည့်ဖြိုးလာ သော်လည်း ကလေးတာဝန်တွေကို လုပ်ရသည့်အခါ အလွယ်တကူ မောပန်းသည်။ စိတ်ကျရောဂါ၏အရှိန်ကြောင့် ဘော်ဒါလိုင်း လက္ခဏာတွေကလည်း ပိုမိုအစွမ်းပြလာသည်။ တွမ်နှင့်အဆင် မပြေတာတွေကလည်းရှိစမြဲ။

တွမ်၏မိခင်သည် သားဦးကလေးကို မွေးစားရန်စိုင်းပြင်း လာသည်။ ဒေစီသည် စိတ်ကျရောဂါ ခံစားနေရသည်။ ကလေးကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်နိုင်မည်မဟုတ်ဟု အ ကြောင်းပြပြီး မွေးစားဖို့အရေးဆိုလာခြင်းဖြစ်သည်။ တွမ့်ကိုသဘော တူရန် တိုက်တွန်းသည်။ ဒေစီ့ကို ကုသသည့်ဆရာဝန်ထံ သူမစုံးရိမ်

ဘာတွေကို တယ်လီဖုန်းဆက်ပြောသည်။ သို့သော် သက်ဆိုင်ရာ ဆရာဝန်နှင့်ဝန်ထမ်းများက ဒေစီ၏ ခွင့်ပြုချက်မရပဲ မဆွေးနွေးနိုင်ပါဟုအဖြေပေးသည်။

ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာဆိုသည့်စကားပုံလို ဒေစီ၏ ဘဝတွင် စိတ်ဒုက္ခဖြစ်ဖွယ်ရာတွေက တစ်ခုပြီးတစ်ခုပေါ်နေတာပဲဟု ဒေစီတွေးမိသည်။

တွမ်က သူ့မိခင်၏ဆန္ဒကို သဘောမတူသဖြင့် ဒေစီသက်သာရာရသည်။ "ဒီလင်ဒီသား"နှင့် ဘဝတကွေ့ကိုစရန် မျှော်မှန်းလျှက်--။

# "ရေကြည်ရာ မြက်နုရာ"

သားကလေးကိုယ်ဝန် ၆လလောက်ကပင် ဒေစီအလုပ်ထွက်လိုက် ပြီဖြစ်သည်။ တွမ့်ကို လုံးဝမှီခိုသူအဖြစ် တရားဝင်စာရင်းပေးလိုက်သဖြင့် လူငယ်ထောက်ပံ့ကြေးမရတော့ပါ။ တွမ်၏ဝင်ငွေသည် လူလတ်တန်းစားများ၏ ပျမ်းမျှဝင်ငွေထက် ကောင်းနေခြင်းကြောင့်လည်းဖြစ်၏။ ဒေစီသည် လုံးဝမှီခိုသူဖြစ်သည့်အတွက် တွမ်ဝင်ငွေခွန်ဆောင်သည့်အခါ ဝင်ငွေခွန်လျှော့ နည်းပြီးပေးရသည်။ သားကလေးမွေးလာသောအခါ အစိုးရထံမှ ထောက်ပံ့ကြေးအချို့ရ

ရှိ၏။ ကလေးရရှိသည့်အတွက် “ကလေးဆုကြေးငွေ” အဖြစ် ပုတ်ပြတ်ဒေါ်လာခြောက်ထောင်ပေးသည်။ ထို့နောက် နှစ်ပတ်လျှင်တစ်ကြိမ် ကလေးစရိတ်ထောက်ပံ့သည်။ တွမ်၏ဝင်ငွေမှာ တက္ကစီမောင်းသမား ဖြစ်သော်လည်း လူလတ်တန်းစားဝင်ငွေကိုမီသည်။ ထို့ကြောင့် ကလေးစရိတ်ကတော့ မယ်မယ်ရရမရှိပါ။ မိသားစုအတွင်း မှီခိုသည့်ကလေးရှိလာသည့်အတွက် တွမ်ပေးရသည့် ဝင်ငွေခွန် လျော့နည်းသွားသည်။

စီးပွားရေးအခြေအနေက အဆင်ပြေပါသည်။ ပိုပိုလျှံလျှံ စားနိုင်သောက်နိုင်ကြသည်။

လူမှုရေးကိစ္စတွင်တော့ အဆင်မပြေကြပါ။ တွမ်၏မိခင်သည် အလျှော့မပေးပဲကလေးကို သူမမွေးစားလိုကြောင်း နားပူနားဆာလုပ်နေ၏။ တွမ့်မိခင်၏ ရည်ရွယ်ချက်သဘောထားကို သိရန်ခက်နေသည်။ ကလေးကိုချစ်လို့လား။ သို့မဟုတ် ဒေစီကို ကလဲ့စားချေချင်လို့လား။

ဒေစီကလည်း အိမ်ထောင်အတွင်း သာသာယာယာရှိအောင်မနေတတ်။ မလုပ်သင့်တာတွေကို လုပ်နေသည်။ ဆေးရုံမှဆင်းလာပြီး ဆရာဝန်ညွှန်ကြားလိုက်သည့် စိတ်ကျပြေဆေးကို မှန်မှန်မသောက်။ ဆရာဝန်နှင့် စိတ်ပညာရှင်တို့ကိုလည်း ရက်ချိန်းရထားသည့်အတိုင်း မှန်မှန်သွားပြီးမတွေ့။ ဒေစီလိုလူနာမျိုးကို စိတ်ရောဂါကုလုပ်ငန်းတွင် အများအပြားတွေ့ရပါသည်။ စိတ်

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ရောဂါလူနာ တစ်ရာလျှင်ခုနစ်ဆယ်ကျော်သည် ပေးထားသည့် ဆေးများကို မှန်မှန်မသောက်ကြောင်းတွေ့ရပြီး၊ တစ်နှစ်အတွင်း မိမိဆန္ဒအလျောက် ဆေးကိုရပ်ပစ်လိုက်ကြသည်။ ဒေစီကလည်း ဆေးရုံဆင်းပြီး ၃လကျော်သောအခါ သူမ၏ဆန္ဒအလျောက် ဆေးမသောက်ဘဲ ရပ်ထားလိုက်သည်။ သည်တော့ သူမ၏စိတ်ကျ ရောဂါသည် သက်သာလာသော်လည်း အကင်းသေမသွားပါ။

စိတ်ကျရောဂါအကင်းမသေဘဲ တငွေ့ငွေ့ရှိနေသောအခါ ဒေစီ၏ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးလက္ခဏာတွေက ပိုပြီး အညွန့်တက်လာသည်။ သည်တော့ငြီးငွေ့တာ၊ စိတ်တိုတာ၊ ပူပင် သောကများတာ၊ စိတ်လိုက်မာန်ပါလုပ်တာ၊ သံသယစိတ်လွန်ကဲ တာတွေသည် ပိုမိုရှင်သန်လာ၏။ သည်ဒဏ်တွေကို တွမ်လှိမ့်ပြီး ခံရနေရသည်။

တွမ်၏အလုပ်တွင်လည်း အပြောင်းအလဲတွေဖြစ်လာသည်။ တက္ကစီကုမ္ပဏီသည် ညဘက်တွင် ကားမောင်းနိုင်သူ ပိုမိုလိုအပ်လာ သည်။ စီးပွားရေးအရ လိုအပ်ချက်ဖြစ်သည်။ သို့သော် ကားမောင်း သူအများစုက ညဘက်မောင်းရမှာကို မလိုလားကြ။ အအိပ်အနေ ပျက်သည်။ ကျန်းမာရေးကို ထိခိုက်နိုင်သည်။ ထို့အပြင် ဆစ်ဒနီမြို့ တွင် ညဘက်တက္ကစီမောင်းရသည်မှာ အန္တရာယ်များသည်။ ကားငှားပြီး တက္ကစီခမပေးဘဲ ဆင်းပြေးသူများရှိသည်။ တက္ကစီ မောင်းသမားများ အကြောင်းအမျိုးမျိုးကြောင့် ရိုက်နှက်တာခံရ

အသက်ခံရသည့် သတင်းတွေကိုလည်း မကြာခဏကြားရသည်။ သည်တော့ ညဘက်တာဝန်ယူမောင်းလိုသူနည်းသည်။ ကုမ္ပဏီက အကြမ်းကိုင်လာသည်။ ကားမောင်းသူတိုင်း တစ်ပတ်လျှင် နှစ်ည တာဝန်ယူရသည်။ ည ၈နာရီမှ နံနက် ၄နာရီအထိ တစ်ပတ်နှစ်ရက် တာဝန်ဖယားခွဲပေးသည်။

သည်တော့ တွမ်ညဘက်တာဝန်ကျတိုင်း ဒေစီသည် တွမ့်ကိုစွပ်စွဲဖို့ အခွင့်ကြုံလာ၏။

"အလုပ်သွားတာမှဟုတ်ရဲ့လား။ ဘယ်အိမ်မှာ စတည်းချပြီးအကြည်ဆိုက်နေတာလဲ" စသည်ဖြင့် တွမ်နံနက်တိုင်း အိပ်ချင်မူးတူးနှင့် ပြန်လာသည်ကိုတလွဲထင်ပြီး ရန်လုပ်သည်။

ယခုလိုကိုယ်ရေးကိုယ်တာပြဿနာတွေ များလာသည့်အတွက် တွမ်သည် တစ်နေရာရာကို လွတ်ရာလွတ်ကြောင်း ထွက်ပြေးချင်လာသည်။ အယ်လစ်စပရင်းမြို့တွင် တွမ်၏ ငယ်သူငယ်ချင်းများရှိနေသည်။ သူ့ကို သည်မြို့မှာ အလုပ်ရနိုင်လျှင် ရှာပေးရန် အပူကပ်သည်။ အယ်လစ်စပရင်းမြို့သည် လူဦးရေ ၂၅၀၀၀ ကျော်သာရှိသည့် မြို့ကလေးဖြစ်သည်။ မြို့တောင်ဘက်စွန်းမှ မြို့မြောက်ဘက်စွန်းအထိ ၄-၅ မိုင်သာရှည်မည်။ အကျယ်အဝန်းက ပိုပြီးသေးငယ်သည်။ သည်တော့ တက္ကစီကားတွေသိပ်မလိုပါ။ တွမ်ကံကောင်းသည်ဟု ဆိုနိုင်သည်။ တက္ကစီကားမောင်းသည့် အလုပ်မရသော်လည်း ကုန်တင်ကားမောင်းသည့် အလုပ်တစ်ခုကိုရသည်။

## ဖြစ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

တွမ်သည် အခြားမြို့များတွင် သူအလုပ်ရှာနေသည့်အကြောင်းကို လျှို့ဝှက်ထားသည်။ မိခင်ကိုလည်းမပြော၊ ဒေစီကိုလည်းမပြော။ အလုပ်ရပြီး စာချုပ်လက်မှတ်ရေးထိုးပြီးမှ ဒေစီကိုပြောသည်။

တွမ်သည် လက်ဦးအစတွင် ဒေစီနှင့်သားကလေးကို အသိလစ်စပရင်းသို့ ခေါ်သွားရန်ရည်ရွယ်ချက်မရှိပါ။ လွတ်လွတ်ကျွတ်ကျွတ် နားအေးပါးအေးနေပြီး သူတို့ကို အဝေးမှစောင့်ရှောက်ဖို့ စိတ်ကူးထားသည်။ ယခု အိမ်ခန်းယူနစ်မှာ တွမ်ပိုင်သည့် အိမ်ခန်းဖြစ်သည်။ သည်တော့ ဒေစီတို့သားအမိ အခြေမပျက်နေနိုင်သည်။ တွမ်က လိုလေသေးမရှိအောင် ဘဏ်ထဲတွင် ပိုက်ဆံမှန်မှန်သွင်းပေးမည်ဖြစ်သည်။ ဒေစီပင်ပန်းလျှင် နေ့ကလေးထိန်းဌာနတွင် ကလေးကို အချိန်ပိုင်းပို့ထားနိုင်သည်။ မွေးကင်းစ ကလေးအမေများအသင်းအဖွဲ့တွေ့ဆုံပွဲများကို ဒေစီတက်ရောက်နိုင်သည်။ မိခင်အချင်းချင်း ကော်ဖီဝိုင်းတွင် တစ်ဦးနှင့်တစ်ဦး အားပေးကူညီနိုင်သည်။ ပါလာသောကလေးများကို စုပေါင်းပြီး ထိန်းကျောင်းပေးသဖြင့် မိခင်များအနားယူနိုင်သည်။

တွမ်က သူ၏စိတ်ကူးထဲတွင်ရှိသည့် အစီအစဉ်များကို ဒေစီအားပြောပြသည်။ ဒေစီကလုံးဝသဘောမတူကြောင်း ပြောသည်။ သူတို့လည်းလိုက်နေမည်ဟု တောင်းဆိုသည်။ ဒေစီသည် တွမ့်ကိုစိတ်မချနိုင်ပါ။ မယုံကြည်နိုင်ပါ။ နောက်ပြီး သူတို့၏အိမ်

ထောင်ရေးမှာ ဒီဖက်တိုဘာဝသာရှိသည်။ လက်ထပ်ပြီးလင်မယား ဆိုလျှင် တရားဝင်အလွယ်တကူကွာရှင်းလို့မရ။ ဒီဖက်တိုစုံတွဲတွင် ယခုလို အခွင့်အရေးမရှိပါ။ တစ်ဦးနှင့်တစ်ဦး ခွဲခွာနေသည်မှာ ကြာညောင်းလာလျှင် ကွဲကွာပြတ်စဲသည်နှင့် အလားတူသည်။ တစ်ဦးဦးကစာနှင့်ဖြစ်ဖြစ် တယ်လီဖုန်းနှင့်ဖြစ်ဖြစ် "ငါတို့ဆက်ဆံရေးကို ရပ်တန်းကရပ်ကြရအောင်၊ မိတ်ဆွေလိုပဲနေကြတာပေါ့" ဟု ပြောဆိုလိုက်လျှင် ဒီဖက်တိုဘာဝမှ ရပ်ဆိုင်းသွားမည်။ သည်တော့ ဒေစီသည် တွမ်နှင့်အတူ လိုက်နေရန် အပြင်းအထန်တောင်းဆိုသည်။ တွမ်က အလျှော့မပေးချင်။ အင်တင်တင်လုပ်နေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး အချေအတင်ပြောကြသည့်အခါတိုင်း ဒေစီသူမစိတ်ကို မထိန်းနိုင်ဖြစ်လာသည်။ ရှုးရှုးရှဲရှဲဖြစ်လာသည်။ တစ်ခါတစ်ရံ နတ်ပူးသလို၊ တက်သလိုဖြစ်လာပြီး၊ တွမ်၏ရှေ့တွင် ခွေကနဲလဲကျသည်။ တွမ်က အခြေအနေကို စိုးရိမ်သဖြင့် ဆေးရုံကို အလျင်အမြန်ခေါ်သွားရသည်။ ဆေးရုံအရေးပေါ်ဌာနက လိုအပ်သလိုစမ်းသပ်ပြီး ဒေစီ့တွင် ပြောပြလောက်သည့် ခန္ဓာကိုယ်ရောဂါမရှိဟုပြောသည်။ စိတ်ရောဂါကုဌာနကို ပြန်သွားပြီးစစ်ဆေးခံရန် အကြံပေးသည်။

စိတ်ပညာသဘောအရ ဒေစီနတ်ပူးသလို တက်သလိုဖြစ်ခြင်းကို "ပုံသဏ္ဌာန်ပြောင်းခြင်းလက္ခဏာ" ဟုဆိုနိုင်ပါသည်။ စိတ်ခံစားမှု ပြင်းထန်လာသောအခါ အသိစိတ်တွင်းမှာ ဒဏ်မခံနိုင်ဖြစ်

လာသည်။ အသိစိတ်က "ဒီဒုက္ခတွေကို မသိချင်၊ မမြင်ချင်၊ မခံစားချင်" သည့်အတွက် အရှုံးပေးသွားသည့်သဘောဖြစ်သည်။ သည်တော့ "အသိစိတ်" နေရာတွင် "မသိစိတ်" က လွှမ်းမိုးလာသည်ဟုဆိုသည်။ အသိစိတ်သည် ကာယကံရှင်၏ လက်ရှိမြင်ကွင်းမှ ခေတ္တကင်းကွာသွားခြင်းဖြစ်သည်။ သည်တော့ ဒုက္ခတွေ၏ဒဏ်ကို ခံစားရတော့ဘဲ စိတ်သောကဝေဒနာတွေသည် နတ်ပူးသလို ဝင်ရှုပြန်သလို တက်သည့်အသွင်သဏ္ဍာန်အဖြစ် ပြောင်းလဲလာသည်။ "မသိစိတ်"က မျက်လှည့်ပြသကဲ့သို့ ရောဂါလက္ခဏာအသစ်တစ်မျိုးကို ဖန်တီးလိုက်ခြင်းဖြစ်၏။ တိုက်တွန်းမှုကို အလွယ်တကူခံယူတတ်သည့် စိတ်ရှိသူများတွင် ဖြစ်လေ့ရှိကြောင်း တွေ့ရသည်။ ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူများတွင် တိုက်တွန်းမှုကို အလွယ်တကူခံယူတတ်သည့် အားနည်းချက်ရှိသည်။ တိုက်တွန်းသည်ဆိုရာ၌ အခြားသူများက တိုက်တွန်းသည်မဟုတ်။ မိမိစိတ်ဆန္ဒတစ်ခုက မိမိစိတ်ကို ကိုယ့်ဘာသာတိုက်တွန်းခြင်းဖြစ်သည်။

"သူနဲ့ စကားအချေအတင်ပြောရတာ ငါသည်းမခံနိုင်တော့ဘူး၊ တက်ပြီးသေသွားတာပဲ ကောင်းပါတယ်" ဟု ဒေစီဆန္ဒဖြစ်မိသည်နှင့် နတ်ပူးသလိုတက်သလို ဖြစ်သွားခြင်းဖြစ်သည်။ ဒေစီ၏ "အသိစိတ်" က မာယာများပြီး တမင်သက်သက်ရည်ရွယ်ချက်နှင့် ပြုလုပ်ခြင်းမဟုတ်။ "မသိစိတ်"၏ လှည့်ကွက်သာဖြစ်သည်။

အရေးပေါ်ဌာနရှိ ဆရာဝန်နှင့်သူနာပြုများကတော့ စိတ်ပညာရှုထောင့်မှ မကြည့်တတ်ကြသဖြင့် ဒေစီတစ်ယောက် ယောက်ျားနဲ့ စကားများတိုင်း မာယာများပြီး ဟန်လုပ်သည်ဟု မှတ်ချက်ချသည်။ ဒေစီသည် “မာယာရှင်” “ပြဇာတ်ဘုရင်မ” ဖြစ်သည်ဟု အမည်တပ်ခံရသည်။

ကြာလာသည့်အခါ တွမ်သည် အရှုံးပေးလိုက်သည်။ ဒေစီတို့သားအမိကိုအယ်လစ်စပရင်းသို့ အတူခေါ်သွားရန်သဘောတူသည်။

သားကလေးက ၆လသားအရွယ်ရောက်နေပြီ။ ဒေစီ၏ အသက်မှာ ၂၁-နှစ်ပြည့်တော့မည်။ တွမ်က ဒေစီ့ထက် ငါးနှစ်လောက်အသက်ပိုကြီးသည်။ လူငယ်မိသားစုဟုဆိုနိုင်သည်။ ပတ်ဝန်းကျင်အသစ်တွင် လူသစ်စိတ်သစ်ဖြစ်ပြီး ဒေစီတစ်ယောက် အပြုအမူပြောင်းသွားလိမ့်မည်ဟု တွမ်မျှော်လင့်သည်။ ဒေစီ၏ စိတ်ဆန္ဒကို လိုက်လျောပြီး သည်မြို့ကိုခေါ်လာခြင်းဖြစ်သဖြင့် ဒေစီ သူ့ကိုယ်သူပြုပြင်ပါစေဟုလည်း တွမ်၏စိတ်ထဲတွင် တောင့်တမိသည်။ ဒေစီ၏ ချစ်စရာကောင်းသည့် အပြုံးတွေကိုသာ မြင်ချင်သည်။

အယ်လစ်စပရင်းမြို့တည်ရှိသည့် မြေနီဒေသသည် မိုးခေါင်ရေရှား ဒေသဖြစ်သော်လည်း တွမ်တို့မိသားစုအတွက် ရေကြည်ရာမြက်နုရာဒေသ ဖြစ်ပါစေတော့။

## “တံငါနားနီးတော့”

အယ်လစ်စပရင်းမြို့ ရောက်သည်နှင့် တွမ်သည် ကုန်တင်ကား မောင်းသည့်အလုပ်ကိုရရှိသည်။ ခရီးဝေးသွားရန် လိုအပ်သည့် ကုန်တင်ကား လုပ်ငန်းမျိုးမဟုတ်ပါ။ မြို့တွင်းနှင့် မြို့ပတ်ဝန်းကျင် အလုပ်စခန်းများသို့ နေ့စဉ်သုံးပစ္စည်းအမျိုးမျိုးကို ပို့ဆောင်ရသည့် တာဝန်ဖြစ်သည်။ ညအိပ်ညနေ သွားရန်မလို။ သို့သော် အလုပ်ပြန်ချိန်ကတော့ အတိအကျမရှိပါ။ လုပ်ငန်းပေါ် မူတည်ပြီး အိမ်ပြန်စောသည့်အခါရှိသလို အိမ်ပြန်နောက်ကျသည့် အချိန်အခါတွေလည်း ရှိတတ်သည်။

# ဒေါက်တာဘုန်းကျော်

ဒေစီ့အဖို့ နေထိုင်ရသည့်အိမ်သည် ပိုမိုချောင်ချောင်ချိချိရှိသည်။ ယူနစ်အိမ်ခန်းမဟုတ်။ အိပ်ခန်းသုံးခန်းပါသည့် တစ်ထပ်အုတ်တိုက်အိမ် ဖြစ်သည်။ မီးဖိုနှင့် ထမင်းစားခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ အိမ်သာခန်းနှင့် ကားဂိုဒေါင်အစုံပါပြီး သပ်သပ်ရပ်ရပ်ရှိသည်။ အိမ်ပတ်ဝန်းကျင်တွင် မြေကွက်အပို ရှိသေးသည်။ အိမ်နောက်ဖေးနှင့် အိမ်ရှေ့တွင် စားသောက်ပင်နှင့်ပန်းအလှ စိုက်ပျိုးနိုင်သည်။ ဒေစီစိတ်ပါဝင်စားလျှင် အိမ်တွင်းမှာပင် ကုပ်နေရန်မလိုဘဲ ပန်းခြံစိုက်ပျိုးရေးလုပ်နိုင်၏။

လက်ဝဲဘက်မှ အိမ်နီးနားမှာ တွမ်၏သူငယ်ချင်းဖြစ်သည်။ တွမ့်ကိုအလုပ်ရှာပေးသည့် သူငယ်ချင်းဒင်းဆိုသူဖြစ်၏။ သူ၏ လက်ထပ်ပြီးဇနီးအမည်မှာ နီကိုလာဖြစ်သည်။ သူတို့က ကလေးမရသေး။ နှစ်ဦးစလုံး ဖော်ဖော်ရွေရွေရှိသည်။ ဒေစီနှင့်နီကိုလာတို့သည် မကြာမကြာတွေ့ဆုံကြသဖြင့် မိတ်ဆွေဖြစ်သွားသည်။ အယ်လစ်စပရင်းမြို့တွင် တစ်အိမ်နှင့်တစ်အိမ်ကြား ခြံစည်းရိုးသည် ခါးကျော်ကျော်အမြင့်လောက်သာရှိ၏။ သံကွန်ယက်ကြိုးများကို အသုံးပြုကြသည်။ အိမ်နီးနားချင်းတွေ အိမ်အပြင်ထွက်လာလျှင် တစ်ဦးနှင့်တစ်ဦး အလွယ်တကူမြင်နိုင်၊ စကားပြောနိုင်သည်။ ဒေစီနှင့်နီကိုလာတို့သည် ခြံစည်းရိုးကျော်ပြီး သူ့အကြောင်းကိုယ့်အကြောင်း အတင်းရောသတင်းပါ ပြောလေ့ရှိသည်။

နီကိုလာသည် အသက်မွေးဝမ်းကျောင်း (တီအေအက်

ဖ်အီး) ကောလိပ်တွင် စာရေးဝန်ထမ်းဖြစ်၏။ တီအေအက်စ်ဖ်အီး ကောလိပ်မှာ အင်းစိန် ဂျီတီအိုင်ကျောင်းမျိုးဖြစ်သည်။ ဒေစီ၁၀တန်းသားအောင်မြင်သည်ကို သိရသောအခါ တီအေအက်စ်ဖ်အီးကောလိပ်တွင် ကွန်ပျူတာပညာ လက်မှတ်သင်တန်းမှစတင်ပြီး အချိန်ပိုင်းကျောင်းတက်နိုင်ကြောင်းပြောသည်။ မိတ်ဆွေကောင်း တစ်ဦးအနေဖြင့် အကြံဉာဏ်ကောင်းပေးခြင်းဖြစ်သည်။ နောက်ပြီး ဒေစီကျောင်းတက်သည့်နေ့မှာ တစ်ပတ် ၂ ရက်၊ တစ်ရက်လျှင် ၂ နာရီမှ ၃ နာရီသာရှိမည်။ နီကိုလာကလည်း အချိန်ပိုင်းအလုပ်လုပ်သဖြင့် ဒေစီ၏သားကလေးကို ကူပြီးထိန်းပေးမည်ဟု စေတနာနှင့်ပြောသည်။ ဒေစီသည် စိတ်ဝင်စားမှုကိုပြသော်လည်း ဘာမှအဖြေမပေး။

လက်ယာဘက်အိမ်မှ အိမ်နီးနားချင်းအိမ်ရှင်ယောကျ်ားမှာ ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီတွင် လက်သမားပညာရှင်အလုပ်ကိုလုပ်သည်။ ၈ နှစ်နှင့် ၁၀ နှစ်အရွယ် ကလေးနှစ်ယောက်ရှိသည်။ အိမ်ရှင်မ၏ အမည်မှာ ဘေဘီဖြစ်၏။ ဒေစီနှင့် ဘေဘီတို့သည်လည်း ခြံစည်းရိုးကျော်ပြီး စကားပြောကြရာမှ အသိမိတ်ဆွေဖြစ်သွားသည်။ ဘေဘီသည် ရာနူန်းပြည့် အိမ်ထောင်ရှင်ဖြစ်သည်။ သူမက ဒေစီ့လို ဆေးလိပ်သောက်တတ်သည်။ ကြုံလျှင်ကြုံသလို ဆေးခြောက်လည်း သုံးဆောင်တတ်သည်။ နောက်ပြီး လောင်းကစားကိုလည်း ဝါသနာပါသည်။

## ဒေါက်တာဘုန်းကျော်

အယ်လစ်စပရင်းမြို့သည် လူဦးရေများသည်။ မြို့မဟုတ်သော်လည်း "ကာစီနို"လောင်းကစားရုံရှိသည်။ အကောင်းဆုံးဟိုတယ်နှင့်တွဲထားသည်။ ဘေဘီသည် ကာစီနိုကို မကြာခဏသွားရောက်သည်။ အိမ်နှင့်လည်း သိပ်မဝေးပါ။ နှစ်လမ်းကျော်တွင်ရှိသည်။ ငါးမိနစ်လောက်သာ လမ်းလျှောက်ရသည့် ခရီးဖြစ်၏။

ဘေဘီက ဒေစီ့ကို မဲဆွယ်သည်။ ဒေစီ့အိမ်တွင် သားကလေးတစ်ယောက်နှင့် အမြဲလိုလိုနေရသည်မှာ ပျင်းရိငြီးငွေ့နေပြီ။ သို့ဖြင့် နီကိုလာကို ကလေးထိန်းပေးရန် အကူအညီတောင်းပြီး ကာစီနိုကိုသွားသည့် အကျင့်ဖြစ်လာသည်။ ကာစီနိုတွင် ဆေးလိပ်သောက်ခွင့်ပြုသည့် အခန်းရှိသည်။ ဘေဘီနှင့်ဒေစီတို့ကသည် အခန်းတွင် ပိုကီစက်ဆွဲသည်။ ပိုက်ဆံထည့်ပြီး ခလုတ်နှိပ်လိုက်လျှင် အနိုင်ရသည့်အရုပ်တွဲ၊ နံပါတ်တွဲများပေါ်လာပါက ငွေကြေးပေးသည့် စက်ဖြစ်သည်။ ပိုကီစက်တွင် ကွန်ပျူတာက ဒိုင်စားရအောင် ဖန်တီးထားသဖြင့် လောင်းကစားလုပ်သူများ ရှုံးပြီးပြန်ရသည်ကများသည်။

ဩစတြေးလျနိုင်ငံတွင် လောင်းကစားခြင်းကို ဝါသနာပါသူ အများအပြားရှိပြီး လောင်းကစားစွဲနေသူများလည်း အရေအတွက်မနည်းပါ။ မကြာမီက ကောက်ခံထားသည့်စာရင်းအရ ဤနိုင်ငံတွင် လောင်းကစားခြင်းစွဲနေသူ၊ လောင်းကစားခြင်းကြောင့် လူမှုပြဿနာများနှင့် ရင်ဆိုင်နေရသူပေါင်း ၅၀၀,၀၀၀ကျော်

ရှိသည်ဟုသိရ၏။ ဩစီနိုင်ငံသား ၇၀ ရာခိုင်နှုန်းမှာ လောင်းကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်ကစားနေကြသည်ဟု ဆိုပါသည်။ ဩစီနိုင်ငံသားများသည် တစ်နှစ်လျှင် လောင်းကစားနည်းအမျိုးမျိုးတွင် လောင်းကြေးဒေါ်လာ ၁၉ ဘီလီယံ သုံးစွဲနေသည်ဟု ဆိုသည်။ ဒေါ်လာ ၁၂ ဘီလီယံကို ပိုကီစက်လောင်းကစားနည်းတွင် လောင်းကြေးပေး သုံးစွဲနေသည်။ အချို့ပိုကီလောင်းကစားစက်များမှာ အလျင်အမြန် လောင်းကြေးပေးကစားနိုင်သော စက်များဖြစ်သည်။ တစ်နာရီအတွင်း ဒေါ်လာ ၁၂၀၀ ကျော် လောင်းကြေးရှုံးသွားနိုင်သည်။

ဒေစီသည် "တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုး" ဆိုသလို ဘောဘီနှင့်ပေါင်းပြီး အကျင့်ဟောင်းအပြင်၊ အကျင့်ဆိုးအသစ်တွေပါ တတ်မြောက်လာသည်။

ဘာမဆို မဆင်မခြင် ကမန်းကတန်း ကမူးရှူးထိုးလုပ်တတ်သည့် ဒေစီ၏စရိုက်က သတ္တိပြလာသည်။ ဒေစီတဖြည်းဖြည်းဆေးခြောက်ပြန်စွဲလာပြီး ပိုကီစက်လောင်းကစားသမား ဖြစ်လာသည်။

သားငယ်ကို နီကိုလာ၏အိမ်တွင် ထားခဲ့ပြီး အခွင့်အရေးရတိုင်း ကာစီနိုတွင်အချိန်ဖြုန်းလာသည်။ အချိန်သာမကပဲ ငွေကိုပါ ဖြုန်းတီးလာ၏။ သူလိုငါလို ဘဝတူအပေါင်းအသင်းတွေ များလာသည်။ ဆေးခြောက်မှစိတ်ကြွဆေး၊ စိတ္တဇနာဖြစ်စေသည့် ခေတ်ပေါ်ဆေးများကို သောက်သုံးလာသည်။

နီကိုလာမှတဆင့် ဒေစီပြောင်းလဲလာသည်ကို တွမ်သိလာသည်။ အခွင့်ကြုံတိုင်း တွမ်သည်ဒေစီကို နားလည်အောင် ရှင်းပြသည်။ ကာစီနို မှန်မှန်သွားပြီး ငွေဖြုန်းသည်မှာ ဘေးအန္တရာယ်မကင်းကြောင်းတို့ကို ချိုချိုသာသာပြောပြီး နားချသည်။ ဒေစီသည် နားလည်သဘောပေါက်ပုံမရ။ "နီကိုလာက ဘာတွေ ငါ့အကြောင်း အတင်းချပြီး ရန်တိုက်လိုက်ပြန်သလဲ"ဟု သံကုန်ဟစ်ပြီး ဒေါ်ပြော၏။ ဤသို့အခါမျိုးတွင် တွမ်ဘာပြောရမည်ကို မသိတော့။ ရှက်လည်းရှက်လာသည်။ နီကိုလာနှင့် သူငယ်ချင်းဇင်းတို့ကိုလည်း အားနာလာသည်။ မျက်နှာပျက်စရာ ဖြစ်နေသည်။ တစ်ခါတစ်ရံ သားငယ်ကိုကြည့်ပြီး မျက်ရည်ကျမိ၏။

ဒေစီသည် ကာစီနိုမသွားပဲ မူးယစ်ဆေးမသောက်သည့်နေ့များတွင် မူမပျက်အလုပ်မပျက်ပါ။ ပုံမှန်အတိုင်း ဖြစ်နေသည်။ သားငယ်ကိုလည်း သာမန်မိခင်တစ်ဦးလို ကြည့်ရှုပြုစု ယုယနိုင်သည်။ သည်လိုနေ့မျိုးတွေ နေ့စဉ်နေ့တိုင်း ဖြစ်ပါစေတော့ဟု တွမ်ဆန္ဒပြုမိသည်။

တွမ်၏ဆန္ဒမပြည့်ဝသည့် နေ့တစ်နေ့ရောက်လာသည်။ ထုံးစံအတိုင်း ဘေဘီကလာခေါ်သဖြင့် ဒေစီ ကာစီနိုသွားသည်။ သားငယ်ကိုထုံးစံအတိုင်း နီကိုလာအိမ်ကိုပို့လိုက်သည်။ နီကိုလာသည် သဘောထားကြီးသူ၊ စိတ်ထားမှန်သူဖြစ်သည်။ ဒေစီရန်လုပ်ဖူးတာတွေကို အကျုံးမဝင်ပါ။ စေတနာရှိုးဖြင့်ကူညီနိုင်သလောက်ကူညီသည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဒေစီနှင့်ဘောဘီတို့ လောင်းကစားကံကောင်းသောနေ့ ဖြစ်သည်။ နှစ်ဦးစလုံး ပိုကီစက်ကစားရာတွင်အနိုင်ရသည်။ ရာနှင့်ချီပြီး အနိုင်ရသည်။ သို့ဖြင့် သူတို့နှစ်ယောက်အောင်ပွဲခံကြသည်။ ကာစီနိုအတွင်း၌ အရက်ရောင်းသည်။ ကောင်တာစားပွဲများရှိသည်။ သို့သော် ကာစီနိုအတွင်း၌ မူးယစ်ဆေးသောက်သုံးခွင့်မရှိပါ။ မူးယစ်ဆေးသောက်သုံးသည်ကိုတွေ့ရှိပါက ကာစီနိုရှိလုံခြုံရေးဝန်ထမ်းများက အပြင်သို့ထွက်သွားရန်နှင်ထုတ်ခွင့်ရှိသည်။

ဒေစီတို့၏ရည်ရွယ်ချက်မှာ အရက်သောက်ရန်မဟုတ်၊ မူးယစ်ဆေး သုံးရန်ဖြစ်သည်။ သည်အရက်ဆိုင်တွင် ခေတ်မီစိတ္တဇနာဖြစ်စေသည့် မူးယစ်ဆေးများကိုဝယ်လို့ရသည်။ ဘီယာတစ်ခွက်မှာလိုက်ပြီး အချက်ပြလိုက်လျှင် စားပွဲထိုးက ဘီယာအောက်တွင်လက်သုတ်စက္ကူနှင့်ဖုံးပြီး မူးယစ်ဆေးမှုန့်ကိုပါပေးလိမ့်မည်။

ဒီနေ့ ဒေစီနှင့်ဘောဘီတို့စမ်းကြည့်သည့် မူးယစ်ဆေးအသစ်သည် အာနိသင်ပြင်းသည်။ စားသုံးပြီးစတွင် စိတ်ကြွပြီးစိတ်ကြည်နူးခြင်းကို ဖြစ်စေသည်။ အရှိန်ရလာသောအခါ စိတ္တဇဝေဒနာလက္ခဏာများကိုပါ ခံစားလာရတတ်သည်။ ဘေးပတ်ဝန်းကျင်မှာ ပုံမှန်မဟုတ်တော့ပဲ အရောင်အဆင်းနှင့်အသွင်သဏ္ဌာန်တွေ ပြောင်းလဲလာသလို မြင်မှတ်ရသည်။ အရက်ဆိုင်တွင်ထိုင်ပြီး စကားပြောနေသူများ၏ အပြုအမူတွေသည် ဒေစီ့အတွက် ထူးခြားသည့်အဓိပ္ပာယ်ရှိသလို ထင်မှတ်လာသည်။ သူမအကြောင်း အထင်

ပြောနေကြသည်ဟု ယုံကြည်လာသည်။ သူတို့ဖာသာသူတို့ ရယ်မောပြောဆိုနေကြလျှင် သူမကိုလှောင်ပြောင်နေကြသည်ဟု စိတ်ထဲတွင်သိလိုက်သည်။ ဘေဘီသည် ဒေစီကဲ့သို့ အလွန်အမင်း တဇွတ်ထိုးလုပ်တတ်သူမဟုတ်ပါ။ မကောင်းတာ မသင့်လျော်တာတွေကို ပြုလုပ်နေသော်လည်း သူမကိုယ်သူမထိန်းနိုင်သည်။ ဘေဘီသည် ဒေစီ့လို အလွန်အမင်းသောက်သုံးခြင်းမဟုတ်။ သည်တော့ သတိရှိသေးသည်။ ဘေဘီသည် ဒေစီ၏အခြေအနေကို စိတ်မချသဖြင့် အိမ်ပြန်ရန်တိုက်တွန်းပြီး ဒေစီ့အိမ်အထိလိုက်ပို့သည်။

အိမ်ပြန်ရောက်သောအခါ တွမ်၏မော်တော်ကားကို တွေ့ရသည်။ သို့သော် တွမ်နှင့်သားငယ်တို့ အိမ်တွင်မရှိသေး။ ဒေစီတို့အိမ်ဧည့်ခန်းမှ လှမ်း ကြည့်လျှင် နီကိုလာတို့အိမ်ဧည့်ခန်းကို မှန်ပြတင်းပေါက်များမှဖြတ်ပြီး မြင်နိုင်သည်။ ရာသီဥတုက ပူအိုက်သဖြင့် ပြုတင်းပေါက်လိုက်ကာများကို ဘေးသို့ဆွဲထားသည်။ ပြုတင်းပေါက်မှ ဒေစီလှမ်းကြည့်လိုက်သောအခါ တွမ်နှင့်နီကိုလာကို သူမအိမ်ဧည့်ခန်းတွင် တွေ့ရသည်။ သူတို့မတ်တပ်ရပ်ပြီး စကားပြောနေကြသည်။ ရယ်ရယ်မောမော စကားပြောနေကြသည်ကို ဒေစီထင်ထင်ရှားရှားမြင်ရသည်။ နီကိုလာသည် သားငယ်ကို ချီထားသည်။ သားငယ်ပါးစပ်တွင် တစ်ခုခုပေကျံနေသဖြင့် တွမ်က စက္ကူလက်သုတ်လွှာနှင့် သားငယ်ပါးစပ်ကို ရှေ့တိုးပြီးသုတ်ပေး

သည်။ နီကိုလာနှင့်တွမ်တို့ နဖူးချင်းထိသယောင် ဖြစ်သွား၏။ ဒေစီလှမ်းကြည့်လိုက်သည့်အချိန်နှင့် တိုက်ဆိုင်သွားသည်။

ဒေစီ၏စိတ်ထဲတွင် အတွေးမျိုးစုံဝင်လာသည်။ နားထဲတွင် တစ်ဦးဦးက တိုက်တွန်းနေသလို ကြားရသည်။ ဒေါသစိတ်၊ ကြောက်စိတ်၊ သံသယစိတ်တွေရောထွေးပြီး ခံစားနေရ၏။ စိတ်ထဲတွင် မွန်ထူလာသည်။ ဒေစီသည် ဘာကိုမှမစဉ်းစားတော့ပဲ နီကိုလာ၏ အိမ်ဘက်ကို ပြေးသွားသည်။ ညှော့ခန်းဝင်ပေါက်တံခါးကို အတင်းအဓမ္မဆွဲဖွင့်သည်။ ဖွင့်မရသည့်အခါ လက်သီးနှင့် တဒုန်းဒုန်းမြည်အောင်ထုသည်။ နီကိုလာနှင့်တွမ်တို့က အလန့်တကြား တံခါးဝ ပြေးလာပြီး တံခါးဖွင့်ပေးသည်။

နီကိုလာက "လာလာ. . ဒေစီ၊ ဝင်ပါ။ အခုပဲ တွမ်သားလေးကိုပြန်ခေါ်ဖို့ ရောက်လာတာနဲ့ အတော်ပဲ" ဟု ဒေစီ၏ ကြမ်းကြမ်းရမ်းရမ်း အပြုအမူများကို မသိသလိုအမှုမထားမိသလို နှုတ်ဆက်သည်။

ဒေစီသည် ဘာမှမပြောပဲ နီကိုလာ၏လက်ထဲမှ သားငယ်ကို အတင်းအဓမ္မဆွဲလုသည်။ သားကလေးက အော်ကြီးဟစ်ကျယ် ကြောက်လန့်တကြား ငိုတော့သည်။ ဒေစီသည် အမှုမထား၊ ကလေးကိုချီပြီး ထွက်ပြေးစပြုသည်။ အဖြစ်အပျက်အားလုံးကို အငိုက်မိသလို ကြည့်နေသည့်တွမ်က သားကလေးကို ဒေစီ၏လက်ထဲမှ အလျင်အမြန်ပြန်ဆွဲယူလိုက်သည်။ ဒေစီသည် ပြောပြောဆိုဆို

**တွမ်၏**နားရင်းကို လက်ဝါးနှင့်လွှဲရိုက်လိုက်သည်။ နောက်ပြီး "နင်တို့နှစ်ယောက်ရုပ်ရှင်ရိုက်နေတာ ငါမမြင်ဘူးထင်လို့လား။ ဒီအခြေအနေ တောင်ရောက်နေကြပြီလား" ဟု ဘယ်လိုမှအဆက်အစပ်မရှိပဲစွပ်စွဲသည်။ သားကလေးကိုလုရှ်မရသည့်အခါ ကျောက်ခဲတစ်လုံးကိုကောက်ပြီး နီကိုလာ၏ ညှော်ခန်းပြတင်းပေါက်မှန်ကို ပစ်ခွဲလိုက်သည်။ ထို့နောက် တရှိန်ထိုးကားလမ်းမအတိုင်း ဦးတည်ရာ ထွက်ပြေးသွားသည်။

တွမ်သည် ကလေးကတစ်ဖက်နှင့် ဒေစီ့ကိုမိအောင်မလိုက်နိုင်။ နီကိုလာကို ရဲစခန်းကို တယ်လီဖုန်းဆက်ပေးရန် အကူအညီတောင်းပြီး အိမ်ဘက်ပြန်လာသည်။

မကြာမီ ရဲကဖုန်းဆက်သည်။ ဒေစီ့ကို ဖမ်းဆီးရမိကြောင်းနှင့် သူမပြောဆိုပြုမူပုံတွေ မူမမှန်သဖြင့် အယ်လစ်စပရင်းမြို့ဆေးရုံ အရေးပေါ်ဆေးကုဌာနကို ပို့ထားကြောင်းပြောသည်။

တွမ်သည်သားကလေးကို နီကိုလာတို့လင်မယားနှင့် ထားခဲ့ပြီး ဆေးရုံလိုက်သွားရသည်။ အရေးပေါ်ဌာနမှ ဆရာဝန်က ဒေစီ၏ခန္ဓာကိုယ် အနေအထားမှာ ကောင်းပါသည်ဟုဆို၏။ သို့သော်လည်း စိတ်ဖောက်ပြန်နေသည့် လက္ခဏာများကို တွေ့နေရသဖြင့် စိတ်ရောဂါကုဌာနမှ လက်ထောက်ဆရာဝန်ကို အကြောင်းကြားထားကြောင်းရှင်းပြသည်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့ရသူ

စိတ်ရောဂါကုလက်ထောက်ဆရာဝန် ဒေါက်တာဂျွန်သည် ဒေစီကို စစ်ဆေးစမ်းသပ်ပြီး ဆေးရုံတင်ထားရန် လိုအပ်ကြောင်း မှတ်ချက်ချသည်။ တွမ်ကအကျိုးအကြောင်းကို မေးသည့်အခါ ဒေါက်တာဂျွန်က ယခုအချိန်တွင် ဒေစီသည် ဆိုက်ကိုးဆစ်စိတ္တဇ ဝေဒနာလက္ခဏာများ ခံစားနေရကြောင်း ဒီရောဂါလက္ခဏာတွေ ဖြစ်ရသည့် အကြောင်းအရင်းမှာ မရှင်းလင်းသေးကြောင်း၊ ဆေးရုံပေါ်တွင် ဆက်လက်ကြည့်ရှုလေ့လာစစ်ဆေးရမည် ဖြစ်ကြောင်း ရှင်းပြသည်။

တွမ်သည် ဒေါက်တာဂျွန်ကို ကျေးဇူးတင်စကားပြောသည်။ ဒေစီနှင့်ခေတ္တတွေ့ပြီး ဒေစီကိုအားပေးစကားပြောပြီး အိမ်ပြန်လာသည်။

သူတို့အိမ်ထောင်ရေးနှင့်ပတ်သက်၍ ရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားရမည်ကို တွမ်သည် လေးလေးနက်နက်စဉ်းစားလာသည်။ "ရပ်တန်းက ရပ်ရလျှင်" ဟူသည့်အတွေးမျိုး။"

## "နေ့လည်စာ အမျိုးမျိုး"

သူနာပြုစင်သီယာနှင့် စာရေးသူတို့သည် ဒေစီနှင့်အတူ စိတ်ရောဂါ ကုသဆောင်ပန်းခြံအတွင်း၌ ဒေစီ၏နောက်ကြောင်းများကို စစ်ဆေးမေးမြန်းနေခြင်းဖြစ်သည်။ ယခုအထိ ဖော်ပြခဲ့သည့် အဖြစ်အပျက်များမှာ ဒေစီကိုယ်တိုင်ပြောသော သူမဘဝ အတွေ့အကြုံများနှင့် စာရေးသူတို့ရရှိထားသည့် ဒေစီ၏ဆေးမှတ်

တမ်းများမှ သိရှိရသည့်အချက်များဖြစ်သည်။ စာရေးသူသည် လက်ပတ်နာရီကို မသိမသာကြည့်လိုက်ပြီး-

"၁၂ နာရီတောင်ထိုးတော့မယ်။ ထမင်းစားချိန်ရောက်နေပြီ။ ဒေစီလည်း ပင်ပန်းနေပြီထင်တယ်။ အစားအသောက်တွေအေးသွားလိမ့်မယ်။ ကျွန်တော်တို့ ခေတ္တနားလိုက်ရင်ကောင်းမလား။"

စာရေးသူက ဒေစီနှင့်စင်သီယာတို့၏ သဘောထားကို တီးခေါက်ကြည့်ခြင်းဖြစ်သည်။

"ကောင်းပါတယ် ဒေါက်တာ" ဟု နှစ်ယောက်လုံးက ပြိုင်တူအဖြေပေးသည်။ သူတို့လည်း ဗိုက်ဆာနေပုံရ၏။

"ဒီတော့ ကျွန်တော်အကြံပေးချင်ပါတယ်။ ကျွန်တော်တို့နေ့လည်စာ စားကြမယ်။ ပြီးရင်မွန်းလွဲပိုင်းမှာ ဒေစီနဲ့ပြန်တွေ့ပြီး ဆွေးနွေးချင်သေးတယ်"

စင်သီယာက မွန်းလွဲပိုင်းတွင် သူမတာဝန်မကျကြောင်း၊ သူမနေရာတွင် တာဝန်ယူလာမည့် သူနာပြုဆရာမ"ကိတ်" ရှိမည်ဖြစ်ကြောင်းပြော၏။

ဒေစီက "ဒေါက်တာဘာတွေစစ်ဆေးချင်သေးလို့လဲ။ ဘာတွေသိချင်သေးလို့လဲ" ဟုမေးခွန်းထုတ်၏။

"ကျွန်တော်ဆွေးနွေးလိုတာ နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ ယခုအထိ ကျွန်တော်တို့ရရှိခဲ့တဲ့ တွေ့ရှိချက်တွေ

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အပေါ်မှာ ဒေစီဘယ်လိုသဘောပေါက်နားလည်သလဲ၊ ဘာတွေကို လက်ခံသလဲ။ ဒေစီရဲ့စိတ်ထဲမှာ မတင်မကျမဗီမသာဖြစ်နေတဲ့ အချက်အလက်တွေရှိသလား ဆိုတာတွေကို ဆွေးနွေးချင်တယ်။ ဒုတိယအချက်ကတော့ ဒီနေ့ဒေစီ လောလောလတ်လတ်ခံစား နေရသေးတဲ့ ရောဂါလက္ခဏာတွေကို စစ်ဆေးပြီး ရှေ့မှာဘာတွေ ဆက်လက်ကူညီနိုင်မလဲဆိုတာတွေကို တိုင်ပင်ကြဖို့ပါပဲ။" ဟု စာရေးသူက ဒေစီသဘောပေါက်စေရန်ရှင်းပြသည်။

ဒေစီသည် ဘာမှပြန်မပြောပဲ ကျေနပ်သဘောတူသည့် အမူအရာကိုပြသဖြင့် စာရေးသူတို့အားလုံးထိုင်ရာမှထပြီး ဆေးကု သဆောင်ဆီသို့ လျှောက်လာခဲ့ကြသည်။

နေ့လည် ၁၂ နာရီ ကျော်သွားပြီ။ စာရေးသူသည် နေ့လည် စာစားပြီးလျှင် အပြင်လူနာဌာနတွင် အပြင်လူနာများကို ကြည့်ရှု စစ်ဆေးရမည်။'ကလင်းနစ်' ထိုင်ရမည်။ ကလင်းနစ် အချိန်မှာ နေ့လည် ၁နာရီမှ၃နာရီ အထိဖြစ်၏။

စာရေးသူသည် ဒီနေ့နံနက် စိတ်ကျန်းမာရေးအသင်း လူနာကိစ္စ အစည်းအဝေးကို မတက်နိုင်တော့ပါ။ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်လူနာများကိစ္စကို လက်ထောက်ဆရာဝန် ဒေါက်တာ ဂျွန်နှင့်တွေ့မှ မေးမြန်းရမည်။

ယခုအတိုင်းဆိုလျှင် နေ့လည်စာစားဖို့ နာရီဝက်ကျော် ကျော်အချိန်ရမည်။ နေ့လည်စာစားခြင်းနှင့် ပတ်သက်လျှင် ပုံမှန် မရှိပါ။ တခါတရံအိမ်မှ ယူလာသော ထမင်းဗူးကိုဖွင့်ပြီး ရုံးခန်းတွင်း ၌ပင်စားဖြစ်သည်။ စိတ်ရောဂါ ဌာနအုပ်ချုပ်ရေးဆိုင်ရာအစည်း အဝေးနှင့် ဆရာဝန်ကြီးများ အစည်းအဝေးရှိသည့်နေရာများတွင် အလုပ်ဌာနမှ နေ့လယ်စာကျွေးသည်။ အသားညှပ်ပေါင်မုန့်နှင့်

သစ်သီးစုံကိုစားရ၏။ တခါတရံ ဆေးရုံဝန်ထမ်းများအတွက် ဖွင့်လှစ်ထားသည့် စားသောက်ဆိုင်တွင်စားသည်။ အပြင်ဆိုင်များထက်ဈေးပေါသည်။ အလုပ်နှင့်လည်းနီးသည်။ ဆေးရုံဝန်ထမ်းမျိုးစုံနှင့်တွေ့ဆုံခွင့်ရပြီး မိတ်ဖြစ်ဆွေဖြစ်စကားပြောနိုင်သည်။ အစားအသောက်များကို ပေါပေါသီသီစားရသော်လည်း ချက်ပြုတ်ပုံကြမ်းသည်ဟုစာရေးသူထင်သည်။ အချိန်လည်းရှိမည်၊ မြို့ထဲတွင်တစ်ခုခုဝယ်စရာလည်းရှိလျှင် မြို့လယ်ဈေးတန်းကိုသွားသည်။ ဆေးရုံမှဖြေးဖြေးသက်သာ ၅မိနစ်ခန့်လမ်းလျှောက်ရသည့် ခရီးအကွာအဝေးရှိ၏။ မြို့လယ်ဈေးတန်းတွင် အိန္ဒိယထမင်းဆိုင်နှင့် တရုတ်ထမင်းဆိုင်ရှိသည်။ သို့သော် အေးအေးဆေးဆေးထိုင်ပြီးစားရန်အချိန်မရှိပါ။ ထမင်းနှင့်ဟင်းတစ်မျိုးမျိုးပေါင်းပြီး ထမင်းဘူးဝယ်နိုင်သည်။ ဆေးရုံဘက်ပြန်လာပြီး ဆေးရုံဝန်းအတွင်းမှ ပန်းခြံတစ်နေရာရာတွင်စားနိုင်သည်။

စာရေးသူ၏ အကြိုက်မှာ ဆေးရုံဝန်းအတွင်းမှ ယူကလစ်တောတန်းကလေးဖြစ်သည်။ ယူကလစ်ပင်ကြီးများအောက်တွင် သစ်သားစားပွဲနှင့် ခုံတန်းရှည်များချထား၏။ ယူကလစ်ပင်များမှာ အပင်ကြီးမျိုးဖြစ်သော်လည်း အပင်အောက်အရိပ်မှာ အုပ်အုပ်ဆိုင်းဆိုင်းမရှိပါ။ ညောင်ပင်ရိပ်၊ မန်ကျည်း ပင်ရိပ်အောက်ကို ဝင်သွားရသလို အေးစိမ့်သွားသည့်အတွေ့အထိမျိုးမခံစားရပါ။ သစ်ပင်အောက်တွင် ထိုင်နေသော်လည်း ဟိုတစ်ကွက်ဒီတစ်ကွက် နေပြောက်ထိုး

နေသည်ကို တွေ့နေရသည်။ ထို့ကြောင့် အပူချိန်ပြင်းသည့်နေ့များတွင် ယူကလစ်ပင်ကြီးအောက်တွင်ထိုင်ရသည်မှာ သက်တောင့်သက်သာမရှိလှပါ။ အယ်လစ်စပရင်းမြို့ရာသီဥတုမှာ သဲကန္တာရရာသီဥတုမျိုးဖြစ်သည်။ နွေကာလတွင် အပူချိန် ၄၀ဒီဂရီ စင်တီဂရိတ်အထိကျသွားနိုင်၏။ လေအေးကလည်း တိုက်ခတ်သဖြင့် အဆောက်အအုံပြင်ပတွင် ထိုင်ပြီးစားလို့မရပါ။ ထို့ကြောင့် ဆောင်းအကုန်နွေအကူးကာလတွင်သာ ယူကလစ်ပင်အောက်၌ နေ့လယ်စာစားနိုင်ပါသည်။ ဤလိုရက်မျိုးတွင် လေပြေလေညှင်းက သယ်ဆောင်လာသည့် ယူကလစ်နံ့ကို ရှူရှိုက်ရင်းနေ့လည်စာစားရသည်မှာပိုပြီးမြိန်သည်။ ပန်းခြံအတွင်း မနီးအဝေးမှ ဖြတ်လျှောက်သွားကြသည့် အသိမိတ်ဆွေဝန်ထမ်းများက စာရေးသူကိုမြင်လျှင် “ဒေါက်တာဇာန်းက အစာစားရင်း ကဗျာစပ်နေတယ်ထင်တယ်” ဟု ပြောင်သလို နောက်သလို နှုတ်ဆက်သွားတတ်သည်။

ကဗျာမဆန်ကာရုံလွတ်သည့်နေ့တွေလည်း ရှိသည်။ အလုပ်အလွန်များသည့် နေ့များတွင်ဖြစ်သည်။ နေ့လယ်စာကို မယ်မယ်ရရအချိန်ယူပြီး စားဖို့အချိန်မရပါ။ လူနာဆောင်ကော်ဖီခန်းမှ ဘီစကွတ်မုန့် ၄-၅ချပ်ကိုဝါးစားပြီး လက်ဖက်ရည်တစ်ခွက်ကို အလျင်အမြန်မော့ချလိုက်ရသည့် အကြိမ်များလည်းရှိခဲ့သည်။

ဒီနေ့တော့ ဆေးရုံဝန်ထမ်းများ စားသောက်ဆိုင်တွင်ပင် လက်ထောက်ဆရာဝန် ဒေါက်တာဂျွန်နှင့်အတူ နေ့လည်စာစား

သည်။ လူနာကိစ္စများကို ဆွေးနွေးလိုသည့် ရည်ရွယ်ချက်လည်းရှိသည်။ နေ့လည်ပိုင်းတွင် လုပ်ဆောင်ရမည့်အစီအစဉ်များကိုလည်း တိုင်ပင်ကြသည်။

အလုပ်ရှုပ်ပြီး အချိန်အားမရှိသည့်နေ့ရက်များတွင် ယခုလို နေ့လည်စာစားရင်း လုပ်ငန်းကိစ္စများကို ဆွေးနွေးရသည်။ တစ်ချက်ခုတ်နှစ်ချက်ပြတ်သဘောဟု ဆိုပါစို့။

## “အတွင်းနှင့်အပြင်”

ညနေ ၃နာရီထိုးပြီးသည်နှင့် စာရေးသူ၏ရုံးခန်းတွင် အားလုံး စုဝေးကြသည်။ ဒေစီ၊ ဒေါက်တာဂျွန်၊ ညနေပိုင်းတာဝန်ကျ သူနာပြုကိတ်နှင့် စာရေးသူတို့ဖြစ်သည်။ စာရေးသူက အဖွင့်စကား ပြောသည်။

“ဒေစီ၊ ဒေါက်တာဂျွန်နဲ့ ကိတ်တို့ကို သိပြီးပြီလား”

ဒေစီက “ဟုတ်ပါတယ်” ဟု ပြန်ဖြေပြီး၊ ခေါင်းညိတ်ပြသည်။

"ကျွန်တော်နဲ့ စင်သီယာတို့ ယနေ့နံနက်ပိုင်းက ဒေစီနဲ့ တစ်ကြိမ် ဒေစီ့ရဲ့နောက်ကြောင်းတွေကို ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီးမဲလ်ဘုန်းမြို့နဲ့ ဆစ်ဒနီမြို့ဆေးရုံများမှ ဆေးရုံဆင်း မှတ်တမ်းတွေကိုအခြေခံပြီး ဒေစီ့ကို စစ်ဆေးစမ်းသပ်ခဲ့ပါတယ်။ ဆက်လက်ပြီး ဒေစီ့ရဲ့သဘောထားတွေကို သိလိုပါတယ်" ဟု ဒေစီ ၏ စိတ်ထဲ၌ရှိသည့် အယူအဆ၊ အတွေးအခေါ်များကို ဆက်လက် စုံစမ်းလိုသည့်အတွက် စာရေးသူက ရေလာမြောင်းပေးစကား လမ်း ကြောင်းပေး၏။

သည်တော့ ဒေစီသည် သူမ၏ခံစားချက်များကို ရင်ဖွင့် သည်။

"ကျွန်မနားမလည်တာ တစ်ခုရှိတယ်။ ဆေးရုံဆင်းမှတ် တမ်းတွေထဲမှာ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ရှိတယ်လို့ဆိုကြတယ်။ အဲဒါ ဘာသဘောပါလဲ။ ကျွန်မကို ကျပ်မ ပြည့်တဲ့လူဆိုးလို့ ဆိုလိုချင်တာလား။

"ဒီလိုဆိုရင် ကျွန်မဘဝမှာ အနှိပ်စက်အညှဉ်းဆဲခံရတာ တွေကို ဘယ်သွားထားမလဲ။ ကျွန်မပထွေးတိုနီကျူးလွန်စော်ကား တာတွေ၊ လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှာ အနိုင်ကျင့်ခံရတာ တွေ၊ မော်လီဒိုင်ယာနာတို့က မလှိမ့်တပတ်လုပ်ပြီး အိမ်ပေါ်က နှင်ချတာတွေ၊ တွမ်ရဲ့အမေကျွန်မကို နှိမ်တာတွေ၊ အခုလောလော လတ်လတ် တွမ်သစ္စာမဲ့တာတွေကို ထည့်မတွက်တော့ဘူးလား"

ဒေစီက နာကျည်းမှုအပြည့်နှင့် စကားစသည်။

ဒေစီသည် ပြောရင်းဆိုရင်းမျက်ရည်လည်လာသည်။ အသံတွေတုန်လာသည်။ ဒေါသသံလည်းပါလာသည်။

အမှန်မှာ ဒေစီသည် သူမအမြင်သူမရှုထောင့်မှ ကြည့်ပြီး သူမပတ်ဝန်းကျင်အားလုံးကို အပြစ်တင်နေခြင်းဖြစ်သည်။ သူမ ပထွေးကို အပြစ်တင်ရုံမက ထောင်ကျအောင်လုပ်ဖို့တောင်းသည်။ တရားဥပဒေအရ အရေးယူဖို့သင့်သည်။ ဒေစီ စိတ်ဝေဒနာခံစားရသည်မှာ သူ့ကြောင့်ဖြစ်သည်။

ကျန်သည့်လူများကို အပြစ်တင်နေသည်ကတော့ မှန်သင့်သလောက်မှန်သော်လည်း သူ့ဘက်ကိုယ့်ဘက်ရှိနေသည်။ လက်ခုပ်ကိုတစ်ဖက်တည်း တီးလျှင်အသံမမြည်။ နှစ်ဖက်ပြိုင်တူတီးမှ အသံမြည်သည်။ ဖြစ်သမျှအားလုံးအတွက် ဒေစီ့ကိုသာ မဲပြီးအပြစ်တင်လျှင် မတရားပါ။ သို့သော် စာရေးသူငယ်စဉ်က ပုံပြင်တစ်ခုကြားဖူးသည်။ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ငပွကြီးအမည်ရှိ ဘုန်းကြီးကျောင်းသားသည် ကျောင်းမှကျောင်းသားတိုင်းနှင့်ရန်ဖြစ်လေ့ရှိသည်။ တစ်နေ့တွင် ဘုန်းကြီးကျောင်းသားများ ရန်ပွဲဖြစ်နေသဖြင့် ကျောင်းသားတစ်ဦးက ဆရာတော်ရှေ့သွားပြီး "အရှင်ဘုရားကျောင်းသားတွေ ရန်ဖြစ်နေကြတယ်ဘုရား" ဟုလျှောက်၏။ ဆရာတော်က "ဟဲ့ ဘယ်သူတွေနဲ့လဲ" ဟုမေးသောအခါ ကျောင်းသားက "ငပွကြီးနဲ့အတူ ----- " ဟု စကားစသည်နှင့် ဆရာတော်

က "ဟုတ်ပဲ ငွေကြီးပါမှန်းတော့သိတာပေါ့။ တခြားရန်ဘက် ဘယ်သူလဲလို့မေးတာ" ဟုပြောလိုက်သည့် ပုံပြင်ဖြစ်၏။

ဒေစီသည် မည်သူနှင့်မဆို အနေကြာလာလျှင် အတူနေသူတိုင်းနှင့် တစ်ခုမဟုတ်တစ်ခု အဆင်မပြေဖြစ်တတ်သည်။ ငွေကြီးလိုဖြစ်နေ၏။ မည်သို့ပင်ဖြစ်စေ ဤအချိန် ဤနေရာတွင် စာရေးသူတို့က ဒေစီ့ကိုထိုင်ပြီး အပြစ်ပြောနေရန်မဟုတ်ပါ။ သူမကို ကူညီနိုင်သမျှ ကူညီရန်ဖြစ်သည်။ ကုသပေးနိုင်သည့်ရောဂါကို ပျောက်ကင်းအောင်ကုသပေးရန်နှင့် မပျောက်ကင်းနိုင်လျှင် ဝေဒနာသက်သာအောင် အားပေးရန်တာဝန်ရှိသည်။ ဒီလိုအတွေးနှင့် စာရေးသူက ဒေစီ့ကိုဖျောင်းဖျပါသည်။

"ဒီလိုရှိပါတယ်ဒေစီ။ လူတိုင်းလူတိုင်းမှာ ချို့ယွင်းချက်တွေ အားနည်းချက်ကလေးတွေ ရှိကြတာပါပဲ။ ဘုရားရဟန္တာတွေမှ မဟုတ်ကြတာ။ ဘယ်သူမှ ခြောက်ပြစ်ကင်းသဲလဲစင်မဟုတ်ပါဘူး"

"ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းရှိတယ်လို့ ရေးထားတာဟာ ဒေစီ့ကို အပြစ်တင်ထားတာမဟုတ်ပါဘူး။ ဒေစီ့ကို ကူညီဖို့အတွက် ကူညီရမယ့်ပစ်မှတ်ကို ဖော်ပြထားတာဖြစ်ပါတယ်။"

စာရေးသူစကားအဆုံးတွင် ဒေစီက ကြားဖြတ်မေးလာ၏။

"ဒီလိုဆိုရင် သည်ကိုယ်ရည်ကိုယ်သွေးချို့ယွင်းမှုကို ဘယ်လိုကုသမလဲ။ ပျောက်ကင်းသွားအောင် ဆေးကျွေးမလား"

စာရေးသူက ကြိုးစားပြီး အဖြေပေးရ၏။

## ပြန်သက်ခြင်းနှင့်ကင်းဝေးခဲ့မည်က

"သည်လောက်တော့မလွယ်ပါဘူး ဒေစီ၊ ကိုယ်ချစ်တိုင်း သွေးချိုယွင်းတဲ့ သဘောလက္ခဏာတွေဟာ လတ်တလောပေါ် လာကြတာမဟုတ်ပါဘူး။ ငယ်စဉ်ကလေးဘဝကစပြီး မြီးကောင်ပေါက် အရွယ်မှာ တဖြည်းဖြည်းအညွန့်အတက်တွေဖြစ်လာတယ်၊ လူကြီး အရွယ်ရောက်တော့ ဒီလက္ခဏာတွေဟာ သစ်ကိုင်းလိုခိုင်မာလာ ကြတယ်ဆိုပါတော့။

"အညွန့်အခက်လေးတွေကို ပုံသဏ္ဌာန်ပြောင်းသွားအောင် ပဲ့ကိုင်ရတာလွယ်ပါတယ်။ သစ်ကိုင်းလိုမာလာတဲ့အခါမှာတော့ ပုံသဏ္ဌာန်ပြောင်းပေးဖို့ ခက်လာသလိုပဲ။ ပြုပြင်ရတာခက်ခဲပါတယ်။ အမဲရောင်ကနေ အဖြူရောင်ပြောင်း သလိုမဖြစ်နိုင်ဘူး။ အရှိကနေမ ရှိဖြစ်သွားအောင် မလုပ်နိုင်ပါဘူး"

သည်အဖြေကိုကြားသည့်အခါ ဒေစီသည် စိတ်ပျက်လက် ပျက်ဖြစ်သည့် အမူအရာနှင့် စာရေးသူကို စွေစောင်းကြည့်လိုက် ပြီး -

"ဒီလိုဆိုရင် ကုလို့မရတော့ဘူးပေါ့။ ဒီတော့ ဆေးရုံမှာ ကျွန်မ ဘာကိစ္စနဲ့ နေရမှာလဲ။ အိမ်ပြန်တော့မယ်"ဟု စကားအကျကောက် ပြီးပြောသည်။

ကိတ်သည် အခြေအနေကို ထိန်းသိမ်းရန်လိုအပ်လာသည် ဟု ယူဆဟန်တူသည်။ ဒေစီ့ကိုပြုံးပြပြီး ညင်ညင်သာသာအားပေး သည်။

"ဒေါက်တာက ဒေစီ့ရဲ့စိတ်ဝေဒနာဟာ မကုသနိုင် မပျောက်ကင်းနိုင်ဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး၊ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းမှုတွေကို ပြုပြင်ဖို့၊ အဆိုးကနေအကောင်းဖြစ်ဖို့ ကုသရာမှာ အချိန်ယူရမယ်လို့ဆိုလိုတာပါ။ ကျွန်မပြောတာ ဟုတ်ပါတယ်နော်။"

ကိတ်က ပညာသားပါပါ ဆရာဝန်နှစ်ယောက်၏ ထောက်ခံမှုကိုရယူသည်။ ဒေါက်တာဂျွန်က ထောက်ခံပြောဆိုပြီး ဒေစီ ပိုမိုသဘောပေါက်စေရန် ဆက်လက်ရှင်းပြ၏။

"ကိုယ်ခန္ဓာရောဂါတစ်ခုကို ဥပမာပြုပြီး ကျွန်တော်ရှင်းပြချင်တယ်။ ငယ်စဉ်ကတည်းက ခြေထောက်ခွင်ပြီး ထော့နဲ့ထော့နဲ့ လမ်းလျှောက်နေရတဲ့ မသန်စွမ်းသူတစ်ဦးဆိုပါစို့၊ အဲဒီအခြေအနေ ကနေပြီး သဘာဝကျကျ ပုံမှန်လမ်းလျှောက်နိုင်လို့ ကုသပေးရန် ခက်ခဲပါလိမ့်မယ်။ ခွဲစိတ်ကုသရန်ပဲဖြစ်ဖြစ် ခြေထောက်ကြွက်သား တွေသန်မာအောင် လေ့ကျင့်ပေးရန်ပဲဖြစ်ဖြစ် အချိန်ယူပြီး စိတ်ရှည်ရှည်နဲ့ ကူညီရမှာဖြစ်ပါတယ်။

"ဒါပေမယ့် အဲဒီခြေထောက်မှာ ပြည်တည်နာတစ်ခုပေါ် ပေါက်လာတယ် ဆိုရင်တော့ ပြည်တည်နာကို အလွယ်တကူပျောက်ကင်းအောင် ကုသနိုင်မယ် ဖြစ်ပါတယ်"။

ကိတ်သည် သူမနားလည်သည့်အတိုင်း ပိုမိုသေချာစေရန် ကြားဖြတ်ပြော၏။

"နာတာရှည်ရောဂါအပေါ်မှာ ထပ်ဆင့်ပြီး လတ်တလော

ရောဂါတစ်မျိုး ပေါ်ပေါက်နိုင်တယ်လို့ဆိုလိုတာလား"

ဒေါက်တာဂျွန်က မှန်ကန်သဖြင့် အမှတ်ပေးသလို လက်ထောင်ပြသည်။

"ဟုတ်ပါတယ်။ ဆယ်ကျော်သက်ဘဝတစပြီး ဒေစီစခံစားလာရတဲ့ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဟာ ခြေခွင်ပြီး ထော့နဲ့ထော့နဲ့ လမ်းလျှောက်နေရသလိုပါပဲ။ အဲဒီချို့ယွင်းအားနည်းချက်ပေါ်မှာ ထပ်ဆင့်ဖြစ်လာနိုင်တဲ့ စိတ်ဝေဒနာကတော့ ပြည်တည်နာပေါ်ပေါက်လာသည်နှင့်တူပါတယ်"

"ကျွန်တော်တို့ ဒေစီ့ကိုစစ်ဆေးစမ်းသပ်နေတာဟာလောလော လတ်လတ်ဖြစ်နေတဲ့ စိတ်ရောဂါရှိမရှိ သိရန်အတွက်ဖြစ်ပါတယ်။ တွေ့ရှိလျှင် ဒီရောဂါကို၊ သက်သာပျောက်ကင်းအောင်ကုသဖို့ပါပဲ"

ဒေါက်တာဂျွန် ရှင်းလင်းတင်ပြသွားတာတွေကို စာရေးသူသဘောကျ နှစ်မြို့က်မိသည်။ ဒေစီကိုအကဲခတ်ကြည့်လိုက်သောအခါ သူမလည်းအတော် အတန်နားလည် သဘောပေါက်သွားသည်ကိုတွေ့ရ၏။ ဒေစီသည် ဒေါက်တာဂျွန့်ကို ကြည့်လိုက်ပြီး သူမထင်မြင်ချက်ကိုပြောပြ၏။

"အခုကျွန်မ ဘာမှမဖြစ်တော့ဘူး။ ဒေါက်တာပေးထားတဲ့ဥပမာကို ယူပြီးတော့ပြောရရင် အခုပြည်တည်နာမရှိတော့ပါဘူး။ ဆေးရုံမတက်မီ ရက်ပိုင်းကတော့ စိတ်ကြွဆေးအသောက်လွန်ပြီးဒေါသကြီးမိပါတယ်။"

ဒေစီနောက်ဆုံးစကားကို အလေးထားပြီး စာရေးသူက ကြားဖြတ်မေးခွန်း ထုတ်သည်။

"စိတ်ကြွဆေးတွေအသောက်များပြီး ဒေါသကြီးလာတာ အပြင် တခြားဘာတွေခံစားရသေးသလဲ"

"နှစ်ညဆက်တိုက် မအိပ်နိုင်ဘူး။ အိပ်ရာထဲမှာ မျက်လုံး ကြောင်နေတဲ့အခါ တွမ်နဲ့မိန်းမတစ်ယောက် စကားပြောသံတွေ ကြားရတယ်။ မသဲကွဲဘူး။ သူတို့အချီအချ ပြောနေကြသလိုပဲ။"

"အဲဒါ အမှန်တကယ်ဖြစ်နေတယ်လို့ ဒေစီယုံကြည် သလား"။

"မယုံတဝက် ယုံတဝက်ပဲ။ နားထဲမှာ ကြားနေရစဉ်က တော့ တကယ့်လူသံတွေလို့ထင်တယ်။"

"ဆေးရုံတက်လာရတဲ့နေ့မှာ ဒေစီအဲဒီအသံတွေကြား သလား"

"ကျွန်မ ကာစီနိုဘောဇကအရက်ဆိုင်မှာ စိတ်ကြွဆေးအသစ် တစ်မျိုးကို စမ်းပြီးသောက်ကြည့်တဲ့ နေ့ကစပြီး နားထဲမှာအသံကြား နေတယ်၊ မကြာမကြာ ကြားရတယ်"

"အိမ်ပြန်ရောက်လာပြီး အိမ်ရှေ့ဧည့်ခန်းကနေ တွမ်နဲ့ နီကိုလာတို့ကိုမြင်တော့ သူတို့နှစ်ယောက်အကြည်ဆိုက်ပြီး ရယ်မောနေသံတွေကြားလာတယ်"

"ဒေစီတို့ညှော်ခန်းကနေပြီး နီကိုလာတို့ညှော်ခန်းထဲမှာ စကားပြောနေတာကို ကြားနေနိုင်သလား။ သိပ်နီးကပ်နေလား"

"မနီးပါဘူး ဒေါက်တာ။ မှန်တံခါးတွေပိတ်ထားတာလည်း ဖြစ်တော့မကြားနိုင်ပါဘူး။ အဲဒီလို ကျွန်မစိတ်ထဲမှာ ထင်မြင်လာတော့ ဒေါသတကြီး ဖြစ်မိတာပါပဲ။ နီကိုလာတို့အိမ်တံခါးပေါက်ဝမှာ ဖြစ်တာတွေ ဒေါက်တာတို့သိပြီးပြီမဟုတ်လား"

"ဟုတ်ပါတယ်။ ဆေးရုံရောက်စညက ဒေစီ့ရဲ့အပြုအမူတွေကို မှတ်တမ်းမှာဖတ်ရပါတယ်"

"အဲဒီညကတော့ ဆေးရုံက ဆရာဝန်ဆရာမတွေဟာ ကျွန်မကိုရန်လုပ်နေကြတယ်လို့ ထင်နေတယ်။ ကျွန်မကို ဒုက္ခရောက်အောင်အန္တရာယ်ပြုဖို့ ကြံစည်နေကြတယ်လို့ စိတ်ထဲမှာ သက်မကင်းဖြစ်နေတယ်။ ဆရာဝန်ဆရာမတွေ ပြောဆိုလုပ်ကိုင်သမျှဟာ ကျွန်မကိုလှည့်စားနေသလို ထင်မြင်နေတယ်။ ဒါကြောင့်ဆေးရုံပေါ်မှာနေရင် အန္တရာယ်ရှိတယ်လို့ ယုံကြည်လာတယ်။ ဒါကြောင့် အကြမ်းကိုင်ပြီး ထွက်ပြေးဖို့ကြိုးစားတာပါ။ ကျွန်မဝမ်းနည်းပါတယ်။ ခွင့်လွှတ်ပါ"

ဒေစီက စိတ်လိုလက်ရ စိတ်ကောင်းဝင်နေစဉ် တောင်းပန်ခြင်းဖြစ်၏။

"တောင်းပန်ဖို့မလိုပါဘူး ဒေစီ။ ဒီလိုဖြစ်တာတွေဟာ ဒေစီ့ရဲ့အပြစ် မဟုတ်ပါဘူး"

ကိတ်က အလျင်အမြန် အားပေးဖျောင်းဖျသည်။ စာရေးသူက ကိတ်ပြောသည့်အချက်ကို ပိုမိုလေးနက်စေရန် ထပ်ဆင့်ပြီးချဲ့ထွင်ပြောသည်။

"ကိတ်ပြောတာ သဘောတူတယ်။ ဒေစီ့ရဲ့အပြစ်မဟုတ်ဘူး။ ဒေစီ စိတ်ကျန်းမာရေးချို့တဲ့လာတာ ပြည်တည်နာဖြစ်ပေါ်လာတယ်လို့ဆိုပါတော့"

"စိတ်ကြွဆေးအသစ်တွေ မှောင်ခိုမှာ ရောင်းနေတယ်လို့သိရတယ်။ အချို့ဆေးတွေဟာ အာနိသင်ပြင်းထန်တယ်။ သောက်သုံးသူမထင်မှတ်ပဲ စိတ္တဇဝေဒနာ (ဆိုက်ကိုးဆစ်) လက္ခဏာတွေရရှိလာနိုင်တယ်လို့သိရပါတယ်။ ဒေစီ အဲဒီလိုဆေးမျိုးတွေများ သုံးစွဲမိသွားသလား"

"အမှန်ပြောပါမယ် ဒေါက်တာ။ ကျွန်မအိမ်နီးနားချင်းမိတ်ဆွေဘောဘီနဲ့ မကြာမကြာဆိုသလို ကာစီနိုကိုသွားပါတယ်။ ကြုံတဲ့အခါ ကာစီနိုဘေးကအရက်ဆိုင်မှာရနိုင်တဲ့ မှောင်ခိုမူးယစ်ဆေးတွေကိုသုံးပါတယ်။ ဒီလိုလုပ်နေတာ တစ်လလောက်ရှိပါပြီ။ တွမ်မသိဘူး။ တွမ်မရောက်မီ ကျွန်မ အိမ်ပြန်ရောက်လေ့ရှိတယ်"

"ဒီတော့ ဒေစီရဲ့စိတ်ထဲမှာ ထူးခြားချက်တွေတွေ့လာရသလား"ဟု ဒေါက်တာဘုန်းက စူးစမ်းသည်။

"မကြာမကြာ ထူးခြားတဲ့ခံစားရမှုတွေကို သတိထားမိပါတယ်။ သူတို့ရောင်းတဲ့ဆေးက အသစ်ဖြစ်မလားပဲ။ ဆေးရုံမတက်ရမီ

သုံးလေးရက်လောက်က နောက်ဖေးအိမ်ကလူတွေက ကျွန်မကို ရန်မူနေတယ်လို့ ကျွန်မထင်လာတယ်။ သူတို့အချင်းချင်း ဝန်းခြံထဲမှာ စကားပြောနေကြတာကို မြင်တဲ့အခါ ကျွန်မအကြောင်းတွေကို အတင်းပြောနေတယ်လို့ ယုံကြည်လာတယ်။ သူတို့က ကျွန်မကိုမြင်တော့ လက်ထောင်ပြီးနှုတ်ဆက်တယ်။ ကျွန်မစိတ်ထဲမှာတော့ သူတို့ကျွန်မကို မထီလေးစားသရော်နေတယ်လို့ ယုံကြည်လိုက်တယ်။ အဲဒါ ဒေါက်တာပြောတဲ့ ဆိုက်ကိုးဆစ်လက္ခဏာလား"

ဒေါက်တာဂျွန်က-"ဟုတ်ပါတယ်။ လူတွေပြောဆိုပြုမူနေတာတွေဟာ မိမိကိုရည်ညွှန်းပြီးပြောနေကြ လုပ်နေကြတာလို့ထင်တာဟာ ဆိုက်ကိုးဆစ် ရောဂါလက္ခဏာတစ်ခုပါပဲ။ ပတ်ဝန်းကျင်မှာ မြင်သမျှကြားသမျှတွေကို ထူးဆန်းနေသလိုခံစားရတာ၊ မိမိနဲ့ပတ်သက်ပြီး အရေးကြီးတဲ့အဓိပ္ပါယ် သက်ရောက်နေသလို ထင်မြင်လိုက်တာတွေဟာ ဆိုက်ကိုးဆစ်ရောဂါလက္ခဏာ တွေပါ။ စိတ္တဇစိတ်ကြွဖေါ်ဆေးတွေကို သောက်မိရင်လည်း အဲဒီလိုအတွေ့အကြုံခံစားရတတ်တယ်။ အဲဒီလိုခံစားရမှုတွေနဲ့အတူ နားထဲမှာ စကား ပြောသံတွေကြားလာနိုင်ပါတယ်"

"ဟုတ်ပါတယ် ဒေါက်တာ၊ လွန်ခဲ့တဲ့သုံးလေးရက်အတွင်းမှာ နားထဲမှာ အသံတွေကြားလာတာကို သတိပြုမိတယ်။ အိပ်ရာထဲမှာ သားကလေးနဲ့ လှဲအိပ်နေရင် အပြင်ဘက်မှာ တွမ်နဲ့မိန်းမတစ်ယောက် စကားပြောနေသံတွေ ကြားရတယ်။ ကမန်းကတန်းထကြည့်လိုက်ရင် တွမ်တစ်ယောက်တည်း စာဖတ်နေတာတွေ့ရတယ်"

"ဒီကနေ့ ဒေစီအဲသည်လိုအတွေ့အကြုံတွေ ခံစားနေရ သေးသလား။ နားထဲမှာ အသံတွေကြားနေသေးလား"။

ဒေါက်တာဂျွန်က ဒေစီလတ်တလောခံစားနေရသည့် စိတ် ဝေဒနာလက္ခဏာတွေရှိမရှိ အလိုက်သင့်မေးလိုက်ခြင်းဖြစ်သည်။

"ဆေးရုံမတက်မီကလို အတွေ့အကြုံတွေကိုတော့ မခံစား ရတော့ပါဘူး။ ဒါပေမယ့် ကျွန်မပြောချင်တာတစ်ခုရှိတယ်"

"ပြောပါဒေစီ။ မရှက်မကြောက်ပြောနိုင်ပါတယ်"

"ကျွန်မအသက် ၁၄နှစ် ၁၅နှစ်အရွယ်ကစပြီး မကြာမ ကြာ ကျွန်မ နားထဲမှာ ကြားနေလေ့ရှိတဲ့အသံတစ်ခုရှိတယ်။ ကျွန်မပထွေး ကျွန်မနားရွက်နားမှာ ကပ်ပြီးပြောနေသလို ကြားနေရတဲ့ အသံဖြစ် တယ်။ အဲဒါဘာဖြစ်တာလဲဒေါက်တာ။ ကျွန်မ၁၄နှစ်ကစပြီး ဆိုက်ကိုး ဆစ်ရောဂါ ဖြစ်နေတာလား"

ဒေစီ့မေးခွန်းအပြီးတွင် ကိတ်နှင့်ဒေါက်တာဂျွန်တို့က စာရေးသူကို လှမ်းကြည့်လိုက်ကြသည်။ နောက်ပြီး ကိတ်ကဦးစွာ သူမ့နားလည်သလို မှတ်ချက်ချသည်။

"နားထဲမှာ အကြောင်းမဲ့အသံကြားတိုင်း စိတ္တဇရောဂါ စိတ်မနှံ့ရောဂါ ဆိုက်ကိုးဆစ်ရောဂါလက္ခဏာလို့ ကျွန်မထင်ဘူး။ မှန်သလား ဒေါက်တာအုန်း"။

"သိပ်ပြီးမှန်တာပေါ့။ စိတ်ပင်ပန်းလူပင်ပန်းဖြစ်တဲ့အခါ တစ်ဦးဦးကို စောင့်မျှော်တမ်းတနေတဲ့အခါတွေမှာ နားထဲမှာ

အသံတွေကြားသလို ခံစားရပါတယ်။ နောက်တစ်ခုက အိပ်ရာထဲမှာ အိပ်မပျော့်တပျော်အချိန်ကလေးမှာ ဖြန်းကနဲ တစ်ခုခုခြင်လိုက်သလို ကိုယ့်နာမည်ကိုခေါ် လိုက်သံတွေ ကြားရသလိုလည်း တွေ့ကြုံရပါတယ်။ နောက်တစ်ချက်ရှိသေးတယ်။ မိသားစုအိမ်သားတွေ ဆွေမျိုးတစ်ဦးဦး သေဆုံးသွားတဲ့အခါ သေဆုံးသွားသူကို မြင်နေသလို၊ သူ့ပြောစကားတွေကို ကြားနေသလိုခံစားရတတ်ပါတယ်"

"ကျွန်မနားထဲမှာ မကြာခဏကြားနေတဲ့ ပထွေးစကား ပြောသံက ဘာဖြစ်လို့လဲ။ သူလည်း မသေသေးဘူး"

ဒေစီသည် သိချင်ဇောဖြင့်မေးသည်။

"မေးသင့်တဲ့မေးခွန်းပါ။ ရေရေလည်လည်နားလည်ဖို့ ရှည်ရှည်ဝေးဝေး ရှင်းပြချင်ပါတယ်"ဟု စကားခံပြီး စာရေးသူက "ပီတီအက်စ်ဒီ" PTSD (Post Traumatic Stress Disorder) (အန္တရာယ်ဘေးနှင့် ကြုံပြီးဖြစ် စိတ်ဒဏ်ဖိစီးမှုဝေဒနာ) အကြောင်းကို ပြောပြပါသည်။

"ပီတီအက်စ်ဒီ"စိတ်ဝေဒနာကို စစ်ပြန်စစ်မှုထမ်းများတွင် အများအပြား တွေ့ရသည်။ တိုက်ပွဲတွင်သေဘေးမှ သီသီကလေး လွတ်မြောက်ခဲ့ရသည့် အတွေ့အကြုံ၊ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည့် အဖြစ်အပျက်၊ သို့မဟုတ် မိမိ၏ ရဲဘော်ရဲဘက်များ မြင်မကောင်းရှုမကောင်း ဒဏ်ရာရပြီးသေဆုံးသည့်မြင်ကွင်း စသည်တို့ကြောင့် စစ်ပြန်စစ်မှုထမ်းများသည် "ပီတီအက်စ်ဒီ"ရောဂါခံစားကြရသည်။

အမေရိကန်နိုင်ငံတွင် တိုက်ပွဲပြန်စစ်မှုထမ်း၁၀၀လျှင် စစ်ပြန် ၁၂ယောက်မှ ၃၀ယောက်အထိ ပီတီအက်စ်ဒီရောဂါ ခံစားနေရသည်ကို တွေ့ရှိရ၏။ အရပ်သားများအတွင်းတွင် ကားတိုက်မှုကြောင့် လူသေသည့်အတွေ့အကြုံ သို့မဟုတ် ကိုယ်တိုင်သေလုမျောပါးဖြစ်သွားသည့် အတွေ့အကြုံ များကိုမှီပြီး ပီတီအက်စ်ဒီရောဂါ ရနိုင်သည်။ ဥပမာ ကားတိုက်မှုကြောင့် အပြင်းအထန်ဒဏ်ရာရရှိသူ ၄၀ရာခိုင်နှုန်းတွင် "ပီတီအက်စ်ဒီ" ရောဂါလက္ခဏာများ တွေ့ရသည့်ဟုဆို၏။

"ပီတီအက်စ်ဒီ"ရောဂါ ဖြစ်စေသည့် အခြားဘဝအတွေ့အကြုံများမှာ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရခြင်း၊ တယူသန်အကြမ်းဖက်သမားများ လက်ချက်ကြောင့် ဗုံးဒဏ်၊ သေနတ်ဒဏ်ခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်း၊ ပြန်ပေးဆွဲခံရခြင်း၊ သေလုမျောပါးရိုက်နှက်သည်ကိုခံရခြင်း၊ မိသားစုအတွင်းမှ တစ်ဦးဦး မထင်မှတ်ပဲသေဆုံးသွားခြင်းတို့ဖြစ်သည်။ ကလေးသူငယ်များတွင် လူကြီးမိဘ၏ ညှဉ်းပန်းနှိပ်စက်သည်ကိုခံရခြင်းနှင့် ကာမဂုဏ်ကျူးလွန်ခံရခြင်းတို့ဖြစ်သည်။

"ပီတီအက်စ်ဒီ"ရောဂါတွင် အဓိကလက္ခဏာတစ်ခုမှာ မိမိတွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်တို့သည် အလိုအလျောက်စိတ်ထဲတွင် ရုပ်ရှင်ကြည့်နေရသလို ဖျတ်ကနဲဖျတ်ကနဲ ပေါ်လာခြင်းဖြစ်သည်။ ၎င်းအဖြစ်အပျက်များကို အိပ်မက်ဆိုးအဖြစ် မကြာခဏ

အိပ်မက်ထဲတွင်တွေ့ရသည်။ ၎င်းအတွေ့အကြုံများကို ပြင်းပြစွာ ပြန်လည်ခံစားရသည့်အခါ ယခုလောလောလတ်လတ် ခံစားနေရသကဲ့သို့ အားလုံးကိုမြင်နေသည်၊ ကြားနေသည်၊ ထိတွေ့နေရသည်။

ဒေစီသည် သူမ၏ပထွေး စကားပြောသံများကို ပြန်လည်ကြားယောင်နေခြင်းမှာ ပီတီအက်စ်ဒီရောဂါ၏ လက္ခဏာဖြစ်နိုင်သည်။ ကလေးဘဝတလျှောက်၌ ကာမဂုဏ်ကို အကြိမ်ကြိမ်ကျူးလွန်ခံရသူများတွင် ၆၀ရာခိုင်နှုန်းမှာ "ပီတီအက်စ်ဒီ"ရောဂါ ခံစားနေရသည်ဟုဆိုပါသည်။ ဒေစီကဲ့သို့ ဆိုးရွားသည့်အတွေ့အကြုံ ခံစားရသူများတွင် "ပြင်းထန်သည့် ပီတီအက်စ်ဒီ"ရရှိပြီး၊ အရွယ်ရောက်လာသောအခါ "ဘော်ဒါလိုင်းကိုယ်ရည် ကိုယ်သွေးချို့ယွင်းခြင်း" ဖြစ်ပေါ်လာသည်ဟုသိရ၏။

အမှန်မှာ ဒေစီသည် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ဝေဒနာနှင့်အတူ ပြင်းထန်သည့်ပီတီအက်စ်ဒီရောဂါကို ခံစားနေရသူဖြစ်၏။ ပိုက်ဆံအကြွေတစ်ပြားရှိ မျက်နှာပြင်နှစ်ခုလိုဖြစ်သည်။ အပေါ်မျက်နှာပြင်တွင် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းသည့် အသွင်ကိုတွေ့ရပြီး၊ အောက်မျက်နှာပြင်တွင် ပီတီအက်စ်ဒီသင်္ကေတန်တွေရှိနေသည်။

ဒေစီ၏အပြုအမူများကို တွေ့ရသောအခါ ပတ်ဝန်းကျင်သည် ဒေစီ၏ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းချက်တွေကိုသာ မြင်နိုင်သည်။ ဒေစီဆိုးတာတွေ၊ ကြမ်းတာတွေ၊ ရမ်းကားတာတွေ၊ စိတ်မတည်

ငြိမ်တာတွေကိုသာ တွေ့နေရမည်။ အခြားတစ်ဖက်တွင် သူကိုယ်တိုင် စိတ်တွင်း၌ခံစားနေရသည့် "ပီတီအက်စ်ဒီ"ဒုက္ခဝေဒနာလက္ခဏာတွေရှိနေသည်။ ဤကဲ့သို့သိမြင်နိုင်လျှင် ဒေစီ့ဘဝကို ကိုယ်ချင်းစာနိုင်ပါသည်။

စာရေးသူသည် ယခုလိုစိတ်ရှည်လက်ရှည်ရှင်းပြပြီးနောက် ဒေစီ၏မေးခွန်းကို တိုက်ရိုက်အဖြေပေးသည်။

"ဒါကြောင့် ဒေစီ၁၄နှစ်အရွယ်ကစပြီး မကြာမကြာ နားထဲမှာအသံ ကြားနေရတာဟာ "ပီတီအက်စ်ဒီ"ရောဂါလက္ခဏာလို့ ယူဆနိုင်ပါတယ်။ ဆိုက်ကိုးဆစ်စိတ္တဇဝေဒနာဖြစ်တယ်လို့ ကျွန်တော်မထင်ဘူး"

ဒေစီသည် စာရေးသူရှင်းပြသည်ကို သဘောကျနှစ်ခြိုက်သွားသည်။ သူမ၏ပြင်ပအပြုအမူများကို အပြစ်မယူပဲ သူမ၏စိတ်တွင်း၌ခံစားနေရသည့် သောကဝေဒနာများကို နားလည်လက်ခံသည့်အတွက် အားတက်လာသည်။

ထို့ကြောင့် သူမ၏အတွေ့အကြုံများကို ကရားရေလွှတ် တဆက်တည်း ပြောချလိုက်၏။

"ဒေါက်တာပြောသလို ကျွန်မအိပ်မက်ဆိုးတွေ ခဏခဏ မက်တယ်။ ပထွေးကသရဲတစ္ဆေဖြစ်နေပြီး ကျွန်မကိုကိုက်စားဖို့ လိုက်နေတာကို ပြေးရတဲ့ အိပ်မက်တွေမက်တတ်တယ်။ ကျွန်မတစ်ယောက်တည်း အခန်းထဲမှာ အနားယူနေရင် မျက်စိထဲမှာပထွေးရုပ်က ဖျတ်ကနဲဖျတ်ကနဲ ပေါ်လာတာတွေ့ရတယ်။ တီဗွီထဲမှာဖြစ်ဖြစ်၊

သတင်းစာဖတ်တဲ့အခါမှာပဲဖြစ်ဖြစ် ကျွန်မလိုကလေးငယ်တွေ စော်ကားခံရတဲ့သတင်းမျိုးကို မြင်ရရင်ဖတ်ရရင် ကျွန်မငယ်စဉ်ဘဝက အဖြစ်အပျက်တွေဟာ ရုပ်ရှင်ကြည့်နေရသလို အတွေးပုံရိပ်ထဲမှာပေါ်လာတယ်။ နောက်ပြီး စိတ်ထဲမှာတုန်တုန်ယင်ယင် ခံစားလာရတယ်။ ကြောက်စိတ်၊ ဒေါသစိတ်၊ မုန်းတီးစိတ်တွေ ထကြွလာတယ်။ ကိုယ့်ကိုယ်ကို မသိုးမသန့်ဖြစ်ပြီး စက်ဆုပ်ရွံရှာလာတယ်။ တစ်ကိုယ်လုံးတင်းကြပ်လာပြီး မနေနိုင်မထိုင်နိုင် ဖြစ်လာတယ်။ ဂဏှာမငြိမ်ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာရင် တစ်ခုခုကို တရှူးထိုးလုပ်လိုက်ရမှ သက်တောင့်သက်သာဖြစ်လာတယ်"

"အဲဒီတော့ ကျွန်မဘာလုပ်သလဲ။ အနီးအနားမှာရှိနေတဲ့သူ တစ်ယောက်ယောက်ကို အပြစ်ရှာပြီးရန်လုပ်မိပါတယ်။ အရက်ဖြစ်ဖြစ်၊ မူးယစ်ဆေးဖြစ်ဖြစ် တွေ့တာကိုသောက်ချလိုက်တဲ့အခါလည်းရှိမယ်။ ကိုယ့်ကိုကိုယ်လည်း ထုရိုက်မယ်။ တခါတရံ မုတ်ဆိတ်ရိတ်ဓားနဲ့ လက်ကောက်ဝတ် နဲ့လက်မောင်းကိုဖြစ်ဖြစ် ပေါင်ရင်းကိုဖြစ်ဖြစ် ပါးပါးလှီးတာတွေလည်း ရှိပါတယ်။ သေချင်တဲ့စိတ်ရှိလို့တော့မဟုတ်ဘူး။ အသားမှာနာလာတော့ စိတ်ထဲမှာနာကျင်တာတွေသက်သာသွားတယ်။"

ဒေစီသည် သူမစိတ်တွင်း၌ ခြအိမ်လိုလှိုက်စားနေသည့် အတွေးများကို အားရပါးရအန်ချလိုက်ရသဖြင့် မောပန်းသွားပြီး ငြိမ်ကျသွားသည်။

ကိတ်သည် မျက်လုံးကိုအနည်းငယ်မှေးပြီး စဉ်းစားသည်။ ထို့နောက် အားလုံးအတွက်မေးခွန်းထုတ်၏။

**"ဒေစီအခုပြောလိုက်တာတွေဟာ ပီတီအက်စ်ဒီရဲ့ အဓိက လက္ခလဏာပေါ့နော်။ ဒေါက်တာအုန်းပြောတဲ့ အခြားအဓိက လက္ခဏာတွေကဘာတွေလဲ။ ဒေစီခံစားရသလား"**

သည်တော့ စာရေးသူသည် စကားဆက်ရ၏။ အခြား လက္ခဏာတစ်ခုကတော့ အကြောင်းမဲ့ ကြောက်ရွံ့ထိတ်လန့်နေ တတ်ခြင်းဖြစ်သည်။ ကာယကံရှင်၏စိတ်အတွင်း၌ ကျိုးလန့်စာစား သလိုဖြစ်နေ၏။ ဘာကိုမြင်မြင် ဘာကိုကြားကြားဘာကိုပဲတွေ့ရတွေ့ရ အန္တရာယ်မကင်းသလို ထင်မှတ်နေသည်။ စိုးရိမ်ဖွယ်ရာအသေးအဖွဲ့ ကိစ္စကလေးများနှင့် ကြုံတွေ့ရလျှင် ပုံကြီးချဲ့ပြီးကြောက်တတ်သည်။ မထိန်းနိုင်မသိမ်းနိုင် တုန်လှုပ်ချောက်ချားမည်။ လူရှေ့သူရှေ့၌ပင် အိခြွေမဆည်နိုင်ပဲ တုန်တုန်ယင်ယင်ဖြစ်လာမည်။ ထို့ကြောင့် ပီတီ အက်စ်ဒီရောဂါကို စိုးရိမ်စိတ်လွန်ကဲသည့် စိတ်ရောဂါ အုပ်စုဝင် အဖြစ်သတ်မှတ်ထားကြပါသည်။

စိတ်တွင်း၌ အစဉ်အမြဲ စိုးရိမ်သောကပွားများနေလျှင် ပတ်ဝန်းကျင်ကို မယုံသင်္ကာဖြစ်လာတတ်သည်မှာ ဓမ္မတာဟုဆိုနိုင် ၏။ သူတစ်ပါး၏ အပြုအမူအပြောအဆိုများကို စိုးရိမ်လွန်ကဲသည့် မျက်စိနှင့်ကြည့်သည့်အခါ သူတို့သဘောရိုးမှ ဟုတ်ရဲ့လားဟု ထင်မြင်ယူဆလာမည်။ နေကာမျက်မှန်ကို တပ်ပြီး ကြည့်သကဲ့သို့

ပကတိအရှိအတိုင်းမမြင်နိုင်သဖြင့် အယူအဆလွဲပြီး အထင်မှားခြင်းဖြစ်သည်။ သံသယစိတ်၏ အခြေခံတစ်ခုဖြစ်သည်။

ဒေစီသည် တွမ်ကိုစွန့်လွှတ်လိုက်ရမည်ကို စိုးရိမ်သည်မှာ သဘာဝကျပါသည်။ သူမအဖို့ တွမ်တစ်ယောက်သာ အားကိုးရမည့်သူရှိသည် မဟုတ်ပါလား။ သို့သော် ဒေစီတငွေ့ငွေ့နှစ်ရှည်လများ ခံစားနေရသည့် ပီတီအက်စ်ဒီဝေဒနာက ထိုစိုးရိမ်မှုများကို ပုံကြီးချဲ့ပေးသည်။ သည်တော့တွမ်၏လှုပ်ရှားမှုမှန်သမျှကို "ရေဒါတိရိယာ"နှင့် ဖမ်းသလိုဖြစ်နေသည်။ အာရုံအားလုံးက နိုးကြားနေသည်။ တွမ်ဘာလုပ်လုပ်ဘာပြောပြော သံသယဖြစ်ဖွယ်ရာတွေကိုတွေ့နေရ၏။

စာရေးသူ ယခုလိုရှင်းပြနေသည်ကို ဒေစီသည် စိတ်ပါဝင်စားစွာနားထောင်နေသည်။ သူမကိုယ်ကို ပြန်လည်ဆင်ခြင်စဉ်းစားနေပုံလည်းရသည်။ ထို့နောက် ဦးခေါင်းမော့လာပြီး တဖြည်းဖြည်းနှင့်ခပ်လေးလေးပြောလာသည်။

"ဒေါက်တာအခုလို ရှင်းပြတော့မှ ကျွန်မစိတ်ထဲမှာရှိတာတွေကို သုံးသပ်မိတယ်။ စိတ်ထဲမှာအမြဲလိုလို သာယာမှုကင်းဝေးငြီးငွေ့နေပါတယ်။ နောက်ပြီး တစ်ခုခုမကောင်းတာဖြစ်တော့မှာပဲ၊ အန္တရာယ်တွေရတော့မှာပဲလို့ အကြောင်းမဲ့တွေးပြီး သောကပွားနေတတ်ပါတယ်။ ကျယ်ကျယ်လောင်လောင် အသံကြားရရင်ကိုယ်နဲ့မဆိုင်ပေမယ့် တဖြန်းဖြန်းကြက်သီးမွေးညင်း ထလေ့ရှိတယ်။

အမှန်ပြောရရင် အပြင်ဘက်မှာကြမ်းတမ်းပေမယ့် စိတ်တွင်းမှာတော့ သိမ်ငယ်စိတ်ရှိတယ်ထင်တယ်။ အခြားမိန်းကလေးတွေနဲ့ယှဉ်လိုက်ရင် ကျွန်မရုပ်ရည်က မပြည့်ဝဘူးလို့မြင်ပြီး အားငယ်တယ်။ ကျွန်မမှာခုံမင်တွယ်တာစရာ ဘာအရည်အချင်းမှ မရှိဘူးလို့လည်း အထင်အမြင်သေးနေတယ်။ တစ်နေ့နေ့မှာ "တွမ်ဟာ ငါ့ကိုစွန့်ပစ်သွားမှာပါ"လို့ တွေးပြီး ပူပင်နေလေ့ရှိတယ်"

ဒေစီစကားရပ်လိုက်သောအခါ ကိတ်က ကြားဖြတ်ပြီး မေးခွန်းထုတ်သည်။ အမျိုးသမီးအချင်းချင်း ကိုယ်ချင်းစာသည့်သဘောပါ။

"အဲဒီလို စိုးရိမ်စိတ်တွေရှိနေရင် ဒေစီက တွမ့်ကိုဘာကြောင့် အကြမ်းကိုင်တာလဲ"

"ကျွန်မလည်း မဝေခွဲတတ်ပါဘူး။ ကြောက်ကန်ကန်တယ်လို့ဆိုရမလား။ ဒီတော့ဆန့်ကျင်ဘက်အကျိုးပဲ အဖတ်တင်တာပေါ့"

"ဟုတ်တယ်ဒေစီ။ မေတ္တာကို ဓားပြတိုက်ယူလို့မရဘူး။ ဆရာမပြောတာ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး။ ဆရာမနဲ့ဒေါက်တာတို့ရှင်းပြပြီး ကျွန်မပြောချင်တာတွေကို နားထောင်တာကျေးဇူးတင်ပါတယ်။ အဲဒီလိုရှင်းပြလို့လည်း ကျွန်မသဘောပေါက် တန်သလောက်သဘောပေါက်လာတယ်"။

ထို့နောက် ဒေစီသည် သူမနားလည်သဘောပေါက်သည့်အတိုင်း ဆက်ပြောသည်။

"ကျွန်မနားလည်သလို ပြောပြချင်တယ်။ ဒေါက်တာပြော

ခဲ့တဲ့ ပီတီအက်စ်ဒီရောဂါလက္ခဏာတွေဟာ ကျွန်မအဖို့ အသားထဲမှာ မြုပ်နေတဲ့ဆူးလို၊ သွားကြားမှာညပ်နေတဲ့အရိုးစလို ဖြစ်နေတယ်။ စိတ်ထဲမှာဘဝင်မကျ၊ အမြဲလိုလို ကသိကအောက်ဖြစ်နေတယ်။ ရှူးဖိနပ်ထဲမှာဝင်နေတဲ့ ကျောက်ခဲလုံးလေးလို အနေရအထိုင်ရ ခက်ပြီး သွားရလာရတာအဆင်မပြေ ဖြစ်စေပါတယ်။ အနေခက်တော့ ခြေထောက်ကိုဟိုရမ်းဒီရမ်း ဟိုကန်ဒီကန်လုပ်သလိုပါပဲ"

"ဒေစီပြောလိုက်တဲ့ ဥပမာသာဓကတွေကို ကျွန်မသဘောကျလိုက်တာ။ ဒေစီစာဖတ်ဝါသနာပါသလား"

"ဟုတ်တယ်။ ကျွန်မဝတ္ထုဖတ်တာဝါသနာပါတယ်။ ကျွန်မကြားဖူးဖတ်ဖူးတဲ့ ဥပမာတွေကိုပြောတာပါ"

စာရေးသူတို့ပြောလိုသည့်အချက်ကို ဒေစီသဘောပေါက်နားလည်သွားသဖြင့် ကျေနပ်မိသည်။ ဒေစီငယ်စဉ်ကပင် ခံစားနေရသည့် ပြင်းထန်သည့် ပီတီအက်စ်ဒီဝေဒနာနှင့် မြီးကောင်ပေါက်အရွယ်မှစပြီး တဖြည်းဖြည်းအမြစ်တွယ်လာသည့် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းမှုတို့သည် ကျောချင်းကပ်ပြီးအတူတူပူးတွဲနေသည့် စိတ်ဝေဒနာများဖြစ်သည်။ ပထမဝေဒနာက အတွင်းမှာလှိုက်စားနေပြီး၊ ဒုတိယချို့ယွင်းမှုက အပြင်လောကနှင့် အဆင်မပြေ ကတောက်ကဆဖြစ်စေသည်။ သည်အထိ ဒေစီအပါအဝင် စာရေးသူတို့အားလုံး နားလည်သဘောပေါက်ပြီး လက်ခံကြသည်။

# ဒေါက်တာဂျွန်းကျော်

ထို့နောက် စာရေးသူသည် ဒေါက်တာဂျွန်ကို ဒေစီ၏ လက်တလော တွေ့ကြုံခံစားနေရသည့် စိတ်ရောဂါလက္ခဏာများကို ဆက်လက်စမ်းသပ်ရန် တာဝန်ပေးသည်။ ဒေါက်တာဂျွန်သည် ဘွဲ့လွန်သင်တန်းသားဆရာဝန်ဖြစ်၏။ စာရေးသူ၏ရှေ့တွင် လူနာကိုစစ်ဆေးစမ်းသပ်စေခြင်းဖြင့် သူ၏တိုးတက်မှုကို ခန့်မှန်းနိုင်သည်။ လိုအပ်သည်များကို တွေ့ရှိလာရလျှင် ပြုပြင်သင်ကြားပေးနိုင်သည်။

# “မူးယစ်ဆေးက ပေးသည့်လက်ဆောင်”

ဆရာဝန်တိုင်းသည် လူနာတစ်ယောက်ကို စမ်းသပ်စစ်ဆေးသည့်အခါ ပထမ လူနာ၏လက်ရှိရောဂါ ဖြစ်ပေါ်လာပုံကိုမေးမြန်းမည်။ ထို့နောက် လူနာအတိတ်ကရရှိခံစားခဲ့သည့် ရောဂါများအကြောင်းကိုစုံစမ်းမည်။ လူနာ၏အလေ့အထနှင့် လူမှုရေးအခက်အခဲများကို သိလိုမည်။၎င်းအချက် အလက်များကို ရရှိပြီးသောအခါ လူနာ၏ခန္ဓာကိုယ်အင်္ဂါပေါင်းစုံကို စမ်းသပ်စစ်ဆေးမည်။

စိတ်ရောဂါရှင်လူနာများကို စစ်ဆေးသည့်အခါ ယခုလတ်တလောခံစားနေရသည့် ရောဂါလက္ခဏာများကို ဖော်ထုတ်စစ်ဆေးသည့် အပိုင်းရှိသည်။

# ဒေါက်တာဂျွန်းကျော်

စာရေးသူတို့သည် ဒေစီ၏ဘဝနောက်ကြောင်းသမိုင်းကို အတော် အတန်သိပြီးဖြစ်နေပြီ။ ယခုအကြိမ်ဆေးရုံမတက်မီ ဒေစီတွေ့ကြုံခံစားခဲ့ရသည့် ရာဇဝင်ကိုလည်းသိခဲ့ပြီ။ ထို့ကြောင့် ယခုလတ်တလော ဒီနေ့ဒီအချိန်တွင် ဘယ်လိုရောဂါလက္ခဏာတွေ ရှိနေသေးသည်ကိုသိနိုင်ရန် ဒေါက်တာဂျွန်က စစ်ဆေးခြင်းပြု သည်။

ဒေါက်တာဂျွန်သည် စာအုပ်ကြီးကပြောသည့်အတိုင်း အစီအစဉ်တကျ မေးမြန်းစစ်ဆေးသည်။ လူနာတွင် မှတ်ဉာဏ် အားနည်းချို့ယွင်းမှု ရှိမရှိသိလိုသည်။ အထူးသဖြင့် မကြာမီမိနစ်ပိုင်း ရက်ပိုင်းအတွင်း၌ ဖြစ်ပွားခဲ့သည့် ကိုယ်တွေ့ အဖြစ်အပျက်များကို အလွယ်တကူမေ့တတ်ခြင်းရှိမရှိ စစ်ဆေးသည်။ လူနာ ပတ်ဝန်းကျင် ကို အာရုံစိုက်နိုင်မှုရှိမရှိနှင့် နေ့ရက်အချိန်ကာလနှင့် နေရာဒေသ လူပုဂ္ဂိုလ်တို့ကို အမှန်အတိုင်းသိရှိခြင်းရှိမရှိကိုလည်း ဒေါက်တာ ဂျွန်စစ်ဆေးသည်။ အထက်ဖော်ပြပါ စိတ်သတ္တိများ စိတ်ဓာတ်ဖြစ် စဉ်များ ချို့ယွင်းနေလျှင် ဦးနှောက်အတွင်း၌ အရေးကြီးသည့် ရောဂါတစ်ခုခုဖြစ်ပေါ်နေကြောင်း ခန့်မှန်းနိုင်သည်။

ထို့နောက် ဒေါက်တာဂျွန်သည် လူနာ၏ အတွေးပိုင်းကို စစ်ဆေးသည်။ စကားပြောပုံပြောနည်းမှန်မမှန်။ လူနာသုံးသည့် စကားလုံး ဝေါဟာရကို နားလည်နိုင်ခြင်းရှိမရှိ။ ဟိုမရောက်ဒီမရောက် ကပေါက်တိကပေါက်ချာ ပြောဆိုနေခြင်းတို့ကို အကဲဖြတ်သည်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

လူနာ၏စိတ်ထဲတွင် စွဲမြဲယုံကြည်နေသည့် ထူးဆန်းသည့် ယုံကြည်ချက်များ ရှိ မရှိ၊ မည်သည့်ဘက်မှကြည့်ကြည့် ထိုအကြောင်း ဆီလျော်မှုမရှိဘဲ လုံးဝမမှန်ကန်နိုင်သည့် အယူအဆများ၊ အယူသည်းမှုများ ရှိ၊ မရှိ တို့ကိုစစ်ဆေးရ၏။

ဒေါက်တာဂျွန်သည် အစပိုင်းက ဆွေးနွေးခဲ့ပြီးဖြစ်သော်လည်း ပိုမိုသေချာစေရန်အတွက် ဒေစီ့နားတွင်း၌ စကားပြောသံ၊ ဖုံတီးသံ၊ သီချင်းဆိုသံ မကောင်းဆိုးဝါးတွေပြောသံစသည်တို့ကို ကြားနေရခြင်းရှိမရှိ စစ်ဆေး၏။ ဒေစီက လောလောလတ်လတ် နားထဲမှ အသံတွေမကြားတော့ကြောင်း၊ ပထွေးပြောသံများကိုပင် မကြားတော့ကြောင်း ဖြေဆိုသည်။

ထို့နောက် ဂျွန်သည် စိတ်လှုပ်ရှားခံစားမှုပိုင်းနှင့်ဆိုင်သော မေးခွန်းများကို မေးသည်။ ဒေစီ့တွင် လတ်တလော စိတ်ကျရောဂါ လက္ခဏာများရှိမရှိ စစ်ဆေးသည်။ အခြားစိတ်ခံစားမှုချို့ယွင်းသည့် လက္ခဏာများဖြစ်သည့် အလွန်အမင်း ပျော်ရွှင်မြူးတူးစိတ်ဖြစ်ပေါ်နေခြင်း၊ အလွန်အမင်း အကြောင်း မဲ့စိတ်တိုနေခြင်း၊ သူတစ်ပါးကို ရိုက်နှက်လိုစိတ် စသည်တို့ရှိမရှိမေးမြန်းသည်။

အရေးကြီးသည့် မေးခွန်းဖြစ်သည့် မိမိကိုယ်ကို သတ်သေလိုစိတ်၊ သူတစ်ပါးကို သတ်ဖြတ်လိုစိတ်များကို တွေးတောနေခြင်း ရှိ၊ မရှိ စစ်ဆေးပါသည်။

အထက်ပါအတိုင်း စစ်ဆေးပြီးနောက် သူ၏ထင်မြင်ချက်ကို ဒေါက်တာဂျွန်က ဆွေးနွေးပါသည်။

"ကျွန်တော်တွေ့ရှိတာတွေကို ပြန်လည်သုံးသပ်ပြီး မှတ်ချက်ချရရင်တော့ဒီလိုပါ။

"အခုအချိန်မှာ ဦးနှောက်ရောင်၊ ဦးနှောက်ပြည်တည်နာလက္ခဏာတွေ့မတွေ့ရပါဘူး"

"နောက်ပြီး စကီဇိုဖရီးနီးယားစိတ္တဇရောဂါမျိုးကိုလည်း မတွေ့ရဘူး။ စိတ်ကြွဝေဒနာလက္ခဏာတွေကိုလည်း မတွေ့ရဘူး။ အကြီးစားစိတ်ကျရောဂါကိုလည်း အခုအချိန်မှာ ဒေစီမခံစားရပါ

ဘူး။ အမြဲစိတ်ညစ်နေတာမရှိဘူး။ ဒါပေမယ့် စိတ်ထဲမှာမျော့သလို၊ ငြီးငွေ့နေသလို ဖြစ်တာတွေတော့ရှိတယ်။ ငိုးရိုမ်သောအာအသင့်အတင့်ရှိတယ်။ စိတ်တိုတာ စိတ်ဆတ်တာတွေရှိတယ်။ မဆုံသက်ာစိတ်လွန်ကဲတယ်။ ဒီတော့ အခုအချိန်မှာ ရေရှည်ခံစားနေရတဲ့ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းလက္ခဏာတွေရှိတယ်လို့ဆိုနိုင်ပါတယ်” ဒေါက်တာအုန်း ဘယ်လိုသဘောရပါသလဲ”

ဒေါက်တာဂျွန်သည် စာရေးသူ၏ထင်မြင်ချက်ကိုမေးသည်။

“ကျွန်တော်သဘောတူပါတယ်။ ကိတ်ကတော့ ဘာများထပ်ဖြည့်ချင်သေးလဲ”

“ကျွန်မမေးချင်တာရှိပါတယ်။ ဒေစီဆေးရုံတက်ရတဲ့ရောဂါကို ဘယ်လိုသတ်မှတ်မလဲ”

“ကျွန်တော်ကတော့ မူးယစ်ဆေးကြောင့်ဖြစ်ပွားတဲ့ စိတ္တဇရောဂါလို့ဆိုချင်ပါတယ်။ အဲဒီရောဂါဟာ ဒီနေ့ဒီအချိန်မှာ ပျောက်ကင်းနေပါပြီ”

ဒေစီအပါအဝင် စာရေးသူတို့အားလုံးကလက်ခံကြသည်။ ကိတ်က နောက်ထပ်မေးခွန်းတစ်ခုကို မေးသည်။

“ကိုယ့်ကိုယ်ကို သေကြောင်းကြံတာနဲ့ပတ်သက်ပြီး အနာဂါတ်မှာ ဘယ်လိုအလားအလာရှိပါသလဲ”

ကိတ်မေးခွန်းဆုံးသည်နှင့် ဒေစီက အလျင်အမြန်ပျာပျာသလဲ အဖြေပေးသည်။

“ကျွန်မ အခုဒီလိုစိတ်မျိုးမရှိပါဘူး”

သည်တော့ ဒေါက်တာဗွန်သည် သူ၏ထင်မြင်ချက်ကို ရှင်းပြသည်။

"ဟုတ်ပါတယ်။ ကျွန်တော်တို့ ဒေစီပြောတာကို ယုံကြည်ပါတယ်။ အခုအချိန်မှာ မိမိကိုယ်ကို အန္တရာယ်ပြုလိုစိတ်တွေ မရှိဘူးဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် ရှေ့လာမယ့်အနာဂတ်မှာ ကိုယ်ရေးကိုယ်တာပြဿနာတွေနဲ့ ကြုံလာရင် ဒီလိုစိတ်တွေ ပြင်းထန်လာနိုင်တာကိုတော့ သတိပေးပါရစေ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

တစ်ချိန်တည်းမှာပင် စားပွဲပေါ်မှ တယ်လီဖုန်းမြည်သံကြောင့် အားလုံးကိုခွင့်လွှတ်ရန် အရိပ်အယောင်ပြပြီး စာရေးသူသည် တယ်လီဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဒေါက်တာအုန်းပါ။ ပြောပါ"

"ကျွန်မ လူနာဆောင်ရုံးက ညှော်စာရေးပါ။ ဒေါက်တာတို့နဲ့ တွေ့ဖို့ ရက်ချိန်းပေးထားတဲ့ ဒေစီ့ရဲ့အမျိုးသား တွမ်ရောက်နေပါတယ်။ ဘာပြောထားရမလဲ"

စာရေးသူက ညှော်ခံစာရေးကို ခေတ္တဖုန်းကိုင်ထားရန်ပြောပြီး ဒေစီ့ကိုမေးသည်။

"တွမ်ရောက်နေပြီ။ တွမ်နဲ့ကျွန်တော်တို့ကို ဒေစီမပါဘဲ တွေ့ဆုံခွင့်ပေးမလား။ ဒါမှမဟုတ် ဒေစီကိုယ်တိုင် အတူဆွေးနွေးချင်သလား"

"ဒေါက်တာတို့သဘောပါ"

"ကျွန်တော့်ဆန္ဒကတော့ ဒေစီခွင့်ပြုမယ်ဆိုရင် တွမ်နဲ့ သီးခြားစကားပြောချင်တယ်။ နောက်ပြီးမှ ထပ်ဆင့်ဆွေးနွေးစရာ တွေရှိသေးရင် အားလုံးအတူပြောဆိုကြတာပေါ့။ ဒေစီက လူနာ ရှင်ပါ။ ဒေစီ့ဆန္ဒက အဓိကပဲ"

"သဘောတူပါတယ်။ ကျွန်မ ဆေးလိပ်သောက်ချင်တယ်။ ပန်းခြံထဲသွားပြီး အနားယူတော့မယ်"

ဒေစီ၏ ခွင့်ပြုချက်ရသဖြင့် စာရေးသူ၏ရုံးသို့ တွမ့်ကို ပို့ပေးရန် ညှိခံစာရေးကို စကားပြန်လိုက်သည်။

## "မျှော်လင့်ထားသော်လည်း မကြားလို"

တွမ်သည် အသက်(၂၆)နှစ်အရွယ်ရှိပြီး ဥရောပတိုက်သား မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ကြောင်းသိရသည်။ ဒုတိယကမ္ဘာစစ် အပြီးတွင် အရှေ့ဥရောပတိုက်ရှိ ကွန်မြူနစ်စနစ် ကျင့်သုံးလာသည့် နိုင်ငံများမှ နိုင်ငံသားတော်တော်များများ ဩစတေးလျနိုင်ငံသို့ လာရောက်ခိုလှုံကြသည်။ ထိုအချိန်က ဩစတြေးလျနိုင်ငံတွင် လူဖြူများကိုသာ လာရောက်နေထိုင်ခွင့်ပြုသည့် လူဝင်မှုကြီးကြပ် ရေးစနစ်ကိုကျင့်သုံး၏။ ယင်းစနစ်ကို ၁၉၇၄ခုနှစ်တွင် ဖျက်သိမ်း လိုက်ပြီး အာရှ၊ အာဖရိကနှင့်အာရပ်နိုင်ငံများမှ အခြေချနေထိုင်ရန်

ရောက်ရှိလာသူများကို လက်ခံလာကြသည်။ ယခုအခါ ဤနိုင်ငံတွင် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးမှ လာရောက်နေထိုင်သည့်လူမျိုးပေါင်း အမျိုး ၁၃၀ကျော်ရှိသည်ဟုဆို၏။ တွမ်၏ဘိုးဘွားများမှာ အရှေ့ဂျာမနီမှရောက်ရှိလာသည်ဟုဆိုသည်။ တွမ်မှာ အရပ်အမောင်း ထွားကျိုင်းပြီး ကျစ်ကျစ်ရစ်ရစ်ကိုယ်လုံးကိုယ်ထည်ရှိသည်။ ဆံပင်အရောင်မှာ ရွှေရောင်ရင့်ရင့်ဖြစ်၏။ မျက်လုံးများက အပြာရောင် အနည်းငယ်သန်းနေသည်။ ပြုံးကနဲကြည့်လိုက်လျှင် တင်းနစ်ချန်ပီယံဟောင်း ဂျာမန်လူမျိုး ဘောရစ်ဘေကာနှင့် ဆင်တူသည်။ လူချောမဟုတ်သော်လည်း ရွက်ကြမ်းရေကျို ရုပ်မျိုးရှိသည်။ ယောကျ်ားပီသသည် ဟုဆိုရမည်။

ဒေစီ တွမ့်ကို တခြားမိန်းမတွေနှင့် စွပ်စွဲရသည့်အကြောင်း အရင်းမှာ တွမ်၏ရုပ်ရည်ကြောင့်များလားဟု ထင်ဖွယ်ရာရှိ၏။ တွမ်နှင့်စကားပြော ကြည့်မှသိရပေလိမ့်မည်။

"လာပါတွမ်၊ ကျွန်တော် ဒေါက်တာအုန်းကျော်ပါ။ ဒေစီ့ကို တာဝန်ယူကုသမယ့် အထူးကုဆရာဝန်ပါ။ သူတို့ကတော့ ဒေါက်တာ ဝွန်နဲ့ကိတ်ပါ။"

"ဒေစီက ကျွန်တော်တို့ကို တွမ်နဲ့ သီးခြားတွေ့ခွင့်ပြုထား ပါတယ်။ တွမ့်အနေနဲ့က ဘယ်လိုသဘောရလဲ။ ဒီလိုသီးခြားတွေ့ ရတာလက်ခံနိုင်သလား။ ဒါမှမဟုတ် ဒေစီအနားမှာ ရှိနေချင်သလား"

ယခုလို တွမ့်ကိုမေးမြန်းရခြင်းမှာ အကြောင်းရှိသည်။

စာရေးသူသည် မိမိလူနာဒေစီခွင့်မပြုပဲ မည်သူတစ်ဦးတစ်ယောက်ကိုမှ လူနာနှင့်ပတ်သက်သည့် ကိစ္စများကို ဆွေးနွေးခွင့်မရှိပါ။ ထို့အပြင် ဆွေမျိုးမိတ်ဆွေများ အထူးသဖြင့် တွမ့်လိုဒီဖက်တိုအိမ်ထောင်ဘက်များကလည်း လူနာအနားတွင်မရှိလျှင် လူနာအကြောင်း မပြောလိုသည့်အခါရှိသည်။ "ငါ့အကြောင်းကို ဆရာဝန်ရှေ့မှာ ဘာတွေပြောလိုက်သလဲ" ဟု အပြစ်တင်မည်ကို စိုးရိမ်သည်။ တွမ်ကတော့ တစ်ယောက်တည်းတွေ့ဆုံရန် အလွယ်တကူ သဘောတူသည်။

အားလုံးနေသားတကျ ဖြစ်သည့်အခါ ဒေစီယခုတစ်ကြိမ်ဆေးရုံတက်ရပုံကစပြီး တွမ့်ကိုမေးမြန်းပါသည်။ တွမ်ပြောသည်များမှာ စာရေးသူတို့ ဒေစီ့ထံမှသိထားသည့် အချက်အလက်များနှင့် အတူတူလိုဖြစ်သဖြင့် ဒေစီယခု အကြိမ်ဆေးရုံတက်ရခြင်း၏ အဓိကတရားခံမှာ မူးယစ်ဆေးမျိုးစုံ အသောက်လွန်၍ စိတ်ဖောက်ခြင်းပင်ဖြစ်ကြောင်း ပိုမိုထင်ရှားလာသည်။

ကိတ်က ဒေစီဆေးရုံတက်နေစဉ် ၉လသားကလေးကို အိမ်တွင် မည်သူကြည့်ရှုနေကြောင်း သိလိုသဖြင့်မေး၏။

"သားကလေးကို ဘယ်သူထိန်းနေသလဲ၊ တွမ်အလုပ်က ခွင့်ယူထားရသလား"

"ဒေစီဆေးရုံတက်ကတည်းက ကျွန်တော်ခွင့်ယူထားပါတယ်။ ဒေစီဆေးရုံမှာ ကြာကြာနေရမယ်ဆိုရင်တော့ ကျွန်တော့်အမေကို အကူအညီတောင်းရမှာပဲ။ ဒေစီဘယ်တော့လောက် ဆေးရုံက ဆင်းနိုင်မယ်ထင်ပါသလဲ။"

တွမ်က အလုပ်နှင့်ပတ်သက်၍ အစီအစဉ်လုပ်ဖွယ်ရာရှိသည့် အတွက်မေးခြင်းဖြစ်သည်ဟု အကြောင်းပြသည်။

"ဒီနေ့ ဒေစီရဲ့ အခြေအနေတိုင်းဆိုရင် ဆေးရုံမှာ မကြာပါဘူး။ ဆေးရုံကပြန်သွားပြီး အိမ်မှာကလေးနဲ့ စိတ်ချရအောင် စီစဉ်ဖို့ တော့ တွမ်နဲ့ဆွေးနွေးချင်တယ်"

စာရေးသူက အရေးကြီးသည့် လိုအပ်ချက်တစ်ခုကို ထောက်ပြရ၏။

"ဟုတ်ကဲ့၊ ဆွေးနွေးနိုင်ပါတယ်"

ကိတ်က ဒေစီနှင့်တွမ်တို့၏ အိမ်ထောင်အတွင်း ဆက်ဆံရေးနှင့် ပတ်သက်ပြီးသိလို၍ . . . .

"တွမ်နဲ့ဒေစီတို့ရဲ့ အိမ်ထောင်ရေးက ဘယ်လိုအခြေအနေ ရှိသလဲ" ဟု တီးခေါက်ကြည့်သည်။

တွမ်က သက်ပြင်းတစ်ချက်ချလိုက်ပြီး ခပ်လေးလေးအဖြေ ပေးသည်မှာ အားရဖွယ်မရှိပါ။

"အမှန်ပြောရင်တော့ ကျွန်တော်တို့အိမ်ထောင်ရေးဟာ မသာယာပါဘူး။ စီးပွားရေးနဲ့ပတ်သက်ရင် ဘာမှပူပင်စရာမရှိပါ ဘူး။ ကျွန်တော့်ဝင်ငွေက လိုသည်ထက်ပိုပါတယ်"

"ဒါပေမယ့်အိမ်မှာက တစ်ခုမဟုတ်တစ်ခု ပြဿနာလေး တွေတက်နေတယ်။ ကတောက်ကဆ ဖြစ်နေတာကတော့ နေ့စဉ်နေ့ တိုင်းလိုပါပဲ။"

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ကိုတ်က သိချင်ဇောဖြင့်မေးသည်။

"ဘယ်လိုပြဿနာတွေလဲ။ ဘယ်သူကစလို့ဖြစ်တာလဲ"

"အဲဒါကျွန်တော်လည်းမသိဘူး။ ဒါကြောင့် ပိုပြီးစိတ်ညစ်စရာဖြစ်လာတာပေါ့။ ကျွန်တော်က စတာတော့မဟုတ်ပါဘူး။ ဒါတော့ ပြောရဲတယ်။ တစ်ကိုယ်ကောင်းဆန်ပြီးပြောတာ မဟုတ်ပါဘူး။ အိမ်မှာ မျက်နှာချင်းဆိုင်လိုက်တာနဲ့ ကျွန်တော့်ကို အကြောင်းတစ်ခုခုနဲ့ ဒေစီအပြစ်တင်တော့တာပဲ။ စကားအများမခံဘူး။ သူ့အလိုမလိုက်ရင် သူ့သဘောကျမဖြစ်ရင် ရှေးဟောင်းနှောင်းဖြစ်တွေကစပြီး အပြစ်ပြောတော့တာပဲ။

လတ်တလောကိစ္စကို ဖြေရှင်းလို့မရတော့ဘူး။ ဒီတော့ တစ်ယောက်နဲ့တစ်ယောက် သူ့ဘစ်ခွန်း ကိုယ်တစ်ခွန်း စကားများရတော့တာပါပဲ။ စကားမများချင်ရင် ကျွန်တော်တစ်နေရာမှာသွားထိုင်နေရတယ်။ တစ်ခါတစ်ရံ အပြောသာမကပဲ လက်ပါပါလာတတ်တယ်။ ပစ္စည်းတွေထုရိုက်မယ်။ ပစ္စည်းနဲ့ ပစ်ပေါက်မယ်။ ပါးစပ်ကလည်း ဓားကြိမ်းကြိမ်းမယ်။ "

"ကလေးမွေးပြီးစမိန်းမတွေ ဒီလိုပဲ စိတ်အပြောင်းအလဲဖြစ်တတ်ပါတယ်။"

ကိုတ်က ဖေးဖေးမမ နားချသည်။

"မဟုတ်ဘူးဆရာမ၊ ဒီအကျင့်တွေကို ကျွန်တော်နဲ့ လာနေပြီး ရက်ပိုင်းအတွင်း ဒေစီပြနေပြီ။ ဒါကြောင့်လည်း ကျွန်တော့်အဖော

အကြိမ်ကြိမ် သတိပေးတယ်။ ရှေ့မတိုးဖို့ ဖျက်ခဲ့တယ်။"

နောက်ကြောင်းတွေကို၊ ပြန်လည်စဉ်းစားမိသလို တွမ် စကားပြောရပ်သွားသည်။ တစ်နေရာကို တွေပြီးစိုက်ကြည့်နေသည်။ ထို့နောက် စကားဆက်သည်။

"ကျွန်တော်နဲ့ ဒေစီအတူနေခဲ့တာ တစ်နှစ်ခွဲနှစ်နှစ် လောက်ရှိပါပြီ။ ဒေစီ့ကို တက္ကစီကားပေါ်မှာ ပထမအကြိမ်တွေ့က တည်းက သူ့ကို သံယောဇဉ်ဖြစ်မိတယ်။ ကျွန်တော်ဟာ တစ်ယောက် တည်းနေပေမယ့် ရည်းစားတွေမထားတတ်ဘူး၊ "တွမ်၊ နင်က မိန်းကလေးတွေနဲ့ပတ်သက်ရင် ရှက်တတ်ကြောက်တတ်လွန်းတယ်" လို့ အမေကပြောပါတယ်။ လျှာမသွက်ဘူး။ နှုတ်မရဲဘူး။ ဒေစီ့ကို တွေ့တော့ သူကလည်း သူ့အခက်အခဲနဲ့သူဆိုတော့ ကျွန်တော့် ဆန္ဒကို အလွယ်တကူလက်ခံတယ်ဆိုပါတော့။

"ကျွန်တော့်မိတ်ဆွေ တက္ကစီမောင်းသမားတစ်ယောက်က အာရှတိုက်သား။ သူကပြောတယ်။ "တွမ် မင်းတို့နှစ်ယောက် ဒီဖက် တိုဘဝရောက် သွားတာကမြန်လိုက်တာ။ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးလို ဖြစ်သွားတယ်ထင်တယ်" လို့ပြောတယ်"

စာရေးသူက မသိမသာပြုံးလိုက်သည်။ သို့သော် ဘာမှဝင် မပြောပါ။တွမ်စကားမပြတ်စေချင်။

"ဒေစီနဲ့ သုံးလေးလလောက်နေမိတော့ ကျွန်တော်ဒေစီ့ကို ကြောက်လာတယ်။ အလုပ်ပြီးရင် အိမ်မပြန်ချင်တော့ဘူး။ တံခါး

ပေါက်ခြေချမိတာနဲ့ ဒေစီ့ရဲ့ ပါးစပ်စက်သေနတ်စာမိမယ်ဆိုတာ သိပြီးသား။ အဲကျွန်တော့်ဘက်က ဘယ်လိုခံတပ်နဲ့မှ ကာကွယ်လို့ မရဘူး။ အမှန်ကိုရှင်းပြရင်သူမယုံဘူး။ စိတ်ပြေ လက်ပျောက်ဖြစ် အောင် နောက်ပြောင်ပြောရင် သူ့ကိုမထိလေးစားလုပ်တယ်လို့ စွပ်စွဲမယ်။ ကျွန်တော်ထင်တာပြောရရင် ဒေစီ့မှာဟာသမရှိဘူး။ ပြက်လုံးကို ဟာသမျက်စိနဲ့ မကြည့်တတ်ဘူး။ ပြက်လုံးကို တိုက်ရိုက် အဓိပ္ပါယ်ကောက်ပြီး သူ့ကိုမထီလေးစား ပြက်ရယ်ပြုတယ်လို့မြင် တတ်တယ်။”

တွမ်က ခေတ္တရပ်နားလိုက်သည်။ တွမ်က သူ့အတွေ့အကြုံ ပေါ် မူတည်ပြီး ဒေစီ့အပေါ် အပြစ်တွေဖို့နေတော့ စာရေးသူ၏ စိတ်ထဲတွင်နေရ ထိုင်ရကြပ်သလိုခံစားလာရသည်။ တွမ်ပြောတာ တွေ မှန်ဖို့များပါသည်။ ဒေစီ၏ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းချက် တွေကို သူ့အမြင်နှင့်ပြောပြနေခြင်းဖြစ်ပေမည်။ သို့သော် စာရေးသူ သည် တွမ်နှင့်ပေါင်းပြီး ကိုယ့်လူနာကိုအပြစ် တင်ရှုံ့ချရန်မသင့်ပါ။ အလိုက်သင့်နားထောင်ပြီး ဆေးပညာစိတ်ပညာ ရှုထောင့်အမြင်ကို ရှင်းပြသင့်သည်ဟု ယူဆသည်။ ထို့ကြောင့် စာရေးသူက

“တွမ်က ကိုယ့်ဘက်က ခံစားချက်နဲ့ ကိုယ်ပိုင်အတွေ့အကြုံ တွေအရ ပြောရတာမလွန်ပါဘူး။ ကျွန်တော်တို့က ဒေစီ့ကို တာဝန် ယူကုသရမယ့် ဆရာဝန်ဆရာမတွေဖြစ်နေတယ်။ ဒေစီ့ရဲ့ နောက် ကြောင်းကိုလည်း အတော်အသင့်သိထားပြီးပါပြီ။ ဒါကြောင့်

ဒေစီ့ရဲ့အကျင့်စရိုက်တွေ၊ လူတွေနဲ့ သင့်မြတ် အောင်မနေတတ်တဲ့ ဉာဉ်ဆိုးတွေဟာ သူမခံစားနေရတဲ့ စိတ်ဝေဒနာရဲ့ အရိပ်အငွေ့တွေလို့ဆိုရမယ်။ ဒေစီ ကိုယ်တိုင်မလိုလားပေမယ့် အနောက်က အရိပ်လို အမြဲကပ်ပြီးလိုက်နေတယ်လို့ ဆိုနိုင်ပါတယ်။" ဟု နိုင်သလောက်ရှင်းပြသည်။

တွမ်က မယုံတစ်ဝက်ယုံတစ်ဝက် မျက်နှာအမူအရာကို ဖော်ပြလိုက်ပြီး စာရေးသူရဲ့မျက်နှာကို တစ်ချက်စိုက်ကြည့်လိုက်၏။ ထို့နောက် သူပြောချင်တာကို အားယူပြီးပြောပါသည်။

"ကျွန်တော်နားမလည်နိုင်တာ လက်ခံလို့လည်းမရတာ တစ်ခုရှိသေးတယ်"

"ပြောသာပြောပါ တွမ်"

အားလုံးက တွမ်ပွင့်ပွင့်လင်းလင်း ပြောထွက်စေရန် အားပေးလိုက်ကြသည်။

"ဒေစီ့ရဲ့ ဘဝနောက်ကြောင်းတွေကို ကျွန်တော်တစွန်းတစသိပါတယ်။ သူမကို မေတ္တာစစ်နဲ့ ချစ်နေတော့ သူမရဲ့အတိတ်တွေကို ခွင့်လွှတ်ထားပါတယ်။ မေ့မေ့ပျောက်ပျောက် မသိသလိုနေပါတယ်။ အနာဂတ်မှာဒေစီနဲ့ ပျော်ပျော်ရွှင်ရွှင်နေဖို့သာ အဓိကဆန္ဒရှိတယ်။ မျှော်လင့်ထားတယ်။"

"အဲဒါ မှန်ကန်တဲ့ သဘောထားပါ။ စိတ်ထားပြည့်ဝတယ်လို့ဆိုရမယ်" ဟု ကိတ်ကအားပေးပါသည်။

"ဒါပေမယ့် ဒေစီကျွန်တော့်ကို မချစ်ပါဘူး။ မလေးစားလို့ မဟုတ်ဘူးနော်။ ပွင့်ပွင့်လင်းလင်း ပြောပါရစေ။ ဖိုမအိပ်ရာဝင်တဲ့ ကိစ္စမှာ ဒေစီ့ရဲ့အပြုအမူတွေက သိသာပါတယ်။ ကိစ္စတစ်ခါဖြစ်ဖို့ ပြောရင် အကြောင်းအမျိုးမျိုး ပြပြီးရှောင်တယ်။ တစ်ကိုယ်လုံးတင်းပြီး သစ်တုံးလိုနေလိုက်တဲ့ အခါတွေလည်းရှိတယ်။

ဒီလိုအမူအရာတွေ တုန့်ပြန်မှုတွေကို တွေ့ရပါများတော့ ဒေစီကျွန်တော့်ကို တကယ်မချစ်ဘူးလို့ ယုံကြည်လာတယ်။ ဒေါက်တာ တို့ဘယ်လိုယူဆသလဲ။"

သူ၏အိပ်ခန်းတွင်းမှာဖြစ်သည့် အတွင်းရေးများကို တွမ်က မျက်နှာအောက်ချပြီး ပြောခြင်းဖြစ်သည်။ သူစကားဆုံးသောအခါ စာရေးသူ ဒေါက်တာဂျွန်နှင့်ကိတ်တို့ တစ်ဦးမျက်နှာရိပ်ကို တစ်ဦး အကဲခတ်သလို ကြည့်လိုက်ကြသည်။ စာရေးသူ နားလည်သဘော ပေါက်သလို သူတို့လည်းသဘောပေါက်မည်ဟု ယုံကြည်၏။ သဘော ကသည်လိုဖြစ်၏။ တွမ်ပြောပြသည့် ဒေစီ၏ အိပ်ခန်းအတွင်း အပြုအမူများသည် ပီတီအက်စ်ဒီရောဂါ၏ လက္ခဏာတစ်ခုအဖြစ် ယူဆနိုင်သည်။ ကလေးဘဝက ကျူးလွန်ခံခဲ့ရသည့် အတွေ့အကြုံ များကို ပြန်လည်သတိရသလို တုန့်ပြန်ခြင်းဖြစ်သည်။ သူမ၏ မသိစိတ်တွင် တွမ်နှင့် သူမ၏ပထွေးတိုနီကို မခွဲခြားနိုင်ခြင်းဖြစ်သည်။ တွမ်၏အပြုအမူများက ပထွေး၏အပြုအမူများကို ပြန်လည် ထင်မြင်လာစေသည်။ အတိတ်မှ ဒဏ်ရာဒဏ်ချက်တွေ ရောင်ပြန် ဟပ်ခြင်းဖြစ်သည်။

တွမ်ဖော်ပြသည့် ဒေစီ၏အိပ်ခန်းတွင်းအပြုအမူများမှာ တွမ့်ကိုမချစ်လို့မဟုတ်။ ဒေစီတွမ့်ကို မကြည်ဖြူ၍မဟုတ်။ အတိတ်တဒဏ်ရာတွေ ရောင်ပြန်ဟပ်တာပါဟု တွမ့်ကိုရှင်းပြလိုသည်။

သို့သော် ကျွန်တော်တို့အားလုံး နားလည်မှုဖြင့် နှုတ်ပိတ်နေကြ၏။ ဒေစီ၏ကလေးဘဝက အလှပျက်ခဲ့ရသည့် နာကျည်းဖွယ်ရာဇာတ်လမ်းကို တွမ်သိထားခြင်းရှိမရှိ စာရေးသူတို့မသိ။ ဒေစီကတွမ့်ကိုပြောထားချင်ပြောထားမည်။ဒေစီလျှို့ဝှက်ထားသည့်ကိစ္စလည်းဖြစ်နိုင်သည်။ ထို့ကြောင့် စာရေးသူတို့က ဒေစီခွင့်ခွင့်မပြုဘဲဖေါက်သည်ချရန်မသင့်ပါ။ တွမ့်ကိုရှင်းပြလိုသည့်ဇောဖြင့် လူနာ၏အတွင်းရေးကို ပြောမိရာကျရောက်သွားမည်။

ကိတ်သည် မိန်းကလေးပီပီ အကင်းပါသည်။ စာရေးသူတို့ကိုယ်စားမြွေမသေတုတ်မကျိုးဖြစ်စေသည့် အဖြေကိုပေးသည်။

"တွမ့်ကို ဆစ်ဒနီမြို့ဆေးရုံက ဒေစီရဲ့ရောဂါကိုရှင်းပြမယ်လို့ ကျွန်မယုံကြည်တယ်။ "

"ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းဝေဒနာရှိတယ်လို့ သူတို့က ပြောဖူးသလား။"

"ဟုတ်ကဲ့၊ ပြောဖူးပါတယ်"

"တွမ်ပြောတဲ့ ဒေစီရဲ့ အိပ်ခန်းတွင်းမှာဆက်ဆံတဲ့ အပြုအမူတွေဟာ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းရဲ့ လက္ခဏာတစ်ခုပဲ"

ကိတ်က ပီတီအက်စ်ဒီရောဂါကို ဖျောက်ထားပြီးဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးကို ဦးစားပေးပြီးပြောလိုက်ခြင်းဖြစ်သည်။ တွမ်မည်ရွေ့မည်မျှ နားလည်သဘောပေါက်သွားသည်ကို စာရေးသူတို့မခန့်မှန်းနိုင်ပါ။ တွမ်က သူ့ခံစားမှုနှင့်သူ့အတွေးများကို ဆက်ပြောသည်။

"ကျွန်တော် ဝတ္ထုတို့ မဂ္ဂဇင်းတို့ကို ဖတ်လေ့ရှိပါတယ်။ တက္ကစီကားပေါ်မှာ ခရီးသည်စောင့်နေရရင် စာဖတ်နေတတ်ပါတယ်။ စာရေးဆရာတစ်ဦးရေးတာ ကျွန်တော်မှတ်မိနေတယ်။ သူကအချစ်မှာမျက်စိမရှိဘူး၊ ဒါပေမယ့် မယုံသင်္ကာသဝန်တိုလာရင်တော့ အားလုံးကိုမြင်နေတတ်တယ်လို့ ဆိုပါတယ်"

"တွမ် အဲ့ဒီအဆိုကိုရှင်းပြစမ်းပါ။ ကျွန်တော်စိတ်ဝင်စားတယ်"

ဒေါက်တာဂွန်က လူငယ်ပီပီ အချစ်နှင့်ပတ်သက်သည့် ဆိုရိုးစကားကို နှစ်ခြိုက်သွားခြင်းဖြစ်မည်။

"ကျွန်တော့်ဘဝနဲ့ယှဉ်ပြီး တွေးကြည့်တာပါ။ ကျွန်တော် ဒေစီကို အရူးအမူးမေတ္တာရှိခဲ့စဉ်က မျက်လုံးကန်းနေတဲ့လူလို ဘာကိုမှမမြင်နိုင်ဖြစ်မိတာ အမှန်ပါပဲ။ ကျွန်တော်ကြည်ညိုလေးစားပြီး သိပ်ချစ်တဲ့အမေက ဖျောင်းဖျတာ ရှင်းပြတာတွေကို နားရှုပ်အောင်လုပ်တယ်လို့ ထင်ခဲ့ပါတယ်။"

"အခုတော့ ဘယ်လိုပြောင်းလဲ ခံစားရသလဲ"

"ကျွန်တော်ဒဏ်ခံနေရတာက ဒေစီရဲ့မယုံသင်္ကာစိတ်တွေ၊ သဝန်တိုစိတ်တွေ ဖြစ်ပါတယ်။ ကျွန်တော်ပြောခဲ့တဲ့ ဆိုရိုးအတိုင်း ဖြစ်နေတယ်။ ဒေစီဟာ ကျွန်တော့်အပေါ်မှာ မယုံသင်္ကာဖြစ်စရာ စွပ်စွဲစရာတွေကို ပတ်ဝန်းကျင်မှာအမြဲမြင်နေတယ်။ အရာရာကို မနာလိုဝန်တိုစိတ်မှန်ဘီလူး အစိမ်းရောင်နဲ့ကြည့်နေသလိုပဲ"

"ကျွန်တော်တယ်လီဖုန်းပြောရင် ရည်းစားနဲ့ပြောနေတာလို့ ဒေစီစွပ်စွဲမယ်။ ကွန်ပျူတာမှာထိုင်ပြီး သီချင်တာလေးတွေကိုရှာရင် ဘယ်လိုမိန်းမနဲ့ ဆက်သွယ်ချင်လို့လဲမေးမယ်။ အလုပ်စောစော သွားစရာရှိရင် ဘယ်မှာချိန်းချက်ထားတာရှိလို့ အရေးတကြီးဖြစ်နေ တာလဲလို့ရန်လုပ်မယ်။ ထမင်းစားနည်းရင် ဘယ်လိုမိန်းမအိမ်မှာ စားခဲ့လို့ မစားနိုင်ဖြစ်နေရတာလဲလို့အပြစ်ဆိုမယ်။ မိန်းမတစ်ဦးဦးနဲ့ စကားပြောတာတွေ့လျှင် ချက်ချင်းသမုတ်ပြီး ပေးစားပက်လိုက် တော့တယ်။ အဲဒီတော့ ကျွန်တော့်မှာ နေစရာမရှိတော့ဘူး။ ဘာ လုပ်လုပ်ဘာပြောပြော ဘယ်လိုကိုယ်အမူအရာကိုပဲပြပြ ဒေစီစွပ်စွဲ စရာတွေဖြစ်နေတယ်"

စာရေးသူတို့သုံးယောက်လုံး ဘာပြောရမည်ကိုမသိသလို ငြိမ်သက်နေကြသည်။

"ဒေစီအဲဒီလိုဆက်ဆံတာကို ပထမတော့ ကျွန်တော်ချော့ ပြောပါတယ်။ တတ်နိုင်သမျှရှင်းပြပါတယ်။ အရာမထင် အကြောင်း ထူးတော့ မချော့ချင်တော့ဘူး။ ရှင်းမပြနိုင်တော့ဘူး။"

"ဒီတော့ကျွန်တော် ဘာမှပြန်မဖြေဘဲ လျစ်လျူရှုပြီးနေပြ ပါတယ်။ ပုံမှန်လုပ်နေကျ ပြောနေကျပြောနေကျအတိုင်း နေကြည့် ပါတယ်။ နားပူလွန်းရင် တစ်နေရာရာမှာသွားထိုင်ပြီး အချိန်ဖြုန်း လိုက်ပါတယ်။"

"အဲဒီလို မူပြောင်းလိုက်တော့ တိုးတက်မှုရှိလာသလား"

ကိတ်က ရလာဒ်တစ်ခုကိုမျှော်မှန်းပြီး မေးခွန်းထုတ်ခြင်း ဖြစ်၏။

"မထူးပါဘူးဆရာမ။ ဒေစီအတွက် ပြောစရာအကွက်ပေါ် လာသလိုဖြစ်နေတယ်။ သူ့ကိုမချစ်လို့ မေတ္တာမရှိတော့လို့ စိတ်မဝင် စားတော့လို့ ဒီလိုလုပ်နေတာမဟုတ်လားလို့ အဖြေရခက်အောင် မေးတယ်။ ကျေနပ်တဲ့အဖြေမရရင် နောက်မိန်းမကိုတွေ့နေလို့ ဒီလို ဖြစ်နေတာလို့ တစ်ဆင့်တက်ပြီး သိက္ခာချတယ်။"

"အဲ့ဒါကျွန်တော့်ရဲ့ နောက်ဆုံးခံတပ်ပါပဲ"

တွမ်၏နောက်ဆုံးစကားကြောင့် စာရေးသူတို့အားလုံး စိုးရိမ်သည့် မျက်နှာနှင့် တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြသည်။ ဒေါက်တာဂွန်က သီချင်းဖောဖြင့်မေးသည်။

"တွမ်ပြောတဲ့ နောက်ဆုံးခံတပ်ဆိုတာ ဘာကိုဆိုလိုတာလဲ"

"ကျွန်တော်လက်လျှော့လိုက်ပါပြီ ဒေါက်တာ။ ဒေစီအခု အကြိမ် ဆေးရုံမတက်မီအဖြစ်အပျက်က ကျွန်တော့်ခံတပ်ကို ပြိုလဲ စေပါတယ်။ အနောက်တိုင်းစကားပုံတစ်ခုလိုပါပဲ။ ဒီအဖြစ်အပျက်

တာ သစ်ကုလားအုပ်ရဲ့ကျောကုန်း ကိုကျိုးစေတဲ့ ကောက်ရိုးတစ်မျှင်လို့ဆိုနိုင်ပါတယ်။"

"အဲ့ဒီတော့ တွမ်ရဲ့ဆုံးဖြတ်ချက်က ဘယ်လိုလဲ။ ကျွန်တော်တို့သိခွင့်ရှိလား။"

ဒေါက်တာဂျွန်က အဆိုးဆုံးအဖြေကို မကြားလိုသော်လည်း စာရေးသူတို့အားလုံးစိတ်တွင်း၌ ဒွိဟကင်းသွားစေရန် မေးလိုက်သည်။

"သိရပါတယ်။ ရှင်းရှင်းပြောရရင် ကျွန်တော်ဒေစီကို စွန့်လွှတ်လိုက်ပြီ။ ဒေစီဆေးရုံကဆင်းရင် ကျွန်တော်တို့ကွာရှင်းဖို့ အစီအစဉ်လုပ်မယ်။"

စာရေးသူတို့အားလုံး မျက်နှာညှိုးငယ်သွားပြီး မသိမသာ သက်ပြင်းချလိုက်သည်။

"ကျွန်တော် ဒေစီနဲ့ကွာရှင်းဖို့ အတူနေပြီး ၄-၅လအတွင်း ကတည်းကစဉ်းစားခဲ့ပါတယ်။ ဒါပေမဲ့အခု သားကလေးကိုယ်ဝန်ရလာတော့ ကျွန်တော်ဆက်ပြီး သည်းခံနေခဲ့ပါတယ်။ အလုပ်အကိုင်ပြောင်းပြီး နေရာဒေသတစ်ခုမှာ လူသစ်စိတ်သစ် ဖြစ်မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အယ်လစ်စပရင်းမြို့ကိုပြောင်းခဲ့ပါတယ်။"

"တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ရှိလို့ အတူပေါင်းသင်းနေထိုင်ခဲ့ကြတော့ ခွဲခွာရမှာမလွယ်ပါဘူး။ အလွန်စိတ်ထိခိုက်စရာဖြစ်ပါတယ်။ ဒါပေမဲ့ဒေါက်တာ၊ မခွဲခွာဘဲ ဒီလိုအတိုင်းဆက်ပြီး

နေရမယ့်ဒုက္ခကိုလည်း ကျွန်တော်ရင်မဆိုင်နိုင်တော့ပါဘူး။"

တွမ်၏ဆုံးဖြတ်ချက်ကို စာရေးသူတို့ဝေဖန်ရန်ခက်သည်။ အရွယ်ရောက်ပြီးဖြစ်သည့် လူတစ်ဦးအနေဖြင့် သူ့ဘဝအတွက် သူကောင်းမည်ထင်သလို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ သို့သော် စာရေးသူသည် ဒေစီ၏ကောင်းကျိုးကို အစဉ်ရှေ့ရှုထားရန်လိုသည်။ ဒေစီသည် စာရေးသူ၏လူနာဖြစ်သည် မဟုတ်ပါလား။

စာရေးသူက မျှော်လင့်ချက်ရှိလှမရှိလှသော အကြံတစ်ခုပေးသည်။

"တွမ်နဲ့ဒေစီတို့ရဲ့ အိမ်ထောင်ရေးဟာ တွမ်ပြောပြတော့ အခြေအနေက တော်တော်ယိုယွင်းနေပြီဆိုတာ သိရတယ်။ ဒီတော့ ကျွန်တော် အကြံတစ်ခုပေးချင်တယ်။ တွမ်နဲ့ဒေစီတို့ "စုံတွဲဆက်ဆံမှု ပဋိပက္ခကို ဖြောင်းဖျဖြေရှင်းပေးတဲ့ ပညာရှင်နဲ့တွေ့စေချင်တယ်။ အဲဒါက နှစ်ယောက်တွဲ စိတ်ကုထုံးကုနည်းပါ။ တွမ်ဘယ်လို သဘောရပါသလဲ။"

တွမ့်ကို ကြည့်ရသည်မှာ မအီမသာ ဖြစ်သွားပုံရသည်။ ထို့နောက် ခတ်ပြတ်ပြတ်ပြောပါသည်။

"အဲဒါတွေ မလုပ်ချင်တော့ဘူး။ မရှည်ချင်တော့ဘူး ဒေါက်တာ။ ကျွန်တော်တော့ ရပ်တန်းကရပ်လိုက်ဖို့ ဆုံးဖြတ်ပြီးပြီ။

ကိတ်က တွမ့်ကိုဖြောင်းဖျရန် မလွယ်တော့သည်ကို ရိပ်စားမိသည်။ ဒေ့စီအတွက် စိုးရိမ်သည်။ ဒေစီဘယ်လို တုံ့ပြန်ပြီး ဘာတွေလုပ်မည်ကို ခန့်မှန်းရခက်သည်။ သည်တော့ကိတ်က အရေးကြီးသည့် မေးခွန်းတစ်ခုကိုမေး၏။

"ဒီဆုံးဖြတ်ချက်တွေကို တွမ်ကဒေစီကို ပြောပြီးပြီလား"

"မပြောရသေးဘူး။ ကျွန်တော်ဘယ်တော့ပြောရင်ကောင်းမလဲ။ ဆေးရုံမှာပြောရရင် ကောင်းမလား။ အကြံပေးပါ။"

"အဲ့ဒါက တွမ်ရဲ့သဘောပဲ။ တွမ်ဆုံးဖြတ်ပြီးရင် ဒေစီကို နားဖေါက်မယ့်နေ့ရက်နဲ့နေရာကို ကြိုတင်ပြောပါ။ ကျွန်မတို့ ဒေစီကိုကူညီစောင့်ရှောက်ဖို့ တာဝန်ရှိပါတယ်။ နောက်ပြီးကလေးရဲ့ လုံခြုံရေးကိုလည်း ထည့်တွက်ရမယ်"

"ဟုတ်ကဲ့၊ ကျွန်တော့်အမေကို ဒီညဖုန်းဆက်ပြီး ဆွေးနွေးမယ်။ မနက်ဖြန် ကျွန်တော်အဖြေပေးပါမယ်"

ဤတွင် စာရေးသူတို့ တွမ်နှင့်ဆွေးနွေးရန်အကြောင်း အချက်မရှိဖြစ်သွားသည်။ တွမ်၏အဖြေကိုစောင့်နေစဉ် ဒေစီကို ဆေးရုံတွင်ချော့မော့ထားရန် လိုအပ်လာသည်။ ဆေးရုံဆင်းသည့်အခါ ဒေစီကိုမည်ကဲ့သို့ ကုသပြုစုပျိုးထောင် ပေးနိုင်သည်တို့ကိုလည်း စိတ်ကျန်းမာရေးအသင်းအစည်းအဝေးတွင် ဆွေးနွေးကြရမည်ဖြစ်ပါသည်။

## "အဘက်ဘက်မှ ကျွေးကန်ပေးသလို"

စိတ်ရောဂါ အတွင်းလူနာကုသဆောင်တွင် နံနက် ၉ နာရီ အချိန်၌ နေ့စဉ်စိတ်ကျန်းမာရေးအသင်း အစည်းအဝေးရှိသည်။ စိတ်ကျန်းမာရေးအသင်းကို ပညာရှင်မျိုးစုံပါဝင်သည့် အသင်းဟုလည်းခေါ်သည်။ အတွင်းလူနာဆောင်မှ အထက်တန်းသူနာပြုနှစ်ဦး၊ စိတ်ပညာရှင်တစ်ဦး၊ လူမှုရေး ဝန်ဆောင်အရာရှိတစ်ဦး၊ အသက်မွေးဝမ်းကျောင်း အတတ်သင်အရာရှိ တစ်ဦး၊ စိတ်ရောဂါကု လက်ထောက်ဆရာဝန်နှင့် စိတ်ရောဂါအထူးကုဆရာဝန် သည့်

ပညာရှင်များ တက်ရောက်ရသည်။ ယနေ့အစည်းအဝေးတွင် ဖလင်းဒါး ဆေးကျောင်းမှပို့ထားသော ဆေးကျောင်းသားနှစ်ဦးနှင့် သူနာပြုသင်တန်းသူ တစ်ဦးတက်ရောက်လာသည်။ အစည်းအဝေး ခန်းမပြည့်လုနီးပါးရှိ၏။ ဖလင်းဒါး ဆေးကျောင်းသားများမှာ တောင်ဩစတြေးလျပြည်နယ်၊ အက်ဒလိတ်ဒ်မြို့မှ လာရောက်သူ များဖြစ်သည်။ ကျေးလက်ဒေသဆေးပညာရပ်နှင့် ထိတွေ့မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် အယ်လစ်စပရင်းမြို့သို့ ပို့ထားခြင်းဖြစ်သည်။

ဤနိုင်ငံတွင် လူဦးရေပေါ် မူတည်ပြီး နေရာဒေသ အမျိုး မျိုးခွဲခြားထားသည်။ ပြည်နယ်မြို့တော်ဒေသ၊ လူဦးရေ ၁၀၀,၀၀၀ ကျော်ရှိသောမြို့ကြီးဒေသ၊ လူဦးရေ ၁၀၀,၀၀ မှ ၉၀၀,၀၀ အထိရှိ ကျေးလက်ဒေသ မြို့ငယ်၊ မြို့ကြီးများနှင့်လူဦးရေ ၁၀၀၀၀အောက် ခေါင်သည့်ကျေးလက်ဒေသ ကျေးရွာများဖြစ်သည်။ အယ်လစ်စပရင်း သည် ကျေးလက်ဒေသ အလတ်စားမြို့ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် ပျမ်းမျှခြင်းအားဖြင့် လူဦးရေ ၁၀၀၀ လျှင် ဆရာဝန် ၃ ယောက်ရှိသည်။ သို့သော် အချို့ကျေး လက်ဒေသများတွင် လူဦးရေ ၁၂၀၀၀ တွင် ဆရာဝန်တစ်ယောက် သာရှိ၏။ ထို့ကြောင့် အစိုးရသည် ဆရာဝန်များနယ်ဆင်းပြီး အလုပ် လုပ်ချင်စိတ်ရှိလာစေရန် နည်းအမျိုးမျိုးဖြင့် ဆွဲဆောင်နေသည်။ ဆေးကျောင်းသားများသည် ကျေးလက်ဒေသဆေးရုံများ၌ လေ့လာ သင်ကြားရသည့်အတွေ့အကြုံရရှိလျှင် ဆရာဝန်ဖြစ်လာသောအခါ

ကျေးလက်ဒေသများတွင် လုပ်ကိုင်ရန် စိတ်ဝင်စားလာမည်ဟု မျှော်လင့်ရသည်။ အယ်လစ်စပရင်းမြို့တွင် သုံးလလေ့လာနေသည့် ဆေးကျောင်းသားများမှာ အထက်ပါ အစီအစဉ်အရ ရောက်လာခြင်းဖြစ်၏။ စာရေးသူ၏ စိတ်ရောဂါကုဌာနတွင် နှစ်ပတ်ကြာနေမည်ဖြစ်သည်။

အစည်းအဝေးတက်ရောက်လာသူအားလုံး မိမိတို့ကြိုက်နှစ်သက်ရာ ကုလားထိုင်တွင်ကြုံသလို နေရာယူနိုင်သည်။ ဆရာဝန်ကြီးအတွက် လျာထားသည့် ကုလားထိုင်မရှိ။ လူတိုင်းလူတိုင်းသည် လက်ဖက်ရည်ကော်ဖီခွက် ကိုယ်စီယူလာကြသည်။ အစည်းအဝေးတွင် စကားပြောရင်းကြိုက်သလို လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည်တို့ကို သောက်နိုင်သည်။

စိတ်ကျန်းမာရေးအသင်း အစည်းအဝေး၏ ရည်ရွယ်ချက်မှာ ကုသဆောင်၌ အတွင်းလူနာအဖြစ် ဆေးရုံတက်နေသည့် လူနာတိုင်း၏ အခြေအနေကိုဆွေးနွေးရန်ဖြစ်သည်။

ဒေစီ၏ကိစ္စကို ပထမဦးစွာဆွေးနွေးရန် သဘောတူကြ၏။ ဒေါက်တာဂျွန်က ဒေစီ၏ကိုယ်ရေးရာဇဝင်နှင့် ရောဂါရာဇဝင်ကို တင်ပြသည်။ ဒေစီရရှိခံစားခဲ့ရသည့် ရောဂါအမည်များကို ဆေးရုံဆင်းမှတ်တမ်းများမှ ထုတ်နှုတ်ပြီးပြောပြသည်။

ဆေးကျောင်းသားတစ်ဦးက လက်ထောင်ပြ အခွင့်တောင်းပြီးမေးခွန်းမေးသည်။

"ကျွန်တော်နားမရှင်းတာက ဒေစီရဲ့ရောဂါအမည်ကို ဆေးရုံ ဖ[illegible]မှုကရောဂါတစ်ခု၊ နောက်ဆေးရုံတစ်ခုက ရောဂါတစ်ခု၊ အခု ဆေးရုံတက်ရတဲ့ ရောဂါအမည်က တစ်မျိုးဖြစ်နေပြန်တော့ ဘယ်လိုနားလည်နိုင်ပါသလဲ"

စာရေးသူက ဒေါက်တာဂျွန်သာရှင်းပြပေးပါဟု တာဝန်ပေးသဖြင့် ဒေါက်တာဂျွန်သည် ဆက်ပြီးဖြေကြားသည်။

"ကျွန်တော် ကိုယ်ခန္ဓာရောဂါကို နမူနာပြုပြီး ဖြေပါမယ်။ လူတစ်ယောက်မှာ ပန်းနာရောဂါရှိတယ်ဆိုပါတော့။ ဒီရောဂါက နာတာရှည်ရောဂါပါ။ တရှူးရှူးနဲ့ ရင်ကြပ်ဝေဒနာက ပေါ်လိုက် ပျောက်လိုက်ဆိုပါတော့။ ဒါပေမယ့် ရောဂါအခြေခံကတော့ အမြဲရှိနေတယ်"

"ဒေစီခံစားနေရတဲ့ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းတွေဟာ ပန်းနာရောဂါရှိနေတဲ့ သဘောအတိုင်းပါပဲ။ နာတာရှည် ဖြစ်နေတယ်"

"ဆက်ပြီးရှင်းပါ ဒေါက်တာ။ စိတ်ဝင်စားစရာပါပဲ" ဟု ဆေးကျောင်းသားက ကြားဖြတ်မှတ်ချက်ချသည်။"

"ပန်းနာဟာ အဆုတ်အင်္ဂါမှာ ဖြစ်တဲ့ရောဂါပါ။ အဲဒီပန်းနာရှိတဲ့ လူမှာအဆင်မသင့်လို့ အအေးမိပြီး နှာစေးချောင်းဆိုးဖြစ်နိုင်တယ်။ အခြားသူတစ်ဦးဦးထံမှ ရောဂါကူးလာပြီး အဆုတ်ရောင်ရောဂါဖြစ်နိုင်တယ်။ နောက်တစ်ခါ ကျန်းမာရေးမကောင်းတော့

အဆုတ်ထဲရေဝင်တဲ့ရောဂါဖြစ်မယ်။ အင်္ဂါတစ်ခုမှာ ရောဂါတစ်မျိုးမက အလဲအလှယ်ပြုပြီး ရောဂါမျိုးစုံရနိုင်တယ်လို့ ဆိုလိုတာပါ။ ဒါပေမယ့် ပန်းနာရောဂါကြောင့် အဆုတ်ကအားနည်းနေပါတယ်။ ခုခံနိုင်စွမ်းလျော့ပါးနေပါတယ်။ ဒီတော့ အဆုတ်နဲ့ပတ်သက်တဲ့ရောဂါအမျိုးမျိုးဖြစ်ပွားဖို့ အခွင့်အလမ်းများနေတာပေါ့။"

"ဒေစီ့ရဲ့အဖြစ်ကလည်း ဒီသဘောပါပဲ။ နာတာရှည်ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းချို့ယွင်းချက်တွေကြောင့် ဒေစီ့ရဲ့စိတ်သဏ္ဌာန်ဟာ အားနည်းနေပါတယ်။ ဘဝမှာ အခက်အခဲပြဿနာတွေနဲ့ကြုံလာရင် ဒဏ်ခံနိုင်အားပျော့နေတယ်။ ရည်းစားနဲ့ ကွဲကွာရတဲ့အခါ မရှုနိုင်မကယ်နိုင်ဖြစ်ပြီး လက်ကိုဓားနဲ့လှီးလို့ ဆေးရုံတက်ရတယ်။ ဒီတော့ ဖိစီးမှုဒဏ်ကြောင့် ညှိနှိုင်းမှုချို့ယွင်းခြင်းဝေဒနာဖြစ်ပေါ်လာတယ်။"

"ကလေးမွေးဖွားပြီးစမှာ သွေးသားအပြောင်းအလဲနဲ့ အိမ်တွင်းရေး ပြဿနာတွေနဲ့ကြုံတွေ့ရတဲ့အခါ မီးနေသည်စိတ်ကျရောဂါခံစားရတယ်။ စိတ်ကြွမူးယစ်ဆေးတွေကို အသောက်များတော့ စိတ္တဇနာဆိုက်ကိုးဆစ်ရောဂါ ခံစားရပြန်တယ်။ အချိန်အခါနဲ့ပတ်ဝန်းကျင်အပြောင်းအလဲပေါ်မူတည်ပြီး ရောဂါအမျိုးမျိုးခံစားရတယ်ဆိုပါတော့။"

"နားလည်ပါပြီ ဒေါက်တာ" ဟု ဆေးကျောင်းသားတာ ကျေနပ်စွာပြော၏။

ဒေစီ၏ ကိုယ်ရေးရာဇဝင်နှင့် စိတ်ရောဂါမှတ်တမ်းများ အပေါ်ဆွေးနွေးလိုသည်များရှိမရှိ ဒေါကတာဂျွန်သည် အားလုံးကို မေးသည်။ အစည်းအဝေးတက်သူတိုင်း ငြိမ်သက်နေကြသဖြင့် အားလုံးသဘောတူသည်ဟုယူဆနိုင်သည်။ ထို့ကြောင့် စာရေးသူ သည် အရေးကြီးသည့်ကိစ္စကို ဆွေးနွေးရန်စကားဆက်ပေး၏။

"မနေ့က ဒေစီ့ရဲ့ရောဂါအခြေအနေဟာ ကျေနပ်ဖွယ်ရာ ရှိပါတယ်။ ဆေးရုံကဆင်းခွင့်ပေးနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော် တို့ ဒေစီ့ကို ဆေးရုံမှာဆက်နေဖို့ တောင်းပန်ထားရတယ်။"

"အကြောင်းကတော့ဒီလိုပါ။ မနေက ဒေစီ့ရဲ့ဒီဖက်တို တွမ်နဲ့ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးပါတယ်။ လိုရင်းကိုပြောရရင် တွမ်က ဒေစီနဲ့ ပြတ်စဲဖို့ ဆုံးဖြတ်ပြီးနေပြီ။ ဆေးရုံပေါ်မှာ ဒေစီ့ကို ဒီအကြောင်းတွေ ဖွင့်ပြောမယ်လို့သိရတယ်။"

စာရေးသူပြောလိုက်သည့် နောက်ဆုံးသတင်းကို ကြားရ သောအခါ အစည်းအဝေးတက်နေသူများသည် အံ့ဩသည့်အမူအရာ ဖြင့် စိတ်ဝင်စားလာကြ၏ ကော်ဖီကိုတစ်ကျိုက်ချင်း သောက်နေသူ များသည် ကော်ဖီခွက်ကို စားပွဲပေါ်ချလိုက်သည်ကိုတွေ့ရ၏။ မှတ်စုရေးနေသည့် ဆေးကျောင်းသားများသည် ဘောလ်ပင်၊ ဖောင်တိန်ကို စာရွက်ပေါ်သို့လှမ့်ချလိုက်ကြသည်။ နောက်ပြီး အားလုံးက တစ်ပြိုင်တည်းလိုလို မေးကြသည်။

"ဒီလိုဆိုရင် ဒေစီဘယ်လိုဖြစ်သွားမယ်ထင်သလဲ"

"အပြောရခက်ပါတယ်။ ဒါကြောင့် တွမ်သူ့အကြံအစည်တွေကို ဖွင့်ပြောပြီးရင် ဒေစီ့ကိုကျွန်တော်တို့ ဂရုစိုက်ပြီးကြည့်ရှုဖို့လိုပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဒေစီ့ကိုအတတ်နိုင်ဆုံး စောင့်ရှောက်ပေးရမယ်။ ကုသပေးရမယ်။ ကူညီရမယ်။ သည်တော့ ဒီကိစ္စကို အခုဆွေးနွေးကြပါ။ အကြံပေးကြပါ။"

"ဒေစီဟာ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းချို့ယွင်းချက်တွေကို တာရှည်ခံစားနေရသူဖြစ်တယ်။ အခုအချိန်မှာ အိမ်ထောင်ပျက်တဲ့ အတွေ့အကြုံ ခံစားရလိမ့်ဦးမယ်။ ဒီတော့ စိတ်ကုထုံးကုနည်းနဲ့ ပါဝင်ကုသဖို့ လိုမယ်ထင်တယ်။ ကျွန်တော်တာဝန်ယူမယ်။"

စိတ်ပညာရှင်အီဒင်ပြောသည်ကို စာရေးသူလက်ခံသည်။ အနည်းဆုံးတစ်ပတ်တစ်ကြိမ် အီဒင်နှင့်တွေ့ဆုံပြီး ကုသမှုခံဖို့ဒေစီ့ကို အကြံပေးရမည်။ အများအားဖြင့် စိတ်ပညာရှင်များသည် ကုသမှုနာရီပေါင်း ၁၂နာရီမှ ၁၆နာရီအထိ လိုအပ်သည်။ တစ်ပတ်တစ်ရက်၊ တစ်ရက်တစ်နာရီဆိုလျှင် ကုသရန်ကာလ ၁၂ပတ်မှ၁၆ပတ်အထိကြာမည်။

လူမှုရေးဝန်ဆောင်အရာရှိကာရိုလင်းက လက်ညှိုးထောင်ပြီး သူမ၏အကြံဉာဏ်ကို တင်ပြ၏။

"ကျွန်မ လူမှုရေးရှုထောင့်ကကြည့်ပြီးပြောရရင် အခုလိုအခြေအနေမှာ ဒေစီဟာ လူမှုပြဿနာမျိုးစုံနဲ့ ရင်ဆိုင်ရတော့မယ်။ သူမတစ်ဦးတည်း သားကလေးကို ကြည့်ရှုထိန်းသိမ်းရမယ်။

နေထိုင်ရေး ပြဿနာရှိလာမယ်။ အခုနေတဲ့အိမ်မှာ သူနေနိုင်မယ် မထင်ဘူး။ နောက်ပြီး တွမ်ကဘယ်လောက်ထောက်ပံ့မယ်ဆိုတာ မသိရသေးဘူး။ တစ်ကိုယ်တည်း တစ်ဦးတည်းနေလည်း မိခင်ဘဝ ရောက်သွားရင် အစိုးရအထောက်အပံ့ရဖို့ ကူညီပေးရလိမ့်မယ်။ သည်တော့ ဒေစီအတွက် လူမှုလုပ်ငန်းတွေ အများကြီးလုပ်ပေးဖို့ လိုလာမယ်။”

အားလုံးက သဘောတူသည်။ ကာရိုလင်းသည် သနားကြင်နာတတ်သူဖြစ်ပြီး၊ လူမှုရေးလုပ်ငန်းများတွင် ကျွမ်းကျင်သူဖြစ်သလို စေတနာကိုရှေ့ထားသူဖြစ်သည်။ အထူးသဖြင့် “မိသားစုဆက်ဆံရေးဌာန”နှင့် ဆက်သွယ်ရန်လိုအပ်လာလျှင် ကာရိုလင်း၏ တာဝန်ဖြစ်သည်။ ဤနိုင်ငံတွင် မိသားစုဆက်ဆံရေးဌာနမှ ရုံးခန်း (၇၀)ခန့် တစ်ပြည်လုံးဖွင့်လှစ်ထားသည်။ ၎င်းဌာနသည် လင်ကွာမယားကွာဖြစ်ပွားသူများကို ကူညီရန်ဖြစ်သည်။ မကွဲကွာမီ ကွဲကွာမည့်အခြေအနေပြလာလျှင် တတ်နိုင်သမျှ စေ့စပ်ဖြေရှင်းပေးသည်။ နောက်မဆုတ်နိုင်ကြသဖြင့် ကွဲကွာမှုဖြစ်သည့်အခါ ဖြစ်ပေါ်လာမည့် လူမှုရေးပြဿနာများကို သက်သာမှုရှိရန်ကူညီသည်။ စိတ်ကျန်းမာရေး ထိခိုက်မှုနည်းပါးရန် အကူအညီပေးသည်။ လင်မယားကွဲကွာသည့်အခါ အဓိကဒဏ်ခံရသူမှာ သားသမီးများဖြစ်သည်။ ဤဌာနသည် သားသမီးများအကျိုးကို ဦးစားပေးပြီးလုပ်ဆောင်သည်။ သားသမီးများ စိတ်ဒဏ်ထိခိုက် မှုနည်းပါးစေရန် အဓိကထားပြီး ကူညီသည်။

ကာရိုလင်းသည် အထက်ပါကိစ္စများနှင့်ပတ်သက်ပြီး ဒေစီတို့မိသာစုကို အကူအညီပေးနိုင်မည်ဖြစ်၏။

ယခုအကြိမ် ဒေစီဆေးရုံတက်ရသည့်အကြောင်းမှာ မူးယစ်ဆေး သုံးစွဲမှုကြောင့်ဖြစ်သည်။ မူးယစ်ဆေးအာနိသင်ကြောင့် စိတ္တဇဝေဒနာ ရရှိလာခြင်းဖြစ်သည်။ ယခုအခါ ဆိုက်ကိုးဆစ်စိတ္တဇ ရောဂါလက္ခဏာများ ပျောက်ကင်းမည်မဟုတ်သေး။ အိမ်ထောင်ရေးအခြေအနေ ပျက်ပြားနေသဖြင့် ဆေးရုံဆင်းလျှင် မူးယစ်ဆေးကိုပြန်လည်သောက်သုံးဖို့ အခွင့်အလမ်းများသည်။ သည်တော့ မူးယစ်ဆေးစွဲခြင်းဝေဒနာကို ကုသရန် စီစဉ်ပေးဖို့လိုသည်။

"မူးယစ်ဆေးစွဲတဲ့ရောဂါကို ဘယ်မှာဘယ်သူကကုသပါသလဲ"-ဟု ဆေးကျောင်းသားကမေးသည်။ မေးသင့်သည့်မေးခွန်းဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် မူးယစ်ဆေးကုသမှုလုပ်ငန်းကို စိတ်ရောဂါကုသဌာနများမှ တဖြည်းဖြည်းဖယ်ထုတ်ထားသည်။ သီးခြားဌာနတစ်ခုအဖြစ် တည်ထောင်ထားသည်။ မူးယစ်ဆေးစွဲသူ၊ အရက်စွဲသူများအတွက်အပြင် လူနာကုဆေးခန်းများရှိသည်။ မူးယစ်ဆေးဖြတ်၊ အရက်ဖြတ်ရန်အတွက်အတွင်း လူနာအဖြစ် ကုသရန်လိုအပ်လာလျှင် စိတ်ရောဂါကုသဆောင်တွင် ဆေးရုံတင်ပြီးကုခွင့်မရှိ။ မူးယစ်ဆေးနှင့်အရက်စွဲသူများ ပြုစုပျိုးထောင်ရေး စခန်းများသို့ပို့ရသည်။ အချို့စခန်းများမှာ အစိုးရမှဖွင့်လှစ်ပေးသည့် စခန်းများဖြစ်ပြီး

အချို့မှာ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ကမကထပြုပြီး ဖွင့်လှစ်ထားခြင်းဖြစ်၏။ ဆေးကျောင်းသား၏အမေးကိုဖြေရလျှင် ဒေစီကို စာရေးသူတို့ဌာနမှ မူးယစ် ဆေးနှင့်အရက်စွဲသူများကို ကုသသည့်ဌာနသို့ လွှဲပြောင်းစာဖြင့် အကြောင်းကြားရမည်။ ထိုဌာနမှ မူးယစ်ဆေးဖြတ်ပညာရှင်ကလာရောက်စစ်ဆေးပြီး ဒေစီကို ဘယ်နေရာမှာ ဘယ်လိုကုသနိုင်မည်ကို ထောက်ခံချက်ပေးမည်။ ဒေစီသဘောတူလျှင် ၎င်းတို့စီစဉ်ပေးသည့်အတိုင်း ဆက်လက်ပြီး ကုသမှုခံနိုင်သည်။ ဒေစီသဘောမတူလျှင် ဒေစီကိုအတင်းအဓမ္မ ကုသပေးခွင့်မရှိပါ။

စိတ်မနှံ့သူ စိတ္တဇဝေဒနာရှိသူသည် အန္တရာယ်တစ်ခုခုပြုလုပ်ရန် အလားအလာရှိလျှင် စိတ်ရောဂါကို ဥပဒေအရ လူနာသဘောမတူသော်လည်း ဆေးရုံတွင်အတွင်းလူနာအဖြစ် ကုသခွင့်ရှိသည်။ ဆေးစွဲသူအရက်စွဲသူကို အတင်းအဓမ္မကုသမှုခံယူစေရန်ပြဋ္ဌာန်းထားသည့်ဥပဒေမရှိပါ။ ဒေစီ သဘောတူလက်ခံလာအောင်ချော့မော့ဖျောင်းဖျရမည်သာ ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် ဒေါက်တာဂျွန်တာဝန်ယူသည်။ သူဒေစီနှင့်ဆွေးနွေးမည်။ နောက်ပြီး မူးယစ်ဆေးစွဲရောဂါကုဌာနသို့ လွှဲစာပေးပို့မည်ဖြစ်၏။

“အခုထိဆွေးနွေးခဲ့တဲ့ အစီအစဉ်တွေကို ကျွန်တော်ကျေနပ်ပါတယ်။ ဆက်လက်အကြံပေးဆွေးနွေးကြပါ” ဟု စာရေးသူကအားပေးစကားဖြင့် ဖိတ်ခေါ်လိုက်သည်။

# ပြိုမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အတွင်းလူနာသူနာပြုဒန်က ဒေစီယခုသောက်နေသည့် ဆေးများနှင့် ပတ်သက်ပြီး ဆွေးနွေးလိုကြောင်းပြောသည်။ ထို့နောက်သူက-

"အခုဒေစီသောက်နေတဲ့ "ဆီရိုကွေး"ဆေးကို ဆေးရုံဆင်းတဲ့အခါ ဆက်တိုက်ဖို့လိုသေးလား။ ကျွန်တော်တို့တွေ့နေရတာက ဒီဆေးသောက်ပြီးရင် ဒေစီအိပ်ငိုက်တာကို သတိထားမိတယ်" ဟု သူနာပြုများ၏ လေ့လာတွေ့ရှိသည်ကို သတင်းပေးပါသည်။

"ဆီရိုကွေးဆေး"မှာ နောက်ဆုံးပေါ် ဆေးတစ်မျိုး၏ အမည်ဖြစ်သည်။ စိတ္တဇဆိုက်ကိုးဆစ် ရောဂါလက္ခဏာများကို သက်သာပျောက်ကင်းစေသည့် ဆေးဖြစ်သည်။ စိတ်ကြွမူးယစ်ဆေး ကြောင့်ဖြစ်ပေါ်လာသော စိတ္တဇလက္ခဏာများကို သက်သာစေသည်။ ၎င်းဆေးကို စိတ်ကျရောဂါများတွင်လည်း သုံးနိုင်သည်ဟု ဆေးထုတ်သည့်ကုမ္ပဏီက ဆိုလာသည်။ ဒေါသစိတ်၊ အကြောက်လွန် စိတ်များကိုလည်း သက်သာစေသည်ဟုဆိုပါသည်။

"ကျေးဇူးတင်ပါတယ် ဒန်။ ကျွန်တော်တို့ဆေးအချိန်အတွယ်ကို လျှော့ပေးလိုက်မယ်။ အဲဒီလိုဆိုရင် အိပ်ငိုက်တာသက်သာသွားမှာပါ။ ဆေးရုံဆင်းတဲ့အခါ ချက်ချင်းတော့ မဖြတ်လိုက်ချင်ဘူး။ အပြင်လူနာအဖြစ် ပြန်လည်စစ်ဆေးပြီး တဖြည်းဖြည်း ဆေးအချိန်အတွယ်ကို လျှော့သွားဖို့ရည်ရွယ်ပါတယ်။"

ဒန်သည် သဘောတူကျေနပ်သည့်အမူအရာပြပြီး ကော်ဖီခွက်ကို ကောက်ကိုင်လိုက်သည်။ အခြားအစည်းအဝေးတက်သူများကလည်း ဆွေးနွေးဖွယ်ရာမရှိသဖြင့် ငြိမ်သက်နေသည်။ သည်တော့စာရေးသူက အဆုံးသတ်စကားပြောသည်။

“ကျွန်တော်တို့ဆွေးနွေးခဲ့တဲ့ အစီအစဉ်တွေကို ဒေစီနဲ့တွေ့ပြီးပြောပေးပါ။ ဒေါက်တာဂျွန်၊ ဒန်နဲ့ ကာရိုလင်းတို့ အတူပေါင်းပြီး ဒေစီနဲ့ဆွေးနွေးနိုင်ရင် ပိုမိုပြီးသင့်လျော်မယ်လို့ထင်တယ်။ နောက်တစ်ချက် ကျွန်တော်မှာချင်တာက တွမ်လာပြီးဒေစီနဲ့တွေ့တဲ့အခါ မနီးမဝေးမြင်သာတဲ့နေရာမှာ သူနာပြုတစ်ယောက် စောင့်ကြည့် နေစေချင်တယ်။ တွမ့်ရဲ့နောက်ဆုံးစကားကို ကြားရရင် ဒေစီဘယ်လိုတုံ့ပြန်မယ်ဆိုတာ မပြောနိုင်ဘူး။ တကယ်လို့ ဒေစီ စိတ်မထိန်းနိုင်ပဲ အန္တရာယ်ဖြစ်စရာလုပ်လာရင် စိတ်ရောဂါဥပဒေကို အသုံးချသင့်ရင်အသုံးချပါ” ဟု စာရေးသူက လိုရမယ်ရအမှာစကားပြောခြင်းဖြစ်၏။

“ဒေါက်တာအုန်း မနက်ဖြန် ဘယ်မှာရှိမလဲ”

ဂျွန်က စာရေးသူကို ဆက်သွယ်လိုလျှင် လွယ်ကူစေရန် မေးမြန်းခြင်းဖြစ်သည်။

“မနက်ဖြန် ကျွန်တော် နယ်ဆင်းရမယ်။”

“အဘိုးရင်းကျိုး” ဌာနေတိုင်းရင်းသားတွေရွာကို ဆေးစစ်သွားရမယ်။ နှစ်ညအိပ်သုံးရက်ကြာမယ်။”

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

"ဆေးကျောင်းသားတွေကို ကျွန်တော်စာသင်ပေးရမလား"

"ကျေးဇူးတင်ပါတယ်ဂျွန်။ ဒါပေမယ့် ဒီတစ်ခေါက် သူတို့ကျွန်တော်နဲ့လိုက်လာကြည့်လိမ့်မယ်။ အတွေ့အကြုံရတာပေါ့။"

စာရေးသူ၏စိတ်ထဲတွင် ဒေစီ့ကိုကူညီရန် အဘက်ဘက်မှ ကျားကန်ပေးထားသည်။ အစီအစဉ်များကိုစဉ်းစားပြီး ပညာရှင်ပေါင်းစုံပါဝင်သော စိတ်ကျန်းမာရေးအသင်း၏တန်ဖိုးကို သတိပြုမိသည်။

## "ပထမ နိုင်ငံသားများ"

ယနေ့နံနက် ပုံမှန်ထက်စောစော အိပ်ရာမှထသည်။ စာရေးသူတို့ လူနာဆေးစစ်ရန် နယ်ဆင်းရမည်ဖြစ်သည်။ နံနက် ၇နာရီထိုးသည့်အခါ ဆမ်နှင့်အဖွဲ့ တိုယိုတာလင်းဒ်ခရူစီယားကားဖြင့်ရောက်လာကြသည်။ ကျန်နှစ်ဦးမှာ ဆေးကျောင်းသားများဖြစ်သည်။

စာရေးသူသည် နှစ်ပတ်တစ်ကြိမ် တစ်ရက်မှသုံးရက်ကြာ ခရီးထွက်ရသည်။ ဩစတြေးလျအလယ်ပိုင်းဒေသရှိ မြို့ငယ်များနှင့် အဘိုးရင်းဂျီးများ နေထိုင်သည့်ကျေးရွာများတွင် စိတ်ရောဂါ

ပညာပေးနှင့် ကုသမှုတာဝန်အရဖြစ်၏။ အဘိုးရင်းကျီးရွာများမှာ အယ်လစ်စပရင်းမှ အရပ်လေးမျက်နှာ ပြန့်ကျဲနေသည်။ အချို့ရွာများမှာ အယ်လစ်စပရင်းနှင့် ကီလိုမီတာ၂၀၀ခန့်ဝေးပြီး အချို့ရွာများမှာ ကီလိုမီတာ ၇၀၀ ကျော်ဝေးသည်။ ရန်ကုန်နှင့် မန္တလေးမြို့အကွာအဝေးထက် ပိုမည်ထင်ပါသည်။

ဆမ်ကကားမောင်းသည်။ စာရေးသူကို နှုတ်ဆက်ပြီး အတူပါလာသည့် ကျောင်းသားများနှင့် မိတ်ဆက်ပေးသည်။ စာရေးသူနှင့် ဆေးကျောင်းသားများမှာ တွေ့ဆုံပြီးဖြစ်သဖြင့် အားလုံးရယ်မောကြသည်။ ဆမ်သည်အပြင် လူနာဌာနသူနာပြုဖြစ်၏။ သူသည် ကျေးလက်ဒေသစိတ်ကျန်းမာရေးအဖွဲ့တွင် တာဝန်ယူသည်။ နယ်ဆင်းတိုင်း စာရေးသူသည် ဆမ်နှင့်ခရီးထွက်ရ၏။

ဆမ်သည် ဩစတြေးလျနိုင်ငံသားမဟုတ်။ အနောက်အင်ဒီးစ်ကျွန်း ဇာတိဖြစ်ပြီး အမေရိကန်ယူအက်စ်အေနိုင်ငံသားဖြစ်သည်။ ဤနိုင်ငံသို့ ရောက်ရှိနေသည်မှာ သုံးနှစ်လောက်ရှိပြီး အမြဲနေထိုင်ခွင့် ရထားသူဖြစ်၏။ သူသည် အသားမဲအာဖရိကမျိုးနွယ်ဝင်ဖြစ်သည်။ ဆံပင်တိုတွေက ကောက်လိမ်နေသည်။ မျက်နှာဝိုင်းသည်။ ကိုယ်လုံးကိုယ်ပေါက်တုတ်သည်။ စကားပြောချိုသာသည်။ စိတ်ရောဂါလူနာများနှင့် စိတ်ရောဂါပညာကို အမှန်တကယ်စိတ်ဝင်စားသူဖြစ်သည်။

ကားစထွက်သောအခါ ရောက်ရာပေါက်ရာစကားတွေ

ပြောကြသည်။ ဆေးကျောင်းသားတစ်ဦးက "ဒီနေ့ကျွန်တော်တို့ ဘယ်နေရာကိုသွားမှာလဲ" ဟု မေးသည်။ ဆမ်က " တင်းနင့်ခရီမြို့ နှင့်အီးလီရော့ရွာကိုသွားကြမည်" ဟု ဖြေသည်။ ဆေးကျောင်းသား များက ဤဒေသများအကြောင်းကို ပိုမိုသိချင်ပုံတွေ့ရသဖြင့် စာရေး သူက ဆမ်၏ကိုယ်စားရှင်းပြပါသည်။

တင်းနင့်ခရီမြို့သည် အယ်လစ်စပရင်းမြို့၏ မြောက်တူရူ တွင်ရှိပြီး ကီလိုမီတာ ၅၀၀ ဝေးကွာသည်။ လူဦးရေ ၃၅၀၀ ခန့်ရှိပြီး ဌာနေတိုင်းရင်းသား အဘိုးရင်းဂျီး ၁၅၀၀ကျော် နေထိုင်၏။ သဲကန္တာရ အပူပိုင်းဇုံများအတွင်းရှိသော်လည်း တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၁၈လက်မရွာသွန်းခြင်းရှိ၏။ ဤမြို့ဖြစ်ပေါ်လာခြင်းမှာ မြို့ပတ်ဝန်း ကျင်တွင် ရွှေတွင်းအများအပြားတူးဖော်ရာမှ စတင်သည်။ ၎င်း အပြင် ဤနယ်မြေဒေသတွင် မြက်ရိုင်းတောများ ပေါ်များသဖြင့် နွားရိုင်းခြံကြီးများရှိသည်။ ဤမြို့တွင် ကုတင် ၂၀ဆံ့ဆေးရုံရှိသည်။ မြို့ခံစိတ်ကျန်းမာရေးသူနာပြုနှစ်ဦးခန့်ထားသည်။ ဆေးရုံအပြင် လူနာဌာနတွင် စာရေးသူတို့ အပြင်လူနာများကြည့်ရှုစစ်ဆေးမည် ဖြစ်ကြောင်းပြောသည်။

"အီးလီရော့ရွာက ဘယ်မှာလဲ" ဟု ဆေးကျောင်းသား တစ်ဦးက ထပ်ဆင့်မေးသည်။

" ဒီလမ်းမကြီးပေါ်မှာပါပဲ။ တင်းနင့်ခရီမြို့ကနေ မြောက် ဘက်ကို နောက်ထပ်ကီလိုမီတာ ၂၀၀ ကျော်လောက်မောင်းရမယ်။

" ရွာက တော်တော်ကြီးသလား"

"လူဦးရေ ၄၀၀ လောက်တော့ရှိမယ်။ အစိုးရဝန်ထမ်းများ မှလွဲပြီး ကျန်ရွာသားတွေကတော့ ဌာနေတိုင်းရင်းသားတွေပါပဲ"

" မိုင် ကီလိုမီတာ ၇၀၀ ကျော်ကိုသွားပြီး လူ ၄၀၀ လောက်ရှိ တဲ့ရွာမှာ ဒေါက်တာတို့ တစ်ခေါက် လူနာဘယ်လောက် ကြည့်ရှုစစ်ဆေးနိုင်ပါသလဲ" ဆေးကျောင်းသားတစ်ဦးက လုပ်ငန်း ပမာဏကို သိလိုဟန်ဖြင့်မေးသည်။

"ငါးယောက်ပတ်ဝန်းကျင်ပါပဲ"

"တော်တော်အားထုတ်ရတယ်နော်။ ကျွန်တော်တို့က အက် ဒလိတ်ဒ် မြို့မှာနေတာဆိုတော့ ဒါတွေမသိပါဘူး။"

လူဦးရေတစ်သန်းကျော်ရှိသော မြို့ကြီးသားက တအံ့တသြ ပြောခြင်း ဖြစ်သည်။ နောက်ပြီးသူက မကြားတကြားမှတ်ချက်ချသည်။

"အစိုးရက အဘိုးရင်းဂျီးတွေအတွက် တော်တော်ဆောင်ရွက် ပေးနေတာပဲ"

ဆေးကျောင်းသားများ ပိုမိုဗဟုသုတတိုးစေရန်ရည်ရွယ်၍ စာရေး သူက အဘိုးရင်းဂျီးလူမျိုးများ၏ အခြေအနေကိုပြောပြသည်။

ဩစတြေးလျဌာနေတိုင်းရင်းသား အဘိုးရင်းဂျီးလူမျိုးများ သည် ဤနိုင်ငံတွင် လွန်ခဲ့သည့်နှစ်ပေါင်း၄၀၀၀၀ကျော်က ရောက်ရှိနေ ထိုင်ခဲ့ကြသည်ဟုဆိုပါသည်။ ထိုခေတ်ကာလ၌ ပင်လယ်ရေပြင် သည် နိမ့်ဆင်းနေသည့် ကာလဖြစ်၍၊ ယနေ့အင်ဒိုနီးရှားနိုင်ငံ

ကျွန်းစုများနှင့် ဩစတြေးလျတိုက်အကြားရှိ ရေပြင်သည် ယခု လောက်မကျယ်၊ နက်လည်းမနက်ဟုဆိုသည်။ ပင်လယ်ဒီရေ ကျသည့်အချိန်တွင် သစ်တုံးသို့မဟုတ်ဝါးဖောင်တို့ကိုအသုံးပြုပြီး တစ်ဘက်မှ အခြားတစ်ဘက်သို့ အလွယ်တကူ ကူးလူးနိုင်မည်ဟု ခန့်မှန်းကြသည်။ အာရှတိုက်ဘက်မှဩစတေးလျတိုက်ဘက်သို့ ရောက်ရှိနေထိုင်သူများသည်၊ ပင်လယ်ရေပြင်မြင့်တက်လာသည့် ကာလရောက်သောအခါ အာရှတိုက်နှင့် အဆက်ပြတ်သွားသည် ဟုဆိုသည်။

"နှစ်ပေါင်း၄၀၀၀၀ကျော်အတွင်းမှာ လူမှုအဆောက် အအုံအ ဆင့်က အခြားတိုက်ကြီးတွေမှာလိုဘာကြောင့်မတိုးတက်တာလဲ။"

"ဥရောပတိုက်သားတွေ ရောက်လာတဲ့အချိန်အထိ အဘိုး ရင်းဂျီးတွေရဲ့ လူမှုအဆောက်အအုံဟာ တောလိုက်ပြီးအစာစု ဆောင်းတဲ့ အဆင့်ပဲရှိသေးတယ်"ဟုဆေးကျောင်းသားတစ်ဦးက လူငယ်ပီပီ စိတ်တွင်း၌ပေါ်လာသည်ကို ပြောချလိုက်သည်။

ထိုအခါ ကားကိုဂရုစိုက်မောင်းပြီး တစ်ချိန်လုံးငြိမ်ပြီးနား ထောင်နေသည့် ဆမ်ကဝင်ပြောသည်။

"လူတွေညံ့တာမဟုတ်ပါဘူး။ ဉာဏ်ရည်အဆင့်နိမ့်လို့ မဟုတ်ဘူး။ သဘာဝပတ်ဝန်းကျင်ရဲ့ ဒဏ်ကိုခံရတာလို့ ကျွန်တော် ထင်တယ်။"

"ဘယ်လိုဒဏ်လဲ"

"ကျွန်တော်ဖတ်ဖူးလို့သိထားတာပြောမယ်။ ဩစတေးလျ နိုင်ငံမှာ သဘာဝအားဖြင့် ရာသီလိုက်စိုက်ပျိုးရတဲ့ သီးနှံမရှိဘူး။ စပါးတို့ဂျုံတို့လို တစ်နှစ်မှာတစ်ကြိမ် စိုက်ပျိုးလို့ရတဲ့ သဘာဝသီးနှံ မရှိဘူး။ ဒီတော့ အဘိုးရင်းကျီးတွေဟာ စိုက်ပျိုးရေး ယဉ်ကျေးမှု လူမှုအဆောက်အအုံကို မစနိုင်ခဲ့ဘူးလို့သိရတယ်။ တောလိုက်၊ သစ်သီး ကောက်၊ မြေတွင်းတူး၊ အစာရှာတဲ့အခြေ အနေမှာပဲရှိခဲ့တယ်။"

"အဲ့ဒီတော့ လူမှုအဆောက်အအုံတိုးတက်မှုကို ဘယ်လို အဟန့်အတားဖြစ်သလဲ"

ဆေးကျောင်းသားက အချီအချမေးသည်။

"တောလိုက် သစ်သီးကောက်ရတော့ အစားအစာရဖို့ရန် အုပ်စုလိုက် တစ်နေရာကတစ်နေရာကို အမြဲမပြတ်ရာသီလိုက်ပြီး ရွှေ့ပြောင်းနေရတယ်။ ဒီတော့မြို့ရွာအခြေတကျ တည်ထောင်ခွင့် မရှိတော့ဘူး။ တစ်နေရာတည်းမှာ အခြေချပြီး မနေနိုင်တော့ လူတွေဟာ စားရေးနေရေးအတွက်ပဲ ကြိုးပမ်းနေရတယ်။ ငြိမ်ငြိမ် ထိုင်ပြီးစဉ်းစားဖို့ အချိန်မရှိဘူး။ လက်မှုပညာတွေကို စမ်းသပ် တီထွင်ဖို့အချိန်မရှိဘူး။ အတွေးအခေါ် အယူအဆသစ်တွေကို မှတ် တမ်းမပြုနိုင်ဘူး။ မိသားစုအုပ်စုလောက်သာ လှည့်လည်သွားလာ နေတော့ မြို့ရွာဒေသအုပ်ချုပ်ရေးစနစ်တွေ မထွန်းကားနိုင်ဘူး။"

ဆေးကျောင်းသားတွေက ငြိမ်ပြီးနားထောင်နေကြ၏။ စာရေးသူက ဆမ်ပြောသည်များကို သဘောတူလက်ခံပြီး ဖြည့်စွက် ဆွေးနွေး၏ ။

"ဆမ်ပြောတဲ့သီအိုရီကို သဘောတူတယ်။ အင်္ဂလန်က ကက်ပ်တိန် "ကွတ်" ရောက်လာပြီး ဗြိတိသျှအင်ပါယာက ဩစတြေးလျကို သိမ်းပိုက်တဲ့အခါမှာ ဒီတိုက်ကြီးမှာ ဌာနေလူမျိုး မရှိဘူးလို့ကြေညာတာ။ အဘိုရင်းဂျီးလူမျိုးတွေဟာ တိုင်းနိုင်ငံတည်ထောင်တဲ့စနစ်နဲ့ နေထိုင်ကြတာမဟုတ်တော့ ဗြိတိသျှအစိုးရကမည်သူနဲ့မှစာချုပ်ချုပ်စရာမလိုတော့ဘူး။ "

"အဲ့ဒီကစပြီးနှစ်ပေါင်း ၂၀၀လောက် အဘိုရင်းဂျီးတွေဟာ နိုင်ငံသားမဟုတ်ဘူး။ သူတို့သမိုင်းမှာ အမျိုးမျိုးညှဉ်းဆဲခံအသတ်ဖြတ်ခံခဲ့ရတယ်။ ၁၉၆၂ခုနှစ်ရောက်မှ အဘိုရင်းဂျီးတွေကိုနိုင်ငံသားလက်မှတ်ထုတ်ပေးတယ်။"

"နောက်ပိုင်းအစိုးရတွေလက်ထက်မှာတော့ အဘိုရင်းဂျီးတွေကောင်းကျိုးအတွက် အမျိုးမျိုးဆောင်ရွက်ပေးနေပါတယ်။ သူတို့အတွက်စိတ်မကောင်းကြဘူး။ ရာဇဝင်ကြွေးဆပ်နေပါတယ်။"

"ဒေါက်တာတို့ ဘယ်လိုမြင်သလဲ။ အောင်မြင်မှုရှိတယ်ထင်သလား။"

"တိုးတက်မှုတွေရှိပါတယ်။ အဘိုရင်းဂျီးလူမျိုးတွေဟာ ဩစတြေးလျတိုက်မှာ ပထမဦးဆုံးနေထိုင်တဲ့ နိုင်ငံသားတွေဖြစ်တယ်။ အခုထိတော့ သူတို့ရဲ့လူမှုရေးစီးပွားရေးနဲ့ ကျန်းမာရေးအဆင့်ဟာ နောက်ဆုံးကလိုက်နေတုန်းပါပဲ။"

နိုင်ငံတော်အစိုးရသည် အဘိုရင်းဂျီးဌာနေတိုင်းရင်း

သားများ၏ ကျန်းမာရေးလုပ်ငန်းအတွက် တစ်နှစ်တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း ၇၈၀ ကျော် သုံးစွဲကြောင်းသိရသည်။ တစ်နိုင်ငံလုံးတွင် အဘိုရင်းဂျီးလူဦးရေ ၆၀၀,၀၀၀ခန့်ရှိသည်။ သို့သော် အဘိုးရင်းဂျီးလူမျိုးများ၏ ကျန်းမာရေးအခြေအနေမှာ ကျေနပ်ဖွယ်ရာမရှိသေးပါ။ ဩစတြေးလျနိုင်ငံသားများထက် ပျမ်းမျှ ခြင်းအားဖြင့် ၁၀နှစ်အသက်တိုမည်။ စိတ်ကျန်းမာရေးနှင့်ပတ်သက်၍ပြောလျှင် အဘိုးရင်းဂျီးလူမျိုးများတွင် ရောဂါဖြစ်နှုန်းများနေသည်။ စိတ်ဝေဒနာကြောင့် ဆေးရုံတက်ရသည့်နှုန်းမှာ ပျှမ်းမျှနှုန်းထက် နှစ်ဆခွဲပိုသည်။ မိမိ ကိုယ်ကိုယ်သတ်သေနှုန်းမှာပျှမ်းမျှနှုန်းထက် နှစ်ဆပိုသည်။ ဤနိုင်ငံ၌အသက် ၁၈နှစ်ရှိသူများတွင် ၆ရာခိုင်နှုန်းမှာ အရက်စွဲရောဂါရှိသည်။ အဘိုးရင်းဂျီး လူမျိုးများအတွင်း၌ ၈ရာခိုင်နှုန်းကျော်ရှိသည်။

စာရေးသူသည် မိမိလေ့လာသိရှိထားသမျှကို ဆေးကျောင်းသားများအား ပြောပြနေခြင်းဖြစ်၏။ ဆေးကျောင်းသားများအား အဘိုးရင်းဂျီးလူနာများနှင့် ထိတွေ့ရသောအခါ အခြေခံအချက်အလက်များကို သိရှိထားနိုင်ရန် အတွက်လည်းဖြစ်သည်။

စာရေးသူနှင့်ဆေးကျောင်းသားတို့ စကားကောင်းနေစဉ် ဆမ်သည် တိုယိုတာကားကို အလျှင်အမြန်အရှိန်လျှော့ပြီးရပ်လိုက်သဖြင့် စာရေးသူတို့ စကားဆက်ပြတ်သွားသည်။ လူတွေကလည်း ရှေ့သို့ယိုင်ထိုးသွားသည်။

"ဘာဖြစ်လို့လဲဆမ်"

"ကံကောင်းတယ်ဒေါက်တာအုန်း၊ သားပိုက်ကောင်မိသားစု လမ်းဖြတ်ပြေးတာ တိုက်မိတော့မလို့ သီသီကလေးလွတ်သွားတယ်။"

သားပိုက်ကောင်များလမ်းဖြတ်ကူးရာတွင် ၎င်းတို့မကြာခဏ ကားတိုက်ခံရပြီးသေဆုံးသည်။ ခရီးဝေးထွက်လျှင် လမ်းပေါ်တွင် သားပိုက်ကောင်အလောင်းများကို လမ်းပေါ်တွင် မကြာခဏ တွေ့ရသည်။

သားပိုက်ကောင်များမှာ ဩစတြေးလျနိုင်ငံ ဌာနေတိရစ္ဆာန်ဖြစ်သည်။ သားပိုက်ကောင်အရွယ်အစားအမျိုးမျိုးရှိပြီး မျိုးရိုးကွဲ၄၀ကျော်ရှိကြောင်းသိရ၏။ သားပိုက်ကောင်သည် ဩစတြေးလျနိုင်ငံ၏ နိုင်ငံတော်တံဆိပ်တွင်ပါရှိသည်။ ဤနိုင်ငံသို့ ခရစ်ယာန်ပုပ်ရဟန်းမင်းကြီး လာရောက်လည်ပတ်စဉ်က ပြက်လုံးတစ်ခုရယ်စရာပြောသည်ဟု ဖတ်လိုက်ရသည်၊ ပုပ်ရဟန်းမင်းကြီးက "ခင်ဗျားတို့နိုင်ငံမှာ သားပိုက်ကောင်က နိုင်ငံတော်အထိမ်းအမှတ်လည်းဖြစ်တယ်။ အသားရောင်းဖို့လည်းအသတ်ခံရတယ်။" ဟုပြောခြင်းဖြစ်၏။

မှန်ပါသည်။ ဤနိုင်ငံတွင် သားပိုက်ကောင်အသားထုတ်လုပ်ပြီး နိုင်ငံခြားသို့ထုတ်လုပ်ရောင်းချသည်။ သားပိုက်ကောင်ကို မွေးစရာမလို။ တောတွင်း၌ ညဘက်တောလိုက်ပြီး စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခြင်းဖြစ်၏။ ဤနိုင်ငံတွင် လူဦးရေ ၂၂သန်းရှိသည်။ သားပိုက်ကောင်ဦးရေက ၂၅သန်းရှိသည်ဟု

ခန့်မှန်းထားသည်။ တောတွင်း၌ သဘာဝအလျောက်ကျက်စားနေ
သည့်နွားကောင်ရေကလည်း ၂၅သန်းခန့်ရှိသည်ဟုပြောကြပါ
သည်။ ရေမရှိသည့် ချောင်းဘေးတစ်ခုအနီးအရိပ်ကောင်းသည့်
ယူကလစ်ပင်အောက်တွင် ဆမ်က ကားကိုထိုးရပ်လိုက်သည်။
အပေါ့အပါးသွားပြီး လက်ဖက်ရည်ကော်ဖီ သောက်ကြရန်ဖြစ်သည်။
ကီလိုမီတာ ၃၀၀ကျော် မောင်းပြီးပြီဖြစ်သည်။ ၃နာရီလောက်
အချိန်ကုန်သည်။ ဆမ်သည် တစ်နာရီလျှင် ပျမ်းမျှ၁၀၀ကီ လိုမီတာ
နှုန်းမောင်းခြင်းဖြစ်၏။

သစ်ပင်ရိပ်ကိုခိုလှုံရင်း တမျဉ်းမျဉ်းတိုက်နေသည့်လေပြေ
လေအေးကို တစ်ဝကြီးရှူရှိုက်ကာ လက်ဖက်ရည်သောက်ရသည်မှာ
အရသာပိုပြီးရှိနေ၏။

အားလုံးစားသောက်ပြီးသောအခါ တိုယိုတာကားဆီသို့
လျှောက်လာကြပြီး စာရေးသူက ကျန်ခရီးကိုကားမောင်းပေးမည်ဟု
ဆန္ဒပြုသည်။ စာရေးသူနှင့်ဆမ်တို့သည် ခရီးဝေးသွားလျှင် အလဲ
အလှယ်မောင်းကြစမြဲဖြစ်၏။

ဆေးကျောင်းသားများက အသက်ကြီးသူလည်းဖြစ်၊ ဆရာ
ဝန်ကြီးလည်းဖြစ်၊ သူတို့ကျောင်းဆရာလည်းဖြစ်နေသည့်အတွက်
စာရေးသူကို အားနာဟန်တူပါသည်။ သူတို့မောင်းပေးမည်ဟုပြောသည်။

စာရေးသူက "ကျေးဇူးတင်ပါတယ်။ မဖြစ်ပါဘူး" ဟုပြော
ရသည်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဤတိုယိုတာကားသည် ကျန်းမာရေးဌာနမှ ကားဖြစ်သည်။ သတ်မှတ်ပေးထားသည့် ဝန်ထမ်းများသာ မောင်းခွင့်ရှိသည်။ ထိုအကြောင်းကို စာရေးသူကရှင်းပြရသည်။

တင်းနင့်ခရိုမြို့သို့ နေ့လည် ၁၂ နာရီထိုးလောက်ရောက်လာကြသည်။ မြို့တွင်းမှစားသောက်ဆိုင်တစ်ခုတွင် နေ့လည်စာစားကြသည်။ ဆေးကျောင်းသားများက သားပိုက်ကောင်သားကို မစားဖူးသဖြင့်အရသာကို မြည်းစမ်းလို၍ မှာစားသည်။ စာရေးသူစားဖူးပါသည်။ အသားက အဆီနည်းသည်။ အမျှင်ကြမ်းသည်။ သိပ်မက်မောဖွယ်ရာမရှိဟုထင်သည်။ ယနေ့လမ်းတွင် သားပိုက်ကောင်အသေကောင်များကို မြင်တွေ့ခဲ့ရသဖြင့် စိတ်ထဲတွင် မသတီဖြစ်နေသည်။ ဤနိုင်ငံတွင် နာမည်ကြီးသည့် ဘာရာမန်ဒီ ရေချိုငါးကင်ကိုမှာစားကြသည်။ ဆမ်က သက်သတ်လွတ်စားသူဖြစ်၏။

နေ့လည်တစ်နာရီမထိုးမီ ဆေးရုံသို့ရောက်လာကြသည်။ မြို့ခံ စိတ်ရောဂါကုသူနာပြုများက ယနေ့ညနေပိုင်းကြည့်ရှုစစ်ဆေးရမည့် လူနာများအကြောင်းကို အကျဉ်းချုပ်တင်ပြဆွေးနွေးသည်။ နေ့လည် ၁၂နာရီ မှစပြီး ညနေ ၅ နာရီအထိ လူနာကြည့်ရန်ဖြစ်ပါသည်။

ဒုတိယမြောက်နေ့တွင် နေ့တစ်ဝက် တင်းနင့်ခရိဆေးရုံ၌ လူနာများကို ဆက်လက်ကြည့်ရှုစစ်ဆေးရသည်။ ဆေးကျောင်းသား တစ်ဦးစီကို စာရေးသူရှေ့တွင် လူနာကိုစစ်ဆေးပြီး လက်တွေ့ သင်ကြားပေးသည်။ ကျေးလက်ဒေသများတွင် နေထိုင်သည့် လူပုဂ္ဂိုလ်များတွေ့ကြုံရတတ်သည့် ပြဿနာများကို သက်ဆိုင်သလို ထောက်ပြပြီး၊ သင်ကြားပေးရ၏။ ကျေးလက်ဒေသတွင် နေထိုင်သည့်အတွက် ရောဂါတစ်ခု ခံစားလာရလျှင် ကြုံတွေ့ရ တတ်သည့် လူနာနှင့်ကုသပေးသည့် ဆရာဝန်၊ ဆရာမများ အပါ အဝင်သက်ဆိုင်သူတိုင်း၏ အခက်အခဲများကို မီးထိုးပြရသည်။ ယနေ့စစ်ဆေးခဲ့သည့် ရောဂါခံစားရသူများကို အက်ဒလိတ်ဒ် မြို့ဆေးရုံကြီးများတွင်လည်း ဆေးကျောင်းသားများတွေ့ဖူးမည် ဖြစ် ပါသည်။ သို့သော် လူဦးရေ ၃၅၀၀ ကျော်သာရှိသော ကျေးလက် ဒေသမြို့ကလေးတစ်ခု ပတ်ဝန်းကျင်တွင် လူနာတွေ လှုပ်ရှား ရှန်းကန်ရသည့် အခြေအနေမှာ မတူကြောင်းသဘောပေါက်စေ

ပါသည်။ ကျေးလက်ဒေသတွင် ဆရာဝန်အဖြစ် အမှုထမ်းရသည့် ဘဝအတွေ့အကြုံကို မြည်းစမ်းကြည့်နိုင်ခွင့်လည်းရရှိပါသည်။

နေ့လည် ၁၂နာရီကျော်ကျော်အချိန်တွင် ချိန်းဆိုထားသော လူနာများအားလုံး ကြည့်ရှုစစ်ဆေးပြီး၏။ နံနက်စာစားပြီး အီးလိရော့ရွာဆီသို့ ထွက်ခွာလာကြသည်။ ဆမ်သည် တင်းနင်ခရိမြို့တွင် လူနာကြည့်ရှုရန်မလိုပါ။ မြို့ခံစိတ်ရောဂါကု သူနာပြုများရှိသည်။ သို့သော် အီးလိရော့ရွာတွင် နေထိုင်သည့် စိတ်ရောဂါရှင်များမှာ ဆမ်၏လူနာများဖြစ်သည်။ သည်ရွာတွင် ရွာခံစိတ်ရောဂါသူနာပြုမရှိပါ။ ဆမ်၏အစီအစဉ်အရ အီးလိရော့ရွာရောက်သည်နှင့်တည်းခိုခန်းသို့မသွားသေးပဲ ဆေးခန်းကို ဦးစွာသွားပါသည်။ ဆေးခန်းမှာ တာဝန်ကျသူသူနာပြုဆရာမက၊ ၎င်းစီစဉ်ထားသည့် လူနာစာရင်းကို တင်ပြ၏။ ယနေ့ညနေပိုင်း ၃ နာရီမှ ၅ နာရီအထိ လူနာ၂ယောက် ကို ကြည့်ရှုရန် ဖြစ်ပြီး၊ မနက်ဖြန်နံနက် ၈နာရီမှ၁၀နာရီအထိ လူနာ၃ယောက်စစ်ဆေးရန် လျာထားပါသည်။

သို့သော် ယနေ့ညနေ စမ်းသပ်ကုသရန် ရက်ချိန်းပေးထားသည့် လူနာနှစ်ဦးမှာ လာရောက်နိုင်မည်မဟုတ်ကြောင်းပြောသည်။ ၎င်းလူနာနှစ်ဦးမှာ ဆွေမျိုးတော်စပ်သည်။ သူတို့မိသားစုအတွင်းမှ ဆွေမျိုးတစ်ဦး ကားတိုက်သေဆုံးသွားသည်။ ဆွေစဉ်မျိုးဆက် မိသားစုအားလုံး အလောင်းမြှုပ်မည့်နေရာတွင် ပူဆွေးထမ်း

တပွဲကို ရိုးရာအစဉ်အလာအတိုင်း ဆောင်ရွက်ရန် ရွာမှထွက်သွားကြပြီဖြစ်သည်။ ရက်ပေါင်းများစွာ ကြာမည်ဖြစ်သည်။ ဤလိုအချိန်အခါမျိုးတွင် သက်ဆိုင်ရာဆွေမျိုးများသည် မည်သူနှင့်မှ စကားမပြောလို။ မိမိတို့မိသားစုနှင့်အတူရှိနေပြီး လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ အပြင်လူနာအဖြစ် စစ်ဆေးရန် ရက်ချိန်းပေးထားသည့် လူနာသာမက အတွင်းလူနာအဖြစ် ဆေးရုံတက်နေသူများကိုပင် ရောဂါမဆိုးပါက အသက်အန္တရာယ်မရှိပါက ဆေးရုံတာဝန်ရှိသူများက လူနာကိုခေတ္တဆေးရုံဆင်းခွင့်ပေးရသည်။ အဘိုးရင်းဂျီးလူမျိုးများ၏ ထုံးတမ်းဓလေ့ကို ကျန်နိုင်ငံသားအားလုံးက လေးစားလိုက်နာရန် အစိုးရမှ အကြံပေးညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

စာရေးသူတို့သည် ဒုတိယနေ့ ညနေပိုင်းတွင် လူနာကြည့်ရန်မရှိတော့သဖြင့် ညအိပ်မည့်တည်းခိုရိပ်သာသို့ လာခဲ့ကြသည်။ အိပ်ခန်း ၁၀ခန်းသာရှိသော တည်းခိုရိပ်သာဖြစ်သည်။ ဓာတ်ဆီဆိုင်တွဲပြီး ဖွင့်ထားသည်။သည်ရွာကိုလာရောက်ကြသည့် အစိုးရအမှုထမ်းများနှင့် ပတ်ဝန်းကျင်ဒေသ နွားခြံလုပ်ငန်း၊ ရွှေတွင်းလုပ်ငန်းစသည့် စီးပွားရေးအရ လာရောက်လုပ်ကိုင်သူများ တည်းခိုကြသည်။

အစားအသောက်ဆိုင်က ည ၈နာရီတွင် ပိတ်သည်။ စာရေးသူတို့ အစားအသောက်ကို ပလတ်စတစ်ဗူးနှင့်ဝယ်ပြီး ဆမ်၏

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အခန်းတွင်း၌ ဘီယာသောက်ရင်း အတူတကွ ညစာစားကြသည်။

စကားစပ်မိစပ်ရာ အလ္လာပသလ္လာပ ပြောဆိုကြသဖြင့် စာရေးသူတို့နှင့် ဆေးကျောင်းသားများ ပိုမိုခင်မင်လာကြသည်။ ဆေးကျောင်းသားတစ်ဦးက ပွင့်ပွင့်လင်းလင်းမှတ်ချက်ချသည်။

"ဒေါက်တာနဲ့ဆမ်တို့ ကီလိုမီတာ ၇၀၀ ကျော်မောင်းလာပြီး ဒီရောက်တော့ လူနာမကြည့်ရဘူး။ လူနာတွေ ဒီလိုပဲ လုပ်တတ်သလား။ အလဟဿဖြစ်တာပေါ့"

စာရေးသူနှင့်ဆမ်တို့ တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး ပြုံးလိုက်ကြသည်။ ဆေးကျောင်းသားများ ဘီယာနှင့်မြည်းရန် ကျေးလက်ဒေသ ကျန်းမာရေးလုပ်ငန်း အတွေ့အကြုံနံပါတ်တစ်ဖြစ်သည်။ အတွေးလမ်းချော်မသွားစေရန် လူကြီးဆန်ဆန်နိုင်ငံရေးလေသံဖြင့် စာရေးသူကအဖြေပေးသည်။

"ဒီလိုရှိပါတယ်။ ပထမနိုင်ငံသားတွေနဲ့ ပတ်သက်လာရင် သူတို့ တိုးတက်ကောင်းစားရေးအတွက် ကျွန်တော်တို့ တတ်အားသမျှ ကြိုးစားရမှာပဲ။ ရှေ့ကလည်းဆွဲရမယ်။ နောက်ကလည်း တွန်းရမယ်။ ဘေးကနေလည်း အတူတွဲခေါ်ရမယ်ပေါ့။"

## "ယူကလစ်နံ့နှင့် ဓာတ်ဆီနံ့"

တည်းခိုရိပ်သာရှိ တစ်ယောက်အိပ် အိပ်ခန်းများမှာ သေးငယ်သော်လည်း ပစ္စည်းများသည် သူ့နေရာနှင့်သူသပ်သပ်ရပ်ရပ်ရှိသည်။ အိမ်သာနှင့်တွဲထားသည့် ရေချိုးခန်းရှိသည်။ ရေပူရေအေးရသည်။ လေအေးစက် တစ်ခန်းတစ်လုံးတပ်ဆင်ထား၏။ အိပ်ရာမှာလည်း သက်တောင့်သက်သာရှိပါသည်။ ဘီယာအရှိန်နှင့် တစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။ နံနက် ၆ နာရီထိုးပြီးချိန်တွင် ပတ်ဝန်းကျင်မှ ငှက်ပေါင်းစုံ၏ တေးသံများနှင့်အတူ

စာရေးသူအိပ်ရာမှနိုးလာသည်။ နံနက်စာကို အခန်းတွင်း၌ မှာယူစားလိုက်သည်။ နံနက် ၇နာရီခွဲလောက်တွင် စာရေးသူအဆင်သင့်ဖြစ်သွားသည်။ အခြားပုဂ္ဂိုလ်သုံးဦး၏ အခြေအနေကိုသိရန် သူတို့အခန်းဘက်ကိုလျှောက်လာသည်။ ဆမ်ကတော့ နိုးနေပြီ။ ဆေးကျောင်းသားနှစ်ဦးအခန်းများမှ အသံမကြားရသဖြင့် တံခါးခေါက်ပြီး အချက်ပေးနိုးရသည်။ "ဟုတ်ကဲ့ -ဟုတ်ကဲ့" ဟုထူးသံနှင့် အတူ အိပ်ရာမှ လူးလဲထသည့်အသံကြားရသည်။

"ကျွန်တော်တို့ ၈နာရီအရောက်ဆေးခန်းကိုသွားကြမယ်" ဟု စာရေးသူက အစီအစဉ်ကို အပြင်ဘက်မှလှမ်းပြောပြီး တည်းခိုရိပ်သာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်သည်။ ညက မိုးတဖွဲဖွဲရွာထားသဖြင့် မြေသင်းအနံ့တွေက လှိုင်နေသည်။ လေပြေလေအေးနှင့်ပါလာသည့် ယူကလစ်နံ့များကိုလည်း ပြတ်တောင်းပြတ်တောင်းရှူရှိုက်ရသည်။ ယူကလစ်ပင်တွေကြားမှဖြတ်ပြီး တစ်ဘက်မြက်ခင်းဆီသို့ ခုန်ပေါက်ပြေးလွှားသွားသည့် သားပိုက်ကောင်မိသားစုကို တွေ့လိုက်ရသည်။ ယူကလစ်ပင်သစ်ကိုင်းများပေါ်တွင် တကြော်ကြော်တဂဂ အော်မြည်နေကြသည့် ကော့ကတူးငှက်များကိုမြင်ရ၏။ ကြက်တူရွေး အမျိုးအစား ငှက်များဖြစ်သည်။ ဤနိုင်ငံတွင် အများအပြားတွေ့ရသည့် ကော့တကူးများမှာ ကိုယ်လုံးနှင့် ဦးခေါင်းပိုင်းတွင် အဖြူရောင်ရှိပြီး လည်ပင်းနှင့်ရင်အုပ်၌ပန်းရောင်ရင့်ရင့်ရှိသည်။ နွေဦးရာသီဖြစ်သဖြင့် ပန်းမျိုးစုံပွင့်သည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

တည်းခိုရိပ်သာဂိတ်တံခါးအဝင်ရှိ စိန်ပန်းပင်ညီနောင်သည် တစ်ပင်လုံးနီရဲနေအောင်ဖူးပွင့်နေကြသည်။ ဩစတြေးလျနိုင်ငံ အလယ်ပိုင်း၏ သဘာဝအလှနှင့်အငွေ့အသက်များကို ထိတွေ့ခံစားရင်း တည်းခိုရိပ်သာကို တစ်ပတ်လမ်းလျှောက်ပြန်လာသောအခါ အားလုံးအဆင်သင့်ဖြစ်နေကြပြီ။ ဆေးကျောင်းသားများက နံနက်စာအတွက် အသားညှပ်ပေါင်မုန့်ဝယ်လာပြီး ကားပေါ်တွင်စားနေကြ၏။

အီးလိရော့ရွာတွင် လူနာများထိုင်စောင့်ရန် စီစဉ်ထားသည်။ နံရံများတွင် အဘိုးရင်းဂျီးအစက်ချပန်းချီကားများချိတ်ထား၏။ ကျန်နေရာလွတ်များတွင် ကျန်းမာရေးပညာပေးကြော်ငြာ ပိုစတာများကပ်ထားသည်။ ဧည့်ခန်းနှင့်ကပ်နေသည့် အခန်းတစ်ခန်းတွင် စာရေးသူတို့လူနာစစ်ဆေးရန် သတ်မှတ်ပေးထားသည်။ အခန်းမှာ သိပ်ပြီးမကျယ်ပါ။ စာရေးသူတို့လေးယောက်၊ လူနာတစ်ယောက်စုစုပေါင်းလူငါးယောက်စာအနေတော်ဖြစ်သည်။ အဘိုးရင်းဂျီးလူမျိုးများ၌ အာရှနိုင်ငံသားများလို အလေ့အထတစ်ခုရှိသည်။ လူနာနှင့်အတူ အိမ်သားနှစ်ဦးသုံးဦး အတူပါလာတတ်သည်။ စာရေးသူတို့ကလည်း အိမ်သားများကို ဖိတ်ခေါ်ပါသည်။ ဤလိုအခါမျိုးတွင် အခန်းလျှံသလိုဖြစ်သွားသည်။ ဖြစ်သလိုစခန်းသွားရပါသည်။ မြို့ကြီးများမှာကဲ့သို့ အခန်းကြီးထဲတွင် ပြောင်လက်နေသည့်စားပွဲ၊ ကုလားထိုင်အပြည့်နှင့် ချောင်ချောင်ချိချိမရှိပါ။ တခါတရံ လူနာက အခန်းထဲတွင်မနေလိုလျှင် သစ်ပင်ရိပ်အောက်

သစ်တုံးပေါ် ထိုင်ပြီး စစ်ဆေးရပါသည်။ အချို့လူနာများသည် စာရေးသူတို့ရှေ့တွင် ဘာမှရေရေလည်လည်မပြောဆိုပါ။ "ဟုတ်တယ်" "မဟုတ်ဘူး" ဆိုသည့် အဖြေများကိုသာ ပေးတတ်သည်။ ဤလို အခြေအနေမျိုးတွင် လူနာနှင့်အတူပါလာသည့် ဆွေမျိုးများကို အားကိုးရပါသည်။

**ယနေ့ကြည့်ရှုစစ်ဆေးရသည့်** လူနာသုံးဦးမှ တစ်ဦးမှာ **ဆိုခဲ့သည့်အတိုင်း"အင်းမလှုပ် အဲမလှုပ်"** လူနာမျိုးဖြစ်သည်။ **လူနာ၏**အမည်မှာ မိုက်ကယ် ဖြစ်သည်။ အဘိုးရင်းကျိုးဘာသာဖြင့် မှည့်ခေါ် ထားသည့် နာမည်လည်းရှိသည်။ အခေါ် ရစာလုံးပေါင်း ရခက်သည်။ ခေါ် ရတာလျှာလိပ်သည်။ စာရေးသူတို့က လွယ်လွယ် နှင့်ရင်းရင်နှီးနှီး မိုက်ခ်လို့ပင်ခေါ် ကြ၏။

မိုက်ခ်သည် အသက် ၂၂နှစ်ခန့်ရှိ လူပျိုဖြစ်သည်။ မိဘများ၊ ညီအစ်ကိုမောင်နှမများနှင့် အတူနေသည်။ အလုပ်မရှိ။ အလုပ်လုပ် နိုင်လောက်အောင် ကျန်းမာရေးအခြေအနေက မကောင်းပါ။ အစိုးရကပေးသည့် မစွမ်းမသန်အငြိမ်းစား လစာရသည်။ မိုက်ခ်သည် လက်တစ်ဖက်တွင် တုန်တုန်ယင်ယင်ဖြစ်ပြီး၊ ခြေတစ်ဖက်မသန် သဖြင့် လမ်းလျှောက်လျှင် ထော့နဲ့ထော့နဲ့ လျှောက်နေရသည်။

အသိဉာဏ်မှတ်ဉာဏ်နှင့် စဉ်းစားဆင်ခြင်နိုင်အား နည်း ပါးချို့ယွင်းနေသည်။ စိတ်ခံစားမှုက ကလေးစိတ်လိုဖြစ်နေသည်။ စိတ်မထင်လျှင် အလွန်အမင်းဒေါသထွက်တတ်ပြီး ကြမ်းတမ်းလာ

တတ်သည်။ တုန်တုန်ယင်ယင် လက်ဖြင့် ညီမငယ်ကို ဓားနှင့်ထိုးဖူးသည်။ သည်တော့မိုက်ခ်ကို ကလေးငယ်လို တစ်ယောက်ယောက်ကကြည့်ရှုထိန်းသိမ်းနေရသည်။ မိခင်က ဤတာဝန်ကိုယူသည်။ အစိုးရက မိုက်ခ်၏မိခင်ကို လူနာစောင့်ထိန်းခပေးသည်။

မိုက်ခ်မွေးစဉ်က ရောဂါအပြစ်အနာမရှိပါ။ အသက် ၁၀နှစ်အထိ သာမန်ကလေးများကဲ့သို့ ပြေးလွှားခုန်ပေါက် ကစားနိုင်သည်။ ဉာဏ်ရည်ဉာဏ်သွေး သာမန်ပျမ်းမျှအဆင့်ရှိသည်။ မိုက်ခ် အသက်(၁၁)နှစ်အရွယ်တွင် ဓာတ်ဆီငွေ့ရှူသည့် အကျင့်ရလာသည်။ စာရေးသူတို့ အဘိုးရင်းဂျိုးရွာများကို ခရီးသွားသည့်အခါ ရွာတွင်းဝင်လိုက်လျှင် ပလတ်စတစ်ရေဗူးကို ထိပ်မှဖြတ် ဗူးထဲဓာတ်ဆီထည့် နှာခေါင်းမှာကပ် လက်ဝါးနှင့်အုပ်ပြီး ဓာတ်ဆီငွေ့ရှူနေသည့် လူငယ်များကိုမကြာခဏတွေ့ရသည်။

ဓာတ်ဆီငွေ့ရှူသည့် အလေ့အထကို မြို့ကြီးပိုင်းတွင် နေထိုင်သည့် လူငယ်များအတွင်း၌ တွေ့ရှိရသော်လည်း အရေအတွက်မများပါ။ နောက်ပြီး စမ်းသပ်ရုံသာ တစ်ခါတစ်ရံ ပြုလုပ်ကြပြီး မကြာမီရင်းအကျင့် ပျောက်သွားကြောင်းသိရ၏။ အဘိုးရင်းဂျိုး လူငယ်များတွင် ဓာတ်ဆီငွေ့ရှူသည့် အကျင့်သည် နှစ်ပေါင်းများစွာစွဲနေတတ်သည်။ အသက်(၁၈)နှစ်မှ အသက် (၃၀)အတွင်း တွေ့ရသည်။ ဩစတြေးလျနိုင်ငံတွင်ရှိသော အဘိုးရင်းဂျိုးရွာပေါင်း (၇၈၀)ကျော်တွင် ရွာပေါင်း(၅၅)ရွာ၌ လူငယ်များဓာတ်ဆီငွေ့ရှူ

သည့်အကျင့်ကို တွေ့ရသည်ဟုဆိုပါသည်။ ဩစတြေးလျ အလယ်ပိုင်းဒေသတွင် လူငယ်ပေါင်း(၂၀၀)ကျော် ဓာတ်ဆီငွေ့ရှူသည့် အကျင့်ရှိနေကြောင်း တွေ့ရသည်။

ဓာတ်ဆီတွင်ပါဝင်သော ဟိုက်ဒရိုကာဘွန်ဓာတ်ငွေ့ တစ်မျိုးသည် နှာခေါင်းမှရှူလိုက်လျှင် ဦးနှောက်အတွင်းအလျင် အမြန်ရောက်သွားပြီး စိတ်အပြောင်းအလဲ ဖြစ်စေပါသည်။ ဦးစွာပထမ ပျော်ရွှင်မြူးထူးမှုကို ခံစားရသည်။ ၎င်းအရသာကို လူငယ်များ နှစ်ခြိုက်ခြင်းဖြစ်၏။ လူငယ်များကြုံတွေ့နေရသည့် စိတ်သောကများကို တမုဟုတ်ခြင်း ပြေပျောက်သွားသည်ကို ဖိမ်ယူခြင်းဖြစ်၏။ သို့သော် မကြာမီကဏ္ဍာမငြိမ်ခြင်း၊ ကယောင်ကတန်းဖြစ်ခြင်း အကြောင်းမဲ့မျက်လုံးထဲတွင် အာရုံများမြင်လာခြင်း စသည်တို့ ခံစားရသည်။

ရေရှည်သုံးစွဲလာသောအခါ ဦးနှောက်တွင် ဒဏ်ရာအနာတရဖြစ်စေ၏။ အထူးသဖြင့် ဓာတ်ဆီအတွင်း၌ ပါဝင်သော ခဲသတ္တုသည် ဦးနှောက်အာရုံကြောများကို အဆိပ်သင့်စေပါသည်။ ကလေးလူငယ်များ၏ ဦးနှောက်သည် ကိုယ်ခန္ဓာအတွင်း၌ ခဲသတ္တုဓာတ်အနည်းငယ်ပါရှိနေလျှင်ပင် အဆိပ်ဒဏ်ခံရသည်။ လူကြီးများတွင် သွေးအတွင်း၌ ခဲဓါတ် ၂၅ယူနစ်နှင့်ပင် အဆိပ်သင့်နိုင်သည်။

မိုက်ခ်သည် ဓာတ်ဆီငွေ့ကို နှစ်ပေါင်းများစွာ ရှူရှိုက်သည့် အကျင့်ကြောင့် ဦးနှောက်ဒဏ်ရာ ရသွားခြင်းဖြစ်၏။ ယခုအခါ

## "အဆိုးထဲမှ အပေါင်းလက္ခဏာ"

နံနက်(၁၁)နာရီလောက်တွင် စာရေးသူတို့ ရက်ချိန်းပေးထားသည့် လူနာများကိုစစ်ဆေးစမ်းသပ်ပြီးသည်။ လူနာကြည့်ပြီးသောအခါ ဆေးခန်းမှ တာဝန်ကျသူနာပြုများကို စာရေးသူတို့ကြည့်ရှုခဲ့သည်။ လူနာများနှင့် ပတ်သက်ပြီး ဆွေးနွေးအကြံပေးသည်။ ဆမ်က အဓိကပါဝင်ဆွေးနွေးပြီး လိုအပ်သည်များကို ညွှန်ကြားပေး၏။ အဘိုးရင်းဂျိုးရွာမှ စိတ်ရောဂါရှင်များကို ဆမ်က လူနာမန်နေဂျာအဖြစ် တာဝန်ယူသည်။ စာရေးသူသည် ဤလိုရွာမျိုးသို့ ၃-၄လမှာ တစ်ကြိမ်သာ လာရောက်နိုင်သည်။ ကြားကာလ

အချိန်များတွင် လိုအပ်သလို ဆမ်ကလာရောက်ကြည့်ရှုရသည့် အစီအစဉ်ဖြစ်၏။ အားလုံးကားပေါ်တက်ရန် ပြင်ဆင်နေစဉ် အယ်လစ်စပရင်းမြို့ဆေးရုံမှ တယ်လီဖုန်း ခေါ်သဖြင့် စာရေးသူက နားထောင်ရသည်။ ဒေါက်တာဂွျန်မှ ဖုန်းဆက်ခြင်းဖြစ်၏။ ဒေစီ၏ ကိစ္စကိုဆွေးနွေးရန် ဖြစ်ပါသည်။

"ဒေါက်တာအုန်း၊ ကျွန်တော် အခုစကားပြောလို့ရမလား"

"ရပါတယ် ဂျွန်၊ပြောပါ"

ဒေါက်တာဂျွန်သည် ဒေစီ၏အဖြစ်အပျက်ကို ပြောပြ ဆွေးနွေးသည်။ စာရေးသူတို့ ထွက်လာသည့်နေ့တွင် တွမ်ဆေးရုံသို့ လာပြီး ဒေစီနှင့်တွေ့ဆုံစကားပြောသည်။ သူက သူ၏ဆုံးဖြတ်ချက် ကို ဖွင့်ဟပြောဆိုတော့မည့်အကြောင်း တာဝန်ကျသူနာပြုဆရာမ ကို အကြောင်းကြားသဖြင့် သူနာပြုက မနီးမဝေးမြင်သာသည့် တစ်နေရာမှ စောင့်ကြည့်နေသည်။

တွမ်သည် ၁၅မိနစ်ခန့် ဒေစီနှင့်စကားပြောသည်။ ဒေစီ သည် တွမ်နှင့် စကားပြောဆိုနေရာမှ ဖြုန်းကနဲထပြီး တွမ်၏ရင် ဘတ်ကို လက်နှစ်ဖက်ဖြင့်တွန်းလှဲကာ သူမအခန်းတွင်းသို့ တရှိန်ထိုး ပြေးဝင်သွားသည်။ စောင့်ကြည့်နေသည့် သူနာပြုဆရာမက လမ်းမှ ဖြတ်ပြီး တားရန်ကြိုးစား၏။ သူနာပြုဆရာမကို အရှိန်နှင့် ပွတ်တိုက် သွားပြီး လွတ်အောင်ပြေးသည်။ သူနာပြုဆရာမခမျာ ဟန်ချက် လွတ်သွားပြီး တံခါးဘောင်နှင့် ရိုက်မိသွားသည်ဟုဆို၏။

အခန်းတွင်းရောက်သောအခါ အခန်းတံခါးကို အတွင်းမှ သော့ပိတ်လိုက်သည်။ ဤအချိန်တွင် စိတ်ရောဂါလူနာဆောင် တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေပြီ။ တာဝန်ကျနေသည့် စိတ်ရောဂါကုသူနာပြုများအားလုံး ပြဿနာဖြစ်နေသည့်နေရာသို့ စုဝေးရောက်ရှိလာရသည်။ လူနာကို အန္တရာယ်မှ ကာကွယ်ပေးရန်နှင့် အခြားလူနာများ ဘေးကင်းစေရန်အတွက် လူအင်အားစုရခြင်း ဖြစ်၏။

တာဝန်ကျ သူနာပြုဆရာမက ဒေစီတံခါးဖွင့်ပေးရန် အပြင်ဘက်မှ ချိုချိုသာသာတောင်းပန်ပြောဆိုသည်။ အခန်းတွင်းမှ ဘာအဖြေမှထွက်မလာ။ ရေချိုးခန်းမှ ရေဖွင့်သည့်အသံပေါ် လာပြီး ရေချိုးခန်းရေအင်တုံခွက်အပေါ် နံရံတွင်ချိတ်ထားသည့် ကြည့်မှန်ကို ရိုက်ခွဲသံလည်း ထွက်လာသည်။ တာဝန်ကျဆရာမ သည် တောင်းပန်ပြောဆိုမနေတော့ဘဲ လက်ထဲတွင်ပါလာသည့် ဘုံသော့ကိုအသုံးပြုပြီး တံခါးဖွင့်သည်။ ဒေစီကို ရေချိုးခန်း ရေအင် တုံခွက်ရှေ့တွင်တွေ့ရသည်။ ဘယ်ဘက်လက်ဖျံကို မှန်ကွဲစတစ်ခုနှင့် လှီးစပြုနေပြီ။

သူနာပြုလေးဦးက ဒေစီကို လေးဘက်လေးတန်မှ ဝိုင်းပြီး ချုပ်ထားရသည်။ မှန်ကွဲစ သူမလက်မှကျသွားအောင် လက်ဖျံကို ပုတ်ချရသည်။ သည်အချိန်တွင် ဒေစီသည် အသံကုန်အော်ဟစ် နေ၏။ အင်္ဂလိပ်လိုဆဲဆိုသည့် "အက်ဖ် . ." စကားတွေသုံးနေ သည်။ စကားကောင်းပြောဆို၍ မရဟုဆိုသည်။

## ဒေါက်တာဇာဂန်းကျော်

သူနာပြုဆရာမများသည် ဒေစီကို "စောင့်ကြည့်ခန်းသို့ ခေါ်သွားသည်။ ဤအခန်းသည် သူနာပြုများ အလုပ်ခန်း၏ဘေးတွင် ကပ်လျက်ရှိသည်။ ကြားနံရံပြတင်းပေါက်တွင် တစ်ဖက်ကြည့်မှန်ထူ တပ်ထားသဖြင့် သူနာပြုများဘက်မှကြည့်လျှင် ဒေစီကို မြင်ရသည်။ လူနာဘက်မှ ကြည့်လျှင် သူမအရိပ်ကိုသာ မြင်ရမည်။ သူနာပြုများကိုမမြင်ရပါ။

စောင့်ကြည့်ခန်းမှာ လှောင်အိမ်ခန်းသဘောဖြစ်သည်။ အခန်းတွင်း၌ ကုတင်မရှိ။ အိပ်ရာတစ်ခုကို ကြမ်းပြင်ပေါ်တွင် ခင်းထားသည်။ လိမ်ကျစ်ပြီး ကြိုးလိုလုပ်၍မရနိုင်သည့် အိပ်ရာခင်းနှင့် စောင်ရှိသည်။ ခေါင်းအုံးစွပ်မပါသော ခေါင်းအုံးရှိသည်။ ရေချိုးခန်းမရှိ။ ရေအင်တုံခွက်ပေါ် တွင်ကြည့်မှန်မရှိ။ သံမဏိအိမ်သာခွက်ရှိသည်။

စောင့်ကြည့်ခန်းအတွင်းသို့ လူနာကိုထည့်သွင်းခြင်းမှာ လူနာ၏ လူမှုအခွင့်အရေးကိုကျူးလွန်ခြင်းဖြစ်သည်။ လူနာကို ညှဉ်းပန်းလိုသည့်သဘောဖြင့်ထည့်သွင်းထားလို့မရ။ စိတ်ရောဂါကုဥပဒေနှင့်အညီ ဆောင်ရွက်ရသည်။

တာဝန်ကျဆရာဝန်က တတ်နိုင်သမျှ အမြန်ဆုံးလာရောက်စစ်ဆေးရသည်။ ဒေါက်တာဂျွန်သည် ဒေစီကိုစစ်ဆေးရန် လာသောအခါ ဒေစီသည်လိုလိုလားလားမရှိဟုဆိုသည်။ ဘာမှပြန်မပြောဘဲ အိပ်ရာပေါ်တွင် တီကောင်ဆားထိသလို တွန့်လိမ်

တွန့်လိမ် လုပ်နေသည်ဟုဆိုသည်။ ဒေါက်တာဂျွန် သူမအနား ကပ်သွားသောအခါ တံတွေးနှင့်လှမ်းထွေးသည်။ ခြေထောက် နှစ်ဖက်ကိုစုံကန်ပြီး ဦးခေါင်းနှင့်နံရံကို ထိုးထိုးဆောင့်နေ၏။

ထို့ကြောင့် ဒေါက်တာဂျွန်သည် စိတ်ရောဂါကုဥပဒေ လုပ်နည်း လုပ်ထုံးအတိုင်း ဒေစီ့ကို စိတ်ဆန္ဒအတိုင်းဆေးရုံတက်နေသည့်အဆင့်မှ လူနာ၏စိတ်ဆန္ဒကိုဆန့်ကျင်ပြီး ဆေးရုံတင်ထားသည့်အဆင့်သို့ ပြောင်းလိုက်သည်။ ရှင်းရှင်းပြောရလျှင် အဓမ္မဆေးရုံတွင်ထားခြင်းဖြစ်သည်။ ဒေစီ့ကို စိတ်ငြိမ်ပြီး အနားယူအိပ်ပျော်သွားစေရန် ဆေးလုံးပေးသည်။ သူမက ပါးစပ် ပိတ်ထားသည်။ ဆေးရည်ကို အတင်းပါးစပ်ကိုဟပြီး တိုက်သောအခါ ငုံထားပြီး ထွေးပစ်သည်။ ထို့ကြောင့် ဒေါက်တာဂျွန်သည် အိပ်ဆေး တစ်လုံး ထိုးပေးရသည်။

ည ၈နာရီလောက်ရှိပြီ။ ဒေစီသည် တစ်ညလုံးဆက်တိုက် အိပ်ပျော်သွားသည်ဟုဆိုသည်။

နံနက်အိပ်ရာနိုးသောအခါ ဒေစီ၏အခြေအနေက ပုံမှန် ဖြစ်လာသည်။ စောင့်ကြည့်ခန်းတွင်မှ ထုတ်ပြီး သူမမူလအိပ်ခန်း တွင် နေခွင့်ပြုထားသည်။ သို့သော် အလုပ်သင်သူနာပြုဆရာမ တစ်ယောက် ဒေစီနှင့်အတူ အမြဲရှိနေစေရန် စီမံထားရ၏။

စိတ်ပညာရှင်အရာရှိအီဒင်နှင့် လူမှုရေးဝန်ဆောင်အရာရှိ ကာရိုလင်းတို့လည်း ဒေစီနှင့်တွေ့ဆုံပြီး ကူညီကုသမှုများ စတင်

ဆောင်ရွက်နေသည်။ ယခုအထိ ဒေစီသည် ဆေးရုံတွင် ဆက်လက်နေရန်နှင့် မိမိကိုယ်ကို အန္တရာယ်မပြုရန် အာမခံချက်မပေးသေး။ ထို့ကြောင့် ဒေါက်တာဂွန်သည် ဒေစီ့ကို စိတ်ရောဂါကုဥပဒေအရ အတွင်းလူနာအဖြစ် ဆက်လက်ထားရှိသည်။

"ဒီနေ့ညဆိုရင် ၄၈ နာရီရှိသွားပြီ။ မနက်ဖြန်စနေနေ့ဆိုတော့ ဒေါက်တာအုန်းမကြည့်နိုင်ရင် ၇၂ နာရီကျော်သွားလိမ့်မယ်" ဟု ဒေါက်တာဂွန်က စိတ်ရောဂါကုဥပဒေ၏ လိုအပ်ချက်ကို ပြောပြပါသည်။ ဥပဒေအရ လူနာတစ်ယောက်ကို ဆရာဝန်တစ်ဦးက သူ၏ဆန္ဒကိုဆန့်ကျင်ပြီး ဆေးရုံတင်ထားလျှင် ၇၂နာရီအတွင်း စိတ်ရောဂါအထူးကုဆရာဝန်က ထပ်ဆင့်စမ်းသပ်စစ်ဆေးရသည်။ ဥပဒေနှင့်ညီပြီးလိုအပ်လျှင် ပထမဆရာဝန်၏ ဆုံးဖြတ်ချက်ကို ထောက်ခံအတည်ပြုရသည်။ ဤကဲ့သို့မဆောင်ရွက်လျှင် ၇၂ နာရီပြည့်သည်နှင့် တပြိုင်နက်လူနာသည် မိမိဆန္ဒအလျောက် ဆေးရုံမှ ဆင်းသွားနိုင်သည်။

"ဒီလိုအကြောင်းကြားတာ ကျေးဇူးတင်ပါတယ်။ ဒီကနေ့တော့ ကျွန်တော်တို့ ည၈နာရီလောက်မှ ရောက်မယ်ထင်တယ်။ မနက်ဖြန် စနေနေ့ ဖြစ်ပေမယ့် ကျွန်တော်အရေးပေါ်အခေါ်ခံ (အွန်ကော) တာဝန်ကျတယ်။ ကျွန်တော်ကြည့်လိုက်ပါတယ်"

"ကျေးဇူးပါပဲ"ဟုပြောပြီး ဒေါက်တာဂွန်တယ်လီဖုန်းချသွားသည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

စာရေးသူ တယ်လီဖုန်းပြောနေစဉ် ဆမ်သည် ကားဓာတ်ဆီဖြည့်ရန် တည်းခိုရိပ်သာ ဓာတ်ဆီဆိုင်သို့သွားသည်။ မကြာမီပြန်ရောက်လာပြီး အိမ်ပြန်ခရီးစတင်ရန် အသင့်ဖြစ်နေကြသည်။

အပြန်ခရီးကို သုံးပိုင်းပိုင်းထားသည်။ အီးလိရှောရွာမှ တင်းနင့်ခရိမြို့အထိ ဆမ်သည် ကားမောင်းမည်။ တင်းနင့်ခရိမြို့သို့ နေ့လည် ၁နာရီ ကျော်လောက်ရောက်မည်ဟု ခန့်မှန်းနိုင်သည်။ နံနက်စာစားကြမည်။ ပြီးလျှင် စာရေးသူတစ်လှည့်ကားမောင်းမည်။ ကီလိုမီတာ ၃၀၀လောက်မောင်းလျှင် ဘာရိုးခရိရွာသိမ်ကလေးတွင် ဓာတ်ဆီဖြည့် လ္ဘက်ရည်သောက်ကြမည်။ ပြီးလျှင် ကျန်ခရီးကို ဆမ်ကဆက်ပြီးမောင်းမည်ဖြစ်ပါသည်။

ကားထွက်ပြီး မကြာမီ စာရေးသူက ဒေစီ၏အဖြစ်အပျက်ကို ဒေါက်တာဂျွန် တယ်လီဖုန်းထဲတွင် သတင်းပေးသည့်အတိုင်း ပြောပြသည်။ ဆေးကျောင်းသားများသည် ဒေစီ၏ရာဇဝင်ကို သိပြီးဖြစ်သည်။ ယခုအဖြစ် အပျက်မှာ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းလက္ခဏာကို လက်တလောပက်ပင်း လက်တွေ့မြင်ရခြင်းဖြစ်သည်။

ဆေးကျောင်းသားတစ်ဦးက စူးစမ်းသလိုမေးခွန်းတစ်ခု မေးသည်။

"ကျွန်တော်တို့ ဒေစီရဲ့အကြောင်းကိုကြားရရင် မကောင်းသတင်းတွေချည်းပဲ။ ဒေစီ့မှာ ကောင်းကွက်ကလေးတွေကောမရှိဘူးလား"

မှန်ပါသည်။ စာရေးသူတို့သည် စိတ်ရောဂါရှင်၏ ဖြစ်စဉ်ကို လေ့လာသောအခါ ဆေးရုံမတက်လာမီ ဖြစ်ခဲ့သည့်အဖြစ်အပျက်၊ လူနာ၏သင့်လျော်သည့် အကျင့်စရိုက် ဝါသနာများနှင့် ဆေးရုံတွင်အထိန်းရအသိမ်းရခက်သည့် အပြုအမူစသည့် လူနာအားနည်းချက်တွေကိုသာ ဦးစားပေးကြည့်သည်။ လူနာတစ်ဦးအား သန်သည့် အပေါင်းလက္ခဏာပြ အရည်အသွေးများကို မေ့ထားတတ်ကြ၏။ ထို့ကြောင့်စာရေးသူက ဆိုင်းငံ့မနေပဲအဖြေပေးသည်။

"ရှိပါတယ်။ ဒါလူတိုင်းအတွက် ဓမ္မတာပါပဲ။ လူတိုင်း လူတိုင်းမှာ အကောင်းနဲ့အဆိုး၊ တော်တာနဲ့ညံ့တာ၊ မုန်းစရာ ကောင်းတာနဲ့ချစ်ခင်ဖွယ်ရာ ကောင်းတာစသည်ဖြင့် အပေါင်းနဲ့ အနှုတ်တွေ ဒွန်တွဲရှိနေတတ်တာပါပဲ။"

"ဒီလိုဆိုရင် ဒေါက်တာအုန်းအမြင်နဲ့ ဒေစီ့ရဲ့စိတ်မှာတွေ့ရတဲ့ ကောင်းတဲ့အရည်အချင်းတွေက ဘာပါလဲ"ဟု ဆေးကျောင်းသားကထပ်ဆင့်မေးသည်။

"ဒီလိုရှိပါတယ်။ ဒေစီဟာ ဒေါသကြီးတတ်၊ သံသယစိတ်လွန်ကဲတတ်၊ စိတ်လှုပ်ရှားလွယ်တတ်ပေမယ့် သူမအပြုအမူတွေကြောင့် သူမကိုယ်တိုင်ပဲ ဒုက္ခခံရတယ်။ ဒါပေမယ့် ဒေစီနဲ့တူတာရှိသလို မတူတာတွေအများကြီးကွာ ခြားတဲ့ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူတွေလည်းရှိပါတယ်"ဟု အစချီပြီး စာရေးသူသည်

ဆေးကျောင်းသားများကို ခရီးသွားရင်းစာသင်လိုသည့်ဆန္ဒဖြင့် ခပ်ရှည်ရှည်ရှင်းပြပါသည်။

ပတ်ဝန်းကျင်လူအများနှင့် ဆက်ဆံပေါင်းသင်းသည့်အခါ အလွယ်တကူဒေါသထွက် အကြမ်းကိုင်တတ်သည့် ကိုယ်ရည်ကိုယ်သွေးရှိသူများအကြောင်းကိုခွဲခြားပြောပြသည်။

ပထမအမျိုးအစားကို "အတ္တလွန်ကဲ ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်း" ဟုဆိုရမည်။ ဘဝင်မြင့်သည်ဟုဆိုရမည်။ မိမိကိုယ်ကို အရှိထက်ပိုပြီး အထင်ကြီးတတ်သည်။ မိမိစိတ်ကူးထဲတွင် အလွန်အောင်မြင်သူ၊ လုပချောမွေ့သူ၊ ဉာဏ်ထက်သူ၊ ဂုဏ်ရှိသူ စသည်ဖြင့် စိတ်ကူးယဉ်ပြီး အဟုတ်ထင်နေတတ်သည်။ အခြားသူများက မိမိကို မြှောက်စားနေစေချင်သည်။ မိမိအတွက် ကောင်းကျိုးကိုသာကြည့်ပြီး လူတကာကိုအနိုင်ယူချင်သည်။ ဘာမဆိုအသာ ဘစီးရချင်သည်။ တကိုယ်ကောင်းဆန်သည်။ အခြားသူများ၏ နေရာတွင်ဝင်ပြီး ကိုယ်ချင်းစာနိုင်မှု အားနည်းသည်။ မယုံသင်္ကာ စိတ်ပြင်းထန်သည်။ ပေါင်းသင်းဆက်ဆံရေးတွင် အခက်အခဲ များစွာ တွေ့ကြုံရသည်။ ဝေဖန်ခံရလျှင်မကြိုက်။ အလွယ်တကူ ဒေါသထွက်ပြီး ရန်လုပ်တတ်သည်။ ရှက်ဖွယ်ကိစ္စနှင့် ကြုံကြိုက်ရလျှင် အလွန်အမင်းခံပြင်းပြီး ဒေါသအိုးပေါက်ကွဲတတ်သည်။ ဤသို့လူမျိုးကို "အတ္တလွန်ကဲသည့် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူများ" ဟုခေါ်သည်။

"ဒီလိုလူမျိုးတွေကို ဒေါက်တာတို့ဆေးခန်းမှာ တွေ့ရသလား"

"သိပ်ပြီးမတွေ့ရဘူး။ သူတို့က ဒေစီလို စိတ်ထိခိုက်စရာရှိရင် ကိုယ့်ကိုယ်ကိုအနာတရဖြစ်အောင်မလုပ်ကြဘူး။ အခြားသူများကိုသာ အပြစ်တင်ပြီး နှိပ်စက်တတ်တယ်။ ခင်ဗျားတို့ကြားဖူးပါလိမ့်မယ်။ သတင်းစာတွေထဲမှာလည်း ဖတ်ဖူးမယ်ထင်တယ်။ လူတွေကို အယုံသွင်းပြီး ငွေတွေပစ္စည်းတွေ လိမ်ညာယူသွားတတ်သူမျိုး၊ အမျိုးသမီးတွေ အထင်ကြီးအောင် သူတို့ကိုယ်သူတို့မြှောက်ပင့်ပြောပြီး ပစ္စည်းရော လူကိုပါ အပိုင်ချိုင်သွားတတ်သူမျိုးတွေပါ"

ဒုတိယဆေးကျောင်းသားက ကြားမှုဖြတ်ပြီးမေးပါသည်။

"ဒီလိုလူမျိုးတွေကို ရောဂါရှိတယ်လို့ မခေါ်နိုင်ဘူးပေါ့။ သူများကို အနိုင်ယူပြီး ကျေနပ်နေကြတာပဲမဟုတ်လား"

"ကိုယ်ရည်ကိုယ်သွေးချို့ယွင်းတယ်လို့ ပြောရမယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့လွန်ကဲတဲ့ အပြုအမူတွေဟာ သူတစ်ပါးကို ထိခိုက်စေလို့ပဲ၊ နောက်ပြီး သူတို့လည်း စိတ်ရောဂါခံစားလာရတဲ့ အချိန်အခါတွေရှိတယ်"

"အဲဒါကတော့ သူတို့စိတ်ကူးယဉ်တဲ့အတိုင်း ဖြစ်မလာတဲ့အခါ၊ သူတို့ ဆိုးခဲ့တာတွေ ဗူးပေါ်သလိုပေါ်လာတဲ့အခါမှာတော့ အလွန်အမင်း စိတ်ဓာတ်ကျပြီး စိတ်ကျရောဂါခံစားလာရတတ်တယ်။ အမြင့်ကနေပြီး ကြောင်ကျမကျဘဲ၊ ခွေးကျကျသလို အထိနာတယ်ပေါ့"

# ပြုံးသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဤအချိန်တွင် ဆမ်သည် ကားကိုညာဘက်သို့ အနည်းငယ်ဆွဲပြီး အရှိန်တင်လိုက်၏။ အားလုံးက သတိထားမိသဖြင့် ရှေ့တည့်တည့်ကို အာရုံရောက်သွားကြသည်။ စာရေးသူသည် စကားပြောရပ်လိုသည်။ ဆမ်သည်ရှေ့မှ မောင်းနေသော ကုန်တင်လော်ရီကားကို ကျော်တက်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

ရထားတွဲလို ကုန်တွဲသုံးလေးတွဲကို ဆက်ထားသည့် ကုန်တင်ကား ရှည်ကြီးမျိုးဖြစ်သည်။ နောက်ဆုံးတွဲ၊ နောက်ကျောတွင် စာလုံးကြီးကြီးနှင့် ထင်ထင်ရှားရှားရေးထားသည့် စာတမ်းကို အဝေးမှဖတ်နိုင်၏။ "အလွန်ရှည် လျားသောယာဉ်။ ကွေ့နေလျှင် ကျော်မတက်ပါနှင့်" ဟုရေးထားသည်။ လမ်းမှာ မိုးကုပ်စက်ဝိုင်းအဆုံးအထိမြင်နိုင်အောင် ဖြောင့်ဖြူးနေသည့်လမ်းဖြစ်သဖြင့် ဆမ်သည် ကုန်တင်ကားရှည်ကြီးကို အလွယ်တကူ ကျော်တက်နိုင်သည်။

ဆမ်သည် ကားကိုအရှိန်လျှော့ချပြီး ပုံမှန်အတိုင်း မောင်းသည်။ ဆေးကျောင်းသားတစ်ဦးက စာရေးသူပြောလက်စ,စကားကို အစပြန်ကောက်၏။

"ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးလို တဇွတ်ထိုးလုပ်တတ်ပြီး ဒေါသကြီးတဲ့ ဒုတိယအမျိုးအစားက ဘာကိုပြောတာလဲ" ဟုမေးသည်။

"လူမှုစည်းကမ်း ဆန့်ကျင်ချိုးဖောက် ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း" ဖြစ်တယ်။ လွယ်လွယ်နဲ့အတိုချုံးပြီး ခေါ်ရရင်

"လူဆိုးလူမိုက်" ဖြစ်ပါတယ်။

"ဒီလိုလူမျိုးတွေက လူ့ကျင့်ဝတ်နှင့် လူမှုအဆောက်အအုံမှာ ပြဋ္ဌာန်းထားတဲ့ ဥပဒေစည်းကမ်းတွေကို ဂရုမစိုက်ကြဘူး။ လိမ်မယ်၊ ညာမယ် လူတွေကိုလှည့်စားမယ်။ ရှေ့ရေးကို တွေးတောဆင်ခြင်မှု မရှိပဲ စိတ်ထင်သလိုလုပ်မယ်။ လူတွေနဲ့ အဆင်ပြေအောင် မနေတတ်ဘူး။ အိုးအိမ်အတည်တကျ မရှိဘူး။ အလုပ်အကိုင်ကို စွဲစွဲမြဲမြဲ မလုပ်ချင်ဘူး။ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး တာဝန်ယူတတ်ဘူး။ မယုံကြည်ရဘူး။ ဒေါသကြီးလွယ်ပြီး လူတွေနဲ့မကြာခဏ လက်လွန်ခြေလွန် ရန်ပွဲတွေဖြစ်မယ်။ သူများအပေါ်မှာ ငဲ့ညှာစိတ် မရှိဘူး။ သူတပါးအနာတရဖြစ်မှာ နာကျင်သွားမှာ စိတ်ဝေနာ-ကိုယ်ဝေနာ ဝေဒနာတွေခံစားရမှာကို ကိုယ်ချင်းစာတရားမရှိဘူး။ ရက်စက်ရမှာ ဝန်မလေးဘူး။ အမှားတွေလုပ်မိပေမယ့် နောင်တရတယ်ဆိုတာမရှိဘူး။ အမှားကိုဝန်မခံဘူး။ ဒါကြောင့် ဒီလိုကိုယ်ရည်ကိုယ်သွေးရှိသူတွေဟာ လိမ်ညာမှု၊ ရိုက်မှု၊ ဓားပြမှု၊ လူသတ်မှုတွေကို အကြိမ်ကြိမ်ကျူးလွန်တတ်ပါတယ်။"

"ဒီလိုလူမျိုးတွေ ဒေါက်တာတို့ဆီကို ကုသခံဖို့ရောက်လာသလား"

"အကျဉ်းထောင်ထဲမှာ တွေ့ရတယ်။ ထောင်ချခံရတဲ့အခါမှာတော့ ထောင်ထဲမှာအပူတိုက်တယ်။ "ဂျစ်တိုက်တယ်"ပေါ့။ ဟိုပြောဒီပြောနဲ့ ရောဂါရှာပြီး ညည်းညူတတ်ကြတယ်။

"ကျွန်တော် အယ်လစ်စပရင်း အကျဉ်းထောင်ကို မကြာခဏသွားပြီး လူနာကြည့်ရတယ်။ ခင်ဗျားတို့ လာမယ့်အပတ်မှာ လိုက်ချင်လိုက်လို့ ရပါတယ်"။

ဆေးကျောင်းသားများက အလွယ်တကူ သဘောတူကြသည်။ စာရေးသူသည် ဆေးကျောင်းသားများ၏ ပထမဆုံး မေးထားသည့်အမေးကို ပြန်ကောက်ပြီးဆက်ပြော၏။

"ဒါကြောင့် ဒေစီဟာ စိတ်ထိခိုက်လာရင် တဇွတ်ထိုး ကြမ်းကြမ်းတမ်းတမ်း လုပ်တတ်ပေမယ့် လူဆိုးလူမိုက်မဟုတ်ဘူး။ သူမမှာလူတွေကို ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ်တွေရှိတယ်။ မရက်စက်နိုင်ဘူး။ နောင်တရ လွယ်တယ်။ အသက်၁၆နှစ်အရွယ် ခန့်က အပေါင်းအသင်းမှားပြီး လုယက်မှုတွေလုပ်ခဲ့ပေမယ့် အသက်ကြီးလာတော့ ရာဇဝတ်မှုတွေကို မကျူးလွန်တော့ဘူး။ မူးယစ်ဆေးစွဲတဲ့ ရောဂါပြန်ထလာပေမယ့် ရာဇဝတ်မှုတွေကို မကျူးလွန်တော့ဘူး။ သားကလေးကို ချစ်တယ်။ ဂရုစိုက်တယ်။ ကလေးအပေါ်မှာ မရက်စက်ဘူး။ အိမ်ထောင်တည်မြဲအောင် ထိန်းချင်တယ်။ သူမအပြုအမူတွေက ခုတ်ရာတခြားရှရာတလွဲ ဖြစ်နေတာပဲရှိတယ်။

"ဒေစီရဲ့ဒေါသစိတ် တဇွတ်ထိုးလုပ်တဲ့အကျင့်နဲ့ သံသယစိတ်တွေဟာ စိုးရိမ်လွန်စိတ်ကို အခြေခံတယ်။ သိမ်ငယ်စိတ်ကို အခြေခံတယ်။ ကြောက်ကန်ကန်တဲ့သဘောပါ။ ဒါကြောင့် ခုနက ကျွန်တော်ပြောခဲ့တဲ့ ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းသူတွေနဲ့ ကွာခြားလာတယ်။"

"နောက်ပြီး ဒေစီဟာ ပညာရေးမှာ၀၀တန်းသာ အောင်ပေမယ့် ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးအဆင့်မီတယ်။ စာဖတ်ဝါသနာ ပါတယ်။ ဒါတွေဟာ အရေးကြီးတဲ့ အပေါင်းလက္ခဏာတွေပဲ။"

စာရေးသူတို့ လမ်းတစ်လျှောက်လုံးပြောနေသည်တို့ကို ငြိမ်ငြိမ် သက်သက်ကားမောင်းရင်း နားထောင်ပြီးလိုက်လာသည့် ဆမ်က မေးခွန်းတစ်ခုလှမ်းမေးသည်။

"ဒေစီနဲ့ပတ်သက်ပြီး ရှေ့မှာဘယ်လိုကုသမှုပေးဖို့ စဉ်းစား ထားသလဲ။"

"ဆမ်မေးတာ ကောင်းပါတယ်။ ကျွန်တော်စဉ်းစားထား တာက ဒီလိုပါ။ ပထမ ဒေစီကိုကူညီရမှာက အိမ်ထောင်ကွဲသွားတာ ကို ခံနိုင်ရည်ရှိအောင် ပံ့ပိုးပေးရမှာဖြစ်တယ်။ ဒုတိယက မူးယစ် ဆေးစွဲ နေတာကို အပြီးအပိုင်ဖြတ်နိုင်အောင် နည်းလမ်းရှာရမယ်။ ဖြစ်နိုင်ရင် ဒေစီလက်ခံမယ်ဆိုရင် မူးယစ်ဆေးစွဲသူများပြုစုပျိုး ထောင်ရေးစခန်းကို ပို့ချင်တယ်။ အဲဒီ စခန်းမှာ ၃လလောက်နေနိုင် ရင်ကောင်းမယ်။ သည်အချိန်အတွင်းမှာ သားကလေးကို ကြည့်ရှုဖို့ ရန်အတွက် မိဘနှစ်ပါးနဲ့ သားကလေးအတွက်ပါ အဆင်ပြေမယ့် အစီအစဉ်တစ်ခုကို ရှာရမယ်။ ဒေစီခံစားနေရတဲ့ ပိတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းဝေဒနာကို ထိထိရောက်ရောက်ကုသမှုပေးဖို့ လိုလာပြီလို့ ထင်တယ်။"

"ဘယ်လိုကုသမှုမျိုးလဲ ဒေါက်တာအုန်း"

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဆေးကျောင်းသားတစ်ဦးက ကြားဖြတ်မေးခြင်းဖြစ်၏။

"စိတ်ကုထုံးနည်းပါ။ "အနုလုံပဋိလုံ ကျိုးကြောင်းဆင်ခြင်အား ထုတ်စိတ်ကုထုံး" လို့ခေါ်တယ်။ အဲဒီကုထုံးနည်းဟာ ဒေစီလို ရောဂါရှင်များ ကိုကုသရာမှာ အောင်မြင်မှုရှိတယ်လို့ လေ့လာသူများက ပြောပါတယ်။" ဒေစီမူးယစ်ဆေးဖြတ်တဲ့စခန်းမှာနေစဉ် စိတ်ပညာရှင်တစ်ဦးဦးလက်အောက်မှာ ကုသမှုခံနိုင်ပါတယ်။ ဒီကုထုံးကုနည်းအကြောင်းကို ကျွန်တော်နောက်မှ ပြောပြပါမယ်"

"သောက်ဆေးတွေကို အသုံးပြုပါသလား"

"ဆေးနဲ့ကုသရမယ့် အခြေအနေတွေရှိပါတယ်။ သောက်ဆေးတွေကို အသုံးပြုနိုင်တဲ့ အခြေအနေတွေကတော့ ဒေစီအလွန်အမင်းစိတ်ကျလက္ခဏာ တွေပြလာတဲ့အခါ၊ ဆိုက်ကိုးဆစ်ရောဂါလက္ခဏာတွေ ပေါ်ပေါက်လာတဲ့အခါ၊ စိတ်လှုပ်ရှားမှုတွေကို မကြာခဏပြင်းပြင်းထန်ထန် ဖော်ပြလာတဲ့အခါမှာ အသုံးပြုနိုင်တဲ့ဆေးတွေရှိပါတယ်။"

"ဒါပေမယ့် ဒေစီခံစားနေရတဲ့ရောဂါမျိုးမှာ ဆေးကိုအသုံးပြုတာဟာ သစ်ပင်အကိုင်းအခက်တွေကို ချိုင်ပေးသလိုပဲရှိမယ်။ အမြစ်နဲ့ပင်စည်က ရှင်သန်နေရင် အကိုင်းအခက်တွေတပြန်ပြီးထွက်လာမှာပါပဲ။"

"ဆိုလိုတာက ဆေးကိုချည်းအားကိုးလို့မရပါဘူး။ ဆေးတွေကို အမြဲဆက်တိုက်ပေးနေဖို့လည်း မသင့်ပါဘူး။"

"ဆမ်က ဘာများဖြည့်ပြီး အကြံပေးချင်သေးလဲ"

"ကျွန်တော်ပြောချင်တာက တစ်ချိန်တည်းမှာပဲ ဒေစီရဲ့လူမှု အခြေအနေနဲ့ စွမ်းဆောင်နိုင်အားတွေတိုးတက်လာအောင် မြေတောင်မြှောက်ပေးနိုင်တဲ့ အစီအစဉ်ကိုလည်း စဉ်းစားသင့်တယ်"ဟု ဆမ်ကအကြံပေးသည်။ ထို့နောက် ဆမ်က ဆက်ပြီး သတင်းပို့သည်။

"တင်းနင့်ခရီ"ကို ရောက်နေပြီ ဒေါက်တာအုန်း။ ကျွန်တော်တို့နားကြမလား။"

"ကောင်းပါတယ်။ ကျွန်တော်လည်း အာခေါင်ခြောက်လာပြီ။ လွှက်ရည်သောက်ချင်တယ်။ ထမင်းလည်းဆာကြရောပေါ့။ တစ်နာရီတောင်ထိုးတော့မယ်"

မြို့လယ်မှစားသောက်ဆိုင်တစ်ခုတွင် နေ့လည်စာ စားကြသည်။ စာရေးသူက အားလုံးအတွက်အကုန်အကျခံလိုက်သည်။ ယခုလိုခရီးထွက်သည့်အခါ အစိုးရက နေစရိတ် စားစရိတ်ပေးပါသည်။ ဆေးကျောင်းသားများအတွက် နေထိုင်ရန် ဆေးကျောင်းမှစီစဉ်ပေးသည်။ စားစရိတ်မပေးပါ။ နေ့လည်စာစားပြီး ခရီးဆက်ထွက်လာကြသည်။ ညစနာရီခန့် အိမ်ပြန်ရောက်သည်။ ညစာအတွက် မြန်မာထမင်းဟင်းကို စားရသည်။ ထမင်းဟင်းမစားရသည်မှာ သုံးရက်ရှိပြီဖြစ်သဖြင့် ထမင်းမြိန်ပါသည်။

## "ကြက်ဥခွံပေါ်မှာ လမ်းမလျှောက်စေလို"

ယခုအပတ်စနေနေ့တွင် စာရေးသူသည် အရေးပေါ်လူနာကြည့်ရန် တာဝန်ကျသည်။ ဆေးရုံမှ လူနာလာရောက်စစ်ဆေးရန် အကြောင်းမကြားသော်လည်း နံနက်ပိုင်းတွင် အရေးကြီးသည့်လူနာများကို သွားရောက်ကြည့်ရှုရသည်။ ပုံမှန်လုပ်ထုံးလုပ်နည်းဖြစ်သည်။

ဆေးရုံသို့သွားသောအခါ ဒေစီကို ခေတ္တစစ်ဆေးသည်။ ဒေစီသည် စာရေးသူစိုးရိမ်သလောက် အခြေအနေမဆိုးတော့ပါ။

သူ့ကိုယ်သူအန္တရာယ် မပြုပါဟုအာမခံသည်။ ဆေးရုံတွင် ဆက်လက်နေထိုင်ရန်လည်း သဘောတူသည်။ တွမ့်မိခင်ရောက်လာပြီး သားတလေးကိုကြည့်ရှုပေးနေကြောင်းသိရ၏။ ခေတ္တအစီအစဉ်ဖြစ်သည့်အတွက် ဒေစီမကာန့်ကွက်ပါ။

စာရေးသူစဉ်းစားထားသည့် အနာဂတ်ကာလတွင် ကုသမှုအစီအစဉ်များကူ အတိုချုံးပြီး ဒေစီ့ကိုပြောပြသည်။ တနင်္လာနေ့တွင် အသေးစိတ်ဆွေးနွေးရန် သဘောတူကြ၏။

တနင်္လာနေ့နံနက်၁၁နာရီတွင် ဒေစီ၏ကိစ္စကို ဆွေးနွေးတိုင်ပင်ရန်လူစုကြသည်။ ဒေါက်တာဂျွန်၊ စိတ်ပညာရှင်အရာရှိ အီဒင်၊ လူမှုရေးဝန်ဆောင် အရာရှိကာရိုလင်း၊ သူနာပြုစင်သီယာ၊ စာရေးသူနှင့် ဆေးကျောင်းသားနှစ်ဦးတက်ရောက်သည်။

စာရေးသူသည် ယခင်အပတ်အပြန်လမ်းတွင် ဆမ်နှင့် ဆွေးနွေးခဲ့သည့် ကုသမှုအစီအစဉ်ကို ပြောပြသည်။ စာရေးသူတို့ ခရီးထွက်နေစဉ် ဒေါက်တာဂျွန်နှင့် ကာရိုလင်းတို့သည် အဓိက ဆောင်ရွက်ဖွယ်ရာကိစ္စများကို သက်ဆိုင်သူများနှင့် ဆွေးနွေးအကောင် အထည်ဖော်ထားကြသည်။

မူးယစ်ဆေးစွဲခြင်းနှင့်ပတ်သက်၍ မူးယစ်ဆေးစွဲကုဌာနမှ အရာရှိ၏ စီမံပေးချက်အရ ဘုရင်မနယ်မြေပြည်နယ်၊ ဘရစ်စဘိန်း မြို့တော်ရှိ မူးယစ်ဆေးကုသမှုစခန်းတစ်ခုတွင် ဒေစီ့အတွက်

တုတင်နေရာရသည်။ ဒေစီသဘောတူလျှင် အတွင်းလူနာအဖြစ် သုံးလနေထိုင်နိုင်သည်။

ဩစတြေးလျနိုင်ငံတွင် မူးယစ်ဆေးနှင့် အရက်စွဲခြင်း ရောဂါကို ကုသပေးသည့်အဖွဲ့အစည်းပေါင်း ၆၆၀ကျော်ရှိသည်။ ၎င်းတို့အတွင်းမှ ၄၆ရာခိုင်နှုန်းမှာ အစိုးရလက်အောက်မှဖြစ်ပြီး ၅၄ရာခိုင်နှုန်းမှာ ပုဂ္ဂလိကပိုင် အဖွဲ့အစည်းများဖြစ်သည်။ ၎င်းအဖွဲ့အစည်းများသည် စီပွားရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းမဟုတ်ပဲ အလှူဒါနပြုသည့်သဘောဖြင့် ကူညီစောင်မခြင်းဖြစ်၏။ အများအားဖြင့် အပြင်လူနာဌာနအဖြစ် ကုသပေးသည်။ သို့သော် မြို့တော်များနှင့် ဒေသအလိုက်မြို့ကြီးများတွင် အတွင်းလူနာအဖြစ် လက်ခံကုသပေးသည့် စခန်းများလည်းရှိသည်။ ဥပမာအားဖြင့် ခရစ်ယာန်ဘာသာအဖွဲ့တစ်ခုဖြစ်သော "ကယ်တင်ခြင်းတပ်"မှ ဦးစီးသည့် အတွင်းလူနာအဖြစ် လက်ခံကုသသည့် မူးယစ်ဆေးစွဲခြင်းရောဂါ ကုစခန်းမျိုးဖြစ်သည်။

ဒေစီသည် ကယ်တင်ခြင်းတပ်မှဖွင့်လှစ်သောစခန်းတွင် ဝင်ခွင့်ရသည်။ စာရေးသူတို့က ဒေစီလက်ခံရန်ဖျောင်းဖျကြသည်။ တိုက်တွန်းအားပေးကြသည်။ ဒေစီသည် ရာခိုင်နှုန်းအတော်များများ လက်ခံလိုသော်လည်း သူမ၏အခက်အခဲများကို ပြောပြသည်။

"ကျွန်မ အဲဒီစခန်းမှာ ၃လသွားနေမယ်ဆိုရင် သားကလေးကို ဘယ်သူကြည့်ပေးမလဲ။ နောက်ပြီး ကျွန်မ တွမ်နဲ့အတူမနေ

တော့ရင် ကျွန်မကလည်း ထောက်ပံ့မှာမဟုတ်ဘူး"

လူမှုရေးဝန်ဆောင်အရာရှိကာရိုလင်းသည် ဤပြဿနာနှင့် ပတ်သက်၍ ကြိုတင်စဉ်းစားထားပုံရသည်။ သူမလုပ်ဆောင်ချက်များကို မှတ်စုရေးထား၏။

သားကလေးကိစ္စနှင့်ပတ်သက်ပြီး ကာရိုလင်းက အစီအစဉ်နှစ်မျိုးရှိကြောင်း ရှင်းပြသည်။ ပထမအစီအစဉ်မှာ သားကလေးကို ကျွန်မနှင့်အတူ အယ်လစ်စပရင်းတွင်ထားခဲ့ရန်ဖြစ်သည်။ ကျွန်မ၏ အမေက သုံးလကလေးထိန်းပေးရန် သဘောတူသည်။ ဒုတိယအစီအစဉ်မှာ ကလေးကို ဘရစ်စဘိန်း မြို့ခေါ်သွားပြီး ခေတ္တမွေးစားသည့်အိမ်တွင် အပ်ထားရန်ဖြစ်သည်။ ဤအစီအစဉ်အရဆိုလျှင် ဒေစီသည် ကလေးကိုတစ်ပတ်တစ်ကြိမ်တွေ့ရန် အခွင့်အရေးရမည်။

ဒေစီက ကြားဖြတ်ဝေဖန်ပြောသည်။

"ကလေးကို မွေးစားမိဘအိမ်မှာထားဖို့တော့ ကျွန်မသဘောမတူဘူး။ စိတ်မချဘူး။ ကျွန်မနဲ့သူ့အမေဆီမှာထားခဲ့ရင် သုံးလပြည့်တဲ့အခါ ကလေးကို ပြန်လွှဲပေးဖို့ ဘယ်သူတာဝန်ယူမလဲ။ သူတို့သားကလေးကိုပြန်မပေးရင် ဘယ်လိုလုပ်မလဲ။"

"ကျွန်မကလည်း သားကလေးကို မွေးစားမိဘတွေနဲ့ ထားတာလက်မခံပါဘူး။ နောက်ပြီးသူက ကတိပေးပါတယ် ဒေစီ့ကျန်းမာရေးကောင်းလာရင် ကလေးကိုလုယူဖို့ သူ့မှာစိတ်ကူးမရှိပါဘူးတဲ့"

ဒေစီပိုမိုအားတက်စေရန် စာရေးသူက ကြားမှဝင်ပြီး ပြောသည်။

"လိုအပ်လာရင် ဒေစီ့အတွက် အထောက်အကူရမယ့် ထောက်ခံချက်တွေ ကျွန်တော်တို့ရေးပေးနိုင်ပါတယ်" "နောက်ပြီး ကျွန်တော်သိသလောက်ပြောရရင် ဒီနိုင်ငံမှာ အဖေနဲ့အမေ ကလေးလုပ်ပွဲဖြစ်လာရင် ၈၅ရာခိုင်နှုန်းလောက် မိခင်တွေအသာရ ပါတယ်။ မိခင်ရဲ့ရောဂါအခြေအနေ အလွန်ဆိုးရွားနေပြီး ကလေး အဖို့သိသာထင်ရှားလောက်အောင် အန္တရာယ်ရှိနေမှ ဖခင်ကို အသာပေးတတ်ပါတယ်။"

"ကျွန်မလုပ်ငန်းအတွေ့အကြုံအရပြောရရင် ဒေါက်တာ အုန်းသိထား သလိုပါပဲ"ဟု ကာရိုလင်းက ထပ်ဆင့်ထောက်ခံသည်။

"ဒေါက်တာနဲ့ကာရိုလင်းတို့အကြံပေးတာကို လက်ခံပါ တယ်။ သားကလေးအတွက်ဆောင်ရွက်ပေးတဲ့ ယာယီအစီအစဉ်ကို သဘောတူနိုင် ပါတယ်"ဟု ဒေစီကသူမသဘောထားကိုပြောပြရင်း နောက်ဆက်တွဲမေးခွန်းကိုမေးသည်။

"ဒါပေမယ့် ဒီသုံးလအတွင်း ကျွန်မကိုဘယ်သူထောက်ပံ့ မလဲ"

"အစိုးရက ထောက်ပံ့ပါလိမ့်မယ် ဒေစီ။ ဒီအတွက် စိတ် မပူပါနဲ့"

ကာရိုလင်းက သွက်သွက်လက်လက်အဖြေပေးနိုင်သည်။

မှန်ပါသည်။ အစိုးရမှ လူမှုဖူလုံရေးအတွက် နိုင်ငံသားများကို ထောက်ပံ့ကြေးအမျိုးမျိုး ပေးပါသည်။ ဒေစီ ကလေးနှင့်အတူနေလျှင် တစ်ကိုယ်တည်းနေမိခင်အဖြစ် ထောက်ပံ့ကြေးရမည်။ ကလေးနှင့်အတူမနေလျှင် အလုပ်လက်မဲ့ထောက်ပံ့ကြေးရမည်။ ရောဂါတစ်ခုခုကြောင့် အလုပ်အကိုင်လုပ်ကိုင်နိုင်စွမ်းမရှိလျှင် မစွမ်းမသန်သူအဖြစ် ထောက်ပံ့ကြေးရမည်ဖြစ်သည်။ ဒေစီသည် မကြာမီရက်ပိုင်းက မူးယစ်ဆေးသောက်သုံး၍ ဆိုက်ကိုးဆစ်ရောဂါ ခံစားရသည်။ ထို့နောက် မူးယစ်ဆေးစွဲရောဂါကို ကုသရန်အတွက် ဆေးကုစခန်းတွင် ကြာရှည်စွာကုသရန်လိုအပ်မည်ဆိုလျှင် ဒေစီသည် မစွမ်းမသန်ဆေးပင်စင်ကို ခေတ္တလပိုင်းရယူပိုင်ခွင့်ရှိသည်။

"ကျွန်တော့်အနေနဲ့ ဒေစီ့အတွက် ခေတ္တဆေးပင်စင်ရဖို့ ထောက်ခံနိုင်ပါတယ်"

ဒေစီသည် ဘရစ်စဘိန်းမြို့တွင်ရှိသော "ကယ်တင်ခြင်းတပ်" မူးယစ်ဆေး ကုသစခန်းသို့သွားရောက်ပြီး ကုသမှုခံရန်သဘောတူပုံရသည်။ သူမက ၎င်းစခန်းတွင်ရရှိမည့် ကုသမှုအမျိုးအစားနှင့် သူမဘက်မှ ကုန်ကျစရိတ်များ ကိစ္စကို စုံစမ်းသည်။

"အဲဒီစခန်းမှာသွားနေရင် ကုန်စရိတ်ကိုဘယ်သူပေးရမလဲ။ အစိုးရက အကုန်အကျခံမလား"

"အခုဒေစီသွားနေရမယ့်စခန်းက အစိုးရဌာနက ဖွင့်ထားတာမဟုတ်ဘူး။ ဒါပေမယ့် စီးပွားရေးသက်သက်ဆေးခန်းမျိုးလည်း

မဟုတ်ပါဘူး။ အစီအစဉ်က ဒီလိုပါ။ ဆေးခန်းက ဒေစီ့စားရေးနေရေးနဲ့ ကုသမှုစရိတ်တွေအတွက် ဒေစီ့ကိုအစိုးရကထောက်ပံ့မယ့် ဆေးပင်စင်ဝင်ငွေရဲ့ ၈၀ရာခိုင်နှုန်းကို ယူမယ်။ ၂၀ရာခိုင်နှုန်းက ဒေစီအထွေထွေသုံးစွဲဖို့ အိပ်ဆောင်ငွေဆိုပါတော့" ဟု ကာရိုလင်း ရှင်းပြသည်။

ကုသမှုအစီအစဉ်နှင့်ပတ်သက်ပြီး စာရေးသူက ထပ်မံရှင်လင်းပြသည်။ မူးယစ်ဆေးစွဲသူ၊ အရက်စွဲသူများကို ပြုစုပျိုးထောင်ရာတွင် ကယ်တင်ခြင်းတပ်သည် လေ့ကားချထစ် - ခြေလှမ်းချလှမ်းစနစ်ကိုသုံးသည်။ သုံးလမှကိုးလအထိ အချိန်ယူကုသနိုင်သည်။ ဒေစီဆန္ဒရှိလျှင် ၃လထက်ပိုပြီးနေနိုင်သည်။ ခရစ်ယာန်ဘာသာကိုသက်ဝင်ယုံကြည်သူများနှင့်သင့်လျော်သည်။ ဒေစီယုံကြည်သည့်ဘုရားသခင်၏အလိုတော်အတိုင်း မိမိဘဝကိုအပ်နှံရသည်။ ထိုမှတဆင့် မိမိ၏စိတ်ဓာတ်စွမ်းအင်နှင့် ဘဝအမြင်ကိုတိုးတက်စေရန်အားထုတ်ရသည်။ အရှုံးပေးစိတ်မှ အောင်ပွဲခံလိုစိတ်ပေါ်ပေါက်စေရန် အဖက်ဖက်မှအားပေးသည်။ မူးယစ်ဆေး၏သားကောင်ဘဝမှမူးယစ်ဆေးကို အနိုင်ယူကျော်လွှားနိုင်သည့် သခင်ဖြစ်ဖို့ကြိုးစားရသည်။

ဤကဲ့သို့ စိတ်ဓာတ်ကိုပြုပြင်ပျိုးထောင်ရန် နည်းမျိုးမျိုးကိုအသုံးပြုသည်။ သို့သော် ဤအစီအစဉ်မှာ လူနာကိုယ်တိုင် စိတ်ကူးကိုယ်တူသဘောတူ လိုက်နာကြိုးစားရမည့် အစီအစဉ်ဖြစ်သည်။

ဒေစီစိတ်မပါတော့လျှင် ငြီးငွေ့လာလျှင် အချိန်မရွေးစခန်းမှ ထွက်လာနိုင်သည်။

"ဒေါက်တာတို့ပြောနေတဲ့ ပီတီအက်စ်ဒီနဲ့ဘော်ဒါလိုင်းဝေဒနာကို အဲဒီစခန်းမှာကုသပေးသလား" ဟု ဒေစီက စိတ်ပါဝင်စားစွာမေး၏။

"စခန်းရဲ့ အဓိကအစီအစဉ်ထဲမှာတော့မပါဘူး။ ဒါပေမယ့် စခန်းကိုရောက်လာတဲ့ လူနာတွေရဲ့အခြေအနေပေါ် မူတည်ပြီး လိုအပ်သလို ကုသခံနိုင်ဖို့ရန်အတွက် စခန်းကစီစဉ်ပေးပါတယ်"

" ဒေစီသောက်နေတဲ့ဆေးတွေကို အတိုးအလျှော့လုပ်ဖို့ စိတ်ရောဂါအခြေအနေကို စမ်းသပ်ကြည့်ရှုနေဖို့ စခန်းကိုအပတ်စဉ် စိတ်ရောဂါကုဆရာဝန်လာတယ်လို့သိရတယ်။ အထူးကုဆရာဝန်ကို ဒေစီက ခြေကြွခဆေးကုခပေးစရာမလိုပါဘူး။ အစိုးရက ပေးလိမ့်မယ်။ ဆရာဝန်က ကျန်းမာရေး စောင့်ရှောက်မှုကတ်ပြားကိုအသုံးပြုပြီး အစိုးရဆီက တိုက်ရိုက်တောင်းခံမှာဖြစ်ပါတယ်။

ဩစတြေးလျနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုကတ်ပြားကို နိုင်ငံသားတိုင်းရရှိသည်။ ၎င်းကတ်ပြားကိုအသုံးပြုပြီး အပြင်ဆေးခန်းသွားလျှင် ဆရာဝန်က ကတ်ပြား၌ခွင့်ပြုထားသော နှုန်းထားအတိုင်း အစိုးရထံ လူနာစာရင်းပြပြီးတောင်းသည်။ ဆေးပင်စင်စားနေသည့်လူနာ၊အလုပ်လက်မဲ့ဖြစ် နေသည့်လူနာဖြစ်လျှင် ဆရာဝန်များက အပိုကြေးမတောင်းခံပါ။ ပုံမှန်ဝင်ငွေ

အခြေအနေကောင်းသည့် လူနာများဖြစ်လျှင် ၎င်းကတ်မှခွင့်ပြုငွေ ထက်ပိုမိုပြီး ဆေးကုခတောင်းပါသည်။ ထိုအခါ လူနာက အိတ်ထဲမှ စိုက်ပြီးပေးရမည်။

ကျန်းမာရေးစောင့်ရှောက်မှုကတ်ပြားထားရှိသည့် အစီအစဉ်မှာ တစ်နိုင်ငံလုံး လူတိုင်းလူတိုင်း ငွေကြေးမတတ်နိုင်သော်လည်း အခမဲ့ဆေးကုသခွင့်ရရှိရန် ရည်ရွယ်ချက်ကိုအခြေခံသည်။ တစ်နှစ်တစ်နှစ်လျှင် ၎င်းအစီအစဉ်အတွက် အစိုးရကဂျီပီ ဆရာဝန်များ၊ အထူးကုဆရာဝန်များ၊ သွေးစစ်ဌာနများ၊ ဓာတ်မှန်ရိုက်ဌာနများကို ပေးဆောင်ရသည့်ငွေမှာ ဒေါ်လာ၁၅ဘီလီယံကျော်ရှိကြောင်းသိရသည်။

မကြာမီက အစိုးရသည် စိတ်ကျန်းမာရေးကုသမှု တိုးတက်မှုရှိစေရန်အတွက် ဆရာဝန်များအပြင် စိတ်ပညာရှင်များ လူနာကို စိတ်ကုထုံးကုနည်းဖြင့် ကုသနိုင်စေရန် အားပေးလာသည်။ စိတ်ဝေဒနာရှင်လူနာများ အလွယ်တကူ အခမဲ့ကုသခံနိုင်ရန်အတွက် စိတ်ပညာရှင်နှင့်ကုသမှုခံယူလျှင် ကျန်းမာရေးစောင့်ရှောက်မှုကတ်ပြားကို အသုံးပြုနိုင်သည်။

"ဒါကြောင့် ဒေစီမူးယစ်ဆေးကုစခန်းမှာနေစဉ်မှာ စိတ်ရောဂါကုဆရာဝန်နဲ့ စိတ်ပညာရှင်တို့ရဲ့ကုသမှုကို အခမဲ့ရရှိမှာ ဖြစ်ပါတယ်"

## ပြိုမသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

" စိတ်ပညာရှင်နဲ့ကုတယ်ဆိုတာ ထိုင်ပြီးစကားပြောကြတာပဲ မဟုတ်လား ဘာအကျိုးရှိနိုင်သလဲ။"

ဒေစီက သူကြားဖူးသည့် "စကားပြောကုထုံး" ကို ဆိုလိုခြင်းဖြစ်သည်။ သိပ်ပြီး အရေးထားအလေးကြီးပုံမရပါ။

" စကားပြောကုတာတော့ဟုတ်တယ်။ဒါပေမဲ့ အလွှာပ သလွှာပ ပြောတာမဟုတ်ပါဘူး။ ပြောပြီးသားတွေ ထပ်ပြန်တလဲလဲ ခေတ်ပြားဟောင်း " စီဒီ " ဟောင်းကြီးကို ဖွင့်တာမျိုးမဟုတ်ပါဘူး။ ဒေစီခံစားနေရတဲ့ စိတ်ဝေဒနာအတွက် ထိရောက်စွာကုသနိုင်တဲ့ စိတ်ကုထုံး ကုနည်းတစ်ခုရှိတယ်"

" ဘယ်လိုကုထုံးမျိုးလဲ ဒေါက်တာ"

" ကုထုံးအမည်က " အနုလုံပဋိလုံ" ကျိုးကြောင်းဆင်ခြင် အားထုတ် စိတ်ကုထုံးကုနည်း" လို့ခေါ်တယ်။ အီဒင်က စိတ်ပညာရှင်အနေနဲ့ ဒေစီ့ကို အသေးစိတ်ရှင်းပြနိုင်မယ်ထင်တယ်။"

စိတ်ပညာရှင်အီဒင်က တာဝန်ယူပါသည်။

" ဒေစီ မကြာမီရက်ပိုင်းအတွင်း ဘရစ်စဘိန်းမြို့ကိုသွားမှာဆိုတော့ ကုသမှုကိုတော့မစတော့ဘူး။ ဒါပေမဲ့ ညနေပိုင်း ဒေစီ့ကို တစ်ဦးချင်းတွေ့ပြီး ရှင်းပြပါမယ်။"

ဒေစီသည် စာရေးသူတို့အဖွဲ့မှ စီစဉ်ပေးသည်တို့ကို လက်ခံသဘောတူသဖြင့် အားလုံးဝမ်းသာကြ၏။ ၂ရက် ၃ရက်အတွင်း ဒေစီ နေ့လယ်ပိုင်းအိမ်ပြန်ပြီး သားကလေးနဲ့တွေ့သည်။ အစစ

**အဆင်ပြေစိတ်**ချရသည့်အခါ အိမ်ပြန်ခွင့်ပြုလိုက်သည်။ ကာရီ လင်းက နေ့စဉ်အိမ်သို့သွားရောက် ကြည့်ရှုအားပေးသည်။ တွမ်နှင့် သူ၏မိခင်တို့ကလည်း ဒေစီကို မိတ်ဆွေလိုကူညီကြ၏။ တွမ်က တစ်လလျှင်တစ်ကြိမ် သားကလေးကို ဘရစ်စတိန်းမြို့သို့ သူနှင့်အတူ ပို့ပေးမည်ဟု ကတိပြုသည်။ နောက်ဆုံးအနေဖြင့် လိုက်လျောကူညီ ခြင်းဖြစ်မည်။

စာရေးသူနှင့်ဒေါက်တာဂျွန်သည် ဒေစီကို အပြင်လူနာ အဖြစ် တစ်ကြိမ်စစ်ဆေးသည်။ တစ်ပတ်ခန့်ကြာသောအခါ ဒေစီ ဘရစ်စတိန်းမြို့ရှိ ကယ်တင်ခြင်းတပ်မှူးယစ်ဆေးဝါးကုသစခန်းသို့ သွားရောက်မည်ဖြစ်သည်။ "ကုသမှုအောင်မြင်ပါစေ" ဟု စာရေး သူက နောက်ဆုံးနှုတ်ဆက်ပြီးပြောသည်။

စာရေးသူသည် ရုံးခန်းအတွင်းစာအုပ်စင်ပေါ်မှ စာအုပ် တစ်အုပ်ကိုယူပြီး ဒေစီဖတ်ရန်ပေးလိုက်သည်။

" ဒေစီ စာဖတ်ဝါသနာပါတယ်မဟုတ်လား။ ဒီစာအုပ်ကို ဖတ်ကြည့်ပါ။ အကျိုးရှိနိုင်ပါတယ်။"

ဒေစီသည် စာအုပ်မျက်နှာဖုံးကိုဖတ်ကြည့်ပြီး "ကျေးဇူး တင်ပါတယ်" ဟု ပြောသည်။ ထို့နောက် "စာအုပ်နာမည်က စိတ်ဝင် စားစရာပါပဲ"ဟုလည်း မှတ်ချက်ချထွက်ခွာသွားပါသည်။

စာအုပ်၏အမည်မှာ " ငါ့ကိုဒီနေရာမှကယ်တင်ပေးပါ" "ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းမှ လွတ်မြောက်ခဲ့သူ"

ဟုခေါ်သည်။ လူနာရှင်ကိုယ်တိုင် သူမ၏အတွေ့အကြုံများကို မှတ်တမ်းတင်ထားသည့် စာအုပ်ဖြစ်သည်။ စာရေးသူ၏အမည်မှာ ရေချယ်ရီလင်းဒ်ဖြစ်သည်။

ဒေစီထွက်ခွာသွားသော် ဒေါက်တာဂျွန်သည် အခန်းတွင်း စာအုပ်စင်မှ စာအုပ်တစ်အုပ်ကိုဆွဲထုတ်ပြီး "ဒေါက်တာအုန်း၊ ကျွန်တော် ဒီစာအုပ်ကိုဖတ်ချင်တယ်။ ခဏယူသွားလို့ရမလား" ဟု မေးသည်။

"ရပါတယ် ကြိုက်တဲ့စာအုပ်တွေ ယူဖတ်နိုင်ပါတယ်" ဟု အဖြေပေးရင်း စာအုပ်မျက်နှာဖုံးကိုကြည့်လိုက်သည်။ ဘော်ဒါလိုင်း ဝေဒနာ အကြောင်းရေးသားထားသည့်စာအုပ်ဖြစ်သည်။ "ကြက်ဥ ခွံပေါ်မှာ လမ်းမလျှောက်ပါနဲ့တော့" ဟု အမည်ပေးထားသည်။

## "အနုလုံ ပဋိလုံ"

ဆေးကျောင်းသားများ စာရေးသူ၏စိတ်ရောဂါကု ဌာနတွင် နှစ်ပတ်လာရောက်လေ့လာပြီးလျှင် ၎င်းတို့လေ့လာစမ်းသပ်ခဲ့သည့်လူနာများမှ လူနာတစ်ဦးဦး၏ ရောဂါမှတ်တမ်းဆွေးနွေးချက်ကို စာစီစာကုံးရေးရသည်။ ၎င်းတို့တက်ရောက်နေသည့် ဆေးတက္ကသိုလ်၏ လိုအပ်ချက်တစ်ခုဖြစ်သည်။

ဆေးကျောင်းသားတစ်ဦးသည် ဒေစီ၏ရောဂါရာဇဝင်ကို ရေးသားရန်ရွေးချယ်ထား၏။ သူက အစည်းအဝေးတွင်ပြောနေကြသည့် " အနုလုံ ပဋိလုံ ကျိုးကြောင်းဆင်ခြင်ပြုမှုအားထုတ် စိတ်

ကုထုံး” အကြောင်းကို ပြောပြရန်ဆန္ဒပြုသည်။ ၎င်းကုထုံး၏အဓိက အချက်များကို စာရေးသူက ရှင်းလင်းပြရသည်။

ဤကုထုံးကို အင်္ဂလိပ်လိုအတိုချုံးပြီး “ ဒီဘီတီ ” ဟု ခေါ်သည်။ အမေရိကန်နိုင်ငံ၊ ဝါရှင်တန်တက္ကသိုလ် စိတ်ပညာရှင် လိုင်နီဟန်ဆိုသူက ၁၉၇၂ ခုနှစ်မှ၊ စတင်တီထွင်အသုံးပြုခဲ့သည်။

“ ဒီဘီတီ” ကုထုံးကုနည်းကိုဆောင်ရွက်ရာတွင် လူနာနှင့် ကုသမှုပေးသူ ပညာရှင်တို့သည် ရည်ရွယ်ချက်သုံးမျိုးကို အဓိက မှတ်တိုင်အဖြစ် သဘောတူရသည်။

ပထမရည်ရွယ်ချက်မှာ လူနာအတွက်အန္တရာယ်ရှိသည့် အပြုအမူများကို တိုက်ဖျက်ရန်ဖြစ်သည်။ ဥပမာအားဖြင့် ဒေစီပြုမူ လေ့ရှိသည့် မူးယစ်ဆေးအလွန်အကျွံသောက်သုံးခြင်း၊ လူမှုရေး ပြဿနာကြုံကြိုက်လာလျှင် မိမိကိုယ်ကိုသေကြောင်းကြံခြင်း၊ အခြားသူတစ်ဦးတစ်ယောက်ကို လက်လွတ်စပယ် အနာတရဖြစ် အောင်လုပ်ခြင်းတို့ဖြစ်၏။

ဒုတိယရည်ရွယ်ချက်မှာ စိတ်ကုထုံးလုပ်ငန်းစဉ်ကို အနှောင့် အယှက်ဖြစ်အောင် ပြုလုပ်တတ်ခြင်းမျိုးကို ရှောင်ရှားရန်ဖြစ်သည်။ ဆေးကုသခံရန် ရက်ချိန်းပေးထားသည့်အတိုင်း မှန်မှန်မတက် ရောက်ခြင်းတို့ကို ဒေစီလုပ်တတ်သည်။ မယ်လဘုန်းမြို့ဆေးရုံမှ ဆေးရုံဆင်းလာပြီးနောက် ကုသမှုကို ဆက်လက်မခံယူခြင်းမျိုး ဖြစ်သည်။

တတိယရည်ရွယ်ချက်မှာ မိမိဘဝတိုးတက်ကောင်းမွန်လာစေရန် ရည်မှန်းချက်ထားပြီး ကြိုးစားရန်ဖြစ်သည်။

"အဲဒီလိုရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ ဘယ်လိုလမ်းညွှန်ကုသပေးသလဲ"ဟု ဆေးကျောင်းသားကမေးသည်။

စာရေးသူက ဆက်လက်ရှင်းပြရသည်။

"မှန်ပါတယ်။ မဟာဗျူဟာ ရည်ရွယ်ချက်အတိုင်း အောင်မြင်ရန် နည်းဗျူဟာအမျိုးမျိုး အသုံးပြုပါတယ်"

ကုသသူပညာရှင်က လူနာကိုနေ့စဉ် ကိုယ်တွေ့မှတ်တမ်းရေးစေသည်။ လူနာသည် ကုသသူပညာရှင်နှင့် တစ်ပတ်တစ်ကြိမ်တွေ့ဆုံသည့်အခါ ၎င်းရေးမှတ်လာသည့် နေ့စဉ်မှတ်တမ်းပါအချက်အလက်များကို ဆွေးနွေးသည်။ မိမိ၏နေ့စဉ်အတွေ့အကြုံ စိတ်ခံစားမှုနှင့်စိတ်ကူး စိတ်သန်းများကို စာရွက်ပေါ်တွင်ရေးချခြင်းအားဖြင့် မိမိကိုယ်ကို ပိုမိုနားလည်လာနိုင်သည်။

" ဒီဘီတီ" စိတ်ကုထုံးနည်းတွင် အရေးပါသည့်နည်းဗျူဟာတစ်ခုမှာ အရှိကိုအရှိအတိုင်း မြင်တတ်အောင် ကြိုးစားရခြင်းဖြစ်သည်။ သတိပဋ္ဌာန်တရား ပွားများရခြင်းဖြစ်၏။ စိတ်ပညာရှင်လိုင်နီဟန်က ဤအယူအဆကို ဗုဒ္ဓဘာသာတွင် တရားထိုင်သည့်အခါအသုံးပြုသည့်ကျင့်စဉ်မှရယူသည်ဟု ဝန်ခံထားသည်။ သို့သော်ဘာသာရေးအတွေးအခေါ်ကို တင်ပြခြင်းမဟုတ်ဟု ဆိုပါသည်။ လူမျိုးတိုင်းဘာသာဝင်တိုင်း ပါဝင်လုပ်ကိုင်အသုံးချနိုင်သည်။

# ဒေါက်တာဟုန်းကျော်

နေ့စဉ်ဘဝအတွေ့အကြုံများနှင့် မိမိစိတ်အတွင်း၌ဖြစ်ပေါ်နေသည့် [illegible]ဖြစ်စဉ်များကို အရှိအတိုင်းရှုမြင်ရမည်။ ဝေဖန်ပြစ်တင်ခြင်းကင်းသည့် ပကတိမျက်စိနှင့်ကြည့်ရမည်။ မိမိတွေ့ရှိခံစားရသည့် အတိုင်းအခြားသူများကို ပြောပြနိုင်ရမည်။ မိမိလုပ်ကိုင်နေသည့် လုပ်ငန်းများတွင်သာ အာရုံစိုက်နေရမည်။ တစ်ချိန်တွင် အလုပ်တစ်မျိုးကိုသာ ဇောက်ချလုပ်ရမည် စသည်တို့ဖြစ်ပါသည်။

"ဒီလိုလုပ်နိုင်ဖို့လွယ်မလား ဒေါက်တာ"

ဆေးကျောင်းသားတစ်ဦးက ကောက်ချက်ချသည်။

"မလွယ်ပါဘူး။ ဒါကြောင့် လူနာအမြဲသတိထားလေ့ကျင့်နေဖို့အားပေးရတယ်။ သူတို့အခက်အခဲတွေကို အပတ်တိုင်း စစ်ဆေးပြီး အကြံပေးကူညီရပါတယ်"

"ကျွန်တော့်စိတ်ထဲမှာ မရှင်းသေးဘူးဒေါက်တာ။ ဗုဒ္ဓဘာသာဝင်တွေကျင့်သုံးတဲ့ တရားထိုင်နည်းကိုအလေးထားတော့ ကျွန်တော်တို့လို ခရစ်ယာန်ဘာသာဝင်အနေနဲ့ ဘာသာရေးအတွေးအခေါ် ဒဿနိကဗေဒအမြင်မှာ ပဋိပက္ခမဖြစ်ဘူးလား"

"ခင်ဗျားဝေဖန်တာ တရားပါတယ်။ ဒါပေမယ့် ကျွန်တော်သိသလောက်ပြောရရင် ပဋိပက္ခမရှိပါဘူး။ ဗုဒ္ဓဘာသာဝင်တွေတရားထိုင်တာမှာ ရည်ရွယ်ချက်က နိဗ္ဗာန်ကို မျက်မှောက်ပြုရန်ဖြစ်ပါတယ်။ "ဒီဘီတီ"ကုထုံးက အဲဒီအဆင့်အထိ သင်ကြားပေးတာမဟုတ်ပါဘူး။ အရှိကိုအရှိအတိုင်းမြင်အောင် ရှုနိုင်တဲ့သတိ

ပဋ္ဌာန်တရားကြောင့် ယခုလောဒလာလတ်လတ် ခံစားနေရတဲ့ စိတ်သောကဝေဒနာတွေကို သက်သာစေပါတယ်။ ပြဿနာကို ရင်ဆိုင်ရာမှာခုခံနိုင်အား ကြီးမားစေပါတယ်။ ဒီလောက်ပဲ ရည်ရွယ်ထားပါတယ်"

"ဒီဘီတီ" စိတ်ကုထုံးသည် စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရည်ရှိအောင် ကြိုးစားအားထုတ်ရန် တိုက်တွန်းသည်။ လူ့ဘဝတွင် တွေ့ကြုံရသည့် ဘဝပြဿနာများကို ဘာမဆိုပြေလည်အောင် ဖြေရှင်းနိုင်ကြလျှင် အလွန်ကောင်းမွန်ပါသည်။ သို့သော် လက်တွေ့လောကတွင် ထင်သလိုအရာမရောက်သည့် အတွေ့အကြုံများစွာ ရှိပါသည်။ ရာသီဥတုကိုဖန်တီးလို့မရလျှင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိအောင် ကြိုးစားရမည်။ မုန်တိုင်းကို မတားဆီးနိုင်လျှင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုနည်းပါးအောင် ပြင်ဆင်ရမည်။ "ဒီတီဘီ" လူနာ၏ စိတ်အခြေခံခိုင်မာစေရန် မြေတောင်မြှောက်ပေးသည်။ သစ်ကိုင်းလိုမာစေပြီး ကိုင်းပင်လိုအလိုက်သင့် ကိုင်းညွတ်နိုင်စေရန် နည်းလမ်းပေးခြင်းဖြစ်သည်။

ကုသသူပညာရှင်က လူနာလေ့ကျင့်ပျိုးထောင်ရန် နည်းပရိယာယ်များကို သင်ကြားပေးပြီး လူနာကိုယ်တိုင် အခွင့်အခါသင့်တိုင်း ကြိုးစားအားထုတ်လေ့ကျင့်စေသည်။ လူနာစိတ်သောကများလာလျှင် သာယာကြည်နူးဖွယ်ရာ အဖြစ်အပျက်များ၊ ရှုခင်းများကို စိတ်ကူးစေသည်။ "ငါဘာကြောင့် ဒီလိုခံစားနေရသလဲ"ဟု

မိမိကိုယ်ကိုပြန်မေးပြီး အဖြေရှာခိုင်းသည်။

ဥပမာဒေစီသည် မယုံသင်္ကာစိတ်နှင့်အတူ တွမ်အပေါ်တွင် ဒေါသစိတ်တွေ ဖြစ်ပေါ်လာသည်ဆိုပါစို့။ ဤလိုဒေါသစိတ်ဖြစ်ပေါ်လာသည့်တဒင်္ဂ အချိန်တွင် "နောက်ကိုတစ်လှမ်းဆုတ်"ပြီး "ငါဘာကြောင့် ဒေါသထွက်တာလဲ၊ မသင်္ကာဖြစ်တာလဲ"ဟု မိမိကိုယ်ကို မေးခွန်းထုတ်သည့် အကျင့်မျိုးကိုပွားများ စေရန်လမ်းပြပေးသည်။ အဖြေမှန်ကို ရချင်မှရမည်။ သို့သော် စိတ်ခံစားမှုကို ခမ္မခိဌာန်ကျကျ စဉ်းစားသည့်အတွေးဖြင့် လွှမ်းမိုးစေခြင်းဖြင့် မသာယာသည့် စိတ်ဝေဒနာခံစားမှုကို သက်သာစေသည်။

"လူနာတိုင်းမှာ အဲဒီလိုစဉ်းစားတွေးတောနိုင်တဲ့ ပင်ကိုယ်ဉာဏ်ရှိနိုင်မလား ဒေါက်တာ"

ဆေးကျောင်းသားတစ်ဦးက သူ၏အမြင်ကို တင်ပြသည်။

"ခင်ဗျားပြောတာ မှန်ပါတယ်။ အချို့လူတွေဟာ အတွေးသမားမဟုတ်ကြပါဘူး။ ပင်ကိုယ်ဉာဏ်ကောင်းပေမယ့် စဉ်းစားဆင်ခြင်ပြီးတွေးခေါ်တာမျိုး မလုပ်ကြဘူး။"

"အဲဒီလိုအခက်အခဲရှိရင် စဉ်းစားတွေးတောမယ့်အစားလူကိုအရှိန်သတ်ပြီး အသက်ကို ညင်ညင်သာသာနဲ့ ဖြည်းဖြည်းရှူရှိုက်တဲ့အလေ့ကို သင်ပေးနိုင်ပါတယ်။ ခင်ဗျားတို့စမ်းကြည့်ပါလား။ အသက်ကိုဖြေးဖြေးနဲ့ ညင်ညင်သာသာရှူပြီး ဒေါသကြီးလို့မရဘူး။"

ဆေးကျောင်းသားများက ပြိုင်တူပြုံးလိုက်ကြသည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

"နောက်တစ်မျိုးအကြံပေးချင်တာကတော့ စိတ်လှုပ်ရှားမှုတွေ ဖြစ်လာရင် မိမိယုံကြည်ကိုးကွယ်တဲ့ဘာသာက သင်ကြားပို့ချချက်တစ်ခုခုကို အထပ်ထပ်ရွတ်ဆိုနေဖို့ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာဝင်တွေမှာ ပုတီးစိပ်တဲ့အလေ့အထရှိတာ ခင်ဗျားတို့ ကြားဖူးမြင်ဖူးမယ်ထင်တယ်။ အဲဒီအလေ့အထဟာ စိတ်တည်ငြိမ်စေတယ်။ စိတ်ကို အလုပ်တစ်ခုမှာ အစဉ်အမြဲအာရုံပြုနေစေပါတယ်။"

"ဘာသာရေးအယူအဆမရှိတဲ့ လူနာတွေကို ဘယ်လို အကြံပေးမလဲ"

ဆေးကျောင်းသားတစ်ဦးက ဝင်ပြီးထောက်သည်။ မှန်ပါသည်။ ဩစတြေးလျနိုင်ငံတွင် နိုင်ငံသားအားလုံး၏ ၂၂ရာခိုင်နှုန်းကျော်သည် ဘာသာရေးအယူအဆမရှိသူ၊ ဘာသာရေးမယုံကြည်သူများဖြစ်ကြောင်းသိရသည်။ ထို့အပြင် ကျန်လူတော်တော်များများမှာ ဘာသာရေးနှင့်ပတ်သက်ပြီး ကိုင်းရှိုင်းဝတ်ပြုမှုမရှိဟုဆိုသည်။

"ဘာသာရေးမယုံကြည်သူ၊ ကိုင်းရှိုင်းဝတ်ပြုမှုမရှိသူ လူနာများအတွက် အကြံပေးနိုင်တာရှိပါတယ်။ လူနာကြိုက်နှစ်သက်ပြီး လူနာရဲ့စိတ်ကို အားပေးမှု ကြည်နူးမှုဖြစ်စေတဲ့ စာကြောင်းတစ်ခုကို ရှာခိုင်းပါ။ စိတ်ထိခိုက်လှုပ်ရှားလာရင် အဲဒီစာကြောင်းကို အထပ်ထပ်ရွတ်ဆိုနိုင်ပါတယ်"

"ဒေစီဟာ ဘာသာရေးယုံကြည်သူလား မယုံကြည်သူလား"

စာရေးသူအငိုက်မိသွားသည်။ အမှန်ဝန်ခံရလျှင် ဒေစီ၏ ဘာသာရေးအယူအဆနှင့် ပတ်သက်ပြီး စာရေးသူမဆွေးနွေးရသေးပါ။

"ကျွန်တော်ပြောနိုင်တာကတော့ ဒေစီဟာ ဘာသာရေးကိုင်းရှိုင်းမှု နည်းသူလို့ပြောရမယ်။ ဘုရားရှိခိုးကျောင်းကို သွားလေ့သွားထမရှိဘူး။ ဒါပေမယ့် သူမစာဖတ်ဝါသနာပါတယ်။ အားပေးမှုရရှိရင် စဉ်းစားဆင်ခြင်နိုင်စွမ်းရှိနိုင်တယ်။"

ဆက်လက်၍ "ဒီဘီတီ"ကုထုံးတွင် သင်ကြားလေ့ကျင့်ပေးသည့် စဉ်းစားဆင်ခြင်ခြင်းနှင့် ပတ်သက်သည့် နည်းပရိယာယ်ကို ပြောပြသည်။

ဘဝပြဿနာနှင့် စိတ်ဖိစီးမှုဒဏ်ကို ခံနိုင်ရည်အား သန်မာစေရန် ဆင်ခြင်ပုံဆင်ခြင်နည်းဖြစ်သည်။ အပြန်အလှန် ဟိုဘက်ဒီဘက်ထောင့်မျိုးစုံမှ ကြည့်ရှုရန်အားပေးသည်။ စိတ်သောကဒဏ်ကိုမခံနိုင်လျှင် ဘယ်လိုအကျိုးရှိနိုင်သလဲ ဒါမှမဟုတ် ဘယ်လိုအကျိုးဆုတ်ယုတ်နိုင်သလဲ စသည့်ဖြစ်နိုင်ခြေရှိသည့် အချက်အလက်များကို အဟန့်အတားမရှိပဲ စဉ်းစားတွေးထင်စေသည်။ စိတ်ထဲတွင် ပေါ်ပေါက်လာသည့် အချက်အလက်အထောက်အထားများကို စာရွက်ပေါ်တွင် ရေးချနိုင်ပါက ပိုမိုထိရောက်သည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

မကြာမီက စာရေးသူ ဖတ်လိုက်ရသည်။ အမေရိကန် သမ္မတဘာရက်အိုဘားမားသည် ညတိုင်း ဒိုင်ယာရီနှင့်နေ့စဉ်မှတ်တမ်း ရေးသည်။ သူက သူ၏အတွေ့အကြုံနှင့် စဉ်းစားဆုံးဖြတ်ချက်များ ကို စာဖြင့်ရေးချခြင်း၏ အကျိုးကျေးဇူးကို ယခုလိုပြောပါသည်။

"စာရွက်ပေါ်မှာရေးချဖို့ အားထုတ်တဲ့အခါမှာ အဆီအငေါ် မတည့်ပဲ ပွစ္ရှုပ်နေတဲ့အတွေးတွေဟာ အစီအစဉ်တကျ ဖြစ်လာပြီး ပိုမိုပြတ်သားလာပါတယ်" ဟုဆိုသည်။

"ဒီဘီတီ" ကုထုံးတွင် သံသယစိတ်၊ မသင်္ကာစိတ်လွန်ကဲမှု ကို တိုက်ဖျက်နိုင်ရန် နည်းလမ်းများကိုလည်း သင်ကြားပေးသည်။

ဒေစီ၏ စိတ်ဝေဒနာများကို ဥပမာပြုပြီးပြောမည်။ ဒေစီ သည် တွမ့်အပေါ်တွင် မယုံသင်္ကာစိတ်၊သံသယစိတ် လွန်ကဲသူ ဖြစ်သည်။ တွမ့်ကို အခြား မိန်းမတစ်ဦးဦးနှင့် အမြဲစွပ်စွဲနေသည်။ ဤလိုသံသယစိတ်မျိုးကို အတင်းအဓမ္မငြင်းခုံပြီး ပြေပျောက်သွား အောင်တိုက်တွန်း၍မရ။ အမည်းမဟုတ်ပါဘူး။ အဖြူပါဟု တိုက် ရိုက်ငြင်းဆန်သော်လည်း အကျိုးမထူးနိုင်ပါ။ ထို့ကြောင့် စိတ်ပညာ ရှင်များက ယခုလိုအကြံပေးသည်။

သံသယစိတ်၊မယုံသင်္ကာစိတ်တွေကို တိုက်ဖျက်တွန်းလှန် လိုလျှင် အဘယ့်ကြောင့် ယခုလိုအတွေးမျိုးရရှိလာသလဲဟု မေးရ မည်။ လူနာကသူထင်သည့် သက်သေခံအချက်များကို တင်ပြလိမ့် မည်။ ကုသသူက လူနာပြောလာသည့် အချက်အလက်များ ချိန်

ကြောင်းဆီလျော်မှု မရှိသည်ကိုထောက်ပြရသည်။ လူနာကို အခြား ဖြစ်နိုင်သည့် သက်သေအထောက်အထားတို့ဖြင့် ချေပသည်။

ဒေစီက တွမ့်အိမ်ပြန်နောက်ကျသည်မှာ အခြားမိန်းမ တစ်ဦးနှင့်ပျော်ပါးနေလို့ပါဟု စွပ်စွဲသည်ဆိုပါစို့။ ကုသသူစိတ်ပညာ ရှင်က အဲဒီလိုစွပ်စွဲ နိုင်သည့် အထောက်အထားများပြရန်မေးမည်။ ဒေစီက "သူ့ကိုကြည့်ရတာ မောပန်းလာသလိုပဲ"ဟု ဖြေဆိုလျှင် တွမ်မောပန်းပြီး အိမ်ပြန်လာနိုင်သည့် အခြားအကြောင်းအရင်းများ ရှိနိုင်ကြောင်းစဉ်စားစေမည်။

စဉ်းစားလို့ရနိုင်သမျှ အချက်အလက်အထောက်အထား များကို ယခုလို ဖွင့်ဟပြောဆိုရန်အားပေးသည်။ ဦးနှောက်အတွင်း ၌ တွေးစရာမကျန် မကျန်သည့်အထိ နှိုက်နှိုက်ချွတ်ချွတ်စဉ်းစား တွေးတောစေသည်။

"ဒေါက်တာပြောခဲ့တဲ့ စိတ်ကုထုံးကုနည်းတွေကို အသုံး ပြုရင် အောင်မြင်ထိရောက်မှုရှိသလား။ အောင်မြင်မှုနှုန်းက ဘယ် လိုရှိသလဲ"။

ဆေးကျောင်းသားက အဓိကကျသည့်အချက်ကို မေးခြင်း ဖြစ်သည်။ မေးသင့်သောမေးခွန်းဖြစ်ပါသည်။

"ဒီဘီတီကုထုံးမှာ လူနာဟာကုသမှုနဲ့ တစ်ပတ်တစ်ကြိမ် တွေ့ရတယ်။ ကုသမှုအချိန်က တစ်နာရီကြာမယ်။ အများအားဖြင့် ပထမအဆင့်အနေနဲ့ (၁၆)ကြိမ်တွေ့ဆုံကုသတယ်။ ကုသတဲ့ကာလက

တစ်နှစ်လောက်ကြာတတ်တယ်။"

"ဒေစီက မူးယစ်ဆေးကုစခန်းမှာ သုံးလပဲနေမယ်ဆိုတော့ အဲဒီကနေ ဘယ်မှာဆက်ကုမလဲ"

"သူမ ဘရစ်စဘိန်းမှာဆက်နေရင် စခန်းမှာကုတဲ့ ဆရာဝန်နဲ့ဖြစ်ဖြစ် စိတ်ပညာရှင်နဲ့ဖြစ်ဖြစ် ဆက်လက်ကုသမှုအတွက် စီစဉ်နိုင်ပါတယ်"

"ခင်ဗျားမူလမေးခွန်းကို ဖြေရရင်တော့ဒီလိုပါပဲ။ "ဒီဘီတီ" ကုထုံးရဲ့အာနိသင်ကြောင့် တစ်နှစ်အတွင်းမှာ မိမိကိုယ်ကို အန္တရာယ်ပြုတဲ့နှုန်း သေကြောင်းကြံတဲ့နှုန်းဟာ သိသိသာသာလျော့နည်းသွားတယ်လို့သိရတယ်။ နောက်ပြီး လူနာဟာလူမှုပြဿနာများနဲ့ ရင်ဆိုင်လာရတဲ့အခါ စိတ်ထိန်းသိမ်း နိုင်မှုအား ပိုလာတယ်လို့ဆိုပါတယ်"

" ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးလက္ခဏာတွေကော သက်သာမသွားဘူးလား"

" ကိုယ်ရည်ကိုယ်သွေးချို့ယွင်းမှု လက္ခဏာတွေကို လုံးဝပျောက်ကင်းသွားအောင် ဆောင်ရွက်ဖို့မလွယ်ပါဘူး။ ဒါပေမဲ့ ဘယ်လိုကုသမှုမျိုးကိုမှမရရှိပေမဲ့ အသက်ကြီးလာတာနဲ့အမျှ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းမှုအပြုအမူတွေ ပြောင်းလဲလာနိုင်ပါတယ်။ မကောင်းတာတွေနည်းလာပြီး ကောင်းတာတွေ တိုးပွားလာတတ်ပါတယ်။ သရက်သီးလိုရင့်ပြီးမှည့်လာရင် ချိုလာတတ်ပါတယ်။ ဒါပေမယ့် တချို့ကတော့ သံပုရာသီးနဲ့တူတယ်။ ကြီးလေချဉ်လေဖြစ်တတ်တယ်။

ဒေါသကြီးသူဟာ ပိုပြီးစိတ်ဆတ်လာမယ်၊ နှမျောတတ်သူဟာ ပိုပြီး ကပ်စေးနှဲလာမယ်"

" ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းမှုဝေဒနာနဲ့ ပတ်သက်ပြီး ရေရှည်လေ့လာထားချက်တွေရှိပါတယ်။ ဒီလိုချို့ ယွင်းခြင်းရှိတဲ့လူနာများကို (၇)နှစ်မှ(၁၀)နှစ်အထိ ၎င်းတို့ရဲ့ အခြေအနေကို လိုက်လံစစ်ဆေးတာဖြစ်ပါတယ်။ ဒီကာလအတွင်းမှာ အခြေအနေ သိသိသာသာတိုးတက်ပြီး ဝေဒနာပျောက်ကင်း သလောက်ဖြစ်သူက (၅၀)ရာခိုင်နှုန်းကျော်ရှိပါတယ်။ အခြေအနေ မထူးခြားတဲ့လူနာတွေက (၄၅)ရာခိုင်နှုန်းကျော်ရှိပြီး၊ (၅)ရာခိုင်နှုန်း ခန့်မှာ မိမိကိုယ်ကိုသေကြောင်းကြံသွားကြတယ်လို့သိရတယ်။"

" ဒီလိုဆိုတော့ ဒေစီအတွက်မျှော်လင့်ချက်က " ဖစ်ဖ်တီ-ဖစ်ဖ်တီ"လို့ ဆိုရမှာပေါ့။"

" ဟုတ်ပါတယ်။ သူမ ကြိုးစားပြီး ကုသမှုခံရင် မျှော်လင့် ချက်ရှိပါတယ်။ ကဲ နောက်ထပ်ဘာများ ဆွေးနွေးချင်ပါသလဲ။

" မရှိပါဘူးဒေါက်တာ၊ ရှင်းပြတာတွေအတွက် ကျေးဇူးတင် ပါတယ်။ ကျွန်တော်ရေးမယ့်စာစီစာကုံးအတွက် အထောက်အကူ အများကြီးရပါတယ်။"

## "တောင်တန်းပေါ်မှ ရွှံ့ဗွက်အိုင်မြို့"

မြန်မာနိုင်ငံတွင် ပိတောက်ပန်းများ တစ်ပင်လုံးဝါထိန်နေလျှင် နှစ်သစ်ကူးချိန်အဖြစ် အမှတ်အသားပြုကြသည်။

ဤနိုင်ငံတွင် ပိတောက်ပင်ကို တွေ့ရန်ခက်ခဲသည်။ ဩစတြေးလျ မြောက်ဘက်ပိုင်းပြည်နယ်၏မြို့တော် ဒါဝင်မြို့တွင် မြို့တော်စိမ်းလန်းစိုပြေရေးအတွက် ပိတောက်ပင်များကို စမ်းသပ်စိုက်ပျိုးလာသည်ကိုတွေ့ရသည်။ အရွက်ကသေးငယ်သည်။ အပွင့်ကလည်းသေးငယ်သည်။ ဧပြီလတွင်မပွင့်ဘဲ ဒီဇင်ဘာလတွင်

ပွင့်သည်။ ဒါဝင်မြို့၏ မိုးရာသီမှာနိုဝင်ဘာ၊ ဒီဇင်ဘာလတွင် အစပြု သည်။ ဤအချိန်တွင် မိုးသက်မိုးငွေ့များရလာသည်။ ထို့ကြောင့် ဝိတောက်ပန်းတွေကလည်း မိုးကြိုပြီးပွင့်ကြဟန်တူသည်။

နွေဦးကာလတွင် စိန်ပန်းနီတွေကိုအများအပြားတွေ့ရ သည်။ တစ်ပင်လုံး နီရဲနေအောင်ပွင့်သည်။ ဆောင်ဦးပေါက်ကာလ တွင် သကြားပင်များ အရွက်ကြွေသည်။ အစိမ်းရောင်မှအနီ၊ အဝါနှင့်လိမ္မော်ရောင်တွေသမ်းလာကာ အရွက်တွေ တဖြောက် ဖြောက်ကြွေကျသဖြင့် အပင်ပတ်လည်တွင် ရောင်စုံကော်ဇောခင်း ထားသလိုရှိသည်။

စိန်ပန်းတွေ အကြိမ်ကြိမ်ပွင့်ပြီး သကြားပင်ရွက်များ အကြိမ်ကြိမ် ကြွေကျပြီးသောအခါ စာရေးသူသည် သြစတြေးလျ မြောက်ပိုင်းပြည်နယ်မှ ဘုရင်မနယ်မြေပြည်နယ်သို့ ပြောင်းရွှေ့လာ သည်။ ဤပြည်နယ်ကို နေသာသည့်ပြည်နယ်ဟုခေါ်ကြ၏။ သြစတြေးလျ အရှေ့မြောက်ပိုင်းဒေသတွင်ရှိသည်။ လူဦးရေ လေးသန်းခွဲကျော်ကျော်ရှိသည်။ စာရေးသူ၏အလုပ်မှာ ပြည်နယ် မြို့တော် ဘရစ်စ်ဘိန်းမြို့တွင်မဟုတ်ပါ။ ဘရစ်စဘိန်းမြို့မှ အနောက်ဘက်စူးစူးကီလိုမီတာ ၁၀၀ကျော်တွင်တည်ရှိသော တူဝမ်းဘားမြို့တွင် အလုပ်ရပါသည်။ ဤမြို့မှာ အမြင့်ပေ ၂၃၀၀ ကျော်ရှိ တောင်တန်းပေါ်တွင်တည်ရှိ၏။ မြို့၏ အလယ်ဗဟိုသည် ချိုင့်နေပြီး ပတ်ဝန်းကျင်ရပ်ကွက်များက ကုန်းမြင့်ပိုင်းပေါ်တွင်

ပတ်လည်ရှိနေသည်။ ဒယ်အိုးပုံသဏ္ဍာန်မြို့ဖြစ်နေ၏။ တူဝမ်းဘား အမည်မှာ ဌာနေအဘိုးရိုးဂျီးဘာသာစကားဖြစ်သည်။ ရွှံ့ဗွက်ဒိုင် ဟုအဓိပ္ပါယ်ရသည်။ မီးတောင်ဟောင်းဒေသဖြစ်သည်။ ထို့ကြောင့် တူဝမ်းဘားမြေကြီးသည် သစ်ပင်ပန်းပင်စိုက်ပျိုးလျှင် ဖြစ်ထွန်း လွယ်သည်။ နွေဦးရာသီတွင် ပန်းမျိုးစုံပွင့်သည်။ စက်တင်ဘာလ အလယ်တွင် ပန်းပြပွဲနှင့်ပန်းခြံအလှပြိုင်ပွဲ ကျင်းပသည်။

စာရေးသူသည် ဤအချိန်တွင် တူဝမ်းဘားမြို့သို့ရောက် လာသည်။ တစ်မြို့လုံးတွင် စိန်ပန်းတွေဝေနေအောင်ပွင့်နေသည့် ကာလဖြစ်သည်။ သို့သော် အနီမဟုတ် စိန်ပန်းပြာတွေဖြစ်သည်။ လူဦးရေ ၁၃၀,၀၀၀ကျော်ရှိသော မြို့သည် အပျော်ခရီးထွက်သူ များနှင့် ပြည့်ကြပ်စည်ကားနေသည်။

စာရေးသူသည် တူဝမ်းဘားမြို့ပေါ်တွင်မနေပါ။ တောင်ခြေရှိ ရပ်ကွက်တစ်ခုတွင် အခြေချသည်။ မြို့နှင့် အလှမ်းကွာသည့်အတွက် ခြံမြေကျယ်ကျယ်ကို ဈေးသက်သက်သာသာနှင့် ဝယ်လို့ရသည်။ ခြံရှေ့တွင် အားကစားကွင်းရှိသည်။ အားကစားကွင်းအလွန်တွင် ချောင်းကလေးရှိသည်။ ချောင်းရိုးတန်းတွင် ယူကလစ်ပင်များ အစီအရီပေါက်နေကြသည်။ အိမ်ရှေ့ပြူတင်းပေါက်မှ ကြည့်လျှင် တူဝမ်းဘားတောင်တန်းကို ယူကလစ်ပင်တွေကြားမှ မြင်သာသည်။ ညနေစောင်းအချိန် တိမ်တွေတရိပ်ရိပ်ပြေးနေလျှင် တူဝမ်းဘား တောင်တန်းက အရောင်အမျိုးမျိုး အသွင်သဏ္ဍာန်အမျိုးမျိုး

ပြောင်းနေသည့် တိမ်များဖြင့် တန်ဆာဆင်ထားသလိုရှိသည်။ မိန်းမချောကလေးများ ဘယ်လိုအဝတ်ကိုဝတ်ဝတ် လှပချောမွေ့နေသလို၊ တိမ်တွေအသွင်ပြောင်းသော်လည်း တူဝမ်းဘား တောင်တန်းကိုမြင်ရသည်မှာ အစဉ်အမြဲကြည်နူးဖွယ်ရာဖြစ်နေသည်။

အလုပ်တာဝန်မကျသည့်နေ့များ၌ ခြံတွင်းတစ်နေရာရာတွင်ထိုင်ပြီး ဝိုင်အရက်ကိုတဖြည်းဖြည်းသောက်သည်။ အလွန်အကျွံမသောက်ပါ။ အပန်းဖြေ အနားယူခြင်းသာဖြစ်သည်။ ယနေ့လို အရေးပေါ်လူနာကြည့်ရန် တာဝန်ကျသည့်နေ့များတွင် ဝိုင်မသောက်ပါ။ လ္ဘက်ရည်ကြမ်းကိုသာသောက်သည်။ ယနေ့ မိုးတစိမ့်စိမ့်ရွာနေသဖြင့် ဝိုင်အရက်ကို ပိုမိုသောက်ချင်စိတ်ပေါက်နေသည်။ ဤဒေသတွင် နွေရာသီ၌ မိုးပိုမိုရွာသည်။ ဩစတြေးလျနိုင်ငံသည် အီကွေတာ၏ တောင်ဘက်ပိုင်းတွင်ရှိသော နိုင်ငံဖြစ်သဖြင့် ဒီဇင်ဘာ၊ ဇန်နဝါရီလများမှာ ဆောင်းရာသီလများမဟုတ်ပါ။ မိုးကောင်းသည့် နွေရာသီလများဖြစ်သည်။

လ္ဘက်ရည်ကြမ်းသောက်ရင်း အဝေးသို့လှမ်းကြည့်လိုက်သောအခါ တူဝမ်းဘားတောင်တန်းပေါ်တွင် မိုးတိမ်တွေ အုပ်ဆိုင်းနေသဖြင့် မှုန်မှိုင်းမှိုင်းသာမြင်ရသည်။ စိတ်ကူးစိတ်သန်းတွေ တိမ်စီးရင်း မွေးကနဲအိပ်ပျော်သွားသလိုရှိစဉ်၊ မိုဘိုင်းဖုန်းမြည်သံကြောင့် ဖျတ်ကနဲနိုးလာသည်။

"ကျွန်တော် ဒေါက်တာတေလာပါ။ ဒေါက်တာအုန်းပါလား"

တာဝန်ကျစိတ်ရောဂါကုဌာနမှ လက်ထောက်ဆရာဝန်ဖြစ်သည်။

"ဟုတ်ပါတယ်။ ပြောပါ"

ဤနိုင်ငံတွင် လုပ်ဖော်ကိုင်ဖက်အချင်းချင်း ခေါ်ပြောလျှင် ခရစ်ယာန် အမည်ကိုသာသုံးသည်။ မိသားစုအမည်ကို မသုံးကြပါ။ ပိုမိုရင်းနှီးသည့်သဘော ဖြစ်ပါသည်။ စာရေးသူသည် မြန်မာနိုင်ငံတွင် တောမြို့ကလေးရှိသောကျောင်းတွင် စာသင်ခဲ့ရသဖြင့် ခရစ်ယာန် အမည်မရှိပါ။ ပထမအမည်ကို ခရစ်ယာန်အမည်လို သူတို့ကခေါ် ပြောနေကြခြင်းဖြစ်၏။

"အခုဒေါက်တာအုန်း အားနေပါသလား။ လူနာတစ်ယောက်ကိစ္စ တိုင်ပင်ချင်လို့ပါ"

"ဟာ - ရပါတယ်၊ ဆိုပါ"

"လူနာရဲ့အမည်က ဒက်ဘီလို့ခေါ်တယ်။ အသက် ၃၅- နှစ်ကျော်လောက်ရှိပါပြီ"

"ဟုတ်ကဲ့ဆက်ပြောပါ"

လက်ထောက်ဆရာဝန်ဒေါက်တာတေလာသည် ဒက်ဘီ ဆေးရုံအရေးပေါ်ဌာနသို့ ရောက်ရှိလာရသည်က စတင်ပြောသည်။ ဒက်ဘီသည် သူမ၏ရည်းစားနှင့် အတူနေ့လည်စာစားရင်း ဆေးခြောက်ရှူသည်။ ထို့နောက် ဝိုင်အရက်ကိုဆက်ပြီး တစ်နေ့လုံးသောက်ကြသည်။ ညနေပိုင်းရောက်သောအခါ သူတို့အချင်းချင်း အငြင်း

အခုံ ရန်ပွဲဖြစ်သည်ဆို၏။ သူမ၏ရည်းစားက စိတ်ဆိုးမာန်ဆိုးနှင့် "နင့်ဆီငါမလာတော့ဘူး" ဟုပြောဆိုပြီး အိမ်မှထွက်သွားသည်။

စာရေးသူသည် ဤလိုအဖြစ်အပျက်မျိုးကို အကြိမ်ကြိမ် ကြားဖူးပါသည်။ သမီးရည်းစားတွေ အတူတူအရက်သောက်ကြ၊ မူးယစ်ဆေးသုံးစွဲကြ၊ တစ်ဦးနှင့်တစ်ဦး အကျီစားသန်ပြီးရန်ဖြစ်ကြ၊ ထိုးကြသတ်ကြသည်မှာ မထူးဆန်းတော့ပါ။ ဆေးအရှိန်အရက်အရှိန်ပြေသွားလျှင် သွေးအေးပြီး ပြန်ပေါင်းထုပ်ကြသည်က များပါသည်။

ဒေါက်တာတေလာ၏ ပြောပြချက်အရ ဒက်ဘီက အလွယ်တကူစိတ်ပြေသွားတတ်သူ မဟုတ်ဟုသိရသည်။

ဒက်ဘီသည် စိတ်ဆိုးလွယ် စိတ်ထိခိုက်လွယ်သည်။ စိတ်အကူး အပြောင်းမြန်သည်။ အစွဲကြီးသည်။ အမှန်မှာ သူမ၏ရည်းစားသည် ယခုလို အကြိမ်ကြိမ်လုပ်ဖူးသည်။ မကြာမီ ပြန်ရောက်လာပြီး ဗိုလ်နေမြဲကျားနေမြဲ ပုံမှန်ဖြစ်သွားလေ့ရှိသည့် အကြိမ်ပေါင်းမှာ မနည်းပါ။ သူမရည်းစား၏အကျင့်ကို ဒက်ဘီ မသိတာမဟုတ်ပါ။ နောကျေနေပြီဖြစ်သည်။ သို့သော် ဒက်ဘီသည် သူမစိတ်ကို မထိန်းသိမ်းနိုင်။ အန္တရာယ်မကင်းသည့်အလုပ်တစ်ခုခုကို ရုတ်တရက် တရှူးထိုးလုပ်ပစ်လိုက်ရမှ စိတ်ပြေသွားတတ်သူဖြစ်သည်။

"ဒီတစ်ခါဖြစ်ပုံက ဒီလိုပါ ဒေါက်တာအုန်း"

ဒေါက်တာတေလာသည် ဒက်ဘီ၏ အဖြစ်အပျက်ကို

ဆက်ပြောသည်။ သူမ၏ရည်းစားအိမ်မှ ထွက်သွားသည်နှင့် တပြိုင်နက် ဒက်ဘီသည်အိပ်ခန်းအတွင်းသို့ ပြေးဝင်သွားသည်။ သူမသောက်သုံးနေကျဖြစ်သော စိတ်ငြိမ်ဆေးနှင့် အိပ်ဆေးများကို လက်တစ်ဆုပ်စာကောက်ယူပြီး ပါးစပ်ထဲပစ်ထည့်ကာ မျိုချလိုက်သည်။ ထို့နောက် ဒက်ဘီသည် သူမရည်းစားမိုဘိုင်း ဖုန်းကိုဆက်သည်။ ဆေးတွေသောက်ချလိုက်ကြောင်း သတင်းပေးသည်ဟု သိရ၏။ သူမ၏ရည်းစားက "သုညသုံးလုံး" အရေးပေါ်တယ်လီဖုန်းနံပါတ်ကိုဆက်ပြီး အကျိုးအကြောင်းတိုင်တန်းသည်။ မကြာမီ လူနာတင်ကားရောက်လာပြီး ဆေးရုံသို့ ခေါ်ယူလာခြင်းဖြစ်သည်။

ဘုရင်မနယ်မြေပြည်နယ်တွင် လူနာတင်ကားခေါ်ယူသုံးစွဲခြင်းအတွက် အခကြေးငွေပေးရန်မလိုပါ။ သို့သော် ပြည်နယ်အစိုးရက တစ်အိမ်ထောင်အတွက် တစ်နှစ်လျှင်ဒေါ်လာ ၁၀၀ လောက် လူနာတင်ယာဉ်ကြေးကောက်ပါသည်။ အခြားပြည်နယ်များတွင် ပုံမှန်လူနာတင်ကြေးမပေးရပါ။ သို့သော် လူနာတင်ကားကိုခေါ်ယူသုံးစွဲလျှင် အခကြေးငွေ ဒေါ်လာရာနှင့်ချီပြီးပေးရသည်။

ဒက်ဘီကံကောင်းသွားသည်ဟု ဆိုရမည်။ လူနာတင်ကားအချိန်မီမရောက်ရှိလျှင် ဆေးအဆိပ်ပိုပြီး ပြင်းထန်လာမည်။ သတိမေ့မျောသွားနိုင်သည်။ သတိမမေ့သေးသဖြင့် အစာအိမ်အတွင်းမှ ဆေးများကို အန်ထုတ်စေရန် အန်ဆေးပေးနိုင်သည်။ **အရေးပေါ်** ဌာနတွင်ပင် လိုအပ်သလို ကုသပေးသည့်အတွက် **အခြေအနေ**

တိုးတက်ကောင်းမွန်လာသည်။ ဆေးကုဆောင်သို့ အတွင်းလူနာအဖြစ် ဆေးရုံတင်ရန်မလိုတော့ပါ။ ထို့ကြောင့် စိတ်ရောဂါ အခြေအနေကိုစစ်ဆေးရန် စိတ်ရောဂါကုတာဝန်ကျ ဆရာဝန်ဒေါက်တာတေလာကိုခေါ်ယူတိုင်ပင်ခြင်းဖြစ်သည်။

ဒေါက်တာတေလာဆုံးဖြတ်ချက်ပေးရမည့် စိတ်ရောဂါကုသမှုဆိုင်ရာပြဿနာဖြစ်သည်။ ဒက်ဘီကို စိတ်ရောဂါကုသဆောင်တွင် အတွင်းလူနာအဖြစ် ဆေးရုံတင်မည်လား။ သို့မဟုတ် သူ့အိမ်သို့ ပြန်သွားရန် ခွင့်ပြုမည်လား။ ဤကိစ္စကို ဆွေးနွေးလိုသဖြင့် စာရေးသူကိုဖုန်းဆက်ပြီး ဒေါက်တာတေလာက အကူအညီတောင်းခြင်းဖြစ်၏။

"ဒီလိုရှိပါတယ် ဒေါက်တာတေလာ။ အဓိကစဉ်းစားရမယ့်အချက်ကတော့ ဒီညမှာ ဒက်ဘီအိမ်ပြန်သွားရင် တစ်ယောက်တည်းစိတ်ချရမလား"

"ဒီအချက်ကို ကျွန်တော်ဆွေးနွေးချင်တာပါ"

"ဒက်ဘီက တယ်လီဖုန်းနံပါတ်ပေးလို့ သူ့ရည်းစားမိုဘိုင်းဖုန်းကိုဆက်တာ ဆက်လို့မရပါဘူး။ ဖုန်းကိုပိတ်ထားတယ်"

"ဒီမြို့မှာ ဒက်ဘီရဲ့ အမျိုးတွေရှိသလား"

"ဒီမြို့မှာမရှိဘူး ဒေါက်တာအုန်း။ နောက်ပြီး ဒက်ဘီပြောစကားအရဆိုရင် သူ့မအမျိုးတွေ အခြားပြည်နယ်တွေမှာရှိပေမယ့်အဆက်အသွယ်မလုပ်ဘူးတဲ့"

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ယခုအတိုင်းဆိုလျှင် ဒက်ဘီသည် သူ့မအိမ်တွင် တစ်ယောက်တည်းဖြစ်နေမည်။ တိုးတိုးဖော်တိုးတိုးဖက် အားပေးကူညီမည်သူမရှိ။

အပြင်းအထန်စိတ်လှုပ်ရှားခြင်းမှာ ခါတ်ဆီငွေ့အရှိန်ဖြင့် လောင်နေသည့် မီးတောက်မီးလျှံနှင့် အသွင်တူသည်။ အလျင်အမြန်အရှိန်ပြင်းပြင်းဖြင့် တောက်လောင်ပြီး မကြာမီငြိမ်းအေးသွားလေ့ရှိသည်။ ဒက်ဘီ၏လတ်တလော အခြေအနေမှာ အရှိန်ပြင်းရာမှ ငြိမ်းအေးသွားသည့်သဘောရှိသည်။ သို့သော် မီးကင်းကမသေသေးပါ။ ပြာဖုံးနေသည့် မီးကျီးခဲလို ဖြစ်နေမည်။ ဒက်ဘီအိမ်ပြန်ရောက်လျှင် တစ်ယောက်တည်း အတွေးမျိုးစုံစဉ်းစားမည်။ စိတ်နာကျည်းဖွယ်တွေ စိတ်ထဲတွင် ပြန်လည်မြင်ယောင်လာမည်။ မီးကျီးခဲမှ မီးတောက်မီးလျှံ ဖြစ်လာနိုင်သည်။

ဤနေရာတွင် အာရှတိုက်နိုင်ငံများနှင့် လူမှုပတ်ဝန်းကျင်ကွာခြားပုံကို စဉ်းစားမိသည်။ မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံများတွင် စာရေးသူအလုပ်လုပ်ခဲ့စဉ်က အတွေ့အကြုံများကို သတိရမိသည်။ လူနာတစ်ယောက် အရေးပေါ်ဌာနသို့ ရောက်လာလျှင် လူနာနှင့်အတူ အိမ်သားများ၊ ဆွေမျိုးမိတ်ဆွေများ စုရုံးလိုက်ပါလာလေ့သည်။ လူနာအတွက်လိုအပ်သည့် လူမှုရေးအကူအညီများကို အလွယ်တကူ ရယူနိုင်သည်။ လူနာ၏ကိုယ်ရေးကိုယ်တာအခက်အခဲများကို တာဝန်ယူဖြေရှင်းပေးမည့်သူက မရှားပါ။ ဒက်ဘီ့လို

အဖြစ်အပျက်မျိုးနှင့် ရင်ဆိုင်နေရသည့် လူနာဖြစ်လျှင် အိမ်သားတစ်ဦးဦးကတာဝန်ယူပြီး အိမ်သို့ပြန်ခေါ်သွားမည်ဖြစ်သည်။ လူနာကလည်း လူကြီးသူမများ၏ အကြံဉာဏ်ကို အလေးထားသည်။ ပြောစကားနားထောင်သည်။

ဤနိုင်ငံ၌ အသက်၂၀ကျော်လူငယ်လူရွယ် ၅၀ရာခိုင်နှုန်းသည် မိဘများနှင့် အတူမနေထိုင်တော့ကြောင်းသိရသည်။ ၇ရာခိုင်နှုန်းမှာ တစ်ဦးတည်းနေထိုင်သည်။ ၂၀ရာခိုင်နှုန်းမှာ တစ်အိမ်တည်းတွင် ၄-၅ဦး စုပြီးနေကြသည်။ ၂၅ရာခိုင်နှုန်းမှာ မင်္ဂလာမဆောင်ကြသေးဘဲ 'ဒီဖက်တို'အဖြစ်နေထိုင်ကြသည်။ ဒက်ဘီသည် ဒီဖက်တိုရည်းစားနှင့် အတူနေထိုင်သူဖြစ်သည်။ သူမ၏မိဘဆွေမျိုးများနှင့် အဆက်အသွယ်မရှိသည်မှာ နှစ်ပေါင်းအတော်ကြာသွားပြီ။ တူဝမ်းဘားမြို့တွင်လည်း ဒီဖက်တိုရည်းစားမှလွဲပြီး ခင်မင်ရင်းနှီးသည့်မိတ်ဆွေများမရှိပါ။

ထို့ကြောင့် စာရေးသူနှင့်ဒေါက်တာတေလာတို့သည် ဒက်ဘီကို အိမ်ပြန်ခွင့်မပေးချင်။ အခြေအနေအားလုံး အနည်ထိုင်သွားစေရန် ဒက်ဘီကိုဆေးရုံတွင် အနည်းဆုံးတစ်ည နေစေချင်သည်။ သို့သော် ဒက်ဘီကဆေးရုံတွင် မနေချင်။ စိတ်ရောဂါဆောင်သို့မသွားချင်။ အိမ်ကိုသာပြန်လိုသည်ဟုပြောနေ၏။ ဒက်ဘီဆေးရုံတွင် အနားယူရန်သဘောတူလျှင် ပြဿနာကရှင်းသည်။ ဆရာဝန်က ဆေးရုံတင်ရန် အစီအစဉ်များပြုလုပ်ပြီး လိုအပ်သည့်

ပြုစုစောင့်ရှောက်မှုကို ညွှန်ကြားပေးရန်သာလိုသည်။ နောက်တစ်နေ့တွင် သက်ဆိုင်ရာဆရာဝန်ကြီးက တွေ့ဆုံစစ်ဆေးမည်ဖြစ်သည်။

လူနာက ဆေးရုံတက်ဖို့သဘောမတူငြင်းဆန်နေလျှင် အခြေအနေသည် တစ်မျိုးတစ်ဖုံဖြစ်လာသည်။ "ဆရာဝန်ကြီးက ပြောနေတယ်။ ပြောတဲ့စကားနားထောင်မှပေါ့"ဟု အတင်းအဓမ္မ ပြု၍မရပါ။ စိတ်ရောဂါလူနာများ၏ ဆန္ဒကိုလေးစားရသည်။ လူနာ၏လူ့အခွင့်အရေးများကို ဦးစားပေးရသည်။ နိုင်ငံသားတစ်ဦး၏ရပိုင်ခွင့်များကို လုပ်ပိုင်ခွင့်များကို အကြောင်းမဲ့တားဆီး ပိတ်ပင်ခွင့်မရှိ။သို့သော် စိတ်ရောဂါဝေဒနာ ခံစားနေရသူများကို သူတို့သဘောအတိုင်း နေချင်သလိုနေစေပြီး မျက်ကွယ်ပြုထား၍မဖြစ်ပါ။ ဆရာဝန်၏ အမြင်တွင် လူနာနှင့်ပတ်ဝန်းကျင်ကိုအန္တရာယ်ရှိနိုင်သည်ဟု ယုံကြည်လျှင် လူနာ၏ဆန္ဒကို လိုက်လျောရန်မလို။ တရားဝင်လိုအပ်သလို ဆုံးဖြတ်နိုင်ရန်အတွက် ဥပဒေရှိပါသည်။ စိတ်ရောဂါလူနာများကို ပြုစုရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေဖြစ်သည်။

ဒေါက်တာတေလာနှင့် စာရေးသူတို့သည် စိတ်ရောဂါကုဥပဒေကိုအသုံးချပြီး ဒက်ဘီကို ခေတ္တအတွင်းလူနာအဖြစ် ဆေးရုံတင်သင့်မတင်သင့် ပြဿနာကို တယ်လီဖုန်းပေါ်တွင် ဆွေးနွေးကြသည်။

ဒက်ဘီသည် စိတ်တည်ငြိမ်သူမဟုတ်။ စိတ်ထိခိုက်ဖွယ်ရာ

နှင့်ကြုံတွေ့ရလျှင် မိမိအသက်ကိုမိမိကိုယ်တိုင် အန္တရာယ်ဖြစ်အောင်လုပ်သည့် အလေ့အထရှိသည်။ အတိတ်ကာလတွင် ယခုလို အကြိမ်ကြိမ်လုပ်ခဲ့ဖူးသည်။ ယနေ့ စိတ်ထိခိုက်ဖွယ်ရာ လူမှုရေးပြဿနာနှင့်ကြုံနေရသည်။ ပြဿနာက မပြေရှင်းသေး။ ဒီဖက်တို ရည်းစားဘယ်နေရာရောက်နေသည်ကို မသိသေးပါ။ ဒက်ဘီသည် အရက်နှင့်မူးယစ်ဆေးစွဲသူဖြစ်သည်။ အိမ်တွင်ဆေးနှင့်အရက်တွေက အဆင်သင့်ရှိနေသည်။ ဒီဖက်တိုရည်းစားမှလွဲ၍ သူမ, တွင်အားကိုးရမည့်သူမရှိ ဖြစ်နေသည်။

ဒက်ဘီသည် ဆိုက်ကိုးဆစ်စိတ္တဇဝေဒနာ ခံစားနေရသူမဟုတ်သည် မှာမှန်သည်။ အလွန်အမင်းစိတ်ကျရောဂါခံစားနေရသူလည်းမဟုတ်ပါ။

သို့သော် အထက်တွင် ဆွေးနွေးခဲ့သည့် အချက်အလက်များက ဒက်ဘီ ဒီတစ်ညဆေးရုံတွင် အနားယူအိပ်သင့်ကြောင်းဖော်ညွှန်းနေသည်။

“စိတ်အချရဆုံးဖြစ်ဖို့ ဒက်ဘီကို ဒီညဆေးရုံမှာထားသင့်တယ်လို့ထင်တယ်။ မနက်ဖြန်မနက် ကျွန်တော်ဒက်ဘီ့ကို ပထမဆုံးစစ်ဆေးပါမယ်”

“ကောင်းပါတယ် ဒေါက်တာအုန်း။ ကျွန်တော်လိုအပ်တဲ့ စာရွက်စာတန်းတွေကို စီစဉ်လိုက်ပါမယ်”

တယ်လီဖုန်းပြောပြီးသည့်အခါ ပတ်ဝန်းကျင်တစ်ခုလုံး

## ပြန်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အမှောင်ရိပ်သန်းနေသည်ကို စာရေးသူသတိထားမိသည်။ တူဝမ်းဘားတောင်တန်းသည် အမှောင်ရိပ်ကန့်လန့်ကာ နောက်ကွယ်တွင် ငိုက်မျဉ်းနေသည်။ တောင်စောင်းတွင် တွဲခိုဆောက်ထားသည့် တိုက်များမှ မီးရောင်တလျှပ်လျှပ်လက်နေသည်ကို တစ်ချက်ငေးကြည့်ပြီး ညစာစားရန် အိမ်တွင်းသို့ဝင်လာခဲ့သည်။

## "ဘဝပြောင်းခဲ့သူ"

တူဝမ်းဘားမြို့ အစိုးရဆေးရုံကြီးနှင့်တွဲလျှက် စိတ်ရောဂါကုဌာနရှိသည်။ ခေတ်မီနှစ်ထပ်အဆောက်အအုံဖြစ်သည်။ အပေါ်ထပ်တွင်ရုံးခန်းများနှင့် အစည်းအဝေးခန်းမများရှိသည်။ စိတ်ရောဂါဌာန ဝန်ထမ်းအုပ်ချုပ်ရေး အရာရှိများ၊ သူနာပြုများ၊ စိတ်ပညာရှင်များ၊ လူမှုရေးဝန်ဆောင်အရာရှိများ၊ စာရေးဝန်ထမ်းများနှင့် ဆရာဝန်များအားလုံး ဤအထပ်တွင် ရုံးလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ အောက်ထပ်တွင် အတွင်းလူနာကုသဆောင်ရှိသည်။ လူနာ ၅၀ကို အတွင်းအဖြစ်ကုသနိုင်သည်။ အတွင်းလူနာ

ဆောင်တွင်ကုသဆောင် သုံးမျိုးရှိ၏။ အလွန်ဆိုးရွားသည့်လူနာများ အတွက် "အိုင်စီယူ" ခေါ် အထူး ကြပ်မတ်ကုသဆောင်ရှိသည်။ အတော်အသင့်ရောဂါပြင်းထန်ပြီး လွတ်လွတ်လပ်လပ် အပြင်လောကသို့ ထွက်ခွင့်မပြုနိုင်သေးသည့် လူနာများအတွက်လည်း ကုသဆောင်သီးသန့်ရှိသည်။ ၎င်းကုသဆောင်နှင့်အထူးကြပ်မတ်ကုသဆောင်ကြားတွင် သူနာပြုများအလုပ်တာဝန်ခန်းရှိသည်။ ရောဂါအခြေအနေတိုးတက် ကောင်းမွန်ပြီး အန္တရာယ်နည်းပါးသည့် လူနာများအတွက် တံခါးဖွင့်ကုသဆောင်လည်းရှိသည်။ တံခါးဖွင့်ကုသဆောင်ဟုခေါ်ခြင်းမှာ ဤအဆောင်မှ ဝင်ပေါက် ထွက်ပေါက် တံခါးကို လွတ်လွတ်လပ်လပ် ဝင်ထွက်နိုင်ရန်သော့မခတ်ဘဲ ဖွင့်ထားခြင်းကြောင့်ဖြစ်သည်။

ဒက်ဘီသည် ဒုတိယကုသဆောင်တွင် နေရသည်။ စိတ်အခြေအနေမှာ သက်သာကောင်းမွန်နေသော်လည်း ဆေးရုံမှထွက်မပြေးနိုင်ရန်သူနာပြုများက စီမံထားခြင်းဖြစ်၏။ လူနာစာရင်း စစ်ဆေးဆွေးနွေးသည့် အစည်းအဝေးတွင် သူနာပြုများက ဒက်ဘီသည် တစ်ညလုံးကောင်းမွန်စွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ကြောင်းနှင့် ယနေ့နံနက်ပိုင်းတွင် နံနက်စာကို အဝစားနိုင်ကြောင်း ပြောပြသည်။ ဆေးရုံမှဆင်းပေးရန် သင့်တော်ကြောင်းကိုပါ ထောက်ခံပြောကြသည်။

## ပြန်ဆက်ခြင်းနှင့်ကင်းပေးခဲ့စဉ်က

ဒက်ဘီ၏ အပြင်လူနာမှတ်တမ်းများနှင့် ယခင်ဒက်ဘီ ဆေးရုံတက်ကုသခဲ့သည့် ဆေးရုံများမှ ဆေးရုံဆင်းမှတ်တမ်းများ အရ ဒက်ဘီသည် ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်း ဝေဒနာခံစားရသူဖြစ်ကြောင်း သိသာပါသည်။

အစည်းအဝေးပြီးသည်နှင့် ဒေါက်တာတေလာနှင့် စာရေး သူတို့သည် ဒက်ဘီကို ဦးစွာကြည့်ရှုစမ်းသပ်သည်။ မိနစ် ၂၀ခန့်ကြာ သောအခါ တံခါးခေါက်ပြီး သူနာပြုတစ်ယောက်ဝင်လာသည်။

"စိတ်ကျန်းမာရေးလူနာစောင့်အဖွဲ့အစည်းက လူနာစောင့် အမျိုးသမီး ရောက်နေပါတယ်။ သူမက ဒက်ဘီဆေးရုံဆင်းရင် စောင့်ရှောက်ပြုစုဖို့အဖွဲ့က တာဝန်ပေးလိုက်တယ်လို့ပြောတယ်။"

" ဟုတ်လား။ သူတို့ဘယ်လိုသိသလဲ"

" ဒီမနက် တာဝန်ခံသူနာပြုက လူနာစောင့်အဖွဲ့ကို ဖုန်း ဆက်အကူအညီတောင်းထားလို့ပါ"

" ကောင်းပါတယ်။ ဒက်ဘီသဘောတူရင် လူနာစောင့် အမျိုးသမီးလာပြီး နားထောင်နိုင်ပါတယ်။ လိုအပ်တာတွေလဲ ဆွေး နွေးရတာပေါ့။"

ဒက်ဘီသဘောတူခွင့်ပြုသဖြင့် သူနာပြုသည်အခန်းမှ ထွက်သွားပြီး မကြာမီ အမျိုးသမီးတစ်ဦးနှင့်အတူ အခန်းတွင်းသို့ ပြန်ရောက်လာသည်။ ထို့နောက် သူနာပြုက အမျိုးသမီးကို အားလုံး နှင့်မိတ်ဆက်ပေးသည်။

" သူမက ဒက်ဘီကိုကူညီစောင့်ရှောက်မယ့် စိတ်ကျန်းမာရေးလူနာစောင့်ဝန်ထမ်း ဒေစီပါ။ သူတို့ကတော့ ဒေါက်တာအုန်း၊ ဒေါက်တာတေလာနဲ့ ဒက်ဘီပါ။

လူနာစောင့်ဒေစီသည် စာရေးသူကို တရင်းတနှီးနှုတ်ဆက်သည်။

"ပြန်တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာအုန်း။ ကျွန်မကိုမှတ်မိသလား။"

နှစ်ပေါင်း(၈)နှစ်ကျော်ရှိသွားပြီဖြစ်သဖြင့် ပထမတွင် စာရေးသူ၏ စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေသည်။ ၎င်းအပြင် ဒေစီသည် ယခင်စာရေးသူ အယ်လစ်စပရင်းတွင်တွေ့ရစဉ်ကထက် သိသိသာသာ ကိုယ်အလေးချိန်တက်နေသည်။

" မှတ်မိပြီ။ တွမ်ရဲ့အမျိုးသမီးဒေစီမဟုတ်လား။ ရုပ်ပြောင်းသွားတော့ ဖြုန်းကနဲမမှတ်မိဘူး။ ဒေစီ့ကိုလူနာစောင့်အဖြစ် တွေ့ရတာဝမ်းသာပါတယ်။ ဒက်ဘီ့ကိစ္စဆွေးနွေးပြီးရင် ပြောကြသေးတာပေါ့။"

ဒေစီသည် ကုလားထိုင်လွတ်တစ်ခုတွင်ဝင်ထိုင်သည်။ စာရေးသူတို့ ဒက်ဘီ့ကို စစ်ဆေးစမ်းသပ်ပြီး ကုသမှုအစီအစဉ်ကို ဆွေးနွေးကြသည်။ ဒက်ဘီဆေးရုံဆင်းလျှင် ဒေစီသည် လူနာစောင့်အဖြစ် ဒက်ဘီ့ကို တစ်ပတ်လျှင် အနည်းဆုံးလေးကြိမ်တွေ့မည်။ ဒက်ဘီ၏အိမ်သို့သွားပြီး အားပေးစကားပြောမည်။ လိုအပ်သည်များကိုကူညီမည်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဒက်ဘီ၏စိတ်အခြေအနေကို စိတ်မချလျှင် စိတ်ရောဂါကုဌာနသို့သတင်းပို့မည်။ ၎င်းတို့မှာ စိတ်ကျန်းမာရေးလူနာစောင့်များ၏တာဝန်ဖြစ်သည်။ လူနာစောင့်များသည် စိတ်ဝေဒနာရှင်လူနာများကို အိမ်တိုင်ရာရောက် မကြာခဏ သွားရောက်ကြည့်ရှုနိုင်သဖြင့် ရပ်ကွက်အတွင်း စိတ်ရောဂါကုသမှုအပိုင်းတွင် အရေးပါသည့်ဝန်ထမ်းများဖြစ်သည်။

မသန်မစွမ်းလူနာများအတွက် လူနာစောင့်စီမံကိန်းကို ဩစတြေးလျ နိုင်ငံ၌ အားပေးမှုများပြားလာသည်။ ဦးနှောက်ပျက်ပြီး ဉာဏ်သိမ်သွားသူများ၊ မသန်မစွမ်းသည့်ကလေးလူငယ်များ၊ သက်ကြီးရွယ်အိုများနှင့်စိတ်ကျန်းမာရေး ချို့ယွင်းသူများအတွက် လူနာစောင့်များကို အသုံးပြုလာကြသည်။ နောက်ဆုံး စာရင်းဇယားအရ ဤနိုင်ငံတွင် လူနာစောင့်ဝန်ထမ်းပေါင်း သုံးသိန်းကျော်ရှိသည်ဟု သိရသည်။ သင်္ချာနှင့် စာရေးစာဖတ်အခြေခံကောင်းပြီး အခြေခံကွန်ပျူတာသုံးနည်းကို နားလည်သူများသည် လူနာစောင့်သင်တန်းကို တက်နိုင်သည်။

သင်တန်းကိုစာပေးစာယူနည်းဖြင့် တက်ရောက်နိုင်သည်။ အင်တာနက်မှသင်တန်းပို့ချပြီး သင်တန်းသားက အိမ်စာများကို မိမိကိုယ်တိုင်လေ့လာပြီး သင်တန်းကျောင်းသို့ အဖြေများ စာစီစာကုံး၊ စာတမ်းများကို ပို့ပေးရသည်။ တစ်နှစ်အတွင်း လက်တွေ့သင်တန်းနာရီ ၁၀၀ ပြည့်အောင် တက်ရသည်။ လက်တွေ့

သင်တန်းကို ကိုယ့်စရိတ်နှင့်ကိုယ်တက်ရသည်။ မိမိ၏စိတ်ဆန္ဒ အလျောက်အခမဲ့လုပ်ပေးရင်း ပညာယူရခြင်းဖြစ်သည်။

အချိန်ပြည့်လူနာစောင့်အလုပ်ကိုရရှိလျှင် လစာတစ်လလျှင် ဒေါ်လာ ၂၅၀၀ ရရှိသည်။

ဒေစီသည် အချိန်ပြည့်လူနာစောင့်အဖြစ် လုပ်ကိုင်နေခြင်းဖြစ်သည်။ စာရေးသူသည် ဒက်ဘီကိုဆေးရုံဆင်းပေးရန် သဘောတူပြီး အစီအစဉ်ရေးဆွဲသည်။ ဒက်ဘီသဘောတူသဖြင့် စမ်းသပ်စစ်ဆေးခြင်းပြီးသည်။ ဒက်ဘီအခန်းမှ ထွက်သွားသောအခါ ဒေါက်တာတေလာနှင့် စာရေးသူတို့ ဒေစီနှင့် ဆက်လက်ဆွေးနွေးသည်။ ဒက်ဘီ၏ကိစ္စပြီးသောအခါ ဒေစီဘဝပြောင်းလာပုံကို စပ်စုသည်။

ဒေစီက သူမလူနာစောင့်သင်တန်းတက်ပြီး လူနာစောင့်ပညာလက်မှတ်ရသည်။ လူနာစောင့်အဖြစ်လုပ်နေသည်မှာ မကြာသေးဟု ဆိုသည်။

" ဒေစီ့ရဲ့စိတ်ဝေဒနာအခြေအနေတွေ သက်သာပျောက်ကင်းသွားပြီလား။ ဘယ်လိုကုသမှုတွေရခဲ့သလဲ။"

စာရေးသူသည် ဘော်ဒါလိုင်းဝေဒနာကို ဒေစီဘယ်လိုဖြတ်သန်းကျော်လွှား အနိုင်ယူခဲ့သည်ကို သိလိုသဖြင့်မေးခြင်းဖြစ်၏။

"ပြောရရင် ရာဇဝင်ကတော့ တော်တော်ရှည်ပါလိမ့်မယ် ဒေါက်တာအုန်း။ ဒီမှာထိုင်ပြောဖို့တော့ အချိန်ရှိမှာမဟုတ်ဘူး။"

" ကျွန်မ ဒက်ဘီကို ကျွန်မကားနဲ့အိမ်လိုက်ပို့ရမယ်။ ဒေါက်တာတို့လည်း လူနာတွေကြည့်ရလိမ့်မယ်။ အယ်လစ်စပရင်းမြို့မှာ ကျွန်မ ဘရစ်စ်ဘိန်းမြို့ကိုမလာခင် နောက်ဆုံးတွေ့တော့ ဒေါက်တာအုန်း ကျွန်မကို စာအုပ်တစ်အုပ်ပေးလိုက်တာ မှတ်မိသေးလား"

" စာအုပ်နာမည်တော့ ချက်ချင်းမမှတ်မိဘူး။ လူနာတစ်ယောက်သူ့အကြောင်းကို ကိုယ်တိုင်ရေးတဲ့စာအုပ်ကို ပြောတာလား"

" ဟုတ်ပါတယ်။ ရေချယ်ရီလင်းဒ်ရေးတဲ့ "ငါ့ကိုဒီနေရာကဖယ်ထုတ်ပေးပါ"ဆိုတဲ့စာအုပ်ပါ။ ကျွန်မလည်း ရေချယ်ရီလင်းဒ်လို ကိုယ်တွေ့မှတ်တမ်း ရေးထားတယ်။ အခုတော့ ပါမလာဘူး။ ဒေါက်တာဖတ်ချင်ရင် ကြုံတဲ့အခါ ဒီလူနာဆောင်မှာထားခဲ့မယ်။"

"ဖတ်ချင်ပါတယ်။ ကျေးဇူးပါပဲ။"

" ဟုတ်ကဲ့ ကျွန်မဒက်ဘီနဲ့ စကားပြောလိုက်ဦးမယ်"

သုံးလေးရက်ခန့်ကြာသောအခါ
စာရေးသူ၏ စားပွဲပေါ်တွင်
ဖိုင်တွဲတစ်ခုတင်ထားသည်ကိုတွေ့ရသည်။
ဖိုင်တွဲကိုလှန်ကြည့်လိုက်သောအခါ
ပထမစာမျက်နှာတွင်
"ဒေစီ၏ကိုယ်ရေးမှတ်တမ်း" ဟု
ရေးထားသည်ကိုတွေ့ရသည်။

# "ခရီးလမ်းကြောင်းတစ်ကွေ့"

စာရေးသူသည် ယနေ့ အရေးပေါ် တာဝန်မယူရပါ။ အလုပ်ပြီးသည်နှင့် လွတ်လွတ်ကျွတ်ကျွတ် ဝိုင်အနီတစ်ခွက်သောက်ဖြစ်သည်။ တစ်နေ့လျှင် တစ်ခွက်သာသောက်ပါသည်။ ဆေးပညာသုတေသီများတွေ့ရှိချက်မှာ ယုံကြည်ဖွယ်ရာရှိသည်။ ၎င်းတို့က ဝိုင်အရက်နီတွင် "ရက်စ်ဗာရာထရော" ခေါ် ခန္ဓာကိုယ်ကလာပ်စည်းများကို အညစ်အကြေးမှ ကာကွယ်ပေးသည့် ဓာတုပစ္စည်းတစ်ခုပါရှိသည်ဟုဆို၏။ ၎င်းဓာတ်သည် သွေးကြောအဆီပိတ်ခြင်းကို ကာကွယ်ပေး

သဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါဖြစ်ပွားမှုကိုတားဆီးနိုင်သည်။ ဝိုင်အရက်နီတွင်ပါဝင်သော အခြားမိတ်ဆွေဓာတ်များသည် နံပါတ် (၂)အမျိုးအစား ဆီးချိုရောဂါနှင့် သက်ကြီးရွယ်အိုများတွင် ဖြစ်တတ်သော လူအိုနာအမျိုးမျိုး ကိုသက်သာစေသည်ဟုဆိုသည်။ ထို့အပြင် ရက်စ်ဗာရာထရောဓာတ်သည် ကင်ဆာရောဂါဖြစ်ပွားမှုကို နှေးကွေးစေနိုင်သည်ဟု သိရ၏။ ဝိုင်အရက်နီ မှန်မှန်သောက်ခြင်းကြောင့် သွားပိုးစားရောဂါနှင့် သွားဖုံးရောင်ရောဂါများကိုလည်း သက်သာစေသည်။

သို့သော် ဘာမဆိုတန်ဆေးလွန်ဘေးဖြစ်သည်။ ဝိုင်အရက်ကို တစ်နေ့လျှင်တစ်ခွက် အလွန်ဆုံးနှစ်ခွက်ထက်ပို၍ မသောက်သင့်ပါ။ ထို့ထက်ပိုသောက်လျှင် အရက်၏အာနိသင်ကြောင့် ကျန်းမာရေးကိုထိခိုက်လာနိုင်ပါသည်။ ဘာသာရေးရှုထောင့်မှကြည့်လျှင် အရက်မသောက်သင့်ပါ။ ဝိုင်အရက်တစ်ခွက် သောက်ပြီးသည်နှင့် ညစာစားသည်။ ညစာစားပြီးလျှင် ပုံမှန်အားဖြင့် စာရေးသူသည် ညနေပိုင်း သတင်းနှင့် နိုင်ငံရေးဆွေးနွေးချက်များကို နားထောင်သည်။ ယနေ့တော့ ဒေစီပို့ပေးလိုက်သည့်မှတ်တမ်းကို ဖတ်ကြည့်ချင်စိတ်ကများနေသည်။ ထို့ကြောင့် စာကြည့်ခန်းပက်လက်ကုလားထိုင်တွင်ထိုင်ချလိုက်ပြီး " ဒေစီ၏ ကိုယ်ရေးမှတ်တမ်း "ကို စတင်ဖတ်မိသည်။

ဒေစီကိုယ်တိုင်ရေးထားသည့် ကိုယ်ရေးရာဇဝင်မှတ်တမ်း၏ ငယ်စဉ်ဘဝဖြစ်စဉ်များနှင့် အယ်လစ်စပရင်းဆေးရုံတက်သည့်အချိန်အထိ ဖြစ်ပွားခဲ့သော စိတ်ဝေဒနာများအကြောင်းကို သိပြီးဖြစ်သည်။

ဘရစ်စတိန်းမြို့ရှိ ကယ်တင်ခြင်းတပ် မူးယစ်ဆေးစွဲကုစခန်းတွင် ဒေစီနေထိုင်ခဲ့သည့် အတွေ့အကြုံများမှအစပြုပြီး ဆက်လက်တင်ပြမည်ဖြစ်သည်။

ဒေစီ၏ မှတ်တမ်းတွင် သူမကိုယ်တိုင်စကားပြောသည့် ရေးဟန်ဖြင့် ရေးထားသည်။ စာရေးသူက လိုအပ်သလိုကြားဖြတ်ပြီး ဝေဖန်သုံးသပ်ချက်များကို ထည့်သွင်းဖော်ပြပါသည်။

ကွမ်တော့စ်လေကြောင်း လေယာဉ်ပျံဟာ တဖြည်းဖြည်း မြင့်တက်လာသည်နှင့်အမျှ အယ်လစ်စပရင်းမြို့ကလေးမှာ ဝေးသည်ထက်ဝေးကွာလာပါတယ်။ ကျွန်မရဲ့နှလုံးသားထဲမှာ သားကလေးနဲ့တဖြည်းဖြည်းဝေးကွာ နေရတာကိုခံစားရပြီး မျက်လုံးထောင့်မှာ မျက်ရည်များစို့လာပြီး ကျွန်မပါးပေါ် စီးကျလာပါတယ်။ ကျွန်မသားကလေးရဲ့ လက်ချောင်းလေးနဲ့ ပွတ်သပ်နေသလိုထင်မိပါတယ်။ လေယာဉ်ပျံဟာ တိမ်တွေပေါ် ရောက်တော့ အယ်လစ်ပရင်းမြို့ကို မမြင်ရတော့ပါ။ လေယာဉ်ခရီး က သုံးနာရီကျော်သွားရမှာဖြစ်တယ်။ ပတ်ဝန်းကျင်ကို ဘာမှ မကြည့်ချင်တော့လို့ မျက်စိမှိတ်ပြီး ကျွန်မဘဝအကြောင်း ပြန်စဉ်း စားနေမိတယ်။

ယခုအချိန်ဟာ ကျွန်မဘဝမှာ အဆိုးဆုံး အနိမ့်ဆုံးတစ်ချိန် လို့ဆိုရမယ်။ ဒီဖက်တိုယောက်ျားကလည်း ပစ်ခွာသွားပြီ။ သားက လေးနဲ့ပထမဆုံးအကြိမ် ခွဲခွာခံရပြီ။

"ဒေစီ နှင့် ဘရစ်စ်ဘိန်းကိုမသွားချင်ဘူးလို့ ပြောလို့ရသားပဲ။ ဘာကြောင့် သဘောတူရသလဲ"ဟု စိတ်ထဲတွင် မေးနေမိပါတယ်။

အဓိကကတော့ ကျွန်မသားကလေးပါ။ သူ့ကို ထာဝရ လက်လွှတ် လိုက်ရမှာကိုကြောက်တယ်။ ကျွန်မ အရင်ကနေထိုင်ပြုမူခဲ့သလို ဆက်ပြီးလုပ်နေရင် မကြာမီ ကျွန်မရေတိမ်နစ်မှာပဲ။ သားကလေးကို ဆုံးရှုံးရမှာအမှန်ပဲ။ တွမ်နဲ့ သက်ဆိုင်ရာဌာနမှ အရာရှိတွေက၊ ကျွန်မဟာကလေးကို ပြုစုပျိုးထောင်နိုင်တဲ့ မိခင်မဟုတ်ဘူးလို့ ဆုံးဖြတ်ကြတော့မှာအမှန်ပဲ။

အခုတော့ နောက်ဆုတ်လို့မရတော့ဘူးဆိုတာ ကျွန်မနားလည်ပါတယ်။ ဒီတစ်ကြိမ်ဟာ ကျွန်မဘဝကောင်းစားရေးအတွက် နောက်ဆုံးအခွင့်အရေးပဲလို့လည်း တွေးနေမိတယ်။

ဘရစ်စဘိန်းမြို့လေဆိပ်ကိုဦးတည်ပြီး လေယာဉ်ဟာ တဖြည်းဖြည်း နိမ့်ဆင်းလာပါတယ်။ နေဝင်ချိန်မှာ လိမ္မော်ရောင်ခြည်တွေနဲ့ ရောင်ပြန်ဟပ်နေတဲ့ ဘရစ်စဘိန်းမြို့ပေါ်က အိမ်တွေဟာ ကျွန်မဆီကိုပြေးကပ်လာသလိုထင်နေရတယ်။ လေယာဉ်နိမ့်ဆင်းလာသည်နှင့်အမျှ မြင်ကွင်းတွေဟာ တစ်ကွက်မှ တစ်ကွက်၊ တစ်နေရာမှ တစ်နေရာ အလျင်အမြန်ပြောင်းလဲနေတာကို ငေးကြည့်နေမိတယ်။ ကျွန်မဘဝနဲ့တူလိုက်တာလို့လည်း တွေးမိတယ်။ ကျွန်မဘဝမှာလည်းအဖြစ်အပျက်တွေဟာ တစ်ခုပြီးတစ်ခုဆက်တိုက် ပေါ်ပေါက်နေခဲ့တယ်မဟုတ်ပါလား။

လေဆိပ်ရောက်တော့ ကယ်တင်ခြင်းတပ်မှူးယစ်ဆေးကုစခန်းက တာဝန်ကျအရာရှိအမျိုးသမီးတစ်ဦးက လာပြီးကြိုပါတယ်။ သူမအမည်က ပက်ထရီရှာလို့သိရတယ်။ ပက်ထရီရှာက ကျွန်မနေရမယ့်အဆောင်အထိ လိုက်ပို့ပြီးနေရာချထားပေးပါတယ်။ ညစာကို အဆောင်ကကျွေးပါတယ်။

ညအိပ်တော့ အလွယ်တကူအိပ်မပျော်ပါ။ အိပ်ရာပြောင်းလို့လား၊ စိတ်ထဲကပူဆွေးနေတဲ့ ဝေဒနာတွေကြောင့်လားဆိုတာကို ဝေခွဲလို့မရပါ။ ဘဝလမ်းကြောင်းတစ်ကွေ့ကို စတင်လျှောက်ရမှာမို့လား။

နံနက်စာစားပြီးတဲ့အခါ အသစ်ရောက်ရှိလာတဲ့လူနာဖြစ်လို့ ကျွန်မကို မူးယစ်ဆေးကုစခန်း တာဝန်ခံမန်နေဂျာနဲ့ တွေ့ဆုံဆွေးနွေးစေပါတယ်။ မန်နေဂျာက ကျွန်မရဲ့ဆေးရာဇဝင်ကို ဖတ်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမေးပါတယ်။

ကျွန်မရဲ့စိတ်ဝေဒနာရောဂါမှတ်တမ်းအရ ကျွန်မအတွက် ကုသဖို့ အစီအစဉ်ကို ဆွေးနွေးပါတယ်။ အကြမ်းအားဖြင့်ပြောရရင် ကျွန်မလိုက်နာရမယ့် ကုသမှု နှစ်ပိုင်းရှိတယ်။ မူးယစ်ဆေးစွဲရောဂါအတွက် စိတ်ရောဂါကုဆရာဝန်နဲ့ စိတ်ပညာရှင်အရာရှိများလက်အောက်မှာ ကုသမှုကိုခံယူရမယ်ဖြစ်ပါတယ်။ ကျန်တဲ့လှုပ်ရှားမှုတွေကတော့ လူငယ်ပြုစုပျိုးထောင်ရေးစခန်းမှာလို လက်မှုပညာ၊ အားကစား၊ စခန်းသန့်ရှင်းရေး၊ မီးဖိုချောင်တွင်အလှည့်ကျ တာဝန်ယူကူညီရေးစသည်တို့ ဖြစ်ပါတယ်။

# ဒေါက်တာဘုန်းကျော်

မူးယစ်ဆေးစွဲခြင်းကို ကုသရန်အတွက် "အရက်စွဲသူများ ကုသမှုအဖွဲ့"(အေအေ)ရဲ့ခံယူချက် (၁၂)ချက်ကိုအခြေခံပြီး ဆွေးနွေးကြရပါတယ်။ ဒီအချက်တွေကို ကျွန်မပြောပြပါမယ်။ အဲဒါတွေကတော့

"ကျွန်မတို့မှာ မူးယစ်ဆေး အရက်သေစာကို ရှောင်ရှားနိုင်တဲ့ စွမ်းအားမရှိပါ"

"ကျွန်မတို့ထက် တန်ခိုးကြီးတဲ့ သူသာလျှင် ကျွန်မတို့ဘဝကို ကယ်တင်နိုင်မည်ဟု ယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ဘဝနဲ့စိတ်သဏ္ဍာန်ကို ဘုရားသခင်ထံအပ်နှံပါတယ်"

"ကျွန်မတို့အမြင်မှန်ရရှိရန်အတွက် မကြောက်မရွံ့ကြိုးစားအားထုတ်ပါမယ်"

" ကျွန်မတို့ရဲ့အမှားကို အခြားလူပုဂ္ဂိုလ်များနဲ့အတူ ဘုရားသခင်ရှေ့မှာဝန်ခံပါတယ်"

"ကျွန်မတို့ရဲ့ချို့ယွင်းအားနည်းချက်များကို ဘုရားသခင်မှ ဖယ်ရှားပေးရန် လိုလားပါပြီ"

"ကျွန်မတို့ရဲ့ ချို့ယွင်းအားနည်းချက်များကို ဘုရားသခင်မှပြုပြင်ပေးရန် အနူးအညွတ်တောင်းဆိုပါတယ်။"

"ကျွန်မတို့ပယောဂကြောင့် မကောင်းမှုခံစားခဲ့ရသူများအားလုံးကို ဝန်ချတောင်းပန်ပါတယ်"

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

"ယခုလိုလုပ်ခဲ့မိသည့် အမှားများကို အတတ်နိုင်ဆုံး ပြင်ဆင်ရှောင်ရှားပါမယ်"

"နေ့စဉ် လုပ်ကိုင်သွားလာလှုပ်ရှားမှုတွေကို သတိပြုပြီး အမှားလုပ်မိပါက ချက်ချင်းပြုပြင်ပါမယ်"

"ဘုရားသခင်ကို အစဉ်အမြဲ ဂါရဝပြုပြီး သူ၏စေတနာနှင့်ကောင်းမြတ်သည့်ဆန္ဒအတိုင်း လိုက်နာကျင့်သုံးပါမယ်"

"အထက်ဖော်ပြပါ မွန်မြတ်သည့်ကျင့်စဉ်များကို ဆေးစွဲအရက်စွဲခြင်းမှ ကင်းဝေးစေရန်အတွက် ကျင့်ကြံအားထုတ်ပါမယ်"

"အထက်ပါ မွန်မြတ်သည့်ကျင့်စဉ်များကို ဘဝပြဿနာများ ဖြေရှင်းရာတွင်လည်း အသုံးပြုရန်အားထုတ်ပါမယ်။"

ကျွန်မတို့ကုသမှုအဖွဲ့ဟာ အစည်းအဝေးတိုင်းမှာ အဲ့ဒီ အချက် ၁၂ချက်ကို အခြေခံပြီး ဆေးစွဲတဲ့စိတ်ဓာတ်ကိုပြုပြင်နိုင်ဖို့ ဆွေးနွေးကြပါတယ်။ လူနာတစ်ဦးရဲ့ အတွေ့အကြုံကို အခြား သူများက အပြုသဘောဝေဖန်ဆွေး နွေးကြရပါတယ်။

အမှန်ကိုဝန်ခံရမယ်ဆိုရင် ကျွန်မဟာ ဘာသာရေးကို ကိုင်းရှိုင်းသူ မဟုတ်ပါဘူး။ မွေးရာပါ ခရစ်ယာန်ဖြစ်ပေမယ့် ဘုရား ကျောင်းတွေကို သွားလေ့မရှိပါ။ ဓမ္မကျမ်းစာအုပ်ကိုလည်း နှစ်နှစ် ကာကာဖတ်ဖူးခဲ့သူမဟုတ်ပါ။

ကျွန်မဖတ်ဖူးတဲ့ဝတ္ထုစာအုပ်ထဲမှာ ဝတ္ထုဇာတ်ကောင်တစ် ယောက်ပြောတာကို မှတ်မိပါတယ်။ သူက ဘာသာရေးဆိုတာ ကလေးလူငယ်တွေနဲ့ သက်ကြီးရွယ်အိုတွေအတွက် တန်ဖိုးရှိတယ်လို့ ပြောတယ်။ ကလေးလူငယ်တွေအတွက် လူမှုအဆောက်အအုံတစ်ခု ရဲ့ယဉ်ကျေးမှုကျင့်ဝတ်တွေကို သင်ယူနိုင်ဖို့ရာမှာ ဘာသာရေး အဆုံးအမတွေလိုအပ်ပါတယ်တဲ့။ သက်ကြီး ရွယ်အိုတွေအဖို့ကတော့ နောင်တမလွန်ဘဝကို မျှော်မှန်းနိုင်တဲ့အတွက် အိုခြင်း၊ နာခြင်း၊

သေခြင်းတရားတွေကို ခံနိုင်ရည်ရှိလာအောင် ဘာသာရေးယုံကြည်အားထုတ်မှုတွေလိုအပ်တယ်လို့ အဲ့ဒီဇာတ်ကောင်ကပြောတယ်။

ကျွန်မထင်မြင်တာကို ပြောပြရလျှင် ဘာသာရေးယုံကြည်မှုဟာ ဆေးစွဲနေတဲ့စိတ်ကို ထိန်းချုပ်နိုင်လိမ့်မယ်လို့ ယုံကြည်လာပါတယ်။

မိမိအမှားတွေ၊ မိမိရဲ့အပြစ်အနာတွေကို မှတ်တမ်းပြုပြီး ဆင်ခြင်ရန် ကြိုးစားနေတဲ့အတွက် အခြားသူများအပေါ်မှာ အပြစ်မြင်စိတ်တွေကို ထိန်းသိမ်းလာနိုင်ပါတယ်။ အစည်းအဝေးတက်သူများက ကျွန်မရဲ့ ချို့ယွင်းချက် အားနည်းချက်တွေကို လက်ခံပြီး ခွင့်လွှတ်နိုင်ကြတဲ့အခါမှာ ကျွန်မရဲ့ သိမ်ငယ်စိတ်တွေကို လျှော့နည်းစေပါတယ်။ ကျွန်မရဲ့ သိမ်ငယ်စိတ်နဲ့ အပြစ်တွေကို ပွင့်ပွင့်လင်းလင်းဝန်ခံလိုက်နိုင်တဲ့အတွက် စိတ်သောကဝေဒနာတွေဟာ သက်သာလာပါတယ်။ သင်တန်းဆရာညွှန်ကြားသည့်အတိုင်း အထက်ပါကျင့်စဉ်များကို အစဉ်အမြဲရွတ်ဆိုပါတယ်။

ဆေးစွဲ၊ အရက်စွဲတဲ့ အကျင့်ပျောက်ကင်းစေရန် တတ်နိုင်သမျှ ကျွန်မကြိုးစားအားထုတ်ဖို့ ရည်ရွယ်ထားပါတယ်။

ကျွန်မသားကလေးရဲ့ အနာဂါတ်ဘဝ ကောင်းစားရေးအတွက် ရည်မှန်းပြီး လှုံ့လပြုနေတာဆိုရင်မမှားပါဘူး။

စာရေးသူသည် ဒေစီ၏မှတ်တမ်းကို ဖတ်နေစဉ် ဆေးစွဲ၊ အရက်စွဲရောဂါနှင့် ပတ်သက်သည့် ကုထုံးများကိုစဉ်းစားမိသည်။

မူးယစ်ဆေးစွဲ၊ အရက်စွဲရောဂါကို ကုသရာတွင် တစ်ဆင့်ပြီးတစ်ဆင့်တက်ရသည်။ ပထမအဆင့်မှာ လူနာသုံးစွဲနေသည့် မူးယစ်ဆေး သို့မဟုတ် အရက်ကိုလုံးဝမသုံးစွဲမိစေရန် စီမံရသည်။ ပြင်ပလောကတွင် စိတ်မထိန်းနိုင်သေးလျှင် ဒေစီကဲ့သို့ ဆေးစွဲ၊ အရက်စွဲကုသသည့်စခန်းတွင် တက်ရောက်နေသင့်သည်။

မူးယစ်ဆေးသို့မဟုတ် အရက်ကိုမသုံးစွဲဘဲ ဖြတ်လိုက်သောအခါ ဆေးဖြတ်လက္ခဏာများပေါ်လာလိမ့်မည်။ ကိုယ်ခန္ဓာလက္ခဏာများအပြင် စိတ်ပိုင်းဆိုင်ရာလက္ခဏာများပါ ပေါ်ပေါက်လာနိုင်သည်။ တုန်တုန်ယင်ယင်ဖြစ်ခြင်း၊ စိတ်ဂဏှာမငြိမ်ခြင်း၊ အိပ်မပျော်ခြင်း၊ စားမဝင်ခြင်းစသည်တို့ခံစား လာရတတ်သည်။ ၎င်းလက္ခဏာများပေါ်ပေါက်လာပါက မူးယစ်ဆေး သို့မဟုတ် အရက်ကို သုံးလိုသည့် ဆန္ဒပြင်းပြလာမည်ဖြစ်သည်။ ဒုတိယအဆင့်မှာ ယခုလိုဆေးဖြတ်လက္ခဏာများကို သက်သာအောင် ကုသပေးရန်ဖြစ်သည်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဆေးဖြတ်သည့်လက္ခဏာများ ပြေပျောက်သွားသော်လည်း စိတ်ထဲတွင် ဆေးသုံးချင်စိတ်၊ အရက်ပြန်သောက်စိတ်တို့ မကြာခဏ ပေါ်လာတတ်သည်။ "ပြင်းထန်စွာလိုလားတောင့်တစိတ်"ဟု ဆိုနိုင်သည်။ ဤလိုလားတောင့်တစိတ်သည် ဆေး၊ အရက်ဖြတ်ပြီး ၆လအထိ မကြာခဏပေါ်ပေါက်နေတတ်သည်။

ဒေစီသည် ယခုအခါ သည်အဆင့်သို့ရောက်နေပြီဟု ဆိုရမည်။ သူမ၏ စိတ်ထဲတွင် လွန်ဆွဲပွဲလို ဖြစ်နေမည်။ မူးယစ်ဆေးဖြတ်လိုသည့် ဆန္ဒနှင့်မူးယစ်ဆေးကို တမ်းတသည့်မောဟစိတ်တို့ အားပြိုင်နေသည့် အခြေအနေရောက်နေမည်။ ထို့ကြောင့် တတိယ အဆင့် ကုထုံးသည် မူးယစ်ဆေးဖြတ်လိုသည့်ဆန္ဒကို ကြီးထွားစေပြီး မူးယစ်ဆေးသောက်လိုသည့် တောင့်တမှုကို အကင်းသေသွားစေရန် ရည်ရွယ်သည်။ ဥပမာ အရက်ကို တောင့်တစိတ် သက်သာစေရန်အတွက် (နာလ်ထရက်ခုန်း) (အေကမ်ပရိုဆိတ်) (ဒိုင်ဆာဖိုင်ရမ်) (တိုပီရာမိတ်)စသည့် ဆေးများကို သုံးစွဲနေကြပါသည်။

သို့သော် အချို့ပညာရှင်များသည် ဆေးစွဲသည့်ပြဿနာကို နောက်ဆေးတစ်မျိုးဖြင့် ကု၍မရနိုင်ဟုယုံကြည်ကြသည်။

ထို့ကြောင့် ဆေးဖြတ်လိုသည့်ဆန္ဒနှင့် ဆေးဖြတ်နိုင်သည့် စိတ်စွမ်းအင်ကို ကြီးထွားသန်မာလာစေရန် စိတ်ကုထုံးကုနည်းများကို အသုံးပြုလာကြပါသည်။

## ဒေါက်တာတင့်ကျော်

ဒေစီကုသမှုခံယူနေသည့် "လှေကား ၁၂ထစ်-ခြေလှမ်း ၁၂လှမ်း" ကုထုံးမှာ ဆေးဖြတ်နိုင်သည့် စိတ်ဓာတ်စွမ်းရည်တိုးပွားစေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

မူးယစ်ဆေးကုသမှုစခန်းတွင် နေထိုင်စဉ် သင်ကြားနာယူလေ့ကျင့်ခဲ့သည့် စိတ်ဓာတ်လေ့ကျင့်ခန်းများကို အပြင်လောကတွင် လိုအပ်သလို ဆက်လက်ကျင့်သုံးသွားရန်ဖြစ်သည်။ ဤကဲ့သို့ ကြိုးစားနိုင်ပါက မူးယစ်ဆေးကိုတောင့်တသည့် မောဟစိတ်ကို အနိုင်ယူနိုင်မည်ဖြစ်သည်။

ယခုအထိ အစကောင်းနေသည်ကိုတွေ့ရသဖြင့် စာရေးသူသည် ဒေစီ၏မှတ်တမ်းကို ဆက်လက်ဖတ်ရန် အားသန်လာသည်။

## "အမည်ကွဲသော်လည်း သဘောက ဆင်တူသလို"

ကျွန်မခံစားနေရတဲ့ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်းစိတ်ဝေဒနာတွေကို ကုသပေးရန် မူးယစ်ဆေးကုစခန်းအတိုင်ပင်ခံ စိတ်ရောဂါအထူးကု ဆရာဝန်ဒေါက်တာဟင်နရီနဲ့ စိတ်ပညာရှင် ပီတာတို့ကတာဝန်ယူပါတယ်။

အယ်လစ်စပရင်းမြို့ဆေးရုံတက်စဉ်က သောက်သုံးခဲ့တဲ့ ဆိုက်ကိုဆစ်ရောဂါကုဆေးများကို တဖြည်းဖြည်းလျှော့ရန် ဒေါက်တာဟင်နရီက အကြံပေးပါတယ်။ ကျွန်မဝေဒနာကို စိတ်ကုထုံးကုနည်းနဲ့ကြိုးစားကုရန် သူကအားပေးပါတယ်။

## ဒေါက်တာဟင်နရီကျော်

ဆိုက်ကိုးဆစ်ရောဂါကုဆေး၊ စိတ်ငြိမ်ဆေးတွေဟာ ကျွန်မအတွက် အမြဲဆက်တိုက်သောက်သုံးရန် မလိုဘူးလို့ပြောတယ်။ အလွန်အမင်းအိပ်မပျော်ဖြစ်တဲ့အခါ သံသယစိတ်၊ ဒေါသစိတ်တွေကို ထိန်းမနိုင်သိမ်းမရဖြစ်တဲ့အခါ အတိတ်ကဖြစ်ရပ်တွေကို နားထဲမှာ အခံရခက်အောင်ကြားနေရတဲ့ အခါတွေမှာ ခေတ္တခဏ သောက်သုံးသင့်ကြောင်း ဒေါက်တာကအကြံပေးပါတယ်။ ဒီဆေးတွေ ကြာကြာစွဲပြီးသောက်ရင် ကိုယ်ခန္ဓာကျန်းမာရေးကို ထိခိုက်နိုင်တယ်လို့ ပြောပါတယ်၊ ကိုယ်အလေးချိန်တက်မယ်၊ သွေးအတွင်းမှာ အဆီဓာတ်များလာမယ်။ ဆီးချိုရောဂါဖြစ်လာနိုင်တယ် စသည်ဖြင့် သတိပေးပါတယ်။ဒေါက်တာဟင်နရီက ကျွန်မရဲ့အခြေအနေကို မကြာမကြာစစ်ဆေးပေးမယ်။ စိတ်ကျဝေဒနာ စိတ္တဇဆိုက်ကိုးဆစ်ဝေဒနာနဲ့ မိမိကိုယ်ကို အန္တရာယ်ပြုလိုတဲ့စိတ်တွေပွားများလာလျှင် လိုအပ်သလိုသင့်တော်တဲ့ဆေးနဲ့ ကုသပေးမယ်လို့ပြောပါတယ်။ စိတ်ပညာရှင်ပီတာနဲ့ စိတ်ကုထုံးကုသမှုအတွက် တွေ့ဆုံရန် တိုက်တွန်းပါတယ်။

မကြာမီ စိတ်ပညာရှင်ပီတာနဲ့ တွေ့ရပါတယ်။ ငယ်စဉ်က ဘဝဒဏ်ချက်တွေကြောင့် ကျွန်မခံစားနေရတဲ့ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေး ရောဂါတွေကိုကုသရန် ပီတာက စိတ်ကုထုံးကုနည်းနှစ်မျိုးကို ဆွေးနွေးရှင်းပြပါတယ်။

## ပြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ပထမကုထုံးနာမည်က ရှည်လိုက်တာ။"အနုလုံ ပဋိလုံ ကျိုးကြောင်း ဆင်ခြင်အားထုတ် စိတ်ကုထုံးကုနည်း" လို့ စိတ်ပညာရှင်ကဆိုပါတယ်။ အယ်လစ်စပရင်းဆေးရုံမှာ ဆေးရုံတက်စဉ်က စိတ်ပညာရှင်အီဒင်ရှင်းပြဖူးလို့ ကျွန်မဒီကုထုံးနဲ့ပတ်သက်ပြီး အတော်အတန်နားလည်ပြီးဖြစ်တယ်။

နောက်ကုထုံးတစ်ခုကတော့ "ပုံပြင်ဇာတ်လမ်းပြောပြီး သုံးသပ်ကုထုံး" လို့ခေါ်တယ်။ ပုံပြင်ဆိုတာ အိပ်ခါနီးကလေးတွေကို ပြောတဲ့ပုံပြင်မျိုးမဟုတ်ပါဘူး။ လူနာရဲ့ဘဝအတွေ့အကြုံနဲ့ လတ်တလောရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာတွေကို ပုံပြင်ဇာတ်လမ်းလို ပြောပြခြင်းဖြစ်ပါတယ်။

ဒီကုထုံးက လူပုဂ္ဂိုလ်သည် ပြဿနာမဟုတ်၊ အခက်အခဲပြဿနာသည်သာ ပြဿနာဖြစ်တယ်ဆိုတဲ့ ဆောင်ပုဒ်ကိုခံယူတယ်လို့ ဆိုပါတယ်။ ကျွန်မကို စိတ်ပညာရှင်ပီတာရှင်းပြတာက ဒီလိုပါ။ လူနာဟာသူ့စိတ်ထဲမှာ ခံစားနေရတဲ့ ရောဂါကိုပဲဖြစ်ဖြစ်၊ လူမှုရေးပြဿနာတစ်ခုခုကိုပဲဖြစ်ဖြစ်၊ ကြည့်ရှုသုံးသပ်တဲ့အခါ "ငါ"ဆိုတဲ့ အတ္တကို ဖျောက်ထားရမယ်တဲ့။ ငါ့ရောဂါ၊ ငါခံစားနေရတဲ့ဒုက္ခ၊ ငါ့ပြဿနာစသည်ဖြင့် မိမိကိုယ်နဲ့ယှဉ်ပြီး မစဉ်းစားနဲ့။ သူတစ်ဦးရဲ့ သတင်းကို သတင်းစာထဲမှာ ဖတ်နေရသလို၊ ဝတ္ထုထဲကဇာတ်ကောင်ရဲ့ အဖြစ်အပျက်ကို ဖတ်နေရသလို သဘောထားပြီး ကြည့်ရှုသုံးသပ်ရမယ်လို့ ပြောတယ်။

စိတ်ပညာရှင်ပီတာက ဆက်ပြောတာကို ကျွန်မနားလည်သလိုတင်ပြပါမယ်။ သူက ကိုယ့်ပြဿနာကို ရုပ်ရှင်ကြည့်နေသလို ကြည့်ရှုတတ်ရမယ်လို့ ဆိုပါတယ်။ ပြဿနာနဲ့ စိတ်ဆန္ဒ၊ စိတ်ခံစားမှုတွေရောထွေးမသွားစေပဲ အရှိကိုအရှိအတိုင်း သုံးသပ်ရမယ်လို့ ဆိုလိုခြင်းပါ။

အဲ့ဒီလို ကြည့်ရှုသုံးသပ်နိုင်လျှင် စိတ်တွင်းပဋိပက္ခနဲ့ ဘဝပြဿနာကို စူးစမ်းလေ့လာဖို့ လွယ်ကူသွားတယ်လို့ ဆိုပါတယ်။ ပြဿနာကိုဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေကိုလည်း အဖြေရှာရန် မခက်ခဲတော့ဘူးတဲ့။

လူနာဟာ သတင်းထောက်တစ်ယောက် သတင်းရေးသလို ကိုယ့်ဇာတ်လမ်းကို သူများအမြင်နဲ့ ကြည့်ရမယ်လို့လည်း ဥပမာပေးပါတယ်။ လူစိမ်းတစ်ယောက်အနေနဲ့ ကျွန်မနားလည်သလို ပြောရရင် ရုပ်ကွက်ထဲမှာ အတင်း ပြောကြသလိုပါပဲ။ အတင်းပြောရသူအဖို့ အာဘောင်အာရင်းသန်သန်နဲ့ အတင်းလိုလို သတင်းလိုလို စေတနာနဲ့ဖြေရှင်းပေးသလိုလို အမျိုးမျိုးချမှတ်နိုင်ပါတယ်။ အတင်းပြောခံရသူအဖို့ သူတို့ပြောသလို ပြဿနာကို ဖြေရှင်းဖို့မလွယ်ပါဘူး။ ဒီကုထုံးရဲ့သဘောက ကိုယ့်ရောဂါကို အတင်းပြောသူလိုကြည့်၊ အတင်းပြောခံရသူလို မခံစားနဲ့လို့ ဆိုလိုခြင်းပါ။ ပုံပြင်ဇာတ်လမ်းကုထုံးကိုခံယူဖို့ရန်အတွက် ကျွန်မမှာနေ့စဉ် တာဝန်ရှိလာပါတယ်။ အတိတ်က အကြောင်းအရာပဲဖြစ်ဖြစ် ယခုကြုံတွေ့ လိုက်ရတဲ့

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အဖြစ်အပျက်ကလေးကိုပဲဖြစ်ဖြစ် ကျွန်မနေ့စဉ်မှတ်တမ်းရေးရပါတယ်။ တစ်ပတ်တစ်ကြိမ် ပီတာနဲ့ တွေ့တဲ့အခါ ကျွန်မရေးထားတဲ့ ဇာတ်လမ်းကို အခြားသူတစ်ယောက်အမြင်နဲ့ ကျွန်မကို ကြည့်ရှုသုံးသပ်စေပါတယ်။ နောက်ပြီး ဘေးကလူတစ်ယောက်လို ဝေဖန်ဆွေးနွေးစေပါတယ်။

အမှန်ကို ဝန်ခံရမယ်ဆိုရင် ဒီလိုစဉ်းစားတွေးတောနိုင်ဖို့ ရန်မလွယ်ပါဘူး။ လူ့သဘာဝဖြစ်တဲ့ အတ္တစိတ်၊ မာနစိတ်တွေက အဟန့်အတားပြုကြ ပါတယ်။ အနာခံပြီး ကြိတ်မှိတ်စဉ်းစားနိုင်ရင် အမြင်တစ်မျိုးပေါ်လာနိုင်တာတော့အမှန်ပါပဲ။ ဥပမာ ကျွန်မ ဆစ်ဒနီမြို့မှာ အိမ်ငှားပြီး မော်လီတို့နှင့်အတူနေခဲ့စဉ်က အဖြစ်အပျက်ကို မှတ်တမ်းရေးပြီးဆွေးနွေးပါတယ်။ သန်းခေါင်ကျော်မှ အိမ်ပြန်လာပြီး မော်လီအိပ်ပျော်နေတာကို အလေးဂရုမပြုပဲ အသံတွေ ဆူဆူညံညံဖြစ်အောင်လုပ်တာ၊ မော်လီ့ကိုပြန်ပြီးရန်ထောင်တာတွေကို ရုပ်ရှင်ကြည့်သလို ပြန်ပြီးတွေးလိုက်တော့ ကျွန်မရှက်မိပါတယ်။ ကျွန်မရဲ့အမှားကို ထင်ထင်ရှားရှားတွေ့နေရပါတယ်။

အဲ့ဒီလိုရှင်းပြတော့ စိတ်ပညာရှင်ပီတာက သဘောကျဝမ်းသာပါတယ်။ သူပြောချင်တဲ့အချက်ကို ကျွန်မရိပ်စားမိပါတယ်လို့ ဆိုပါတယ်။

ဒီပြဿနာ အဖြစ်အပျက်ကလေးတစ်ခုကို အမြင်ပြောင်းသွားတာနဲ့ ကျွန်မစိတ်ဝေဒနာတွေဘယ်လို သက်သာလာနိုင်သလဲ။

## ဒေါက်တာဟန်းကျော်

ကျွန်မက ပီတာ့ကို အဲ့ဒီလိုအထွန့်တက်ပြီးမေးပါတယ်။ ပီတာပြော တာက ဒီနမူနာကလေးဟာ အုပ်တစ်ချပ်၊ သဲတစ်ပွင့်လိုပါပဲတဲ့။ ဒီလိုအဖြစ်အပျက်ဇာတ်လမ်းတွေကို မှတ်မိနိုင်သမျှ ရေးချပြီးသုံး သပ်ဆင်ခြင်ရင် အုပ်တစ်ချပ်သဲတစ်ပွင့်က တိုက်အိမ်ဖြစ်လာသလို အကျိုးထူးခံစားလာရလိမ့်မယ်လို့ အားပေးပါတယ်။

အနုလုံပဋိလုံ စိတ်ကုထုံးကုနည်းနဲ့ ပုံပြင်ဇာတ်လမ်းကုထုံး ကုနည်း တွေမှာကွဲလွဲချက်တွေရှိသလို တူညီတာတွေလည်းရှိတယ်လို့ ပီတာကပြောပါတယ်။ သူတို့ဟာ တစ်မျိုးနဲ့တစ်မျိုး ဆန့်ကျင်နေတာ မဟုတ်ဘူး။ အတူယှဉ်တွဲပြီး အသုံးချနိုင်တယ်လို့ ဆိုပါတယ်။ ငါးပိချက်နဲ့ တို့စရာဟင်းရွက်လိုပါပဲတဲ့။ အသွင်မတူပေမဲ့ နှစ်မျိုးပေါင်းပြီး စားလိုက်လျှင် ထမင်းမြိန်သလိုပါပဲ။

လက်နက်မျိုးစုံတပ်ဆင်ထားတဲ့ တပ်ဖွဲ့လို ကျွန်မအတွက် ကျွန်မရဲ့ရောဂါကို တိုက်ဖျက်ဖို့လက်နက်တွေနဲ့ သင်တန်းပေးကြ ခြင်းဖြစ်ပါတယ်။ ကျွန်မ ကိုယ်တိုင်ကြိုးစားမှ အောင်ပွဲရမှာဖြစ်ပါ တယ်။ ကျောင်းဖွင့်စ ကျောင်းသွားတဲ့ ကျောင်းသားလိုပါပဲ။ အိတ်ထဲမှာ စာအုပ်တွေ၊ ခဲတံတွေ၊ ပေတံတွေ၊ ကွန်ပါဘူးတွေ အစုံပါ ပါပြီ။ ဒါပေမယ့် တစ်နှစ်လုံးမှန်မှန်စာကြိုးစားမှ စာမေးပွဲအောင်မှာ ဖြစ်ပါတယ်။

ယခုလို စဉ်းစားကြည့်တော့ ကျွန်မခံစားနေရတဲ့ရောဂါ ဟာ ခွဲစိတ်ကုသလို့ရတဲ့ ပြည်တည်နာမျိုးမဟုတ်ဘူး။ ဆရာဝန်ကြီး

ခွဲစိတ်ကုသလိုက်တာနဲ့ အမြစ်ပြတ်သွားတဲ့ရောဂါမျိုးမဟုတ်ဘူး။ ဒေါက်တာဟင်နရီနဲ့ စိတ်ပညာရှင် ပီတာတို့က ကျွန်မစိတ်ထဲမှာ အမြစ်တွယ်နေတဲ့ စိတ်ဝေဒနာကို လေနဲ့မှုတ်ပြီး လွင့်သွားအောင် မလုပ်နိုင်ပါဘူး။ သူတို့က ကျွန်မကို လှေတစ်စီးနဲ့ မြေပုံမြေညွှန်းကိုသာ ပေးလိုက်သလိုပါပဲ။ ကျွန်မလှော်ခတ်နိုင်မှ တစ်ဘက်ကမ်းကို ရောက်မှာဖြစ်ပါတယ်။

ငါ့စိတ်က စွဲစွဲမြဲမြဲကြိုးစားနိုင်ပါ့မလားလို့ ကျွန်မကိုယ်ကျွန်မ မေးမိပါတယ်။ တိတိကျကျ အဖြေမပေးနိုင်ပါဘူး။ ယခုအထိတော့ စိတ်အားထက်သန်နေလျှက်ပါပဲ။ ငါ့သားကလေးအတွက်ဆိုတဲ့အသိက ကျွန်မစိတ်ကို တွန်းအားပေးနေတဲ့အင်ဂျင်စက်ပါပဲ။

စာရေးသူသည် ဒေစီ၏မှတ်တမ်းကို စိတ်ဝင်စားသော်လည်း အိပ်ချင်စိတ်ပေါ်လာသဖြင့် လက်ဖက်ရည်တစ်ခွက်ဖျော်ပြီး တဖြည်းဖြည်းသောက်သည်။

ထို့နောက် မူးယစ်ဆေးကုစခန်းမှ ဒေစီ့အတွက်စီစဉ်ပေးသည့် စိတ်ကုထုံးကုနည်းများကို စဉ်းစားမိသည်။ ဒေစီသည် စိတ်ကုထုံးကုနည်းသုံးမျိုးဖြင့် တပြိုင်တည်းကုသခံယူရမည်ဖြစ်သည်။ ရှုပ်ထွေးမနေဘူးလား။ လူနာဇဝေဇဝါ မဖြစ်ပေဘူးလားဟု ပြောဖွယ်ရာဖြစ်နေသည်။ သေသေချာချာလေ့လာ ကြည့်သည့်အခါ အလွန်အမင်းရှုပ်ထွေးဖွယ်ရာမရှိပါ။ ခန္ဓာကိုယ်ရောဂါပြင်းထန်သည့်အခါ လူနာသည် ဆေးမျိုးစုံကို စုပေါင်းသောက်ရသလိုဖြစ်သည်။ ဆေးမျိုးစုံတွင် ပါဝင်သောဆေးများတွင် ဆေးတစ်မျိုးနှင့်တစ်မျိုး ကွဲပြားသည့်အာနိသင်ရှိသလို၊ တူညီသည့်အာနိသင်လည်းရှိနိုင်သည်။ တူညီသည့်အာနိသင်ကြောင့် ဆေးတစ်မျိုး၏အစွမ်းကို အခြားတစ်မျိုးက ထပ်ဆင့်တိုးပေးနိုင်သည်။ မတူညီသည့် အာနိသင်များကြောင့်

ဆေးတစ်မျိုးမှလိုအပ်ချက်၊ ဟာကွက်ကို အခြားဆေးတစ်မျိုးက ဖြည့်ဆည်းပေးနိုင်ပါသည်။

အလားတူပင် ဒေစီကုသမှုခံရသည့် စိတ်ကုထုံးကုနည်း သုံးမျိုးတွင် တူညီသည့်ကုသမှု လုပ်ထုံးလုပ်နည်းများရှိသလို ကွဲပြားသည့်လုပ်ထုံးလုပ်နည်း များလည်းရှိပါသည်။

စိတ်ကုထုံးကုနည်းဖြင့် ကုသရာတွင် ကုသသူပညာရှင်သည် လူနာ၏ဘဝဖြစ်စဉ်များ၊ လူနာ၏ပြဿနာများ၊ လူနာ၏ဝေဒနာခံစားရမှုများနှင့် လူနာ၏အတွေးအခေါ် အယူအဆများကို သိလိုပါသည်။ စိတ်ပါဝင်စားစွာဆွေးနွေးသည်။ ထို့အပြင် လူနာခံစားနေရသလို ကုသသူပညာရှင်က ကိုယ်ချင်းစာသည့်သဘောကို လူနာသိရှိစေသည်။ လူနာကို ဝေဖန်ပြစ်တင်ခြင်းမရှိပဲ လူနာပြောသမျှကို ဓမ္မဓိဋ္ဌာန်ကျကျ လက်ခံဆွေးနွေးသည်။ အထက်ပါ ကုသမှုပညာရှင်၏ အပြုအမူသဘောထားပင်လျှင် လူနာ၏ရောဂါ တစ်ဝက်ကို ပျောက်ကင်းစေသည်ဟုဆိုကြပါသည်။

မည်သည့်စိတ်ကုထုံးကုနည်းတွင်မဆို လူနာသည် သူ့ဘဝနောက်ကြောင်းမှအစ ယနေ့အဖြစ်အပျက်အထိသိသမျှ ပြောပြဆွေးနွေးရသည်။ လူနာမေ့လျော့နေသည့် အတွေးများ၊ လူနာမတွေးဝံ့ မတွေးရဲသည့်အတွေးများကို ကုသမှုပညာရှင်ရှေ့တွင် အန်ချပြစေရန်အားပေးသည်။ ပြဿနာတွေကို ရင်ဆိုင်ရန် အားပေးသည်။ တစ်ကြိမ်မဟုတ် အကြိမ်ကြိမ်သုံးသပ် ဆွေးနွေးရသည်။ စိတ်ထဲတွင်

ကြောက်လန့်နေသည့် အရာကိုရှောင်ရှားမနေပဲ ရဲရဲတင်းတင်း ရင်ဆိုင်စေခြင်းဖြစ်သည်။ စိတ်ပညာရှင်များက ဤလုပ်နည်း လုပ်ဟန်ကို "ဖွင့်လှစ်ဖော်ထုတ်ရင်ဆိုင်ကုထုံး"ဟုခေါ်သည်။ ဤကဲ့သို့ ကျင့်ကြံပါက လူနာကိုဒုက္ခပေးနေသည့် အတိတ်မှမှတ်ဉာဏ်များ၊ ဒဏ်ရာဒဏ်ချက်များ၊ ပြဿနာများသည် အစွယ်ကျိုး သလို ဖြစ်သွားသည်ဟုဆိုသည်။ ဥပမာအားဖြင့် ဒေစီသည် သူမ၏ ပထွေးအကြောင်းကို စဉ်းစားမိလျှင် ယခင်ကလို စိတ်လှုပ်ရှားမှု ပြင်းထန်မနေပဲ သူမ၏စိတ်ကို ထိန်းချုပ်နိုင်စွမ်းရှိပြီး ဝေဒနာ ခံစားရမှုနည်းသွားနိုင်သည်။

စိတ်ကုထုံးကုနည်းတိုင်းတွင် လူနာ၏ သောကဝေဒနာနှင့် ဘဝပြဿနာများကို ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်စေသည်။ အရှိကို အရှိအတိုင်း ကြည့်ရှုသုံးသပ်နိုင်အောင် သင်ကြားပေးသည်။ အတွေးတစ်ခုခု အဖြစ်အပျက် တစ်ခုခုကို ပကတိပုံသဏ္ဌာန်အတိုင်း အသိတွင် အာရုံပြုရသည်။ အတွေးကြောင့် ဖြစ်ပေါ်လာသော စိတ်ခံစားမှု ရောထွေးပေါ်ပေါက်မလာစေရန် လေ့ကျင့်ရသည်။ ကိုယ့်ပြဿနာကို အခြားသူတစ်ဦး၏ ပြဿနာလို သဘောထားပြီး ကြည့်ရှုသုံးသပ်ရမည်ဟုဆိုပါသည်။ ဤကဲ့သို့ လေ့ကျင့်နိုင်လျှင် ပြဿနာကြောင့်ဖြစ်လာသည့် စိတ်ဝေဒနာကို ခံနိုင်ရည်စွမ်းအား ရှိလာနိုင်သည်။

စိတ်ခံစားမှုသည် စဉ်းစားဆင်ခြင်နိုင်မှုကို အားနည်းစေသည်ကိုသိကြပါသည်။ စိတ်ခံစားမှုသည် စွမ်းအင်သာရှိပြီး ဦးတည်ချက်ကင်းကွာသည့် "လေပွေမုန်တိုင်း"နှင့်တူသည်။ စိတ်ခံစားမှုကိုအားပြုသည့် အတွေး အခေါ် အယူအဆဆုံးဖြတ်ချက်များသည် အခြေအနေနှင့် မဆီလျော်ပဲ တလွဲတချော်ဖြစ်တတ်သည်။ လူနာကို အမှားမှားအယွင်းယွင်း ပြုလုပ်စေသည်။ ထို့ကြောင့် စိတ်ကုထုံးကုနည်းများတွင် ပြဿနာတစ်ခုကို ဖြေရှင်းသည့်အခါ စိတ်အလိုအတိုင်း၊ စိတ်ခံစားမှုအတိုင်း မပြုလုပ်မိစေရန် သင်ကြားပေးသည်။ ပြဿနာကို ဖြေရှင်းရာတွင် အတုံးလိုက်အတစ်လိုက် မဖြေရှင်းပဲ ပြဿနာ၏ အကြောင်းရင်းများကို တစ်ခုချင်း စမ်းသပ်စစ်ဆေးရမည်။ ထို့နောက် ထိုအကြောင်းအရင်းတစ်ခုစီကို ပကတိအမြင်ဖြင့် အချက်အလက်များပေါ်တွင်သာ မူတည်ပြီးဖြေရှင်းဖို့ကြိုးစားရမည်ဟု သင်ကြားပေးပါသည်။ ဤလိုလုပ်နည်းပရိယာယ်ကို စိတ်ပညာရှင်များက "ပြဿနာဖြေရှင်းနည်းဖြင့်ကုထုံး" ဟု ခေါ်ဆိုကြသည်။

စိတ်ဝေဒနာခံစားနေရသည့်လူနာသည် အမြဲလိုလို မိမိ၏ စိတ်သောကနှင့် မိမိရင်ဆိုင်နေရသည့် ပြဿနာများကိုသာ အာရုံရောက်နေလေ့ရှိသည်။ စိတ်ကုထုံးကုနည်းတိုင်းလိုလို လူနာကို လတ်တလောလုပ်နေသည့်ကိစ္စတွင်သာ အာရုံပြုနိုင်ရန် ညွှန်ကြားပေးသည်။ ထိုင်ပြီးတွေးနေဆွေးနေမည့်အစား တစ်ခုခုကို အာရုံ

စိုက်လုပ်ကိုင်နေရန် အားပေးသည်။ ထို့ကြောင့် တရားထိုင်ခြင်း၊ အားကစားကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းလုပ်ခြင်း၊ စာဖတ်ခြင်း၊ ဝါသနာတစ်ခုခုကို ရှာဖွေလုပ်ကိုင်စေခြင်း၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံပေါင်းသင်းခြင်း၊ အဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခြင်း၊ အခမဲ့အကူအညီပေးသည့် အလုပ်တွင် အားတက်သရောပါဝင်ခြင်း စသည့်လှုပ်ရှားမှုများဆောင်ရွက်ရန် တိုက်တွန်းပါသည်။

စိတ်ကုထုံးကုနည်းအမျိုးမျိုး အမည်ကွဲနေသော်လည်း သဘော သဘာဝတူသည့်အသွင်သဏ္ဌာန်များကို စာရေးသူစဉ်းစား နေခြင်းဖြစ်သည်။

လှုက်ရည်တစ်ခွက်ကုန်သွားပြီး အိပ်ချင်စိတ်ပြေပျောက်လာသဖြင့် ဒေစီ၏မှတ်တမ်းကို ဆက်လက်ဖတ်နေမိသည်။

# "အတွေးအဆွေးနှင့် အချစ်ရေး"

စိတ်ပညာရှင်ပီတာက ကျွန်မရဲ့အတွေးများ၊ ခံစားရချက်များနဲ့ ဘဝအဖြစ်အပျက်များကို မှတ်တမ်းရေးရန်ညွှန်ကြားပါတယ်။ ကျွန်မရေးထားတဲ့အချက်အလက်တွေကို ကျွန်မနဲ့တစ်ဦးချင်းတွေ့ပြီး ကုသမှုပေးတဲ့အခါ ဆွေးနွေးမယ်လို့ဆိုပါတယ်။

ညဘက်အိပ်ရာမဝင်မီ စားပွဲမှာထိုင်ပြီး မှတ်တမ်းရေးဖို့ စဉ်းစားလိုက်တော့ ကျွန်မဘာရေးရမယ်ဆိုတာကို တွေးလို့မရရှိ

နေပါတယ်။ ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း ရောဂါရှိသူတွေဟာ မိမိကိုယ်တိုင် ဘယ်သူဘယ်ဝါဆိုတာ မဝေခွဲတတ်ကြဘူးလို့ပြောကြပါတယ်။ ကျွန်မလိုဝေဒနာကို ခံစားရသူများဟာ သူတို့အကြောင်းကို ၄-၅နာရီ ကြာအောင် ထိုင်ပြီး ပြောပြနေပေမယ့် ကြားရသူက သူဘယ်လိုပုဂ္ဂိုလ်များလဲဆိုတာသိဖို့ ခက်တယ်လို့ဘဲဆိုကြပါတယ်။ သူတို့ပြောတာမှန်မယ်ထင်တယ်။

ကျွန်မမူးယစ်ဆေးတွေ သောက်နေစဉ်က ကျွန်မဟာဆေးအာနိသင်ကြောင့်ရရှိလာတဲ့ တဒင်္ဂအတွေ့အကြုံများ၊ စိတ်ခံစားမှုများ၊ အတွေးအခေါ် အယူအဆများကို "ငါပဲ" လို့ ထင်မိပါတယ်။ ယခုဒီစခန်းရောက်တော့ ဆေးအရှိန်တွေ မလွှမ်းမိုးတဲ့အချိန်မှာ "ငါဘယ်သူလဲ။ ဘယ်လိုလူစားလဲ" ဆိုတာ စဉ်းစားရခက်နေပါတယ်။ တကယ်တော့ ကျွန်မဘဝဟာ မထိန်းနိုင်မသိမ်းနိုင်ဖြစ်ပြီး ပြဿနာမျိုးစုံနဲ့ ကြုံတွေ့ခဲ့ရတဲ့ဘဝပါ။ ရိုင်းရိုင်းဥပမာ နှိုင်းရရင် လက်ကိုင်ချောင်ပြီး ဘရိတ်မရှိတဲ့ကားကို အရှိန်ပြင်းပြင်းမောင်းနေသလို ဖြစ်ခဲ့ပါတယ်။

ဒီစခန်းရောက်တော့ ဘေးကကူညီသူတွေက ဝိုင်းပြီး ဘရိတ်အုပ်ပေးနေကြပါတယ်။ အရှိန်သေသွားလို့ နောက်ကိုပြန်လှည့်ကြည့်လိုက်တော့ ကျွန်မ ဘာတွေတွေ့နေရသလဲ။ ကျွန်မဟာ အိမ်မှာပဲဖြစ်ဖြစ် ကျောင်းမှာပဲဖြစ်ဖြစ် အများနဲ့မတူ တစ်မူထူးခြားနေတဲ့ သိုးမည်းတစ်ကောင်လို ဖြစ်နေတယ်။ သူငယ်ချင်းတွေကို

“နင့်တို့ငါ့ကိုဘယ်လိုမြင်ကြသလဲ။ ဘယ်လိုလူစားမျိုးလို့ ထင်ကြသလဲ”လို့ မေးကြည့်ဖူးတယ်။ သူတို့က “နင်ကိုကြည့်ရတာက ရှူးသွပ်တာလည်းမဟုတ်ဘူး၊ သူလိုငါလိုပုံမှန်လူလည်း မဟုတ်ဘူး၊ တစ်ခုခုမှုမမှန်တဲ့ပုံစံမျိုး”လို့ သူတို့ထင်သလို ပြောဖူးပါတယ်။

ဆစ်စနီမြို့မှာ အိမ်ငှားနေရစဉ်က အခန်းဖော်မော်လီပြောတာကို မှတ်မိနေတယ်။ မော်လီက “ဒေစီ နင့်ကိုတွေ့စကနင့်အမူအယာတွေက သိပ်ပြီးခင်မင်စရာကောင်းတယ်။ ဖော်ဖော်ရွေရွေရှိတယ်လို့ ငါတို့ထင်ခဲ့တယ်။ ဒါပေမယ့်ကြာကြာနေလာတော့နင့်စိတ်ကိုငါတို့ နားမလည်နိုင်အောင် ဖြစ်လာတယ်။ နင့်အကြိုက်ကဘာတွေလဲ။ နင့်ကိုကျေနပ်အောင် ဘာတွေလုပ်ပေးရမလဲဆိုတာ ငါတို့မသိတော့ဘူး။” လို့ပြောဖူးပါတယ်။

တကယ်တော့မော်လီက ကျွန်မဟာ ပေါင်းရသင်းရတာခက်တဲ့လူစားမျိုးလို့ ပြောချင်တယ်ထင်ပါတယ်။

ဒီစခန်းမှာလည်း ကျွန်မနဲ့အတူနေရတဲ့ အခန်းဖော်ကဒီလိုပဲပြောလာပါတယ်။ ပီတာနဲ့တွေ့တဲ့အခါ ဆွေးနွေးကြည့်ဖို့သဘောပေါက်ပြီး စာရွက်ပေါ်မှာ ရေးမှတ်ထားလိုက်ပါတယ်။

ကယ်တင်ခြင်းတပ် မူးယစ်ဆေးကုစခန်းမှာ ရောက်နေတာ တစ်လကျော်ပါပြီ။ တစ်နေ့မှာ တွမ်နဲ့ကျွန်မသားကလေး ဆေးကုစခန်းကို အလည်လာပါတယ်။ တွမ်ကသူပေးထားတဲ့ ကတိအတိုင်း သားကလေးကို ကျွန်မနဲ့တွေ့နိုင်ဖို့ စီစဉ်ခြင်းဖြစ်ပါတယ်။ ဆေးကုစခန်းအုပ်ချုပ်ရေးအရာရှိက ကျွန်မတို့မိသားစု အားပါးတရ စကားပြောဖို့ ကျွန်မကို တစ်နေ့လုံးခွင့်ပေးထားတယ်။ ကျွန်မ သားကလေးကိုတွေ့ရတော့ ကျွန်မစိတ်ထဲမှာ အေးမြကြည်လင်သွားတယ်။ ဝမ်းသာလိုက်တာ။ မူးယစ်ဆေးအရှိန်အဝါကင်းစင်နေတဲ့ စိတ်အခြေအနေကြောင့်ထင်ပါတယ်။ ကျွန်မသားကလေးရဲ့ အပေါ်မှာထားတဲ့ ကျွန်မရဲ့မိခင်မေတ္တာကို ပိုပြီးသတိထားမိပါတယ်။

တွမ်ကတော့ တစ်နေ့လုံး ရေလိုက်ငါးလိုက်ပဲ စကားပြောတယ်။ သိပ်ပြီးနှစ်နှစ်ကာကာရှိပုံမရပါဘူး။ ပြန်ဖို့အချိန်နီးလာတော့မှ သူစီစဉ်လာတာတွေကို ပြောပြပါတယ်။ သူက သူရေးနေရေးထားတဲ့စာကိုထုတ်ပြတယ်။ တွမ်က သူနဲ့ကျွန်မ အတူနေစဉ်ကာလ

အတွင်း တိုးတက်လာတဲ့စီးပွားကို တဝက်ခွဲပေးမယ်လို့ရေးထားတယ်။ ကျွန်မနဲ့တွမ် အတူတူမနေထိုင်မီ တွမ်ရှာဖွေခဲ့တဲ့ စီးပွားရေးက တော့ ကျွန်မနဲ့မဆိုင်ဘူးလို့ဆိုပါတယ်။ ဒုတိယအချက်ကတော့ သားကလေးနဲ့ဆိုင်တယ်။ ရှေ့နေရေးထားတာက လာမည့် ၃-၄လ အတွင်း ကျွန်မရဲ့ရောဂါအခြေအနေတိုးတက်မှုကို ထောက်ခံစာပေး ရမယ်လို့ဆိုတယ်။ ရောဂါအခြေအနေမတိုးတက်ရင် တွမ်က သား ကလေးကို သူ့လက်အောက်မှာ ထိန်းသိမ်းထားရန် လျှောက်ထား မယ်လို့ဆိုပါတယ်။

ပထမအချက်အတွက်တော့ ကျွန်မမပူပါဘူး။ ဒုတိယ အချက်ကိုတော့ ကျွန်မမကျေနပ်ပါဘူး။ ကျွန်မကို အကြွပ်ကိုင်တယ် လို့ယူဆတယ်။

သူတို့ပြန်သွားတော့ ကျွန်မအသည်းနှလုံးကို ဓားနဲ့ထိုးခံရ သလို ခံစားရတယ်။ အရေပြားတွေ၊ အသားတွေ၊ အရိုးတွေကို ဖောက်ပြီး နှလုံးတည့်တည့်ကို ထိုးဖောက်လာသလိုပဲ။ ရင်နာလွန်း တဲ့ဒဏ်ကြောင့် ကျွန်မအိပ်ရာထဲမှာ လှဲချလိုက်ပြီး ဘာဖြစ်သွား တယ်ဆိုတာ မသိတော့ဘူး။ တွမ်က စာနဲ့ပေနဲ့ အမှန်တကယ်ခွဲခွာ တော့မယ်ဆိုတော့ ကျွန်မစိတ်ကဒဏ်မခံနိုင် ဖြစ်သွားတယ်။

ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းသူတွေဟာ အချစ်ရေးနဲ့ ပတ်သက်လာရင် တည်ငြိမ်မှုမရှိဘူးလို့ဆိုကြပါတယ်။ အတူနေတဲ့အခါမှာ တစ်ဖက်သားနေလို့မရအောင် အမျိုးမျိုး

ဒုက္ခပေးသလို ပြုမူတတ်ကြတယ်။ တကယ်တမ်းကွဲကွာကြရတော့ မယ်ဆိုတော့လည်း ငါးရံ့ပြာလူးဖြစ်ကြပြန်ရောတဲ့။ ဖိုမပေါင်းသင်း ဆက်ဆံရေးမှာ အဆင်ပြေအောင်မနေတတ်ဘူး။ တစ်ယောက် တည်းအထီးကျန်မှာကိုလည်း အလွန်အမင်းကြောက်တတ်ကြတယ်။

အိပ်ရာပေါ်မှာ ဘယ်လိုဖြစ်သွားသလဲဆိုတာ ကျွန်မမသိဘူး။ အချိန်ဘယ်လောက်ကြာသွားသည်ကိုလည်း မခန့်မှန်းနိုင်ဘူး။ ကျွန်မ မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်မဟာ နေရာသစ်၊ အခြေ အနေသစ်တစ်ခုမှာ ရောက်နေသလိုပါဘဲ။ ကျွန်မအိပ်ရာဘေးမှာ ဝိုင်းနေကြတဲ့လူတွေကိုလဲ ဘယ်သူဘယ်ဝါ ဆိုတာမသိဘူး။ လူတွေလို၊ အရုပ်တွေလို ဝိညာဉ်တွေလို ထင်မြင်နေတယ်။ အိပ်မက် မက်သလိုဖြစ်နေတယ်။ ကျွန်မကိုယ်တိုင် ဒီလူတွေနဲ့အတူ အိပ်ရာ မှာ လဲလျောင်းနေတဲ့ ကျွန်မကိုယ်ကို မြင်နေရတယ်။ မိုးပေါ်မှာ ပျံဝဲနေတဲ့ ကျွန်မကို တစ်ယောက်ယောက်က အတင်းဆွဲချသလို ခံစားလိုက်ရတယ်။

"ဒေစီ-ဒေစီ-ဒေစီ ဘာဖြစ်တာလဲ။ သတိရပြီလား" လို့ မေးမြန်း အော်ဟစ်သံတွေကြားရတော့ ကျွန်မအသိက အသွင် တစ်မျိုးပြောင်းသွားသလိုပါပဲ။

ဒီတော့မှ ကျွန်မအခန်းဖော်၊ စခန်းမှူးနဲ့စခန်းမှာရှိတဲ့ တခြားလူတွေကို မှတ်မိလာတယ်။ "ကျွန်မ ဘာဖြစ်လို့လဲ" လို့ ကြောင်တောင်တောင်နဲ့ မေးမိတယ်။

စခန်းမှူးကပြောတယ်။ ကျွန်မငယ်သံပါအောင်အော်ပြီး အခန်းထဲ မှာ ပစ္စည်းတွေကို ဟိုပစ်ဒီပစ်လုပ်တယ်တဲ့။ နောက်ပြီး အိပ်ရာကို ဦးခေါင်းနဲ့ အဆက်မပြတ်ဆောင့်ဆောင့်တိုက်တယ်တဲ့။ ပြီးတော့ အိပ်ရာထဲမှာ ခွေကျ သွားပြီး နတ်ပူးသလိုဖြစ်လာတယ် လို့ဆိုပါတယ်။

သူတို့က ကျွန်မကို စိုးရိမ်ကြီးစွာနဲ့ ဆေးရုံသွားမလားလို့ မေးပါတယ်။ ကျွန်မက ကိုယ့်ကိုယ်ကိုတာဝန်ယူပြီး မသွားလိုပါဘူး၊ နောက်တစ်နေ့ ပီတာနဲ့ဆွေးနွေးပါမယ်လို့ ကတိပေးရတယ်။

သူတို့အားလုံးအခန်းက ထွက်သွားကြတဲ့အခါ ကျွန်မ မှတ်မိတာတွေကို စာရွက်မှာ အမြန်ရေးချလိုက်ပါတယ်။ စိတ်ပညာရှင် ပီတာနဲ့ ဆွေးနွေးဖို့အချက်တစ်ခုပါပဲ။

ဒီကိစ္စဖြစ်ပွားပြီးတော့ စခန်းမှာရှိတဲ့ လူတွေက ကျွန်မကို လူထူး လူဆန်းလိုကြည့်ကြတယ်လို့ ထင်လာတယ်။ သူတို့ အချင်းချင်းစကားပြောနေရင် ကျွန်မအကြောင်းများ အတင်းချနေ ကြသလားလို့ ယူဆလာတယ်။ ဒီအတွေ့အကြုံကို စိတ်ပညာရှင် ပီတာနဲ့ ဆွေးနွေးကြည့်ပါတယ်။ ပီတာက ကျွန်မ ရုတ်ရုတ်သဲသဲဖြစ် ခဲ့လို့ ကိုယ့်ကိုယ်ကို ပိုပြီးသတိထားမိလာတယ်။ ရှက်စိတ်တွေ ဝင်လာတယ်လို့ဆိုပါတယ်။ အဲဒီစိတ်ကြောင့် လူတွေဟာငါ့ကို ဘယ်လိုထင်လာကြမလဲဆိုတဲ့စိတ်က လွှမ်းမိုးလာတယ်။ ဒါကြောင့် ကျွန်မဟာ ပတ်ဝန်းကျင်ကိုပိုပြီး အာရုံစိုက်လာတယ်။ ဒီတော့ အထင်

## ဒေါက်တာစုန်းကျော်

အမြင်တွေ မှားလာတတ်တယ်လို့ စိတ်ပညာသဘောနဲ့ ကောက်ချက်ချပါတယ်။ သူက ကျွန်မကို အကြံပေးပါတယ်။ အဲဒီလိုသံသယစိတ်တွေဝင်လာရင် ကျွန်မထင်သလိုဖြစ်နိုင်တဲ့ အကြောင်းအရင်းတွေကိုစဉ်းစားပါ။ နောက်ပြီး ကျွန်မထင်သလို မဖြစ်နိုင်တဲ့ အကြောင်းအရင်းတွေကိုလည်း စဉ်းစားပါ။ အဲဒီလိုစဉ်းစားလို့ရတဲ့ အချက်အလက်တွေဟာ မှန်ကန်နိုင်ခြေရှိမရှိ ကျိုးကြောင်းဆီလျော်မှုရှိ မရှိ ယုတ္တိရှိမရှိ သဘာဝကျမကျ မေးခွန်းထုတ်ပါလို့ ပြောပါတယ်။ သံသယစိတ်ဝင်လာတာနဲ့ အဲဒီလိုစဉ်းစားတဲ့အကျင့်ကိုလုပ်ပေးရင် အဖြေမရပေမယ့် သံသယစိတ်တွေကို ထိန်းချုပ်နိုင်လိမ့်မယ်လို့ သင်ကြားပေးတယ်။ ကျွန်မကြိုးစားမယ်လို့ ပြောရပေမယ့် လက်တွေ့မှာ သိသလိုကျင့်သုံးနိုင်ပါ့မလား။

ယခုရက်ပိုင်းအတွင်းမှာ စခန်းမှာ ကုသမှုခံနေတဲ့ယောကျ်ား တစ်ဦးက ကျွန်မကိုအမြဲကြည့်နေတယ်လို့ထင်နေတယ်။ သူ့အမူအရာကို ဆန်းစစ်ကြည့်တော့လဲ သူကျွန်မကို အမှန်တကယ် စိတ်ဝင်စားနေတာပါ။ ဘာကြောင့် ဒီလိုပြောနိုင်သလဲ မေးကြလိမ့်မယ်။

ပြောနိုင်တာကတော့ ဒီလိုပါ။ သူ့နာမည်က ဂျေဆန်ပါ ဆိုပြီး ကျွန်မကိုမိတ်ဖွဲ့ပါတယ်။ နောက်ပြီး သူက ကျွန်မပြုံးတဲ့အခါ သိပ်ပြီးခင်မင်ဖွယ် ကောင်းတယ်လို့ဆိုပါတယ်။ သူလည်း အိမ်ထောင်ပျက် လူလွတ်တစ်ယောက်ပါလို့လဲ ကြော်ငြာပါတယ်။ သူ့မှာ ကိုယ်ပိုင်ကုန်စုံဆိုင်ရှိတယ်။ အသေးစား စီးပွားရေးလုပ်ငန်းလို့ပြောပါတယ်။ အရက်စွဲရောဂါကိုကုသဖို့ ဒီစခန်းကိုရောက်လာတယ်လို့ ပြောပါတယ်။ ဒီလိုနဲ့ကျွန်မတို့ မိတ်ဆွေဖြစ်သွားကြပါတယ်။ ဘော်ဒါလိုင်း ကိုယ်ရည် ကိုယ်သွေးချို့ယွင်းသူတွေရဲ့စိတ်ထဲမှာ အမြဲလိုလိုဟာတာတာခံစားနေရတယ်လို့ ပြောကြတယ်။ ပျင်းရိငြီးငွေ့တာ

သက်သက်လည်းမဟုတ်ဘူး။ စိတ်ညစ်တယ်လို့လည်း မဆိုနိုင်ဘူး။ တစ်ခုခုလိုနေသလို စိတ်ထဲမှာခံစားနေရတာ။ အဲဒီကွက်လပ်ကို ဖြည့်ဖို့ သူတို့ဟာ တစ်ခုခုလုပ်ဖို့ဝန်မလေးဘူးတဲ့။

ကျွန်မအခြေအနေက ယောက်ျားအဖော်နဲ့ပတ်သက်နေရင် ကွက်လပ် လွတ်ဖြစ်နေတယ်။ တွမ်ရဲ့နေရာမှာ အစားထိုးဖို့ဆန္ဒ ပြင်းပြတဲ့ အချိန်လို့လဲဆိုနိုင်တယ်။ အတွေးမချော်ကြပါနဲ့။ လိင်ဆန္ဒ ပြင်းပြတာမဟုတ်ပါဘူး။ ရေငတ်သူရေဆာသလို မေတ္တာရေကြည် ကိုသောက်လိုတဲ့ဆန္ဒပါ။ စိတ်ခံစားမှုအတွက် တောင့်တချက်ပါ။

အတိုချုံးပြီးပြောရရင် ဂျေဆန်နဲ့ကျွန်မတို့ဟာ ချစ်သူစုံတွဲ ဖြစ်လာပါတယ်။

ကျွန်မတို့ဇာတ်လမ်းကို စိတ်ပညာရှင်ပီတာနဲ့ဆွေးနွေး ပါတယ်။ သူကပြောတယ်။ ကျွန်မရဲ့နှလုံးသားကိစ္စကို ကျွန်မ ကိုယ်တိုင်ဆုံးဖြတ်ချက်ချပါတဲ့။ သူပြောတာက သူ့တာဝန်ဟာ တိုက်ပွဲမှာအသုံးပြုတဲ့လက်နက်တွေ၊ သုံးစွဲနည်းတွေကို သင်ကြား ပေးဖို့ပဲတဲ့။ စစ်မြေပြင်မှာ စစ်ရေးစစ်ရာကျွမ်းကျင်ဖို့ နည်း ပရိယာယ်တွေကို လမ်းပြဖို့ပဲတဲ့။ ဒါပေမဲ့ ဘယ်စစ်ပွဲကိုတိုက်ရမယ်၊ ဘယ်ရန်သူကိုတိုက်ရမယ်လို့ သူမပြောလိုဘူးတဲ့။ ကျွန်မကို စိတ်ကု ထုံးအတွက် နည်းလမ်းပရိယာယ်တွေကို သင်ကြားပေးတာဟာ ပီတီအက်စ်ဒီနဲ့ဘော်ဒါလိုင်း လက္ခဏာတွေကို ထိန်းချုပ်နိုင်ဖို့ ဖြစ်တယ်တဲ့။ ဒါပေမယ့် ဘဝရှေ့ရေးအတွက် ဆုံးဖြတ်ချက်တွေ

ကိုတော့ ကျွန်မဆန္ဒအတိုင်း ဆုံးဖြတ်နိုင်ရမယ်လို့ပြောပါတယ်။

စာရေးသူသည် ဒေစီ၏မှတ်တမ်းကိုဖတ်နေစဉ် စဉ်းစားနေမိသည်။ ဒေစီမူးယစ်ဆေးကုစခန်းမှဆင်းလျှင် သူမ၏သားကလေးကို ပြန်လည်အုပ်ထိန်းခွင့်ရပ့်မလား။ ဂျေဆန်နှင့်ဒေစီတို့ ဇာတ်လမ်းအစကိုဖတ်ရပြီး ရှေ့လာမည့်ဖြစ်စဉ်ကို သိချင်လာသည်။ မှတ်တမ်းကိုဆက်လက်ဖတ်ချင်သော်လည်း မျက်လုံးများ ဖွင့်လို့မရဖြစ်လာသဖြင့် အနားယူလိုက်သည်။

# "ကျွန်ရစ်သူရဲ့ပြဿနာ"

ကျွန်မမိခင်ကို လူကိုယ်တိုင်မတွေ့ရသည်မှာ သုံးနှစ်ကျော်ရှိသွားပါပြီ။ ဆစ်ဒနီမြို့ရောက်သည့်အချိန်မှစပြီး ယခုအထိဖြစ်ပါတယ်။ ကျွန်မ အယ်လစ်စပရင်းမြို့မှာ နေထိုင်စဉ်က တယ်လီဖုန်းနဲ့ စကားပြောရတာဟာ နောက်ဆုံးအကြိမ်ပါပဲ။

အဲဒီအချိန်က အမေဟာ သူမရဲ့ အိမ်ထောင်ရေးကိုပြောပြပါတယ်။ တိုနီဟာ သူတို့စီးပွားရေးလုပ်ငန်းမှာ မရိုးမသားလုပ်နေတယ်။ အရက်သောက်တာလဲ မလျှော့ဘူး။ သစ္စာလဲပျက်နေတယ်

လို့ဆိုပါတယ်။ ဒါကြောင့် အမေဟာ တိုနီနဲ့ပြတ်ပြတ်သားသား ကွာရှင်းလိုက်ပြီး စီးပွားရေးလုပ်ငန်းကိုလဲ ရောင်းချပစ်လိုက်တယ် လို့ပြောတယ်။ အမေရဲ့ကျန်းမာရေးကလည်း သိပ်မကောင်းတော့ သူတို့နေထိုင်တဲ့အိမ်ကိုလည်း ရောင်းလိုက်တယ်။ ရရှိလာတဲ့ ပိုက်ဆံ တချို့ကို ပင်စင်စားများရိပ်သာမှာ ယူနစ်တိုက်ခန်းတစ်လုံးဝယ်ပြီး ကျန်ငွေနဲ့ စားသောက်နေတယ်လို့ သိရပါတယ်။ ကျွန်မဘာရစ်စဘိန်းမြို့ မူးယစ်ဆေးကုစခန်းကိုရောက်တော့ အမေထံကို စာတစ်စောင်ပို့ လိုက်ပါတယ်။ လိုအပ်ရင်ဆက်သွယ်နိုင်ရန် ဖြစ်ပါတယ်။

ဒီကြားထဲမှာ တွမ်နဲ့ရင်ဆိုင်နေရတဲ့ကိစ္စတွေအပြင် ဂျေဆန်နဲ့ အဆက်အသွယ်ဖြစ်ပြီး အချိန်ကုန်နေတာကြောင့် အမေ့ကိုတယ်လီ ဖုန်း ဆက်ဖို့မေ့နေတယ်ဆိုပါတော့။

ဒီနေ့က ရုံးပိတ်ရက်ဖြစ်ပါတယ်။ စခန်းမှာ အချိန်ဇယား အတိုင်း ပုံမှန်လုပ်ရမယ့်တာဝန်မရှိပါ။ ဂျေဆန်နဲ့အတူ အဆောင် အတွင်းက တီဗွီနဲ့စာကြည့်ခန်းမှာ ထိုင်ပြီးစကားပြောနေပါတယ်။ အဆောင်က တာဝန်ကျသူက ကျွန်မတို့ဆီကိုပျာပျာသလဲပြေးလာ ပြီး ဒေစီအတွက် တယ်လီဖုန်း လာနေတယ်လို့သတင်းပေးပါတယ်။ ကျွန်မသူ့နောက်ကလိုက်သွားပြီး တယ်လီဖုန်းကို နားထောင်ပါတယ်။

ကျွန်မ မသိတဲ့ အမျိုးသမီးတစ်ဦးရဲ့အသံဖြစ်ပါတယ်။ သူမက "မဲလ် ဘုန်းမြို့" "အေးမြချမ်းသာ" ပင်စင်စားရိပ်သာက ရိပ်သာကော်မတီ အတွင်းရေးမှူးလို့ ပြောပါတယ်။ သူမက အစ

ပိုင်းမှာ စကားချီးတွေနဲ့ လှည့်ပတ်ပြောနေပါတယ်။ ကျွန်တော လိုရင်းကိုသာပြောပါလို့ တောင်းပန်တော့မှ မနေ့ညက ကျွန်မအမေ ဗစ်ကီသေဆုံးသွားကြောင်းပြောပါတယ်။ လွန်ခဲ့တဲ့ ၃-၄ ရက် လောက်က တုပ်ကွေးမိတယ်လို့ ဆိုပါတယ်။ အဲဒီကနေ အဖျားတငွေ့ ငွေ့ရှိနေပြီး မနေ့ညကတော့ ဖြုန်းကနဲအလွန်အမင်း ရင်ကြပ်ပန်း နာထလာတယ်လို့ပြောတယ်။ အသားတွေပြာလာပြီး ဆေးရုံရောက် တော့ အသက်မမီတော့ဘူးလို့ နောက်ဆုံးတိုးတိုးလေးပြောပါတယ်။ သူမက ကျွန်မအမေသေတမ်းစာ ထားခဲ့တယ်။ အမေ့ရဲ့ပစ္စည်း အားလုံးကို ကျွန်မနာမည်နဲ့ထားခဲ့တယ်လို့ ဆက်ပြောပါတယ်။ ကျွန်မဆက်ပြီး နားမထောင်ချင်တော့ပါဘူး။ ရုံးခန်းကနေ ဂျေဆန့် ဆီကိုကမူးရှူးထိုးပြေးသွားတယ်။ အနားရောက်တော့ ဘာမှမပြော နိုင်ဘဲ သူ့ပခုံးကိုမှီပြီး အားရပါးရငိုချလိုက်ပါတယ်။

ကျွန်မစိတ်ထဲမှာ မယုံကြည်နိုင်ဖြစ်နေတယ်။ အမေသေဆုံးတာ အမှန်တကယ်မှုဟုတ်ရဲ့လားလို့လဲ မေးခွန်းတွေကို ခေါင်းထဲမှာမေးနေတယ်။ ကျွန်မရဲ့အသိနဲ့ ကျွန်မရဲ့ခံစားမှုဟာ သူနိုင်ကိုယ်နိုင်အပြိုင်အဆိုင်ဖြစ်နေတယ်။ အမေသေဆုံးသွားပြီဆိုတာကို တိတိကျကျသိရပေမယ့် စိတ်ခံစားမှုက လက်မခံသလိုပဲ။ မဖြစ်နိုင်တော့တာကို ဖြစ်စေချင်တဲ့ဆန္ဒတွေက လွှမ်းမိုးနေတုန်းပါပဲ။ ဒီမေးခွန်းတွေကို ဂျေဆန့်ကို တဖွဖွမေးနေတော့ သူလဲဘာမှမဖြေတတ်ဖြစ်နေပုံရပါတယ်။ သူက ကျွန်မလိုချင်တဲ့ အကူအညီကိုပေးမယ်လို့ပဲ အကြိမ်ကြိမ်ဖျောင်းဖျနေတယ်။

သေခြင်းတရားဟာ သေသွားသူအတွက် ပြဿနာမဟုတ်ဘူး။ ကျန်ခဲ့တဲ့လူတွေအတွက်သာ ဒုက္ခဖြစ်စေတယ်လို့ပြောတာကို ကြားဖူးပါတယ်။ ကျွန်မကိုးကွယ်တဲ့ဘာသာအရ သေသွားသူဟာ ဘုရားသခင်ရဲ့အလိုတော်အတိုင်း သူ့ရဲ့ဗိမာန်မှာ အဆုံးအဖြတ်ခံဖို့ ရောက်သွားပြီလို့ နားလည်ပါတယ်။

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အခုအချိန်မှာတော့ ကျွန်မစိတ်တွေဟာ ထုံကျင်နေပါတယ်။ အထိနာပေမယ့် ထိတာကိုမသိနိုင်ဖြစ်နေပါတယ်။ ကျွန်မထိတွေ့ခံစားနေရတာတွေဟာ အမှန်တကယ်မဟုတ်သလိုပါပဲ။

ဂျေဆန့်ရင်ခွင်ထဲက ပြေးထွက်ပြီး ကျွန်မအခန်းအိပ်ရာပေါ်မှာ မှောက်ခုံအိပ်ချလိုက်ပြီး အားရပါးရငိုမိပါတယ်။

ကျွန်မစိတ်ထဲမှာ စိတ်ကူးမိသူ စဉ်းစားမိသူတိုင်းကို အပြစ်တင်မိနေတယ်။ ကျန်းမာရေးချို့ယွင်းနေတာကို ငါ့ကိုဘာကြောင့် အမေအသိမပေးတာလဲလို့တွေးပြီး သေသူကိုအပြစ်တင်မိတယ်။ အမေကိုသူတို့ဘာဖြစ်လို့ အချိန်မီဆေးရုံမတင်တာလဲလို့ ကျွန်မမမြင်ဖူးတဲ့ "အေးမြချမ်းသာ" ရိပ်သာကလူတွေကို မကျေမနပ်ဖြစ်နေတယ်။ အမေကိုကုသပေးတဲ့ ဆရာဝန်သူနာပြုတွေ ညံ့လို့ဖြစ်တာလားလို့လဲ စွပ်စွဲနေမိတယ်။

ကျွန်မကိုယ် ကျွန်မလဲအပြစ်တင်နေမိတယ်။ ကျွန်မဟာ အမေအသက်ရှင်စဉ်က အမေ့ကို ရင်းရင်းနှီးနှီးမဆက်ဆံခဲ့ဘူး။ အမေနဲ့ အဆက်အသွယ်မလုပ်ပဲ ခပ်တန်းတန်းဆက်ဆံခဲ့တယ်။ အမေနဲ့နေစဉ်က အမေ့ရဲအဆုံးအမကို မနာယူဘဲ ကလန်ကဆန်လုပ်ခဲ့တယ်။ အမေစိတ်ဆင်းရဲအောင် မူးယစ်ဆေးသောက်၊ အိမ်တပြေး၊ သူခိုးဓါးပြတွေနဲ့ပေါင်းပြီး လူဆိုးလိုနေခဲ့တယ်။ အမေအရှက်တွဲအောင်လုပ်ခဲ့တယ်။ ဒါတွေကိုတွေးမိတော့ ကျွန်မ ချုံးပွဲချငိုမိပြန်တယ်။ အမေကနေတဆင့် ပထွေးတိုနီကို စဉ်းစားမိတယ်။ ဒါတွေ

အားလုံးဟာ သူ့ကြောင့်ဖြစ်တာ၊ သူသာလျှင် အဓိကတရားခံပဲလို့ တွေးမိတော့ ကျွန်မစိတ်တွေဘာဖြစ်သွားတယ်ဆိုတာ မသိတော့ဘူး။ ငိုရာကရှိုက် ရှိုက်ရာကရင်ဝမှာဆို့လာပြီး အသက်ရှူရပ်သွားသလိုဖြစ်လာတယ်။ ရင်ဝကို တစ်ယောက်ယောက်က အကြိမ်ကြိမ် ဖနောင့်နဲ့ကန်သလို ခံစားလာရတယ်။

သတိရလာလို့ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကျွန်မဟာ စခန်းခြံဝင်းဂိတ်နားကို ရောက်နေတယ်။ လူ ၄-၅ယောက်က ကျွန်မကို မပြေးနိုင်အောင်ထိန်းချုပ်ထားကြတယ်။ အဲဒီအထဲမှာ ဂျေဆန်လည်းပါတာကို သတိထားမိတယ်။ ကျွန်မဟာ အခန်းတွင်းက ဖြုန်းကနဲပြေးထွက်လာပြီး "တိုနီ နင့်ကိုငါသတ်မယ်၊ နင့်ကိုငါသတ်ချင်တယ်" လို့ အော်ဟစ်ရင်း ခြံဝဆီကို ပြေးသွားတယ်လို့ ဂျေဆန်ကရှင်းပြတယ်။

စခန်းမှူးရောက်လာပြီး အကျိုးအကြောင်းမေးတော့ ဂျေဆန်က သူသိသမျှရှင်းပြပါတယ်။ စခန်းမှူးက ကျွန်မနဲ့ ခေတ္တစကားပြောပါတယ်။ ကျွန်မဘာတွေမေးပြီး ဘာတွေပြောမိတယ်ဆိုတာမမှတ်မိတော့ဘူး။ စခန်းမှူးက ကျွန်မမူလရောဂါကိုလည်း သိထားတော့ ပိုပြီးစိတ်ချစေရန် ဆေးရုံကိုလိုက်ပို့ပါတယ်။

တာဝန်ကျစိတ်ရောဂါကုလက်ထောက်ဆရာဝန်က ကျွန်မရဲ့ ဆေးမှတ်တမ်းတွေကို အချိန်ယူပြီးဖတ်ပါတယ်။ နောက်ပြီး သူက ကျွန်မကို စစ်ဆေးပါတယ်။ သူက ကျွန်မဟာ လောလောဆယ်

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

စိတ်ခံစားမှုတွေသိပ်ပြီး ပြင်းထန်နေတယ်။ တဇွတ်ထိုး အန္တရာယ်ရှိနိုင်တာကိုလုပ်မှာစိုးရိမ်တယ်။ ဆေးရုံမှာဆိုရင် သူနာပြုတွေက ကြည့်ရှုစောင့်ရှောက်နိုင်တယ်။ ဒါကြောင့် ဆေးရုံးမှာနားမလားလို့ ကျွန်မဆန္ဒကို တောင်းခံပါတယ်။ ကျွန်မစိတ်ထဲမှာက ဘာမှ မစဉ်းစားချင်ဘူး။ ဘာမှမဆုံးဖြတ်ချင်ဘူး။ ဇဝေဇဝါဖြစ်နေတယ်။ ကျွန်မစက်ရုပ်လို ခေါင်းညိတ်လိုက်မိတယ်ထင်တယ်။ ဒါနဲ့ပဲ တော်ဝင်ဘရစ်စဘိန်းဆေးရုံ စိတ်ရောဂါကုသဆောင်မှာ ဆေးရုံတက်ရပါတယ်။

ဆေးရုံပေါ်မှာ အိပ်ဆေး(၄)လုံးအထိ သောက်မှ ကျွန်မ အိပ်ပျော်သွားတယ်။ ကျွန်မစိတ်ထဲမှာဘာရယ်လို့ ဖော်ပြလို့မရတဲ့ ကြောက်စိတ်တွေ ပြင်းထန်နေတယ်။ ကိုယ်တွေလက်တွေကိုက်ခဲနေတယ်။ အသားတွေတဖျပ်ဖျပ်တုန်ပြီး ရင်တွေတလှပ်လှပ်ခုန်နေတယ်။ ခေါင်းထဲမှာ အတွေးတွေက ရှုပ်ထွေးနေတယ်။ အတွေးတွေကိုပြန်ပြီးကြားနေရတယ်။ ဒီတော့ကျွန်မ ပထမဆေး ၂ လုံးနဲ့ အိပ်မပျော်ဘူး။ တစ်နာရီလောက်ကြာတော့ နောက်ထပ်ဆေး ၂ လုံးသောက်မှ အိပ်ပျော်သွားတယ်။ အိပ်နေတာလား၊ စဉ်းစားနေတဲ့ အတွေးအာရုံတွေလား၊ အိပ်မက်လားဆိုတာ ကျွန်မမခွဲခြားနိုင်ဘူး။ အိပ်မက်ဆိုးတွေဖြစ်မယ်ထင်ပါတယ်။ အဲဒီအာရုံတွေကြောင့် မကြာမကြာလန့်ပြီးနိုးလာတယ်။ ဆေးအရှိန်ကပြင်းတော့ လူက နိုးလာပေမယ့် မျက်လုံးမဖွင့်နိုင်ဘူး။ လှုပ်ရှားလို့မရသလိုဖြစ်နေတယ်။ မကြာမီပြန်ပြီး အိပ်ပျော်သွားပြန်ရော။

မနက်မိုးစင်စင်လင်းတော့ သူနာပြုဆရာမက ကျွန်မအခြေအနေကိုလာကြည့်တယ်။ သူက ကျွန်မညကအိပ်ပျော်ရဲ့လားလို့

မေးတယ်။ သူမေးတာကို မဖြေနိုင်ဘူး။ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်မဘယ်နေရာကိုရောက်နေသလဲဆိုတာ အတိအကျမဝေခွဲနိုင် ဖြစ်နေတယ်။ စိတ်ထဲမှာအမေသေဆုံးတဲ့ အသိကဖျတ်ကနဲ ဝင်လာတယ်။ နောက်ပြီး အမေရဲ့ခေါ်သံကိုကြားလိုက်သလိုပဲ။ အိပ်ခန်းပြတင်းပေါက်မှာ အမေဖြတ်လျှောက်သွားတာကိုမြင်လိုက်သလိုပဲ။

ကျွန်မကြောင်တက်တက်ဖြစ်သွားပုံရပါတယ်။ သူနာပြုက ဘာဖြစ်လို့လဲ ဒေစီလို့မေးတယ်။ ကျွန်မက "အမေကျွန်မကို လာခေါ်နေတယ်" လို့ဖြေလိုက်တယ်။ သူနာပြုက ကျွန်မပခုံးကို ကိုင်ပြီး အားပေးတယ်။ နောက်ပြီး အခန်းထဲကထွက်သွားပါတယ်။

မကြာမီ နံနက်စာအတွက် အစားအစာတွေကို လင်ပန်းတစ်ခုထဲမှာ ယူလာပြီး "ဒေစီမျက်နှာသစ်၊ သွားတိုက်လိုက်ပါဦး။ နံနက်စာစားပြီးရင် ဒေါက်တာလာတွေ့ပါလိမ့်မယ်" လို့ပြောတယ်။ နာရီဝက်လောက်ကြာတော့ ဒေါက်တာရောက်လာပြီး ကျွန်မအခြေအနေကို စစ်ဆေးပါတယ်။

ညကတစ်ညလုံး နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်တာတွေ အမေရဲ့ စကားပြောသံတွေကို ကြားနေတာတွေ၊ တိုနီ့ကိုကိုယ်ထိလက်ရောက်သတ်ချင်တဲ့စိတ်တွေ ပေါ်ပေါက်နေတာတွေ၊ ကျွန်မကိုယ်ကျွန်မ အလွန်အမင်းအပြစ်တင်စိတ်၊ နောင်တစိတ်တွေကို ဖျောက်မရဖြစ်နေတာတွေ၊ အမေနဲ့ အတူလိုက်ပါသွားလိုတဲ့စိတ်တွေကို ပြောပြပါတယ်။

## ဒေါက်တာစုန်းကျော်

သည်တော့ ဒေါက်တာက မှတ်ချက်ချပါတယ်။ ကျွန်မ ခံစားနေရတဲ့ မိခင်သေဆုံးလို့ဖြစ်တဲ့ ပူဆွေးသောကစိတ်တွေဟာ လွန်ကဲနေတယ်လို့ဆိုပါတယ်။ သာမန်ပူဆွေးသောက လက္ခဏာတွေနဲ့မတူပဲထူးခြားနေတယ်။ စိတ္တဇရောဂါ ဆိုက်ကိုးဆစ်လက္ခဏာတွေ ြစ်ပေါ်နေတယ်လို့ ပြောပြပါတယ်။

ဒါကြောင့် ဆေးရုံမှာ ဆက်ပြီးကုသခံဖို့ အကြံပေးပါတယ်။ ကျွန်မဆေးရုံမှာ တစ်ပတ်ကျော်နေရပါတယ်။ သောက်ဆေးအပြင် ပူဆွေးသောက စိတ်ပြေပျောက်စေရန် စိတ်ကုထုံးကို ခံယူရပါတယ်။ ဒီအတွက် အတွင်းလူနာဆောင်မှာ တာဝန်ကျတဲ့လူမှုရေးဝန်ဆောင်အရာရှိနဲ့စကားပြောရပါတယ်။ အမိကကတော့ ကျွန်မကို ရင်ဖွင့်ခိုင်းတာပါပဲ။ ကျွန်မရဲ့အမေနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေ၊ ခံစားမှုတွေကို စိတ်ထဲမှာရှိသလောက် လွတ်လွတ်လပ်လပ်ပြောစေပါတယ်။ သူက အကောင်းအဆိုးမဝေဖန်ပါဘူး။ အလိုက်သင့်ဆွေးနွေးပါတယ်။ လိုအပ်သလို ထောက်ပြတယ်။ အားပေးတယ်။ ကျွန်မပြောပြနေတဲ့ အမေနဲ့ပတ်သက်တဲ့ အဖြစ်အပျက်တွေဟာ ရုပ်ရှင်ကားပေါ်မှာ ရုပ်ရှင်ပြနေသလို မြင်စေပါတယ်။ ကျွန်မက ရုပ်ရှင်ကြည့်တဲ့သူလို သဘောထားရပါတယ်။

ရက်သတ္တပတ် နှစ်ပတ်ကျော်လာတော့ ကျွန်မရောဂါအခြေအနေတွေတိုးတက်ကောင်းမွန်လာတာကြောင့် ဆေးရုံဆင်းခွင့်ရပါတယ်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဆေးရုံဆင်းလက်မှတ်မှာ ကျွန်မခံစားရတဲ့ ရောဂါအမည်ကိုဖတ်ကြည့်ပါတယ်။ "ပြင်းထန်သည့် ပူဆွေးသောကနှင့် ခေတ္တစိတ္တဇဝေဒနာ" လို့ဖော်ပြထားပါတယ်။

ယနေ့ ရုံးပိတ်ရက်ဖြစ်သည်။ စာရေးသူသည် နံနက်စာ စားပြီးသည်နှင့် ဒေစီ၏မှတ်တမ်းကို ဆက်ပြီးဖတ်နေသည်။

သူမ၏မှတ်တမ်းအရ မိခင်ဖြူန်းကနဲ သေဆုံးသွားသော အခါ ဒေစီသည် စိတ်ဆင်းရဲမှုဒုက္ခနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ ပူဆွေးသောကဝေဒနာကို ခံစားရခြင်းဖြစ်သည်။

ပူဆွေးသောကဝေဒနာကို လူတိုင်းတွေ့ကြုံခံစားရမည် ဖြစ်သည်။ မိမိ ချစ်ခင်နှစ်သက်လိုလားတောင့်တနေသည့်အရာကို တစ်နေ့မဟုတ်တစ်နေ့ဆုံးရှုံးရမည်မှာ ဓမ္မတာဖြစ်သည်။ ရှောင်လွှဲ လို့မရသည့် အမှန်တရားဖြစ်သည်။ဤကဲ့သို့ ဆုံးရှုံးမှုနှင့် တွေ့ကြုံ ရလျှင် လောဘ ဒေါသ မောဟတွေ မကင်းသေးသည့် ပုထုစဉ်တိုင်း ပူဆွေးကြမည်ဖြစ်သည်။

ပူဆွေးခြင်းတွင် အဆင့်ဆင့်ဖြစ်စဉ်ရှိသည်ဟုဆိုသည်။ ပထမအဆင့်တွင် စိတ်ခံစားမှုတွေ ရပ်ဆိုင်းသွားသလို ဘာမှမခံစား

နိုင်ဖြစ်သွားသည်။ ဆုံးရှုံးမှုကိုလည်း လက်မခံနိုင်အောင် ဖြစ်လာသည်။ ထို့နောက် ဝမ်းနည်းခြင်းနှင့်အတူ ဒေါသစိတ်လွှမ်းမိုးလာသည်။ ၎င်းစိတ်ခံစားမှုများကို ဖော်ထုတ်ရာတွင် တစ်ဦးနှစ်တစ်ဦး မတူကြ။ ကာလဒေသအလိုက် အမျိုးမျိုးကွဲပြားနိုင်သည်။ တချို့က ကြိတ်ပြီးမျက်ရည်ကျမည်။ တချို့က အားရပါးရငိုချမည်။ တချို့က အော်ကြီးဟစ်ကျယ်ရင်ထုမနာဖြစ်မည်။

ထို့နောက် အခြေအနေမှန်ကို ရင်ဆိုင်လိုက်ရသောအခါ စိတ်ဓာတ်ကျလာမည်။ စိတ်ပျက်အားငယ်လာမည်။ ဘာ့ကြောင့် ငါဒီလိုကြုံတွေ့ရသလဲဟု မိမိကိုယ်ကိုကံဆိုးသူလို့ မြင်လာမည်။ လူတတကာကို အပြစ်တင်မည်။ မိမိကိုယ်ကိုလည်း အပြစ်တင်မည်။ စိတ်တွေရှုပ်ထွေးပြီး စဉ်းစားဆင်ခြင်နိုင်မှုကင်းကွာလာသည်။

ဤကဲ့သို့ခံစားရသည့် ပူဆွေးသောက လက္ခဏာများသည် ရက်ပိုင်းမှ လပိုင်းအထိ ကြာနိုင်သည်ဟု သိရသည်။ အများအားဖြင့် လေးငါးခြောက်ပတ်အတွင်း ပုံမှန်ဖြစ်လာတတ်သည်။ အလွန်ဆုံး ၆လလောက်အထိ တငွေ့ငွေ့ခံစားရသည်လည်း ရှိတတ်ပါသည်။

ထို့နောက် အခြေအနေမှန်ကို လက်ခံသည့်အဆင့်ရောက်လာမည်။ ရေပြင်ပေါ်တွင် ကျောက်ခဲလုံးကျသည့်အခါ ဖြစ်ပေါ်လာသည့် ရေလှိုင်းတွေလိုရှိမည်။ အချိန်နှင့်အမျှ အဖြစ်အပျက်နှင့် ကွာဝေးလာသည်နှင့်အမျှ ရေလှိုင်းတွေအရှိန်သေလာပြီး ရေပြင်သည် ပြန်လည်ပြန့်ပြူးလာသလိုဖြစ်သည်။

## ဒေါက်တာဘုန်းကျော်

ဒေစီခံစားရသည့် ပူဆွေးသောက စိတ်ဝေဒနာလှိုင်းတွေက အဆမတန် ကြီးမားလွန်းသွားသည်။ ပုံမှန်ထက်လွန်ကဲနေသည်။ သာမန်ပူဆွေးသောက လက္ခဏာများလို့ မခေါ်နိုင်သည့် နားထဲတွင် အသံကြားခြင်း၊ ယုံမှားသံသယ စိတ်တွေပွားလာခြင်း၊ သတ်ချင်ဖြတ်ချင်စိတ်တွေ ပေါ်လာခြင်း၊ မိမိကိုယ်ကို သတ်သေလိုစိတ်ရှိခြင်းတို့ကို ခံစားလာရကြောင်း သိရှိရသည်။ ဒေစီသည် ပူဆွေးသောကနှင့်အတူ ဆိုက်ကိုးဆစ်စိတ္တဇဝေဒနာကိုပါ ခံစားရခြင်းဖြစ်သည်။

ဤကဲ့သို့အဖြစ်အပျက်မျိုးကို ပူဆွေးသောကဖြစ်သူ တစ်ရာလျှင် သုံးယောက်ခန့် ဖြစ်ပေါ်တတ်သည်ဟုသိရ၏။

ဒေစီ၏ ပင်ကိုယ်စိတ်က အားနည်း၍ဖြစ်မည်။ ဒေစီသည် သူမ၏ မိခင်အပေါ်တွင် စိတ်နှစ်ခွခံစားရသူလည်းဖြစ်၏။ အမေကို လည်းချစ်သည်။ တစ်ဦးတည်းသမီးဖြစ်သည့်အတွက် သံယောဇဉ် ကြီးမည်ဖြစ်သည်။ သို့သော် ပထွေးတိုနီနှင့်ပတ်သက်ပြီး ဒေစီသည် မိခင်အပေါ် မကျေနပ်ချက်တွေရှိနေသည်။ သူမကို ပထွေးရန်မှ ကာကွယ်မပေးသည့်အတွက် မိခင်ကို အပြစ်မြင်နေသည်။ သည် အတွက် မုန်းသည်။ မိမိချစ်လည်းချစ်၊ မုန်းလည်းမုန်းသည့်လူ သေဆုံးလျှင် ပူဆွေးသောကဝေဒနာ ပိုမိုပြင်းထန်တတ်သည်။

စာရေးသူသည် ဒေစီ၏မှတ်တမ်းကိုဖတ်ပြီး စိတ်ထဲတွင် တွေးကြည့်နေခြင်းဖြစ်၏။ ပူဆွေးသောကဝေဒနာသည် လူတစ်ဦး ဘဝကို ပျက်စီးစေနိုင်သည်။ သို့မဟုတ် ထိုသူ၏စိတ်ကို ပိုမိုရင့်ကျက်

လာစေနိုင်သည်ဟု ပညာရှင်များက သုံးသပ်ထားပါသည်။

သည်တောင်ကို ဒေစီမည်ကဲ့သို့ ကျော်လွှားသွားနိုင်သည်ကို သိလိုပါသောကြောင့် စာရေးသူသည် ဒေစီ၏ကိုယ်ရေးမှတ်တမ်းကို ဆက်လက်ဖတ်နေမိသည်။

## "အခြေကျပါပြီ"

မူးယစ်ဆေးကုစခန်းကို ကျွန်မပြန်ရောက်တဲ့အခါ အားလုံးက လှိုက်လှိုက်လှဲလှဲကြိုဆိုကြပါတယ်။ သူတို့တတ်နိုင်သလို ကူညီအားပေးကြပါတယ်။ စခန်းမှူးကလဲ ကျွန်မစိတ်အားမငယ်ဖို့ စခန်းမှာ နေချင်ရင်သုံးလပြည့်ပေမယ့်ဆက်လက်ပြီး ကုသမှုခံနိုင်တယ်လို့ ရှင်းပြပါတယ်။

စခန်းပြန်ရောက်ပြီး နှစ်ရက်လောက်ကြာတော့ စိတ်ရောဂါအထူးကုဆရာဝန် ဟင်နရီလာတွေ့ပါတယ်။ သူက ကျွန်တော့်

ဆေးရုံကပေးလိုက်တဲ့ ဆေးတွေကို လိုအပ်သလို ညှိနှိုင်းပေးတယ်။ ကျွန်မရဲ့ စိတ္တဇရောဂါအခြေအနေ ကိုလဲ မှန်မှန်စစ်ဆေးပေးမယ်လို့ ပြောပါတယ်။ ကျွန်မဟာ စကီဇိုဖရီးနီးယား ရောဂါလက္ခဏာတွေလို ခံစားခဲ့ရပေမယ့် ကျွန်မရဲ့ရောဂါဟာ ဒီလိုရောဂါ မဟုတ်ဘူး၊ ပူဆွေးသောကဒဏ်လွန်ကဲလို့ ဖြစ်တာ၊ ဘာမှမကြောက်နဲ့ အားမငယ်နဲ့၊ အချိန်နဲ့အမျှ သက်သာပျောက်ကင်းလာမှာပါလို့ ရှင်းပြပြီး အားပေးပါတယ်။ စိတ်ပညာရှင် ပီတာနဲ့ ဆက်လက်ကုသမှုခံရန်ကိုလဲ တိုက်တွန်းတယ်။

စိတ်ပညာရှင်ပီတာနဲ့ တွေ့တဲ့အခါမှာ ပီတာက ပူပင်သောကဝေဒနာ သက်သာပျောက်ကင်းဖို့ ဆောင်ရွက်ရမယ့် နည်းတစ်ခုကို ပြောပါတယ်။ သူပြောတဲ့နည်းကတော့ သေဆုံးသူအကြောင်းကို သိသလောက်၊ မှတ်မိ သလောက်ပြော။ သေဆုံးသူရဲ့ အပေါ်မှာရှိတဲ့ စိတ်ခံစားမှုတွေကို မရှက်မကြောက် ဖော်ထုတ်၊ သေဆုံးသူကို ဆုံးရှုံးရတဲ့အတွက် ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှုအားလုံးကို ရင်ဖွင့်စသည်တို့ဖြစ်ပါတယ်။ ဒီတော့သူက ကျွန်မ လုပ်ရမယ့်တာဝန်နှစ်ခုပေးပါတယ်။ တစ်ခုကတော့ ကျွန်မအမေနဲ့ပတ်သက်တာတွေကို စိတ်ထဲမှာရှိသမျှ စာရွက်ပေါ်မှာရေးချရတယ်။ နောက်ပြီး သူနဲ့တွေ့တဲ့အခါ ရေးထားတာတွေနဲ့ပတ်သက်ပြီး ဆွေးနွေးရတယ်။ နောက်တစ်ခုက ကျွန်မရဲ့ သူငယ်ချင်းမိတ်ဆွေတစ်ယောက်ယောက်နဲ့ ကျွန်မရဲ့အမေအကြောင်းကို ထပ်တလဲလဲပြောရမယ်တဲ့။ ဒီတော့

ကျွန်မက ဂျေဆန့်ကိုသတိရတယ်။ ဂျေဆန့်ကိုမေးကြည့်တော့ သူက အလွယ် တကူ သဘောတူတယ်။ ကျွန်မအတွက် အကျိုးရှိမယ်ဆိုရင် ကူညီ မယ်လို့ အားတက်သရောပြောတယ်။

ဒေါက်တာဟင်နရီ၊ စိတ်ပညာရှင်ပီတာနဲ့ စခန်းမှူး သုံး ယောက်တိုင်ပင်ပြီး ကျွန်မကိုစခန်းမှာ နောက်ထပ်သုံးလနေရန် ခွင့်ပြုပါတယ်။ ဒီအကြောင်းကို တွမ့်ကို ဖုန်းဆက်ပြီးပြောရပါတယ်။ သူကစိတ်မပူပါနဲ့၊ ကျွန်မကျန်းမာရေးအတွက် သားကလေးကို ဆက် ပြီးကြည့်ရှုပေးမယ်လို့ပြောတယ်။ ကျွန်မ ကျန်းမာရေးကောင်းရင် သားကလေးကို ကျွန်မလက်မှာ ပြန်အပ်ပါမယ်လို့ ကတိပေးပါတယ်။

အဆိုးထဲက ရရှိလာတဲ့ အကောင်းတွေလို့ ခေါ်ရပါမယ်။ အားလုံးက ကျွန်မကို ဝိုင်းဝန်းကူညီနေကြပါပြီ။ ဒီတော့ ကျွန်မ ဘက်က ဆတူပါဝင်ကြိုးစားရမှာဖြစ်ပါတယ်။ ဒေါက်တာအကြံပေး သမျှကိုလိုက်နာတယ်။ စိတ်ပညာရှင် ပီတာ လုပ်ခိုင်းတဲ့အိမ်စာတွေ ကို ညတိုင်းမှန်မှန်လေ့ကျင့်တယ်။ ညစဉ်မှတ်တမ်းရေးတယ်။ ကယ်တင်ခြင်းတပ်ဆောင်ပုဒ်ကို အားပြုပြီးမူးယစ်ဆေးစွဲကုသမှု အုပ်စုအစည်းအဝေးကိုလည်း မှန်မှန်တက်တယ်။

ဒါကြောင့် တစ်လနဲ့တစ်လသိသိသာသာ ရောဂါအခြေ အနေတွေက သက်သာလာပါတယ်။

ကျွန်မနဲ့ ကျွန်မရဲ့မိခင်အကြောင်းကို ဂျေဆန့်ရှေ့မှာ ရင်ဖွင့်ရတဲ့အတွက် ဂျေဆန်နဲ့လဲ ပိုမိုရင်းနှီးလာပါတယ်။ လတ်ဘွေ့

ထိုးအားကစားနည်းနဲ့ ဥပမာပေးရရင် ဂျေဆန်ဟာ ကျွန်မနဲ့ လက်ဝှေ့ထိုးလေ့ကျင့်ဖက်အဖော် ဖြစ်လာပါတယ်။ ကျွန်မလက်သီး ထိုးလေ့ကျင့်တဲ့ သဲအိတ်လည်းဖြစ်လာပါတယ်။ ကျွန်မရဲ့ ကိုယ်ရေး ကိုယ်တာ ဘဝနောက်ကြောင်းတွေကို ဂျေဆန်အကုန်လိုလို သိနေ ပါပြီ။ ပြတ်တောင်းပြတ်တောင်း သူ့အကြောင်းကိုလည်း ကျွန်မက တီးခေါက်ကြည့်ပါတယ်။ မသိမသာနှိုက်ထုတ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ ကျွန်မဂျေဆန့်အပေါ်မှာ သံယောဇဉ်တွေ ရှိလာပါ တယ်။ သူ့ကို အားကိုးချင်စိတ်တွေ ပေါ်နေပါတယ်။ ဂျေဆန်ဟာ အရက်စွဲရောဂါရှိတာကလွဲလို့ သူ့မှာအခြားစိတ်ရောဂါတွေမရှိဘူး ဆိုတာ ထင်ရှားလာပါတယ်။ သူ့မှာစီးပွားရေးလုပ်ငန်းလဲရှိတယ်။ နောက်ပြီး လူလွတ်တစ်ယောက်ဆိုတာ ကျွန်မယုံကြည်ပါတယ်။

ရုပ်ရှင်တွေထဲမှာ ကျွန်မကြည့်ဖူးပါတယ်။ ဇာတ်လမ်းပျိုး လာပြီး အချိန်တန်လာတဲ့အခါမှာ ဇာတ်လိုက်မင်းသားက ဇာတ် လိုက်မင်းသမီးရှေ့မှာ ဒူးတစ်ဖက်ထောက်ပြီး လက်ထပ်ခွင့်တောင်း ဘဲ့ဇာတ်ကွက်တွေကို ပြောတာပါ။ ဂျေဆန်ဟာ လက်စွပ်ကိုအိတ် ဘဲမှထုတ်ပြီး "ဒေဗီ ကျွန်တော့်ကို လက်ထပ်ပါလို့" တောင်းဆိုလာ ခဲ့ယ်ဇာတ်ကွက်ကို ကျွန်မစိတ်ကူးယဉ်နေပါတယ်။

အဖမ်းရခက်တဲ့ တိမ်ခိုးတိမ်ငွေ့တွေစုစည်းလာပြီး မိုးသီး မိုးပေါက်တွေရွာချသလို ကျွန်မရဲ့ စိတ်ကူးတွေဟာ အငွေ့အသက် သာမဟုတ်ပဲ လက်တွေ့ဖြစ်လာတဲ့နေ့ကို ရောက်လာပါတယ်။ မိုးရေ

ပေါက်လို ကြည်လင်နေတဲ့ စိန်တစ်လုံးလက်စွပ်ကို ဂျေဆန်က သူ့ အိတ်ထဲမှဆွဲထုတ်ပြီး ကျွန်မရဲ့ လက်ဝဲလက်စွပ်ဝတ်လက်ချောင်းမှာ အသာအယာ ဝတ်ဆင်ပေးပါတယ်။ နောက်ပြီး သူက ဒူးထောက်ပြီး "ဒေစီ ကျွန်တော့်ကို လက်ထပ်ပါ"လို့ တောင်းပန်ပြီး အဖြေတောင်း ပါတယ်။

ကျွန်မရဲ့အဖြေကို ပြောဖို့လိုပါသေးသလား။ အာရှတိုက် နိုင်ငံတွေမှာ ပြောလေ့ပြောထရှိတဲ့ ဆိုရိုးတစ်ခုကို ကျွန်မဖတ်ဖူးပါ တယ်။ မောင်ဆယ်ယောက်လောက် ရှိပေမယ့် လင်ယောကျ်ားမရှိတဲ့ မိန်းမဟာ မတင့်တယ်ဘူးလို့ဆိုတယ်။ လူ့ပတ်ဝန်းကျင်ရဲ့ ဖိအား လို့ ဆိုရမယ်ထင်တယ်။ စိတ်ပညာရှင်များ အဆိုအရကတော့ လင်ယူ သားမွေးရခြင်းဟာ အမျိုးသမီးများရဲ့ ဘဝလိုအပ်ချက်ကို ပြည့်စုံ စေတယ်၊ ဖြည့်ဆည်းပေးတယ်လို့ ဆိုပါတယ်။ သဘာဝစိတ်ဆန္ဒရဲ့ အလိုကိုပြည့်စုံအောင် ဖြည့်ဆည်းပေးတယ်လို့ ပြောကြပါတယ်။ စားဝတ်နေရေးဖူလုံလိုတဲ့ ဆန္ဒကြောင့်လို့လဲ အပေါ်ယံသဘောနဲ့ ပြောကြတာတွေရှိပါတယ်။

ဂျေဆန့်ရဲ့ဆန္ဒကို လိုက်လျောတာ ဘာကြောင့်လဲလို့ ကျွန်မမသိဘူး။ အဖြူအမဲသဲသဲကွဲကွဲပြနိုင်တဲ့ အကြောင်းရင်းတစ်ခု ကြောင့် ဂျေဆန့်ကို လက်ထပ်ဖို့သဘောတူတာပါလို့လဲ မပြောချင် ဘူး။ ပန်းချီကားတစ်ချပ်ကိုကြည့်ပြီး ရုပ်ပုံတွေအကြောင်း ပြောပြ နေရင် ပန်းချီကားကိုအာရုံပြုပြီး ခံစားလို့ရလာတဲ့ အရသာတွေပျက်

တတ်ပါတယ်။ ဒါကြောင့် ဂျေဆန့်ရဲ့အမေးကို "ဟုတ်ကဲ့"လို့ ဖြေလိုက်တဲ့ အကြောင်းရင်းတွေကို ကျွန်မမစဉ်းစားပါဘူး။ ဂျေဆန့်ရဲ့အမေးကြောင့် ကြည်နူးနှစ်သိမ့်နေတဲ့ ပျော်ရွှင်မှုကိုသာ ခံစားနေမိတယ်။

ဆေးရုံပေါ်မှာ စိတ်ဝေဒနာကို ကုသနေရတဲ့အတွက် အမေ့ရဲ့အသုဘအခမ်းအနားကို ကျွန်မမတက်ရောက်နိုင်ခဲ့ပါဘူး။ တစ်လလောက်ကြာတော့ အမေ့ရဲ့ရှေ့နေထံမှ စာရောက်လာခဲ့ပါတယ်။ ကျွန်မအတွက် အမေက အမွေပေးထားခဲ့တဲ့ ပစ္စည်းစာရင်းဖြစ်ပါတယ်။ ကျွန်မဘယ်လို လွှဲပြောင်းယူလိုပါသလဲလို့ ရှေ့နေက မေးထားတာဖြစ်ပါတယ်။ အမေညွှန်ကြား ထားတဲ့အတိုင်း ဆောင်ရွက်တာဖြစ်ပါတယ်။ အေးမြချမ်းသာရိပ်သာမှာ အမေဝယ်ထားတဲ့ အိမ်ခန်းယူနစ်နဲ့ ဘဏ်မှာငွေသားဒေါ်လာတစ်သိန်း ကျွန်မအတွက် အမေက အမွေပေးသွားတယ်။

# ဒေါက်တာဟန်းကျော်

ဒီအကြောင်းကို ကျွန်မဂျေဆန့်ကို ပြောပြပါတယ်။ စခန်းမှူးကိုလည်း ရုံးလုပ်ငန်းတွေကိုဆောင်ရွက်နိုင်ဖို့ အကူအညီတောင်းရပါတယ်။ ငွေသားတစ်သိန်းကို ကျွန်မ ငွေစုလက်မှတ်ဝယ်လိုက်ပါတယ်။ အိမ်ခန်းယူနစ်ကိုတော့ လောလောဆယ် အငှားထားဖို့ စီစဉ်ရပါတယ်။ ကျွန်မရဲ့ စီးပွားရေးအခြေအနေက ပြောင်းလဲလာတာကို လူမှုဖူလုံရေးဌာနမှာ သတင်းပို့ရတယ်။ သူတို့ ကျွန်မရရှိနေတဲ့ အထောက်အပံ့ထဲမှ အချိုးကျ လျှော့လိုက်ပါတယ်။

နှစ်လလောက်ကြာတော့ ကျွန်မတို့ မူးယစ်ဆေးကုသမှု စခန်းကဆင်းခွင့်ရပါတယ်။ ဂျေဆန်နဲ့တစ်ချိန်တည်းလို ဆင်းခွင့်ရခဲ့ပါတယ်။ ဂျေဆန့်ရဲ့ ဆန္ဒအတိုင်း ဂျေဆန်နဲ့လိုက်နေဖို့ ကျွန်မဆုံးဖြတ်ပါတယ်။ စခန်းက မထွက်ခွာမီတစ်ပတ်အလိုမှာ ကျွန်မနဲ့ဂျေဆန် တရားဝင်လက်ထပ်လိုက်တယ်။ လက်ထပ်ပွဲကို မူးယစ်ဆေးကုသမှု စခန်းမှာကျင်းပတာဖြစ်တယ်။ ကျွန်မ "မစ်စ်"ကနေ "မစ်စက်"ဖြစ်သွားပါပြီ။ ဂျေဆန်နဲ့အတူ ဘဝသစ်ထူထောင်ရန်အတွက် ဘရစ်စ်ဘိန်းမြို့ လိုဂင်ရပ်ကွက်ရှိ ဂျေဆန့်ရဲ့အိမ်ကို ရောက်လာပါတယ်။

ဂျေဆန့်ရဲ့အိမ်ဟာ တစ်ထပ်တိုက်ကလေးဖြစ်တယ်။ အိမ်ခန်းနှစ်ခန်းရှိပါတယ်။ ခြံနဲ့ဝန်းနဲ့ဆိုတော့ သပ်သပ်ရပ်ရပ်ရှိပါတယ်။ ရက်ကွက်ကလဲသန့်ပါတယ်။ ဂျေဆန့်ရဲ့ဆိုင်ကတော့ လိုဂင်မီးရထားဘူတာရုံ လမ်းပေါ်မှာရှိတယ်။ အထွေထွေလူသုံးကုန်ပစ္စည်းတွေရောင်းပါတယ်။ သူဆေးကုဖို့စခန်းကို လာနေတဲ့အချိန်မှာ စိတ်ချရတဲ့မိတ်ဆွေတွေက ရောင်းကွက်ဈေးမပျက်စေရန်အတွက် ဆိုင်မှာကူညီကြပါတယ်။

ယခုတော့ ကျွန်မဟာ ဂျေဆန်ရဲ့ တရားဝင်မယားဖြစ်ပါပြီ။ သူ့ရဲ့ စီးပွားရေးလုပ်ငန်းကဝင်ငွေ၊ ကျွန်မအမေပေးခဲ့တဲ့ အေးမြချမ်းသာရိပ်သာ အိမ်ခန်းက အခန်းငှားခနဲ့ ဘဏ်စုငွေက အတိုးတွေပေါင်းလိုက်တော့ ကျွန်မတို့အိမ်ထောင်ရဲ့ဝင်ငွေဟာ အလယ်အလတ်စားလောက် ဖြစ်သွားပါတယ်။ ဒီတော့ ကျွန်မအတွက် လူမှု

ဖူလုံရေးဌာနက ထောက်ပံ့ကြေးမပေးတော့ပါဘူး။ ကျွန်မရဲ့ ကျန်းမာရေးကလည်း ကောင်းမွန်လာတာကြောင့် ဆေးပင်စင်ကိုလည်း ဖြတ်လိုက်ပါတယ်။

ဂျေဆန်က ကျွန်မထက် အသက်(၁၅)နှစ်ကြီးပါတယ်။ သူက အသုံးအစွဲမှာ စနစ်ကြီးပါတယ်။ အရာရာမှာ အစီအစဉ်ချပြီး လုပ်တတ်ပါတယ်။ နေ့စဉ်လုပ်ကိုင်ဖွယ်ရာ ကိစ္စတွေမှာလဲ ဇယားချပြီး အကွက်ဝင်အောင်ဆောင် ရွက်လေ့ရှိပါတယ်။

သူ့ရဲ့အပြုအမူတွေဟာ ကျွန်မအလေ့အကျင့်တွေကို ထိန်းပေးသလိုရှိပါတယ်။ သူ့ရဲ့ဇယားကွက်ဘောင်တွင်းမှာ ကျွန်မ ဗရုတ်ဗရက်လုပ်ချင်တာတွေက အကင်းသေလာပါတယ်။ သူက အတင်းအဓမ္မချုပ်ချယ်တာမဟုတ်ပါဘူး။ နမူနာကောင်းပြီး ကျွန်မကို ရှေ့က ဆွဲခေါ်သွားတဲ့သဘောပါ။

ကျွန်မဂျေဆန်နဲ့အတူ ဆိုင်ထိုင်ပါတယ်။ စီးပွားရေးလုပ်ငန်းကို သူကသင်ကြားပေးပါတယ်။ အရောင်းအဝယ်နဲ့ ပတ်သက်ပြီး ပြင်ပမှာ လုပ်ကိုင်စရာတွေကို ဂျေဆန်က လုပ်ပါတယ်။ ဆိုင်က နံနက်၉နာရီမှာဖွင့်ပြီး ညနေ၅ နာရီမှာ ပိတ်တယ်။ အလုပ်က မပင်ပန်းပါဘူး။ နေ့လည်စာကို ဘေးမှာရှိတဲ့စားသောက်ဆိုင်တွေတမှာပြီးစားတယ်။ ညစာကိုတော့ တခါတလေ အပြင်မှာစားတယ်။ တခါတလေ လမ်းပေါ်ကစားသောက်ဆိုင်တွေက အစာဗူးနဲ့ဝယ်ခဲ့ပြီး အိမ်မှာစားကြတယ်။

# ဒေါက်တာစာဥန်းကျော်

ကျန်းမာရေးအတွက် နံနက်တိုင်း ၇နာရီမှာ နာရီဝက်လမ်းလျှောက်ကြတယ်။ ဆိုင်က စနေနေ့မှာ နေ့လည် ၂ နာရီအထိဖွင့်ပြီး တနင်္ဂနွေနေ့မှာ အလုပ်ပိတ်တယ်။

အရက်စွဲဆေးစွဲရောဂါနဲ့ ပတ်သက်ပြီး ကျွန်မတို့နှစ်ယောက်စလုံး ကုသမှုကိုဆက်လက်ခံယူပါတယ်။ ကျွန်မတို့အိမ်နဲ့ မနီးမဝေးမှာ ကယ်တင်ခြင်းတပ်ရုံးရှိတယ်။ အဲဒီခြံဝင်းအတွင်းမှာ အစည်းအဝေးခန်းမရှိတယ်။ အဲဒီမှာ စနေနေ့တိုင်း အရက်စွဲဆေးစွဲ လူနာများအစည်းအဝေးလုပ်တယ်။ စိတ်ကုထုံးကုနည်းနဲ့ အုပ်စုလိုက်ကုသခြင်း အစည်းအဝေးဖြစ်ပါတယ်။ တက်ရောက်တဲ့ လူနာများက ကျွန်မတို့လိုအရက်မူးယစ်ဆေး ဖြတ်ထားပြီး နောက်ထပ်အရက် မူးယစ်ဆေးစွဲရောဂါပြန်လည်ဖြစ်ပွားမလာစေရန် ကြိုးစားနေသူများဖြစ်ပါတယ်။ အရက်စွဲဆေးစွဲသူများဟာ အရက်သို့မဟုတ်မူးယစ်ဆေးနဲ့ ပတ်သက်လာရင် အားနည်းချက်တွေ ပျော့ကွက်တွေရှိတယ်လို့ပညာရှင်များက ကျွန်မကို သတိပေးဖူးပါတယ်။ အရက်ကိုဖြစ်ဖြစ် မူးယစ်ဆေးကိုဖြစ်ဖြစ် အစမ်းသောက်သုံးမကြည့်ကြနဲ့၊ သာမန်လူတွေလို မဟုတ်ဘူး၊ တစ်ခါစမ်းပြီးရင် နောက်ထပ် သောက်ချင်စိတ်တွေကို ထိန်းမရဖြစ်လာတတ်တယ်လို့ဆိုပါတယ်။ အကျင့်ဆိုးတွေဟာ တဖြည်းဖြည်း ပြန်လည်အသက်ဝင်လာတာမျိုး မဟုတ်ပဲ အင်နဲ့အားနဲ့ တရှိန်ထိုးပြန်ပေါ်လာလိမ့်မယ်လို့ သတိပေးဆုံးမပါတယ်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဒီတော့ ဂျေဆန်နဲ့ကျွန်မတို့ဟာ အရက်ကိုဖြစ်ဖြစ် မူးယစ်ဆေးကိုဖြစ်ဖြစ် အဝေးကရှောင်ဖို့ ကြိုးစားရပါတယ်။ စိတ်ထဲမှာ တခါတရံပေါ်ပေါ်လာတဲ့ မူးယစ်ဆေးသုံးစွဲလိုတဲ့ တမ်းတမှုတွေကို အနိုင်ယူနိုင်ဖို့ ကုသမှု အစည်းအဝေးကို မှန်မှန်တက်ရောက်ရခြင်း ဖြစ်တယ်။ အစည်းအဝေးမှရရှိလာတဲ့ အကြားအမြင် ဗဟုသုတတွေကို ကျွန်မတို့ကောင်းကျိုးအတွက် အသုံးပြုကြရတယ်။ အခြားသူများ အောင်မြင်စွာကျင့်သုံးတဲ့နည်းတွေကို အတုခိုးတယ်။ နမူနာယူတယ်။ ဂျေဆန်နဲ့ကျွန်မတို့ကလဲ တစ်ဦးနဲ့တစ်ဦး ပွင့်ပွင့်လင်းလင်းဝေဖန်တယ်။ တစ်ဦးအမှားကိုတစ်ဦးကထောက်ပြပြီး လမ်းကြောင်းပေးကြပါတယ်။

ကျွန်မရေရှည်ခံစားနေရတဲ့ ပီတီအက်စ်ဒီနဲ့ ဘော်ဒါလိုင်း ဝေဒနာတွေက ဘယ်လိုလဲ?

ရှင်းရှင်းလင်းလင်းပြောရရင် အကင်းသေသလိုရှိပေမယ့် အမြစ်မပြတ်သေးပါဘူး။ အတိတ်ကအမှောင်ရိပ်တွေဟာ ကျွန်မ ကြိုးစားတည်ထောင်နေတဲ့ ဘဝသစ်လမ်းခရီးကို မကြာမကြာလာ ရောက်ပိတ်ဆို့သလိုရှိပါတယ်။ သံသယစိတ်လွှန်ကဲလာလို့ ဂျေဆန့် ကိုစွပ်စွဲမိရင် သူက ကျွန်မကို သတိပေးပါတယ်။ စိတ်ပညာရှင် ပီတာပြောသလို စဉ်းစားကြည့်လိုက်ပါလို့ ညွှန်ပြပါတယ်။ ကျွန်မ စိတ်တိုလာရင် ဒေါသထွက်လာရင် ဂျေဆန်ဟာတတ်နိုင်သမျှ တည် ငြိမ်တဲ့ အမူအရာကိုပြပြီး "ဒေစီစိတ်တိုနေတယ်၊ ဘာကြောင့်လဲ ဆွေးနွေးကြရအောင်"လို့ပြောပါတယ်။ ဂျေဆန်နဲ့ အတူနေရတဲ့ အကျိုးကျေးဇူးပါပဲ။ ဂျေဆန်ဟာ ကျွန်မအတွက် ခေါင်းကိုက် ပျောက်ဆေးလုံးလိုဖြစ်နေပါတယ်။ အများအားဖြင့် အိမ်တွေမှာ အကိုက်အခဲပျောက်ဆေးလုံးများကို အဆောင်လိုထားတတ်ကြပြီး လိုတဲ့အခါ အသုံးပြုကြပါတယ်။ ကျွန်မ စိတ်တွေပြင်းထန်လာရင်

# ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဂျေဆန့်ရဲ့အားပေးကူညီမှုက ခေါင်းကိုက်ပျောက်ဆေး သောက်လိုက်သလိုပါပဲ။ ကျွန်မအတွက် လိုအပ်တဲ့အခါ သုံးစွဲနေရတယ်။ သက်ဆိုင်ရာဆေးဘက်ပညာရှင်တွေနဲ့လဲ ဆက်လက်ကုသဖို့ ကျွန်မကြိုးစားပါတယ်။ "လိုဂင်" ရက်ကွက်မှာရှိတဲ့ စိတ်ကျန်းမာရေးဌာနကို ဆက်သွယ်ပါတယ်။ အဲဒီမှာစိတ်ရောဂါအထူးကု ဆရာဝန်အသစ်နဲ့ တွေ့ရပါတယ်။ သူက ဒေါက်တာဟင်နရီပြောသလိုပါပဲ၊ ဆေးကိုအားမကိုးပဲ၊ စိတ်ကုထုံးနည်းနှင့် ကြိုးစားကုဖို့အကြံပေးတယ်။ ကျွန်မကံကောင်းပါတယ်။ စိတ်ပညာရှင်ပီတာနဲ့ ဆက်လက်ပြီးကုသခွင့်ရလို့ပါပဲ။ သူက လိုဂင်စိတ်ကျန်းမာရေးဌာနမှာ အချိန်ပိုင်းစိတ်ပညာရှင်အဖြစ် ဆောင်ရွက်နေပါတယ်။ ဒီတော့ ကျွန်မဟာ အခမဲ့ကုသခွင့်ရပါတယ်။

ယခင် ကျွန်မကိုသင်ကြားပြသပေးတဲ့ ကုထုံးကုနည်းကို ဆက်လက်လုပ်ဆောင်ရပါတယ်။ ဒီတော့ ညစဉ်ညတိုင်း ကျွန်မနေ့စဉ်မှတ်တမ်းရေးရ ပြန်တာပေါ့။ ကျွန်မရေးထားတဲ့ မှတ်တမ်းကို ဂျေဆန်ဖတ်ခွင့်ရှိပါတယ်။ ဒါကြောင့် သူကျွန်မကို ပိုမိုနားလည်လာပြီး ကျွန်မတစ်ခါတစ်လေ ဆိုးနေသေးတာတွေကို ခွင့်လွှတ်နိုင်တယ်လို့ ဆိုရမလားပဲ။

ပထွေးတိုနီလက်အောက်မှာခံစားခဲ့ရတဲ့ အတိတ်က စိတ်ဖိစီးမှုဒဏ်ရာဒဏ်ချက်တွေ သက်သာပျောက်ကင်းစေရန် စိတ်ထားကို ပြောင်းရမယ်လို့ပြောပါတယ်။ အဖြစ်အပျက်တွေကို မရှိခဲ့ဘူးလို့ မငြင်းနဲ့။ ဒီအဖြစ်အပျက်တွေကြောင့် ကိုယ့်ကိုယ်ကိုလဲ အပြစ်တင်မနေနဲ့။ ဒီလိုဖြစ်ရတာ "ငါကံဆိုးလို့ ငါပဲခံရတာလို့လည်း အားငယ်မနေနဲ့။ ကျူးလွန်သူတရားခံကိုလဲ မကျေမနပ်ဖြစ်ပြီး တအုံ့နွေးနွေးဖြစ်မနေနဲ့တော့။ အဖြစ်အပျက်ကို အရှိအတိုင်းလက်ခံ တော့။ အတိတ်ကို ပြင်လို့မရတော့ဘူး။ ပြင်လို့မရတဲ့ ကိုယ်ရဲ့ အတိတ်မှတစ္ဆေက ယခုပစ္စုပ္ပန်မှာလာပြီးခြိမ်းခြောက်နေတာကို ခွင့်မပြုနဲ့တော့။ အနာဂတ်ခရီးမှာ ကိုယ်ဘယ်လိုစခန်းသွားမလဲဆို တာကိုသာ စဉ်းစားတော့။ အနာဂါတ်အတွက်ကိုသာ အာရုံပြုပြီး တတ်နိုင်သမျှ ကြိုးစားရမယ်" စသည်ဖြင့် ကျွန်မကိုကုသတဲ့ ပညာရှင်တွေက အကြံပေးလမ်းညွှန်ကြပါတယ်။

## ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ဥပေက္ခာပြုပြီး သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်နိုင်တဲ့ စိတ်မွေးရမယ်။ နောက်ပြီး တတ်အားရှိသမျှ အခြားသူများကို ကူညီရမယ်။ စေတနာလုပ်အားပေး လုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားရမယ်လို့ စိတ်ပညာရှင်များက အကြံပေးပါတယ်။

စေတနာလုပ်အားပေးနိုင်ရန်အတွက် အခွင့်အရေးပေါ် ပေါက်လာပါတယ်။ ကယ်တင်ခြင်းတပ်က ဖွင့်လှစ်ထားတဲ့ တည်းခိုခန်းရိပ်သာရှိပါတယ်။ အဲဒီတည်းခိုခန်းရိပ်သာက ကျွန်မနဲ့ဂျေဆန်တို့ အုပ်စုလိုက်စိတ်ကုထုံး အစည်းအဝေးတက်ရတဲ့ အဆောက်အအုံနဲ့ ကပ်နေပါတယ်။ တစ်ယောက်အိပ်ခန်းတွေ ၅၀လောက်ရှိတဲ့ အိမ်တန်းဖြစ်တယ်။ အဲဒီအခန်းတွေဟာ နေထိုင်စရာအခက် အခဲဖြစ်နေတဲ့မရှိဆင်းရဲသားတွေ ခေတ္တရက်ပိုင်းက လပိုင်းအထိနေထိုင်ဖို့ ဖြစ်ပါတယ်။ အခန်းခက အလွန်စျေးချိုပါတယ်။ ကယ်တင်ခြင်းတပ်က အဲဒီအဆောင်မှာ စနေ၊တနင်္ဂနွေနေ့တိုင်း နံနက်စာကို အခမဲ့ကျွေးမွေးတယ်။ အဆောင်မှနေထိုင်သူများနဲ့ မရှိနွမ်းပါးသူများလဲ လာရောက်ပြီးစားသောက်နိုင်တယ်။

အဲဒီတည်းခိုခန်းရိပ်သာမှာ လုပ်အားပေးတွေ အမြဲလိုအပ်ပါတယ်။ အခန်းတွေသန့်ရှင်းရေးလုပ်ဖို့၊ အစားအစာတွေချက်ပြုတ်ဖို့၊ အိုးခွက်ပန်းကန်တွေ ဆေးကြောဖို့ လုပ်အားလိုပါတယ်။ ဂျေဆန်နဲ့ကျွန်မဟာ တနင်္ဂနွေနေ့ နံနက်ပိုင်းမှာ လုပ်အားပေးပါတယ်။ အပတ်စဉ်လိုလိုဖြစ်တယ်။ ကျွန်မတို့တတ်နိုင်သမျှ အလှူငွေလဲထည့်ပါတယ်။

## ဒေါက်တာတင့်နန်းကျော်

လုပ်ရတဲ့အလုပ်က ဘာမှမယ်မယ်ရရမဟုတ်ပေမယ့် စေတနာနဲ့ လုပ်အားပေးတဲ့ အကျိုးကိုခံစားရတယ်။ အဲဒါကတော့ ကျွန်မကိုယ်ကျွန်မ တန်ဖိုးထားလာတဲ့စိတ်တွေ ဝင်လာခြင်းပါပဲ။ ကျွန်မထက်ကံဆိုးသူတွေကို တွေ့ရတော့ ကျွန်မရဲ့ စိတ်ဒုက္ခတွေကို ပိုမိုပြီးခံနိုင်ရည်ရှိလာပါတယ်။ ကျွန်မ ခံစားနေရတဲ့ သောကဝေဒနာတွေကို အဲဒီအချိန်တွေမှာ စဉ်းစားခွင့်မရပါဘူး။ လျစ်လျူရှုထားနိုင်ပါတယ်။

ဒါပေမယ့်ကျွန်မသားလေးကိုတော့ မမေ့ပါဘူး။ သူ့နာမည်ကို ရောဘတ်လို့ အမည်မှည့်ထားပါတယ်။ ရောဘတ်အသက်တစ်နှစ်ကျော်သွားပါပြီ။ ကျွန်မ သူနဲ့ခွဲခွာခဲ့တာ ရှစ်လနီးပါးရှိပါပြီ။ ယခုတော့ ကျွန်မရဲ့ လူမှုရေးအခြေအနေတွေက တိုးတက်နေပြီး ကျန်းမာရေးကလဲ ယခင်ထက် ပိုမိုကောင်းမွန်လာပါတယ်။

ရောဘတ်ကို ကျွန်မတို့ဆီခေါ်ယူထားဖို့ ဂျေဆန်က သဘောတူပါတယ်။ ကျွန်မရဲ့ ယခင်ကဒီဖက်တိုတွမ်ရဲ့ရှေ့နေထံ အကြောင်းကြားရန်အတွက် လိုအပ်တဲ့ထောက်ခံချက်တွေကို စုဆောင်းပါတယ်။ ကျွန်မကိုကုသတဲ့ ဆရာဝန်နဲ့ စိတ်ပညာရှင် ပီတာရဲ့ ထောက်ခံချက်တွေက ကျွန်မဘက်မှအလေးသာစေရန် ကျွန်မရဲ့တိုးတက်မှုတွေကို ဖော်ပြပေးတယ်။ ကယ်တင်ခြင်းတပ်က အုပ်ချုပ်ရေးအရာရှိကလဲ ဂျေဆန်နဲ့ကျွန်မတို့ အရက်နဲ့မူးယစ်ဆေးသုံးစွဲမှု မရှိတော့ကြောင်းကို ထောက်ခံပါတယ်။ ဂျေဆန်တလဲ သူ့ရဲ့ လူမှုစီးပွားရေးအခြေအနေကိုရှင်းပြပြီး သူ့မှာအတိတ်က ရာဇဝတ်မှုတွေ ကင်းရှင်းကြောင်းကို ရဲစခန်းမှ ထောက်ခံစာနဲ့ ပူးတွဲတင်ပြပါတယ်။

## ဒေါက်တာစိုးကျော်

မကြာမီ တွမ်က သားကလေးရောဘတ်ကို ကျွန်မတို့ရဲ့ အုပ်ထိန်းမှု အောက်မှာ ပြောင်းလွှဲပေးဖို့ သဘောတူကြောင်း စာရောက်လာပါတယ်။ တွမ်ကိုယ်တိုင်လဲ ရောဘတ်ကိုကြည့်ရှုရန် အခက်အခဲဖြစ်လာပါတယ်။ ဩစတြေးလျအနောက်ပိုင်းပြည်နယ်ရှိ သတ္တုတွင်းကုမ္ပဏီမှာ ကားမောင်းအလုပ် ရပါတယ်။ ဒါကြောင့် သူ အယ်လစ်စပရင်းမှာ မနေနိုင်တော့ပါဘူး။ သူမြို့ပြောင်းမသွားမီ ကျွန်မနဲ့ဂျေဆန်တို့ အယ်လစ်စပရင်းကို သွားပြီး သားကလေးကို ခေါ်လာခဲ့ပါတယ်။

ရောဘတ်အိမ်ရောက်လာတော့ ကျွန်မဘဝဟာ ပိုမိုပြည့်စုံသွားပါတယ်။ အိမ်ထောင်ရေးကလည်း သာယာပါတယ်။ စီးပွားရေးကလည်း ပူစရာမရှိပါဘူး။ သူ့အိုးနဲ့သူ့ဆန် တန်ရုံရှိနေပါပြီ။ ကျွန်မကျန်းမာရေးကလည်း ကောင်းလာပါပြီ။ ကုသမှုတွေကိုလည်း မပျက်မကွက် ဆက်လက်ခံယူနေပါတယ်။ အိမ်မှာကလည်း ကျွန်မ ရောဂါကို ကူညီပြီးကုသပေးနေတဲ့ ဂျေဆန်နဲ့ရောဘတ်တို့ ရှိနေတယ်။

ကျွန်မဘဝမှာ တည်ငြိမ်ခြင်းကင်းပြီး အပြောင်းအလဲတွေကို တစ်ခုပြီး တစ်ခု ရင်ဆိုင်ခဲ့ရတော့ "အခြေကျတယ်" ဆိုတဲ့စကား အဓိပ္ပါယ်ကို ယခုမှပဲ နားလည်လာသလိုရှိတယ်။

စာရေးသူသည် ဒေစီ၏မှတ်တမ်းကို ယခုလိုဖတ်ရသော အခါ အားတက်ခြင်း၊ ဝမ်းမြောက်ခြင်း ဖြစ်မိသည်။ စာရေးသူသည် ဒေစီကို ကုသနေခြင်းမဟုတ်သော်လည်း ယခင်က မိမိ၏လူနာ တစ်ဦး ဖြစ်ခဲ့ဖူးသဖြင့် မဆီမဆိုင် ကြားကဝင်ပြီးဂုဏ်ယူနေမိသည်။

ဒေစီ၏မှတ်တမ်း ဤနေရာတွင်ပင် အောင်မြင်ခြင်းဖြင့် အဆုံးသတ်စေချင်သည်။ သို့သော် မှတ်တမ်းက မပြီးဆုံးသေးသဖြင့် ဆက်လက်ဖတ်ရပါသည်။

## "အိုအောင်မင်းအောင် ပေါင်းလိုသော်လည်း"

နောက်ထပ် (၆)လလောက်ကြာသောအခါ ဒေါက်တာက ကျွန်မ သောက်နေတဲ့ဆေးများကို တဖြည်းဖြည်းလျှော့ပြီး အခြေအနေဆက်လက် ကောင်းမွန်နေတာကြောင့် ဆေးဖြတ်ရန် သဘောတူပါတယ်။ စိတ်ပညာရှင်ပီတာနဲ့ တစ်နှစ်လောက် ဆက်လက်ကုသပြီး ကုသမှုကို အဆုံးသတ်လိုက် တယ်။ ပီတာက အမှာစကားပြောပါတယ်။ ကျွန်မအနေဖြင့် "ပီတီအက်စ်ဒီ"နှင့် ဘော်ဒါလိုင်းရောဂါလက္ခဏာများကို တွန်းလှန်တိုက်ဖျက်နိုင်ခဲ့

နည်းပရိယာယ်များရှိနေပြီ။ ကုသမှုကို ရပ်ဆိုင်းလိုက်သော်လည်း ကျွန်မလေ့ကျင့်ထားသည့် နည်းပရိယာယ်များကို နေ့စဉ်အသုံးချ သွားရန်တိုက်တွန်းသည်။ ကျွန်မရရှိခဲ့သည့်ကုသမှုတွေက ရောဂါရဲ့ အမြစ်ဆုံကို တူးထုတ်မပစ်နိုင်ပါဘူး။ ရောဂါအညွန့်အတက်တွေ ရှင်သန်ကြီးထွားမလာအောင် တားဆီးထားခြင်းသာ ဖြစ်တယ်။ ဒါပေမယ့် အညွန့်အတက်အရွက်တွေမရှိရင် ကြာလာတဲ့အခါ အမြစ်ဆုံဟာ တဖြည်းဖြည်းအားနည်းလာမှာပါလို့ စိတ်ပညာရှင် ဝိတာက အားပေးလိုက်ပါတယ်။ အရက်မူးယစ်ဆေးစွဲသူများအုပ်စု အစည်းအဝေးကိုတော့ ဂျေဆန်နဲ့ကျွန်မတို့ ဆက်လက်ပြီး တက်ရောက်ကြတယ်။ အတွေ့အကြုံရင့်လာပြီး ကျွန်မတို့ရဲ့ အပြု အမူတွေက နမူနာကောင်းပြစရာဖြစ်နေတော့ လူနာသစ်တွေအ တွက် ကျွန်မတို့စံပြဖြစ်နေပါတယ်။ စေတနာလုပ်အားပေး လုပ်ငန်း တွေကိုလဲ ဆက်ပြီးလုပ်နေတော့ ကယ်တင်ခြင်းတပ် တည်းခိုရိပ်သာ မှာ ကျွန်မတို့က အတွင်းလူတွေလိုဖြစ်လာတယ်။

ဒီလိုနဲ့လတွေကုန် နှစ်တွေပြောင်းကာ သုံးနှစ်ပြည့်ခဲ့ ပါတယ်။ အခြေအနေကောင်းတွေကို ထိန်းသိမ်းထားနိုင်ခဲ့တယ်။

ယနေ့ သားကလေးရောဘတ်ရဲ့ ၄နှစ်မြောက်မွေးနေ့ ဖြစ် ပါတယ်။ လေးနှစ်တစ်ကြိမ် မွေးနေ့မွေးရက်တွေ တစ်ထပ်တည်းကျ တာကြောင့် ဒီနှစ်မှာ မိတ်ဆွေတော်တော်များများဖိတ်ပြီး ရောဘတ် အတွက် မွေးနေ့ပါတီလုပ်ပေးရတယ်။ အထိုက်အလျောက်

စည်စည်ကားကားရှိတယ်။ အစားအသောက်အတွက် စားသောက်ဆိုင်က အော်ဒါမှာလိုက်ပါတယ်။ အဖျော်ယမကာနဲ့ အရက်အတွက်တော့ ကိုယ်တိုင်ဝယ်ပြီး ရေခဲပုံးထဲမှာစိမ်ပေးပါတယ်။ အိမ်ရှင်အနေနဲ့ ဘီယာပုလင်းပဲဝယ်ထားပါတယ်။ တချို့လူတွေကတော့ သူတို့ကြိုက် နှစ်သက်တဲ့အရက်အမျိုးအစားကို ဝယ်ယူလာတဲ့အလေ့အထရှိပါတယ်။ ကျွန်မတို့ အရက်မသောက်ပါဘူး။ ဒါပေမယ့် အရက်မပါရင် ဝိုင်းမစည်တာကြောင့် ပါတီပွဲမှာအရက်တပါနေရတယ်။

မွေးနေ့ပါတီဟာ အောင်မြင်တယ်လို့ဆိုရမယ်။ ရောဘတ်ကို ကြည့်ရတာလဲ ပျော်ရွှင်နေပုံရတယ်။ သူငယ်ချင်းတွေနဲ့ စားလိုက်ကစားလိုက်ပေါ့။ ပါတီပွဲပြီးလို့ ဧည့်သည်တွေ ပြန်သွားတော့သူရတဲ့လက်ဆောင်ထုပ်တွေကို တစ်ခုပြီးတစ်ခုဖွင့်ကြည့်ပြီး ကျေနပ်နေတယ်။ ဂျေဆန်နဲ့ကျွန်မတို့က သူ့ရဲ့လက်ဆောင်ထုပ်တွေကို ကူညီဖွင့်ပေးတယ်။ ထွက်လာတဲ့ ပစ္စည်းတွေကို ကြည့်ပြီးဝေဖန်လိုက်၊ နောက်ပြောင်လိုက်၊ ရယ်သွမ်းသွေးလိုက်နဲ့ သုံးယောက်သား ပျော်မြူးနေတယ်ဆိုပါတော့။

ရယ်မောနေရာက ဂျေဆန်ဟာ မျက်နှာရှုံ့လာပြီး သူ့ဝမ်းဗိုက်ကို လက်နဲ့ထောက်နေတယ်။ ဘာဖြစ်သလဲလို့မေးတော့ သူက လက်ခါပြတယ်။ နောက်ပြီး ကပျာကယာရေချိုးခန်းထဲ ဝင်ပြေးတယ်။ အခန်းထဲမှ ဂျေဆန်အန်နေတဲ့အသံကို ကြားရတော့ ကျွန်မဝင်ပြေးကြည့်တယ်။ ဟုတ်တယ်။ သူမျက်နှာသစ်တဲ့ ရေအင်တုံထဲကို

အန်ထုတ်နေတယ်။ ကျွန်မ ကြည့်လိုက်တော့ ရေအင်တုံထဲမှာ အစာ ချို့နဲ့ သွေးဖတ်တွေကိုတွေ့ရတယ်။ သေသေ ချာချာကြည့် လိုက်တော့ သွေးခဲတွေဖြစ်နေတယ်။ "ဂျေဆန် ဘာတွေစားမိသလဲ။ အရက်သောက်လို့လား"လို့ ကျွန်မက မေးတာတွေကို ပြန်မဖြေ နိုင်သေးဘူး။ ရင်ထဲမှာပျို့လာပြီး တစ်ခါအန်ချလိုက်ပြန်တယ်။ သွေး ပါလာတယ်။

ဒီတော့ ကျွန်မ အိမ်ရှေ့ကိုပြေးသွားပြီး မိုဘိုင်းဖုန်းနဲ့ "သုညသုံးလုံး" ကို အရေးပေါ်ဆက်ပြီး လူနာတင်ကားခေါ်ပါတယ်။ ၁၀ မိနစ်လောက်ကြာတော့ လူနာတင်ကားရောက်လာပြီး ဂျေဆန့် ကို လိုင်ဆေးရုံ အရေးပေါ်ဌာနကို ခေါ်သွားပါတယ်။ ကျွန်မက သားလေးရောဘတ်နဲ့ အိမ်ကားမောင်း ပြီးနောက်မှ အမြန်လိုက် သွားတယ်။

အရေးပေါ်ဌာနမှ တာဝန်ကျဒေါက်တာက ကျွန်မကို ခေါ်ပြီး ဂျေဆန့်ရဲ့ရောဂါကို ရှင်းပြတယ်။ သွေးအန်တာဟာ အစာ အိမ်ကလာတာလို့ ပြောပါတယ်။ ဒါပေမဲ့ ဘာရောဂါကြောင့်လဲဆို တာတော့ အတိအကျမပြောနိုင်သေးဘူးလို့ ရှင်းပြတယ်။ အစာအိမ် ရောဂါတစ်ခုခုကြောင့်လဲဖြစ်နိုင်တယ်။ အစာမျိုလမ်းကြောင်း အရင်းမှာလဲ ရောဂါရှိနိုင်တယ်။ သွေးယိုလွန်တဲ့ရောဂါလဲ ဖြစ်နိုင် တယ်လို့ ရှင်းပြတယ်။ ဒီညဂျေဆန့်ကို ဆေးရုံတင်ထားမယ်။ လိုအပ်ရင် သွေးသွင်းပေးရမယ်။ မနက်ဖြန်မှာ ဆရာဝန်ကြီးနဲ့

တွေ့ရမယ်။ သွေးအန်တဲ့ အကြောင်းရင်းရောဂါကို ရှာဖွေစစ်ဆေးရန်လိုတယ်လို့ပြောပါတယ်။ ကျွန်မတို့ကိုအိမ်ပြန်ပြီး အနားယူဖို့အကြံပေးတယ်။

ကျွန်မနဲ့ရောဘတ်တို့ ဂျေဆန့်ကိုထားတဲ့ စမ်းသပ်ခန်းထဲကိုသွားပြီးနှုတ်ဆက်ပါတယ်။ ဂျေဆန်က ကျွန်မဘယ်ဘက်လက်ကိုသူ့ညာလက်နဲ့အသာအယာဆုပ်ကိုင်ပြီး "ဘာမှအားမငယ်နဲ့"လို့ ကျွန်မကို အားပေးပါတယ်။ အားပေးသူရဲ့မျက်လုံးထောင့်မှာ မျက်ရည်စတွေကို ကျွန်မတွေ့နေရပါတယ်။

အိမ်အပြန်မှာ ကားမောင်းနေရပေမယ့် စိတ်နဲ့ကိုယ်ဟာ တစ်နေရာတည်းမှာ အတူမရှိသလိုပဲ။ ကားနောက်ခန်းရှိကလေး ထိုင်ခုံမှာပင်ပန်းပြီး အိပ်မောကျနေတဲ့ သားကလေးရောဘတ်ပါလာတော့ ကြိုးစားပြီးသတိထားမောင်းပါတယ်။

ကျွန်မတစ်ယောက်တည်း ကားမောင်းလာရင် စိတ်လိုက်မာန်ပါလုပ်မိမှာအမှန်ပဲ။ ကားကိုအမြန်မောင်းပြီး တွေ့ရာနေရာမှာ အရက်ဖြစ်ဖြစ်၊ မူးယစ်ဆေးဖြစ်ဖြစ် သောက်သုံးလိုက်မိမှာဖြစ်တယ်။ ကျွန်မအခြေအနေက တာရိုးကျိုးတော့မယ့် ရေကာတာလိုဖြစ်နေပြီ။ တာရိုးတစ်နေရာမှာ ခုခံနိုင်အားတွေနည်းလာပြီ။

ကားမောင်းရင်း လမ်းတလျှောက်မှာ ကျွန်မသင်ကြားလေ့ကျင့်ထားတဲ့ စိတ်ကုထုံးနည်းပရိယာယ်တွေကို ကြိုးစားပြီးအသုံးချပါတယ်။ ခံစားလာရတဲ့ ပူပင်သောကစိတ်တွေကို အရှိအတိုင်း သတိနဲ့ကြည့်ပါတယ်။ ဘာကြောင့် ဒီလိုခံစားနေရသလဲလို့ ကိုယ့်ကိုယ်ကိုမေးပြီး အဖြေရှာပါတယ်။ ဒီလိုပူပင်သောကတွေနဲ့ စိတ်လှုပ်ရှားနေလို့ ဂျေဆန့်ရဲ့ရောဂါအခြေအနေက ထူးခြားကောင်းမွန်လာမှာ

လားလို့မေးပါတယ်။ စိတ်ခံစားမှုကို တွေးတောဆင်ခြင်မှုနဲ့ အစား
ထိုးလိုက်တော့ ပြင်းထန်နေတဲ့ အပူမီးတွေဟာ ခေတ္တခဏငြိမ်းချမ်း
သွားသလိုပါဘဲ။ ပူပင်သောကစိတ်ကြောင့် တဖွတ်ထိုးလက်လွတ်
ခြေလွတ်မလုပ်မိအောင် တားဆီးနိုင်ခဲ့ပါတယ်။

အိမ်ပြန်ရောက်တော့ စိတ်မောကိုယ်မောဖြစ်နေပါပြီ။
ဒါပေမယ့် အလွယ်တကူ အိပ်မပျော်ပါဘူး။ အိမ်မှာ လက်ကျန်ရှိနေ
တဲ့ အိပ်ဆေးနှစ်လုံးသောက်လိုက်ရတယ်။

နံနက်အိပ်ရာနိုးတော့ ညကအဖြစ်အပျက်တွေက အိပ်မက်လိုဖြစ်နေတယ်။ ဂျေဆန်အိမ်မှာမရှိတော့ အိပ်မက်မဟုတ်ဘူးဆိုတာ သိပါတယ်။ ဒီနေ့ ကျွန်မတို့အရောင်းဆိုင် မဖွင့်နိုင်ပါဘူး။ နေ့လည်စာစားပြီး ရောဘတ်နဲ့အတူဆေးရုံသွားပါတယ်။

ဂျေဆန် ညကသွေးအန်တာ ရပ်သွားပါတယ်။ ကျွန်မတို့ ဂျေဆန်နဲ့အတူ တာဝန်ရှိဒေါက်တာရဲ့ ရုံးခန်းကိုသွားရတယ်။ ဒေါက်တာရှင်းပြတာက ဒီလိုပါ။ ဂျေဆန်ဟာ အသက် ၂၀ကစပြီး အသက် ၃၄နှစ်အထိ အရက်ကို စွဲစွဲမြဲမြဲနဲ့ အလွန်အကျွံသောက်ခဲ့တာကြောင့် အသည်းရောင်ရောဂါရတယ်။ အဲဒီကနေ အသည်းမှာ အမာရွတ်တွေဖြစ်ပြီး အခုအသည်းကျစ်ရောဂါ ဖြစ်နေပြီလို့ပြောတယ်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အဲဒီရောဂါရဲ့အရှိန်ကြောင့် အစာအိမ်နဲ့ အစာမျိုလမ်းကြောင်းကြားမှာ သွေးပြန်ကြောထုံးတဲ့ရောဂါဖြစ်လာတယ်။ အဆင်မသင့်တဲ့အချိန်မှာ အဲဒီသွေးကြောတွေက ပေါက်ပြဲသွားလို့ သွေးအန်တာလို့ ရှင်းပြပါတယ်။

သွေးအန်တာရပ်သွားပြီး ဂျေဆန့်ရဲ့ အခြေအနေတကောင်းနေတော့ ဆေးရုံဆင်းခွင့်ပြုပါတယ်။ ဒါပေမယ့် စမ်းသပ်စစ်ဆေးတာကတော့ မပြည့်စုံသေးဘူးလို့ ဒေါက်တာကပြောတယ်။

"အာထရာလ်ဆောင်း"ဓာတ်ပုံမှာ မသက်ာဖွယ်ရာ အလုံးတစ်ခုကို အသည်းတစ်နေရာမှာ တွေ့တယ်လို့ဆိုပါတယ်။ ဒါကြောင့် အဲဒီအလုံးရဲ့ သဘောသဘာဝကို အတိအကျသိနိုင်ရန်အတွက် "စီတီ"နဲ့ "အမ်အာအိုင်" ဓာတ်ပုံတွေ ရိုက်ကြည့်ဖို့လိုတယ်။ ဒါကြောင့် ရက်ချိန်းပေးထားတဲ့အတိုင်း နောက်အပတ်မှာ ဆေးရုံကိုပြန်လာဖို့ ညွှန်ကြားလိုက်ပါတယ်။

အဲဒီအလုံးက ဘာဖြစ်နိုင်သလဲလို့မေးတော့ ဒေါက်တာက မပြောချင်ပြောချင်နဲ့ အသည်းကင်ဆာဖြစ်နိုင်တယ်။ ဒါကြောင့် "စီတီ"နဲ့ "အမ်အာအိုင်" ဓာတ်ပုံရိုက်ရမယ်။ နောက်ပြီးသွေးထဲမှာ "ဖီတိုပရိုတိန်း"ရှိမရှိသိဖို့ ဆေးစစ်ထားတယ်လို့ပြောပါတယ်။

အိမ်အပြန်လမ်းမှာ နှစ်ယောက်လုံး ဘာစကားမှမပြောကြဘူး။ ကျွန်မက ကိုယ့်အတွေးနဲ့ကိုယ် ကားမောင်းနေပြီး ဘေးကထိုင်ခုံမှာ ဂျေဆန်က ငြိမ်ပြီးလိုက်လာပါတယ်။

## ဒေါက်တာဘုန်းကျော်

တစ်ပတ်လုံးလူတွေက စက်ရုပ်လိုလှုပ်ရှားနေကြတယ်။ အရောင်းဆိုင်ကို ပြန်ဖွင့်ပေမယ့် စောစောဆိုင်ပိတ်တယ်။ ကယ်တင်ခြင်းတပ်ကိုလည်း မသွားတော့ပဲ နားနေကြတယ်။

တရားသူကြီးအမိန့်ချမယ့်ရက်ကို စောင့်နေတဲ့တရားခံလို ဖြစ်နေတယ်လို့ဆိုရမယ်။

"စီတီ" "အမ်အာအိုင်"နှင့် "ဗီတိုပရိုတိန်း" စမ်းသပ်မှုရလဒ် အဖြေဟာ အားတက်ဖွယ်မရှိပါ။ ဂျေဆန်အသည်းကင်ဆာရောဂါ ခံစားနေရပြီဟု ဒေါက်တာကမှတ်ချက်ချပါတယ်။ ဂျေဆန့်တွင် အသည်းကျစ်သည့် ရောဂါလည်းရှိနေသဖြင့် ဂျေဆန်၏ အသည်းလုပ်ငန်းများ ချို့ယွင်းအားနည်းနေပြီလို့လဲ ပြောပါတယ်။ ဒါ့အပြင် ကင်ဆာရောဂါဟာ အသည်းအင်္ဂါအတွင်းမှာ ပျံ့နှံ့ နေပြီလို့သိရတယ်။ ဆိုလိုတာက "အသည်းကင်ဆာလုံး"ကို ခွဲထုတ် ပစ်လို့အကျိုးမထူးတော့ဘူး။ ဂျေဆန်အသက်ရှည်ဖို့ မျှော်လင့်ချက် တစ်ခုက အသည်းတစ်ခုလုံးကို အင်္ဂါအစားထိုးကုသဖို့ပဲ ဖြစ်ပါတယ်။ ဒီတိုင်းပြည် မှာ အချို့နိုင်ငံတွေကို လူ့ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို

## ဒေါက်တာဗန်းကျော်

မှောင်ခိုဈေးမှာ ဝယ်ယူလို့မရပါဘူး။ တရားဝင် ကိုယ်ခန္ဓာလှူထား သူများ ရုတ်တရက်သေဆုံးမှ ဆေးရုံများက ကိုယ်အင်္ဂါ အစိတ်အပိုင်း ကို ယူခွင့်ရှိပါတယ်။ ဒီတော့ အထူးကုဆေးရုံတွေမှာ အသည်းအင်္ဂါကို လိုတဲ့အခါအသုံးပြုရန် သိုလှောင်ထားနိုင်ခြင်းမရှိဘူးလို့ ပြောပါ တယ်။ အသည်းအင်္ဂါအစားထိုးကုသရန်လိုလျှင် တန်းစီပြီးစောင့်ရ မယ်ဖြစ်ပါတယ်။ ကိုယ့်အလှည့်ရောက်ဖို့ သုံးလမှ တစ်နှစ်အထိ ကြာသွားနိုင်ပါတယ်။

ဂျေဆန်ရဲ့နောက်ကွယ်မှာ ဒေါက်တာ့ကို တိုးတိုးတိတ်တိတ် ကျွန်မမေးကြည့်ပါတယ်။ ဂျေဆန်ဘယ်လောက်အထိ အသက်ရှင် နေနိုင်မလဲဆိုတဲ့မေးခွန်းပါ။ ဇနီးတစ်ယောက်အနေနဲ့ မေးရတာ ရင်ဆို့ရသလို ဆရာဝန်အနေနဲ့ ဖြေရတာခက်မယ်ထင်ပါတယ်။ ဒေါက်တာကသူ့နဖူးကို ညာဘက်လက်ချောင်းတွေနဲ့ ပွတ်သပ်ရင်း ဖြေပါတယ်။ ယေဘုယျအားဖြင့် လူနာ ၅ရာခိုင်နှုန်းဟာ အသည်း ကင်ဆာရောဂါတွေ့ရှိတဲ့ အချိန်ကနေပြီး ၅နှစ်ခန့် အသက်ရှင် နေတယ်။ တစ်နှစ်အတွင်းမှာ ၂၀ရာခိုင်နှုန်းခန့် အသက်ရှင် နေတယ်လို့ပြောပါတယ်။ ဒေါက်တာက ကောင်းတဲ့ဘက်ကပြောတာ ပါ။ ကျွန်မကတော့ ကာယကံရှင်ရဲ့ဇနီး ဖြစ်နေတော့ စိုးရိမ်စိတ်တွေနဲ့ တွက်ကြည့်ပါတယ်။ တစ်နှစ်အတွင်းမှာ ၈၀ရာခိုင်နှုန်းသေဆုံးနိုင် တယ်လို့ ဒေါက်တာပြောတာပါ။

# ငြိမ်းသက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

အသည်းအင်္ဂါအစားထိုးကုသခွင့်မရမီ ဂျေဆန်ဟာ လူနာ၂၀ ရာခိုင်နှုန်းထဲမှာပါဝင်ပါစေလို့ ဆုတောင်းနေရပါတယ်။

ကျွန်မဆုတောင်းတဲ့အတိုင်း ဖြစ်မလာပါဘူး။ သုံးလ လောက်ကြာတော့ ဂျေဆန့်ရဲ့အခြေအနေဟာ သိသိသာသာယို ယွင်းလာပါတယ်။ သူ့ကို ကြည့်နေရတာဟာ သစ်ရွက်တစ်ရွက်ကို အချိန်ကိုက်ပြီး ရိုက်ယူထားတဲ့ရုပ်ရှင်ကားကို ကြည့်နေရသလိုပဲ။ စိမ်းစိုလန်းဆန်းနေတဲ့သစ်ရွက်ဟာ တဖြည်းဖြည်းအရောင်ပြောင်း ပြီး သွေ့ခြောက်လာတာကို အဆင့်ဆင့်တွေ့နေရသလိုပါပဲ။ ဂျေဆန် ကျန်းမာရေးချို့ယွင်းလာတာကို တဖြည်းဖြည်း တဆင့်ပြီးတဆင့် တွေ့နေရပါတယ်။ အသားတွေခြောက်ခမ်းလာပြီး အဝါ ရောင်သမ်း လာပါတယ်။ ၆လလောက်သာခံပါတယ်။ ဂျေဆန်ဟာရောဂါရဲ့ ဒဏ်ကို မတွန်းလှန်နိုင်တော့ပါဘူး။ လွန်ခဲ့တဲ့ ၆လအတွင်းမှာ ကျွန်မ ဟာ ဂျေဆန့်ရဲ့အနားမှာ ကိုယ်ဖိရင်ဖိပြုစုခဲ့ပါတယ်။ ကျွန်မလက် ပေါ်မှာပဲ ဂျေဆန်အသက်ပျောက်သွားပါတယ်။

## "သူ၏ကျေးဇူး"

ဂျေဆန်ဟာ သူလူ့ပြည်မှာ ကြာကြာနေရတော့မှာ မဟုတ်ဘူး ဆိုတာကို ကြိုတင်သိပါတယ်။ သူ့စိတ်ထဲမှာ အမှန်တကယ် ဘယ်လို ခံစားနေရတယ်ဆိုတာကို ကျွန်မမသိနိုင်ပါဘူး။ ပြင်ပအပြုအမူတွေ ကတော့ အခြေအနေမှန်ကို လက်ခံပြီး လုပ်သင့်လုပ်ထိုက် ပြင်ဆင်သင့် ပြင်ဆင်ထိုက်တာတွေကို ဆောင်ရွက်သွားတယ်။

ကုန်စုံဆိုင်ကို ရောင်းရန်စီစဉ်ပါတယ်။ ကျွန်မတို့က ဆိုင် မြေနဲ့ အဆောက်အအုံကို မပိုင်ပါဘူး။ ဆိုင်ခန်းကိုစာချုပ်နဲ့ ငှားထား

တာဖြစ်ပါတယ်။ ဒါပေမယ့် စီးပွားရေးလုပ်နိုင်တဲ့လိုင်စင်နဲ့ ဆိုင်ခန်းကို အမည်ပြောင်းပေးနိုင်ခွင့်ရှိပါတယ်။ ဒီအတွက် ကျွန်မတို့က ကိုယ့်အိမ်ကိုရောင်းသလို ရောင်းပိုင်ခွင့်ရှိတယ်။ ဒါကြောင့် ကုန်ပစ္စည်းတွေကို တဖြည်းဖြည်းရောင်းပြီး ဆိုင်ခန်းကိုပါရောင်းလိုက်ပါတယ်။ အဲဒီငွေနဲ့ ဂျေဆန်ဆေးကုဖို့စရိတ်နဲ့ သူမသေမီ သုံးစွဲလိုတာတွေကိုသုံးပါတယ်။ မကြာခဏ ရက်တိုအပျော်ခရီးထွက်ပါတယ်။ ဒီလိုခရီးထွက်တိုင်း ဂျေဆန်နဲ့ကျွန်မတို့ရဲ့ နောက်ဆုံးခရီးပဲဆိုတာ စိတ်ထဲမှာသိနေတော့ ပျော်သင့်သလောက်မပျော်ပါဘူး။

ကျွန်မတို့နေတဲ့အိမ်နဲ့ သူ့ရဲ့ကျန်တဲ့ပစ္စည်းတွေအားလုံးကို ကျွန်မနာမည်နဲ့လွှဲပေးခဲ့ပါတယ်။ သူမရှိတဲ့နောက်ပိုင်းမှာ ကျွန်မနဲ့ ရောဘတ်တို့ရဲ့ဘဝ သာယာမှုအတွက် အစွမ်းကုန်လုပ်ပေးခဲ့တာပါ။

ကျွန်မအတွက်ပိုပြီး တန်ဖိုးရှိတာက ဂျေဆန့်ရဲ့အမှာစကားဖြစ်ပါတယ်။

သူကပြောသွားတယ်-"ဒေစီ- တို့မရှိတဲ့အချိန်ရောက်တဲ့အခါ ဒေစီ့ရဲ့ရောဂါက ဒေစီ့ကို အနိုင်မယူစေနဲ့။ နောက်ပြီးဘာပဲဖြစ်ဖြစ် အဆိုးဆုံးကိုလက်ခံပြီး ရောက်တဲ့နေရာကနေ ပြန်တက်ဖို့ကြိုးစားပါ။ ကိုယ်ရောက်နေတဲ့ အခြေအနေကိုကြည့်ပြီး အားငယ်မနေနဲ့။ ကိုယ့်ထက်အခြေအနေဆိုးနေတဲ့ လူတွေကိုကြည့်ပြီး စိတ်ဖြေနိုင်ရမယ်"စသည်တို့ဖြစ်ပါတယ်။

ဂျေဆန့်ရဲ့ အသုဘအစီအစဉ်ကို သုသာန်သင်္ချိုင်းမှာရှိတဲ့

ခန်းမမှာကျင်းပပါတယ်။ ခရစ်ယာန်ဘာသာ ထုံးစံလေ့အတိုင်း ဘုန်းကြီးက တရားစာအုပ်မှ ကောက်နှုတ်ချက်များနှင့် ချီးမြှင့်ပါ တယ်။ ဆွေမျိုးမိတ်ဆွေများမှလည်း သေဆုံးသူကိုဂုဏ်ပြုတဲ့စကား ပြောကြပါတယ်။ ကျွန်မကတော့ ဂျေဆန်မှာသွားတဲ့ အမှာစကား သုံးခုကိုပြောပြပြီး ကျွန်မဒီအတိုင်းလိုက်နာမှာပါလို့ မျက်ရည်ပေါက် တွေနဲ့အတူ ကတိပြုပါတယ်။

ကျွန်မရဲ့ဖခင်ဟာ မမျှော်လင့်ပဲ အချိန်အခါမဟုတ်ဆိုသလို ရုတ်တရက်သေဆုံးသွားတာဖြစ်တယ်။ ကျွန်မအသက်ကလည်း ငယ်သေးတယ်။ ကလေးဘဝပဲရှိသေးတယ်။ အဲဒီတုန်းက အလွန်အမင်း ကြောက်ပြီး မိခင်နဲ့အတူပူဆွေးသောက ရောက်ခဲ့ပါတယ်။

အမေ့ရဲ့ကိစ္စမှာတော့ အမေ့ရဲ့ကျန်းမာရေးက မကောင်း တဲ့အတွက် တစ်နေ့နေ့မှာတော့ မကောင်းသတင်းကြားရတော့မှာ ပဲလို့ မကြာခဏတွေးနေမိပါတယ်။ အမေသေဆုံးသွားပြီလို့ ကြားရ တော့ မမျှော်လင့်တာဖြစ်လာသလို မခံစားရပါဘူး။ ဒါပေမယ့် အမေ့ရဲ့အပေါ်မှာ ချစ်စိတ်တွေအပြင် မကျေနပ်စိတ် ရင်နာစိတ် တွေနဲ့ရောထွေးနေတော့ ကျွန်မအပြင်းအထန် ပူဆွေးသောက ဖြစ်ရတယ်။

ဂျေဆန်ကျတော့ သူမသေဆုံးမီ ကျွန်မဘဝမှာ အတည်ငြိမ် ဆုံးအချိန် အကျေနပ်ဆုံးအချိန်တွေကိုရရှိခဲ့တယ်။ နောက်ပြီး သူ့ရောဂါအခြေအနေကို နေ့စဉ်နေ့တိုင်း အကဲခတ်နေတော့ ခံစား

ကုန်ဆီခမ်းပြီး တဖြည်းဖြည်းမီးငြိမ်းသွားတာကို ကျွန်မမျက်စိအောက်မှာတွေ့နေရတယ်။ နောက်ပြီးဂျေဆန့်ရဲ့ အားပေးစကားတွေကလည်း စိတ်ထဲမှာစွဲနေတယ်။ ဒီတော့ ကျွန်မဒီတစ်ခါ ဒဏ်ခံနိုင်တယ်။ ပူဆွေးသောကစိတ်က ကျွန်မကိုလွှမ်းမိုးပြီး ဒုက္ခမပေးကြဘူး။ ဒီတစ်ခါ ကျွန်မဆေးရုံတက်ရတဲ့ အခြေအနေရောက်မသွားပါဘူး။

ပတ်ဝန်းကျင်ရဲ့ ကူညီအားပေးမှုတွေကြောင့်လို့လည်း ဆိုနိုင်တယ်။ ကယ်တင်ခြင်းတပ်မှမိတ်ဆွေများက ဆွေမျိုးရင်းချာတွေလို အစစကူညီကြတယ်။ အိမ်မှာလာပြီး အဖော်ရအောင်နေပေးတယ်။ စိတ်ကုထုံးကုနည်းအုပ်စုမှ လူနာမိတ်ဆွေများကလည်း ကျွန်မအိမ်မှာလာပြီး အစည်းအဝေးလုပ်ပေးတယ်။ ပူဆွေးတဲ့စိတ်တွေသက်သာစေရန် ဖြစ်ပါတယ်။

စိတ်ပညာရှင်ပီတာထံကို ပြန်သွားဖို့မလိုပါဘူး။ ဒါပေမယ့် သူနဲ့ဆွေးနွေး လေ့ကျင့်သင်ယူခဲ့တဲ့နည်းတွေကို ကျွန်မကိုယ်တိုင်အသုံးပြုပြီး အကင်းသေနေတဲ့ စိတ်ဝေဒနာပြန်လည်ရှင်သန်မလာစေရန် အားထုတ်ပါတယ်။

ဂျေဆန်နဲ့ပတ်သက်ပြီး မှတ်မိသမျှတွေကို စိတ်ထဲမှာပေါ်ပေါက်လာသလို စာရွက်ပေါ်မှာ ညတိုင်းရေးသားပါတယ်။ အဲဒီလို စာရွက်ပေါ်မှာ မှတ်ဉာဏ်ထဲမှာပေါ်လာသမျှ ရေးချနေတော့ ဂျေဆန်ပြောတာတွေ တစ်ခုပြီးတစ်ခု စိတ်ထဲမှာပေါ်လာပါတယ်။ ကျွန်မနဲ့

မတွေ့မီက အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ကံမကောင်းဘူးလို့ ပြောပါတယ်။ အိမ်ထောင်ရေး မသာယာတော့အရက်သောက် အရက်ပိုသောက်တော့ အိမ်ထောင်ရေးကပိုပြီး မသာမယာဖြစ်ခဲ့တယ်လို့ ပြောတယ်။ သူ့ဘဝမှာမသေမီ သာယာတဲ့အိမ်ထောင်တွင်းမှာ နေဖူးသွားချင်တဲ့ ဆန္ဒတွေပြင်းပြခဲ့ပါတယ်။ ကျွန်မနဲ့နေခဲ့ရတဲ့ နှစ်တွေဟာ သူ့ဘဝဆုတောင်းပြည့်ခဲ့တဲ့ အချိန်တွေလို့ ပြောပါတယ်။ ဒီလိုပြောတော့ ကျွန်မစိတ်အားတက်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မဘဝမှာ ကျွန်မကို အကောင်းပြောတာကို မခံစားခဲ့ရပါဘူး။ အမေက အပြစ်တင်တယ်။ အတူနေခဲ့ဖူးတဲ့ မိတ်ဆွေတွေက အပြစ်တင်တယ်။ တွမ်က အပြစ်တင်တယ်။ ကျွန်မဟာ ပေါင်းသင်းရခက်တယ်လို့ပြောတယ်။ ဒီတော့ ကျွန်မ ကိုယ့်ကိုယ်ကို ပြန်ပြီး အထင်သေးလာတယ်။ လူတွေက အပြစ်တင်လေ အရွဲ့တိုက်လေ လုပ်တယ်။ မထူးဇာတ်ခင်းခဲ့တယ်လို့ ဆိုပါတော့။

ယခုဂျေဆန်ပြောခဲ့တဲ့ စကားတွေကို ပြန်ပြီးသတိရတော့ ကျွန်မကိုယ်ကျွန်မ တန်ဖိုးထားလာတယ်။ ဂျေဆန်ပြောသလိုဖြစ်အောင် ငါအမြဲကြိုးစားမယ်လို့ သန္နိဋ္ဌာန်ချမိတယ်။ ဒီအချက်ကလည်း ကျွန်မရဲ့ရောဂါ ပြန်လည်ဆိုးရွားမလာအောင် ထိန်းပေးထားတဲ့ အကြောင်းတစ်ခုပဲလို့ ဆိုချင်ပါတယ်။

အထက်မှာပြောခဲ့တဲ့ အချက်တွေအားလုံးဟာ ကျွန်မရောဂါက ကျွန်မကို အနိုင်ယူလွှမ်းမိုး မသွားနိုင်အောင် တာတွယ်ပေး

နေတဲ့ အကြောင်းရင်းတွေဖြစ်ပါတယ်။ သစ်သားတိုင်ယိုင်လဲမသွား စေရန် ကျားကန်ပေးထားသလိုပါပဲ။

နောက်တစ်ချက်ရှိသေးတယ်။ အဲဒါကတော့ ကျွန်မတရား ထိုင်တဲ့ အလေ့အကျင့်ရရှိနေခြင်းပါ။ ဂျေဆန်ဆေးရုံတက်နေရစဉ် က အခြားလူနာတစ်ဦးရဲ့ ဇနီးနဲ့ မိတ်ဆက်ပြီး စကားပြောဖူးတယ်။ အဲဒီအမျိုးသမီးက ဗုဒ္ဓဘာသာဝင်ဖြစ်ပါတယ်။ ကျွန်မ စိတ်ပူပင် သောကဖြစ်တတ်တာကိုသိတော့ သူမက တရားထိုင်ကြည့်ပါလားလို့ ကျွန်မကိုအကြံပေးပါတယ်။ စာအုပ်က မလေးရှားနိုင်ငံ ဗုဒ္ဓဘာသာ အသင်းကထုတ်တဲ့စာအုပ်ဖြစ်ပါတယ်။ စာအုပ်အမည်က "နိဗ္ဗာန် ရောက်ကြောင်းလမ်းညွှန်"လို့ခေါ်တယ်။ အဲဒီစာအုပ်မှာ ဗုဒ္ဓ ဘာသာရဲ့ အဓိကသင်ကြားချက်နှင့် ရည်မှန်းချက်ဖြစ်တဲ့ နိဗ္ဗာန် အကြောင်းကို ရှင်းလင်းပြထားပါတယ်။ သူမက ကျွန်မကို သတိပေး ပါတယ်။ "ဒေစီဟာ ဗုဒ္ဓဘာသာဝင်မဟုတ်ဘူး။ ဒီတော့ ဘာသာရေး အယူအဆတွေကို နားမလည်သေးရင် စိတ်မဝင်စားရင်မစိုးရိမ်ပါနဲ့။ တရားထိုင်နည်းအခန်းကိုသာ ဖတ်ကြည့်ပါ"လို့ ပြောပါတယ်။

ကျွန်မနားလည်တာက ဒီလိုပါ။ တရားထိုင်တယ်ဆိုတာ စိတ်တည်ငြိမ်လာအောင် တစ်စုံတစ်ခုမှာ အာရုံပြုနိုင်စေရန် လေ့ ကျင့်ခြင်းပါ။ သမာဓိရှိလာအောင် လေ့ကျင့်ခြင်းပါ။ ဒီလိုအကျိုးရ စေဖို့ စိတ်ကို"အရာ"တစ်ခုခုပေါ်မှာ အမြဲအာရုံစိုက်နေအောင် ထိန်းသိမ်းထားရမယ်လို့ ပြောပါတယ်။

## ပြန်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

စာအုပ်ရဲ့အဆိုအရ စိတ်အာရုံပြုနိုင်တဲ့ ပစ္စည်းအမျိုး (၄၀)ရှိတယ်လို့သိရတယ်။ ကျွန်မအနေနဲ့ လူစိမ်းဖြစ်နေတော့ အားလုံးကို နားမလည်ပါဘူး။ နေ့စဉ်ထိတွေ့နေနိုင်တဲ့ ဝုဏ်သတ္တိ ဆယ်မျိုးပေးထားတဲ့အထဲမှ ကျွန်မ "အပြာရောင်"ကို အာရုံပြုဖို့ ဆုံးဖြတ်လိုက်ပါတယ်။

အဲဒီအပြာရောင်အဝိုင်းကွက်တစ်ခုကျွန်မနဖူးထိပ်မှာ ရပ်နားနေတာကို ကိုယ်အနေအထား သက်သာသလိုထိုင်ပြီး အာရုံ စိုက်ဖို့ကြိုးစားပါတယ်။ နံနက်တိုင်း တစ်နေ့ ၁၅မိနစ်ခန့် စတင် လေ့ကျင့်ပါတယ်။

စာအုပ်မှာ သတိပေးထားပါတယ်။ စိတ်ကိုတစ်နေရာထဲမှာ အာရုံစိုက်ထားဖို့ကြိုးစားတဲ့အခါမှာ အနှောက်အယှက်တွေ ပေါ်လာ လိမ့်မယ်လို့ဆိုတယ်။ မိမိရဲ့စိတ်ထဲမှာ မလိုလားတဲ့အတွေးမျိုးစုံ ဝင်ရောက်ပူးကပ်လာတာကို တွေ့ထိရလိမ့်မယ်လို့ ပြောပါတယ်။ စာအုပ်ထဲမှာတော့ ရန်သူဆယ်မျိုး လို့ခွဲခြားဖော်ပြထားပါတယ်။

ကျွန်မရဲ့အတွေ့အကြုံကို ပြောရရင်တော့ အတွေးမျိုးစုံ ဟာ ကျွန်မအာရုံပြုနေတဲ့ "အပြာကွက်"ကို အာရုံမစိုက်နိုင်အောင် ထောင့်မျိုးစုံမှဝင်ရောက်လာခြင်းဖြစ်ပါတယ်။ စာအုပ်ရဲ့ ညွှန်ကြား ချက်အတိုင်း အဲဒီအတွေးတွေကိုသိတယ်လို့ အသိအမှတ်ပြုပြီး "အပြာကွက်"ဆီကို ကျွန်မစိတ်အာရုံ ပြန်လည်ရောက်ရှိလာအောင် အားထုတ်ပါတယ်။ မလွယ်ပါဘူး။ ကျွန်မရဲ့စိတ်ဟာ ယက်တန်းစင် ပေါ်ကလွန်းလို ဟိုပြေးဒီပြေးနဲ့ ယောက်ယက်ခတ်နေပါတယ်။

## ဒေါက်တာဘုန်းကျော်

ယခုအထိတော့ ယက်ကန်းလွန်းနဲ့တူတဲ့ ကျွန်မစိတ်ကို အပြာရောင်ချည်မျှင်ထိပ်မှာ တည်ငြိမ်နေစေရန်ကြိုးစားလျှက်ပါ။

စိတ်ပညာရှင်ပီတာ သင်ကြားပေးတာကို သတိရပါတယ်။ ရောဂါလက္ခဏာတွေခံစားလာရရင် အရှိအတိုင်းသိတယ်လို့လက်ခံ၊ ဘာမှဆက်မတွေးနဲ့၊ ဝေဒနာကို အသိနဲ့အာရုံပြုနေရင် ဝေဒနာက ပေးတဲ့ဒုက္ခကိုခံစားရတာ သက်သာလာလိမ့်မယ်လို့ ပြောဖူးပါတယ်။ တရားထိုင်ခြင်းတစ်မျိုးလို့ဆိုနိုင်မယ်ထင်တယ်။

ဂျေဆန့်ကိုဆုံးရှုံးရပေမယ့် တတ်ကျွမ်းသမျှ နည်းတွေနဲ့ ကျွန်မစိတ်ဝေဒနာကို ကြိုးစားကုပါတယ်။ အကျိုးရှိတယ်လို့ ဆိုရပါမယ်။ ရောဂါလက္ခဏာတွေဟာ အကင်းသေလျက်ပါပဲ။

ဒီတော့ ကျွန်မဘဝကို တစ်ဆင့်တက်ဖို့အားထုတ်ပါတယ်။ ကယ်တင်ခြင်းတပ်မှ အုပ်ချုပ်ရေးမှူးရဲ့ အားပေးမှုလည်းပါပါတယ်။ ကျွန်မလူနာစောင့်ပညာ တစ်နှစ်သင်တန်းတက်ပါတယ်။ အောင်မြင်ပြီးဆုံးတဲ့အခါမှာ လူနာစောင့်လုပ်သားအဖြစ် တရားဝင်လုပ်ပိုင်ခွင့်ရှိလာပါတယ်။ ပထမ(၆)လလောက် စေတနာလုပ်အားပေး လူနာစောင့်အဖြစ်စတင်ပါတယ်။ မကြာမီလခစား အဖြစ်လုပ်ကိုင်နိုင်ရန် အခွင့်အရေးပေါ်ပေါက်လာပါတယ်။

"စိတ်ကျန်းမာရေးအဖွဲ့အစည်း"မှာ စိတ်ကျန်းမာရေး လူနာစောင့် အရာရှိအလုပ်ကိုရရှိပါတယ်။ ဩစတြေးလျနိုင်ငံမှာ စိတ်ကျန်းမာရေး အဖွဲ့အစည်းရှိပါတယ်။ ၎င်းအဖွဲ့အစည်းကို "အင်ဂျီအို"လို့ခေါ်တယ်။ အစိုးရလက်အောက်က ဌာနမဟုတ်ပါဘူး။ ပြင်ပစေတနာလုပ်အားပေး အဖွဲ့အစည်းဖြစ်ပါတယ်။ ပြည်သူ

လူထုရဲ့အလှူငွေနဲ့ အစိုးရကပေးတဲ့ထောက်ပံ့ကြေးပေါင်းပြီး ရပ်တည်နေခြင်းဖြစ်တယ်။

ဒီအဖွဲ့အစည်းရဲ့ ရည်ရွယ်ချက်တွေကတော့ စိတ်ကျန်းမာရေးအသိပညာပြန့်ပွားရေး၊ စိတ်ကျန်းမာရေးချို့ယွင်းနေသူများကို ကူညီအားပေးရေး၊ စိတ်ရောဂါခံစားနေရသူများ၏ မိသားစုကို ကူညီအားပေးရေး၊ စိတ်ရောဂါ ခံစားရေသူများကို ပြုစုပျိုးထောင်ရာတွင် ကူညီအားပေးရေးစသည်တို့ ဖြစ်ပါသည်။

ပထမဦးစွာ ကျွန်မ ဘရစ်စ်ဘိန်းမြို့မှာလုပ်ပါတယ်။ တစ်နှစ်လောက်ကြာတော့ စိတ်ကျန်းမာရေးအဖွဲ့အစည်းရဲ့ လုပ်ငန်းများကို တူဝမ်းဘားမြို့မှာ တိုးချဲ့တဲ့အတွက် ကျွန်မ တူဝမ်းဘားကို ပြောင်းရွှေ့လာပါတယ်။

ဒီအလုပ်ကို ကျွန်မနှစ်ခြိုက်ပါတယ်။ စိတ်ရောဂါဝေဒနာရှင်တွေကို ကူညီရတဲ့အတွက် ကျွန်မကိုယ်ကျွန်မ ကူညီနေသလိုလည်းဖြစ်နေပါတယ်။ စိတ်ပူပင်စရာမရှိပါဘူး။ ကျွန်မတို့ လူနာစောင့်အနေနဲ့ စိတ်ရောဂါလူနာကို ကုသရမယ့်တာဝန်မရှိပါဘူး။ တတ်အားသမျှ စေတနာထားပြီး သူတို့လိုအပ်သလို အကူအညီပေးရတော့ စိတ်ကျေနပ်မှုတွေရရှိပါတယ်။

## "မပြီးဆုံးသေးသည့်နိဂုံး"

စာရေးသူသည် ဒေစီ၏မှတ်တမ်းကို ယနေ့အဆုံးသတ်ဖတ်ပြီးပါပြီ။ မှတ်တမ်းဖိုင်တွဲကို ပက်လက်ကုလားထိုင်ဘေးမှ ကော်ဖီစားပွဲပေါ်တွင်တင်လိုက်ပြီး အတွေးနယ်ချဲ့မိသည်။

ဒေစီ၏ဘဝကို အစအဆုံးပြန်လည်စဉ်းစားမိသည်။ ဒေစီကဲ့သို့ အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရသူများသည် ရေတိမ်တွင်နစ်ပြီး ဘဝတလျှောက်လုံး နာလန်မထူနိုင်ဖြစ်ရပုံများကို စာရေးသူကြားဖူးဖတ်ဖူးသိရှိခဲ့ရဖူးပါသည်။

# ဒေါက်တာဟုန်းကျော်

ဘော်ဒါလိုင်းကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်းဝေဒနာခံစားရသူ (၅)ရာခိုင်နှုန်းမှာဆေးကုသခဲ့ပြီး (၈)နှစ်မှ (၁၀)နှစ်အတွင်း မိမိကိုယ်ကို သေကြောင်းကြံသွားနိုင်ကြောင်းသိရသည်။ (၄၅)ရာခိုင်နှုန်းမှာ လှိုင်းထနေသောပင်လယ်ပြင်၌ ရွက်လွှင့်နေသည့် လှေငယ်ကဲ့သို့ အလူးအလဲရုန်းကန်နေရဆဲဖြစ်သည်ဟုဆိုပါသည်။ (၅၀)ရာခိုင်နှုန်းမှာ ရောဂါအကင်းသေနေသဖြင့် ဘဝတွင်တိုးတက်မှုများရရှိလာကြောင်းတွေ့ရသည်။

ဒေစီသည် တတိယအမျိုးအစားတွင် ပါဝင်နေသဖြင့် စာရေးသူဝမ်းသာမိသည်။ ရောဂါအကင်းသေသော်လည်း ရောဂါလုံးဝကင်းစင်သွားခြင်းမျိုးမဟုတ်ပါ။ အူအတက်ရောဂါကို ခွဲစိတ်ကုသလိုက်လျှင် ရောဂါလုံးဝပျောက်ကင်းသွားပြီး နောက်တစ်ကြိမ်အူအတက်ရောင်ရောဂါ မဖြစ်နိုင်တော့ပါ။ သွေးတိုး ရောဂါဖြစ်လာလျှင် အလွန်အမင်းသွေးတိုးမတက်စေရန် နည်းမျိုးစုံကို အသုံးပြုပြီး ထိန်းချုပ်ထားနိုင်ပါသည်။ သို့သော် သွေးတိုးရောဂါလုံးဝကင်းသွားခြင်းမဟုတ်ပါ။ ပေါ့ပေါ့တန်တန်ယူဆပြီး သံပတ်လျှော့လိုက်သလိုဆောင်ရွက်သင့်သည်များကို လျစ်လျူရှုထားလျှင် သွေးတိုးရောဂါဟောင်းပြန်ထလာနိုင်ပါသည်။

ဒေစီ၏စိတ်ဝေဒနာ သက်သာနေခြင်းမှာ အထက်ပါနမူနာကဲ့သို့ဖြစ်သည်။ သူမသင်ကြားတတ်မြောက်ထားသည့် စိတ်ကုထုံးလေ့ကျင့်ခန်းများကို နေ့စဉ်အသုံးချနေရန်လိုပါသည်။

## ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က

ယခုအပတ်အတွင်း စာရေးသူ ဒေစီကိုတွေ့ဆုံနိုင်မည်ဟု ထင်ပါသည်။ မကြာမီက ဆေးရုံတက်ကုသခံခဲ့ရသည့် လူနာဒက်ဘီကို အပြင်လူနာအဖြစ်စစ်ဆေးရန် စာရေးသူ ရက်ချိန်းပေးထားပါသည်။ ဒေစီသည် ဒက်ဘီကို ကူညီအားပေးနေသည့် လူနာစောင့်ဖြစ်ပါသည်။ ဒေစီနှင့်တွေ့ဆုံသည့်အခါ စာရေးသူစဉ်းစားမိသည်များကို ပြောပြပြီးအားပေးရန် ရည်ရွယ်ထားပါသည်။

ရက်ချိန်းပေးထားသည့်အတိုင်း ယနေ့ဒက်ဘီ့ကို ပြန်လည်စစ်ဆေးစမ်းသပ်ပြီး လိုအပ်သည့်ကုသမှုများကို ညွှန်ကြားပေးရသည်။ ဒက်ဘီ၏ရောဂါကို ပြုစုပျိုးထောင်ရာတွင် ဒေစီမည်ကဲ့သို့ကူညီနိုင်သည်တို့ကိုလည်း ဆွေးနွေးပါသည်။ ဒေစီသည် ဒက်ဘီနှင့်ပါလာပြီး အခန်းတွင်း၌ အတူထိုင်ပြီးနားထောင်ပါသည်။ လိုအပ်သလို အကြံဉာဏ်များလည်းပေးပါသည်။

ဒက်ဘီ၏ ကိစ္စဆွေးနွေးပြီးသောအခါ စာရေးသူက ဒေစီ၏ မှတ်တမ်းဖိုင်တွဲကို လက်ဆွဲအိတ်တွင်းမှထုတ်ပြီး ဒေစီ့ကို လှမ်းပေးပါသည်။

"ဖတ်ရတာ အားရစရာပါပဲဒေစီ။ ယခုအတိုင်းသာ ဆက်ကြိုးစားပါ"ဟု စာရေးသူက အားပေးစကားပြောသည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာအုန်း။ ကျွန်မကြိုးစားပါမယ်။ ဒါနဲ့ဒေါက်တာ့ကို ကျွန်မအသိပေးရမယ်။ နောက်တစ်ပတ်ကစပြီး ဒက်ဘီကို ကျွန်မသူငယ်ချင်း လူနာစောင့်တစ်ယောက်က ဆက်ပြီးကူညီပါလိမ့်မယ်"

"ဒေစီက ဘာဖြစ်လို့ဆက်ပြီးမလုပ်တာလဲ"

"ကျွန်မ အချိန်ပြည့်သင်တန်းတစ်ခု တက်တော့မှာဖြစ်လို့ပါ"

"ဘာသင်တန်းပါလဲ"

"အကူသူနာပြုသင်တန်းပါ။ ၆လကြာမယ်။ သင်တန်းပြီးရင် ကျွန်မ အကူသူနာပြုဝန်ထမ်းကို လုပ်နိုင်ပါတယ်။ လူနာစောင့် မလုပ်တော့ဘူး။"

ထို့နောက် ဒေစီသည် ပြုံးပြပြီးဆက်ပြောသည်။

"ရာထူးတက်သွားမယ်ဆိုပါတော့"

စာရေးသူက ချီးကျူးစကား ပြောရသည်။

"ကောင်းလိုက်တာ။ ချီးကျူးပါတယ်။ ဒက်ဘီတို့လို လူနာတွေအတွက် နမူနာကောင်းပါပဲ"

"နောက်တစ်ခု ရှိသေးတယ်။ ကျွန်မရဲ့ ကိုယ်ရေးမှတ်တမ်းကို စာအုပ်ထုတ်ဖို့ ကမ်းလှမ်းထားတယ်။ ဒေါက်တာအုန်း ဘယ်လိုသဘောရသလဲ"

## ဒေါက်တာဟန်းကျော်

"ဟာ-သဘောတူတာပေါ့။ ဒေစီခံစားရခဲ့တဲ့ ရောဂါဝေဒနာမျိုးကို ခံစားရသူများအဖို့ အကျိုးရှိမှာပါ။ ဒေစီရဲ့မှတ်တမ်းကို စာအုပ်ထုတ်ရင် စာအုပ်နာမည်အတွက် ဘယ်လိုစဉ်းစားထားသလဲ။

ကျွန်မစဉ်းစားထားတဲ့ စာအုပ်နာမည်ကတော့ "**ငြိမ်သက်ခြင်းနှင့် ကင်းဝေးခဲ့စဉ်က. .**" ဖြစ်ပါတယ်ဟု ဒေစီသည် ပြောပြောဆိုဆိုဖိုင်တွဲကို လက်မှာပိုက်လိုက်ပြီး ဒက်ဘီနှင့်အတူ စာရေးသူ၏ ရုံးခန်းမှ ထွက်ခွာသွားပါသည်။

ဒေါက်တာဟန်းကျော်

## ဝေါဟာရစာရင်း

စာမျက်နှာ ၉ ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းဝေဒနာ
Borderline Personality Disorder

စာမျက်နှာ ၁၃ အယ်လစ်စပရင်းမြို့
Alice Spring

စာမျက်နှာ ၁၃ ဆင့်ပ်ဆန်သဲကန္တာရ
Simpson desert

စာမျက်နှာ ၁၆ စိတ်ကျန်းမာရေးအသင်း
Mental Health

စာမျက်နှာ ၁၇ စိတ်ပညာရှင်အရာရှိ
Clinical Team Psychologist

| | | |
|---|---|---|
| စာမျက်နှာ | ၁၇ | လူမှုရေးဝန်ဆောင်အရာရှိ<br>Social worker |
| စာမျက်နှာ | ၁၇ | အသက်မွေးဝမ်းကျောင်းအတတ်သင်အရာရှိ<br>Occupational Therapist |
| စာမျက်နှာ | ၃၀ | စိတ်ကျစိတ်ကြွရောဂါ<br>Bipolar disorder |
| စာမျက်နှာ | ၄၁ | ဒီဖက်တို<br>Defacto |
| စာမျက်နှာ | ၈၄ | ပရိုဂျက်ရှင်း<br>Projection |
| စာမျက်နှာ | ၈၈ | မဲလ်ဘုန်းမြို့<br>Melbourne |
| စာမျက်နှာ | ၈၈ | အယ်လီစဘက်ဘုရင်မဆေးရုံ<br>Queen Elizabeth Hospital |
| စာမျက်နှာ | ၉၀ | ဖိစီးမှုဒဏ်ကြောင့်ညှိနှိုင်းမှုစွမ်းအားချို့ယွင်းခြင်း<br>Adjustment disorder |
| စာမျက်နှာ | ၁၀၈ | ဆစ်ဒနီမြို့<br>Sydney |

စာမျက်နှာ ၁၀၆ စိတ်ရောင်ပြန်ဟပ်ခြင်း

Flashback

စာမျက်နှာ ၁၃၀ ဗစ်တိုးရီးယားဆေးရုံ

Victoria Hospital

စာမျက်နှာ ၁၃၁ မီးနေသည်စိတ်ကျရောဂါ

Postnatal depression

စာမျက်နှာ ၁၃၁ မီးဖွားပြီးစဖြစ်စိတ္တဇနာ

Puerperal Psychosis

စာမျက်နှာ ၁၄၀ ပုံသဏ္ဌာန်ပြောင်းခြင်းလက္ခဏာ

Dissociative -Conversion Symptom

စာမျက်နှာ ၁၇၅ ပီတီအက်စ်ဒီ(PTSD)

အန္တရာယ်ဘေးနှင့် ကြုံပြီးဖြစ်စိတ်ဒဏ်ဖိစီးမှု

ဝေဒနာ

Post-traumatic Stree Disorder

စာမျက်နှာ ၁၈၈ စကီဇိုဖရီးနီးယားစိတ္တဇရောဂါ

Schizophrenia

စာမျက်နှာ ၁၈၈ စိတ်ကြွဝေဒနာ

Mania

စာမျက်နှာ ၁၈၈ အကြီးစားစိတ်ကျရောဂါ
Major depression

စာမျက်နှာ ၂၁၉ ဆီရိုကွေး
Seroquel

စာမျက်နှာ ၂၂၅ တင်နင့်ခရိမြို့
Tennant Creek Town

စာမျက်နှာ ၂၂၅ အီးလိရော့ရွာ
Elliot Village

စာမျက်နှာ ၂၂၆ ဌာနေတိုင်းရင်းသားအဘိုးရင်းဂျီး
Aborigines

စာမျက်နှာ ၂၂၉ ကပ်ပ်တိန်ကွတ်
Captain Cook

စာမျက်နှာ ၂၃၃ ဘာရာမန်ဒီငါး
Barramundi

စာမျက်နှာ ၂၄၃ ဓာတ်ဆီငွေ့ရှူသည့်အကျင့်
Petrol Sniffing

စာမျက်နှာ ၂၅၅ အတ္တလွန်ကဲကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်း
Narcissistic Personality disorder

စာမျက်နှာ ၂၅၇ လူမှုစည်းကမ်းဆန့်ကျင်ချိုးဖောက် ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းခြင်း။ Antisocial Personality disorder

စာမျက်နှာ ၂၆၁ "အနုလုံပဋိလုံကျိုးကြောင်းဆင်ခြင်ပြုမူအားထုတ်စိတ်ကုထုံး"(ဒီဘီတီ)
(Dialectical Cognitive Behavioural Therapy) (DBT)

စာမျက်နှာ ၂၆၆ ကယ်တင်ခြင်းတပ်
(Salvation Army)

စာမျက်နှာ ၂၇၁ ကျန်းမာရေးစောင့်ရှောက်မှုကတ်ပြား
(Medicare Card)

စာမျက်နှာ ၂၇၄ "ငါ့ကိုဒီနေရာမှ ကယ်တင်ပေးပါ-ဘော်ဒါလိုင်း ကိုယ်ရည်ကိုယ်သွေးချို့ယွင်းခြင်းမှ လွတ်ငြိမ်းခဲ့သူ"
- ရေချယ်လ်ရီလင်း၁်
(Get me out of here:My Recovery from Borderline Personality disorder-by Rachel Reiland)

စာမျက်နှာ ၂၈၉ မြောက်ဘက်ပိုင်းပြည်နယ်
(Northern Territory)

စာမျက်နှာ ၂၉၀ ဒါဝင်မြို့တော်
(Darwin City)

စာမျက်နှာ ၂၉၀ ဘုရင်မနယ်မြေပြည်နယ်
(Queensland State)

စာမျက်နှာ ၂၉၁ တူဝမ်းဘားမြို့
(Toowoomba)

စာမျက်နှာ ၃၀၅ စိတ်ကျန်းမာရေးလူနာစောင့်အဖွဲ့အစည်း
(Mental Health Carer Association)

စာမျက်နှာ ၃၀၆ စိတ်ကျန်းမာရေးလူနာစောင့်ဝန်ထမ်း
(Mental Health Carer)

စာမျက်နှာ ၃၁၁ ရက်စ်ဗာရာထရော
(Resveratrol)

စာမျက်နှာ ၃၁၄ ကွမ်တာ့စ်
(QANTAS)

စာမျက်နှာ ၃၁၈ အရက်စွဲသူများကုသမှုအဖွဲ့(အေအေ)
Alcoholic Anonymus (AA)

စာမျက်နှာ ၃၂၃ နာလ်ထရက်ဇုန်း
(Naltrexone)

စာမျက်နှာ ၃၂၃ အေကမ်ပရိုဆိတ်
(Acamprosate)

စာမျက်နှာ ၃၂၃ ဒိုင်ဆာဖိုင်ရမ်
(Disulfiram)

စာမျက်နှာ ၃၂၃ တိုပီရာမိတ်
(Topiramate)

စာမျက်နှာ ၃၂၇ ပုံပြင်ဇာတ်လမ်းပြောပြီးသုံးသပ်ကုထုံး
(Narrative Therapy)

စာမျက်နှာ ၃၃၄ ဖွင့်လှစ်ဖော်ထုတ်ရင်ဆိုင်ကုထုံး
(Exposure Therapy)

စာမျက်နှာ ၃၃၅ ပြဿနာဖြေရှင်းနည်းဖြင့်ကုထုံး
(Problem Solving technique)

စာမျက်နှာ ၃၅၅ တော်ဝင်ဘရစ်စဘိန်းဆေးရုံ
(Royal Brisbane Hospital)

စာမျက်နှာ ၃၉၅ အာထရာဆောင်း
(Ultrasound)

စာမျက်နှာ ၃၉၅ စီတီ(CT)

Computerised Tomography

စာမျက်နှာ ၃၉၅ အမ်အာအိုင် (MRI)

Magnetic Resonance Imaging

စာမျက်နှာ ၃၉၅ ဖီတိုပရိုတိန်း

(Fetoprotein)

စာမျက်နှာ ၄၀၆ နိဗ္ဗာန်ရောက်ကြောင်းလမ်းညွှန်

(The Way to Nibbana by Ven Narada Thera)

စာမျက်နှာ ၄၀၉ စိတ်ကျန်းမာရေးအဖွဲ့အစည်း

(Mental Health Association)

စာမျက်နှာ ၄၁၅ အကူသူနာပြုဝန်ထမ်း

(Nursing Assistant)

# ဒေါက်တာ ဟုန်းကျော်
# ၏
# ထုတ်ဝေပြီး ဆေးစိတ်ပညာပေးစာအုပ်များ


| | | |
|---|---|---|
| (၁) | ကလေးစိတ်ပညာနှင့်စိတ်ရောဂါ | ၁၉၆၉ |
| (၂) | စိတ်အပေါ် အမြင် | ၁၉၇၁ |
| (၃) | စိတ်ရောဂါကိုနားလည်ခြင်း | ၁၉၇၁ |
| (၄) | ဆေးနှင့်ဘေး | ၁၉၇၁ |
| (၅) | ကလေးစိတ်ပညာနှင့်စိတ်ရောဂါ | ၁၉၇၂ |
| (၆) | ရောဂါနှင့်ဆေး၊ ဆေးနှင့်ဘေး | ၁၉၇၂ |
| (၇) | စိတ်ကျန်းမာရေးလမ်းညွှန် | ၁၉၇၄ |
| (၈) | အိမ်ထောင်သည်ဘဝနှင့်ဆေးပညာ | ၁၉၇၅ |
| (၉) | အိမ်ထောင်သည်ဘဝနှင့်ဆေးပညာ | ၁၉၈၀ |
| (၁၀) | ဒေါက်တာရှင့် | ၁၉၈၀ |
| (၁၁) | စိတ်ညစ်ခြင်းဝေဒနာ | ၁၉၈၁ |
| | ယခု. . . | |
| (၁၂) | ငြိမ်သက်ခြင်းနှင့်ကင်းဝေးခဲ့စဉ်က | |





တံခွန်တိုင်စာပေ